http://www.dhammadownload.com



# သာသနာပြု မဟာခရီးသည်

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏

## ဘဝဖြစ်စဉ်အကျဉ်း

ဗုဒ္ဓါရသ အရှင်ကုဏ္ဍာစရိယ
ရေးသား ပူဇော်သည်

http://www.dhammadownload.com

# သာသနာပြုမဟာခရီးသည်

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်အကျဉ်း

ဗုဒ္ဓါရသ အရှင်ကုန္ဒာစရိယ

ရေးသား ပုဇော်သည်

ငါမသေမှီ သေမည်သာပ၊
ဖွေသီတရား ငါ့ရှိအားကို၊
စကားနှုတ်ထွက် လက်ဖြင့်လည်းရေး ခွဲဝေပေးခဲ့ ။
ပေးသည့်အားလုံး ယူမသုံးလည်း၊
တစ်လုံးတစ်စု တစ်ဝတ္ထုမျှ ကြောင်းချင်းတကို၊
လောကဓမ္မ နှစ်ဌာနဖြင့် မျှတဖွေရှာ သင်လေ့လာသော်
ငါသွားရာလမ်း သင်မြင်စွမ်းလိမ့်၊
သင်မှန်းရာလည်း တန်းမတ်မညို့ သင်ပင်ပို့လိမ့်၊
နှစ်ဘို့နှစ်ခင်း ရောင်ပြန်ဆင်း မလင်းဘယ်သို့ရှိမည်နည်း ။

ဝနဝါသီ

http://www.dhammadownload.com

ပညာရွှေတော် စာအုပ်တိုက်
အခန်း (၉၀/၉၂) နှင်းဆီတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၄၀၆၉၈

http://www.dhammadownload.com

http://www.dhammadownload.com

# သာသနာပြု မဟာခရီးသည်

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏
## ဘဝဖြစ်စဉ်အကျဉ်း

ဗုဒ္ဓါရသအရှင်ကုဏ္ဍစရိယ ရေးသားပူဇော်သည်

ဧယျဓမ္မာပေ

http://www.dhammadownload.com

၂၉၄. ၃
ဗုဒ္ဓေါရသ အရှင်ကန္တာစရိယ
သာသနာပြုမဟာခရီးသည် /ဗုဒ္ဓေါရသ အရှင်ကန္တာစရိယ။ မှော်ဘီမြို့။
ဥေ ယျာမ်စာပေ၊ ၂၀၁၁။
စာ-၃၅၃။ ၁၃. ၅ × ၁၉ စင်တီ။
(၁) သာသနာပြုမဟာခရီးသည်

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၆၀၅၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၆၈၀၀၉၁၁

**ပုံနှိပ်ခြင်း**

၂၀၁၁-ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)

မျက်နှာဖုံးဒီဇိုင်းနှင့်ကာလာခွဲ - ကိုဗေဒါ၊ New Day

အတွင်းဖလင် - ကိုသန်းစိုး

စာအုပ်ချုပ် - ကိုအောင်မြင့်

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးထွန်းအောင်၊ ထွန်းမိသားစုပုံနှိပ်တိုက်
အမှတ်(၈၉)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်လေးလေးမိ၊ တနသ်ာရီစာပေ၊
အမှတ်(၅၃)၊ ဖို့မြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး - ကျပ် (၃၀၀၀)**

**ဥေ ယျာမ်စာပေမှ ဖြန့်ချိသည်**

ဖုန်း-၀၉ ၄၃၀ ၂၅၂၅၃၊ ၀၉ ၄၃၀ ၅၂၃၀၅၊ ၀၁-၅၄၁၄၆၀၊ ၀၁-၃၉၄၀၂၂

ဥေယျာမ်စာပေ

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မင်းဘီသိက်ခံဂါထာ | ၁ |
| ၂ | မင်းဘီသိက်ခံဘုရားရှိခိုး | ၂ |
| ၃ | နိဒါန်း | ၃ |
| ၄ | မဟာဗောဓိမြိုင်ဆရာတော်နှင့်စာရေးသူ | ၇ |
| ၅ | ဇာတိဌာန မိနှင့်ဖ | ၁၉ |
| ၆ | မွေးခုနှစ်သက္ကရာဇ် | ၁၉ |
| ၇ | မွေးချင်းများ | ၂၀ |
| ၈ | အရိုးအိုးထမ်း၍တန်းဝင်လာသည် | ၂၀ |
| ၉ | အတိတ်ကအရိပ်(သို့မဟုတ်)ဥပါဒါနပစ္စယာဘဝေါ | ၂၀ |
| ၁၀ | အတိတ်ဘဝ | ၂၁ |
| ၁၁ | ယခုပစ္စုပ္ပန်ဘဝ | ၂၂ |
| ၁၂ | ဆရာ | ၂၃ |
| ၁၃ | ငြိမ်းစကား တန်ဘိုးများ | ၂၃ |
| ၁၄ | နာမည်မောင်ညိမ်း မီးကိန်းကစခဲ့ရ | ၂၄ |
| ၁၅ | အသက်သေရဲတဲ့ အမေ | ၂၆ |
| ၁၆ | ဆရာထံ အပ်နှံခဲ့ | ၂၈ |
| ၁၇ | မုန့်စားရတိုင်း မဆိုင်းမတွ ပြောပြ၏ | ၂၉ |
| ၁၈ | မင်းကုန်းဆရာတော် | ၂၉ |
| ၁၉ | အာဂန္တုအနက် ခပ်သွက်သွက် | ၃၁ |
| ၂၀ | မင်းကုန်းကျောင်း ဒုတိယဆရာတော် | ၃၂ |
| ၂၁ | တစ်နယ်လုံး ဝေဘူသံ ဟိန်းလျှံတက်လာခြင်း | ၃၃ |
| ၂၂ | အမေ့ပါရမီ ဖြည့်ခဲ့ရတစ်ချို့ | ၃၆ |
| ၂၃ | အလှူအတွက် စပါးထွက်ခဲ့ | ၃၆ |
| ၂၄ | ရှင်ပြုအလှူနှင့် သာမဏေဝတ်ခြင်း | ၃၈ |
| ၂၅ | အပျော်ဆုံးနေ့ | ၃၉ |
| ၂၆ | စာသင်တက်ခြင်း | ၄၃ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇ | ရဟန်းဘဝရောက်ခြင်း(ပထမ) | ၄၂ |
| ၂၈ | ဝမ္မိကသုတ် | ၄၂ |
| ၂၉ | ဝေဘူဆရာတော်ဘုရားကြီးနှင့်တွေ့ဆုံရခြင်း(ပထမအကြိမ်) | ၄၅ |
| ၃၀ | ဆပ်ပြာနှင့်နံ့သာ ချီးမြှင့်ခဲ့ရာ | ၄၆ |
| ၃၁ | ဝေဘူအားကျ ဝေဘူနှင့်တွေ့ရသောအခါ | ၄၇ |
| ၃၂ | မိလ္လာကြုံးလျက် ဘဝကိုရှုံးနိုင်မလား | ၅၂ |
| ၃၃ | ဝိဋ္ဌာဆိုတာ | ၅၇ |
| ၃၄ | ဝေဘူဆရာတော်သို့ အဓိဋ္ဌာန်ဖြင့်လှူ | ၆၀ |
| ၃၅ | စတုမဓု အသိဖြင့်လှူသည် | ၆၁ |
| ၃၆ | ဆရာတော်ဦးဝိမလ(အဘဝိမလ)နှင့် တွေ့ဆုံခြင်း | ၆၇ |
| ၃၇ | ကျိုက်လတ်သို့စေလွှတ်ခြင်း | ၇၂ |
| ၃၈ | ပထမဆုံးတည်သော စေတီ | ၇၂ |
| ၃၉ | စည်းကမ်းတရား ရလိုညား သွားလေမဟာစည် | ၇၃ |
| ၄၀ | ဝတ်ကြောင်ကို လွတ်အောင်ရုန်းမယ်မ ထုံးနွယ်စ ဆံကိုပယ် | ၇၇ |
| ၄၁ | ရဟန်းရက်ချုပ် | ၇၉ |
| ၄၂ | ကာရကဆရာတော်များ | ၇၉ |
| ၄၃ | တစ်ကိုယ်တော်ခရီး | ၈၀ |
| ၄၄ | ဥလ္လုပ္ပတု ဆိုရုံမျှဖြင့် | ၈၁ |
| ၄၅ | တောထွက် | ၈၄ |
| ၄၆ | သရက်ပင်ရိပ် ကျောင်းတိတ်ဆိတ် | ၉၁ |
| ၄၇ | အိပ်မက်ထဲကရဟန်း | ၉၂ |
| ၄၈ | ရွှေကျောင်းကုန်းတောင် | ၉၄ |
| ၄၉ | ရွှေကျောင်းကုန်းတောင်ဆရာတော် | ၉၅ |
| ၅၀ | သည်တဇာတ် အပြတ်ကယ်ချိန် | ၉၇ |
| ၅၁ | တစ်ရွာမပြောင်း သူကောင်းမဖြစ် | ၉၈ |
| ၅၂ | ဇင်းကျိုက်တောင်သို့ | ၁၀၀ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃ | ဇင်းကျိုက်တောင်တွင် | ၁၀၁ |
| ၅၄ | ရော့စပြစ်သီး စားဝအောင် | ၁၀၃ |
| ၅၅ | ချိုမယောင်နှင့်ချဉ်သော စပြစ်သီးမှည့်များ | ၁၀၅ |
| ၅၆ | လူသာနာ၍ စိတ်မနာပါ | ၁၀၇ |
| ၅၇ | ပြုကျိုးမထင် ပြင်ကျိုးမရ | ၁၀၈ |
| ၅၈ | ပြေးမလွတ်သော ညွတ်ကွင်းများ | ၁၀၉ |
| ၅၉ | ရင်ဝလှန်စူးပေမယ့် တရားထူးရခဲ့တယ် | ၁၁၁ |
| ၆၀ | သက်န္တ ပြောင်းရွှေ့ခြင်းကား သကြိန် | ၁၁၃ |
| ၆၁ | ငါ့တရား ငါဆုံးဖြတ်မည် | ၁၁၅ |
| ၆၂ | ဖူးကြီးသံသုမာရတောင် | ၁၁၈ |
| ၆၃ | စစ်ကိုင်းတောင်ဆီသို့ | ၁၂၁ |
| ၆၄ | ရေသောက်ပါ ရေသောက်လျှင် ရောဂါပျောက် | ၁၂၃ |
| ၆၅ | မြေစမ်းခရမ်းပျိုး ပိုးထိုးခံရပြီ | ၁၃၃ |
| ၆၆ | အဓိဋ္ဌာန် စိတ်ကြံပျက်ပါပေါ့ နိဗ္ဗာန်ဘက်မဆွဲသာ | ၁၃၅ |
| ၆၇ | ပျဉ်းမနား လက်လုပ်တောင်သို့ | ၁၃၉ |
| ၆၈ | လက်လုပ်တောင်ဟူသည် | ၁၄၁ |
| ၆၉ | လက်လုပ်တောင်သမိုင်းမှတ်တမ်း | ၁၄၂ |
| ၇၀ | ဦးလူတုတ်နှင့်ဦးထွန်းဦး သိုက်တူးခြင်း | ၁၄၉ |
| ၇၁ | ဦးအောင်ကြည် အောင်ပြီတဲ့ | ၁၅၁ |
| ၇၂ | ဘာသေမှာလည်း သေရွာ ဒေသနာထား၍လိုက်မည် | ၁၅၄ |
| ၇၃ | စျာန်ပုံသတင်း ချက်ချင်းကြောင့် | ၁၅၆ |
| ၇၄ | နေမင်းရဲ့ကား စီးလို့သွား | ၁၆၁ |
| ၇၅ | လက်လုပ်တောင်မှကြွတော်မူပြီ | ၁၆၃ |
| ၇၆ | စိတ်ချစွာသွား မှားစရာမရှိ | ၁၆၅ |
| ၇၇ | သူလည်းဝါမကျွတ်ခင်က ငါလည်းပဲဝါမကျွတ်ခင်က-<br>ဘယ်သူ ဘယ်သူက | ၁၆၉ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈ | ဦးပေါ်အိပ်မက် | ၁၇၁ |
| ၇၉ | သုဝဏ္ဏသျှံ၏ အတိတ်မှအရိပ်များ | ၁၇၄ |
| ၈၀ | အတိတ်နိမိတ် | ၁၇၅ |
| ၈၁ | လားဟူဘုရားပွင့်နေပြီ သွားဆုတောင်းကြ | ၁၇၈ |
| ၈၂ | ဗုဒ္ဓဘာသာခံယူပွဲ | ၁၈၀ |
| ၈၃ | အသာနှင့်အနာ | ၁၈၄ |
| ၈၄ | ဘုရားမဲ့ သူတို့လေးတွေ အားနွဲ့နေမလား | ၁၈၈ |
| ၈၅ | ဇာတိမြေသို့ | ၁၉၁ |
| ၈၆ | မယ်တော့်ကျေးဇူးမြတ် အထူးဆပ်ခဲ့သည် | ၁၉၂ |
| ၈၇ | ကုမာရကဿပ၏ အမေ့ကျေးဇူးဆပ်နည်း | ၁၉၄ |
| ၈၈ | အမေသိပါစေသား | ၁၉၆ |
| ၈၉ | ဝေဒလ္လစခန်း ခြေကြွလှမ်းရပြီ | ၁၉၇ |
| ၉၀ | အောင်ပွဲခံပြီး ဆက်ရန်ခရီး | ၂၀၀ |
| ၉၁ | ပုံညာတောင် | ၂၀၂ |
| ၉၂ | စမ်းချောင်းတစ်နေရာ ကျောက်ဖျာတွင် | ၂၀၃ |
| ၉၃ | မိပုန် | ၂၀၄ |
| ၉၄ | ရွှေပုံထီးနှင့် အပုံကြီးကွာပြီ | ၂၀၈ |
| ၉၅ | မောနေယျမှ အမောပြေရမည် | ၂၀၉ |
| ၉၆ | လယ်တဲမှာ တစ်ပါးတည်းသာ | ၂၁၂ |
| ၉၇ | ပဋိပတ္တိတောတွင် | ၂၁၃ |
| ၉၈ | လက်ကျန်ပိတ်မရသော စာရင်းရှင်းတမ်း | ၂၁၅ |
| ၉၉ | အလောင်းတော် ကဿပ | ၂၁၆ |
| ၁၀၀ | စံရိပ်ငြိမ် | ၂၁၈ |
| ၁၀၁ | မဟာမြိုင်ခရီးအစ | ၂၂၃ |
| ၁၀၂ | အမိဋ္ဌာန်က ဖိတ်မန်လိုက်လေသလား | ၂၂၈ |
| ၁၀၃ | မိပန် | ၂၂၉ |


ဩယျှာဓမ်စာပေ

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၄ | သံဃပူဇနီယ | ၂၃၂ |
| ၁၀၅ | သံဃာထံ မိပန်က ယဉ်ယဉ်ကျေးကျေး | ၂၃၄ |
| ၁၀၆ | ဩဝါဒကထာ | ၂၃၆ |
| | **တပည့်မိုက်များသို့ ဆုံးမစာ** | |
| ၁၀၇ | ပြေးမလွတ်သောညွှတ်ကွင်းများ | ၂၃၈ |
| ၁၀၈ | တပည့်ကောင်း | ၂၃၉ |
| ၁၀၉ | ဥတုကိုရိုးဖွဲ့၍ | ၂၄၀ |
| ၁၁၀ | ကြီးလေးကြီး ခရီးသွားအားပြည့် | ၂၄၁ |
| ၁၁၁ | ငါဆိုသောငါ | ၂၄၁ |
| ၁၁၂ | ဓမ္မဒူတ | ၂၄၂ |
| ၁၁၃ | သာသနာပြုလက်စွဲ(၁) | ၂၄၃ |
| ၁၁၄ | သာသနာပြုလက်စွဲ(၂) | ၂၄၃ |
| ၁၁၅ | သာသနာပြုလက်စွဲ(၃) | ၂၄၃ |
| ၁၁၆ | ပိုး | ၂၄၄ |
| ၁၁၇ | သာသနာ့နှောင်းဝန်ထမ်း | ၂၄၄ |
| ၁၁၈ | သာသနာ ကညာဖက် | ၂၄၄ |
| ၁၁၉ | မ, စရေးသမား | ၂၄၅ |
| ၁၂၀ | ဘုရားလူ | ၂၄၅ |
| ၁၂၁ | သည်တောင်ကို ကျော်နိုင်မှ | ၂၄၅ |
| ၁၂၂ | တောင်ဆိုသည်မှာ | ၂၄၆ |
| ၁၂၃ | ဟန်မပြင်မိ | ၂၄၆ |
| ၁၂၄ | ဘုရားတိုင်းဆုံးမ စကားသုံးခွန်း | ၂၄၇ |
| ၁၂၅ | အမြဲတမ်းထားရမည့် ထိုစကားသုံးခွန်း | ၂၄၇ |
| ၁၂၆ | ဝန်ထမ်းလမ်းနှစ်သွယ် | ၂၄၈ |
| ၁၂၇ | သာသနာဟူသည် | ၂၄၉ |
| ၁၂၈ | သာသနာပြုတို့ရှိရမည့် စိတ်ထား | ၂၅၁ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၉ | လောကစံပြ မြတ်ဗုဒ္ဓ | ၂၅၂ |
| ၁၃၀ | သာသနာပြုလုပ်ငန်း | ၂၅၄ |
| ၁၃၁ | သာသနာပြုနှစ်မျိုး | ၂၅၆ |
| ၁၃၂ | အပြင်သာသနာပြုနှစ်မျိုး | ၂၅၇ |
| ၁၃၃ | သာသနာဝင်လေးမျိုး | ၂၅၈ |
| ၁၃၄ | ကြိုက်ရာရွေးပြုတစ်ခုခု | ၂၅၉ |
| ၁၃၅ | အမွေခံသုံးမျိုး | ၂၆၀ |
| ၁၃၆ | သာသနာပြုတို့ ထားရှိရမည့် စိတ်နေသဘောထား | ၂၆၂ |
| ၁၃၇ | အလောင်းတော်တို့ စိတ်ထား | ၂၆၃ |
| ၁၃၈ | သီလဆိုလျှင် သရဏဂုံပါမှ | ၂၆၄ |
| ၁၃၉ | ကံလုံလျှင် ရေဝင်သည် | ၂၆၆ |
| | **သူတစ်ပါးပေးမှုရသော ပါရမီထူးကြီး** | |
| ၁၄၀ | ခန္တီတစ်လုံးအမြဲသုံး အဆုံးနိဗ္ဗာန်ပင် | ၂၆၉ |
| ၁၄၁ | ဝေနေယျတို့စိတ်ထား | ၂၇၂ |
| ၁၄၂ | ပတ်ချာလည်တာ သံသရာ ခြေရာမဆုံးပြီ | ၂၇၃ |
| ၁၄၃ | သာသနာပြုတို့၏စိတ်ထား | ၂၇၅ |
| ၁၄၄ | သာသနာပြုအဓိဋ္ဌာန် | ၂၈၃ |
| ၁၄၅ | ဘုရားရှင် မြင်တွေ့လိုသော သာသနာ | ၂၈၅ |
| ၁၄၆ | မေတ္တာရပ်ခံချက် | ၂၈၆ |
| ၁၄၇ | ယောဂီလမ်းညွှန် | ၂၈၇ |
| ၁၄၈ | သာသနာဘယ်မှာတည် | ၂၈၉ |
| ၁၄၉ | ခေတ္တလာရောက်အားထုတ်လိုကြသော ယောဂီများအတွက် | ၂၉၃ |
| ၁၅၀ | ရှင်းလင်းချက်များ | ၂၉၄ |
| ၁၅၁ | အမြဲနေလိုသူ ယောဂီတို့အတွက် | ၃၀၃ |
| ၁၅၂ | ရှင်းလင်းချက်များ | ၃၀၅ |
| ၁၅၃ | အကြီးအကဲတို့၏ တာဝန်ဝတ္တရား | ၃၁၃ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၄ | သာသနာပြုရဟန်းတို့၏ စောင့်ထိန်းရမည့်ကျင့်ဝတ် | ၃၁၆ |
| ၁၅၅ | ပမာဏကိုမသိသူ မိဘကပင်မကြည်ညို | ၃၂၃ |
| ၁၅၆ | တောင်းရမ်းခြင်းကို တိရစ္ဆာန်ပင်မကြိုက် | ၃၂၃ |
| ၁၅၇ | အာဠဝီရဟန်းတို့၏တောင်းခဏ်း | ၃၂၅ |
| ၁၅၈ | တောင်းယူခြင်းကားပုဂ္ဂိုလ်၊ ခံယူခြင်းကားရဟန်း | ၃၂၈ |
| ၁၅၉ | နိဂုံးစကား | ၃၃၀ |
| ၁၆၀ | ဖူးနာကြဗောဓိမြိုင် ဉာဏ်ပိုင်ရဖို့ (တေးထပ်) | ၃၃၁ |
| ၁၆၁ | မဟာမြိုင် သဒ္ဓါလှိုင် ဉာဏ်ပိုင်ရဖို့ (တေးထပ်) | ၃၃၂ |
| ၁၆၂ | ခေါင်နန်းရှင်နှင့် ကျွတ်တမ်းဝင် (တေးထပ်) | ၃၃၃ |
| ၁၆၃ | ခေါင်နန်းမြေမှာ အောင်နန်းချွေပါ (တေးထပ်) | ၃၃၄ |
| ၁၆၄ | ဝေးသော်လည်းနီး ရွှေခရီး (ရတုပိုဒ်စုံ) | ၃၃၅ |
| ၁၆၅ | မဟာ မေတ္တာ ဗောဓိ တြိမြိုင် (အားသစ်လောင်းတေးထပ်) | ၃၃၇ |
| ၁၆၆ | ဖြစ်ပျက်ဆုံး၍ မုန်းသည့်အရှင် (တေးထပ်) | ၃၃၈ |
| ၁၆၇ | ဗောဓိမြိုင်မဟာ မင်္ဂလာရတုပိုဒ်စုံ | ၃၄၀ |
| ၁၆၈ | ဝနဝါသီနှင့် တစ်ဖက်တာဝန် | ၃၄၁ |
| ၁၆၉ | ဝနဝါသီနှင့် မှီတွယ်သူများ | ၃၄၄ |
| ၁၇၀ | နောက်ဆုံး၏နောက်ဆုံး | ၃၄၆ |
| ၁၇၁ | မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး-<br>ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာမူများ | ၃၄၈ |
| ၁၇၂ | နိဂုံး | ၃၅၂ |

http://www.dhammadownload.com

ဥဩချမ်စာပေ

# ထာဝရငွေပဒေသာပင်အလှူရှင်

| | | |
|---|---|---|
| ၁။ | ကွယ်လွန်သူကျေးဇူးရှင်များအားရည်စူး၍ ဒေါ်ကြင်လန်း သားကိုကျော်လွင်၊သမီးမသက်သက် မိသားစု။ | ၄၅၀,၀၀၀ |
| ၂။ | မိခင်ကြီးဒေါ်ကောက်ပို့အားရည်စူး၍ မောင်ကိုစိုးဦး ညီမဒေါ်ခင်ဝင်း၊ဒေါ်အေးမြ နှင့် သား၊သမီး၊တူ-တူမ၊ မြေးများ ကောင်းမှု၊ ရန်ကုန်မြို့။ | ၁,၃၀၀,၀၀၀ |
| ၃။ | ဦးဝင်းနိုင် ငွေဇင်ယော်ဘိတ်စက်လှေအဖွဲ့၊ ရန်ကုန်မြို့ | ၁၅၀,၀၀၀ |
| ၄။ | ကိုခိုင်လင်း+မခင်ဝင်းမြင့်၊သား-ခရစ်စတိုဖာ မိသားစု။ | ၁၂၀,၀၀၀ |
| ၅။ | ဦးကြိုင်စန်းရွှေ+ဒေါက်တာဒေါ်ခင်ဝင်းစိန် မိသားစု။ | ၁၀၀,၀၀၀ |
| ၆။ | ကွယ်လွန်သူကျေးဇူးရှင်များအားရည်စူး၍ ဒေါ်လှလှသိန်း၊ ဒေါ်ညွန့်ညွန့်အေး၊ဒေါ်ခင်စန်းညွန့်၊ဒေါ်တင်တင်ချို မိသားစု။ | ၁၀၀,၀၀၀ |
| ၇။ | ဦးခင်စိန်+ဒေါ်မြင့်မြင့်မေ မိသားစု၊ မိတ္ထီလာမြို့။ | ၁၀၀,၀၀၀ |
| ၈။ | ဒေါ်နန်းမြအုန်းနှင့်မောင်နှမတစ်စု၊ လားရှိုးမြို့။ | ၅၀,၀၀၀ |
| ၉။ | ဒေါ်ကြင်ဥမိသားစု၊ လမ်းမတော်၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၁၀။ | ကိုမောင်မောင်ကြီး+မနီလာ မိသားစု(လမ်းမတော်) | ၃၀,၀၀၀ |
| ၁၁။ | ကိုမြတ်သူ+မအေးမြတ်မွန် မိသားစု၊ ရန်ကုန်မြို့။ | ၂၀,၀၀၀ |
| ၁၂။ | ဦးတင်ထွန်း+ဒေါ်သန်းလှိုင်၊ သားကိုနိုင်နိုင်ထွန်း၊ ကိုဇော်ဇော်ထွန်း၊ သမီးမမျိုးမျိုးလှိုင် မိသားစု၊ ရန်ကုန်မြို့။ | ဒေါ်လာ၈၀၀ |
| ၁၃။ | ရွှေကျောင်းကုန်းတောင်ဝေနေယျများကောင်းမှု၊သာစည်မြို့။ | ၅၀,၀၀၀ |
| ၁၄။ | ဦးဝဏ္ဏိတသရ-မြို့ရှေ့ကျောင်းဆရာတော်၊သာဂရရွာ၊သာစည်မြို့။ | ၅၀,၀၀၀ |
| ၁၅။ | ဦးကြည်စိုး(ကထိက)+ဒေါ်တင်တင်အောင်(ဘော်ဒါ) မိသားစု၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၁၆။ | ဦးလှမျိုး+ဒေါ်ချိုချိုခိုင်၊ လှည်းတန်း၊ ရန်ကုန်မြို့။ | ၃၀,၀၀၀ |
| ၁၇။ | သမီးကြယ်စင်ဝင်းလဲ့အားရည်စူး၍ မိဘများဖြစ်ကြသော ဦးအုပ်စိုးခန့်+ဒေါ်သင်းနန္ဒာ ကောင်းမှု | ၂၀,၀၀၀ |
| ၁၈။ | ဗိုလ်ကြီးအောင်ဇော်မိုး+ဒေါ်လှလှသီ၊ သမီးဆုမြတ်သဇင်သော် အလုံသစ်တောဝင်း၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |

http://www.dhammadownload.com

ဉ‌ေယျာဓမ်စာပေ

# ထာဝရငွေ့ပဒေသာပင်အလှူရှင်

## ဘဝဖြစ်စဉ်အကျဉ်းအတွက် နောက်ဆက်တွဲအလှူရှင်စာရင်း

| | | |
|---|---|---|
| ၁။ | ပေါခိုရိပ်ငြိမ်တောရဆရာတော် အရှင်ကုန္ဒာစရိယ | ၂၀၀,၀၀၀ |
| ၂။ | အရှင်သြဘာသ၊ အရှင်ဝိစိတ္တ (ရွှေကျောင်းကုန်း) | ၅၀,၀၀၀ |
| ၃။ | ဦးသိန်းထွန်း+ဒေါ်မို့မို့ မိသားစု (အလုံ) | ၁၁၀,၀၀၀ |
| ၄။ | ဦးမောင်မောင်ကြီး+ဒေါ်နီလာ မိသားစု (လမ်းမတော်) | ၁၀၀,၀၀၀ |
| ၅။ | မိဘနှစ်ပါးအမှူးထား၍ ဒေါ်ခင်မာကြည်မိသားစု (ချမ်းမြေ့ဝင်းအထည်ဆိုင်၊ F.M.I Center) | ၁၀၀,၀၀၀ |
| ၆။ | ဦးမောင်မောင်အားရည်စူး၍ ဒေါ်နွဲ့မိသားစု (မျိုးမျိုးအထည်ဆိုင်၊ ယုဇနပလာဇာ) | ၃၀,၀၀၀ |
| ၇။ | သမီးကြွယ်စင်ဝင်းလှဲ့အားရည်စူး၍ မိဘများဖြစ်ကြသော ဦးအုပ်စိုးခန့်+ဒေါ်သင်းနန္ဒာ ကောင်းမှု | ၂၀,၀၀၀ |
| ၈။ | မိခင်ကြီးဒေါ်ကြင်မြိုင်အားရည်စူး၍ ဒေါ်ခင်မြသိန်း (ကိုင်းဖျားကိုင်းနားသစ်စက်၊ သာစည်မြို့) | ၅၀,၀၀၀ |
| ၉။ | ဦးမြင့်ထွန်း+ဒေါ်မြင့်မြင့်ကြည် မိသားစု | ၅၀,၀၀၀ |
| ၁၀။ | ကိုငြိမ်းချမ်းလင်း+မကြည်ဖြူထွန်း မိသားစု။ | ၅၀,၀၀၀ |
| ၁၁။ | မိဘများအားဦးထိပ်ထား၍ ကိုကျော်ထက်ထွန်းကောင်းမှု | ၃၀,၀၀၀ |

http://www.dhammadownload.com

http://www.dhammadownload.com



# မင်းဘိသိက်ခံဂါထာ

ပဥ္စမာရေ ဇယေ ဇေဋ္ဌံ ၊ ဒမေ မေတ္တံစ သေနိယော။
ဒေိသော ဝေဒိတော လောကံ၊ မံ ဓာရေတု မင်းဘိသိက်ခံ။

ယော– အကြွင်ဘုရားမြတ်သည်။ ပဥ္စမာရေ– ဒေဝပုတ္တစသည် အပြား မာရ်ငါးပါးတို့ကို။ ဇယေ–အောင်နိုင်တော်မူခြင်းကြောင့်။ ဇေဋ္ဌံ–လောကတွင် အမြတ်ဆုံး အကြီးဆုံးတည်း။

မင်းဘိသိက်ခံ– လောကသုံးပါးတို့၏ ဦးအတိုက်ခံ မင်းအမှန်တည်း။

သေနိံ – လာရောက်တိုက်ခိုက် ရန်စစ်သည်အမိုက်အားလုံးကိုလည်း။ မေတ္တံစ– ဓားလှံမဖက် မေတ္တာတော်သက်သက်ဖြင့်သာ။ ဒမေ–မီးလျှင်ရေသည်း နှိပ်နယ်နည်းဖြင့် ယဉ်ကျေးစွာ ဆုံးမတော်မူတတ်သောကြောင့်၊ ဇေဋ္ဌံ– လောကတွင် အမြတ်ဆုံး အကြီးဆုံးတည်း။

လောကံ– လောကသုံးပါး ရှိရှိသမျှ ဝေနေယျ အစားစားများကိုလည်း။ ဒေိသော–ကိုယ်တော်နှင့်မခြား အလားတူစွာ။ ဝေဒိတော–ကံအကျိုး၊ ဈာန်အကျိုး၊ ဉာဏ်အကျိုးနှင့် တံန်ခိုးတေဇ ကျိုးဖလကို မျှတတစေ ခံစားစေတော်မူပါ၏။

သော–ထိုဘုရားမြတ်သည်။ မံ–လောကဘုံရိပ် ဦးကင်းထိပ်ဝယ် ဘိသိက်ခံလို စံစားလိုသော အကျွန်ုပ်ကို (ဝါ) လောကထိပ်တင် ဦးထိပ်ပြင်၍ ဘုရင်ဖြစ်လို မင်းဖြစ်လိုပြား အကျွန်ုပ်အား။ မင်းဘိသိက်ခံ– ရေစင်သွန်းဖိတ် မှတ်တံဆိပ်ဖြင့် ခတ်နှိပ်ဖွဲ့မှန် မင်းဘိသိက်ခံအဖြစ်သို့ (ဝါ) မှန်းရာကိစ္စ ဒိဋ္ဌ အောင်မြင် အောင်ပွဲဆင်အဖြစ်သို့။ ဓာရေတု– တန်ခိုးတော်ဟုန် ဘုန်းတော်စုံဖြင့် လွှမ်းခြုံကူထောက် ချီးမြှောက် ပေးသနားတော်မူပါဘုရား။ ။

http://www.dhammadownload.com



# မင်းဘိသိက်ခံဘုရားရှိခိုး

အစိန္တေယျ အပ္ပမေယျ၊ ဇေဋ္ဌ သေဋ္ဌ၊ အနန္တကံ အနန္တဉာဏ် အနန္တဘုန်းလျှံ အနန္တတန်ခိုးရှျာန်၊ ဖြိုးဖြိုးလျှံကြွ၊ ဝိုင်းရံခဖြင့်၊ နှိုင်းမရတူ ဘက်မပြုကြောင့်၊ လူအမင်းမင်း၊ နတ်မင်းမကွာ၊ ဗြဟ္မာမကြွင်း၊ အမင်းမင်းတို့ ဝပ်စင်းကော်ရော် ပူးမြော်မာန်ချ၊ ဦးခိုက်ရသည့် သကျနွယ်ဖွား၊ ရှင်တော်မြတ်ဘုရား။

ရှင်ပင်ဘုရား စိုးပိုင်ထားသော၊ တရားမကိုဋ်၊ မင်းယဉ်ပိုက်၍၊ အရိုက်အရာ၊ ဆက်ခံသာဖို့ အာဏာတော်စု မိန့်ခွင့်ပြုသည့်၊ ဓာတုမြေ့၊ ဥဒ္ဒိသနှင့် ၊ ဘောဂသညီ မြွေသရီတို့ ကိန်းတည်နာမ်ချဉ်း၊ ဓာတ်သက်နှင်းကြောင့် မင်းဘိသိက်ခံ၊ နာမံထင်ရှား၊ ရှင့်ကိုယ်ပွားအား ကျွန်ကားခိုလှုံ ဆယ်ဖြာရုံလျက် ဆယ်စုံဒါန ဆယ်သီလဖြင့် ဦးချမာန်ခွာ ကန်တော့ပါ၏။

တစ်ဖြာပိုင်းခြား၊ တွဲဘက်အားဖြင့်၊ ဆပွားကြည်ယုံ၊ သဒ္ဓါထုံလျက်၊ ဆယ်စုံ ဌာန၊ ဆယ်ဝရသို့ စိတ်မှမကွာ ဆုပန်ပါ၏။ ဆယ်ဖြာအထု၊ ဤကောင်းမှုဖြင့်၊ တောင်းဆုမွေခံ၊ မြတ်ဆုပန်ကား၊ ကြံတိုင်းလျှင်အောင်၊ ဆောင်တိုင်းလျှင်ပြီး၊ ဆောင်းရွှေထီးဖြင့်၊ ပြည်ကြီးနိဗ္ဗာန်၊ ဘိသိက်ခံသည်၊ စိတ်ကြံလျှင်စေ၊ ပြည့်စေသော၊ သဗ္ဗညုမြတ်ရှင်စေ ဩကာသ ဩကာသ။ ။

꧁

http://www.dhammadownload.com



## နမော တဿ ဗုဒ္ဓ ဝိရဋ္ဌ

## နိဒါန်း

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ မာ ဧကေန ဒွေ အဂမိတ္ထ၊

ဒေသေထ ဘိက္ခဝေ ဓမ္မံ၊ အာဒိကလျာဏံ မဇ္ဈေကလျာဏံ၊ ပရိယောသာန ကလျာဏံ သတ္ထံ ဗျဉ္ဇနံ ကေဝလ ပရိပုဏ္ဏံ၊ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေသိ၊

ရဟန်းတို့ လူအများတို့၏ အကျိုးစီးပွားအလို့ငှာ၊ လူအများတို့၏ ချမ်းသာခြင်းအလို့ငှာ၊ လောကလူအများတို့ကို သနားစောင့်ရှောက်ခြင်းအလို့ငှာ၊ နတ်လူတို့၏ အစီးအပွားအလို့ငှာ–ချမ်းသာခြင်းအလို့ငှာ အရပ်ရှစ်မျက်နှာတို့သို့ ဒေသစာရီခရီး လှည့်လည်ကြကုန်လော့၊ ခရီးလမ်းတစ်ခုတည်း၌ ရဟန်းနှစ်ပါး တပေါင်းတည်းမသွားကြကုန်လင့်။

ရဟန်းတို့ အစ–အလယ်–အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံလျက် အနက်အဓိပ္ပါယ်နှင့်လည်းပြည့်စုံ၊ သဒ္ဒါပုဒ် ပါဠိ အက္ခရာနှင့်လည်း ပြည့်စုံသော တရားတော်ကို ဟောကြားကြကုန်လော့၊ အပိုအလိုမရှိ ထက်ဝန်းကျင် ပြည့်စုံသော ဒုစရိုက်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ–သမာဓိ–ပညာ သိက္ခာ သုံးပါးဟူသော သာသနာတော်မြတ်အကျင့်ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့။

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး ပထမဝါကို ဣသိပတနမိဂဒါဝုန်တော၌ နန္ဒိယသူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်း၌ ရဟန္တာအပါး(၆၀)နှင့်တကွ ဝါဆိုတော်မူ၏။

ဝါကျွတ်တော်မူလျှင် ခြောက်ကျိပ်သော ရဟန္တာအရှင်သူမြတ်တို့ကို ခေါ်တော်မူပြီးလျှင် သာသနာပြုခရီး ကြွရောက်ဖို့ တရားဒေသနာဟောကြားစေဖို့ မိန့်တော်မူသော စကားဖြစ်၏။

"ရဟန်းတို့... ငါဘုရားသည် လူနတ်တို့အာရုံ ကာမဂုဏ်၌မှီသော တဏှာကျော့ကွင်း၊ ကိလေသာကျော့ကွင်း အားလုံးတို့မှ ကင်းရှင်းလွတ်မြောက်ခဲ့လေပြီ။

ရဟန်းတို့... သင်တို့သည်လည်း လူနတ်တို့အာရုံ ကာမဂုဏ်၌မှီသော တဏှာကျော့ကွင်း၊ ကိလေသာကျော့ကွင်း အားလုံးတို့မှ ကင်းရှင်းလွတ်မြောက်ကြလေပြီ။

ရဟန်းတို့... သင်တို့သည် များလှစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာစီးပွား ကောင်းကျိုးဖြစ်ပွားရန် အရပ်ရှစ်မျက်နှာသို့ ဒေသစာရီခရီး လှည့်လည်ကြကုန်လော့၊ တစ်လမ်းတည်း ရဟန်းနှစ်ပါး ပေါင်း၍ မသွားကြကုန်လင့်။ သိက္ခာသုံးရပ် အကျင့်မြတ်တရားတို့ကို လူနတ်တို့အား ထင်ရှားပြကြကုန်လော့၊ ဟောကြားကြကုန်လော့။

ရဟန်းတို့... ကိလေမြူမှုန် နည်းပါးကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် များစွာရှိကုန်၏။ ထိုသူတို့သည် တရားတော်ကို မနာကြားရလျှင် မဂ်ဖိုလ်တရားထူးကိုရခြင်းမှ ဆုံးရှုံးနစ်နာကြရပေလိမ့်မည်၊ သစ္စာလေးချက်သဘောနက်ကို ပြက်ပြက်ထင်ထင် နားလည်သိမြင်ကြမည့် နတ်လူတို့သည်လည်း ထင်ရှားစွာ ပေါ်ပေါက်လာကြပေလိမ့်မည်။

ရဟန်းတို့... ငါဘုရားသည်လည်း ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချေချွတ်ရန် တရားဟောရန် ဥရုဝေလတောအုပ်ရှိရာ သေနာနိဂုံးသို့ ကြွသွားတော်မူအံ့" ဟု သာသနာပြုစကား မိန့်ကြားတော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည်–

ကျောင်းကန်ပရိဝုဏ်ကောင်းများနှင့် ပြည့်စုံစေကာမူ၊

အလုပ်အကျွေး ဒကာတို့နှင့် ပြည့်စုံစေကာမူ၊

ပစ္စည်းလေးပါးတို့ဖြင့် ပြည့်စုံစေကာမူ၊

ကိုယ်တော်တိုင် မကြွပဲနေတော်မမူ၊ ကိုယ်တော်တိုင် သေနာနိဂုံးသို့ ကြွတော်မူ၏။

သာသနာပြုခရီးသည် တကယ်တန်းကျတော့ ပန်းခင်းလမ်းမဟုတ်ချေ။ ခယောင်းလမ်းလည်းဖြစ်နိုင်၏။ ပန်းခင်းလမ်းထက် ခယောင်းလမ်းခရီးကြမ်းက များတတ်၏။ ခယောင်းလမ်းခရီးကြမ်းမှာ လောကဓံမုန်တိုင်းကြမ်းနှင့်တွေ့ရသော အခါ ခန္တီ–မေတ္တာ–သီလ–သစ္စာတို့ဖြင့်သာ ဖြတ်သန်းရချေ၏။

မြတ်စွာဘုရားသည် သာသနာပြုခရီး (၄၅)ဝါပတ်လုံးကြွတော်မူရာ၌ မာရ်နတ် စသော နတ်နဂါးတို့၏ အဖျက်ဓာတ်ကို ခံရပေသည်၊ လောကဓံ မျိုးစုံကြုံရလေသည်။

မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ၊ ချမ်းသာခြင်းအလို့ငှာ ယူဇနာများစွာဝေးကွာသောခရီးကိုပင် အပင်ပန်းခံ၍ ကြွရောက်ချီးမြှောက်ပေးတော်မူ၏၊ တပည့်သား ရဟန်းတို့ကိုလည်း သတ္တဝါတွေ ချမ်းသာစေဖို့ ကြွရောက်ချီးမြှောက်စေ၏။

ဤသည်ကား ဗုဒ္ဓ၏ သာသနာပြုခရီးဖြစ်၏။

http://www.dhammadownload.com

http://www.dhammadownload.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးထံမှ ဗောဓိရိပ်မြိုင်တောရဆရာတော်ဩဝါဒခံယူတော်မူနေစဉ်
အကျွတ်အလွတ်ကျောင်းတော် (မဟာမြိုင်တော)

၁၃၇၁ ခုနှစ် ကဆုန်လကွယ်နေ့

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးထံမှ ဗောဓိရိပ်ငြိမ်တောရဆရာတော် ဩဝါဒခံယူတော်မူနေစဉ်

အကျွတ်အလွတ်ကျောင်းတော် (မဟာမြိုင်တော)

၁၃၇၁ ခုနှစ် ကဆုန်လကွယ်နေ့

http://www.dhammadownload.com


# မဟာဗောဓိမြိုင်ဆရာတော်နှင့် စာရေးသူ

မှတ်မှတ်ရရ ၁၃၅၂-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ အစိုးရ ပထမပြန်စာမေးပွဲ ဖြေဆိုပြီး၍ ကျောင်းပိတ်ချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် တစ်လတရားစခန်း စာရေးသူဝင်ခဲ့၏။

ရွှေမင်းဝံဆရာတော်ဦးသောဘန၏ ကမ္မဋ္ဌာန်းလမ်းညွှန်မှုဖြင့် သတိပဋ္ဌာန် ဝိပဿနာကို မဟာစည်းကမ်း နည်းလမ်းအတိုင်း အားထုတ်ခဲ့ရာ (၃၁)ရက်တွင် ဉာဏ်စဉ်တရားများကို နာကြားခဲ့ရသည်။

ဝိပဿနာဉာဏ်စဉ်တရားများ နာကြားခဲ့ရသည့်အခါ ရွှေမင်းဝံဆရာတော်က ''ကိုယ့်ဖြစ်စဉ်နှင့်ဉာဏ်စဉ်တိုက်ကြည့်ပါ''ဟူသောစကားကြောင့် ပီတိတရားများဖြင့် စိတ်များတက်ကြွခဲ့ရသည်။ နောက်နေ့ နယုန်လပြည့်ကျော်(၂)ရက်နေ့ နံနက်တွင် ရွှေမင်းဝံသာသနရိပ်သာမှ ထွက်ခဲ့၏။

စာရေးသူသည် သပိတ်ကိုလွယ် အိပ်ငယ်ကိုဆွဲ တစ်ပါးတည်းဖြင့် ခြောက်ထပ်ကြီးဘုရားရှေ့မှ တာမွေအဝိုင်းဆီသို့ ကြွ-လှမ်း-ချ ခြေလှမ်းများဖြင့် ဆင်းခဲ့ရာ လမ်းတွင် မုန့်ဆွမ်းများပင်လောင်းလှူကြ၏။ စာရေးသူကား ဆွမ်းခံခြင်း မဟုတ်၊ ခရီးသွားခြင်းသာဖြစ်၏။ သို့သော်လည်း အမှတ်ပါသော ခြေလှမ်းကြောင့်သာ။

တာမွေ အဝိုင်းရောက်တော့ (၃၁)ဘတ်စ်ကားစီးပြီး တောင်ဥက္ကလာ မေတ္တာလမ်းရှိ ဦးစိုးမြင့်+ဒေါ်စန်းညွန့်(ဦးလေး၊ အဒေါ်)တို့၏အိမ်သို့ ရောက်ခဲ့ရသည်။ နောက်ရက် ဟင်္သာတ၊ ရတနာဗိမာန်သို့ ပြန်ရန်ဖြစ်၏။

နေ့ဆွမ်းဘုန်းပေးပြီးနောက် နေ့လည်တစ်နာရီအချိန်တွင် လေးဘီးကားဖြင့် ကမ္ဘာအေး၊ ရေကူးရွာမ- မြို့မကျောင်းတွင်းရှိ မန္တလေးဇရပ်သို့ ရောက်ခဲ့ရသည်။

http://www.dhammadownload.com



ဦးလေး–ဦးသိန်း၊ အဒေါ်–ဒေါ်ပု တို့သည် စာရေးသူငယ်စဉ်ကပင် ကွဲကွာခဲ့ရသည်။ ကွဲကွာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ။ ယခုတော့ ဒေါ်ပု တပြစ်လဲ ဒေါ်ပညာသီ သီလရှင်ဘဝသို့ပင် ရောက်နေချေတော့၏။ ဦးသိန်းကား မင်္ဂလာဒုံခြံထဲတွင်နေကြောင်း သိခဲ့ရလေသည်။ မတွေ့ ခဲ့ရချေ။

ဒေါ်ပညာသီ နေထိုင်ရာ မန္တလေးဇရပ်ပေါ်သို့ရောက်သည့်အခါ ဘုရားခန်း၏ ဘယ်ဘက်တွင် ဆွဲချိတ်ထားသော ဆရာတော်တစ်ပါး၏ ဓာတ်ပုံ ပုံရိပ်ဆီသို့ မိမိ၏မျက်စိ၊ မိမိ၏အကြည့်၊ မိမိ၏အသိ တို့က ဆွဲငြိနေမိတော့၏။

ထိုဓာတ်ပုံရှင်ဆရာတော်၏ ပုံရိပ်မှာ သက်တော်လေးဆယ်ကျော်ခန့် အရွယ်ရှိပြီး တင်ပလ္လင်ခွေထိုင်လျက် ကြမ်းပြင်အထိ လက်နှစ်ချောင်းထိကာ စက္ခုန္ဒြေချလျက် ထိုင်နေတော်မူ၏။ ဆရာတော်၏ပုံရိပ်မှာ မေတ္တာ–ဗြဟ္မအကျင့်စရဏာများက ခြုံလွှမ်းထား၏၊ အထင်းသားမြင်နေရ၏။

ထိုဆရာတော်၏ ပုံရိပ်ဓာတ်ပုံသို့ စူးစူးစိုက်စိုက်ကြည့်နေမိ၏။ ဖူးမြော်နေရင်းပင် စိတ်တွင်းက အေးငြိမ်းမှုဓာတ်များ ရိုက်ခတ်မှုကို ခံစားနေရလေ၏။

ထိုအခါ နှစ်နှစ်ဆယ်ကျော် ဝေးကွာနေစေကာမူ အလ္လာပ၊သလ္လာပ စကားများမပြောဖြစ်တော့ပဲ ထိုဓာတ်ပုံရှင်(ရွှေကျောင်းကုန်းတောင်ဆရာတော်) ဆရာတော်၏အကြောင်းများကိုသာ ပြောနေဖြစ်တော့၏။ မေးနေဖြစ်တော့၏။

ဆရာတော်၏ တရားကျင့်ခဲ့ပုံများ၊ တောရဆောက်တည်ခဲ့ပုံများ၊ ဓုတင်ဆောင်ခဲ့ပုံများ၊ တိစိဝရိတ်ဓုတင်ဆောင်ပုံများ၊ ဝိပဿနာဉာဏ်ရင့်သန်မှုများ၊ လူဝတ်ကြောင်ဘဝမှ အလွတ်ရုန်းလျက် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် တောရဆောက်တည်ခဲ့သည်များကို ကြားသိရလေတော့ ကြည်ညိုနေမိ ကျေနပ်နေမိသလို အားကျစိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့ရသည်။မိမိကိုယ်တိုင်လည်း အားထုတ်လိုစိတ်၊ ကျင့်ဆောင်လိုစိတ်များ ဖြစ်ခဲ့ရသလို သာသနာတော်အတွက်လည်း ဂုဏ်ယူအားတက်နေမိတော့၏။ အတုယူစရာဟုလည်း မှတ်ယူခဲ့ရလေသည်။

http://www.dhammadownload.com



ထိုမှတဖန် ဒေါ်ပညောသီ၏အကို ဘောက်ထော်သာသနာ့ဗိမာန်ဆရာတော် အဘဦးဝိမလရဲ့ ပုံရိပ်ဓာတ်ပုံက ဘုရားခန်းညာဘက်တွင် ဖူးမြင်ရပြန်၏။ထိုအခါ ဆရာတော်ကြီး၏အကြောင်း၊ ဆရာတော်ဦးဥယျာဇမ္ဗသာမိ၏ အကြောင်းများကို သိရှိခဲ့ရသည်။

မန္တလေးဇရပ်မှပြန်ခဲ့ပါသော်လည်း ဆရာတော်၏ပုံရိပ်များက မိမိရဲ့ စိတ်နှလုံးမှာ တံဆိပ်တုန်းရိုက်နှိပ်ထားသလို စွဲကျန်ရစ်လေတော့၏။

ဆရာတော်ကိုကား မတွေ့ဖူး၊ မဖူးတွေ့ရသေးခင်ကပင် မိမိစိတ်ထဲ ရင်းနှီးနေမိတော့ မမြင်နိုင်သော အတိတာနန္တရ ပရမ္ပရ ဘဝထိုထိုက သန္တိဝါသ ဓာတ်များက နှိုးဆွနေသည်လားမသိ၊ ဆရာတော်၏အကြောင်းကို ပြောပြနေရ သည်ကိုပင်ကျေနပ်နေမိတော့၏။ ဖူးမြော်လိုသောစိတ်၊ သြဝါဒခံယူလိုသော စိတ်တွေကလည်း တဖွါးဖွါးပေါ်ပေါက်နေလေတော့၏။

ဒေါ်ပညောသီ သီလရှင်သည် မဟာဗောဓိမြိုင်ဆရာတော်၏ ဥပဇ္ဈာယ် ဆရာတော် ဘဒ္ဒန္တဝိမလ(ဘောက်ထော်၊သာသနာ့ဗိမာန်ကျောင်း)၏ နှမအရင်း အငယ်ဆုံးဖြစ်၏။

မဟာဗောဓိမြိုင်ဆရာတော်၏''ဆံထုံးလေးမမြင်ချင်ပါ၊ ကတုံးလေးပဲ မြင်ချင်သည်''ဟုမိန့်တော်မူသော သြဝါဒစကားအရ–လူဝတ်ကြောင်ဘဝမှ သီလရှင်ဘဝသို့တက်လှမ်းခဲ့သူ၊ သီလရှင်ဝတ်ခဲ့သူ၊ တရားအားထုတ်နေသူ ဖြစ်၏။

စာရေးသူသည် ဆရာတော်ကို ဖူးတွေ့လို၊ သြဝါဒခံယူလိုသော်လည်း စာသင်သားဖြစ်နေ၍ အချိန်မပေးနိုင်ခြင်း၊ မိမိကိုယ်တိုင်က ဝိပဿနာရှုရ မဆောင်ရွက်ရသေးခြင်း၊ ကိုယ်တိုင်ဝိပဿနာရှုရဆောင်ပြီးမှ ဝိပဿနာရှုရ ဆောင်ဆရာတော်ကို ဖူးတွေ့လိုခြင်း၊ ဝိပဿနာလက်တွေ့ဖြစ်စဉ် အမေး၊ အဖြေတို့ဖြင့် ဆုံးမမှုကို ရယူလိုခြင်းတို့ကြောင့်ပင် ဖူးတွေ့ခွင့် အလှမ်းကွာဝေး ခဲ့ရလေသည်။ သို့သော်လည်းဆရာတော်ရဲ့အကြောင်းကိုတော့ ဦးသိန်း၊ ဒေါ်ပညောသီ၊ ဒေါ်ခင်မူတို့ထံမှပင် တဆင့်ကြား မေးနေရတော့၏။ ထိုအချိန်များ

http://www.dhammadownload.com



တွင် စာသင်တိုက်နှင့်မော်လမြိုင်ဖားအောက်ရိပ်သာသို့ ကျောင်းပိတ်တိုင်း ရောက်နေခဲ့ရလေသည်။

ထို့နောက် ၁၃၅၅–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်နေ့တွင် ပျဉ်းမနား၊ လက်လုပ်တောင်တောရမှ ဆရာတော်ကြွသွားတော်မူပြီဟု ဒေါ်ပညောသီထံမှ ကြားသိရတော့၏။ ဒေါ်ပညောသီလည်း ဒီသတင်းကြားရတော့ 'အမလေးတော်'ဟူသော အာမေဍိတ်စကား ဖြစ်ခဲ့ရသည်ဆို၏။

အဘယ်ကြောင့်ဆိုသော် ဒေါ်ပညောသီသည် ဆရာတော်မကြွမီတစ်ပါတ်ကမှ လက်လုပ်တောင်မှ ပြန်လာခဲ့ခြင်းပင်ဖြစ်၏။ သီတင်းကျွတ်လပြည့်နေ့က ဆရာတော်ကိုဖူးမြော်နေစဉ် ဆရာတော်က "ဒေါ်ပညောသီ.. ဒီ စတီးသပိတ် ယူပြီး ခင်ဗျားဦးပဥ္စင်း လှူလိုက်ဗျာ"ဟု မိန့်တော်မူရာ "တပည့်တော် မသယ်ယူနိုင်သေးပါ၊ နောက်တစ်ခေါက်ကျမှ သယ်ယူတော့မည်" ဟုလျှောက်ထားခဲ့ခြင်းကြောင့် ဖြစ်၏။

၁၃၅၅–ခုနှစ်၊ တန်ဆောင်မုန်းလတွင် လယ်ဝေးမြို့နယ်၊ သာဝတ္ထိ၊ စမတောင်အနီးတွင် တောရကျောင်းကလေး အလွတ်ရှိသည်ဟု သူငယ်ချင်း ဦးဇနက ပြောဆိုသဖြင့် နွေကျောင်းပိတ်ရက်တွင် ရန်ကင်း၊ ပဥ္စနိကာယ်တွင် အတူနေသော ဦးစိတ္တရ (မြို့လှ)နှင့် မြို့လှသို့လိုက်ခဲ့သည်။ ဦးစိတ္တရ၏ ရဟန်းဒကာ ဦးသိန်းလှိုင်+ဒေါ်အုံးခိုင် တို့အိမ်တွင် တည်းခိုခဲ့ရလေသည်။ နောက်တစ်နေ့ စမတောင်ဘက်သို့ ခရီးဆက်ခဲ့ရာ တောရကျောင်းကလေးကိုကား ဆရာတော်တစ်ပါးက သီတင်းသုံးနေသည်မှာ (၁၆)ရက်မျှသာ ရှိသေး၏။ စာရေးသူကား နောက်သို့တပ်ခေါက်ခဲ့ရလေသည်။

နောက်တစ်နေ့တွင် လယ်ဝေးမြို့အနီး ကျောင်းကုန်းရွာသို့ ဦးစိတ္တရနှင့် ရောက်ခဲ့ရာ အိမ်ပေါ်တက်လိုက်သည်နှင့် လက်လုပ်တောင်ဆရာတော် (မဟာဗောဓိမြိုင်)၏ ဓာတ်ပုံများသည် အိမ်တိုင်းလိုလို ဖူးတွေ့ရတော့၏။ဆရာတော်ရဲ့အကြောင်း များကိုလည်း မသိဟန်ပြု၍ မေးနေမိတော့၏။ အိမ်ပိုင်ရှင်ဒကာကြီးကလည်း ကြည်ညိုစိတ်များဖြင့် ရှင်းပြနေလေသည်။

http://www.dhammadownload.com


ထိုဆရာတော် သီတင်းသုံးခဲ့သည့် လက်လုပ်တောင်သို့ သွားရောက်လို ကြောင်း ပြောဆိုသည့်အခါ လိုက်၍ပို့ဆောင်ပေးမည်ဟုပြော၏။ နောက်တစ်နေ့ တွင် လယ်ဝေးမှပျဉ်းမနားသို့ ကားဖြင့်ခရီးဆက်ခဲ့၏။ ပျဉ်းမနားမြို့သို့ရောက်သည့် အခါ ညရထားဖြင့် ရန်ကုန်သို့ ပြန်ကြမည်ဖြစ်၍ ပါလာသည့် ခရီးသွားအိပ်များကို ပျဉ်းမနားဈေးထဲက ဆန်ဆိုင်တစ်ဆိုင်တွင် အပ်ခဲ့၏။ ဆန်ဆိုင်ဒကာက 'အရှင်ဘုရား တို့ ရှေ့ကကြွနှင့်ပါ တပည့်တော် နောက်မှလိုက်ခဲ့ပါမည်' ဟုလည်း လျှောက်လိုက် သေး၏။ စာရေးသူတို့လည်း လက်လုပ်တောင်သို့ ခရီးဆက်ခဲ့ကြ၏။

စာရေးသူတို့ လက်လုပ်တောင်ရောက်သည့်အခါတွင် ဦးပဥ္စင်းကြီး (ဦးစိန်မောင်–သပြေတန်း)နှင့်တွေ့ရပြီး ဘုရားနှင့်တကွကျောင်းများ အစုံ ပြသ ပေး၏။ ဆရာတော်သီတင်းသုံးခဲ့သည့် အကြောင်းများကိုလည်း ရှင်းပြပေး၏။

ဆွမ်းဘုန်းပေးခါနီးတွင် ဆန်ဆိုင်ဒကာ စက်ဘီးကလေးဖြင့် ရောက်လာ တော့၏။ ဆွမ်းကပ်ဖို့များလည်း အဆင်သင့်ပါလာ၏။ ဆွမ်းဘုန်းပေးပြီးသည့်အခါ ဆရာတော်၏အကြောင်းများ၊ လက်လုပ်တောင်အကြောင်းများ ပြောကြားရင်း စကားလက်ဆုံကျခဲ့၏။ ဆန်ဆိုင်ဒကာကား လက်လုပ်တောင်တောရ သာသနာ့ ဟိတကာရီအသင်း၏ အတွင်းရေးမှူး ဦးဝင်းမောင် ဖြစ်နေတော့၏။ တိုက်ဆိုင် လေစွ ဟူ၍သာ တွေးနေမိတော့၏။ ထိုညတွင် ပျဉ်းမနားဘူတာမှ ရန်ကုန်သို့ ညရထားဖြင့် ပြန်ခဲ့ရလေသည်။

၁၃၅၇–ခုနှစ်၊ နယုန်လပြည့်ကျော်(၁၀)ရက်နေ့တွင် ပျဉ်းမနားမြို့ လက်လုပ်တောင်တောရသို့ ဝါဆိုသီတင်းသုံးရန် ရောက်ခဲ့ရသည်။

မိမိအနေနဲ့ နေ့စဉ်နှင့်အမျှတွေးနေမိတာက 'ငါဟာ စာသင်ရင်းသေသွား သော်' အတွေးဖြစ်၏။ စာသင်ရင်းကား မသေရဲသေးချေ။ ပဋိပတ္တိလုပ်ငန်း လုပ်ရင်း သေက တော်သေး၏။ ငါ့ရည်ရွယ်ချက်က တရားအားထုတ်ဖို့မဟုတ်လား.. ဟူသော အတွေးများကြောင့် ဒီနှစ် ငါစာမသင်တော့ဘဲ တရားအလုပ် ဖောက်ချလုပ်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် မော်လမြိုင်–ဖားအောက်ရိပ်သာသို့ ကြွဖို့ရန် ရထားလက်မှတ်

http://www.dhammadownload.com



ဖြတ်ထားလိုက်၏။ နယုန်လဆန်း(၅)ရက်နေ့ နံနက်ကြွရန်ဖြစ်၏။ အားလုံးစီစဉ်ပြီးသား ဖြစ်နေ၏။

မော်လမြိုင်–ဖားအောက်ကြွဖို့ရန် မရောက်မီတစ်ရက်၊ (၄)ရက်နေ့ ညတွင် "အရှင်ဘုရား–တပည့်တော်တို့ လက်လုပ်တောင်သို့ ကြွရောက်၍ သာသနာပြုပါဦး ဘုရား" အရပ်မရှည်မတို ပုဆိုးကွက်တုံးကြီးနှင့် လူအဖော်တစ်ယောက်ဖြင့် လာရောက်လျှောက်ထားသော အိပ်မက်ကြောင့် လန့်နိုးခဲ့ရ၏။

*'ဘာပါလိမ့်'* စဉ်းစားနေမိ၏။ မော်လမြိုင်ခရီးနှင့် လက်လုပ်တောင်ခရီး လွန်ဆွဲနေချေပြီး တမှေးအိပ်ပျော်သွားပြန်၏။ "အရှင်ဘုရား ကြွသာကြွပါ၊ ဘာမှ ပူမနေပါနဲ့ ကိုယ်အားထုတ်ထားတဲ့တရား အရှိသားပဲ" ဟု ဒုတိယမ္ပိ အိပ်မက် မက်ပြန်၏။ နံနက်(၄)နာရီထိုးသံကြား၍ ဒွိဟာစိတ်ဖြင့် အိပ်ယာမှထလိုက်ရတော့၏။

ဒေါ်ပညာသီ သီလရှင်ကြီးလည်း မော်လမြိုင်ခရီးစဉ်အတွက် စီစဉ်ပေးနေပြီ၊ သပိတ်ထဲဆွမ်းလောင်းထည့်ပေးဖို့လည်း ပြင်ဆင်နေ၏။ ပြီးတော့ "ဦးပဥ္စင်း သပိတ်ပေး ဆွမ်းထည့်တော့မယ်" ဟုသပိတ်တောင်းလိုက်ရာ "ဒကာမကြီး– မော်လမြိုင်ခရီးစဉ် မသွားသေးဘူး၊ ညက အိပ်မက်ထဲမှာ လက်လုပ်တောင်ကလူနှစ်ယောက် လာရောက်ပြီး သိတင်းသုံးဖို့ပင့်နေလို့ လက်လုပ်တောင်ပဲ သွားတော့မယ်" ဆိုလိုက်တော့ ဒေါ်ပညာသီက ပြုံးရွှင်စွာဖြင့် "ကောင်းတာပေါ့၊ တပည့်တော်တို့ လိုက်ပို့မည်" ဟုလျှောက်ထားလေတော့၏။

နယုန်လပြည့်ကျော်(၉)ရက်နေ့ ညရထားဖြင့် ပျဉ်းမနား၊ လက်လုပ်တောင်သို့ကြွဖို့ရန် စီစဉ်ရတော့၏။ ဒေါ်ပညာသီ၊ ဒေါ်ခင်မူ တို့လည်း လိုက်ပို့ကြမည်ဖြစ်၏။ ဒေါ်ပညာသီက ည(၆)နာရီ ရထားလက်မှတ်ဝယ်ထား၏။ အားလုံးစီစဉ်ပြီး၍ ခရီးထွက်ခါနီးချိန်တွင် ဒေါ်ခင်မူရောက်လာမှ ရန်ကုန်–မန္တလေး အထူးအမြန်မှန်း သိရတော့၏။ အထူးအမြန်က တောင်ငူနှင့်သာစည် နှစ်ဘူတာသာရပ်၏။ သို့သော်လည်း ခရီးကိုကား ဆက်လက်ထွက်ခွါခဲ့ကြ၏။ ကမ္ဘာအေးဒေါ်ပညာသီ၏ ဇရပ်မှ ထွက်ချိန်ကား မိုးကြီးသည်းထန်စွာရွာသွန်းနေတော့၏။ လေးဘီးငှား၍ ရန်ကုန်ဘူတာကြီးသို့ ထွက်ခဲ့ကြရ၏။

http://www.dhammadownload.com



အထူးအမြန်ရထားကြီးကား ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွါခဲ့လေပြီ နေရောင်တို့လည်း တဖြည်းဖြည်းမှေးမှိန်သွားတော့၏။ ညအမှောင်တို့လည်း တဖြည်းဖြည်း မှောင်အတိပြီးသွားတော့၏။ ညအမှောင်ထဲ နံနက်(၃)နာရီခန့်တွင် (ပျဉ်းမနားမရောက်မီတွင်) အမြန်ရထားကြီးဟာ ဘာကြောင့်မှန်းမသိဘဲ နာရီဝက်ခန့်ရပ်နေ၏။ မိမိအနေနဲ့တော့ ဆင်းလိုက်ချင်၏။ သို့သော်လည်း ဆင်းလို့ မရနိုင်၊ သာစည်ဘူတာကျမှ ဆင်းပြီး စာပို့ရထားဖြင့် ပျဉ်းမနားသို့ပြန်ရမည်ဖြစ်၏။

သာစည်ဘူတာသို့ နံနက်(၇)နာရီခွဲခန့်တွင် ရောက်သဖြင့် ဆင်းခဲ့ကြ၏။ (၉)နာရီတွင် စာပို့ရထားဖြင့် ပျဉ်းမနားသို့ ပြန်ခဲ့ရလေသည်။ သာစည်မှမြင်ရသော တောင်တန်းကြီးတွေကို သဘောကျပါသော်လည်း လက်လုပ်တောင်သို့ ကြွပါ ဟူသော စကားသံကိုကား ကြားယောင်နေလေတော့၏။ သို့ကြောင့် လက်လုပ် တောင် ဦးစားပေးခဲ့ရလေသည်။

ပျဉ်းမနား လက်လုပ်တောင်သို့ နေ့လည် သုံးနာရီတွင်ရောက်ကြသည်။ ထိုအခါ လက်လုပ်တောင်တွင်ရှိသော ဒကာများ၏ ပြောဆိုလျှောက်ထားချက် ကြောင့် ဆရာတော်၏ ဂုဏ်သတင်းများ၊ ဖြစ်စဉ်များကို အနီးကပ်ကြားသိရတော့ ပို၍ပို၍ ဂုဏ်ယူကျေနပ်နေမိတော့၏။ လက်လုပ်တောင်တောရတွင် တစ်ဝါတွင်း လုံး သိတင်းသုံးအားထုတ်ခဲ့ရာ ဆရာတော်၏ ဘဝဖြစ်စဉ်၊ ဓမ္မဖြစ်စဉ်၊ အကျင့် ဖြစ်စဉ်များကို အနီးကပ်လေ့လာခွင့်ရတော့၏။ ဆရာတော်ရေးသားသော စာအုပ်များ၊ ဟောကြားသောတရားတော်တိတ်ခွေများကို လေ့လာခွင့်နာကြားခွင့် ရခဲ့ရ၏။

၁၃၅၈–ခုနှစ်၊ တပေါင်းလထဲတွင် ဆရာတော်သည် ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ သုဝဏ္ဏသျှိုတောင်မှ ပျဉ်းမနား၊ သာစည်၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ နတ်တလူ စသည်တို့သို့ ဒေသစာရီခရီးကြွရာတွင် ဒေါ်ပညောသီ၊ဒေါ်ခင်မူတို့ သွားရောက်ဖူးမြော်ရာ ဆရာတော်က "ကိုယ်တော်လေးကိုလျှောက်လိုက် **မအိပ်မနေ အသက်ရှည်**"ဟု တဆင့်စကားဖြင့် ဓမ္မလက်ဆောင် မှတ်သားစရာ၊ တစ်သက်တာမမေ့စရာ အမြုတေသြဝါဒများ ပေးတော်မူလိုက်၏။

http://www.dhammadownload.com


ဆရာတော်ဘုရားမိန့်တော်မူသော ဩဝါဒစကား တစ်ဆင့်ကြားကား လေးနက်လှပါ၏။ **မအိပ်မနေအသက်ရှည်** ဆိုသလို၊ **မေးပါများစကားရ၊ သွားပါများခရီးရောက်** ဟူသော အဓိပ္ပါယ်များလည်း အဓိပ္ပါယ်ကောက်ရ တော့၏။

၁၃၅၉–ခုနှစ်တွင် စာရေးသူ လက်လုပ်တောင်တောရတွင် ဝါဆိုသီတင်းသုံး တရားအားထုတ်၏။ သီတင်းကျွတ်လပြည့်ကျော်(၃)ရက်နေ့တွင် ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ နတ်တလူတောရစခန်းသို့ သွားရောက်၍ ဆရာတော်ထံ ဩဝါဒခံယူရာ၌လည်း ဘဝအတွက် မမေ့နိုင်စရာဩဝါဒများ၊ ဝိပဿနာတရား များနှင့် ဓမ္မဒေသနများ မိန့်ကြားပေးတော်မူ၏။ မိမိအဖို့ မဟာဗောဓိမြိုင် ဆရာတော်ကို ပထမဦးဆုံးအချိန် ဖူးမြော်ရခြင်း၊ ဩဝါဒခံယူရခြင်းဖြစ်၏။ ထိုဩဝါဒများ၊ ဓမ္မဒေသနများက ဘဝအတွက် မမေ့နိုင်စရာများ ဖြစ်သလို ဓမ္မအတွက်လည်း လက်တွေ့ရှုမှတ်ရာ၌ မမေ့စရာများပင် ဖြစ်တော့၏။

၁၃၆၀–ခုနှစ်၊ နတ်တော်လပြည့်ကျော်(၉)ရက် (၁၂–၁၂–၁၉၉၈)နေ့ ညနေပိုင်းတွင် ဆရာတော်ခေတ္တသီတင်းသုံးတော်မူရာ စဉ့်ကိုင်မြို့နယ်၊ စွန်ရဲကျေးရွာအနီး ကျောက်ထီးတောင်သို့ သွားရောက်ဖူးမြော် ဩဝါဒခံယူရာ၌ လည်း ယောဂီများအတွက် အထူးပင် ဩဝါဒပေးတော်မူ၏။ ယောဂီများကို ဟောပြောမှု၊ အကဲခတ်မှု၊ ဉာဏ်မြင့်ဖို့အဓိကကျသော ဟောပြောချက်များကို မိန့်တော်မူခဲ့၏။

၁၃၆၀–ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ နတ်တလူတောရစခန်းရှိ မင်းဘိသိက်ခံဘုရား ထီးတော်တင်ပွဲသို့ သွားရောက် ဖူးမြော်၍ ဩဝါဒခံယူရာ၌ ဆရာတော်သီတင်းသုံးတော်မူရာ ကျောင်းကလေးပေါ် သို့ တက်လိုက်သည်နှင့် ဆရာတော်က–

"တို့က–ဗိုလ်ကွန္တာကြီးနဲ့ ရှေးတုန်းကတည်းက အမျိုးတော်တာဗျာ့" ဟူသောနှုတ်ခွန်းဆက်စကားဖြင့် စလိုက်ပြီး ဆရာတော်ငယ်စဉ်ကာလ စာသင်သား

http://www.dhammadownload.com



ဘဝတွင် ပုသိမ်မြို့ သာသနရံသီပါဠိတက္ကသိုလ်သို့ စာသင်ကြွစဉ်က ဟင်္သာတမြို့ ရတနာဗိမာန်ကျောင်းတိုက်တွင် တစ်ညတာတည်းခိုခဲ့ဖူးသည်များကို ပြန်လည် မိန့်တော်မူနေ၏။ ထို့နောက် သာသနာရေး၊ ဘာသာရေး၊ ပေါပြောရေးပါမကျန် မိန့်တော်မူ၏။

၁၃၆၁–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၄)ရက်နေ့ ဆရာတော် ခေတ္တ သီတင်းသုံးတော်မူရာ စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ရွာအနီး၊ ဝါးသုံးရုံ စခန်းသို့ သွားရောက်ဖူးမြော်ရာတွင် သာသနာပြုသူတို့တွင် ရှိသင့်ရှိထိုက်သော ခန္တီ–မေတ္တာ၊ သီလ–သစ္စာ တရားတို့ဖြင့် သာသနာပြုရကြောင်း၊ အနစ်နာ ခံရကြောင်း၊ ရှေ့ဆောင်လမ်းပြဖြစ်အောင် နေရကြောင်းများကို မိန့်တော်မူ၏။ သာသနာပြုရာ၌ လောကခံလှိုင်းဂယက်တို့ ရိုက်ခတ်လာပါက မိမိကိုယ်မိမိသာ အပြစ်တင်၊ အပြစ်မြင်ခဲ့ကြောင်းများလည်း မိန့်တော်မူ၏။

၁၃၇၀–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၅)ရက် (၁၃–၅–၂၀၀၈)နေ့တွင် စစ်ကိုင်းတိုင်းရှိ မဟာမြိုင်တောကြီးအတွင်း ခေါင်နန်းပလ္လင်စခန်းသို့ သွားရောက် ဖူးမြော်ကန်တော့ ဩဝါဒခံယူရာ၌ ညပိုင်းဩဝါဒများတွင် သာသနာပြုတို့ ထားရှိ ရမည့် စိတ်ထားနှင့် သာသနာပြုရာ၌လည်းကောင်း၊ တရားကျင့်ကြံ အားထုတ် ရာ၌လည်းကောင်း အဓိကကျသော သော့ချက်များကို မိန့်တော်မူ၏။ ထို့အပြင် သတ္တဝါအများကို ဂရုဏာထားဖို့များလည်း အကြိမ်ကြိမ်မိန့်တော်မူ၏။

နောက်တစ်နေ့မနက်ပိုင်းတွင်လည်း သာသနာပြုဩဝါဒများနှင့် ဓမ္မဒေသန အမြင်များကို ထပ်ဆင့်မိန့်တော်မူပေး၏။

ထိုသို့ဩဝါဒခံယူရာများ၌ ဆရာတော်မိန့်တော်မူသည့် အချို့ကို ဖော်ပြရ ပါမူ–

"တပည့်တော် သာသနာပြုနေတာပါ။ ရောက်လေရာအရပ်မှာ ဆောက်လုပ် ခဲ့သော ကျောင်းများမှာ သာသနာတော်အတွက်ပါ၊ တပည့်တော်အတွက် ကျောင်းမဆောက်ရသေးပါ။"

http://www.dhammadownload.com


“တပည့်တော်နှင့်ပတ်သက်သော ဒကာ၊ဒကာမများဟာ တပည့်တော် ထက် သာသနာတော်ကို၊ သံဃာတော်ကို ကြည်ညိုတတ်ဖို့ လှူတတ်ဖို့ ဟောပြောနေရတာပါ၊ ကြည်ညိုတတ်စေချင် လှူတတ်စေချင်ပါတယ်”

“နောက်ပြီး တပည့်တော်တို့မှာ လှူသူကိုတစ်မျိုး၊ မလှူသူကိုတစ်မျိုး။ နီးသူကိုတစ်မျိုး၊ ဝေးသူကိုတစ်မျိုး။ ကြည်ညိုသူကိုတစ်မျိုး၊ မကြည်ညိုသူကို တစ်မျိုး စသည်ဖြင့် မခွဲခြားပါဘူး၊ အားလုံးအတူတူ တစ်သားတည်းထားပါတယ်။ အစိမ်းအကျက်၊ အရင်းအဖျား မထားဘူး။ အားလုံး အတူတူပဲထားပါတယ်။” ဟုမိန့်တော်မူ၏။

ဆရာတော်၏ သာသနာပြုခရီးတစ်လျှောက်တွင် ကြွရောက်လေရာ နေရာဌာနတိုင်း၌ ဒကာ၊ဒကာမများ ကြည်ညိုမှုများသလို လှူဒါန်းသည့် ဝတ္ထု ပစ္စည်းများလည်း များပြားကုန်၏။ ထိုအပ်စပ်သော သက်နီးစသော လှူဘွယ်များ ကို ဝိနည်းတော်နှင့်အညီ မျှတရုံသာထားပြီး၊ နီးစပ်ရာ ပရိယတ္တိစာသင်တိုက် များသို့ ပို့ဆောင်လှူဒါန်းတော်မူသည်။ သာသနာတော်၏ အခြေမူလ ပရိယတ္တိ သာသနာတော်ကို ချီးမြှောက်တော်မူခြင်းဖြစ်၏။

ဆရာတော်သည် ကြည်ညိုသူများ၍ လှူဘွယ်ဝတ္ထုပေါ်များစေကာမူ သုံးလောက်ရုံ မျှတရုံမျှတစ်ပါး လှူဒါန်းတော်မူ၏။ ဆောင်ထားတော်မူသည့် ဓုတင်အတိုင်း နေတော်မူ၏။ စာရေးသူ၏ မိတ်ဆွေရဟန်းတော် ပြင်သစ်ဘုန်းကြီး တစ်ပါးက ဆရာတော်ထံသွားရောက်ဖူးမြော်ပြီးနောက် ကောက်ချက်တစ်ခုချ၏။ “မဟာဗောဓိမြိုင်ဆရာတော်သည် ဒုက္ခကြိုက်တဲ့ဆရာတော်” ဟုဆို၏။ ဆိုလိုရင်းမှာ ပြည့်စုံပါလျက် မသုံးဆောင်ခြင်း၊ ရှောင့်ရဲခြင်းတို့ကိုဆိုလို၏။

ဆရာတော်သည်ရောက်ရာအရပ်၌ လူကြည်ညိုမှုများ၍ ဆွမ်းလောင်းသူ ပေါ်များပါသော်လည်း ဝိနည်းတော်အရ ဓုတင်ဆောင်အရ ရှောင်ကြဉ်ခဲ့ရသဖြင့် ဆွမ်းမဘုန်းရသောရက်များပင် အရေတွက်နိုင်အောင် ဖြစ်ခဲ့ရ၏။ တစ်ခါတလေ အနီးကပ် ကပ္ပိယတို့၏ ဝိနည်းတော်အရ အပ်စပ်အောင်မလုပ်တတ်၊ မကပ်တတ်၊

http://www.dhammadownload.com


မဆောင်ရွက်တတ်၍ အငတ်ခံ၍ပင် တစ်နေ့လုံး ဟောရ ပြောရ အပင်ပမ်းခံရတာ တွေကလည်း များစွာပင်ရှိခဲ့ရ၏။

ဆရာတော်သည် ရောဂါဝေဒနာ အဘယ်မျှပင် ခံစားနေရစေကာမူ အပြုံးမပျက်ဘဲ အဖူးမြော်ခံခြင်း၊ တရားဟောခြင်း၊ ဩဝါဒပေးခြင်းများပြုလုပ်ပေး တော်မူသည်။ သို့သော်လည်း မရိပ်မိတဲ့ ဒကာများကြောင့် ပို၍ပို၍ ပင်ပန်းတော် မူ၏။

ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ သုဝဏ္ဏသျှံတောင်တွင် သီတင်းသုံးတော် မူစဉ် လားဟူ–လီရှောလူမျိုးတို့ ဗုဒ္ဓဘာသာခံယူပွဲ ကျင်းပပေးခဲ့ရာ နောက်ယှက်မှု တွေ များစွာတွေ့ရစေကာမူ မတုန်မလှုပ်နေတော်မူခဲ့၏။ ဗုဒ္ဓဘာသာခံယူပွဲ ပြီးသောအခါ သုဝဏ္ဏသျှံ တောင်ပေါ်တွင် တစ်ပါးတည်းကျန်ခဲ့ရ၊ သီတင်းသုံးခဲ့ ရသည်မှာ သာသနာ့အာဇာနည်တစ်ပါး ဖြစ်ပါ၏။

ထို့အပြင် ဆရာတော်သည် မြန်မာပြည်အရပ်ရပ်၌ ကြွရောက်တော်မူ လျက် တရားအားထုတ်ခြင်း၊ ဓူတင်ဆောင်ခြင်း၊ တရားဟောကြားပေးခြင်း၊ စာပေရေးသားပေးခြင်း တို့ဖြင့်လည်း သာသနာပြုတော်မူသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားသည် ယခုအခါ မဟာမြိုင်တောအတွင်း ခေါင်နန်းပလ္လင် အလွတ်အကျွတ်ကျောင်းတွင် သီတင်းသုံးနေတော်မူလျက် တောင်ခြေဆွမ်းလောင်းဇရပ်တွင် ဆွမ်းခံတော်မူ၏။ တရားဒေသနာတော်များကို ဟောကြားပေးတော်မူခြင်းဖြင့် သာသနာပြုလျက်ရှိပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရား၏ လူဘဝမှ အလွတ်ရုန်းခဲ့သည်များ တောရဆောက်တည်ခဲ့သည်များ၊ ဓူတင်ဆောင်ခဲ့သည်များ၊ စာပေရေးသားခဲ့ သည်များ၊ သာသနာပြုခဲ့ပုံများ၊ ဘဝဖြစ်စဉ်များကို ကြည်ညိုလေးစားကြသော ရဟန်း၊ ရှင်၊ လူ များက လာရောက်မေးလျှောက်ကြသလို စာပေမှတ်တမ်း ရေးသားပေးဖို့ လျှောက်ခဲ့ကြလေသည်။

၁၃၆၁–ခုနှစ် စာရေးသူ လက်လုပ်တောင်တောရတွင် ဝါဆိုစဉ်က– ''မဟာဗောဓိမြိုင်ဆရာတော်၏အကြောင်း တစေ့တစောင်း'' ဟူသောခေါင်းစဉ်

http://www.dhammadownload.com



ဖြင့် ရေးသားခဲ့ပြီး သာသနာရေး၊ စာပေစိစစ်ရေးတို့မှ ခွင့်ပြုချက်ကျခဲ့ပြီးသော်လည်း အကြောင်းမညီညွတ်၍ စာအုပ်အဖြစ်သို့ မရောက်နိုင်ခဲ့ချေ။

ယခုအခါ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်ဖြင့် သာစည်၊ သာသနာ့ဟိတကာရီအသင်းများ၏ လျှောက်ထားချက်၊ မိမိကလည်း ဆရာတော်ကြီးကို ပူဇော်လိုသောဆန္ဒရှိချက်တို့ကြောင့် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မှတ်တမ်းရေးသားထားသော **"ဘဝကန္တာရ သင်္ကေတကထာ"** ဘဝခရီးကြမ်းမှ မှတ်တမ်းစာအုပ် မထုတ်သေးမီ **"သာသနာပြုမဟာခရီးသည်"** ဟူသောအမည်ဖြင့် ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်အကျဉ်းနှင့် သာသနာပြုခဲ့သည်များကို ရေးသားလိုက်ရတော့၏။

နောက်မကြာမီတွင်လည်း "ဘဝကန္တာရ သင်္ကေတကထာ" ကျမ်း ဆက်လက်ထွက်ပါမည်။

ဗုဒ္ဓေါရသ

http://www.dhammadownload.com


# ဇာတိဌာန မိနှင့်ဖ

ဆရာတော်လောင်းလျာသည် မြန်မာပြည်အထက်ပိုင်း၊ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ သောက္ကံကျေးရွာအုပ်စု အပါအဝင် မင်းကုန်း ကျေးရွာတွင်နေထိုင်ကြပါသော–

ခမည်းတော် – ဦးဘစံ

မယ်တော် – ဒေါ်မေ

မိဘနှစ်ပါးတို့မှ ပဥ္စမမြောက် ထွန်းတောက်ပေရာ သားရတနာကို ဖွားမြင်လာသည့် အတိဇာတ သားလှရတနာဖြစ်သည်။

# မွေးခုနှစ်၊ သက္ကရာဇ်

ဆရာတော်လောင်းလျာ မွေးဖွားရာ ခုနှစ်၊ သက္ကရာဇ်ကား–

သာသနာတော်နှစ် ၂၄၇၅–ခုနှစ်မြောက်၊

ကောဇာသက္ကရာဇ် ၁၃၀၃–ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညဦး(၁)နာရီ၊ တနင်္လာမှအကူး အင်္ဂါအဦး အချိန်တွင် ဖွားမြင်လာခဲ့ရသည်။ နာမည်မှည့်သည့် အခါတွင် မောင်ညိမ်းမောင် ဟု မိဘများက မှည့်ခေါ်ခဲ့သည်။

နှစ်အားဖြင့် တစ်ထောင့်သုံးရာပြည့်မှ သုံးခုစွန်းသည်။

ရက်အားဖြင့်လည်း လပြည့်ကျော်လွန်စ အစွန်းထွက်သည်။

နေ့အားဖြင့်လည်း တနင်္လာမှကျော်လွန်စ အစွန်းထွက်ချိန်ဖြစ်သည်။

ဒေသအားဖြင့်လည်း အညာခေါ် အထက်အရပ် ရွှေဘိုနယ် ဖြစ်သည်။

ငါတို့အတွက်အတိတ်နိမိတ်ကား အစွန်းထွက်သမားဖြစ်၏။ ဘာဘဲလုပ်လုပ် တဇွတ်ထိုးစိတ်ဖြင့် အစွန်းထွက်အောင် လုပ်ဆောင်တတ်သူ။ ဘယ်သူ ဘာဘဲပြောပြော သဘောမကျသမျှ တစ်ပြားသားမျှ မလိုက်လျောတတ်သူ ဟု ဆရာတော်ကိုယ်တိုင်ဆိုခဲ့၏။ (ဘဝကန္တာရမှ)

http://www.dhammadownload.com



## မေးချင်းများ

ခမည်းတော်ဦးဘစံ၊ မယ်တော်ဒေါ်မေတို့မှ သားသမီးငါးယောက်ထွန်းကား ခဲ့ကုန်၏။ ထိုအထဲတွင် ဆရာတော်လောင်းလျာကား အငယ်ဆုံး သားရတနာ ဖြစ်သည်။

၁။ ဦးအောင်ခ
၂။ ဦးသန်းမောင်
၃။ ဒေါ်စန်းကြည်
၄။ ဦးသန်းအောင်
၅။ ဦးငြိမ်းမောင် (ဦးညိမ်းမောင်) တို့ဖြစ်ကြသည်။

## အရိုးအိုးထမ်း၍ ဝန်းဝင်လာသည်

ဆရာတော်လောင်းလျာကို ပဋိသန္ဓေတည်သည့်ညက မယ်တော်ကြီး ဒေါ်မေ အိပ်မက်မြင်မက်ခဲ့သည်။

ပိတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော သူတော်ကြီးတစ်ယောက် အိမ်သို့ ရောက်လာပြီး သူထမ်းယူလာသောအရိုးအိုး (ဘုန်းကြီးပျံပွဲတွင် မီးသင်္ဂြိုဟ်ပြီး လက်ကျန်အရိုးများ ထည့်ထားသည့်အိုး)ကို လာရောက်ပေးအပ်ရာ မယ်တော် ကြီးဒေါ်မေသည် ဘုမသိဘမသိရာမှပင် 'ဟုတ်ကဲ့-ဟုတ်ကဲ့' ဆိုကာ အမြတ်တနိုး ယူထားလိုက်မိ၏။ ထိုအိပ်မက်ကား ဆရာတော် လောင်းလျာကို ပဋိသန္ဓေတည်ချိန် ဖြစ်လေတော့၏။

## အတိတ်ကအရိပ်(သို့မဟုတ်)ဥပါဒါနပစ္စယာဘဝေါ

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ တဏှာအရင်းခံ အစွဲဥပါဒါန်ကြောင့် ဘဝဖြစ်ရသည်။ အကြောင်းကံတရားတို့ကြောင့် အကျိုးခန္ဓာဘဝရသည် အစွဲ

http://www.dhammadownload.com


မကောင်းလေသမျှ ဘဝဟူသော ခယောင်းလမ်းကျဉ်းသို့ လျှောက်နေရပေမည်။ အစွဲနှင့်ဘဝ၊ ဘဝနှင့်အစွဲတို့ကား တစ်လမ်းတည်း၊ တစ်ခရီးတည်းသာတည်း။

ဒေါ်မေတစ်ယောက် အဝတ်ဖြူစင် သူတော်ကြီးတစ်ယောက်ပေးခဲ့သည့် အရိုးအိုးကို အမြတ်တနိုး လက်ခံယူခဲ့သည်မှာလည်း အစွဲမကင်းသေးသော ဆရာတော်လောင်းလျာဘဝလေးကို ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

ဆရာတော်လောင်းလျာသည် အတိတ်ဘဝက ရဟန်းဖြစ်ခဲ့ရပြီး ပျံလွန်တော်မူသောအခါတွင် အစွဲဥပါဒါန်ကြောင့် ဦးဘစံ+ဒေါ်မေတို့၏ သားဖြစ်ခဲ့ရ၏။ ယင်းတို့ကား ဒေါ်မေ၏ပြောပြချက်နှင့်ဆရာတော်လောင်းလျာ ကလေးဘဝပြောတတ်ခါစတွင် ပြန်ပြောပြချက်များက အတိတ်နှင့်ပစ္စုပ္ပန် စွဲချက်သန်ပုံဥပါဒါန်များ ထင်ရှားလေတော့၏။

## အတိတ်ဘဝ

ဆရာတော်လောင်းလျာသည် အတိတ်ဘဝကလည်း ဤ မင်းကုန်းရွာ၌ပင် လူဘဝကိုရောက်ခဲ့ရလေသည်။ အတိတ်ဘဝရဲ့ မိဘ ညီအကိုမောင်နှမများမှာ-

ကန့်ဘလူမြို့နယ်၊ မင်းကုန်းကျေးရွာနေ-ဦးဖိုးရှိန်+ဒေါ်ဖက်ဖူး တို့တွင် သားသမီး ၅ယောက် ထွန်းကားခဲ့သည်။

၁။ ဦးချမ်းငြိမ်း

၂။ ဒေါ်သိန်းခင်

၃။ ဦးဘစံ

၄။ ဦးဘမောင်

၅။ ဦးဉာဏ်ကျော် တို့ဖြစ်ကြသည်။

ထို၅ယောက်တို့တွင် အငယ်ဆုံး မောင်ဉာဏ်ကျော်သည်၊ အချိန်တန်အရွယ်ရောက်လေလျှင် ရှင်သာမဏေဝတ်ခဲ့သည်။ အသက်နှစ်ဆယ်ပြည့်သောအခါတွင် ရဟန်းအဖြစ်သို့ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ- အရှင်ဥေယျဖြစ်သည်။

http://www.dhammadownload.com


ရှင်ရဟန်းဘဝဖြင့် ပရိယတ္တိစာပေများ သင်ကြားသည့်ကြားမှပင် ပဋိပတ္တိ လုပ်ငန်းစဉ်များလည်း ဆောင်ခဲ့သည်။

အရှင်ဥေယျသည် မင်းကုန်းရွာ တောရကျောင်းတွင် သီတင်းသုံး နေထိုင်နေစဉ် ရဟန်းဝါ တစ်ဝါအရတွင် ကျောက်ရောဂါဖြင့် ပျံလွန်တော်မူခဲ့ ရလေသည်။

အရှင်ဥေယျသည် ကျောက်ရောဂါဖြင့် ပျံလွန်တော်မူရာ၌ ဘဝစုတိ စိတ်ကို ဓမ္မဖြင့်မပိတ်နိုင်ဘဲ ဥပါဒါန်စိတ်ဖြင့် တတိယအကိုကြီးဖြစ်သူ ဦးဘစံကို ချစ်ခင်စွဲလန်းခြင်းကြောင့် ဦးဘစံ+ဒေါ်မေတို့ထံတွင် ပဋိသန္ဓေနေခဲ့ရသည်။

ထို မောင်ညာဏ်ကျော်တဖြစ်လဲ အရှင်ဥေယျသည် ဒေါ်မေထံတွင် ပဋိသန္ဓေ နေခဲ့ရာ ယခု ဆရာတော်လောင်းလျာ ဖြစ်ခဲ့ရသည်။

## အတိတ်ဘဝ

| | |
|---|---|
| ခမည်းတော်၊မယ်တော် | - ဦးဖိုးရှိန် + ဒေါ်ဖက်ဖူး |
| လူနာမည် | - မောင်ညာဏ်ကျော် (အငယ်ဆုံးသား) |
| ရဟန်းဘွဲ့ | - အရှင်ဥေယျ |
| ဇာတိရွာ | - မင်းကုန်းရွာ၊ ဖြစ်ကြ၏။ |

## ယခုပစ္စုပ္ပန်ဘဝ

| | |
|---|---|
| ခမည်းတော်၊မယ်တော် | - ဦးဘစံ + ဒေါ်မေ |
| လူနာမည် | - မောင်ညိမ်းမောင် |
| ရဟန်းဘွဲ့ | - အရှင်ဥေယျဓမ္မသာမိ |
| ဇာတိရွာ | - မင်းကုန်းရွာ၊ ဖြစ်ကြ၏။ |

http://www.dhammadownload.com


## ဆရာ

အတိတ်ဘဝ မောင်ဉာဏ်ကျော်ဘဝ အရှင်ဥေယျာဘဝတုန်းကလည်း မင်းကုန်းတောရကျောင်းဆရာတော် ဦးသုနန္ဒသည် ဆရာဖြစ်ခဲ့ရ၏။

ယခု ပစ္စုပ္ပန်ဘဝ မောင်ညိမ်းမောင်ဘဝ အရှင်ဥေယျမွေသာမိဘဝ ရောက်ပြန်တော့လည်း မင်းကုန်းတောရကျောင်းဆရာတော် ဦးသုနန္ဒ သည်ပင် ဆရာဖြစ်ခဲ့ရပြန်သည်။

ထိုသို့ ဘဝနှစ်ခုဆက်စပ်၍ ဆရာဖြစ်တော်မူသော မင်းကုန်းတောရ ကျောင်းဆရာတော် ဦးသုနန္ဒကိုကား ကြောက်–ချစ်–ရိုသေ လေးစားခဲ့ရလေ သည်။ ဆရာတော်ကြီးကား ဝိနည်းတော်နှင့်အညီ နေထိုင်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာကလေးကို မိဘများက 'မောင်ညိမ်းမောင်' ဟု အမည်နာမပေးကြ၏။

–သားကလေးမျက်နှာမြင်ရ၍ မိဘတို့ငြိမ်းချမ်းခြင်း၊

–သားကလေးကိုယ်တိုင် ငြိမ်းချမ်းစေလိုခြင်း၊

–ပစ္စုပ္ပန်၊ တမလွန် ဘဝတွေ ငြိမ်းချမ်းစေလိုခြင်း တို့ကြောင့်–

'မောင်ညိမ်းမောင်' ဟု အမည်ပေးကြခြင်းဖြစ်၏။

## ငြိမ်းစကား ဟန်ဘိုးများ

ကိသာဂေါတမီသည် ဘုရားအလောင်းသိဒ္ဓတ္ထကို မြင်ရာ၌–

ဤလိုသားမျိုး၏မိခင်ဖြစ်ရတာ ငြိမ်းချမ်းလေစွ၊ဤလိုသားမျိုး၏ဖခင် ဖြစ်ရတာ ငြိမ်းချမ်းလေစွ၊ ဤလိုယောကျ်ားမြတ်၏ ဇနီးဖြစ်ရတာ ငြိမ်းချမ်းလေစွ ဟု ချစ်ပရိယာယ်စကား ပြောကြားမိခဲ့၏။

ဘုရားအလောင်းသည် "နိဗ္ဗုတ" ငြိမ်းချမ်းလေစွ စကားကိုကြားလိုက် ရသည်နှင့် သတိသံဝေဂ ရတော်မူကာ ကိလေသာငြိမ်းရာ "နိဗ္ဗုတ" ယနေ့ပင် လျှင် ရှာကြံတော့မည်ဟုဆုံးဖြတ်ချက်ချကာ "နိဗ္ဗုတ" ငြိမ်းချမ်းလေစွ ဟု

http://www.dhammadownload.com


လူငယ်စကားပြောကြားသော ကိသာဂေါတမီအား အဖိုးတစ်သိန်းတန်တဲ့ ပုလဲသွယ်ကို လက်ဆောင်ပေးခဲ့၏။

အံ့ပုန်းချစ်သူ၊ တိတ်တခိုးချစ်သူ လှပျိုဖြူမကလေး ကိသာဂေါတမီ မင်းသမီးလေး၏ ချစ်တင်းဆိုရာ "နိဗ္ဗုတ"စကားသံသည် အငြိမ်းဓာတ်ရှာမှီး လိုသော သိဒ္ဓတ္ထအဖို့ အဖိုးတစ်သိန်းမက တန်ဘိုးအနန္တ များစွာထိုက်တန်ခဲ့ ရပေသည်။ ထိုနေ့မှာပင် တောထွက်တော်မူ၍ ဘုရားဖြစ်သည်အထိ သတ္တဝါတွေ အငြိမ်းဓာတ်ရသည်အထိ ယနေ့အထိ တန်ဘိုးကြီးမား များပြားခဲ့ရလေသည်။

## နာမည်မောင်ညိမ်း မီးကိန်းက ခခဲ့ရ

မိဘများက မောင်ညိမ်းမောင်ဟု အမည်ပေးခဲ့ပါသော်လည်း မီးမငြိမ်းခင် မှာတော့ မီးတောက်ကစခဲ့ရသည်။ မွေးဖွားပြီး(၆)လသားအရွယ်မှာပင် မိခင် ဒေါ်မေနှင့်အတူ ရွှေဘိုအကျဉ်းထောင်မှာပင် အကျဉ်းစံဘဝ ရောက်ခဲ့ရ၏။

ဖခင်ဖြစ်သူ ဦးဘစံသည် မျိုးချစ်စိတ်ပြင်းထန်၊ အင်္ဂလိပ်တို့၏ ကျူးကျော်တဲ့ ရန်ကို တော်လှန်အာခံခဲ့သူဖြစ်၍ လက်နက်ကိုင်စွဲ တိုက်ပွဲဝင်သူ ဖြစ်ခဲ့ရ၏။ ဦးဘစံကို ဖမ်းဝရမ်းထုတ်၍ဖမ်းမရသဖြင့် ဇနီးဖြစ်သူ ဒေါ်မေကို ဖမ်း၍ ရွှေဘိုထောင်သို့ အကျဉ်းချခဲ့၏။ မောင်ညိမ်းမောင်လေးလည်း ခြောက်လ သား ဘဝကပင် မိခင်နှင့်အတူ အကျဉ်းခံခဲ့ရသည်။

ဂျပန်တပ်များက လေယာဉ်ဖြင့် ရွှေဘိုမြို့ကို ဗုံးကျဲချလေတိုင်း ထောင်ကျသားတို့ ထောင်ဘေးနားကိုသွား၍ ဗုံးခိုကြရသည်။ ဗုံးကျဲလေယာဉ်သံ အချက်ပေးသံ ကြားရသည်တိုင်း အချုပ်ထောင်ကြီး၏ အပေါ်ထပ်မှ သားငယ်ကို ပွေ့ချီလျက် ဒေါ်မေတစ်ယောက် ပြေးဆင်းခဲ့ရ၏။ တစ်နေ့မှာတော့ သားငယ်ကို အပြေးအလွှားချီပွေ့လျက် ပြေးဆင်းလာရာ အင်္ဂလိပ်ထောင်ပိုင်ကြီးက ကားဘေးမှာ ခါးထောက်ရပ်နေရာ ကလေးဦးခေါင်းနှင့် ထောင်ပိုင်ကြီး၏ တတောင် တိုက်မိ

http://www.dhammadownload.com



လေတော့၏။ ထိုအခါ ထောင်ပိုင်အင်္ဂလိပ်ကြီး ကွိ–ကွ–အီးအား နဲ့ နာလွန်းလို့ စုပ်ထိုး၍ကျန်ရစ်တော့၏။ ကလေး၏ဦးခေါင်းလည်း ကွမ်းသီးလုံးတမျှ ခံစားသွားရတော့၏။ အငိုကားမရပ်တော့ပြီ။

ဒေါ်မေသည် အငိုမတိတ်တဲ့သား၊ ဖုံးဆံတို့ကြား မှာ ဗျာများနေတော့၏။ သားကလေးဖုံးဆံမမှန်ရေး မိမိခန္ဓာကိုယ်ဖြင့်ကာရံပေးမည် ဟူသောအတွေးဖြင့် သရက်ပင်ကြီးအနီး ထိုင်ခုံအောက်မှာ လေးဘက်ထောက်ဝပ်လျက်က သားကလေးကို ကာရံမိုးပေးထားလေတော့၏။ မိခင်ရဲ့မေတ္တာ ဖေါ်ကျူးနေရှာ၏။

ဒီဖြစ်စဉ်ကိုသိမြင်သော အင်္ဂလိပ်ထောင်ပိုင်ကြီးဟာ ကရုဏာဝင်၍ သားသည်မိခင်အားလုံးတို့ကို အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့၏။ နောက်နောင်လည်း သားသည်မိခင်များကိုမဖမ်းရ ဟုအမိန့်ထုတ်လေတော့၏။ **အမေ့မေတ္တာနှင့် ရှေးကပြုဖူး ကုသိုလ်အထူး** ကြောင့် သားသည်မိခင်များ လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့၏။

http://www.dhammadownload.com



# အသက်သေရတဲ့ အမေ

လောကအတွင်း စစ်တလင်းဝယ်
ထောင်ကျွန်းကျွံ တိုက်ပွဲသံလျက်
ဗုံးသံမဆိတ် ပစ်ကွင်းထိပ်ဝယ်
မတိတ်အငို နာကျင်ပို၍
စိတ်လိုမကျ မေ့သားလှကို
ဒုက္ခလွန်ကာ သက်ရှည်ကြာဖို့
မြေမှာခြေလက် ထောက်လျက်နေ၍
အမေကာရံ ဗုံးသံမထိ
မရှိရန်ဘေး မေတ္တာလွှေး၍
သက်ပေးလျှာရဲ အမေ့သည်းသည်
မကွဲမကွာ မှန်သစ္စာဖြင့်
ကမ္ဘာလည်းဆက် ၁၀ သက်ဖို့
မပျက်မေတ္တာ နှိုင်းမဲ့စွာတည်း။

ဗုဒ္ဓေါရသ

http://www.dhammadownload.com


ရွှေဘိုအကျဉ်းစံဘ၀ ဂျပန်တို့၏ ဗုံးဆံကြားမှ အင်္ဂလိပ်ထောင်ပိုင်ကြီး၏ မေတ္တာဂရုဏာကြောင့် အကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့ရပါသော ဒေါ်မေတို့သားအမိ အိမ်ရှိရာမင်းကုန်းရွာသို့ ပြန်လာခဲ့ကြ၏။ မင်းကုန်းရွာသို့ရောက်သည့်အခါတွင် ဦးဘစံသည် လူ့ဘ၀ကြီးမှ အပြီးထွက်ခွါသွားရလေပြီ။ အင်္ဂလိပ်လက်အောက်ခံအုပ်စု လူကြီးတို့၏ လုပ်ကြံမှုအောက်မှာ အသက်ပျောက်ခဲ့ရခြင်း ဖြစ်လေသည်။

ဘခင်ဦးဘစံ ကွယ်လွန်ပြီးနောက် မကြာမီနှစ်မှာပင် စတုတ္ထမြောက်သား မောင်အောင်သန်း (၇)နှစ်သားလည်း ကွယ်လွန်သွားရပြန်သည်။

ဒေါ်မေသည် တစ်ဦးတည်းသမီးမို့ အခြေကြီးခဲ့ပေမယ့် သောကမီးက ဖိစီးလောင်မြိုက်ခဲ့ရာလင်သေ၊ သားဆုံး သားသမီးတွေနဲ့ပွေလုံးရိုက်ခဲ့ရလေသည်။ သူမသည် နှုတ်သူတို့သဘာ၀ 'တစ်ပင်လဲလျှင် တစ်ပင်ထူ' ဆိုတဲ့ဘ၀ကို ရှံမှုန်းနေသူဖြစ်၏။ သားသမီးတို့ကိုပထွေးလက်အပ်၍ မျက်နှာငယ်ရမည့်အရေးတွေးမိလေသောကြောင့်။

သားသမီးတို့ လူအလယ်မျက်နှာမငယ်ဖို့ အရွယ်နှုပျိုလှ မုဆိုးမဘ၀ဖြင့် ရုန်းကန်လုပ်ကျွေးရပါသော်လည်း လုပ်သူတစ်ယောက် စားသူလေးယောက် ဖြစ်လေတော့ နှစ်ကြာလာသောအခါမှု နှစ်ဆောင်ပြိုင်အိမ်က တစ်ဆောင်ပြုတ်၊ ကိုယ်ပိုင်လယ်များရောင်းရ၊ အပ်နှံခံလယ်က ပြန်ပေးရဖြင့် လယ်ယာမြေမဲ့ဘ၀သို့ ရောက်သွားခဲ့ရသည်။ ဒေါ်မေသည် မတတ်သာတဲ့အဆုံး ဈေးတောင်းခေါင်းရွက် တစ်ရွာဝင်တစ်ရွာထွက် ဈေးရောင်းလျက်က သားသမီးတို့ကိုလုပ်ကျွေးခဲ့ရသည်။

ထိုသို့ပင် ပင်ပန်းကြီးစွာ ရုန်းကန်လုပ်ကျွေး မွေးမြူနေရစေကာမူ သားသမီးတို့ကို ပထွေးလက်ကိုမအပ်ခြင်း၊ လောကအလယ်တင့်တယ်ဘို့ ကျောင်းထားမပျက်ခြင်း၊ လမ်းကောင်းလမ်းမှန်သို့တွန်းပို့နိုင်ခြင်း တို့ကား မိခင်ကောင်း တစ်ယောက်ရဲ့ ဂုဏ်ရည်တွေသာဖြစ်ပါသည်။

ဆရာတော်လောင်းလျာ မောင်ညိမ်းမောင်ကလေးသည် ငယ်သော်လည်း အိမ်နှင့်အိမ်တွင်းနေရသည်ကိုပင် မနှစ်ခြိုက်၊မပျော်ပိုက်၊ အိမ်မှ အခြားအိမ်၊

http://www.dhammadownload.com


အဖွားအိမ်နှင့် ရွာတွင်းများသို့ ခြေဆန့်ကာ နယ်မြေနှင့် လူသားတို့ လှုပ်ရှားသွားလာနေသော လောကကြီးကို စူးစမ်းလာတော့၏။ မိမိနေအိမ်နှင့်အဖွားအိမ်တို့၌ကားအားလုံးရှိသမျှပစ္စည်း လှန်ပြန်ကြည့်ရှု လေ့လာနေတော့၏။

ဆရာတော်လောင်းလျာကား အဘွားချစ်၊ အမေချစ်ဘဝဖြင့်အခွင့်ရေးအပြည့်ရ မွှေချင်တိုင်းမွှေ၊ ကြည့်ချင်တိုင်းကြည့်၊ လေ့လာချင်တိုင်းလေ့လာတော့၏။

## ဆရာထံ အပ်နှံခြင်း

ဒေါ်မေသည် အချစ်ဆုံး၊ အငယ်ဆုံး၊ အခွင့်ရေးအပေးဆုံး ဗတာဆိုးသားကလေး၏ ဘဝရှေ့ရေး ရှုမျှော်တွေးကာ အကျင့်စာရိတ္တကောင်းရေး၊ ပညာတတ်မြောက်ရေး၊ ယဉ်ကျေးလိမ်မာရေးတို့အတွက် မျှော်တွေးလျက်ပင် (၇)နှစ်သားအရွယ် ၁၃၁၀–ခုနှစ်တွင် မင်းကုန်းရွာ တောရကျောင်းဆရာတော်ဦးသုနန္ဒထံတွင် အပ်နှံ၍ စာပေများသင်ကြားစေပါတော့သည်။ အကိုကြီးများဖြစ်သော မောင်သန်းမောင်တို့နှင့်အတူ ကျောင်းတက်ခဲ့ရသည်။

မင်းကုန်းတောရကျောင်းဆရာတော် ဦးသုနန္ဒထံတွင် ပညာရင်နို့သောက်စို့ဖို့ရောက်ခဲ့ရသော မောင်ညိမ်းမောင်ကလေးသည် ရွာထဲမှာ ဆော့သလောက် ဆရာတော်၏ရှေ့မှောက်ရောက်တော့ ကြောက်နေလေတော့၏။ ဆရာတော်၏မျက်နှာကိုပင် မကြည့်ရဲလောက်အောင် ဖြစ်ခဲ့ရ၏။

ဆရာတော် ဦးသုနန္ဒကား အတိတ်ဘဝ မောင်ဉာဏ်ကျော်ဘဝနှင့် အရှင်ဥေယျာဘဝတုန်းက ပထမဆရာဖြစ်ခဲ့၍ ယခုမောင်ညိမ်းမောင်ကလေးဘဝမှာ နဖူးတွေ့ ဒူးတွေ့၊ ဒုတိယမ္ဘိတွေ့လေရာ အရင်ဘဝက ကြောက်စိတ်၊ ရိုသေလေးစားစိတ်တွေ နိုးထလာလေတော့၏။ မဝေးသောဘဝနှစ်ခုမှာ ဆရာတော် တစ်ဦးတည်းဖြစ်ခဲ့၍ မြင်မြင်ခြင်းကြောက်စိတ်ဝင်နေခြင်းသာဖြစ်၏။

http://www.dhammadownload.com


## မုန့်စားရတိုင်း မဆိုင်းမတွ ပြောပြ၏

မောင်ညိမ်းမောင်ကလေးသည် တောရကျောင်းသို့ရောက်လေတိုင်း အတိတ်ဘဝ အရှင်ဥေယျာဘဝဖြစ်စဉ်များကို ပြန်ပြောလေ့ရှိ၏။ မိခင်ကျောင်းသွားရာတွင် ကလေးငယ်ကိုခေါ်သွားရာများ၌လည်း ဆရာဘုန်းကြီးတွေ့လေတိုင်း ငိုခဲ့ရသည်။

ရှေးဘဝ အရှင်ဥေယျာတုန်းက သုံးစွဲခဲ့သော ကွမ်းအစ်ကိုလည်း ယူပြပေးနိုင်၏။ ကိုယ်တိုင်ဝတ်ခဲ့သော ဖျင်သင်္ကန်းကေသီကိုကား ကိုရင်ကြီး ကိုရင်ပြားက ဝတ်ရုံထားသည်ကိုပင် သင်္ကန်းကိုလက်နဲ့ဆွဲကာ 'ငါ့သင်္ကန်း၊ ငါ့သင်္ကန်း ပေး–ပေး' ဟု အတင်းပြန်တောင်းနေလေ၏။

မောင်ညိမ်းမောင်လေး ကျောင်းရောက်လေတိုင်း ကိုရင်ကြီး ကိုပြားက ချော့မော့ခေါ်ကာ မုန့်ကျွေးပြီး အတိတ်ဘဝဇာတ်ကြောင်း ဘဝဟောင်းက ဖြစ်ရပ်များကို မေးလေ၏။

မောင်ညိမ်းမောင်လေးသည် မုန့်စားရလေတိုင်း၊ မေးလေတိုင်း မဆိုင်းမတွ အတိတ်ဘဝဟောင်းက မောင်ဉာဏ်ကျော်ဘဝ၊ အရှင်ဥေယျာဘဝ ဖြစ်စဉ်များကို ပြန်ပြောပြလေတော့၏။ အတိတ်ဘဝက ညဉ့်၊ စရိုက်တွေ၊ သတ္တိတွေကလည်း သည်ဘဝတွင်ပြနေတော့၏။

## မင်းကုန်းဆရာတော်

မင်းကုန်းတောရကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒသည်ကား စာပေပိဋကပရိယတ္တိဗဟုသုတနှင့်လည်း ပြည့်စုံ၏။ အကျင့်ကောင်း၏။ တိကျပြတ်သား၏။

- ပါတိမောက္ခသံဝရသီလ–ဝိနည်းတော်ပညတ်ချက်အားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်း။
- ဣန္ဒြိယသံဝရသီလ– မျက်စိ၊နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို (အကုသိုလ်မဖြစ်အောင်)စောင့်စည်းခြင်း။

http://www.dhammadownload.com


- အာဇီဝပါရိသုဒ္ဓိသီလ–အသက်မွေးမှု၊ ဝမ်းကျောင်းမှုကိုဝိနည်းတော်နှင့် လျော်ညီစွာ စောင့်စည်းထိန်းသိမ်းခြင်း၊ စင်ကြယ်ခြင်း။
- ပစ္စယသန္နိဿိတသီလ–ပစ္စည်းလေးပါးတို့ကို ဆိုင်ရာအချိန်ပိုင်း(ဝိနည်းတော်အဆုံးအဖြတ်တိုင်း) လိုက်နာကျင့်သုံးခြင်း။

ဤဂုဏ်တို့ကြောင့် ဆရာတော်ဦးသုနန္ဒသည် မိမိနယ်တစ်ပိုင်မျှသာ မကဘဲ ကန့်ဘလူ၊ ဇီးကုန်း၊ ရွှေဘို၊ စစ်ကိုင်းဟူသော မြို့နယ်၊ခရိုင်၊ တိုင်းတို့ထိအောင် ဂုဏ်သတင်း ပျံ့နှံ့ကျော်ကြားတော်မူ၏။ သံဃာကိစ္စ ဝိနည်းတော်ကံအရဆုံးဖြတ်ရမည့်ကိစ္စ ပေါ်လာလေတိုင်း ဆရာတော်ဦးသုနန္ဒကို လွှဲအပ်တော်မူကြ၏။ ဆရာတော်၏ဆုံးဖြတ်ချက်ကို ကျေနပ်တော်မူကြ၏။ ဆရာတော်ဦးသုနန္ဒကား တိုင်းသိပြည်ကျော် ဝိနည်းလေးစားတော်မူသော ဆရာတော်ဖြစ်ပေသည်။

ဆရာတော်လောင်းလျာ မောင်ညိမ်းမောင်ကလေးသည် မင်းကုန်းတောရ ဆရာတော်ထံတွင်“နမော ဗုဒ္ဓါယ သိဒ္ဓံ”စ၍ မြန်မာသင်ပုန်းကြီးများကို သင်ကြားပေးရာ ဉာဏ်ကောင်းခြင်း၊ ပါရမီကံကောင်းခြင်းတို့ကြောင့် မကြာမီမှာပင် အားလုံးနှုတ်တက်အာကုန် ရလေတော့၏။

ဆရာတော်လောင်းလျာသည် ဉာဏ်ကောင်းခြင်း၊ အကင်းပါးခြင်း၊ သဘောဉာဏ်ပါခြင်းတို့နှင့် အတိတ်ဘဝက သင်ခဲ့ဖူးသောစာပေများဖြစ်၍ ရှေ့သို့ ရှေ့သို့ တက်၍ တက်၍ သင်ကြားပေးခဲ့ရာ တစ်နှစ်အတွင်းမှာပင် အလယ်တန်းဖတ်စာ ပမာဏတို့ကို သင်ယူတတ်မြောက်ခဲ့၏။ ဘုရားရှိခိုးစာပေများ၊ ဆုံးမစာများ၊ တိုတိုထွာထွာစာပေများကိုလည်း အလွတ်ကျက်မှတ် တတ်မြောက်ခဲ့သည်။

ထို့အပြင် လူများအကြားဝယ် စကားပြောရည်မွန်ခြင်း၊ မှတ်သားစရာပြောဟောနိုင်ခြင်း၊ အများတကာအတုယူနိုင်ခြင်း၊ သဒ္ဓါတိုးစေခြင်း စသည်ဖြင့် ရည်ရွယ်လျက် ဇာတ်တော်များကို ပါဠိ–အနက်အဓိပ္ပါယ်ထွက်ဆိုချက်တွေနှင့် တန်ဆာဆင်လျက် ဆရာတော်ကြီးမှ ပို့ချပေးတော်မူခဲ့သည်။

ပရိတ်ကြီးပါဠိတော် မေတ္တာသုတ် အစလာသော“ယဿာနုဘာဝတော” စသော ဂါထာကို ရှေ့မှာချပေးပြီး မသင်ရသေးမီ ဆရာတော်ကြီးက

http://www.dhammadownload.com


အဆိုခိုင်းလေရာ ပုဒ်ဖြတ်၊ ပုဒ်စပ် တို့ပါမကျန် မှန်ကန်စွာ ရွတ်ဆိုဖတ်ပြနိုင်သဖြင့် ဆရာတော်ကြီး သဘောကျသွား၏။နောက်ရက်တွင် ဇာတ်တော်ကြီးဆယ်ဖွဲ့ထဲမှ အခက်ဆုံး၊ ပါဠိ-ပါဌ်ဆင့်အများဆုံး၊ အနက်အဖွင့်အခက်ဆုံးဖြစ်သော "ဝေဿန္တရာ" ဇာတ်တော်ကြီးကို ပို့ချပေးရင်းပင် အထက်တန်းစာဝါများကို ပို့ချပေးတော်မူ၏။

## အာဂန္တုအနက် ခပ်သွက်သွက်

ဆရာတော်လောင်းလျာသည် အထက်တန်းစာပေများ မတက်ရမသင်ရသေးမီ တစ်နေ့မှာ အကိုကြီး ကိုရင်သာသန(ဦးသန်းမောင်)ထံတွင် သင်ပုန်းကြီးစာများ ဖတ်ပြနေစဉ်မှာ ကျောင်းသားကြီးဇော်ဂျီ(အမည်ရင်း ကျော်လွင်)သည် ဇာတ်တော်ထဲတွင် မကြာခဏတွေ့လေ့ရှိသော အာဂန္တွာ-ပုဒ်ကို နိဿယများ၌ အနက်ရှည်မည်စိုး၍ အာဂန္တွာ၍ ဟူ၍ အနက်မြှုပ်ထားလေရာ အနက်မပေးနိုင်သဖြင့် ကိုရင်သာသနထံ လာရောက်မေး၏။

ထိုအခါ ကိုရင်ကြီးသာသန၏အနီးတွင်ရှိသော မောင်ညိမ်းမောင်ကလေးသည် ကျောင်းသားကြီးဇော်ဂျီ လာရောက်မေးနေသော "အာဂန္တွာပုဒ်က အနက်ဘယ်လိုပေးရပါမလဲကိုရင်" ဟု မေးသံကြားရာတွင် "အာဂန္တွာ-လာလတ်၍ ပါခင်ဗျား" ဟု ကိုရင်ကြီးမဖြေမီ ဝင်ရောက်ဖြေဆိုပေးလိုက်ရာ အားလုံးက အံ့အားသင့်သွားကြချေ၏။

ဆရာတော်လောင်းလျာသည် သင်ပုန်းကြီးသင်စဉ်ကပင် ထိုကဲ့သို့ ပါဠိစာပေနှင့် ရင်းနှီးပြီးသားဖြစ်ခဲ့ရခြင်း၊ အတိတ်ဘဝက ပါရမီအထုံပါလာရခြင်းတို့ကြောင့်ပင် 'ဝေဿန္တရာဇာတ်တော်ကြီး'ကို အခက်အခဲမရှိ သင်ယူနိုင်ခဲ့၏။ ဇာတ်တော်များကိုလည်း စိတ်ဝင်စားခဲ့သည်။

ဆရာဘုန်းတော်ကြီးသည်လည်း မောင်ညိမ်းမောင်လေးအတွက် နောင်သာသနာမျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ ဝေသီခဲ့ရလေသည်။

http://www.dhammadownload.com



နောင်တစ်ချိန် စာတတ်ပေတော် အကျင့်တော်သူတစ်ယောက် ထွန်းပေါက်ရန် အတွက် အားဖြည့်ပေးခဲ့လေသည်။

## မင်းကုန်းကျောင်း ဒုတိယဆရာတော်

မင်းကုန်းဆရာတော် ဦးသုနန္ဒသည် ၁၃၁၄–ခုနှစ်တွင် ပျံလွန်တော်မူလေသည်။ ဆရာတော်ပျံလွန်တော်မူပြီးနောက်တွင် ဒုတိယဆရာတော် ဦးအာစာရထံတွင် ပညာဆက်လက်သင်ယူခဲ့ရသည်။

ထို ဒုတိယဆရာတော်သည်လည်း ပထမဆရာတော်ကဲ့သို့ပင် မောင်ညိမ်းမောင်လေးကို ချစ်ခင်၏။ သွားလေရာခေါ်သွား၏။

ဆရာတော်ဦးအာစာရသည် မောင်ညိမ်းမောင်ကလေးကို စာသင်ရာ၌ အရင်ရပြီးသား ပရိတ်ကြီးကို ပြန်လည်ပြီးသင်လေ၏။

ထိုတွင် မေတ္တာသုတ်၏ နိဂုံးဖြစ်သော 'တိဋ္ဌံ စရံ နိသိန္နောဝ' စသော ဂါထာ၏ အနက်မြန်မာပြန်ရောက်သောအခါတွင်ကား သုံးရက်မျှပင် ကြာညောင်းခဲ့ရလေသည်။

- ပထမရက် သွားရောက်ပြီးပြန်ဆိုပြရာ "အေးကွ–အလွန်ကောင်းတဲ့ အဓိပ္ပါယ်တွေကွ၊ ရှေ့မတက်နဲ့ဦး ဒါဘဲဆက်ကျက်ထားဟေ့"။
- ဒုတိယရက် သွားရောက်ပြန်ဆိုပြရာ၌လည်း "ဒါဟာ ရဟန်းတစ်ပါး တကယ်လုပ်ရမဲ့ ကိစ္စဘဲကွ၊ ရှေ့မတက်နဲ့ဦး ဒါကို မိမိရရ ဆက်ကျက်ထားဦး"။
- တတိယရက်မြောက် သွားရောက်ပြန်ဆိုပြန်သောအခါကျမှ ရဟန်းဆိုတာ တစ်ဘဝစံ တစ်လမ်းသွားမျိုးကွ့၊ လူတွေလို အထက်တက်လိုက်၊ အောက်ဆင်းလိုက်မျိုး မဖြစ်ရဘူး နိဗ္ဗာန်တစ်လမ်းထဲ တန်းတန်းသွားရတယ်၊ လူတွေလို တစ်ဘဝမှတစ်ဘဝ ရွှေ့ပြောင်းမနေရဘူး၊ သည်တစ်ဘဝထဲနဲ့ကိစ္စပြီး ဘုရားစကားနားထောင်ပြီးဆောင်ရွက်ရတယ်"။

http://www.dhammadownload.com


"မင်း–အဲဒီဂါထာအဓိပ္ပါယ်အတိုင်း လေ့ကျင့်တတ်ဖို့ ကြိုးစား"ဟူ၍ ဆုံးမပြီးမှ ရှေ့တိုးပြီးစာတက်ခွင့်ရခဲ့တယ်။

အဓိပ္ပါယ်မှာ–

ရပ်လျက်နေနေ သွားလျက်ပဲဖြစ်ဖြစ်၊ ထိုင်လျက်ပဲဖြစ်ဖြစ်၊ လဲလျောင်းလျက်ပဲဖြစ်ဖြစ် အိပ်ပျော်ငိုက်မြည်းခြင်း အထူးကင်းစင်သော ရှုမှတ်မှု သတိမျိုးကို တည်ဆောက်ရမည်။

ဤသို့ က္ကရိယာပုထ်လေးပါး အကြားအလပ်မရှိ တစ်စပ်ထည်းတည်း သတိကိုတည်ဆောက်လျက်က နေနိုင်ခြင်းသည် ရှုံးကြွေးမထပ် အမြတ်ပေါ်သော နေနည်းတည်း။

အဘယ်ကြောင့်ဆိုသော် ထိုသို့သတိမပြတ် စပ်နေသောသူ၌ ဝါဆိုသော ဒိဋ္ဌိ မကပ်သာခြင်း၊ ကိုယ်အကျင့် စင်ကြယ်ခြင်း၊ စိတ်အမြင် မှန်ကန်ခြင်း၊ ကြိုက်စိတ်ကြိုက်စွဲ မကပ်သာခြင်း၊ အမိဝမ်းခေါင်းအောင်းမျိုး မဖြစ်ရတော့ခြင်း များကြောင့်ပင်တည်း.. ဟုမိန့်တော်မူ၏။

ထိုပရိတ်ကြီးပါဠိအနက် ခြောက်လတာမျှ ကြာသည်အထိ သင်ပေးပြီး၍ စာသွားမှန်းသိလာသောအခါတွင် သင်္ဂြိုဟ်– သဒ္ဒါ စသည်များကို ဆက်လက် သင်အံ လေ့ကျက်ပေးလေသည်။

## တစ်နယ်လုံး ဝေဘူသံ ဟိန်းလျံတက်လာခြင်း

ဆရာတော်လောင်းလျာ (၁၃)နှစ်သားအရောက် ၁၃၁၆–ခုနှစ်လောက်တွင် ဝေဘူဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကား တစ်နယ်လုံးပျံ့နှံ့ ကျော်ကြားလာချေ၏။

- ဝေဘူတောင်မှာ ကျင့်နေတာ တင်ပါး ခြများတောင်စားလို့တဲ့၊
- သူ့လက်တော်မှာ စပါးကြီးမြွေ မျိုနေတာတောင် မလှုပ်မယှက်တဲ့၊

စသည့်သတင်းများက လူတိုင်းပါးစပ်ဖျားမှာ ထပ်မနားပြောနေကြသည်။ ဥပုသ်သည်ဇရပ်များ၌ သာ၍ပင်အပြောများကုန်၏။

http://www.dhammadownload.com


ထိုအချိန်တွင် နားမဆံ့အောင် ကြားနေရသော မောင်ညိမ်းမောင်လေး သည် ဝေဘူဆရာတော်လို ကျင့်ချင်စိတ်တွေ တဖွားဖွားပေါ်လာ၏။ ဝေဘူလို ဖြစ်ချင်လာ၏။ ဝေဘူလိုဖြစ်ချင်စိတ်က ဖမ်းစားထားလေတော့၏။

သည်အထဲ မင်းကုန်းရွာနှင့်မနီးမဝေး ရေရှင်ရွာ၌ မောင်နွားဆိုသူသည် တရားကျင့်လျက်ကလမ်းလျှောက်ရာ သူ့နဖူးမှာ အလင်းရောင်တန်းကြီး လက်နှိပ်ဓာတ်မီးဖြင့်ထိုးထားသည့်ပမာ ထွက်နေသတဲ့- ဟူသောသတင်းက လည်း ထွက်လာသေး၏။

ထိုအခါ မောင်ညိမ်းမောင်ကလေးသည် 'ငါလည်းပဲသူတို့လိုကျင့်၊ သူတို့လိုပင်ရမှာပဲ' ဟူသော အားကျစိတ်၊ မျှော်လင့်တမ်းတစိတ်များ တဖွားဖွား ပေါ်လာချေတော့၏။

ထိုသို့ဖြင့် ပထမ ဥပုသ်နေ့တိုင်း ဥပုသ်သည်ဒကာကြီးများနှင့်အတူ မင်းကုန်းကျောင်းသိမ်ထဲဝယ် သွားရောက်၍ တရားမှတ်ကြည့်၏။

မှတ်နည်းလည်းမသိ။ အာရုံမှန်ဖေါ်နည်းလည်းမသိ။

လူကြီးများ မေးကြည့်မိ၏။

မျက်စိမှိတ်ထားရမည်။ နှာသီးဝဆီသို့ လာရောက်တိုက်ခိုက်နေသော ဝင်လေ၊ ထွက်လေတို့ကို မှတ်ချက်ယူရမည်။ သည်မျှသာသိ၏။ ထို့ကြောင့်-

ဝင်သည် - ဘယ်ကများ ဘာများပေါ်လာပါလိမ့်မလဲ...

ထွက်သည် - ဘယ်ကများ ဘယ်လိုလာပြလေမလဲ...

တရားဆိုသည်မှာ တစ်မျိုးထင်မိ၏။ ထိုတစ်မျိုးက-အလုပ်သမား တို့အား အလုပ်ရှင်က လုပ်ခပေးတာမျိုးပမာ လာရောက်ပေးမည်ဟုလည်း အထင်ရှိ၏။ ထို့ကြောင့် မျက်စိမှိတ်လျက်က စိတ်မျက်စိဖြင့် ဟိုဟိုသည်သည် မျှော်ကြည့် ကြည့်လျက်ကသာ ဝင်လျှင်-ဝင်သည်၊ ထွက်လျှင်-ထွက်သည်ဟူ၍ မှတ်နေခဲ့၏။

သို့တစေလည်း 'နို့ဆာသောခလေး နို့လိမ်ကို နို့အမှတ်ဖြင့်စို့နေရသည် ကိုပင် နို့ဝသည်ဟု ထင်မိသလို' ထို မျှော်မှတ်-တစ်မျိုးထင် ကိုပင် ခင်မင်လျက်

http://www.dhammadownload.com


ရှိခဲ့ချေ၏။ ထိုသို့အားထုတ်ရတာကြာလာသော် မောင်ညိမ်းမောင်ကလေး အားမရတော့သဖြင့် နေ့၌စာကျက်၊ ည စာပြန် ပြီးသော်တရားထိုင်လေတော့၏။ ရှစ်ပါးသီလကို စောင့်ထိမ်းလေတော့၏။ ခေါင်းပေါ်ရှိ ဆံရစ် ဆံထုံးများကိုလည်း ရိပ်ပယ်၍ ကတုံးဖြင့်သာနေတော့၏။ ဥပုသ်နေ့(စာမကျက်ရသော) အခါမျိုး၌ ဥပုသ်သည်ဒကာကြီးများနှင့် သိမ်ထဲတွင်ရောနှောပြီး တရားထိုင်ရသည်ကိုပင် ကျဉ်းကြပ်သည်ထင်လာပြီး တစ်ယောက်ထည်းတည်း မင်းကုန်းတောရကျောင်းကြီး၏ အပြင်ဘက်ရှိ တောစပ်သို့သွားရောက်၍ တရားထိုင်လေတော့၏။ ည,ညများ၌လည်း ကျောင်းသား ကိုရင်များနှင့် ရောနှောမအိပ်ဘဲ တစ်ယောက်ထည်းတည်းပင် ကျောင်းကြီးအောက်တွင် တရားရှုမှတ်လျက်က အိပ်တော့၏။

မောင်ညိမ်းမောင်ကလေး၏ အတိတ်ဘဝ စရဏဓာတ်ခံများ နိုးထလာပေတော့၏။

စရဏကား– ကျင့်ဆောင်ခြင်းကိုတာဝန်ယူ၏။

ဝိဇ္ဇာကား– သိမြင်ခြင်းကိုတာဝန်ယူ၏။

စရဏအကျင့်သန်နေပြီး အမြင်မှန်သို့မဆိုက်ရောက်သေးတာလည်း ဝေဘူဆရာတော်လိုဖြစ်ချင်သည် ဟူသော ချဉ်တစ်လုံးက ဝင်ဖုံးထားခြင်းကြောင့် ဖြစ်၏။

ထိုသို့ရှုမှတ်သဖြင့် ယုတ်စွအဆုံး နှာသီးဖျားနှင့်လေတို့၏ တွေ့ထိစပ်ယှက် ပေါင်းဖက်နေကြပုံကိုပင် မမြင်သိခဲ့ချေ။ မျက်စိမှိတ်လျက်က နှာဝ၌ သတိ(မျက်လုံး)မတည့် ဟိုဟိုသည်သည် မျှော်မော့နေသော ငါတို့စိတ်ထားပုံမျိုးကလည်း ကိုယ်တွေ့ ခေါ် မိမိကြည့်နေသောနေရာ၏ ထိုသောသဘာဝကို မြင်သိရန် အလားအလာမရှိ၊ ဆရာဖြစ်သူကား ငယ်သေး၏၊ တရားရှာမှုကိစ္စ လုပ်ဆောင်ရန် အချိန်မဟုတ်သေးဟူ၍ သဘောပိုက်ကာ တရားအားထုတ်ပုံနှင့် ပတ်သက်၍ တစ်ခွန်းတစ်စမျှမဟာခဲ့။ ကျက်မှတ်ရမည့် သဒ္ဒါပိုင်း စာပေပိုင်းကိုသာ ဖိအားပေးတော်မူ၏။ သို့သော်လည်း မောင်ညိမ်းမောင်ကလေးသည် ဖွဲလို့လ မလျှော့ဘဲ ကြိုးစားခဲ့သည်။

http://www.dhammadownload.com


## အမေ့ပါရမီ ဖြည့်ခဲ့ရတစ်ချို

မိခင်ဖြစ်သူဒေါ်မေသည် မင်းကုန်းဆရာတော်၏ ဟောကြားပြသသော နည်းလမ်းဖြင့် တရားအားထုတ်နေလေ၏။ ရှုမှတ်မှုကမ္မဋ္ဌာန်းသည် သမာဓိစခန်း မှသည် ပညာခဏ်းသို့ ကူးဝင်မည့်ဆဲဆဲဖြစ်နေချေပြီ၊ ကျင့်ကြံမှုအပိုင်း၌လည်း စိတ်အားထက်သန်နေ၏။

ရှေ့က တရားကို အားကြိုးမာန်တက် ကြိုးစားလျက်ရှိနေစဉ် အိမ်တွင် လည်း နွားအုပ်ကျောင်းရန် လူမရှိသဖြင့် တရားစခန်းမှသည် နွားစခန်းသို့ နောက်ကြောင်းပြန်ရမည့် အဖြစ်မျိုးနှင့် တိုးနေချိန်တွင် ဆရာတော်၏အမိန့်ဖြင့် ကျောင်းမှထွက်၍ မောင်ညိမ်းမောင် အိမ်ပြန်နွားကျောင်းရတော့၏။ ဘုန်းကြီး ကျောင်းသားဘဝမှ နွားကျောင်းသားဘဝသို့ရောက်ခဲ့ရ၏။

တစ်ခါကတော့ မိခင်ဒေါ်မေသည် တောတောင်အတွင်း နွားကျောင်းရင်း ခူယားကောင်တို့ကို နင်းမိသဖြင့် ခူယားမွှေးစူးကာ ခြေဖဝါးများ မထောက်နိုင် သည်အထိ ရောဂါဖြစ်ခဲ့ရသည်။

ထိုအချိန်မှာလည်း ဘုန်းကြီးကျောင်းမှ ခေတ္တထွက်၍ အိမ်ပြန်ပြီး နွားကျောင်းသား ပြန်လုပ်ခဲ့ရသေးသည်။

ဤသို့ပင် မိခင်နှင့်ပတ်သက်၍ ကျောင်းသားဘဝမှာပင် မိခင်ကျေးဇူးကို နှစ်ကြိမ်တိုင်တိုင် ဆပ်ခဲ့ဖူးလေသည်။

ကျန်အချိန်များ၌ကား သာသနာပျော်၊ ကျောင်းပျော် အဖြစ်ဖြင့်သာ ဘဝအချိန်ကုန်ခဲ့ရ၏။

## အလှူအတွက် စပါးထွက်ခဲ့

ဆရာတော်လောင်းလျာသည် အသက်(၁၄)နှစ်အတွင်းသို့ပင် ချဉ်းနင်း ဝင်ရောက်ခဲ့ချိန်တွင် တစ်မိုးတွင်းလုံး ကျောင်းနေခွင့်မရခဲ့ပေ။ အမဖြစ်သူ မကြည် လည်း ကောက်စိုက်မအသင်းဝင်၍ ကောက်စိုက်သည်မဘဝရောက်သွား

http://www.dhammadownload.com


ချေလေသည်။ အကိုအကြီးဆုံး ကိုအောင်ခလည်း ကောလင်းမြို့သို့သွား ရောက်ကာ ဘထွေးတော်သူ ဦးပြန်ထင်နှင့်တွဲဖက်၍ လက်သမားအလုပ် ဝင်ရောက်လုပ်ကိုင်နေလေသည်။ အကိုဖိုးသန်းတစ်ယောက်တည်း လယ်ထွန်ယက်ရန် မတွင်ကျယ်သည်ဖြစ်၍ မောင်ညိမ်းမောင်လေးသည် နောက်လိုက်ထွန်စီး လုပ်ခဲ့ရလေသည်။

အကိုဖြစ်သူဖိုးသန်းကား စိတ်ပျော့၏။ အလုပ်တစ်ခုကို လက်ကြောတင်းတင်း မလုပ်တတ်။ စည်းစနစ် မကိုင်တွယ်တတ်။ မောင်ညိမ်းမောင်လေးကလည်း လယ်ယာအလုပ်မျိုး စိတ်မဝင်စား။ တရားအလုပ်ကိုသာ စိတ်ဝင်စားခဲ့၏။ စိတ်ကား ကျောင်းမှာသာရှိနေလေ၏။ သို့သော်လည်း မဖြစ်မနေ အမေအတွက်ပဲ စိတ်ဖြင့် လုပ်ခဲ့ရ၏။ အမေကား ဒီနှစ် သားကလေးကို ရှင်ပြုချင်တယ်ဆိုကာ ရှင်ပြုဖို့ ကြိုးစားလုပ်နေလေသည်။

အဖိုးသန်းကား တိတိကျကျမလုပ်တတ်၊ ဘုန်းကြီးကျောင်းသားဘဝမှ ခေတ္တပြောင်းခဲ့ရသော နွားကျောင်းသား မောင်ညိမ်းမောင်ကလေးကလည်း စိတ်မပါဘဲ လယ်ထွန်ကြရာ လယ်ကွင်းရှိ မြက်ပင်များပင်မကျွတ်ချေ။ ဆူးပန်းတောင်းပင်တို့ကား သရော်ပြုံး ပြုံးလျက်က ယိမ်းနွဲ့၍ပင် ကပြနေကြလေ၏။ ဆယ်ကေမျှရှိသော လယ်ကွင်းတစ်ကွင်းလုံး ဤနည်းဖြင့် စိုက်ခဲ့ကြရလေသည်။

မောင်ညိမ်းမောင်ကလေး ရှင်ပြုမည်ဟူသော ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးလေသောကြောင့်ထင်၏ စပါးရိတ်သိမ်းသောအခါ စပါးတင်း၅၀ းရာကျော် ထွက်ရှိခဲ့သည်။ ရှေးယခင်က မည်သည့်နှစ်ကမှ ထိုကဲ့သို့စပါးမထွက်ခဲ့ဘူးတဲ့။ ဒီအချက်ကလည်း ဆရာတော်လောင်းလျာလေးရဲ့ ဘုန်းကံပါရမီကြောင့်ဟု ဆိုပါလျှင်လည်း မှားမည်မထင်။

http://www.dhammadownload.com


## ရှင်ပြုအလှူနှင့် သာမဏေဝတ်ခြင်း

ဆရာတော်လောင်းလျာလေးသည် ၁၃၁၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၆-၇)ရက်၊ စနေ၊တနင်္ဂနွေ နေ့တွင် မယ်တော်ဒေါ်မေ၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ရသည်။

မယ်တော်ကြီးဒေါ်မေသည် မုဆိုးမဘဝဖြင့် ရှန်းကန်လှုပ်ရှားရပါသော်လည်း ယခုနှစ် စပါးအထွက်တိုးသည့်အတွက် သားရှင်ပြုရန်ရည်မှန်းချက်ပြည့်ရလေပြီ ဟူသော ပုဗ္ဗစေတနာ အပြုံးပီတိများဖြင့် ရှင်ပြုအလှူကို ကြီးကျယ်ခန်းနားစွာ ကျင်းပပေးလှူခဲ့၏။ အငြိမ့်၊ဗျော စသည်တို့ပင် ပါဝင်ခဲ့၏။ သူမ၏ အလှူကား သူဌေးအလှူများနှင့် တန်းတူအောင်လှူခဲ့၏။ ပစ္စည်းမဌေးပေမဲ့ သဒ္ဓါဌေးကြွယ်၍ သားလေးအတွက်အပြည့်ဖြစ်ခဲ့၏။ သမီးဖြစ်သူ ဒေါ်ကြည်ကလည်း မောင်အငယ်ဆုံး မျက်နှာမငယ်ရအောင် ကြိုးစားခဲ့၏။ သို့ဖြစ်၍ အလှူကြီးလှူရသောအခါ ပီတိတွေ ဝေဖြာခဲ့၏။

ယင်းတပို့တွဲလပြည့်ကျော် (၆)ရက်နေ့ ညနေဝယ် ပင့်သံဃာတော်များအားလုံး ပရိတ်တရားချီးမြှင့်ခြင်း၊ အနုမောဒနာတရားချီးမြှင့်ခြင်း၊ ရေစက်ချတရားချီးမြှင့်ခြင်းများ ဆောင်ရွက်တော်မူပြီးသည့်နောက်တွင် ရှင်ဖြစ်စ မောင်ညိမ်းမောင်ကလေးကို တရားဟောရန် လျှောက်ကြားကြရာ ဆုပေးခြင်း၊ သီလပေးခြင်းဖြင့်ပင် ရှင်ဘဝ တရားဦး စ,ဟောခဲ့ရလေသည်။

http://www.dhammadownload.com



## အပျော်ဆုံးနေ့

အိမ်ထောင်ဦးသု၊ ထီပေါက်စနှင့်၊
ထောင်မှလွတ်ကင်း၊ ပဇင်းလွှထွက်၊
နန်းတက်ဘုရင်၊ ပင်စင်အငြိမ်းစား၊
ယောကျ်ားလှူထူး၊ ဤခြောက်ဦးကား
အရှူးအမူး လွန်ပျော်မြူး၏။

၁။ အိမ်ထောင်ဦးသု လူသား။

၂။ ထီပေါက်စ လူသား။

၃။ ထောင်မှထွက်လာခါစ လူသား။

၄။ ရှင်ရဟန်းဘဝမှထွက်လာခါစ လူသား။

၅။ အဘိသိက်ခံ ထီးနန်းတက်ပြီးခါစ ဘုရင်။

၆။ ပင်စင်အငြိမ်းစားဖြစ်ခါစ လူသား။

ဤလူသားခြောက်ဦးတို့သည် လောကထုံးစံဓမ္မတာအရ အရှူးအမူး ပျော်မြူးကြသည်ဟု ကြားဖူးခဲ့ပါ၏။

မောင်ညိမ်းမောင်ကလေးကား ထိုနှင့်ဆန့်ကျင်ဘက်ဖြစ်ခဲ့ရ၏။ ရှင်ရဟန်းထွက်သောနေ့၊ ရှင်လိင်ပြန်သောနေ့ဟာ အများအားဖြင့် အပျော်ဆုံး ဖြစ်ခဲ့ပေမဲ့ သူ့မှာတော့ ရှင်သာမဏေဖြစ်သည့်နေ့သည် အပျော်ဆုံးနေ့ဖြစ်ခဲ့ရ၏။ သက်န်းခါးပေါ်ရောက်ကတည်းက ပြုံးပျော်နေတော့၏။

၁၃၁၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၆)ရက်နေ့ ကား အပျော်ဆုံးနေ့ ဖြစ်ခဲ့၏။ ထိုတစ်ညလုံးလည်း စိတ်ကြည်လင်လန်းဆန်းနေပြီး အိပ်မရ ဖြစ်ခဲ့ရ လေသည်။

http://www.dhammadownload.com


'သည်ဘဝ တရားထူးရဖို့ လမ်းစပေါ်ပြီ၊'

'သည်ဘဝ တောထွက်ဖို့လည်း လမ်းစပေါ်ပြီ၊'

ထိုအတွေးများက တစ်ညလုံး စကားပြောနေလေတော့၏။ကျောင်းသား ဘဝကပင် သက်နိုးစီးပြီးရင် တောထွက်၍ တရားအားထုတ်မည်ဟူသော ရည်ရွယ်ချက်က နိုးထနေသဖြင့် အိပ်စက်မရတော့ချေ။

ဝေဘူဆရာတော်ဘုရားကြီး၏ တောပျော်ဘဝဖြင့် ပါရမီထူး ပွင့်လေ သည်ဟူသော အစွဲစိတ်က ကြီးစိုးနေ၍ မိုးစင်စင်လင်းခဲ့ရလေတော့သည်။

နောက်တစ်နေ့ (လပြည့်ကျော် (၇) ရက်နေ့) နံနက်ကား ရှင်အမည်ခံသော နေ့ ဖြစ်၍မယ်တော်ကြီးသည် ကန်တော့ပွဲ၊ ဆွမ်းပွဲများဖြင့် ရှင်သာမဏေတို့ကို ရှင်အမည်–ဘွဲ့သတ်မှတ်ပေးရန် (ဆရာတော်ထံခွင့်ပန်ရသောထုံးစံအတိုင်း) လာရောက် တောင်းပန်လေတော့သည်။

ထိုအခါဆရာတော်က မောင်ညိမ်းမောင်နှင့်ညီဝမ်းကွဲမောင်စံခင် ကိုရင်တို့ကိုခေါ်၍ ''ကဲ..မင်းတို့ဘွဲ့ကို မင်းတို့ပဲပေးပါ''ဟူ၍မိန့်တော်မူရာ ဆရာတော်လောင်းလျာကိုရင်က မဆိုင်းမတွပင် ''တပည့်တော်တို့ညီအကိုက အင်္ဂါသားချည်းဖြစ်ကြလေတော့ တပည့်တော်က–ဥယျာပါဘုရား၊ မောင်စံခင်က– ဇောတိပါလပါဘုရား'' ဟု လျှောက်ထားလေရာ ဆရာတော်က ပြုံးလျက်ကပင် ''အေး–အေး မင်းတို့ပေးသော ဘွဲ့အတိုင်း တည်စေဗျား'' ဟူ၍မိန့်တော်မူ၏။

ထိုအချိန်မှစ၍ ဆရာတော်သည် သဒ္ဒါ–ပါဠိ မှ အနက်–ရုပ်တွက် နှင့် ပုဒ်ဖြတ်–ပုဒ်စပ်များကို နေ့စဉ် သင်ပေးတော်မူ၏။ ကိုရင်ဥယျာကား စာဝါတက်ရင်း တရားအားထုတ်၏။ တောထွက်ဖို့ကိစ္စလည်း တာစူနေလေတော့၏။ ဝါမဆိုမီ အတွင်း တိတ်ဆိတ်သောတစ်နေရာသို့ တိတ်တဆိတ်ထွက်ရန် ကြိတ်ကြံ ကြံနေ လေတော့၏။ ထိုကဲ့သို့ပင်ကြံစီဖူးခဲ့လေသည်။

http://www.dhammadownload.com


# စာသင်တက်ခြင်း

ကိုရင်အရှင်ဥေယျသည် ၁၃၁၈–ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၀)ရက်၊ တနင်္ဂနွေနေ့ (3-6-1956)တွင် မင်းကုန်းတောရကျောင်းမှ ရွှေဘိုမြို့ ဝေဠုဝန် ပါဠိတက္ကသိုလ် စာသင်တိုက်သို့ စာသင်ရန်ရောက်ရှိခဲ့သည်။

ပိဋကစာပေများသင်ယူခြင်းနှင့် ပထမငယ်တန်းစာဝါများကို သင်ယူ ဖြေဆိုခဲ့ရာ ၁၃၁၉–ခုနှစ်တွင် ဝေဠုဝန်ပါဠိတက္ကသိုလ်မှ အစိုးရပထမငယ်တန်းကို အောင်မြင်ခဲ့သည်။

၁၃၂၁–ခုနှစ်၊ ဝါဆိုလဆန်း(၁၁)ရက်၊ ဗုဒ္ဓဟူးနေ့ (15-7-1959) နေ့တွင် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၊ ကျောက်ပန်းတောင်းကျောင်းသို့ စာပေသင်ကြားရန် ရောက်ရှိခဲ့သည်။

၁၃၂၁–ခုနှစ်၊နှောင်းတံခူးလပြည့်ကျော်(၃)ရက်၊ဗုဒ္ဓဟူးနေ့(13-4-1960) တွင် မော်လမြိုင်မြို့ စိန်မမပါဠိတက္ကသိုလ်စာသင်တိုက်သို့ ပညာသင်ရန် ရောက်ခဲ့သည်။ ဆရာတော် ဦးကုဏ္ဍလထံတွင် ပညာသင်ယူခဲ့သည်။

ထို စိန်မမပါဠိတက္ကသိုလ်ကျောင်းမှ–ပထမလတ်တန်း အောင်မြင်ခဲ့သည်။

၁၃၂၅–ခုနှစ် နွေဦးကာလတွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့ သာသနရံသီ ပါဠိတက္ကသိုလ် စာသင်တိုက်သို့ ပညာသင်ရန်ရောက်ခဲ့သည်။

ထိုသာသနရံသီ ပါဠိတက္ကသိုလ်ကျောင်းမှပင် ၁၃၂၅–ခုနှစ်၊ စာမေးပွဲ၌ ပထမကြီးတန်းကို အောင်မြင်တော်မူ၏။

ထိုနှစ် ကျောင်းတိုက်စာမေးပွဲတွင် ခုံအမှတ်(၂)ဖြင့် ပထမ ရတော်မူ၏။ အစိုးရစာမေးပွဲအောင်မြင်ရာ၌ ပုသိမ်စာဖြေဌာနမှ ဒုတိယ အမှတ်အများဆုံးရခဲ့၏။ ပထမစာပြန်အဖွဲ့က လစဉ်ထောက်ပံ့ငွေ (၁၀)ကျပ်ရရှိခဲ့၏။

ပုသိမ်မြို့ သာသနရံသီ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ကြွရာတွင် ဟင်္သာတမြို့ ရတနာဗိမာန်စာသင်တိုက်တွင် တစ်ညတာမျှ တည်းခိုဖူးသည်ကို အထူးကျေးဇူးတင်၍ ယနေ့တိုင်ပင် ဆရာတော်မိန့်တော်မူလေသည်။

http://www.dhammadownload.com


## ရဟန်းဘဝရောက်ခြင်း(ပထမ)

သာသနာတော်နှစ် – ၂၅၀၅–ခုနှစ်မြောက်၊
ကောဇာသက္ကရာဇ် – ၁၃၂၃–ခုနှစ်၊ ဝါဆိုလဆန်း၊

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ထန်းတပင်မြို့ရှိ ရွှေဖေါင်တော်ဦး ကျောင်းတိုက် ခဏ္ဍာသိမ်တော်ကြီးဝယ် မင်းကုန်းကျောင်းဆရာတော် ဦးအာစာရ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာတော်တို့၏ ချီးမြှောက်မှုဖြင့် ထန်းတပင်မြို့နေ ဦးဘသန်း+ဒေါ်စောညဏ်တို့၏ ပစ္စည်းလေးပါးကိုခံယူလျက် မြင့်မြတ်သော ရဟန်းဘဝသို့ရောက်ရှိခဲ့သည်။ သာမဏေရှင်ဥေယျမှသည် ရဟန်းအရှင်ဥေယျ သို့ရောက်ခဲ့ရသည်။

ထို ရဟန်းခံပွဲတွင် ရဟန်းသစ်ဖြစ်သော အရှင်ဥေယျကိုယ်တိုင်ပင် ရေစက်ချ အနုမောဒနာတရား ဟောကြားတော်မူခဲ့သည်။

## ဝမ္မိကသုတ်

အရှင်ဥေယျသည်– ရဟန်းခံပွဲ၌ ကိုယ်တိုင်တရားဟောတော်မူသည်မှာ ဝမ္မိကသုတ်ကို အကျဉ်းချုံးဟောခဲ့သည်။

တောင်ပို့ကြီးသည် အောက်မှ အခိုးလွှတ်သော အပူဓာတ် မြေခိုး မြေငွေ့ တို့ဖြင့် ၎င်းတွင်ရှိသောအပေါက်များမှ အခိုးအလျှံထွက်၍ တရှိန်ရှိန် အပူ တောက်လောင်နေလေကုန်၏။

သည်အခြေပမာသာလျှင် လူတို့သည်လည်း တဏှာ၊ မာန၊ ဒိဋ္ဌိဝဲ့၏ အခိုးအငွေ့ လွှတ်တင်မှုကြောင့်လည်းကောင်း၊ ရာဂ၊ ဒေါသ၊ စသော ကိလေသာ အခိုးအငွေ့များကြောင့်လည်းကောင်း၊ ကာမရာဂ၊ ဘဝရာဂ စသော သံယောဇဉ် တရားများ၏ အငွေ့သတ္တိများကြောင့်လည်းကောင်း။ အိပ်ယာမှ နိုးထသည်နှင့်–

http://www.dhammadownload.com


- မျက်စိပေါက်မှလည်း အပူမီး အခိုးအလျှံများ မစဲမတိတ် တရိပ်ရိပ်တည်း။
- နားပေါက်မှလည်း ကြိုက်ခိုးကြိုက်ငွေ့များ တဝေ့ဝေ့သာတည်း။
- နှာခေါင်းမှလည်း မုန်းရှိန် ချစ်ခိုးများ တဖြိုးဖြိုးသာတည်း။
- လျှာထက်ပြင်မှလည်း ကြိုက်ငမ်း ဖမ်းချက်များတသွက်သွက်တည်း။
- ကိုယ်တစ်ခုလုံးမှလည်း ကြိုက်ပြစ်မှား မကြိုက်စော်ကား တဖွားဖွားတည်း။
- စိတ်တံခါးပေါက်မှလည်း ကြိုက်လက်ခံ မကြိုက်တော်လှန် တို့ကား ရှေ့ရောက်နောက်ပြန်သာတည်း။

နေသည် နေ့အခါ လောကသားတို့အပေါ် အပူရှိန် အခိုးလွှတ်၍ စီးပိုး လာသောအခါ လောကသားများသည်လည်း ရှေ့ပြေးနေအရုဏ်လာသော အခါ နိုးထလျက်က စောင့်ကြို နေကြရချေ၏။

- နေထွက်လာသောအခါ လှုပ်ရှားစပြုလာကြရ၏။ နေတက်လာသော အခါ အလုပ်ဘက် ပြင်ဆင်ကြရ၏။
- နေသည်ထန်းတစ်ဖျားရောက်သော် လောကသားတို့လည်း အလုပ် ပူ မိလာကြကုန်ပြီ။
- နေသည် မွန်းတည့်လာလတ်သော် လောကသားတို့လည်း အလုပ် ဒေါင်းတောက်လာကြကုန်ပြီ။
- နေသည် မွန်းတိမ်းသွားသောအခါ လောကသားတို့လည်း အလုပ်၌ ကတိမ်းကပါး ဖြစ်ကုန်ကြပြီ။
- နေသည် နောက်ကြောင်းစောင်းသွားသောအခါ လောကသားတို့လည်း အလုပ်လမ်းကြောင်း စောင်းလာကုန်ပြီ။
- နေဝင်စပြုသွားသော် လောကသားတို့လည်း အလုပ်ရပ်နားစ ပြုလာကြ ကုန်ပြီ။
- နေ၏အရှိန် အေးသည်နှင့်အမျှ လောကသားတို့လည်း စိတ်အေးဝင် လာကြကုန်၏။

http://www.dhammadownload.com


- နေသည် လောကသားတို့ကို မျက်ကွယ်ပြုလျက်က စုပ်စုပ်မြုပ်ဝင်ရောက်သွားသောအခါ လောကသားတို့လည်း အနားယူစေသောအားဖြင့်လည်းကောင်း၊ စိတ်သက်သာရာရစေသောအားဖြင့်လည်းကောင်း၊ ချွေးသိပ် သိပ်ပေးခြင်း၊ လှဲသိပ် သိပ်ပေးခြင်းဖြင့် သိပ်ထားခဲ့ပါချေ၏။ ထိုသိပ်ပေးမှုကား–

  –နက်ဖြန် ၎င်းနေလာလျှင် ဆီးကြိုရန်တည်း။

  –နက်ဖြန် ၎င်းနေထွက်လျှင် အလုပ်ဆက်ရန်တည်း။

သည်အခြေပမာသာလျှင် ပပဥ္စ ကိလေသာ သံယောဇဉ် နေမင်းတို့သည်လည်း ပြင်းပြနေနှင့်အတူ လူတို့ကို အပူငွေ့သွင်း ခန္ဓာအိမ်သို့ ချွေးခြင်းလျက်ကာသာ ခန္ဓာအိမ် တရှိန်ရှိန်တောက်လောင်စေလျက်က အခိုးထွက်၊ ၎င်းတို့အကြိုက် အလုပ်ဆက်စေပြီး ပျက်စီးနေကြလေကုန်၏။ နေ့အချိန်ကုန်၍ ညဘက် ဘုံခန်းဝင်လေသောအခါ ကာမသတ္တဝါကို ကာမအစာကျွေးတဲ့ပြီး နောက်တနေ့ သူ့ခိုင်းသမျှ မဆိုင်းမတွလုပ်ချင်အောင် လှဲသိပ်ကြလေကုန်၏။

- သို့ဖြင့်ပင် တစ်ရက်၊တစ်ရက်နှင့် ရက်ဆက်ကြာရှည် လာကြရချေကုန်ပြီ။
- သို့ဖြင့်ပင် တစ်သက်မှတစ်သက် အသက်ဆက်၍လည်း လာကြရကုန်ချေပြီ။

အကယ်တိတိ အပူတိတ်၍ အေးရိပ်ပေါ်စေချင်လျှင် မဂ္ဂင်ယာဉ် အလျင်စိတ်၌တပ်ဆင်ကြပါကုန်။

အကယ်တိတိ အမြင်သန်၍ အမှန်တွေ့စေချင်လျှင် အလျင်စီးနင်းကြပါကုန်ဟူ၍ပင် အရှင်ဥဗယျာသည် ရဟန်းဖြစ်စ၌ တရားဟောကြားခဲ့၏။

http://www.dhammadownload.com



ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com



ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com



## ဝေဘူဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံရခြင်း(ပထမအကြိမ်)

၁၃၁၆-ခုနှစ်၊ ဝါဆိုလဆန်း(၁၀)ရက်နေ့တွင် မိခင်ဒေါ်မေနှင့်အတူ အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းသို့ မောင်ညိမ်းမောင်ကလေး ရောက်ခဲ့သည်။ ညအိပ်ကြသည်။

ထို အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတွင် ''တိလောက သဗ္ဗညုတ'' စေတီတော်ကြီး နောက်ဆုံးမြို့ငုံလျက် အပြီးသတ်နေချိန်ဖြစ်၏။ ဝေဘူဆရာတော် ဘုရားကြီးသည်လည်း အင်ကြင်းပင်မှ ဝေဘူသို့ကြွရောက်ဖို့ရန် စီစဉ်နေသော ရက်ပိုင်း ဖြစ်လေသည်။

မောင်ညိမ်းမောင်ကလေးသည်လည်း ညအချိန်ရောက်တော့ တတိယ ပစ္စယံအဆင့်ရှိ ပန်းရံအလုပ်သမားများထံသို့ တပ်ဆင်ထားသော သစ်သား လှေကားအတိုင်းတက်ရောက်၍ အုတ်များသယ်ဆောင်ပို့ပေးခြင်းဖြင့် ထို ''တိလောက သဗ္ဗညုတ''စေတီတော်ကြီး တည်ထားကိုးကွယ်ရာ၌ ကုသိုလ် ပါဝင်ခွင့် ရခဲ့လေသည်။

ထိုစေတီတော်ကြီး၏ ထီးတော်ဒါယကာမှာ ဘိုးတော် အောင်မင်းခေါင် ဖြစ်၏။

ထိုစေတီတော်ကြီးကို ကြီးကြပ်ပေးသူကား အဘသန့်ရှင်း တို့ဖြစ်၏။

( ထို အဘသန့်ရှင်းကား ရဟန်းဘဝသို့ရောက်ခါ ရဟန်း ဦးဝိမလ ဖြစ်ခဲ့၏။ ထို အဘသန့်ရှင်းတဖြစ်လဲ ဆရာတော်ဦးဝိမလသည် နောင်တစ်ချိန် ရန်ကုန်မြို့ ဘောက်ထော် သီရိရတနာလမ်းရှိ သာသနဗိမာန်ကျောင်း ဆရာတော် ဖြစ်ကာ ယခု မဟာဗောဓိမြိုင်ဆရာတော်ဘုရား၏ ဥပဇ္ဈာယ်ဖြစ်လာခဲ့ရလေ သည်။ )

နောက်တစ်နေ့ မနက်တွင် ကျောက်ဆည်မှ ကားကြီးကားငယ် အတီးအမှုတ်များဖြင့် ဥပသကာ၊ ဥပသကာတို့ စုံညီစွာရောက်လာကြ၏။ ထိုအချိန်အထိ မောင်ညိမ်းမောင်ကလေး မဖူးမြော်ရသေးပါချေ။

http://www.dhammadownload.com


နေ့လည် ၁၂ နာရီခန့်တွင်ကား ဝေဘူဆရာတော်ဘုရားကြီးသည် စံကျောင်းတော်ဖြစ်သော "ဒေါက်တာလျှမ်း" ကျောင်းတော်မှ စေတီတော်ကြီး၏ အာရုံခံတန်ဆောင်းထဲသို့ကြွလာတော်မူ၏။ မောင်ညိမ်းမောင်ကလေးသည် နံနက်ခင်းက ပူပူနွေးနွေး ကောက်ရထားသော ဖြူစင်သစ်လွင်သော လက်ကိုင်ပုဝါအဖြူလေးကို ဝေဘူဆရာတော်ကြွလာတော်မူရာလမ်း ခင်းထားလျက်က စောင့်ကြို ဖူးမြော်ခွင့် ရခဲ့လေသည်။

ဆရာတော်ကြီး ကြွလာတော်မူပြီး မောင်ညိမ်းမောင်ကလေး ခင်းထားအပ်သော ပုဝါဖြူလေး၏အပေါ်သို့ ညာဘက်ခြေဖဝါး တစ်ချက်ချချိန်၌-

မောင်ညိမ်းမောင်လေးရဲ့ ဦးခေါင်းကား တင်းတောင်း၊ ပုတ်တောင်းပမာ မျှ ကြီးသွားသည် ထင်ရ၏။ ကျောပြင်တစ်ခုလုံးကား ကြက်သီးဖြန်းဖြန်း ထနေလေတော့၏။ ဆရာတော်ကြီးကား ခဏမျှ နင်းသွားတော်မူသော်လည်း မောင်ညိမ်းမောင်ကား အကြာကြီး နင့်ကျန်နေရစ်ခဲ့ရ၏။ ခံစားရသောဝေဒနာ ပီတိလှိုင်းများကား ပြောမပြတတ်လောက်အောင်ပင် ဖြစ်နေတော့၏။

## ဆပ်ပြာနှင့်နံ့သာ ချီးမြှင့်ခဲ့ရာ

ထို့မှတစ်ဆင့် ဆရာတော်ဘုရားကြီးကား ကျောင်းဝင်းတော်ကိုကားဖြင့် သုံးပတ်ပတ်ပြီးမှ ကျောက်ဆည်သို့ ကြွချီတော်မူရာ မောင်ညိမ်းမောင် လေးသည် ထို ဆရာတော်ဘုရားကြီး နင်းပေးခဲ့သောနေရာ(အာရုံခံနှင့် ဒေါက်တာလျှမ်း ကျောင်းအကြားကွက်လပ်)လေးမှာလက်ကိုင်ပုဝါ အဖြူကလေးကို အမြတ်တနိုး ကိုင်လျက် ရပ်နေရစ်ခဲ့၏။ ဆရာတော်ဘုရားကြီး တစ်ပတ်လည်၍ ရှေ့နားကားရောက်လာသောအခါတွင် မောင်ညိမ်းမောင်လေးအား 'ကာဘော်လိပ်ဆပ်ပြာ တစ်ခဲနှင့် နံ့သာတိုင် ဆယ်ချောင်း'တို့ကို လက်လှမ်းပစ်ချပေးသွားတော်မူခဲ့၏။

မောင်ညိမ်းမောင်ကလေးအဖို့ ဝေဘူဆရာတော်ဘုရားကြီး ချီးမြှင့်ပေးသနားတော်မူခဲ့သည်မှာ အကြောင်းမဲ့မဖြစ်တန်ရာ၊ အကြောင်းကား ယနေ့

http://www.dhammadownload.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟု ထင်ရှားခြင်းက သက်သေပြနေချေ၏။

ကာဘော်လိပ်ဆပ်ပြာတစ်ခဲသည်ကား ကာမဘောဂီ–ကာမဂုဏ် ခံစားခြင်းများကို လိမ်းကျံခြင်းမရှိအောင် သတိတည်းဟူသော တရားတစ်ခုတည်းဖြင့် အညစ်အကြေးကင်းစင်အောင် ဆပ်ပြာဖြင့် ဆေးကြောစေခြင်း။

နံ့သာတိုင် ဆယ်ချောင်းတို့ကား– မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဖြူစင်သန့်ရှင်း သုံးဆယ့်တစ်ဘုံလုံး မွှေးကြိုင်မှုများကို အသွင်ဆောင်ထားခြင်းဟု စာရေးသူထင်မြင်မိ၏။

ဆိုလိုရင်းက ကိလေသာအညစ်အကြေးတို့ကို ဆပ်ပြာတစ်တုံးတည်းဟူသော သတိတရားဖြင့် စင်အောင်ဖွပ်လျှော်ဆေးကြောပါက တရားဆယ်ပါးတည်းဟူသော အမွှေးနံ့သာတို့ ကြိုင်လှိုင်ရာ၏။

ဝေဘူဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ချီးမြှင့်သွားသော ထိုဆပ်ပြာခဲ ထိုနံ့သာဖြူအမွှေးတိုင်များကို မသုံးရက်လောက်အောင်ပင် မောင်ညိမ်းမောင်လေး မြတ်နိုးခဲ့၏။

ထိုမြတ်နိုးလှသော ကာဘော်လိပ်ဆပ်ပြာ (လီးဘားအမှတ်ပါ) တစ်ပိုင်းကိုကား အမြတ်တနိုးရှိလှသော မိခင်ကြီးကို ပေးလှူလိုက်၏။ နံ့သာတိုင်ဆယ်ချောင်းကိုကား ကျောင်းရှိဘုရားများသို့ လှူဒါန်းပူဇော်ခဲ့လေ၏။ (ပထမဆုံးအချိန်တွေ့ ခဲ့စဉ်)

## ဝေဘူအားကျ ဝေဘူနှင့် တွေ့ရသောအခါ

၁၇၂၃–ခုနှစ်၊ နွေကာလတွင် အရှင်ဥေယျသည် မော်လမြိုင်မှရန်ကုန်၊ ရန်ကုန်မှရွှေဘိုသို့ပြန်ကြွလာခဲ့၏။ အရှင်ဥေယျသည် မော်လမြိုင် ဝိနယာဓိက စာမေးပွဲ စာပြန်–စာဖြေ အားလုံး အောင်မြင်ခဲ့၏။ သုသမာစာရ စာမေးပွဲ၌ကား စာပြန်အောင်မြင်ခဲ့၏။ ဝိနယာဓိက စာမေးပွဲ စာအောင်ဆုနှင်းသဘင်တွင် ဆုယူပြီးခဲ့၏။ အစိုးရစာမေးပွဲကြီးလည်း ဖြေဆိုပြီးခဲ့သဖြင့် မွေးရပ်မြေသို့ ပြန်ကြွလာခြင်းဖြစ်၏။

http://www.dhammadownload.com



အရှင်ဥေယျ မင်းကုန်းရွာရောက်ချိန်တွင် ဝေဘူဆရာတော်ဘုရားကြီးသည် ဇာတိမြေ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးနေချိန်ဖြစ်၏။ ထိုအခါ မင်းကုန်းနှင့်အင်ကြင်းပင် သုံးမိုင်ခန့်မျှသာဝေးသော အင်ကြင်းပင်တောရကျောင်းတွင် နွေခိုရင်း ဆရာတော်ဘုရား၏မေတ္တာရိပ်အောက် ခိုလှုံခဲ့၏။

အရှင်ဥေယျသည် ဝေဘူဆရာတော်ကို အားကျခဲ့သော်လည်း ပထမကြီးတန်းရောက်ချိန်နှင့် သ–စ–အ(သကျသီဟ ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ အစိုးရဓမ္မာစရိယ)ဘွဲ့များကို ၎ ကြိုးလျှင် အောင်ရမည် ဟူသောအတွေးမျှော်လင့်ချက်က ပြင်းထန်နေသဖြင့် ဝေဘူဆရာတော်နှင့် မတွေ့ချင်သယောင် ဖြစ်နေသေး၏။ စာတတ်လိုသောစိတ်ကြောင့် ဝိပဿနာမလုပ်နိုင်သေးဟူ၍သာ။

ထို့နောက် အင်ကြင်းပင်နေ ဦးသုမနက ကိုယ်တိုင်ပင် လက်ဆွဲခေါ်ဆောင်သွားရာ ဆရာတော်ကြီးစံမြန်းရာ ပိဋကတိုက်တော်ကြီးသို့ ရောက်သောအခါ အပြင်မှခတ်ထားသော သော့ကို ဖွင့်ပေးကာ အတွင်းသို့သွင်းလိုက်တော့၏။

ကျောင်းအတွင်း ဝင်လိုက်သည့်အခါ အရှင်ဥေယျသည် အလွန်အေးမြလေခြင်း။ စိတ်လည်း ရွှင်စိတ်မှတည်စိတ်သို့ ချက်ခြင်းပြောင်းလဲသွားခဲ့၏။

တစ်ကိုယ်လုံးလည်း အေးမြသွားလေ၏။ ကြောက်ရွံ့ခြင်း၊ တွန့်ဆုတ်ခြင်းများ အလျှင်းမရှိတော့ချေ။

အရှင်ဥေယျသည် အေးငြိမ်းမှုကို သိရှိခံစားရာမှ–

ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ၊ နိမ့်ဝှမ်းရာအရပ်၌ဖြစ်စေ၊ တောင်ကုန်းအရပ်၌ဖြစ်စေ–အကြင်အရပ်၌ ကိလေသာအပူငြိမ်းတော်မူသော ရဟန္တာအရှင်သူမြတ်တို့ သီတင်းသုံးနေထိုင်၏၊

ထိုမြေနေရာအရပ်သည် မွေ့လျော်ဘွယ်ကောင်း၏၊ ငြိမ်းချမ်းဘွယ်ကောင်း၏ဟူသော ဗုဒ္ဓဟောကြား စာစကားကို နှလုံးသားမှာ အထင်းသားပေါ်လာတော့၏။

ဝေဘူဆရာတော်ဘုရားကြီးကား သလွန်တော်အောက်ခြေစွန်းပေါ်မှ တရိုတသေ ထိုင်တော်မူကာ အဆင်သင့် စောင့်ကြိုနေတော်မူလျက်သာရှိဘိ၏။

http://www.dhammadownload.com


ရှိခိုးကန်တော့ပြီးသောအခါ–

''ဘယ်အရပ်က ကြွလာတာတုန်းဗျာ'' ဖြင့် ပြုံးရွှင်စွာနှုတ်ခွန်းဆက်လိုက်၏။

''မော်လမြိုင်ကပါဘုရား။''

''အေး–ကောင်းဗျ ကောင်းပါ့၊ သာဓု သာဓု၊ ဦးမော်လမြိုင်ကြီးရဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်စမ်းပါဗျာ့၊ ခင်ဗျားတို့ စာကျက်ရသလောက် မခက်ပါဘူး၊ မှတ်နေရုံလေးပါဗျာ့။''

''မှန်လှပါဘုရား၊ တပည့်တော် ပရိယတ္တိလိုက်စားဆဲမို့ မအားသေးလို့ပါဘုရား။''

''မဟုတ်ဘူးဗျာ့ ခင်ဗျားတို့ပရိယတ္တိဆောင်ရင်းက သတိလေးပါဆောင်ထားလိုက်ရုံပဲ၊''

''မှန်ပါ့ တစ်ခုတည်း နှစ်လုပ်လုပ်နိုင်လောက်အောင် အင်အားမရှိသေးလို့ပါဘုရား။''

''အင်အားဆိုတာ မွေးယူရတာဗျာ့၊ အခုမွေးကြည့် အခုရပါတယ်၊ မွေးကြည့်စမ်းပါ။''

အော်.. ခက်ပါပြီ၊ အခုပင်မွေးရမတဲ့

ဤသို့ဖြင့် ဘူးသီး သီးနေတာကို ဆရာတော်ဘုရားကြီးက ချက်ချင်းပင် တွင်တွင် ဆွတ်ချွေပေးနေတော့၏။

နာရီဝက်ခန့် ကြာသောအခါ ဘူးသီး သီးလို့မရတော့သဖြင့်–

''တပည့်တော် တတ်နိုင်သောအခါ ဆရာတော် တိုက်တွန်းသည့်အတိုင်း ကြိုးစားပါ့မယ်ဘုရား''ဟု ကတိခံလျှောက်ထားခဲ့ရ လေတော့၏။

ဒီတော့မှ ဆရာတော်ကြီးက ''အေးဗျာ့၊ ကောင်းဗျာ့၊ ကောင်းပါချမ်းသာ သလိုနေတော့ဗျာ''ဟူ၍ လွှတ်တော်မူ၏။

(ဒုတိယအကြိမ်တွေ့ ခဲ့ရစဉ်)

http://www.dhammadownload.com



အရှင်ဥေယျသည် ရဟန်းခံပြီးသည့်နောက်တွင် မော်လမြိုင် စိန်မမ ပါဠိတက္ကသိုလ်ကျောင်းသို့ ပြန်သွားခဲ့လေသည်။ ၁၃၂၃–ခုနှစ်ဝါသည် မော်လမြိုင် စိန်မမကျောင်း၌ ဝါဆိုပြီး အကြီးတန်းစာဝါများ လိုက်ခဲ့သည်။

ဒီအချိန်မှာတော့ မော်လမြိုင်မြို့ "ကလောင်သစ်များအသင်း" တွင် ကလောင်တာဝန်ကိစ္စများကို ဖြတ်တောက်ထားလိုက်၏။ ယခင်ကတော့ ကျိုက်သလ္လံ စေတီတော်၌ ပွဲကျင်းပတိုင်း၌ ရတုပိုဒ်စုံ၊ တေးထပ်ကဗျာများ အရှင်ဥေယျ ကိုရင်ဘဝဖြင့် ကလောင်စွမ်းပြခဲ့သည်။ ထိုရတုများကို အသံကောင်းသူများက ရွတ်ပူဇော်ရာ အထပ်ထပ်ပင် ပွဲတောင်းခဲ့ကြသည်။ တောင်းဆိုခဲ့ကြသည်။

ထို့နောက် ကိုရင်ဘဝဖြင့် ကဗျာသင်တန်း နည်းပြအဖြစ်လည်းကောင်း၊ ကလောင်သစ်များအသင်း အတွင်းရေးမှူး အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ရသည်။ နတ်တော်လဆန်း စာဆိုတော်ပွဲကျင်းပရာတွင် "ဓားသွားထက် ကလောင်သွားကထက်၏။" ဟူသောခေါင်းစဉ်ဖြင့် ကိုရင်ဥေယျ ဝင်ပြိုင်ခဲ့ရာ နှစ်သိမ့်ဆုဖြင့်သာ ကျေနပ်ခဲ့ရ၏။ အကြောင်းကား ဆုရနိုင်သောစာပေဖြစ်ခဲ့ပေမည့် ရေးသားရာ၌ နဘေထပ်လွန်းသဖြင့် အဓိပ္ပါယ်မပေါ်လွင်ခဲ့ခြင်းကြောင့် ဖြစ်ခဲ့၏။

ရဟန်းခံပြီး ပြန်ရောက်သည့်အခါတွင် ကလောင်ကိစ္စများ ကင်းကင်း နေခဲ့လေသည်။ စာပေများကို ကြိုးစားလေတော့၏။ ထို့နောက် ရန်ကုန် ပြန်ရောက်ပြီး သူငယ်ချင်း ဦးပဝရသီတင်းသုံးရာ သရက်တောကျောင်းတိုက် သာသနောဒယကျောင်းသို့ဝင်ကာ ခရီးစရိတ် အကူအညီတောင်းခံရာ ဦးပဝရ ထံမှ စရိတ်(၃၀)ကျပ်မျှ ရလေသောအခါ မိမိကြားဖူးနားဝမျှသာရှိသော ပုသိမ်မြို့ သာသနရံသီပါဠိတက္ကသိုလ်သို့ ၁၃၂၅–ခုနှစ် နွေဦးတွင် ရောက်ရှိခဲ့သည်။

ထိုကျောင်းတိုက်၏ ပဓာနနာယကဆရာတော်နှင့်တကွ စာချနာယက ဆွမ်းစားကျောင်းဘုန်းကြီးတို့ကား ရွှေဘိုမြို့မှချည်း ဖြစ်ကြ၏။ အရေးကြီးက သွေးနီး၍ သွေးစည်းသွားကြချေတော့၏။ ဆရာတော်များကလည်း တလေးတစား ရှိ၏။ ကျောင်းကိစ္စရှိတိုင်း "ဥေယျကြီး ကြွပါအုံး" ဟူ၍ခေါ်ကာ စီရင်ခိုင်းကုန်၏။

http://www.dhammadownload.com



ဆွမ်း၊ကွမ်း ပစ္စည်းလေးပါးတို့လည်း မရှားပါး ပညာသင်အားကောင်းခဲ့၏။ ထိုနှစ် စာမေးပွဲ၌ ပထမကြီးတန်းကို ထိုက်ထိုက်တန်တန် အောင်မြင်ခဲ့လေသည်။

အရှင်ဥေယျသည် သံဃာကိစ္စများကြောင့် ရန်ကုန်သို့ ပြန်ကြွလာခဲ့ရသည်။ ရန်ကုန်တွင် ပရိယတ္တိကျောင်းများလည်း ပိတ်ထားကြသည်။ စာသင်သား အသစ်များလည်း လက်မခံ ဖြစ်နေ၏။ ထို့ကြောင့် သူငယ်ချင်းဦးပရဝရှိရာ သရက်တောကျောင်းတိုက် သာသနောဒယကျောင်းတွင် ခေတ္တသီတင်းသုံးပြီး နောက် ဝါဆိုစာသင်ကျောင်း ရှာဖွေရာ မရတော့သဖြင့် နောက်ဆုံးတော့ လူဝတ်လဲရန် ဆုံးဖြတ်ချက်ချလိုက်ရတော့သည်။

ထိုသို့ စိတ်ဆုံးဖြတ်ထားသော်လည်း အားမလိုအားမရစိတ်က ဝင်လာပြန်၏။ မာန်လည်း ထကြွလာပြန်၏။

ငါချစ်လှသော ပရိယတ္တိစာပေအား စွန့်ခွာရမည်ကိုလည်း တွေးကြောက်၏။

ငါကြောက်လှသော လူ့ဘဝ ဝင်ရောက်ရမည်ကိုလည်း တွေးပြီး ပူလောင်၏။

- ဂန္ထဓုရဆောင် သာသနာ့ဝန်ထမ်းဖြစ်လျက်က ထိုဝန်ကို ထမ်းရန် ငြင်းဆန်ခံနေသော ငါ၏သာသနအရေးအခွင့်ကား ရင်နင့်ဖွယ်ရှိချေ၏အတွေး။
- သာသနဝန်ထမ်းချင်းဖြစ်ပါလျက် ဘာသာရေးမှတစ်ပါး အခြားကိစ္စဖြင့် မကူညီမရိုင်းပင်းခြင်းဟာ ရှက်ဖွယ်တင်းလင်းသာရှိ၏ အတွေး တွေက ရစ်ဝဲနေ၏။

သို့ဖြင့် ရန်ကုန်၊ ဘုန်းကြီးလမ်း၊ အမှတ်(၅၂)၌ရှိသော နောင်တော် ဦးရေဝတတဖြစ်လဲ ဦးလှအောင်က တစ်ဝါတွင်းစဉ်းစားပါ။ ခေါင်းအေးအေး စဉ်းစားအချိန်ယူဖို့ လျှောက်၏။ ထိုဝါတွင်းနေရန် ကျောင်းလည်းတာဝန်ယူ၏။ ယခုဘဝတွင် ဖြတ်သန်းရမည့် လောကဓံတရားများကိုလည်း ကြိုတင်လျှောက်၏။ ထိုနောင်တော်စကား မပယ်ရှားလိုသဖြင့် တစ်ဝါနေရန် သဘောတူခဲ့၏။ နောင်တော်၏အစီအစဉ်ဖြင့် သင်္ကန်းကျွန်း၊ ဘဝမြင့်ရိပ်သာအတွင်းရှိ သာသန ဝန်ဆောင်ကျောင်း၌ ဝါဆိုခဲ့ရ၏။

http://www.dhammadownload.com



ကျောင်းပိုင်ဆရာတော်ကား ဦးဣန္ဒာစာရဖြစ်၏။ နောင်တော်ကျောက်ဆည်၊ လေသာတိုက်နေစဉ်က ဆရာဖြစ်ခဲ့ဖူး၏။ ထို့ကြောင့် လိုလိုလားလား ခွင့်ပြုခဲ့၏။

ဆရာတော်ကား အရှင်ဥေယျကို လက်ရုံးတစ်ဆူဖြစ်ဖို့ မျှော်လင့်၏။

အရှင်ဥေယျသည်ကား လူထွက်မည့်ရက် စောင့်ဆိုင်းနေခြင်းမျှသာတည်း။

## မိလ္လာကြုံးလျက် ဘဝကိုမွံနိုင်မလား

- ♦ လောကဓံတစ်ခုကို ကျော်လွန်ရာ၌ အကောင်းမြင်ဖြင့် ကျော်လွန်လျှင် အပြစ်ကင်းတတ်၏။
- ♦ ဘဝတစ်ခုကို တည်ဆောက်ရာ၌ အဆိုးမြင်ဖြင့်တည်ဆောက်နိုင်လျှင် အမြတ်ထွက်တတ်၏။

ဤအတွေးကား အရှင်ဥေယျသည် ရဟန်းဘဝမှ လူ့ဘဝသို့ ဘဝတစ်ပါး ကူးပြောင်းဖို့ကြံစည်ရာမှ ပေါက်ဖွားလာသော အတွေးများဖြစ်၏။ သတ္တိအားမွေး အတွေးသာဖြစ်၏။

လူ့ဘဝဆိုသည်မှာ ကြက်ဘဝသာသာမျိုး ဆိုသည်ကို ပြေးမြင်ထားရ၏။ ကြက်မသည် ဝမ်းစာအတွက် အိပ်တန်းဆင်းမှ အိပ်တန်းတက်အတွင်း မြေကိုယက်လျက်က အသက်ဆက်ရ၏။

လူ့ဘဝသည်လည်း ဤအတိုင်းသာ။ ကြိုးစားလုပ်ပါမှ ဝမ်းဝမည်သာဖြစ်ချေ၏။ ဝမ်းပိုရန်၊ ထိုဝမ်းပိုအလှ ဝလင်အောင်ကျွေးမွေးလိုပါသော်ကား ကြက်ထက်ပင် အိပ်တန်းစောစီးစွာဆင်းကြမည်။ ကြက်ထက်ပင် နောက်ကျစွာ၌ အိပ်တန်းတက်ပေးရမည်။ သို့မှသာ မယားဝမ်းပို၊ သားဝမ်းပိုများပါ စားရ၊ ဝတ်ရချေမည်။ သို့မဟုတ်က လူ့ဘဝသည် ကြက်ကဲ့သို့ အသားဖြင့် လုပ်မကျွေးရသော်မှ အားဖြင့်ပင် သူတပါးအမှု အလုပ်အကျွေးပြုရမည်သာ ဖြစ်ချေ၏။

http://www.dhammadownload.com



ထိုဘဝမျိုး မင်းတိုးရဲသလား? မိမိကိုယ်မိမိ မေးကြည့်သင့်၏။ အကြိမ်ကြိမ်မေးကြည့်မိ၏။ တိုးရဲသည်ဆိုမှ စိတ်ချရ၏။ သို့မဟုတ် လောကခံ တစ်ချက်ခေါက် နောက်ကြောင်းသို့ ပြန်ကောက်တတ်ချေ၏။

ဟုတ်ပြီ–တိုးနိုင်သည်ထား၊ ဘာအလုပ်မှမရ မိလ္လာကြုံးဘဝ မင်းလုပ်နိုင် ရဲ့လား? ဤသို့လည်း အဖန်ဖန်မေးခဲ့၏။ လုပ်နိုင်မည်ဆိုမှ စိတ်ချရ၏။

နင်ရလာသည့်လူ့ဘဝ ရဟန်းဘဝကဲ့သို့ ကောင်းမွန်လှပမည်လည်း မဟုတ်။ အထက်တန်းစားအဖြစ်ဖြင့် အပူးမြှော်ခံရမည်လည်းမဟုတ်၊ လူ့အသိုင်း အဝန်းထဲတွင် အနုပ်စုပ်ဆုံးအဆင့်မှ ဝင်ရောက်ရမည်သာဖြစ်၏။ သို့ကြောင့် နင်ကား အများပြုသမျှ နုနိုင်ပါ့မည်လော?။

ဤသို့ပင် တွင်တွင်မေး၏။ အဖြေကား ဘယ်လောက်တင်းတင်း ထမင်းစားရလျှင်တော်ပါပြီ ဟူ၍သာဖြေ၏။

ဤသို့လျှင် ဖြစ်လာမည့်အကြောင်း မကောင်းပုံကိုပြ၍ ထို မကောင်း ဂုဏ်ပေါ်မှ ကျော်နိုင်၊မကျော်နိုင်ကို ဦးစွာ စစ်ဆေးပြီးမှသာ ပြုမူလျှင်ကား–

အဆိုးတွေ့သော် အရင်း၊ အကောင်းတွေ့ ချက်ချင်း အမြတ်ပေါ်တတ် သည်။ အစကတည်းက အဆိုးကို လက်ဦးတွက်ဆထားသောကြောင့် ထိုအဆိုး နှင့် တိုးမိလေသောအခါ မတုန်လှုပ်ရပြီ၊ အကောင်းမျှော်လျှင်ကား အဆိုးတွေ့ သည်နှင့် သွက်သွက်ခါ လှုပ်ယမ်းတတ်ချေ၏။ အကောင်းမျှော်ကား မျှော်သလို ပေါ်ပါမှ အရင်းသာတည်း။

ထိုသို့သောအတွေးများဖြင့် လာမည့်ဘေးပြေးတွေ့ရန် တာစူလျက်သာ ရှိချေ၏။

သီတင်းနေ့တိုင်း နောင်တော်ထံဖုန်းဆက်မေးရ၏။ တစ်နေ့မှာတော့ ဆေးလိပ်ရုံတစ်ရုံ၌ အလုပ်ရရန်ရှိသည်၊ စာရင်းအတွက်အချက်များ ကျွမ်းကျင်ရန် လေ့လာထားဖို့ပြော၏။ ထိုသတင်းကား ဒုက္ခရောက်ရန်ဖြစ်၍ ပျော်နေလေတော့၏။

ထို့နောက် အတွက်အချက်စာရင်းအင်းတွေ ပြန်လေ့ကျက်ခဲ့၏။ အတူနေ သီတင်းသုံးဖော် ဦးဉာဏိန္ဒ(ခရမ်း)ထံမှလည်း အခြေခံအင်္ဂလိပ်စာများကို သင်ယူ၏။

http://www.dhammadownload.com



ဖတ်စာ၊ဂရမ္မာစာများနှင့်တကွ မီးနှင်းများကိုပါကျက်မှတ်ခဲ့၏။ အင်္ဂလိပ်စာလုံးပေါင်း တစ်ထောင်ကျော်မျှ အာဂုံဆောင်ထားနိုင်၏။ အင်္ဂလိပ်သတင်းစာများကိုပင် ဖတ်နိုင်ခဲ့၏။ ဤသို့ပင် ဒုက္ခဒဏ်ထမ်းဖို့ ပြင်ဆင်နေခြင်းသာဖြစ်၏။

အရှင်ဥယျှသည် မိမိရဲ့ မာန်မာန၏ လက်ချက်ကြောင့်ပင် နေ့စဉ်ရက်ဆက် မျက်ရည်ကျရင်းကပင် လူမထွက်မီ ဘဝခံစားချက်မှတ်တမ်းကလေး ရေးလိုက်မိတော့၏။

ရတက်ပြေသမျှ ခက်လေစွာ့
တက်ခြေမာန လက်ချက်ပင်
မျက်ရည်လွှာက သွက်သွက်ရှင်သည်
ရက်ဆက်ပင် ပွဲ
တက်တက်စင် အယူလွဲဘို့
အော် . လူထဲသို့ မြှုပ်ညှင့်သည်
ဖြူမဲ့အဆင် တ, မှန်း
သူ့ရဲ့အသွင် ကြွလှမ်းမဖျာ့
ရဟန်းဘဝနှင့် လမ်းစမသိလိုပြီ
ထမ်းရမှာသတိ ကျေမချမ်း
ရွှေနန်းလျှင် ပြေမတမ်းချင်ဘူ
သေခမ်းပင် ဖြတ်လိုက်ချင်
မိုက်စတပြင်ပြင်
တိုက်စနှင့် ခိုက်စထွက်မည်
အကြိုက်ဘဝတွင် ပျော်ဦးမကွဲ့လေး . . လေး . . ။

အရှင်ဥယျှသည် ဤသို့ပင် အတွေးချဲ့လျက်က တေးဖွဲ့ကဗျာရေးလိုက်ပါသည်။ ထို့နောက် ၁၃၂၇-ခုနှစ်၊တော်သလင်းလဆန်း(၁၃)ရက်နေ့တွင် သိက္ခာချ၍ လူဘဝသို့ရောက်ခဲ့ရသည်။

http://www.dhammadownload.com


ရဟန်းဘဝမှ လူ့ဘဝမောင်ညိမ်းမောင်အဖြစ်သို့ ရောက်သွားသည့် အခါတွင် ရန်ကုန်၊ တာမွေ- ကျောက်မြောင်းရှိ ' ကြံတိုင်းအောင် 'ဆေးလိပ်ခုံတွင် စာရေး ဝင်လုပ်ခဲ့သည်။

ထို့နောက် အမေနှင့်အမတို့က စီစဉ်သည့်အတိုင်း မင်းကုန်းရွာ တစ်ရွာတည်းနေသော ဒေါ်စိန်မေနှင့် ၁၃၂၉-ခုနှစ် နယုန်လပြည့်ကျော်(၆)ရက် နေ့တွင် အိမ်ထောင်ကျခဲ့သည်။ မင်းကုန်းရွာတွင် တစ်မိုးခိုခဲ့လေသည်။

မင်္ဂလာဆောင်လက်ဖွဲ့ငွေ(၈၅၀)ကျပ်နှင့် မိဘများက(၁၅၀)ကျပ်ပံ့ပိုးပေး သဖြင့်ပေါင်း(၁၀၀၀)ကျပ်ဖြင့် ရန်ကုန်မြို့သို့ပြန်ခဲ့ကြလေသည်။အိမ်ထောင် ပရိဘောဂများဝယ်ပြီး ကျန်ငွေ(၃၀၀)ကျပ်ကို အရင်းပြုလျက် သင်္ကန်းကျွန်းဈေး ကြီးတွင်ဈေးဆိုင်ဖွင့်ခြင်း၊ သင်္ကန်းကျွန်းဈေးကြီးအတွင်းဝယ်''ဆန်းနယဉ် ဆေးဆိုးပန်းရိုက်လုပ်ငန်း''ဟူသောလုပ်ငန်းဖွင့်လှစ်ခဲ့ခြင်း၊ ''ရွှေခြသေ့်မဲနယ်'' ထုတ်လုပ်ခြင်း တို့ကိုလုပ်ကိုင်ခဲ့သည်။

သင်္ကန်းကျွန်းမြို့နယ်၊ ၈-ရပ်ကွက်မြောက်ပိုင်း၊ ၁/၅၈၊ ပြည်သာယာ (၃)လမ်းတွင် ပေ(၄၀×၄၀)ပတ်လည် ပျဉ်ထောင်သွပ်မိုးအိမ်ကိုပင် ကိုယ်ပိုင် ဝယ်နိုင်ခဲ့သည်။

ဦးညိမ်းမောင်သည် လောကစီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး စသည်ဖြင့် ဆောင်ရွက်ခဲ့၏။

ရပ်ကွက်(ရ-လ-ကအဖွဲ့)ဦးဆောင်ကော်မတီ(အမှုဆောင်လူကြီး) ငါးဦးထဲတွင်ပါတီကိုယ်စားလှယ်၊ တရားရေးကော်မတီဥက္ကဋ္ဌ၊ အုပ်စုခေါင်းဆောင် တာဝန်၊ အရံပါတီဝင် စသည်ဖြင့်ထမ်းဆောင်ခဲ့သည်။

မောင်ညိမ်းမောင်သည် မိမိအိမ် ဖောက်ခိုးယူခံရခြင်း၌ငွေကုန် အလုပ်ပျက်၊ လူပင်ပန်း၊ ဈေးရောင်းပျက်မည့်အရေး တွေး၍ အမှုမလုပ်ခဲ့ချေ။ နောက်တချိ ဆိုင်အဖောက်ခံရခြင်း၌ အမှုဖွင့်၍တိုင်ကြားပြီးနောက် အမှုနှင့် သက်ဆိုင်သူ၊ ဥပဒေနှင့်ငြိစွန်းသူတို့ ဆင်းရဲဒုက္ခရောက်သည်များကိုကြားသိ၍ သံဝေဂတရား ရခဲ့သည်။

http://www.dhammadownload.com



ဦးညိမ်းမောင်သည် သံဝေဂတရားရပြီးသည့်အချိန်မှစ၍ လောကီစီးပွားရေး၊ ကြီးပွားရေးတို့၌ စိတ်မဝင်စားတော့ချေ။ ကိုးပါးသီလယူထားခြင်း၊ ပုတီးစိတ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ဘာဝနာပွားများခြင်းတို့ကို ကြိုးစားလာခဲ့သည်။

ရန်ကုန်ရှိ ရွှေတိဂုံ၊ ဆူးလေ၊ ကမ္ဘာအေး၊ မိုလ်တထောင် စသည်ဖြင့် မြို့ပေါ်ရှိ စေတီပုထိုးများ၊ တန်ခိုးကြီးဘုရားများ။ လယ်ဝေးမြို့နယ် သာဝတ္ထိ–စမတောင်၊ မွန်ပြည်နယ်–ကေလာသတောင် စသည်ဖြင့်နေရာအသီးသီးသို့ သွားရောက်၍ အဓိဋ္ဌာန်ဝင်ခဲ့သည်။ ရသေ့ဝတ်များဖြင့်လည်းအားထုတ်လေသည်။ ဝိဇ္ဇာဖြစ်ချင်သည့် စိတ်များလည်းပါဝင်ခဲ့သည်။

ရန်ကုန်မြို့ တန်ခိုးကြီးဘုရားများတွင် အဓိဋ္ဌာန်ဝင် အားထုတ်ရာ၌ စားသောက်ရေးကိစ္စကို ပဓာနမထားဘဲ ကြိုးစား၍အားထုတ်ခဲ့၏။တစ်ခါတစ်ရံ နေ့ရက်များတွင် ပုဆိုးခါးပိုက်ထောင်ထဲတွင် ကုလားပဲထည့်ထားကာ ရောက်လေရာတွင် ရေစိမ်ပြီးစားခဲ့လေသည်။

ထိုကဲ့သို့ ရသေ့ဘဝဖြင့်အားထုတ်ခဲ့ရာ ထူးခြားမှုများစွာတို့ကို တွေ့ ကြုံခဲ့ရလေသည်။

http://www.dhammadownload.com


# ဝိဋ္ဌာဆိုတာ

၁၃၃၇–ခုနှစ်၊ ဆောင်းလတွင် ဝေဘူဆရာတော်ဘုရားကြီး ရန်ကုန်ကြွလာတော်မူပြီး ရွှေတိဂုံတောင်ဘက်မုခ်အနီးရှိ အင်းလေးဓမ္မာရုံတွင် ည(၇)နာရီ တရားဟောတော်မူ၏။

ဦးညိမ်းမောင်တစ်ယောက်လည်း ရွှေတိဂုံဘုရားပေါ်တွင် အဓိဋ္ဌာန်ဝင်ပြီးနောက် အင်းလေးဓမ္မာရုံသို့ တရားနာယူရန် ရောက်ရှိခဲ့သည်၊ (၇)နာရီ ထိုးလျှင်ပဲ ဆရာတော်ဘုရားကြီး တရားဟောကြွလာတော်မူလေသည်။

ဦးညိမ်းမောင်အဖို့ ဝေဘူဆရာတော်ဘုရားကြီး ကြွလာသည်ကို ဖူးတွေ့လိုက်ရသောအခါတွင် အံ့သြသွားရပြီ။

'ဟာ– ဆရာတော်ဘုရားကြီးရုပ်တော်က ကျနေပါပကောလား၊'

'ဟာ–တော်တော်ကြီး သက်တော်၊ရွယ်တော် ရနေပါရော့လား၊'

ဝေဘူဆရာတော်ဘုရားကြီးကို မဖူးတွေ့ရတာ ဆယ်နှစ်ကျော်နေပြီဖြစ်၍ ယခုဖူးတွေ့ရသောအခါ ဤမျှအရွယ်တော်ရနေသည်ကို ဖူးမြော်ရင်း အံ့အားသင့်နေခဲ့ရ၏။

ဆရာတော်ဘုရားကြီးသည် ပလ္လင်ပေါ်သို့မတက်သေးဘဲ ဦးညိမ်းမောင်ကို စူးစူးစိုက်စိုက်ကြည့်တော်မူနေသည်။ တစ်မိနစ်–နှစ်မိနစ်ခန့်ပင် ကြာမည်ထင်၏။ ဆရာတော်ဘုရားကြီးလည်း မျက်တောင်မခတ် စူးစိုက်ကြည့်၏၊ ဦးညိမ်းမောင်လည်း မျက်တောင်မခတ် စူးစိုက်ကြည့်လေ၏။ အကြည့်ချင်းဆုံ၊ အသိချင်းဆုံတော့ ဘဝင်ခုံနေလေတော့၏။

ဆရာတော်ဘုရားကြီးက တရားဟောတော်မူရာ–

- ဆရာတော်ဘုရားကြီး ဘာကိုညွှန်ပြတော်မူလိုသနည်း။
- ဘာကိုလက်ညှိုးထိုးပြထားသနည်း။
- ဘာဖြစ်စေလိုသနည်း။

http://www.dhammadownload.com


ဤသည်တို့ကား–ဦးညိမ်းမောင်တစ်ယောက် သိလိုသောအချက်များပင် ဖြစ်၏။ တရားနာလာစဉ်ကပင်'ငါ–လိပ်ပတ်လည်အောင် နာယူမည်' ဟုလည်း အားခဲထားခဲ့၏။ အသက်(၁၃)နှစ်သားဘဝက မိခင်ကြီးနှင့် အင်ကြင်းပင်ကမ္မဋ္ဌာန်း ကျောင်းသို့ လိုက်ပါသွားတုန်း တရားနာခဲ့တာက ခလေးသိဖြင့် တရားနာခဲ့၏။ ယခုတစ်ခါတော့ လူကြီးသိဖြင့် တရားနာယူဖို့ အားခဲထားခြင်းဖြစ်၏။

ဝေဘူဆရာတော်ဘုရားကြီးက တရားတော် ဟောကြားတော်မူလေ သည်။ တရားတော်စသည်နှင့်– ဝီရိယဓမ္မသည် အဓိက၊ တရားတော်ဆုံးခါနီး ပွဲကြည့်စဉ်ကဝီရိယနှင့်နှိုင်းယှဉ်ပြသည်က ဝိသေသ၊ ညွှန်ပြနေသည်မှာ ဝီရိယထူထောင်ဖို့၊ လက်ညှိုးတော်ကား ဘုရားလက်ထက်တော်တုန်းက ဝီရိယိဒ္ဓိပါဒ် အရှင်သခင်ကြီးများကို ထိုးပြ၏။ ဖြစ်စေလိုသည်မှာ တစ်ခါတည်း နှစ်လုပ်ပြီးစီးဖို့ဖြစ်၏။

ညစဉ်–(၇)နာရီအချိန်ရောက်တိုင်း (၅)ညတိုင် ဆက်လက်၍ နာကြား ခဲ့၏။ တရားစကားကသာ မထပ်ရှိချေသည်၊ တရားသဘောကား ဝီရိယ တစ်သားတည်းပင် ထပ်လျက်ရှိလေသည်။

ထို (၅)ရက်ညတွင် ထူးထူးခြားခြား ရသေ့ကြီးတစ်ပါး လာရောက် တရားနာယူလေသည်။ နောက်ပါတပည့်(၂၅)ယောက် ခန့်ပင်ပါလာ၏။ ဟိတ်ဟန်ကြီးသည်၊ မာနကြီးဟန်လည်းရှိ၏။

ဆရာတော်ဘုရားကြီး တရားဟောတော်မူလေပြီ။ ရှေးဦးစွာ ဒါနတစ်ခုခု ပြုပြီး တောင်းရမည့်ဆုတောင်းကိစ္စ၊ ထိုအခါမှာတော့ ရသေ့ကြီးထံမှ ဘာ မနောတိုက်လိုက်သည်မသိ ဆရာတော်ဘုရားကြီးက ရသေ့ကြီးကိုငုံ့ ကြည့် လျက် ရုတ်တရက်ရပ်ပြီး တရားတော် ပြောင်းဟောတော်မူလေတော့၏။

"ဗျာ– ဝိဇ္ဇာဆိုတာ တခြားမဟုတ်ဘူး၊

တထိထဲ–ထိ၊ တသိထဲ သိသိနေတာ အဲဒါ ဝိဇ္ဇာပဲဗျာ့၊

ကဲဗျာ အဲဒီလို တထိထဲထိ– တသိထဲသိနေတဲ့ အချိန်ကလေးမှာ–

လောဘကော ဝင်သလားဗျာ။"

http://www.dhammadownload.com



"မဝင်ပါဘူးဘုရား။"

"ဒေါသကော ဝင်သလားဗျာ့။"

"မဝင်ပါဘုရား။"

"မောဟကော ဝင်သလားဗျာ။"

"မဝင်ပါဘုရား။"

"အေး..အေး– အဲဒီ မောဟ–အဝိဇ္ဇာမဝင်တာမှ ဝိဇ္ဇာအစစ်တဲ့ဗျာ"

ပြီးသော် ဆရာတော်ကြီးသည် ဟောလက်စ စကား ကောက်တော်မူလေ၏။

ဦးညိမ်းမောင်သည် ဆရာတော်ဘုရားကြီး၏ တရားတော်ကို နာကြားရပြီး သဘောပေါက်သွားတော့၏။

ဟုတ်သားပဲ– ငါလုပ်တာ ငါမှမသိဘဲနဲ့ ဘယ်သူကသိမလဲ။

ဟုတ်သားပဲ– လိုချင်စိတ်နှင့်လုပ် အရှုပ်ပဲအဖတ်တင်မှာပဲ။

ငါသည် ဝိဇ္ဇာဖြစ်ချင်၏။ ယနေ့ ဝိဇ္ဇာဖြစ်နည်းရခဲ့ပြီ။

ငါသည် ဝိဇ္ဇာကြီးများနှင့်တွေ့ချင်၏။ ယနေ့ ဝိဇ္ဇာကြီးများနှင့် တွေ့ ခွင့်ရချေပြီ။ သည်အတိုင်းဆို–

- တစ်ချက်ထိလို့ တစ်ချက်သိနေလျှင် ငါသည် တစ်ချက်ဝိဇ္ဇာဖြစ်ပြီ။
- တစ်နံနက်လုံးထိ တစ်နံနက်လုံးသိ–သိနေ တစ်နံနက်လုံးဝိဇ္ဇာ။
- တစ်ရက်လုံးအထိကို တစ်ရက်လုံးသိ တစ်ရက်ဝိဇ္ဇာ။
- သည်လိုသာ တစ်သက်လုံး အထိ တစ်သက်လုံးကြီး သိ–သိနေလျှင်ကား– ငါသည် တစ်သက်လုံးဝိဇ္ဇာဖြစ်ပြီ။

ဤနည်းကား လွယ်လိုက်သည်ဖြစ်ခြင်း။

ထိုမှနောက်၌ ဝိဇ္ဇာပျောက်ကိုလည်း လိုက်မရှာတော့ဘူး။ အဓိဋ္ဌာန်ပုတီးပတ်လည်း လောဘမကြီးတော့ဘူး။ လောဘကြီးသဖြင့် သောကကြီးလည်း ကပ်ပါလာတတ်၏။

http://www.dhammadownload.com


- ထိုလောဘ–သောကသည် အဝိဇ္ဇာနိုင်ငံသွားရာ၌ စီးသော ဘယ်–ညာ ဖိနပ်တစ်ရံ။
- သတိနှင့် အသိသည်သာ ဝိဇ္ဇာနိုင်ငံသွားရာ ဘယ်–ညာ ဖိနပ်တစ်ရံ။

ဤသို့ကောက်ချက်ချလိုက်သည်။ ပုတီးပတ်လည်း ကိုးပတ်ထက်မပို တော့ဘူး။ ထိုကိုးပတ်သော်မှ အမိဋ္ဌာန်တင်ရာ၌သာသုံး၏။ သွား စိတ်ရာ၌ကား တစ်လုံးထိ တစ်လုံးသိအောင် ကြိုးစားလေတော့၏။

ဝေဘူဆရာတော်ဘုရားကြီး ချီးမြှင့်လိုက်သော ဝိဇ္ဇာဖြစ်နည်း "တထိ ထဲထိ၊ တသိထဲသိ"ကို ဖိဖိစီးစီးပြုကျင့်အားထုတ်လာရာ တစ်စ–တစ်စ သတိနှင့်အသိတို့သည် ကြီးထွား၍လာကုန်၏။ ကြာလာသော် မြို့တွင်း၌လည်း နေလို့မရတော့ချေ။ လူဝတ်ဖြင့်လည်း မနေလိုတော့ချေ ဖြစ်လာလေ၏။

## ဝေဘူဆရာတော်သို့ အမိဋ္ဌာန်ဖြင့်လှူ

အချိန်ကား ၁၃၃၈–ခုနှစ်၊ နတ်တော်လဆန်း(၇)ရက်နေ့တွင် ဝေဘူ ဆရာတော်ဘုရားကြီး ရန်ကုန်ကြွလာမည်ဟု သတင်းစကားကြားလာသည့်အခါ စတုမဓု လှူဒါန်းမည်၊ ဆုပန်မည် ဟူသောစိတ်ကူးဖြင့် ဦးညိမ်းမောင်သည် မိုလ်ချုပ်ဈေးသွား၍–

- စတုမဓုတစ်ဘူး (၁၈)၊
- ဖန်ခွက်တစ်လုံး။
- အောက်ခံပန်းကန်ပြားတစ်ချပ်။
- စတုမဓုထည့်ရန် ပန်းကန်ပြားတစ်ချပ်။
- ဆေးသုံးရန် စတီးဇွန်းတစ်ချောင်း။
- ယင်းတို့ထည့်ရန် ဘန်းငယ်တစ်ချပ်။

ယင်းတို့ကို အသစ်ချည်းဖြစ်ရန် ရှာဖွေစုဆောင်းခဲ့၏။

http://www.dhammadownload.com



# စတုမဓု အသီဖြင့် လှူသည်

ဘဝကို ငြိမ်းချမ်းသွားအောင်၊ မီးငြိမ်းသွားအောင် ကျင့်ဆောင်နေသော ဦးညိမ်းမောင်သည် ဝေဘူဆရာတော်ဘုရားကြီးကို "စတုမဓု" လှူဒါန်းရာ၌ အတွေးကြီးစွာ အဓိပ္ပါယ်ရှိစွာဖြင့် လှူဒါန်းပြီး ဆုတောင်းရန်သာ ဖြစ်ချေ၏။

အတွေးကား ...ဤ စတုမဓု ဟူသည် ချိုမြိန်သော (နှမ်းဆီ၊ ထောပတ်၊ တင်းလဲ၊ ပျားရည်) အရသာလေးမျိုးဟူ၍ အဓိပ္ပါယ်ကောက်ယူထား၏။ ထိုသို့ အဓိပ္ပါယ်ဆောင်စေသည့်မှာ သစ္စာလေးပါးကို ရည်စူးထားလေ၏။

- ♦ နှမ်းဆီနှင့်ထောပတ်ကား ချိုသလော မေးအံ့၊
- ♦ ဒုက္ခနှင့်သမုဒယလည်း မချိုပါဟူ၍ပင် ဖြေပါမည်။

သို့သော် စတု–လေးပါးသော၊ မဓု–ပျား (သို့မဟုတ်) အချိုကား မဓု။

နှစ်မျိုးသော သကာပျားတို့၏ အချိုဓာတ်အားများကို ကိုယ်ခန္ဓာအား ချဉ်ဆီအကြားထိ တွန်းလွှတ်ပို့ဆောင်ပေးရာ၌ အပူအား နှမ်းဓာတ်သည် လည်းကောင်း၊ အပူထိန်းထောပတ်ဓာတ်သည်လည်းကောင်း အရံအဖြစ် ပါရသည်သာဖြစ်သဖြင့် သို့မဟုတ် အချိုဓာတ်တို့၏နောက်ပါးက ထိုအချိုဓာတ်အား များနှင့် အညီအမျှ သမကာ ရောနှောစွာပါသွားရသည်ကား မလွဲသာတော့သဖြင့် နှမ်းလည်း မဓု၊ ထောပတ်လည်း အချိုစုသာ အမည်ခံရချေသည် မဟုတ်ပါလော။

မဂ္ဂင်နှင့်နိရောဓကား ဒုက္ခနှင့်သမုဒယ မီးပွားကြားမှ ပေါ်ထွန်းရသော တရား။ ဒုက္ခကြီးလေ ငြီးငွေ့လေ၊ အပျော်မွေ့လေ ဒုက္ခတွေ့လေသာ။ ထိုဒုက္ခ– သမုဒယ မရှိ၊ နိရောဓ–မဂ္ဂ ဖြည့်စရာပင်မလိုပြီ။ ဒုက္ခလည်းရှိ ဒုက္ခကိုလည်းသိမှ မဂ္ဂဖြင့်ဖိ နိရောဓအလှည့် ဆိုက်ရချေသည်မှာ ဓမ္မတာ။ ထိုမဂ္ဂကြောင့် ထိုနိရောဓ အငြိမ်းဓာတ် အအေးဓာတ် ဆိုက်ရာ၌ ပူစေ၊ နှံးစေသော ဒုက္ခ–သမုဒယတို့လည်း လုံးထွေးကာ ပါသွားခြင်းကြောင့် ထိုဒုက္ခ–ထိုသမုဒယလည်း အငြိမ်းဓာတ် အအေးဓာတ်အရာ ဝင်ချေသည်သာတည်း။

http://www.dhammadownload.com



ဦးညိမ်းမောင်ကား ဤအတွေးဆောင်ကာ ဝေဘူဆရာတော်ဘုရားကြီးအား စတုမဓုဆေး ကပ်ရန် ကြိုးစားရာမှ ပေါ်ထွက်လာသော အနုမာနတရားများတည်း။

၁၃၃၈–ခုနှစ် နတ်တော်လဆန်း (၇)ရက်နေ့ ညနေရောက်ပြီး ပရိသတ်များလည်း ဦးညိမ်းအိမ်တွင် စုံနေကြလေပြီ။ ဝေဘူဆရာတော်ကြီး၏တရားပွဲသို့ နိဗ္ဗာန်ကူးတို့ ပို့ဆောင်ပေးမည့် ကားအလှူရှင်ကလည်း အဆင်သင့်ပင်ရှိနေ၍ ကားဖြင့် အိမ်မှစ၍ထွက်ခဲ့သည်။ ရွှေတိဂုံဘုရားသို့ ဦးတည်ခဲ့သည်။

ရွှေတိဂုံဘုရားသို့ရောက်သည်နှင့် အသီးသီးဘုရားဖူးကြ၏။ ထိုအချိန်မှာတော့ ဦးညိမ်း အကြံတစ်ခုပေါ်လာသဖြင့် တောင်ဘက်မုခ် တောင်ဘက်အာရုဏ်ခံတန်ဆောင်းတော်အတွင်းမှာပင် ဦးစွာ ကိုးပါးသီလကို ဆောက်တည်၏။ ပြီးသော် စိတ်ဖြင့် ဝေဘူဆရာတော်ဘုရားကြီးကို ရည်မှန်းကာ ဆေးလှူ၏။ ပြီးသော် ဆုတောင်း၏။

"ဘုရားတပည့်တော် ဤဆေးတော်ကို ဝေဘူဆရာတော်ဘုရားကြီးအား လှူဒါန်းပါ၏။ ဤကောင်းမှု၏ စေတနာအရှိန်၏ တွန်းအားသတ္တိကြောင့် ဆရာတော်ဘုရားကြီးကဲ့သို့ ကျင့်နိုင်စွမ်းရှိပြီး ဆရာတော်ဘုရားကြီးကဲ့သို့ သိနိုင်စွမ်းလည်း ရှိရပါလို၏ဘုရား။ ထိုသို့ကျင့်နိုင်စွမ်းအလျောက် သိနိုင်စွမ်းအား ထွန်းပေါက်ပြီးပါသော် ဆရာတော်ဘုရားကြီး ဝေနေယျအား သနားချီးမြှောက်သလိုပင် ဘုရားတပည့်တော်သည်လည်း ချီးမြှောက်နိုင်စွမ်း ရှိရပါစေသား အရှင်မြတ်ဘုရား။ ဘုရားတပည့်တော် ဤဆုတောင်းပန်ဆင်မှုကို ဆရာတော်ဘုရားကြီး အသိအမှတ်ပြုရိုးအမှန် ရှိခဲ့ပါသော် ဤဆေးတော်အား သုံးဆွန်းတိတိ ဘုန်းပေးပါစေသား။"

ဤသို့ ပန်ဆင်ဆုတောင်းပြီးသော် အင်းလေးဓမ္မာရုံသို့ သွားရောက်ကြကာ အသီးသီး နေရာယူကြ၏။ တရားနာပရိသတ်များလည်း များလွန်းလှ၏။

ဦးညိမ်းကား လက်ျာဘက်ဖြစ်သော အရပ်မှာ နေရာယူ၏။ ဆွမ်းစားရာ၊ ဘုရားဝတ်ပြုရာ ခုံကြီး၏ ယာဘက်ဘေးမှာပင် အနီးကပ် နေရာယူထား၏။

http://www.dhammadownload.com



ငွေတိုးလျက်က ဖွဖွနှင့် ရှရှလေး ထိတွေ့ပေးနေလေ၏။ တစ်ကိုယ်လုံးလည်း ကြီးလိုက်သေးလိုက် ဓာတ်လိုက်နေသည့်ပမာ ဖြစ်နေလေတော့၏။

ဆရာတော်ဘုရားကြီးသည် သီလပေးပြီးနောက် တရားတော်စတင်လိုက်ချေပြီ။ ထုံးစံအတိုင်း သီလဆောက်တည်ပြီး ပြည့်အောင်ဖြည့်ရန်၊ ဒါနပြုပြီးနောက် တောင်းဆုပန်ရမည့် ဗောဓိငါးမျိုး တစ်မျိုးမျိုး တောင်းကြရန်ပင် ဟောတော်မူ၏။

ပြီးသော် "ဒို့ဒကာ ဒကာမတွေ သံဃာတော်အရှင်ကောင်း အရှင်မြတ်တွေက မေတ္တာငွေမိုး သွန်းဖြိုးကာ ချီးမြှင့်ထားတော်မူကြပြီးဖြစ်လို့ ကျင့်နည်းတွေလည်း အားလုံးကိုပင် ကျွမ်းနှီးလိမ္မာကြပြီးသားတွေပါဗျာ၊ ဒို့များ ဟောဖို့ရာတောင် မလိုအပ်တော့ပါဘူးတဲ့ဗျာ၊"

"တပည့်တော်များ ပါရမီနည်းနေသေးလို့ အကျယ်ချီးမြှင့်တော်မူပါဘုရား" ဟု ဒကာတစ်ယောက်က ကြားဝင်လျှောက်ရာ..

"ပါရမီဆိုတာ ဘာကိုခေါ်တာလဲဗျာ ဒကာကြီး"

"ပါရမီဆိုတာ ဖြည့်ကျင့်မှုကို ခေါ်တာပါဘုရား" (ဒကာကလျှောက်)

"အံမယ်မင်းဗျာ ကိုယ့်ဟာကိုယ်ဖြည့်ရတာများ နည်းတယ်ရယ်လို့" (ဒကာမလှုပ်တော့ချေ)။

ထို့နောက် ယမန်နှစ်ကလိုပင် ဝိရိယထူထောင်ရန်ဖြစ်၏။ မှန်မှန်တစ်ခုကို သန်သန်ဝိရိယနှင့်ထူထောင်လျှင် ရှေးရှေး ဝိရိယိဒ္ဓိပါဒ် အရှင်ကောင်းသူတော်ကောင်းများအတိုင်း ပြည့်စုံပုံများ ဟောကြားတော်မူ၏။

သည့်နောက် ဘုရားရှင်လက်ထက်တော်ကာလတုန်းကလည်း ပျင်းနေဖျင်းနေကြတဲ့ လူတွေ၊နတ်တွေ၊ဗြဟ္မာတွေ ဘုရားနှင့်အတူ ပါမသွားဘူး ဟူ၍လည်း သတိပေးတော်မူ၏။

ပြီးသော် ဝိရိယတွေ ကိုယ်စီကိုယ်ငှ ရှိကြ၏။ ရှိသည့်ဝိရိယ သည်မှာ ထုတ်သုံးဖို့လိုသည့်အကြောင်း ပွဲကြည့်တုန်းကဝိရိယ လက်ညှိုးထိုးပြ၍ ဆုံးမ

http://www.dhammadownload.com



တော်မူ၏။

"ကဲဗျာ...ဒို့ ဒကာ၊ ဒကာမတွေ မကြိုးစားချင်ကြဘူးလား"

"ကြိုးစားချင်ကြပါတယ်ဘုရား"

"ဘယ်တော့ ကြိုးစားကြမှာတုန်းဗျာ"

"အခုပဲ ကြိုးစားပါတော့မယ်ဘုရား"

ထို့နောက် ဆရာတော်ဘုရားကြီးသည် တရားဆုံးသောအခါ ဆုပေးရာ ထူးထူးခြားခြား စေတလုံးပါလာလေသည်။ "ဝီရိယထား ကြိုးစားအားထုတ်ပြီး ပျော်ပျော်ကြီး နိဗ္ဗာန်သို့ ဝင်စံနိုင်ရအောင် မိမိတို့မှန်းရာ ဗောဓိဆုကြီးနှင့် ပြည့်စုံကြစေဗျား" ဟူ၍ တရားအဆုံးသတ်လေတော့၏။

စိတ်အကြံဖြင့် အဓိဋ္ဌာန်၍ သွားပါသော ဦးညိမ်းသည် ' *ငါတို့ကိုများ တမင်ရည်စူး၍ အောင်ဆုပေးလေသလား၊ ငါ့စိတ်အကြံ အဓိဋ္ဌာန်ကို သိသဖြင့် သိသိသာသာကြီး ချီးမြှောက်လေရော့သလား*' ဟူသောအတွေးများဖြင့် ပျော်မဆုံး ဖြစ်နေရတော့သည်။

http://www.dhammadownload.com


သောက်တော်ရေလည်း အဆင်သင့်၊ ဆေးလည်း အဆင်သင့်ဖြင့် ပြင်နှင့်ထားချေ၏။

ည(၇)နာရီထိုးပြီး ဆရာတော်ဘုရားကြီး သီတင်းသုံးရာ အထက်ထပ်၏လှေကားဆီမှ ကြေးစည်သံလေးပေါ်ထွက်လာချေပြီ။ ဆရာတော်ဘုရားကြီးကားပရိသတ်တို့အလယ် မင်းလမ်းမကြီးမှ ကြွချီတော်မူလာလေ၏။

သည်အချိန်မှာတော့ ဦးညိမ်းတစ်ယောက် အတွေးပေါက်လာလေ၏။

*ဆရာတော်ဘုရားကြီးအား တရားမဟောမီ ဆေးလှူလိုက်ရလျှင် ... ဆရာတော်ဘုရားကြီး ဟောဒီဆေးကိုသုံး၍ ဟောဒီပရိသတ်ကြီးကို တရားဟောစေအံ့။ ငါ၏ဆေးအာနိသင်ကိုသုံးလျက်က ဟောသည့် တရားတော်သည်ကားငါ၏တရားသာ ဖြစ်စေအံ့။ ငါ၏ဆေးကိုသုံး၍ ဟောသောတရားကို နာခံကြသောပရိသတ်သည်လည်း ငါ့ပရိသတ်သာဖြစ်စေအံ့။*

စိတ်ဆန္ဒအား ကြီးလာလျှင် ကိုယ်၊ နှုတ်တို့ အငြိမ်မနေနိုင်ချေ။

ဆရာတော်ဘုရားကြီးသည် ဘုရားအာရုံပြု ဦးချပြီးစီး၍ ပလ္လင်ပေါ်သို့ရောက်သည်နှင့် ဦးညိမ်းကား ဆရာတော်ဘုရားကြီး၏ရှေ့ဝယ် ဆေးဘန်းကိုကိုင်ကာရပ်လျက်–

“ဆရာတော်ဘုရား ဤဆေးကို အလှူခံတော်မူ၍ ဘုန်းပေးတော်မူပါဘုရား”

ဦးညိမ်း လျှောက်ထားသောစကားသည် ထိမိလှ၏။ ဤဆေးကိုအလှူခံ၍ဘုန်းပေးတော်မူပါ ဆိုတော့ အလှူခံရုံနှင့်မပြီးသေး ဘုန်းပေးရဦးမည်ဖြစ်၏။ ဒီကြားထဲ စိတ်အကြံဖြင့် အမိဋ္ဌာန်ချက်တွေကလည်း မနည်းလေတော့ ဝေဘူဆရာတော်ဘုရားကြီးသည် မိမိကျင့်ရာဓမ္မဘက်သို့ ဉာဏ်သက်ဝင်နေခြင်းများနှင့်အတူ အလှူရှင်၏ စေတနာတောင့်တချက်တွေဘက်လည်း ဉာဏ်လှည့်နေရဟန်ဖြစ်ပေလိမ့်မည်ဟု ထင်မိ၏။

ဤလျှောက်ထားချက်ကလည်း စိတ်ဖြင့် လျှောက်ထားချက်သာဖြစ်၏။

http://www.dhammadownload.com



တစ်ချိန်က ကျောင်းသားဘဝ၊ ကိုရင်ဘဝ၊ ရဟန်းဘဝတွေက ပန်ဆင်ချက်တွေ ချီးမြှောက်ခဲ့သည့်အချက်တွေကိုပင် ပြန်လည်သုံးသပ်နေဟန် ဖြစ်ချေ၏။

ဆရာတော်ဘုရားကြီးကား မလှုပ်ဘဲ ငြိမ်သက်နေတော်မူ၏။ နှာသီးဝတော်မှလည်း ဝင်လေ၊ထွက်လေများက ရှည်ရှည်လှုပ်နေပါ၏။ ပရိသတ်များကလည်း မျက်တောင်မခတ်ဘဲ ကြည့်နေကြ၏။ ဝေဘူဆရာတော်ကြီးနှင့် ဦးညိမ်းတို့၏ အကြောင်းအကျိုးဆက်စပ်မှုများကို မသိသူတို့ကတော့ ဘန်းကိုင်၍ ဆေးကပ်နေသူကြောင့် ဆရာတော်ငြိမ်သက်နေသည်ထင်ကြ၏။ တချို့ကလည်း အရင်က ဒီလိုကပ်ရတာမှမဟုတ်ဘဲ တရားပွဲပြီးမှကပ်ကြရတာ။ ကပ်တာတောင် ဆရာတော်ဘုရားကြီးက အလှူရှင်စေတနာကို ချီးမြှောက်သောအားဖြင့် ဇွန်းလေးကို တို့ရုံလေးမျှသာ ဟူသော အတွေးကိုယ်စီ ကိုယ်စီဖြင့် ဝေသီနေကြလေသည်။

ဝေဘူဆရာတော်ဘုရားကြီးကား "ရဟန္တာ"ဟု ကျော်ကြားတော်မူနေသည်။

ဆေးကပ်သည့် ဦးညိမ်းကား အဓိဋ္ဌာန်ဝင်၍ အကျင့်သန်နေသူ။ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ငယ်ငယ်ကပင် ချီးမြှောက်ထားသူ။ စိတ်အကြံဖြင့် အဓိဋ္ဌာန်ဝင်၍ စတုမဓုဆေးကိုကပ်နေသူ။

ဤသို့ ဆရာတော်ဘုရားကြီးနှင့် စတုမဓုဒကာ ဦးညိမ်းတို့ အတွင်းဆက် မနောမှာမူ အပေးအယူလုပ်နေသည်တို့ကို ပရိသတ်ကြီးကား မသိရှာပေ။

ဝေဘူဆရာတော်ဘုရားကြီးသည် မလှုပ်မယှက်နေတော်မူရာမှ အတန်ကြာသော် မျက်စိတော်လည်း ဖွင့်ကြည့်၏။ ခေတ္တမျှ ဆင်ခြင်တော်မူပြီး ဆေးဘန်းလှမ်းအကပ်ခံ၍ ယူတော်မူ၏။ ကိုယ်တော်တိုင်ဘန်းကိုယူပြီး ဦးခေါင်းတော်ငုံ့လျက်ကပင် သုံးဇွန်းပြည့်မောက် တောက်လျှောက်ကြီးဘုန်းပေး ချီးမြှင့်တော်မူပေးပါချေတော့၏။

ဦးညိမ်းသည် ဝမ်းလည်းဝမ်းသာလေ၏။ ကြက်သီးမွေးညှင်းလည်းထ၏။ ဆရာတော်ဘုရားကြီး၏ နှာဝမှထွက်လာသော လေများကလည်း လက်ဖမိုးဝယ်

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com


## ဆရာတော်ဦးဝိမလ(အဘဝိမလ)နှင့် တွေ့ဆုံခြင်း

၁၃၃၉–ခုနှစ်၊ ဝါခေါင်လဆန်း(၁)ရက်နေ့သည် ဘောက်ထော် သာသနာ့ရိပ်သာဆရာတော် အဘဝိမလမွေးနေ့ဖြစ်၏။ လဆန်း (၂)ရက်နေ့ ညနေတွင် သတင်းထောက်ဦးထွန်းတင်နှင့် ဦးအုန်းမောင်တို့ (ကေလာသ သွားခေါ်သူနှစ်ဦး)တို့သည် သာသနာ့ဗိမ္မာန်သွားကြချေရာ–

အဘဝိမလက မဆီမဆိုင် ရောက်ရောက်ခြင်း "မင်းတို့အကောင် မောင်ညိမ်း သူ့မိန်းမ လိုက်ခေါ်လို့ ပြန်လာခဲ့ရတယ် မဟုတ်လား" ဒဲ့ဒိုးကြီးမေး၍ ကြက်သေ သေနေခဲ့ကြ၏။ အံ့အားသင့်နေကြ၏။ "အေး ပြောလိုက်စမ်းကွာ ဒီအကောင်တွေ့ရင်၊ နိသျှည်းမရှိလို့ ခါးပြတ်တယ်လို့" ထို့နောက် ဖယောင်းတိုင် တစ်ထုတ် (၂၄–တိုင်ပါ)ချီးမြှင့်ပေးလိုက်လေသည်။

သတင်းထောက်များလည်း ထိုသတင်းနှင့်အတူ ဦးညိမ်းအိမ်ရောက်လာပြီး အကြောင်းစုံပြောပြပြီး အံ့သြနေကြ၏။ ထိုညသ၌ပင်ဦးညိမ်းတစ်ယောက် သာသနာ့ဗိမာန်သို့ ရောက်ခဲ့သည်။

*ငါ့နာမည် အဘယ်သို့ သိနှင့်နေသနည်း။*

*သူတို့လိုက်ခေါ်တာကိုလည်း ဘယ်လိုသိနေသနည်း။*

တစ်ခါမှ မတွေ့ဘူးသေးဘဲ အဘဝိမလ ပြောစကားကိုလည်း စဉ်းစားတွေးတောနေမိတော့၏။ ပရိသတ်လည်း များနေသဖြင့် အဝေးမှဖူးမြင်ကာ အိပ်ခဲ့ရသည်။

နံနက်အရုဏ်မတက်မီကပင် အဘမွေးနေ့ အဘကိုယ်တော်တိုင် ဘုရားအာရုဏ်ကပ်ရန် ပြင်ဆင်ပြီးနောက် အရုဏ်တက်သည်နှင့် သစ်သီးပွဲများ

http://www.dhammadownload.com



အမွှေးနံ့သာ၊အလင်းတိုင်၊မုန့်ဟင်းခါး၊ဆွမ်းပွဲ၊အချိုပွဲများလည်း ဆက်ကပ်တော်မူ၏။

ထို့နောက် မိုးကုတ်ဆရာတော်ဘုရားကြီး၏ နိသျှည်းအတိုင်း ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနှင့် ကမ္ဘာမြေပုံသမိုင်းကို နောက်ခံထားကာ ထိုင်တော်မူလျက် ငုံးမင်းရဲ့ သစ္စာဆိုပုံကို ဟော၏။

“ငုံးမင်းကွာ.. တိရစ္ဆာန်ဖြစ်တယ်။ သူ့မှာ မိဘတွေလည်း တောမီးကြောက်လို့ ပစ်သွားကြတယ်။ အတောင်တွေ၊ ခြေထောက်တွေရှိပါလျက် ပျံသန်းပြေးလွှားခြင်းငှာ မစွမ်းနိုင်သေးဘူး။ ဒီကြားထဲ တောမီးကြီးကလည်း တဟုန်းဟုန်း တောက်လောင်ပြေးလာလေတော့ မပြေးသာတဲ့အဆုံး တောမီးကို ရင်ဆိုင်လိုက်တယ်။

‘အို..တောမီးကြီး၊ အကျွန်ုပ်မှာ မိဘနှစ်ပါးကလည်း တောမီးကြောက်၍ ပစ်ထားကာ သွားကြလေကုန်ပြီ။ အကျွန်ုပ်မှာ အတောင်တွေ ခြေထောက်တွေ ရှိပါလျက် ပျံသန်းခြင်းငှာ မစွမ်းနိုင်ပါ။ ဤစကား အမှန်ဖြစ်ပါ၍ အသင်တောမီးကြီး ဖဲခွာသွားပါစေသတည်း။’ သစ္စာပြုလိုက်တယ်။ တစ်ခါတည်း တောမီးကြီးဟာ စကားကိုသိဘိသို့ပဲ ချက်ချင်းရပ်ပေးလိုက်ရတယ်ကွာ ”

“နောက်တစ်ခု ငါးရံ့မင်းကွာ။ ဒါလည်းပဲ တိရစ္ဆာန်မဟုတ်လား။ သူက သူ့အမျိုးတစ်စု ရေနည်းရတဲ့အထဲ ကျီးလင်းတတွေက ထိုးသုတ် စားသောက်ကြကုန်တော့ သူ့သီလအာရုံပြုလိုက်တယ်။ ‘အို ..မိုးမင်းကြီး ကျုပ်အမျိုးကျုပ်အဆွေတွေ သေကုန်ကြရပါပြီ။ နေပူဒါဏ်ကိုလည်း ခံစားနေကြရပါပြီ။ ရှေ့ဆက်လက်နေပါက အကျွန်ုပ်တို့တစ်တွေလည်း သေပွဲဝင်ကြရတော့မှာဖြစ်တယ်။ ဤစကားသည် မှန်သောသစ္စာစကားဖြစ်ပါ၍ မိုးမင်းကြီး ရွာပါစေသတည်း။’ သည်လိုဆိုလိုက်တာနဲ့ မိုးကြီးသည်းထန်စွာ ရွာသွန်းပေးရတယ်”

“ဒါဟာ တိရစ္ဆာန်တွေချည်းပဲကွ၊ မင်းတို့ သစ္စာဆိုလို့မှ သစ္စာမစူးရင် တိရစ္ဆာန်လောက်မှ နေရာမကျသေးလို့ဘဲ” ဟု နှုတ်ခွန်းဆက် မိန့်တော်မူ၏။

http://www.dhammadownload.com



ဦးညိမ်းကား သိလိုက်ပါပြီ။ ငါ သစ္စာမဆိုမိလို့ ရှုံးနိမ့်ကာပြန်ခဲ့ရသည်မှာ သေချာသွားလေတော့၏။

- သစ္စာသည် ပါရမီဖြည့်ရာလမ်း၌တွေ့ရမည့် အနှောက်အတားများကို ဖယ်ရှားပေးရန်လက်နက်ကောင်းဖြစ်၏။
- မေတ္တာသည်ကား ပါရမီဖြည့်ရာ မိမိနောက်သို့လိုက်၍ ကူညီနေသူအား ပေးဝေရာ လက်နက်ကောင်းဖြစ်၏။ တစ်ဖန်လည်းမိမိ၏ပါရမီစခန်း ပြီးစီးသဖြင့် အများဝေနေယျတို့အား မိမိနှင့်တန်းတူ မိမိ၏သို့လျှင် ပါရမီမျိုး ဖွံ့ဖြိုးရန် ပေးဝေရာ၌လည်း ထိုမေတ္တာလက်နက်သည် ဆက်လက်သုံးရမည်သာ ဖြစ်တော့၏။

ဦးညိမ်းအဖို့ မေတ္တာနှင့် သစ္စာတရားနှစ်ပါးတို့၏ အသုံးပြုပုံကိုလည်း သဘောပေါက်လာ၏။ ဘုရားရှင်သည်ပင် အလောင်းတော်ဘဝ ပါရမီမပြည့်ဝမီ၌ သစ္စာလက်နက် အသုံးချခဲ့သည်သာတည်း။

အဘဝိမလသည် ဦးသန့်ရှင်းအဖြစ် လူဘဝဖြင့်နေစဉ်က ဘိုးတော် အောင်မင်းခေါင် ဘိုးတော်ပွားတို့နှင့် တွေ့ဆုံဖူး၏။ အတူလည်း ကျင့်ခဲ့ဖူး၏။ ဝိဇ္ဇာလမ်းဖြင့်လည်း သာသနာပြုခဲ့ဖူး၏။ အတွင်းက ဝိပဿနာကျင့်စဉ်ကို ဝိဇ္ဇာလမ်းဖြင့် ဖုံးလွှမ်းထားသည်ကို မသိခဲ့ကြချေ။ ဝိဇ္ဇာအနေနှင့်သာ အားလုံးက သိနေကြချေ၏။ ဝိဇ္ဇာလမ်းကို ပြသလျက် ဝိပဿနာကျင့်ခဲ့ရာ အတိုင်းအတာ တစ်ခုသို့ ရောက်ခဲ့လေသည်။

နောက်ထပ်တစ်ဖန် ဝါခေါင်လဆန်း(၁၀)ရက်နေ့တွင်ကား အဘဝိမလ ထံရောက်သွားတော့၏။ နှစ်ဦးချင်းတွေ့သည့်အခါ မသိသလိုသာ ဆက်ဆံခဲ့၏။

"အဘ ယနေ့ကစပြီး သားကို တပည့်အရင်းအခြာထားပြီး ဆုံးမပါ ဘုရား၊ သားရဲ့ခန္ဓာကိုယ်အားလုံး အဘကိုပဲအပ်နှံပါသည်ဘုရား"

"အေး..အေး အကောင်းသားပဲကွာ ကောင်းတာပေ့ါ၊ မင်း ဘာအလုပ် လုပ်နေသလဲ"

http://www.dhammadownload.com


"သား – အရဟံသိဒ္ဓိ ပွားပြီး အဓိဋ္ဌာန်ဝင်ပါတယ်ဘုရား"

"အေး– လုပ်ပေါ့ကွာ မင်းလုပ်နေကျအတိုင်း" ဤမျှသာမိန့်ခဲ့၏။

နောက်တစ်ခါ ငါးခေါင်လပြည့်၌ ဥပုသ်သည်များစွာဖြင့် အဘာဝိမလ ထံမှောက်ရောက်တော့ အများနှင့်ရော၍ အဘာကို ဝတ်ပြုပေး၏။ ဦးညိမ်းလည်း ခြေသလုံးကို နှိပ်ပေးနေ၏။

ဒီအချိန်မှာတော့ အဘာဝိမလက–

"မင်း ငါ့ဆီကို ဘာဖြစ်လို့လာသလဲ"

"သား – သံသရာတစ်ဘက်ကမ်း ကူးခတ်ချင်လို့ပါဘုရား"

"မင်း – နှုတ်ထဲတိုးလာတာ ပြောတာလား၊ တကယ်စိတ်ပါလို့ ပြောတာလား"

"သည်စိတ်ဟာ တပည့်တော် ငယ်ငယ်ကတည်းက ဖြစ်ခဲ့တဲ့ စိတ်ပါ ဘုရား"

"အေး– တကယ် သံသရာတစ်ဘက်ကမ်း ကူးချင်တယ်ဆိုရင်တော့ ငါ– တတ်နိုင်သလောက် လက်တွဲခေါ်မယ်၊ သိဒ္ဓိ၊ မဟိဒ္ဓိ ဖြစ်ချင်လို့တော့ ငါ့ဆီ မလာနဲ့၊ ငါမပေးနိုင်ဘူး။ ဘာလဲကွ– မင်းက ဟိုဝိဇ္ဇာရန်လုပ်၊ ဒီဝိဇ္ဇာရန်လုပ်နဲ့ ဝိဇ္ဇာရန်လုပ်ရအောင်က မိန်းမယူတုန်းက ဝိဇ္ဇာတွေပေးစားထားလို့ ယူရတာလား၊ မင်းဟာမင်း ကမျှင်းကြော်ထ ယူထားတာလား"

"တပည့်တော်ဘာသာ ယူထားမိတာပါဘုရား"

"အေး – ချည်တော့လွယ်တယ်၊ ဖြည်တော့ခက်တယ်၊"

**"ဝဋ်ကျွေးငယ်တင် လွတ်သေးမယ်မောင်မထင်နဲ့ နောင် ဆင်ခြင်ထား။ မချိသူသတိမူပေတော့ ဝိဋ္ဋချူ သာကီသတ်စဉ်က ထွင်ဘုန်းရှင် အလွတ်ရုန်းရတယ် ထိုးရှိပေသား"**

ဤသို့လျှင် အဘာဝိမလက ကဗျာလေးကို ရွတ်ဆိုပြသေး၏။ ဆက်၍ လည်း "သည်ကဗျာလေးက ငါ့ကို အဘာရာကျော်က ပေးတာရယ်၊ ငါကလည်း

http://www.dhammadownload.com



သဘောကျတာနဲ့ ရွက်ရေ(၁၀၀၀)ပုံနှိပ်ပြီး ဝေငှခဲ့ဖူးတယ်”ဟု မိန့်တော်မူ၏။ ဥပုသ်နေ့တိုင်း အဘထံ သွားဖြစ်တော့၏။

ထိုသို့ဖြင့် တစ်လလောက်ကြာသော တော်သလင်းလပြည့်နေ့ ရောက်သော်ကား အဘဝိမလက “စားကျက်မငြိမ်တဲ့နွားသာ ခလောက်ဆွဲရတာကွ၊ စားကျက်ငြိမ်ရင် ခလောက်ဆွဲဖို့မလိုဘူး” ဤသို့မိန့်ကာ အာနာပါနရှုနည်းသို့ ပြောင်းလဲရှုစေတော့၏။ ဦးညိမ်းလည်း ငယ်စဉ်(၁၃)နှစ်သားခန့် ကတည်းက အသားကျခဲ့သောနည်းဖြစ်သဖြင့် အလွယ်တကူပြောင်းခဲ့ရချေတော့၏။ သက်သတ်လွတ်စားခြင်းကိုလည်း ကန့်ကွက်ခြင်းမရှိသော်လည်း အားမပေးချေ။

မိသားစုသုံးယောက် ခရီးသွားရာ၌ လမ်းမှာရိက္ခာပြတ်သဖြင့် သေဘေးနှင့်ကြုံရလေသောအခါ သူ့ဖာသာသေလေသူ သားကလေး၏အသားကို ရိက္ခာအဖြစ်စားရသော်လည်း သားဟူသောအမှတ်ကမလွတ်သဖြင့် သာယာခြင်းမရှိဘဲ စားရပုံမျိုးသို့ စားရမည်ကိုမိန့်ဆိုပါ၏။

ရဟန်းတစ်ပါး၌ လျှာသူတို့ စေတနာဖြင့်လျှာသည်ကိုလည်း မတားသင့်ပုံ၊ မလျှာသူကိုလည်း စေတနာမပါသဖြင့် မလျှာသည်ကိုလည်းမတောင်းသင့်ပုံ တို့ကိုလည်း မိန့်ဆိုတော်မူသေး၏။

ဦးညိမ်းကား သက်ကင်းအမြဲစားခြင်းကလည်း သတ္တဝါတွေအပေါ် စာနာစိတ်၊ သနားစိတ်တို့ဖြင့် ရှောင်ရှားခြင်းသာဖြစ်၏။

http://www.dhammadownload.com



## ကျိုက်လတ်သို့ခေါ်လွှတ်ခြင်း

၁၃၃၉–ခုနှစ်၊ သီတင်းကျွတ်သည့်အခါ ဦးငြိမ်းသည် ကျိုက်လတ်မှ ဦးသန်းလှတို့နှင့်အတူ ကျိုက်လတ်နယ်၊ ကျည်းချောင်း၊ဆင်ကူးရွာသို့ ဘုရားတည်ရန် လိုက်ခဲ့ရသည်။ ထိုသို့လိုက်ပါရာ၌–"မပြီးလျှင်မပြန်ခဲ့နှင့်ကွာ" ဟူ၍သာ အဘဝိမလက မိန့်တော်မူလိုက်၏။

– ငါတည်လိုသောဘုရားကား စိတ်ဘုရားမျှသာ၊

– ငါကိုးကွယ်လိုသည့်ဘုရားကား အတွင်းဘုရားမျှသာ၊

– ငါပူဇော်ချင်သည်မှာ ငါ့မနောကြား အတွင်းထား၍ ငါတစ်ဦးတည်း သာကြားမြင်ရုံသာ၊

ယခုသော်ကား– အပြင်ထွက် ဘုရားတည်ရချေတော့မတဲ့။ အများနှင့် ဆက်ဆံရမည့်အရေးသည် ငါ့အတွက်ရင်အလေးဆုံးဖြစ်၏ ဟု ဦးငြိမ်းစဉ်းစားနေမိတော့၏။

## ပထမဆုံးတည်သော စေတီ

ကျိုက်လတ်မြို့နယ်၊ ကြီးချောင်းရွာ၊ ဆင်ကူးရွာ "ပြည်လုံးချမ်းသာ ဖေါင်တော်ဦးစေတီတော်"ပန္နက်တင်မင်္ဂလာကို ၁၃၃၉–ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် ပန္နက်ချမင်္ဂလာပြုလုပ်၏။ ယင်းတပေါင်းလပြည့်နေ့တွင် ထီးတော်မင်္ဂလာ ပြုလုပ်နိုင်သည်။

ဘွဲ့တော်ကား "ပြည်လုံးချမ်းသာဖေါင်တော်ဦး"စေတီ၊

ဉာဏ်တော်အမြင့် (၂၄)တောင် (စေတီသက်သက်)

ထီးတော်ဖြင့်အမြင့် (၂၇)တောင်တိုင် မြင့်၏။

http://www.dhammadownload.com



မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com



မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com


## စည်းကမ်းတရား ရလို့ညား သွားလေမဟာစည်

သက်န်းကျွန်း၊ သာသနာ့ဗိမာန်ဆရာတော် ဦးဝိမလက "ဇွတ်ဆွဲဦးဟောင်သိမ်း မဟာစည်သာသနာ့ရိပ်သာသွားကွာ၊ မဟာစည်က စည်းကမ်းကောင်းတယ်" ဟုမိန့်တော်မူပြီး လွှတ်လေတော့၏။ ဦးငြိမ်းလည်း အဘစကား ကြားပေမည့် မလှုပ်မယှက်သာ။ သို့ဖြင့် မကြာခဏ လွှတ်နေတော့၏။

"ဖြစ်သမျှ လှစ်ဟလို့ဖွေလှန် လောကရဲ့အခြေခံ
အဖြေမှန် ကေန် ဝိပဿနာဉာဏ်ဝေဖန်ကြည့်မှ
အမြင်မှား အထင်အရှား သိနိုင်တယ်။"

အဘဝိမလသည် ဦးငြိမ်းနှင့် မနီးမဝေးမှာပင် မကြာခဏ ဆိုပြနေသေး၏။ နောက်ထပ်လည်း–

"မဟာစည်မှာ တရားစခန်းဝင်လျှင် တရားတွင်သာမက သူ့စည်းကမ်းပါ ရနိုင်သည်၊ ဘာမဆို စည်းကမ်းရှိတော့ တိုးတက်တာပေါ့၊ ဘုရားစကားနားထောင်ရင် ဘယ်သွားသွား မျက်နှာမငယ်ရဘူးကွဲ့" ဟုလည်း မိန့်တော်မူပြန်၏။

ထို့နောက်တွင် ဦးငြိမ်းသည် ရန်ကုန်မဟာစည်သာသနာ့ရိပ်သာသို့ သွားပါမည်ဟု ကတိပေးလိုက်လေသည်။ သွားဖို့ရန်လည်းစီစဉ်တော့၏။ အဘဝိမလကား ဒီစကားကြားရတော့ အပြုံးပီတိများဖြင့် ကျေနပ်နေတော်မူလေသည်။

မဟာစည်သို့ ဝင်ခွင့်ရဖို့ရန်အတွက် ဒေါ်သန်း(ဦးသိမ်းမောင်)သက်န်းကျွန်းဈေးမှ တာဝန်ယူ ပို့ဆောင်ပေး၏။

၁၃၄၁–ခုနှစ်၊ဝါဆိုလဆန်း(၁)ရက်၊တနင်္ဂနွေနေ့တွင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကြီးသို့ သွားရောက်ဝင်ရာ တာဝန်ခံဆရာတော် ဦးသူရိယကခွင့်ပြု၏။ သို့သော်လည်း အသုံးအဆောင်များမပါရှိသဖြင့် နောက်နေ့ကျမှ အတည်တကျ တရားဝင်ရသည်။

http://www.dhammadownload.com



၁၃၄၁–ခုနှစ်၊ ဝါဆိုလဆန်း(၂)ရက်နေ့ ညနေ(၅)နာရီတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ စံကျောင်းတော်အောက်ထပ်ဝယ် အလုပ်ပေးတရားနာကြားခဲ့ရလေတော့၏။ တရားစစ်ပေးသည့် ဆရာတော်ကား ဆရာတော်ဦးပဏ္ဍိတာဘိဝံသ (ယခု ရွှေတောင်ကုန်းဆရာတော်) ဖြစ်သည်။

နောက်တစ်နေ့ နံနက် တရားလျှောက်ရာတွင် ''ယောဂီက အသစ်ထင်တယ်''က စပြီး မေးစစ်၏။ ပြီးသော်''ဘယ်နည်းများဖြင့် ပွားများဖူးပါသလဲ'' စစ်မေး၏။''တပည့်တော် အာနာပါနဖြင့် ရှုမှတ်ပွားများခဲ့ပါကြောင်း'' ဖြေဆိုလျှောက်ထားတော့ ''ကောင်းပါတယ်ကွဲ့၊ အာနာပါနနည်းဟာ ဘုရားရှင်တိုင်းသုံးတဲ့ ရှေးဟောင်းစဉ်လာ လမ်းဟောင်း၊ လမ်းကောင်း နည်းပေပဲ ''ဟူ၍ အားပေးတော်မူ၏။

''တပည့်တော် အားထုတ်ရတာ မှတ်လို့လမ်းမတည့်ဘူးဘုရား။ တစ်ခါတစ်ရံ ဖေါင်းပိန်အစား ပိန်ဖေါင်းဖြစ်နေတတ်တယ်၊ ဖေါင်းလာတာလေးကလည်း တဖြေးဖြေး ပိန်ကျသွားတယ်'' စသည်ဖြင့်လျှောက်တော့–

''အေး– ဒါအမှန်ပဲ၊ ဒီယောဂီ တရားတွေ့ဖို့သေချာတယ်''ဟုမိန့်တော်မူသောအခါ ဝမ်းသာစွာဖြင့် တစ်နေ့လုံး စိတ်လန်းဆန်း တက်ကြွနေလေတော့၏။

ထို့နောက် ဝါဆိုလဆန်း(၉)ရက်နေ့ နံနက်(၇)နာရီ တရားလျှောက်ရာတွင် ဆရာတော် ဦးပဏ္ဍိတ က''ယောဂီ သိပ်ကောင်းတာပဲ၊ သိပ်ရှူးတာပဲ'' စသည်ဖြင့် ချီးကျူးတော်မူလေသည်။

ထိုအခါ မဟာစည်ပရိသတ်ရှိသည့်နေရာ၌ ဤယောဂီဟာ တရားတွေ့မြန်သတဲ့၊ မဟာစည်ရိပ်သာဖွင့်သော နှစ်သုံးဆယ်(၁၃၁၁–၁၃၄၁)နှစ်အတွင်း ဒီယောဂီဟာ ပထမဆုံးတဲ့။ (မဟာစည်တွင် ရှုကွက်၊ရှုချက် ဖြစ်စဉ်များ ဘဝကန္တာရသင်္ကေတကထာတွင် အကျယ်ရှုလေ)

ထို့နောက် ဝါခေါင်လပြည့်နေ့ သာသနာ့ဗိမာန်သို့ ခေတ္တပြန်ရာဝယ်–

၁။ မဟာစည် ဝိပဿနာရှုနည်း ပထမတွဲ၊

၂။ မဟာစည်ဆရာတော် ကမ္ဘာလှည့်ဟောကြားခဲ့သော ကမ္ဘာတရားတော်

http://www.dhammadownload.com


အင်္ဂလိပ်ဘာသာဖြင့်ရိုက် တစ်အုပ်၊

၃။ မဟာစည်ဆရာတော် ကမ္ဘာလှည့်ဟောကြားခဲ့သော ကမ္ဘာ့တရားတော် မြန်မာလိုရိုက် တစ်အုပ်၊

ပေါင်းသုံးအုပ်တို့ကို ယူဆောင်သွားကာ အဘဝိမလအား လှူဒါန်းခဲ့သည်။

အဘဝိမလကား ထိုစာအုပ်သုံးအုပ်တို့ကို သေသေချာချာ ကြည့်၍ ဝိပဿနာရှုနည်းစာအုပ်ကို ဦးငြိမ်းကို ပြန်လည်စွန့်တော်မူ၏။

နောက်ပြီးတော့ ကျေနပ်သောမျက်နှာတော်ဖြင့် “ငါ–နှစ်ပေါင်း သုံးဆယ်လုံးလုံး ကြိုးစားခဲ့ရတာ အခုမှ အောင်မြင်တော့တယ်” ဟု အတိအလင်း မိန့်တော်မူ၏။

ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့ ရှုကွက်တွင်း မြင်ပုံများကို ဆရာတော် ဦးပဏ္ဍိတထံ လျှောက်ခဲ့ရာ “ကောင်းတယ်– ဆက်အားထုတ်”ဟု အကြိမ်ကြိမ် တိုက်တွန်းခဲ့၏။ လပြည့်ကျော်(၇)ရက်နေ့ နံနက်(၇)နာရီရောက်သဖြင့် တရား လျှောက်သည့်အခါ ဆရာတော်သည် ယနေ့ ဉာဏ်စဉ်ပါတ်ထည့်လိုပြီ၊ ရှေ့အလား အလာ ကောင်းနေသဖြင့် ဆက်လက်နေစေလိုသော စေတနာကား ကြီးမားလှ၏။ ခရီးပေါက်သင့်သလောက် ပေါက်စေလို၏။

“ကိုငြိမ်း နောက်ထပ် (၁၅)ရက်လောက်မှ မနေနိုင်တော့ဘူးလား”

“ဘုရားတပည့်တော် သည်ရက်အထိသာ ခွင့်ပန်ထားခဲ့လို့ပါဘုရား”

“အစားအသောက်ခက်ခဲလို့လား၊ ခက်ခဲလျှင် ကျုပ်တာဝန်ယူပါမယ်”

“ဟိုတေသီ စားသောက်ခွင့်လည်း မကုန်သေးပါဘုရား”

“အေးဗျာ– ကျုပ်ကတော့ ရှေ့တိုး အားထုတ်စေချင်တော့တာပဲ”

ဆရာတော်ကား မချင့်မရဲဖြစ်ကျန်ရစ်ရှာပါ၏။ မိမိပုံသွင်းပေးထား သဖြင့် ကြည့်ပျော်၊ ရှုပျော် ဖြစ်လာသောတပည့်ကို အရိပ်ကြည့်ချင်မှာ အမှန်၊ ကြည့်မဝ၊ရှုမဝဘဲ သူတစ်ပါးသမီးနှင့် လက်ထပ်ပွဲ ကျင်းပပေးမည်ဆိုသဖြင့်

http://www.dhammadownload.com


မခွဲချင်ခွဲချင်သော သားရှင်မိဘပမာ အားမလို အားမရ ဖြစ်နေမည်မှာလည်း အမှန်၊ ရှေ့ သည့်ထက်သာကို ရနိုင်ဦးမည်ဖြစ်သဖြင့် အထက်သို့မှန်း လှမ်းစေလိုသည်မှာလည်း အမှန်ပင် ဖြစ်လေတော့၏။

၁၃၄၁–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၇) ရက်နေ့၊ ညနေ(၅)နာရီတွင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် နဖူးတွေ့၊ ဒူးတွေ့ ဖူးတွေ့ရတော့သည်။ ဆရာတော်ဘုရားကြီး၏ သန္တာန်၌ ကိန်းဝပ်နေသော ဓမ္မဓာတ်– ငြိမ်းချမ်းခြင်း၊ မေတ္တာဓာတ်–အေးငြိမ်းခြင်းများကြောင့် ဖူးသလောက်အေး၊ ကြာသလောက်ပင် ငြိမ်းချမ်းလှပါ၏။

က။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သီလချီးမြှင့်ပေး၏။

ခ။ ဉာဏ်စဉ်တရားတော်များကို တိတ်ခွေဖြင့် နာကြားစေ၏။

ဂ။ ထို့နောက် ယောဂီတစ်ဦး၏ ရပ်ရွာထဲ၌ ဆောင်စရာ၊ ရှောင်စရာများ မှာကြား၏။ တိတ်ခွေဖြင့်သာဖြစ်၏။

မဟာစည်ဆရာတော်ဘုရားကြီးသည် ဦးငြိမ်း၏ တရားရှုမှတ်ပုံ စည်းကမ်းလိုက်နာပုံ ၊ ရှုကွက်အတွင်း အမြင်ရှင်းပုံများကို ချီးကျူးတော်မူသည်။

(မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးပဏ္ဍိတာဘိဝံသ၊ အဘဦးဝိမလတို့၏ ချီးကျူးခြင်းက အကြောင်းမဲ့မဟုတ်ပါချေ။ ဦးငြိမ်းတစ်ယောက် ရိပ်သာမှထွက်ပြီးနောက် တစ်လအတွင်းမှာ ရဟန်းဘဝ အပြီးအပိုင် ပြောင်းသွားတော့၏။ ရဟန်းဝတ်ပြီး တစ်လခန့်အကြာမှာ အပြီးအပိုင် တောထွက်တော်မူခဲ့ရာ ယခု "ဝနဝါသီ အရှင်ဥူယျာဓမ္မာဘိ" ဖြစ်ခဲ့ရလေသည်။)

http://www.dhammadownload.com


# ဝတ်ကြောင်ကို လွှတ်အောင်ခုန်းမယ်ပ ထုံးနွယ်ခ ဆံကိုယ်

၁၃၄၁–ခုနှစ်၊ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့တွင် သာသနာ့ဗိမာန်ကျောင်းသို့ ပြန်လည်ရောက်၏။ ဆရာတော်ဦးဝိမလသည် ကျောင်းရောက်သည်နှင့် ဦးငြိမ်းရဲ့အခြေအနေ သိရှိပြီးဖြစ်နေလေ၏။ အဘကား ရဟန်းဝတ်ဖို့ရန် မိန့်တော်မူ၏။

"ရဟန်းဝတ်ပါ့မယ် အဘရဲ့ အဘသမီးကိုသာ နားချပေးပါ"

"အေးပါကွာ– ဒါက ငါ့တာဝန်ပါ"

သို့နှင့် ရဟန်းဘောင်တက်ရန် တော်သလင်းလဆန်းတွင် ကြံစည်ရတော့၏။ တကယ်တန်း အပြီးအပိုင် ခွဲရတော့မည်ဆိုတော့လည်း ဇနီးသည်ကို မပြောရက်၊ ပြောမည်ကြံတိုင်းလည်း နှုတ်ကမထွက်ဖြစ်နေခဲ့၏။

ဘုရားအလောင်း တောထွက်ခါနီး သားနှင့်မယားကို နောက်ဆုံးကြည့်ချင်စိတ်ကလေးဖြစ်တဲ့ သံယောဇဉ်မျိုး ဟုပင် ဆိုနိုင်၏။

ထိုအခါ လက်ရဲ ဇက်ရဲ ရှေ့နေရှာရတော့၏။ သူကား ဦးမြင့်ဆွေ ဖြစ်၏။ ဦးမြင့်ဆွေကား မမှန်ရာကို အားမပေးတတ်၊ မှန်ရာကို အားပေးတတ်၏။ ပြောရဲဆိုရဲလည်း ရှိ၏။ ဒီတော့ ဦးငြိမ်းကား ဦးမြင့်ဆွေကို လူမိုက်ငှားရတော့၏။

ဟို– ကေလာသတောင်က ပြန်ဆင်းစဉ်ကတည်းက ရဟန်းပြုမည်ပြောတော့ ဦးမြင့်ဆွေက သူ ရဟန်းဒကာလုပ်ပရစေ ဟု တောင်းဆိုထားဖူး၏။

"ဦးမြင့်ဆွေ..ကျုပ်ကိုအဘက ရဟန်းပြုဖို့ မိန့်နေပြီဗျာ၊ ကျုပ်ဇနီးကို ပြောပေးပါဦး"

"အိုဗျာ.. ဟုတ်တာပြောတာ ဘာခက်တာမှတ်လို့၊ လာဗျာ–အခုပဲ သွားကြရအောင်" ဟု ပြောပြောဆိုဆို ဦးမြင့်ဆွေနှင့်အတူ မိမိအိမ်သို့ ဦးငြိမ်း လိုက်ပါခဲ့ရ၏။

အိမ်ရောက်သည့်အခါ– ရောက်ရောက်ချင်းပင် ဦးမြင့်ဆွေက စကားစ ပြောတော့၏။

http://www.dhammadownload.com



''ဒေါ်စိန်မေ– ဦးငြိမ်းက ရဟန်းဝတ်မလို့တဲ့၊ ခင်ဗျား ဘယ်လိုသဘောရပါသတုန်း''ဟု မေးလိုက်၏။

ဒေါ်စိန်မေကလည်း ဣန္ဒြေမပျက်ဘဲ ဦးမြင့်ဆွေတို့ကို ကြည့်ရင်းက– ''ဦးမြင့်ဆွေ...ပါရမီ လူတားလို့ မရပါဘူးရှင့်၊ သူ့သဘောအတိုင်းပါ'' ဒေါ်စိန်မေရဲ့ စကားကလည်း တိုတိုလေးဖြစ်ပေမယ့် တွေးလေ၊နက်လေ ဖြစ်လေ၏။ ဟုတ်ပေတယ် ပါရမီရှိလာလို့ကတော့ ဘယ်လူမှတားလို့မရပါဘူး။ လူအသာထားနတ်သိကြားတောင် တားလို့မရပါဘူး။

ဘုရားအလောင်းဟာ ပါရမီပြည့်လာတော့ ဘယ်လောက် ဖိုလ်ခြေတွေနဲ့ တားတား၊ မာရ်နတ်က ဘယ်လောက်ပင်တား ပါရမီခရီးကား အဆုံးတိုင်ရောက်ခဲ့ရသည်ကို သတိရမိ၏။

ဦးမြင့်ဆွေက ရဟန်းဝတ်ဖို့ ခွင့်တောင်းရုံဖြင့် မရပ်သေးဘဲ ငွေပါ တောင်းတော့၏။ ''ရဟန်းခံဖို့ရန်အတွက် ဒေါ်စိန်မေလည်း ကုသိုလ်ပါဝင်ပါအုံး''ဟု အလှူခံတော့ ငွေ ၅ဝိ/ လှူလိုက်သေးသည်။ နောက်ရက်များတွင် ပတ်ဝန်းကျင်တို့က ကြားသိကြရာ ဝိုင်း၍အဖျက်ခိုင်းကြ၏။

''ဒေါ်စိန်မေ..ခဏဟုတ်မှာမဟုတ်ဘူးတော့၊ အရင်ကမှ လူဝတ်နဲ့ တောထွက် တရားအားထုတ်နေတာ၊ တော်ကြာကျရင် ရှင်တစ်ယောက်ထဲ ဖြစ်နေလိမ့်မယ်'' ဆိုသူကဆို၊ ''ကိုငြိမ်းရဟန်းဝတ်တာ ဝမ်းသာပါတယ်၊ မစိန်မေကိုတော့ မိန်းမချင်း ကိုယ်ချင်းစာပါတယ်''ပြောသူကပြော ဖြစ်ကုန်ကြ၏။ ဒေါ်စိန်မေကား နားမယောင်ပါလေ။ ''သူ ရဟန်းဝတ်ပြီး တရားကျင့်တာ ကောင်းပါတယ် သူ့ပါရမီ ရှိလာလျှင် ကျမတားလည်းမရပါဘူး၊ ကျမ သာခုခေါ်ပါတယ်' ဟုပြန်၍ ပြောခဲ့ရလေသည်။

http://www.dhammadownload.com



## ရဟန်းရက်ချုပ်

သာသနာတော်နှစ် ၂၅၂၃–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၁–ခုနှစ်၊ တော်သလင်းလဆန်း(၁၂)ရက် (၂–၉–၁၉၇၉)၊ တနင်္ဂနွေနေ့ နံနက် (၈း၄၅) မိနစ်အချိန်၊ ဘောက်ထော်၊ သီရိရတနာလမ်း၊ ခေမာသီဝကျောင်းတိုက်ရှိ ခဏ္ဍသိမ်ဝယ်၊ သာသနာ့ဗိမာန် ဆရာတော် ဦးဝိမလကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ခဲ့သည်။

ရဟန်းခံပွဲ၌–

နာယကဆရာတော်– ဆရာတော်ဦးသေဋ္ဌိလ(ကမ္ဘာ့ဗုဒ္ဓသာသနာပြု)

ဥပဇ္ဈာယ်ဆရာတော်– ဦးဝိမလ (သာသနာ့ဗိမာန်)

အနုသာသနဆရာတော်– ဦးကောသလ္လ(မြေနီကုန်း၊ မစိုးရိမ်)

## ကာရကဆရာတော်များ

၁။ ဆရာတော်ဦးသေဋ္ဌိလ (ကမ္ဘာ့ဗုဒ္ဓသာသနာပြု)

၂။ ဆရာတော်ဦးဝိမလ (သာသနာ့ဗိမာန်)

၃။ ဆရာတော်ဦးကောသလ္လ (မြေနီကုန်း၊ မစိုးရိမ်)

၄။ ဆရာတော်ဦးတေဇနိယ (မြေနီကုန်း၊ မစိုးရိမ်)

၅။ ဘောက်ထော်စွန်းလွန်းဂူကျောင်းဆရာတော်

၆။ ထားဝယ် ငါးကျွန်းပြန်ကျောင်းဆရာတော် (သင်္ကန်းကျွန်း (၁၆) ရပ်ကွက်)

၇။ ဗြဟ္မဝိရကျောင်းဆရာတော် (သင်္ကန်းကျွန်း (၁၆) ရပ်ကွက်)

၈။ အာသောကာသီတဂူကျောင်းဆရာတော် (သင်္ကန်းကျွန်း (၁၆ ရပ်ကွက်)

၉။ ခေမာသီဝံကျောင်းဆရာတော် (ဘောက်ထော်)

၁၀။ ဦးသောမ (သာသနာ့ဗိမာန်ကျောင်း)

http://www.dhammadownload.com


ဆရာတော်အဘဦးဝိမလနှင့် ဒကာ၊ ဒကာမများ၊ ဓမ္မမိတ်ဆွေများ၊ ရန်ကုန်နှင့် ကျိုက်လတ်ကျိုးချောင်း ဒကာ၊ ဒကာမများ လျှဒါန်းကြသည်။

ထိုပွဲ၌ကား-

- ဆရာတော်အဘဦးဝိမလကား သာသနာတာဝန်ခွဲ လက်လွှဲရန် ရည်သန်၏။
- ဒကာ၊ ဒကာမတို့ကား ဆရာတော်ဦးဥေယျ သီလဘုံ ခိုလှုံရန်ရည်သန်၏။
- ဆရာတော်ဦးဥေယျကား တောထွက်ရန် ရည်သန်၏။

ထိုသုံးပွင့်ဆိုင် အားပြိုင်ပွဲကြီး၌ ကိုယ့်တက်ကိုယ် ကလဖန်ထိုး၍ ကိုယ်ချိုးယူရန်ချည်းသာ ဖြစ်ကုန်၏။ ဤပွဲ၌ ရှုံးမည့်သူကား ဒိုင်ဖြစ်သူ ဒေါ်စိန်မေသာတည်း။ ရဟန်းခံပွဲကြီးပြီးသော် သုံးဦးစလုံးပျော်ရွှင်နေကြလေသည်။ အားလုံးကလည်း ကိုယ့်အတွေး ကိုယ့်ရည်မှန်းချက်များဖြင့် ကျေနပ်နေကြလေသည်။

## တစ်ကိုယ်တော်ခရီး

*မပျက်ခိုင်ခြာန် ရည်စိတ်သန်လျက် ဘောက်ပြန်မရှိ ဟူမိကနား။*

*မဆုတ်ယွားတဲ ဝံ့ပါးသံသင် မရော့ယှက်အောင် တောထွက်ပြီးကာ*

*ဥဒ္ဓါကြီးဥဒ္ဓါ၍ မဟာနိက္ခမန သက်ပွဖြင့် မာတင်္ဂကြီး ဖေါ်ရှောင်ထိုးသို့*

*ကိုယ်ထီးအောင်းခို ဖြဟ္မစိုကို အလိုတော်ပြည့် ပြီးအောင်ဖြည့်လိမ့်*

*ငါ၏နောက်တော် တစ်ယောက်သော်မျှ မခေါ်အပို ဘော်မလိုသည်*

*ရွှေကိုယ်သက်သက် ရှင်းရှင်းတည်း။*

(မဃဒေဝ-၄၁၅)

http://www.dhammadownload.com



## ဥလ္လုပ္ပတု ဆိုရုံမျှဖြင့်

ဦးငြိမ်းဘဝမှတဖြစ်လဲ ဦးဥေယျာဓမ္မသာမိ ရဟန်းဘဝ ရောက်သွားသည့် ညတွင် ကုတင်ပေါ် ပက်လက်လှန်လျက်က–

- အင်း.. ငါတော့ ရဟန်းဟူ၍ သမုတ်လိုက်ပြီ.. သင်္ကန်းဝတ်ရုံမျှဖြင့် ရဟန်းဖြစ်ပြီလော။
- သည်လို သူများလှူဒါန်းထားသော ကျောင်းပေါ်တွင် တက်နေရုံမျှဖြင့် ရဟန်းဖြစ်ပြီလော။
- သူတစ်ပါးရှာဖွေထားသော ဆွမ်းတို့ကို ခံယူသုံးဆောင်ရုံမျှဖြင့် ရဟန်းဖြစ်ပြီလော။
- ဥလ္လုပ္ပတု– မဲညစ်ရာဘဝမှ ဖြူစင်သောဘဝသို့ ထုတ်ဆောင်ပေးတော်မူကြပါဘုရား..ဟူ၍ လျှောက်ထားပန်ကြားလိုက်ရုံမျှဖြင့်ကား ရဟန်းဖြစ်သွားပြီလော။ စဉ်းစားနေမိ၏။ မေးမိ၏
- ကိလေသာတို့ကို မဖြတ်တောက်၊ မဖျက်ဆီးပါဘဲလျက်က ရဟန်းမဖြစ်နိုင်သေး ဟူ၍ပင် အဖြေထွက်ပါတော့၏။

ထို့နောက်များတွင် ဆရာတော်ဦးဝိမလ၏ ဘုန်းကံရိပ်အောက်မှာ သူဌေးသူကြွယ်အိမ်၊ အရာရှိကြီးများအိမ်၊ ဝန်ကြီးများအိမ်၊ ကုန်သည်ကြီးများအိမ်တို့ကို ကြွရလျက် ပစ္စည်းများခြင်း၊ ဖေါဖေါသီသီသုံးရခြင်းတို့ကြောင့် ငြီးငွေ့လာ၏။ မဟာစည်တွင်အားထုတ်ထားသော အတွင်းပစ္စည်းလေး ပွန်းပဲ့မည်ကိုလည်း စိုးရိမ်လာ၏။ အသစ်ပစ္စည်းများလည်း နောက်ထပ်မတိုးပွားမည်ကိုလည်း မျှော်ကြောက်ကြောက်နေပါ၏။

ထို့ကြောင့် ဦးဥေယျာသည် တောထွက်၍ တစ်ပါးတည်းကေစာရီနေဖို့ ဆုံးဖြတ်ပြီးလျှင် ဆရာတော်ဦးဝိမလထံ သွားရောက်ကန်တော့ပြီး“တပည့်တော် တောတောင်မှာပဲ ကေစာရီကျင့်ခွင့်ပြုပါဘုရား”ဟု လျှောက်ထားမိ၏။ အဘဦးဝိမလကား မတ်တတ်ရပ်လျက်က လက်အုပ်ကလေးချီလိုက်၏။

http://www.dhammadownload.com



"အရှင်ဘုရားကို အမှီပြုပြီး သည်ကျောင်းတိုက် ဝိပဿနာကျောင်း ဖြစ်ချင်ပါသည်ဘုရား"

"ဘယ်တော၊ဘယ်တောင်ကြွကြွ လူဆယ်ယောက်တွေ့လျှင် ပုထုဇဉ် ဆယ်ယောက်သာ ဖြစ်ပါမည်ဘုရား"

"အရှင်ဘုရားလိုချင်သောတရား တောတောင်မှာ မဟုတ်ပါဘုရား (ခန္ဓာကိုယ်မှာ)"

"ယခု လောလောလတ်လတ် ဖြစ်ပေါ်နေတဲ့ လောကဓံကို သည်းခံနေလိုက်ပါအုံးဘုရား"

ထိုလေးချက်ကို မိန့်တော်မူပါသော်လည်း ဆုံးဖြတ်ချက်ကို မပြင်လိုသော ဦးဥေယျသည်ကား ရှေ့သို့သာဦးတည်နေပါ၏။ တောထွက်ဖို့အတွက် ရထားလက်မှတ်ကို ဦးမြင့်ဆွေထံ အလျှုခံထား၏။ အများလည်းမပါ အမှန်လည်းဖုံးကွယ်လျက် 'ကျောက်ဆည်ဘက်' ဟူ၍ပေးထား၏။ တောထွက်မည့်ရက်ကိုကား သီတင်းကျွတ်လပြည့်ကျော်(၄)ရက်၊ အင်္ဂါနေ့ဟူ၍ သတ်မှတ်ပေးထား၏။ ဦးမြင့်ဆွေကား ထိုရက်အတိုင်း ရထားလက်မှတ် အဆင်သင့်ဝယ်ထား၏။

အချိန်ကား ၁၃၄၁–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက်၊ အင်္ဂါနေ့ နံနက်(၇)နာရီကပင် ဆွမ်းခံထွက်ဖို့ရန် ပြင်ဆင်နေလေသည်။

ပြင်ဆင်ပြီးသည်နှင့် ဆွမ်းခံထွက်ရင်း တောထွက်ရန်ခရီးကို စတင်လိုက်ချေပြီ။

သက်န်းကိုရုံထားပြီး သပိတ်ပိုက်လျက် သာသနာ့ဗိမာန်ကျောင်းမှ စတင်၍ထွက်လိုက်ချေပြီ။ အဘဝိမလဆရာတော်ကား ကျောင်းအပေါ်ထပ် လေသာဆောင်မှ ကြည့်ရှုလျက်က လက်ထဲတွင်ယပ်ကိုင်ဆောင်ထား၏။

ဦးသိန်းက အဘဝိမလ ယပ်ကိုင်ဆောင်ထားသည်ကို ကြည့်လျက်က "အဘက ယပ်ကလေးနဲ့မှ ကြည့်ကောင်းတာ" ဟုပြောသံကြားလိုက်ရသေး၏။ အဘဝိမလကား ဦးဥေယျ ဆွမ်းခံထွက်သည်ကို မျက်စိတဆုံး ကြည့်ရှုတော်

http://www.dhammadownload.com


မူနေ၏။ သက်နိုးပရိက္ခရာအပြည့်အစုံဖြင့် ဆွမ်းခံထွက်ကြွသွားသော တပည့်ရဟန်း ရဲ့ ကြည်ညိုဖွယ်ရှိပုံကို ကြည့်ရှု ကြည်ညိုနေလေသည်။ အာဘဝိမလရဲ့စိတ်ထဲတွင် အတွေးများကလည်း ဝေစီနေဟန် ရှိလေသည်။

ထိုသို့ ဆွမ်းခံထွက်ကြွသွားသည်ကို စူးစူးစိုက်စိုက် မျက်စိတဆုံး ကြည့်နေသည်ကိုမြင်သော ဦးသိန်းက "အဘ ကြည့်လှချည့်လား၊ ဘာတွေအတွေး ဝင်နေတာတုန်း" ဟုမေးလေရာ "အေး-မောင်ငြိမ်း ခေါ်တဲ့ ဦးဥယျ၊ သူဟာတကယ်ကို တောထွက်ပြီး ကေစာရီ တစ်ပါးတည်း ကျင့်ချင်နေတာကွဲ့။ ကိုယ်ကလည်း ကျောင်းတိုက်အရိုက်အရာခံစေချင်တာ၊ သူကဗုဒ္ဓစာပေလည်း တတ်တယ်၊ တိတိကျကျ မိမိရရလည်းလုပ်တဲ့သူဆိုတော့ သူတောထွက်ချင်တာ ကို တားမိတာတောင် စိတ်မကောင်း ဖြစ်မိသေးတယ်ကွဲ့၊ သူဟာ နောင်တစ်ချိန် သာသနာပြုမယ့် ရဟန်းဖြစ်တယ်၊ ငါတို့အသက်နဲ့ကတော့ မမှီတော့ဘူးပေါ့ကွာ" ဟူ၍ ဦးသိန်းကိုပြောပြလေသည်။

http://www.dhammadownload.com



# တောထွက်

နင်လည်းနင့်တော ကာမဇောဖြင့်
မျှော်လိုက်မျှော နှောလိုက်နှော
သဘောကျတိုင်း နေနိုင်သည် ။

ငါလည်းငါ့တော ဈာန်ယဉ်ကြောဖြင့်
ခံ၍မလိုက် လွန်၍တိုက်
အဆန်လိုက် လိုက်၍ နေတော့သည် ။

နင်ဝင်တောကား မယားလည်းရှိ၊ သားလည်းရှိမို့
ယားကျိစိတ်မှာ ဖြစ်ပေါ်လာတိုင်း
အာရုံငါးခင်း တောနက်တွင်း
ကျောခင်းလည်ပင်း တိုးရမည် ။

ငါဝင်တောကား မယားရန်ကင်း၊ သားရန်ကင်းကြောင့်
ခံပြင်းစိတ်မှာ ဖြစ်ပေါ်လာတိုင်း
ဈာန်ငါးခင်း တောနက်တွင်း
ကပ်ချုံးချုံးလျက် တိုးရသည် ။

နင်ပျော်၍လိုက် နင့်အကြိုက်ကား
ဒိုက်ဒိုက်လှိုက်မော ကာမတော ။
ငါပျော်၍လိုက် ငါ့အကြိုက်ကား
အမြိုက်တကြော ဓမ္မတော ။

ဝနဝါသီ

http://www.dhammadownload.com



ဆရာတော်ဦးဥေယျသည်ကား သပိတ်ကိုပိုက် ခေါင်းငိုက်စိုက်ဖြင့် တစ်လှမ်းချင်းကြွ၍ သာသနာ့ဗိမာန်မှထွက်ခဲ့သည်။ ဦးမြင့်ဆွေတို့အိမ်တွင် နေ့ဆွမ်းဘုန်းပေး၏။ ဆွမ်းဘုန်းပေးသည်နှင့် တောထွက်ခရီး ရှည်ကြီးကို စလိုက်ပါတော့သည်။ နံနက်(၁၀း၃၀)နာရီတွင် သင်္ကန်းကျွန်း ဇဝနကွေ့မှ အငှားကားတစ်စီးကို ခေါ်ယူ၍ ကားပေါ်သို့တက်လိုက်သည်နှင့် တခဏချင်းမှာပင် မိုးကြီးသည်းထန်စွာ ရွာသွန်းလေတော့၏။ သင်္ကန်းကျွန်းဈေးကြီးပေါ်တည့်တည့်တွင် မိုးသံကြီးထစ်ချုံး နေလေ၏။ တောထွက်ခရီးအစတွင် မိုးသံနတ်သားကပဲ ကောင်းချီးပေးလေသလား၊ မာရ်နတ်သားကပဲ နှောက်ယှက်နေသလား ဟုပင်ထင်ရလေသည်။ စီးနင်းသွားသော ကားနံပါတ်ကား ၆၂၂၅ ဖြစ်သည်။

တောထွက်ခရီးအစ ကားစီးပြီး ရန်ကုန်ဘူတာကြီးခရီးစဉ်ကို တာမွေအဝိုင်းမှ ရွှေတိဂုံသို့ မောင်းနှင်စေပြီး ရွှေတိဂုံစေတီတော်ကြီးမြောက်ဘက်၊ အနောက်ဘက်၊တောင်ဘက်အတိုင်း ပတ်လှည့်၍ ဘုရားလမ်းမှတဆင့် ဘူတာကြီးသို့ ဝင်ရန်ဖြစ်၏။ သို့ရာတွင် တာမွေအဝိုင်းသို့ရောက်လေသောအခါ မြေပြင်ရေကားကားမလွတ်တော့ပြီ။ခြောက်ထပ်ကြီးဘက်သို့ သွားရာလမ်းတလျှောက် ကားလမ်းမကြီးပေါ်ဝယ် ရေတို့သည် ထူထဲစွာ ဖွေးဖွေးလှုပ်နေ၏။

ထို့ကြောင့် တာမွေမှ ကန်တော်ကြီးသို့လည်းကောင်း၊ ကန်တော်ကြီးထိပ်မှ ဘူတာကြီးသို့လည်းကောင်း မောင်းနှင်ခဲ့ရလေသည်။ ကန်တော်ကြီးထိပ် ကရဝိတ်နှင့်ယှဉ်တွဲလျက်ကပင် ရွှေတိဂုံဘုရားကို အဝေးမှနေ၍သာ ဖူးမျှော်ကြည်ညို ခွင့်ရတော့၏။ ကားမောင်းသူ သဒ္ဓါကောင်း၍ ကားရပ်တန့်ပေးသဖြင့် တဝကြီး ဖူးမျှော်ခွင့် ရလေသည်။

ဘူတာကြီးသို့ရောက်သောအခါ မြန်မာ့အလင်းသတင်းစာ၏ (ဘူတာကြီး) သတင်းထောက်ဦးထွန်းဝင်းက ကြိုဆိုနေနှင့်ပြီ။ သူတာဝန်ယူပေးထားသော ကျောက်ဆည်သွားရထားလက်မှတ်ကို ဆက်ကပ်၏။ လက်မှတ်၏နောက်ကျောဌကား တွဲနံပါတ်ကား(၃)၊ ခုံနံပါတ်(၁၁)၊ ဖြစ်လေသည်။

http://www.dhammadownload.com



တွဲနံပါတ်(၃)ကား ဘုရား၊တရား၊သံဃာ(သို့မဟုတ်)သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးပါးတို့ကို အမြဲတွဲနေရမည်။ ထိုအခါ တစ်ဆယ်တစ်သီးသော မီးတို့ကို ခုံအဖြစ် ကျော်သွားလျက်က မဂ္ဂင်ရထား ခရီးစဉ်ကြီးကို စလိုက်လေသလားဟုပင် ထင်မြင်မိတော့၏။

ထိုတွဲ ထိုခုံအမှတ်သို့ရောက်လေသောအခါ အတူယှဉ်စီးရမည့်သူကား မာတုဂါမဖြစ်နေလေတော့၏။ သူမကား မိတ္ထီလာခရီးသည်ဆို၏။ထို့ကြောင့် လိုက်ပို့ဆောင်သူများက အထက်တန်းတွဲ၏ တွဲစောင့်များကို အကူအညီတောင်း ခဲ့ရပြီး အထက်တန်းတွဲမှ ခရီးထွက်ခဲ့ရပါတော့သည်။

နံနက်(၁၁း၃၀)နာရီတွင်ကား ရန်ကုန်–မန္တလေး စာပို့ရထားကြီး စတင် ထွက်ခွါပါတော့၏။ ရထားကြီး စတင်ထွက်ခွါချိန်ကား ရန်ကုန်မြို့ကြီး နှင့်တစတစ ဝေးရပေတော့လေသည်၊ အာရုံတွေစုံလှသည့် မြို့တော်ရန်ကုန်ကြီးကား တဖြေးဖြေး နီးရာမှဝေး ဝေးလေသည်။

သာသနာ့ဗိမာန်ဆရာတော် အဘဝိမလသည် ဆွမ်းခံပြန်ချိန်တန်က ဦးဥေယျ ဆွမ်းခံအပြန်ကို မျှော်လင့်နေလေသည်။ မျှော်ရင်း၊စောင့်ရင်းပင် နေ့လည် (၁၁း၃၀)နာရီအချိန် ရောက်လေတော့၏။ သို့သော် ပြန်ကြွမလာသေးချေ။ ထိုအခါတွင်ကား အဘဝိမလ စိတ်တုံးတုံးချလိုက်လေတော့၏။ သက်ပြင်းရှည်ကြီး လည်းချလိုက်၏။

"လာပါကွာ–သူလာမှာမဟုတ်တော့ပါဘူး" ဟူ၍လည်းကောင်း၊

"သူ့မှာ သုံးပုံတစ်ပုံလောက် ကျန်သေးတယ်" ဟူ၍လည်းကောင်း၊

"အေးပေါ့ကွာ–သူကပဲအရင်တာမလား၊ ငါကပဲအရင်တာမလား သိကြ သေးတာပေါ့" ဟူ၍လည်း ကြုံးဝါးသေး၏။

အဲဒီနေ့ကား အဘဝိမလ ဆွမ်းကောင်းကောင်းပင် မစားတော့ချေ၊ တစ်နေ့လုံးလည်း အခန်းတွင်း၌သာများလေ၏။ ဦးသိန်းနှင့်တွေ့တော့ "အေးကွာ– ငါလည်းပဲရိပ်မိပါတယ်၊ မနက်ကလည်း မျက်စိတစ်ဆုံးကြည့်လိုက်မိတယ်။ သူက မြန်မြန်တာသွားချင်တာကိုကွ"ဟူ၍မိန့်တော်မူ၏။

http://www.dhammadownload.com


"သူ့ရဲ့သာသနာပြုချိန်မှာတော့ ငါလည်းပဲ ရှိတော့မှာမဟုတ်တော့ပါဘူးကွာ"ဟူ၍ ဝမ်းနည်းသောလေသံဖြင့် ပြောပြလေ၏။

တောထွက်လာသော ဆရာတော်ဦးဥေယျသည် မန္တလေးစာပို့ရထား အထက်တန်းတွဲတွင် စီးနင်း၍လိုက်ပါလာရင်း မိမိဆင်းရမည့်ဘူတာကိုလည်းကောင်း၊ မိမိနေရမည့်နေရာကိုလည်းကောင်း စိတ်ကူးဖြင့်ရွေးချယ်နေရလေသည်။ ရထားကြီးကလည်း တဒုန်းဒုန်းနဲ့ အမြန်နှုန်းဖြင့် ပြေးနေလေသည်။

- သာဝတ္တိဆင်း၊ စ မ တောင်သွား။ ရန်ကုန်ရောင်းရင်းများနှင့် တွေ့သွားမှာပေါ့။
- ကျောက်ဆည်ကိုဆင်း၊ ဝေဘူတောင်အနီးသွား။ ဇာတိရောင်းရင်းများ တွေ့သွားမှာပေါ့။
- သာစည်ကိုဆင်း၊ တောင်ပုလုနားသွား။ ၎င်း၏ရောင်းရင်းများတွေ့သွားမှာပေါ့။
- သာစည်ကိုဆင်း၊ ရှမ်းရိုးမသို့ကပ်။ ထိုသုံးမျိုးမှ အလယ်အလတ်တည်း။

ဤသို့ဖြင့် ကြားအလတ်ဖွေရှာ၍ နေရာကို သာစည်၏အရှေ့ ရှမ်းရိုးမကို သာရွေးရန် ဆုံးဖြတ်လိုက်၏။ အထက်တန်းတွင် အတူပါလာကြသူများမှာ ရေတပ်ဗိုလ်မှူးတစ်ယောက်၊ ကြည်းတပ်ဗိုလ်ကြီးတစ်ဦး၊ ဟသ်ာတမီးရထား မိသားစုတစ်စုတို့ ဖြစ်ကုန်၏။

ထိုဟသ်ာတမီးရထားမိသားစုတို့က ပဲခူးရှိ ဝေဘူဆရာတော်ဘုရားကြီး၏ ဩဝါဒခံရိပ်သာဆရာတော်၏ ဆွေမျိုးများဖြစ်၏။ တစ်လမ်းလုံး ဝေယျာဝစ္စတာဝန်ယူ ဆောင်ရွက်ကြသဖြင့် ပြည့်စုံလေသည်။

ဆရာတော်ဦးဥေယျသည် မန္တလေးစာပို့ရထားကြီး စီးလာရင်း သာစည်ဘူတာသို့ ညမှောင်မှောင်ကြီးမှာ ရောက်လာတော့၏။ ရထားမှဆင်းပြီး ဘယ်သွားရ၊ ဘယ်မှာနားရမည်လည်းမသိ။ သပိတ်ကလေးလွယ်လျက် တွေ့ရာမြင်းလှည်းသမားကို မေးပြီးလျှင် မြို့လယ်ဘက်ဆီသို့ စဉ်းစားရင်း တစ်လှမ်းချင်း လှမ်းထွက်ခဲ့လေသည်။

http://www.dhammadownload.com


မီးရောင်များထိန်ဝင်းနေသော ဘုရားတစ်ဆူကို တွေ့လိုက်ရ၏။ ဝမ်းသာစွာဖြင့် တံခါးပိတ်လျက်အိပ်နေသူတို့ကို နှိုးလိုက်ရာ လူကြီးတစ်ဦး နိုးထလာပြီး ဒုတ်ကြီးကိုထမ်းလျက်က ထွက်လာတော့၏။

"ကိုယ်တော် ဘယ်ကလဲ"

"ဒို့-ရန်ကုန်ကပါဗျာ့၊ အခုရထားနဲ့ပါလာပြီး တည်းခိုစရာမရှိလို့ အကူအညီတောင်းနေတာပါ"

"ဒီမှာ မတည်းရဘူး"

"နို့- ဘယ်မှာတည်းရင် ရမတုန်း"

"ဟို မြို့ပေါက်အထွက်မှာ ဘုရားလည်းရှိတယ်၊ကျောင်းလည်းရှိတယ်၊ သိမ်လည်းရှိတယ် အဲဒီကိုသွားပြီးတည်းပါ"

"ဒို့ဒကာကြီး လမ်းညွှန်ပြီး လိုက်ပို့ပါလားဗျာ"

"လာ-လာ" ခေါ်သွားပြီး ဒုတ်ကြီးထမ်းလျက်ကပင် မိတ္ထီလာသွားရာ လမ်းဘက်၏ ကုန်းတစ်ကုန်းပေါ်သို့ လက်ညှိုးညွှန်လိုက်တော့၏။

ထိုကုန်းမြင့်မြင့်ကြီး၏ တစ်ဖက်ဘေး၌ စေတီတော်တစ်ဆူ တွေ့ရ၏။ သိမ်လည်းရှိ၏။ ကျောင်းလည်းရှိ၏။ ထိုသိမ်၌ တစ်ညကျိန်းလိုက်ရတော့၏။ (သာယာကုန်းရပ်ကွက်၊ အောင်ချမ်းသာဘုရား)

နံနက်မိုးသောက် အလင်းရောက်သော် ခရီးထွက်ရန်ပြင်ဆင်ရတော့၏။ ဘယ်ကိုကားသွားရမည်မသိ။ သင်္ကန်းဝတ်ရုံပြီးလျှင် ဆွမ်းလှည့်လည် ခံယူရန် တောင်တောင်မြောက်မြောက် ကြည့်ရှုလေရာ သာစည်အရှေ့ဘက် နေထွက်ရာ၌ တောင်တန်းကြီးများကို ဘွားခနဲ တွေ့မြင်လိုက်သောအခါ ဆရာတော် ဦးဥက္ကဋ္ဌ သည် ဝမ်းသာပီတိဖြစ်သွားရတော့၏။ သွားရမည့်ခရီးလမ်း မှန်းမိသွားတော့လေပြီ။

ဒီအခါမှာတော့ ဆွမ်းလည်းရစေ၊ တောင်တန်းကိုလည်း မပျောက်စေရန် ရည်ရွယ်ချက်ဖြင့် မြို့တွင်းဆွမ်းခံလှည့်လည်ခဲ့ရာ ဘူတာအနီးရှိ တန်းလျားများတို့မှ တဆင့် ဘူတာထိပ်၏ မြောက်ဘက်အရပ်မှ ထွက်မည်ပြုရာ လမ်းမတွေ့သဖြင့်

http://www.dhammadownload.com


ဘူတာ၏အနောက်ဘက်အတိုင်းမှ ဘူတာအတွင်းဝင်ပြီးမှ ရှေ့ဘက်လှမ်းကြည့်လိုက်ရာ ကားများ၊ မြင်းလှည်းများ ဥဒဟိုသွားနေရာ လမ်းမကြီးအတိုင်း မြို့မှထွက်ခဲ့လေသည်။

ထိုလမ်းအတွင်း ခရီးဆက်ခဲ့ရာ လမ်းတွင် ဒကာကြီးတစ်ယောက်အား "ဟောဟိုတောင် ဘယ်ကသွားရမလဲ" မေးသော် "ရှေ့ရွာထဲကနေ နောက်ကျောဖေါက်ထွက်ပြီး သွားပါဘုရား"ဟု ထိုဒကာကြီး လမ်းညွှန်သည့် အတိုင်း သွားရာ 'ရွာမွန်သာ' ရွာကလေးသို့ ရောက်ခဲ့ရလေသည်။

ထိုရွာ၏ ရွာလည်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ ဖေါက်ထွက်လာပြီး ရွာနှင့်ဘုန်းကြီးကျောင်းတို့အကြားမှ ရှေ့သို့ ထောင်တက် ကြွသွားလေရာ မကြာမီတွင် သဲချောင်းလေးတစ်ချောင်းကို တွေ့ရတော့၏။

ထိုသဲချောင်း(စမုံချောင်း)လေး အနီးတွင် ခေတ္တနားပြီး ဆွမ်းခံရာတွင် လောင်းလှူလိုက်ကြသော ပါလာသည့်ဆွမ်းကလေးများကို ဘုန်းပေးလေသည်။ ဆွမ်းခံရာတွင်လောင်းလှူလိုက်ကြသည့် လှူဖွယ်တို့ကား-

ဆွမ်းအလှူရှင်ကား သုံးဦး လောင်းလှူ၏။

မုန့်အလှူရှင်ကား တစ်ဦး လောင်းလှူ၏။(ဘီးမုန့်နှစ်ခု)

ထန်းလျက်အလှူရှင်ကား တစ်ဦး လောင်းလှူ၏ ။(လဘက်ရည်ပုံတစ်လုံး)

ဆရာတော်သည် ဆွမ်းဘုန်းပေးပြီးသော် လက်ယက်တွင်းထဲမှ ရေကိုစစ်သောက်ခဲ့ပြီးနောက် ခရီးဆက်လက်ထွက်ခွါခဲ့ရာ နေ့လည်(၁၂)နာရီတွင် 'မြိုင်သာရွာကလေး' သို့ဆိုက်ရောက်ခဲ့ရလေသည်။

ထိုရွာကလေးသို့ မရောက်မီ ချွေးသေချောင်းကြီးကား ရေတသွင်သွင်စီးနေလေသည်။ ထိုချွေးသေချောင်းတွင် ရွာထဲမှ ကလေးအုပ်စုများနှင့် တွေ့လေရာ ဘုန်းကြီးကျောင်းအထိ ကလေးများလိုက်ပို့ပေးကြ၏။

"တပည့်တော် သည့်ရွာကို ဆွမ်းခံအမှီပြုပြီး တောရကျောင်းခွင့် ပြုပါဘုရား"

"ဒီမှာက ရေရှားတယ်။ ကားလမ်းအတိုင်း မြောက်ဘက်ကိုလိုက်သွား၊

http://www.dhammadownload.com



အင်တိုင်းသာရွာ ရောက်လိမ့်မယ်။ အဲဒီရွာရဲ့မြောက်ဘက်မှာရှိတဲ့ ဘုရားတိုက် (ဘုရားအိုဘုရားပျက် အများအပြားရှိသောနေရာ)ကို သွားနေရင် ရေလည်းနီးတယ်၊ ဆွမ်းခံရွာလည်းနီးတယ် အဲဒီကို ကြွ.. ကြွ''ဟု မိန့်တော်မူ၏။

''တပည့်တော် သွားလမ်းမသိပါဘုရား''

''ကားဘီးရာအတိုင်း လိုက်သာကြွသွား၊ ရွာထဲကိုတန်းလို့''

ဤသို့ဖြင့် ဂါရဝပြုပြီးထွက်ခဲ့ရာ ကြခါနီးတွင် ဝါးတောင်ဝှေးလေး တစ်ချောင်း ချီးမြှင့်ပေးလိုက်ပါသေးသည်။

အထက်အညာဒေသ၏ နေမင်း၏ပူပြင်းလှသော နေပူခြစ်ခြစ်တောက် ချိန်ဝယ် ဆရာတော်သည် ဖိနပ်လည်းမပါ ထီးလည်းမပါဖြင့် နေပူထဲမှာ ခြေလျင်ခရီးနှင်ခဲ့ရာ ညနေ(၃)နာရီခန့်တွင် ရွာမရောက်မီ သရက်တောဥယျာဉ် နှင့်ယာတောသို့ ဆိုက်ရောက်လေသည်။

ခရီးကကြမ်းပြီး နေပူထဲလှမ်းခဲ့ရသဖြင့် ခန္ဓာကိုယ် ပင်ပန်းနေချေရကား ရေငတ်နေသဖြင့် 'ရေ' ဝင်ရောက်အလှူခံပြီး သောက်ခဲ့ရသည်။ ထိုယာတော ၌ပင် သရက်ဥယျာဉ်ပိုင်ရှင် သူကြီးဟောင်း ဦးအောင်မြင့်နှင့်တွေ့ဆုံ၏။ တရားလည်း မေးလျှောက်၏။ ကြွလာရရင်းကိစ္စကိုလည်း မေးလျှောက်၏။

'သူ့ရွာမှိခိုနေလျှင် သူ့ရွာဘုန်းကြီးကိုလည်း သွားရောက်ကန်တော့ဦး ကိုယ်တော်'

''အေး–ဟုတ်တာပေါ့ဗျာ့ သူ့ရွာထဲဝင်ချင်လျှင် သူ့ရွာဦးနတ် အရင်ဦးခိုက် ရမပေါ့။''

ဤသို့ဖြင့် အင်တိုင်းသာရွာ ဘုန်းကြီးကျောင်းသို့ သွားရောက်လျှောက် ထား၏။ ''နေပေါ့ကိုယ်တော်''ဆိုကာ လမ်းပြဒကာတစ်ယောက်ထည့်ပေး လိုက်လေ၏။ ထိုလမ်းပြဒကာလည်း ကားလမ်းမကြီးပေါ်မှပင် မန်ကျည်းပင် ချုံနွယ်များစွာတို့ဖြင့် အလွန်အုပ်ဆိုင်း ပိန်းပိတ်နေသောနေရာကို လက်ညှိုးထိုး ပြကာ ပြန်သွားတော့သတည်း။(အချိန်ကား–၁၃၄၁–ခုနှစ်၊ သီတင်းကျွတ်လပြည့်

http://www.dhammadownload.com


ကျော်(၅)ရက်နေ့ ညနေချိန်တည်း။)ဆရာတော်ကား လမ်းညွှန်ဒကာရဲ့ လက်ညှိုးထိုးရာသို့ ခရီးဆက်ခဲ့ရတော့သည်။

ထို ဘုရားတိုက်ကား အစောင့်ကြမ်းလှ၏။ ခွေးနက်ကြီးတစ်ကောင်ကလည်း ထွက်လာပြီးကိုက်တတ်၏။ နေ့လည်ပင်မသွားရဲကြဟု နယ်မြေခံများကဆိုကြ၏။ သို့သော် ဆရာတော်ကား သီတင်းသုံးပါသော်လည်း ဘာမျှမတွေ့ခဲ့ပါချေ။ ထိုတွင် ဆရာတော် တစ်ပတ်ခန့်မျှ သီတင်းသုံးနေတော်မူပြီးလျှင် အကြောင်းမညီညွတ်၍ လကွယ်နေ့တွင် သူကြီးပောင်း၏ လျှောက်ထားချက်အရ သရက်ပင်အောက်သို့ ကြွရောက်ခဲ့ရလေသည်။

## သရက်ပင်ရိပ် ကျောင်းတိတ်ဆိတ်

သီတင်းကျွတ်လကွယ်နေ့တွင် ဆွမ်းခံဝင်ပြီးသော် ကျောင်းသို့ဝင်လျှ၏။ ဆွမ်းစားခြင်းကိစ္စပြီးသွားသော် နေ့လည်တစ်ချက်တီးတွင် အင်တိုင်းသာရွာမြောက်မှတောင်သို့ ထွက်ခွါခဲ့သည်။

ရှေးရက်များက ဖိုးသူကြီးက လာရောက်ပင့်ထား၏။ဤဒေသ၌နေလိုပါကလည်း တာဝန်ယူမည်။ အခြားသွားလိုကလည်း ကား၊ ရထားလက်မှတ်များ တာဝန်ယူပါသည်။ ဤနေရာမှရွှေ့သောနေ့ သူ၏ဥယျာဉ်သို့ကြွရန် ကတိတောင်းထား၏။ ဆရာတော်ကလည်း ကတိပေးထား၏။

တစ်ဖန် ထနောင်းကန်ရွာမှ ဦးဟန်ခင်ကလည်း သူတို့ ရွာသို့ကြွရောက်သီတင်းသုံးဖို့နှင့် အခြားကြွမည်ဆိုပါကလည်း ကြွလိုရာဒေသအထိ ခရီးလက်မှတ်ဆက်ကပ်ပါမည်ဟု လျှောက်ထား၏။

ဆရာတော်သည် ထနောင်းကန်ရွာမှတစ်ဆင့် ကျောက်ဆည် ဝေဘူအနီးရှိ တောင်တန်းများဆီသို့ ကြွသွားဖို့ ရည်ရွယ်ချက်ဖြင့် ခရီးထွက်ရာ ရှေးဦးစွာ ဖိုးသူကြီးကို နှုတ်ဆက်၍ ကတိကြွေးပေးဆပ်ရန် ဖိုးသူကြီးထံသို့ ဝင်ရောက်လာခြင်းဖြစ်၏။

http://www.dhammadownload.com


ဖိုးသူကြီးထံသို့ ရောက်သည်နှင့် ရောက်မဆိုက်ပင်လျှင်–

"အရှင်ဘုရား ရဟန်းဆိုတာ အရင်ပင့်သူ အရင်လိုက်ရိုးထုံးစံ ရှိပါတယ် ဘုရား။ တပည့်တော်က အရင်ပင့်ထားတော့ တပည့်တော်ဆီမှာပဲ သီတင်းသုံးပါဦး ဘုရား။ ဟောဟိုခေါင်းရင်းက သရက်ပင်ကြီးနှစ်ပင်ကို အရှင်ဘုရား တစ်သက်လုံး သီတင်းသုံးလျှင် တစ်သက်လုံးပင်လှူပါသည်ဘုရား.." လျှောက်ထားတော့၏။

ဖိုးသူကြီး၏ လျှောက်ထားချက်ကား ထိမိလှ၏။ သူ့ရဲ့သဒ္ဓါကလည်း ကြီးမားလှ၏။ ဆရာတော်ကလည်း နေရာတိုင်းရဲ့ လောကဓံ လှိုင်းထန်နေချိန် ဖြစ်လေတော့–လက်ခံလိုက်ရတော့သည်။

ထိုသရက်ပင်ကြီးအောက်ဝယ် ကွပ်ပြစ်တစ်လုံးဖြင့် (၅)ရက်လုံးလုံး သီတင်းသုံး နေခဲ့ရလေသည်။ အင်တိုင်းသာရှိ ကြည်ညိုသူ ဒကာ၊ ဒကာမများလည်း ထိုဥယျာဉ်သို့လာရောက်ပြီး ဆွမ်းလောင်းကြ၏။ အုတ်တွင်းရွာ၊နန်းတော်ကုန်းရွာများမှ ဒကာ၊ဒကာမတို့လည်း လာရောက်ကြကုန်၏။

ဆရာတော်သည် အရင်ကပင် တောင်တန်းများရှိရာဆီသို့ ဦးတည်ခဲ့ရာ ဆန္ဒကိုသိကြ၍ အုတ်တွင်း၊နန်းတော်ကုန်း၊အင်တိုင်းသာဒကာများတို့၏ သဒ္ဓါတရားဖြင့် ရှေးဦးစွာ တောင်ခြေရင်း၌ နေ့ချင်းပြီး တဲကျောင်းလေးတစ်လုံး ဆောက်လုပ်ကြ၏။ တန်ဆောင်မုန်းလဆန်း(၆)ရက်နေ့တွင် ထိုတောင်ခြေကျောင်းလေးသို့ သရက်တောရှိ သရက်ပင်ကြီးအောက်မှ ပြောင်းရွှေ့သီတင်းသုံးခဲ့ရ၏။

## အိပ်မက်ထဲကရဟန်း

အင်တိုင်းသာရွာက ဒကာမတစ်ယောက်သည် သီတင်းကျွတ်လပြည့် ကျော်(၄)ရက်နေ့ ညက အိပ်နေစဉ်တွင် အိပ်မက်မက်ခဲ့၏။ အင်တိုင်းသာရွာတွင်းသို့ ရွာလည်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ တောင်ဝှေးထောက်လျက် သင်္ကန်းရုံ သပိတ်လွယ်လျက်က ရဟန်းတော်တစ်ပါး ကြွသွားတာဖူးတွေ့ရသဖြင့် ငွေတစ်ကျပ် လှူဒါန်းလိုက်ရသည်ဟု အိပ်မက်မက်၏။

http://www.dhammadownload.com


ထိုအိပ်မက်အတိုင်းပင် နောက်တစ်နေ့ ညနေတွင် တောင်ဝှေးထောက်ကာ သက်နိုးရုံ၊သပိတ်လွယ်လျက်က ကြွသွားတာကို ဖူးမြင်လိုက်ရ၏။ ထိုအရှင်ကား သရက်ဥယျာဉ်အတွင်းရှိ သရက်ပင်ရင်းတွင် သီတင်းသုံးနေသော ဆရာတော် ဖြစ်နေလေ၏။ ထိုနောက်တစ်ရက်တွင် ငွေတစ်ကျပ်ဖိုးတိတိ ဘီစကွတ် မုန့်ဆွမ်းများ ဝယ်၍ လောင်းလှူခဲ့လေသည်။ အိပ်မက်ကားထူးခြားလှ၏။ အိပ်မက်အတိုင်း ဖူးတွေ့ရတော့ သူ့အဖို့ ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုပင် ခံစားနေရတော့၏။ သိက္ခာသီလ၌ ကြည်ညိုသူ နတ်များကပင် အိပ်မက်ပေးလေသလားစဉ်းစားစရာ ပင် ဖြစ်၏။

ဆရာတော်သည် တောင်ခြေ တောကျောင်းကလေးတွင် သီတင်းသုံးနေစဉ် တစတစနှင့်ပတ်ဝန်းကျင်ရွာတို့မှ ဆွမ်းခံပင့်ကြလေရာ အုတ်တွင်း၊ နန်းတော်ကုန်း၊သာယာကုန်း၊ဇဝင်း၊ရေတွင်းကြီး၊မြိုင်သာရွာများနှင့် နောက်ပိုင်းတွင် အင်တိုင်းသာရွာတို့ ဖြစ်ကြလေသည်။ ထိုရွာတို့ရှိ ဒကာ၊ ဒကာမများကလည်း သဒ္ဓါထက်သန်စွာ လောင်းလှူကြလေသည်။

ထိုတောင်ခြေ တဲကျောင်းကလေးတွင်နေစဉ် ဖိုးသူကြီးက ရွှေကျောင်းကုန်းတောင်ထိပ်ပြင်ဝယ် အရင်စေတီဟောင်းနေရာတွင် (၆)တောင်ခန့် စေတီငယ် တစ်ဆူတည်လိုကြောင်း လျှောက်ထားလေတော့၏။ ထိုတောင်၌ သူ့ဇနီးဟောင်း မလှကြည် ရှိနေကြောင်းလည်း ပြောဆိုသေး၏။

ဆရာတော်က–

''ဒကာကြီး ငါတို့က ရဟန်းဖြစ်သဖြင့် ဘုရားတည်ရန် ကိစ္စ၊ ငွေကြေးကိစ္စကား ငါတို့နှင့်မဆိုင်ပြီ။ တည်မှုကိစ္စ၊ တည်ပုံအခြင်းအရာမျှ ကိုသာ တတ်နိုင်ပါ၏။'' ပြောဆိုလိုက်၏။

ထိုသို့ စေတီတည်ဖို့ရန်ကိစ္စ ဖြစ်ပေါ်လာ၍ တာဝန်ယူမိသည်နှင့် ထိုတောင်၊ ထိုစေတီ၏ ရာဇဝင်သမိုင်းများ တသီတတန်းကြီး(အိပ်မက်ထဲ)ပေါ်လာလေတော့၏။

http://www.dhammadownload.com


# ရွှေကျောင်းကုန်းတောင်

အစကား ပျူခေတ်က စခဲ့၏။ ပျူမင်းများကိုးကွယ်သော ရွှေကျောင်းကြီး ဆရာတော် (ကြီးမားသောနှစ်ထပ်ကျောင်းကြီး လက်နှစ်ဖက်ပတ်လည်ကျွန်းတိုင်ကြီးများဖြင့် အားလုံးရွှေပိန်းပိန်းချထားသော ကျောင်းတော်ကြီးဖြစ်၏) ဆရာတော် ဦးဝိမလဖြစ်၏။(ယခုသာသနာ့ဗိမာန်ဆရာတော် အဘဝိမလဖြစ်၏) ဆရာတော် ဦးဝိမလ တက်ရောက်၍ တရားအားထုတ်ရာတောင်ဖြစ်သဖြင့် ရွှေကျောင်းကုန်းတောင် အမည်တွင်ခဲ့သည်ဆို၏။

ယခု အဘဝိမလနှင့်ဆရာတော်ဦးဥေယျတို့ကား ထိုဘဝကပင် ဆရာတပည့် တော်ခဲ့ကြသည်ဆို၏။ ပျူခေတ်စေတီကား (၆)တောင်ခန့်မျှသာ ရှိခဲ့သည်။

တစ်ဖန် ရှမ်းခေတ်ကား မိဖုရားစောဥမ္မာ၏ ပစ္စယာနုဂ္ဂဟဖြင့် ယက္ကန်းစင်တောင်ဆရာတော် တက်ရောက်၍ တရားအားထုတ်သွားခဲ့လေသည်။ ရှမ်းခေတ်ရောက်တော့ စေတီတော်ကား(၈)တောင်ခန့်ပင် ဉာဏ်တော်မြင့်တော်မူ၏။

တစ်ဖန် ပုဂံခေတ်တွင်ကား သေလည်ကြောင်မင်း၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်မထီးဆရာတော် တက်ရောက်၍ ဖိုထိုးသွားခဲ့သေး၏။ ထိုခေတ်စေတီကား (၉)တောင်ပြည့်အထိ ဉာဏ်တော်မြင့်လာလေသည်။

ထိုပုဂံခေတ်၌ ဘုရားတည်ပုံကိုလည်းကောင်း၊ တာဝန်ခံမင်းသား၏ ပုံကိုလည်းကောင်း အိပ်မက်ထဲဝယ် အသေးစိတ်ပင်ပြသခဲ့၏။ ပုဂံခေတ် ရုပ်သွင်များကား ကုလားပုံဆန်၏။ အသားမဲရသည့်အထဲ ကြေးနီရောင်ဝတ်စုံများကို ခါးတောင်းကျိုက်၍ ရွှေမှမောင်းကြီးကို ထမ်းလျက် ထုနှက်လေ၏။

ထိုမောင်းရှေ့ဝယ် ဝန်ကြီးကိုယ်တိုင်လျှင် ဝန်မင်းအဆောင် အယောင်များဖြင့် ပြည့်စုံစွာဝတ်ရုံ၍ ထိုမောင်းနောက်က ဆိုင်ရာအမှုတော်ထမ်းများ တသီတတန်းကြီး လိုက်ပါခဲ့ကြကုန်၏။ ထိုဘုရား အများစုကာ တည်ခဲ့ကြ၏။ ထိုစဉ်က ရှင်မထီးဆရာတော်ကြီးနှင့်တွဲဖက်၍ တာဝန်ယူ ကြီးကြပ်ပြီး တည်ခဲ့ရသူမှာ ယခု ဖိုးသူကြီးဖြစ်ခဲ့သည်ဆို၏။

http://www.dhammadownload.com



ယခုတစ်ဖန် ပြန်လည်တည်ဆောက်ရာ၌လည်း ထိုဖိုးသူကြီးပါမှ အထ မြောက်မည်ဆို၏။ စေတီတော်ပုံစံကိုလည်းကောင်း၊ ဥဏှာတော်ကို လည်းကောင်း အိပ်မက်အတိုင်းတည်ဆောက်ရပြီး ဘွဲ့တော်ကိုကား ''လောကမုနိ''ဟူ၍ မြောက်ဘက်မှ ကမ္ဗည်းတပ်ထားလေသည်ကို မြင်မက်ခဲ့ရာ ထိုအတိုင်းပင် ဆရာတော် ဘုရားတည်ခဲ့၏။

ထို လောကမုနိစေတီတော် အုတ်မြစ်ချမင်္ဂလာနှင့် ဌာပနာပိတ်ပွဲတို့ကို ၁၃၄၁–ခုနှစ်၊တပိုတွဲလဆန်း(၁၁)ရက်နေ့ (၁၁)နာရီ (၁၁)မိနစ်အချိန်တွင် သံဃာတော် (၁၁)ပါး၊ မင်းအာဏာတည်စေသော ပါတီ–ကောင်စီတို့မှ (၁၁)ယောက်၊ ဂေါစရဂါမ်ရှိ ဂေါပကအဖွဲ့မှ(၁၁)ဦး၊ ပေါင်း(၃၃)ဦးတို့ဖြင့် ကျင်းပကြ၏။ အုတ်မြစ်ချပွဲပြီး၍ ဆက်လက်ဌာပနာပိတ်ကြရာ ပိတ်သောကျောက်ဖျာကြီး ပြိုကျ သွားတော့သဖြင့် ထိုနေ့ပင်ပျက်တော့၏။ ဒီမတိုင်မီတစ်ညကပင် နေမွန်းတည့်ဆဲ ပိတ်သဖြင့် ပြိုမည့်အကြောင်း ဆရာတော်အား အိပ်မက်ပေးခဲ့သော်လည်း ဆုံးဖြတ်ချက် မဖျက်နိုင်ဆိုကာ ဖွတ်မှိတ်လုပ်သောကြောင့်တည်း။

ထို့ကြောင့် တပိုတွဲလပြည့်နေ့တွင် ဒီအတိုင်းပင် နံနက်(၁၁)နာရီ (၁၁)မိနစ် ကျင်းပခဲ့ရာ အောင်မြင်သွားခဲ့၏။ စေတီတည်ချိန် တစ်လကြာ၏။ တပေါင်းလပြည့်နေ့တွင် ထီးတော် တင်တော်မူ၏။ ၁၃၄၁–ခုနှစ်၊ တပေါင်းလပြည့် ထီးတင်သတည်း။

**ဒွေးညီမ်းလာခေါင် ကျောင်းကုန်းတောင် ဘုန်းခေါင်တည်သည့်နှစ်**

## ရွှေကျောင်းကုန်းတောင်ဆရာတော်

ထိုလောကမုနိဘုရား ထီးတော်တင်ပွဲ ပြီးသွားသည့်အခါတွင် 'ရွှေကျောင်းကုန်းတောင်ဆရာတော်'ဟု အများက ခေါ်ဝေါ်တာ များလာသဖြင့် ထင်ရှားကျော်ကြားလာခဲ့လေသည်။

တပို့တွဲလဆန်းကပင် တောင်ခြေရှိ တဲကျောင်းကလေးမှပြောင်းရွှေ့လာ

http://www.dhammadownload.com



ခဲ့ရာ စေတီတည်သည့် တောင်ဘက်ရှိ တောင်စောင်းတွင်ရှိသော ကျောက်တုံးကြီး နှစ်တုံးတို့ကြားတွင် သီတင်းသုံးနေခဲ့ရ၏။ ဒကာ၊ ဒကာမများက မြင်တွေ့လေရာ ထမ်းရွက်များဖြင့် မိုးကာပေးထားကြ၏။

နောက်ရက်များတွင် မောင်းမဆည်ရွာမှ ဦးတင်မောင်တို့မိသားစုက စနစ်တကျ အုတ်ဂူကလေးပြုပြင်ပေးကြရာ ၁၃၄၂-ခုနှစ်၊ ကဆုံလပြည့်နေ့တွင် ရေစက်ချ၏။ ထိုအုတ်ဂူကလေးကား ယနေ့တိုင် တည်ရှိသေး၏။

ရွှေကျောင်းကုန်းတောင်ပေါ်ရောက်သော် ဘုရားလည်းပြီးဆုံးသွားခြေပြီ။ ကိုယ့်အလုပ်ကိုယ်လုပ်မည် ဟူသော ရည်ရွယ်ချက်ကို ဆရာတော် အကောင်အထည် ဖော်လိုက်၏။

စိတ်တွေကား ပြေးလွှားနေ၏။ ပြေးလွှားသောစိတ်၏နောက်သို့ သတိ ကောက်ကောက်ပါအောင် အားထုတ်၏။ မဟာစည်နှင့်လူ ဝေးရသော်လည်း မဟာစည်တွင် ဆရာသမား၏မျက်စိအောက်နှင့် တပြေးညီ ဖြစ်အောင် အားထုတ် နေလေ၏။

- ဤအချိန်ကား စကြ်န်ချိန်တည်း။
- ဤအချိန်ကား တရားထိုင်မှတ်ချိန်တည်း။
- ဤအချိန်ကား တရားနာချိန်တည်း။
- ဤအချိန်ကား အိပ်ယာထချိန်တည်း။

ဤသို့ မဟာစည်မှာကဲ့သို့အားထုတ်၏။ မိမိသဒ္ဓါအလျောက်လည်း တိုး၍တိုး၍ အားထုတ်ခဲ့လေသည်။

ဆရာတော်အားထုတ်သည်ကို ကြားသိကြ၍ ထိုရွှေကျောင်းကုန်းတောင် သို့ လူ၊ ရှင်၊ ရဟန်းများ လာရောက်ပြီး တရားအားထုတ်ကြလေ၏။ ရှေးဦးစွာ မောင်းမဆည်ရွာမှ ဦးတင်ညွန့်ဦးဆောင်သော ဇီးဦးအဖွဲ့ အားထုတ်၏။ နောင်တွင် တစတစဖြင့် ဗိုးသူကြီးစသည်ဖြင့် များလာခဲ့၏။

ထို့အပြင် ပထမဝါဆိုလဆန်းက ဒုတိယပင့်ထားသော ထနောင်းကန်

http://www.dhammadownload.com



သိမ်ကုန်းသို့ (၁၀)ရက်တာသွားရောက်ပြီး တရားဟော၊ တရားပြခြင်းများ၊ ဆွမ်းခံခြင်းများ ပြုလုပ်ပေးလေသည်။

ဆရာတော်ဦးမာဃိန္ဒ ကိုယ်တော်တိုင်ပါဝင်၍ တရားအားထုတ်လေသည်။ ဆွမ်းခံကြွရာတွင် ယင်းမာရိုး၊ ထနောင်းကုန်း၊ ကြာပြစ်ကန်၊ ငှက်ကြီးသိုက်၊ မြောင်းဦးအထိ ဆွမ်းခံလှည့်လည်ပေးရလေသည်။

## သည်တစ်ခါတော့ အပြတ်ကယ်ချိန်

၁၃၄၂–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၂)ရက်နေ့ ဝါဆိုပြီးကတည်းက တရားအလုပ်ကို အားကုန်တင်လိုက်လေသည်။ ပိဋကပါဠိတော်ရွတင်ကို နားထားလိုက်သည်။ နံနက်(၆)နာရီမှစတင်၍ ဂူပိတ်လျက်က တရားထိုင်ခဲ့၏။ နေ့(၁၁)နာရီကျမှ တရားနားခဲ့၏။ နံနက်ပိုင်းက လဘက်ရည်ပုဂံလုံး သုံးလုံးစာ ထမင်းခြောက်များ ရေစိမ်၍ဘုရားကပ်ခဲ့သည်ကို စွန့်၍ပင်ဘုန်းပေးပြီး ကျင့်ကြံခဲ့လေသည်။

ထိုအခါ တစ်နယ်လုံးက ကောလာဟလများ အသံကျယ်လောင်လာတော့၏။ ရွှေကျောင်းကုန်းတောင်ဆရာတော် ယဲ့ယဲ့လေးကျန်တော့သတဲ့၊ စကားတောင် မပြောနိုင်တော့ဘူးတဲ့ စသည့်သတင်းများကြောင့် ရွှေကျောင်းကုန်းတောင်တွင် သီတင်းနေ့တိုင်း လူရှုပ်လာပါတော့၏။ ဒီအခါမှာတော့ ဂူတံခါးထဖွင့်ပေးလိုက်ရပြီး ဟောပြောမှုများလည်း ပါခဲ့ရပြန်သည်။

- ဂူဖွင့်တာ ဘယ်သူလဲ။ ငါပင်တည်း။
- ဂူအပြင်လှုပ်ရှားနေတာဘယ်သူလဲ။ ငါပင်တည်း။
- ဂူတွင်းဂူပြင် လှုပ်ရှားနေသူဘယ်သူလဲ။ ငါပင်တည်း။

ငါမှတစ်ပါးအခြားမရှိ၊ ငါ့သန္တာန်၌ရှိသော ငါအစွဲများက စကားထပြောခြင်းဖြစ်၏။ ထို့ကြောင့်–

- လောကမှာ ကြောက်စရာအကောင်းဆုံးနှင့် မုန်းတီးစရာ အကောင်းဆုံးရန်သူသည် မိမိအတွက် မိမိသာတည်း။(ငါသာတည်း)

http://www.dhammadownload.com


- ချစ်စရာအကောင်းဆုံးနှင့် အားအကိုးရဆုံးလည်း မိမိအတွက် မိမိပင်တည်း။

ဤအတွေးကား ဆရာတော်ထံ ဝင်လာလေတော့၏။ သည်အခါ အခြားနေရာ ပြောင်းရွှေ့ဖို့ စဉ်းစားလာရတော့၏။ သာသနာသန့်ရှင်းရေးကလည်း ပေါ်ပေါက်လာသည်ဖြစ်၍ နယ်မြေသံဃာတော်တို့အသံများကလည်း ရွှေကျောင်းကုန်းတောင်သို့ပင် လျှံတက်ခဲ့လေသည်။ ထို့ကြောင့်လည်း ပြောင်းရွှေ့ရန်ကိစ္စ သေွးအေးအေး စဉ်းစားရ၏။ ဖြေးဖြေးပဲပြောင်းဖို့ စီစဉ်ခဲ့ရ၏။

## တစ်ရွာမပြောင်း သူကောင်းမဖြစ်

ထိုနှစ်ကပင် ဖိုးသူကြီးကတိအတိုင်း ရွှေကျောင်းကုန်းတောင်မှ ထွက်ခွါတော့မည်။ ရန်ကုန်လက်မှတ်ကပ်လျှုရန် အကြောင်းကြားလိုက်၏။ ဖိုးသူကြီးကား မကြွစေလိုသော်လည်း 'သံဃာအား လူတားလို့မရပါဘူး' ဆိုကာ စီစဉ်လေတော့၏။

ရွှေကျောင်းကုန်းတောင်မှအထွက် သာစည်မှာ နံနက်ဆွမ်းခံမည်။ ပြီးလျှင် အနုမောဒနာတရား ဟောကြားပေးမည်။ နေ့လည်(၂)နာရီတွင် ဝိပဿနာတရားဟောကြားပြီး၊ ည(၇)နာရီတိတိတွင် တဖန် တစ်ကြိမ်တရားဟောကြားပေးမည်။ တရားပွဲပြီးသော် ရထားပေါ်တက်၍ ခရီးဆက်မည်ဟု ကြိုတင်စီစဉ်ပေးထားလေသည်။

ခရီးထွက်ဖို့စီစဉ်ထားသည့်ကြားမှ ၁၃၄၂–ခုနှစ်၊ တပေါင်းလပြည့်နေ့ ဘုရားပွဲနှင့် တိုက်ဆိုင်၍ပင် မယ်တော်ကြီးဒေါ်မေတစ်ယောက် နေရပ်ကိုစွန့်ခွါကာ သားရှိရာ ရွှေကျောင်းကုန်းတောင်သို့ ရောက်လာပါတော့၏။ သားအရိပ်ခိုနား၍ တရားအားထုတ်ဖို့ရန်အကြံဖြင့် လာခဲ့ခြင်းဖြစ်၏။ ဆရာတော်သည် မယ်တော့်အတား ငါ့အသွားကား လမ်းကြား ဆုံလေမှကိုး ဟူ၍ပင် နှလုံးသွင်းလေတော့၏။

ထိုအခါ ဆရာတော်သည် ငါလည်းပဲ သွားသာရန်၊ မယ်တော်လည်းပဲ

http://www.dhammadownload.com


တရားရှာသာရန် ရည်သန်၍ တပေါင်းလပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ နှစ်လတိတိ တရားပြလျက်က ကျေးဇူးဆပ်ခဲ့လေသည်။

*စစ်မြေပြင်ကြားသွားရမည့်စစ်သား၊ မိမိမယား မီးဖွားနေသော်မှ ထားပစ်ခဲ့ရသေး၏။ ငါမိခင်အားလည်း ထားပစ်ခဲ့ရုံမှတစ်ပါး အခြားလမ်းမရှိပြီ။*

*လူချင်းနီးက တရားချင်းဝေးတတ်လှ၏။လူချင်းဝေးပြီး တရားချင်းနီးမှ အချင်းချင်းနီးစပ်ရာကျချေ၏။*

ဤအတွေးဖြင့်ပင် ခရီးဆက်ရန်အတွက် အမေအတွက်နဲ့ မဖျက်ခဲ့ပါချေ။

ကဆုန်လပြည့်ခါနီးဝယ် ရန်ကုန်မှ ဦးကျော်မြင့်(မိုးမခ) ဦးဆောင်သော ဒကာများ ရွှေကျောင်းကုန်းတောင်သို့ရောက်လာကြတော့၏။ သူတို့ရောက်လာခြင်း ကား ကောင်းသောလာခြင်းမျိုး ဖြစ်ပါတော့၏။ ဆရာတော်ကိုကြိုဆိုသလို ဖြစ်နေတော့ ၏။ သာစည်မှဗိုးသူကြီးဥယျာဉ်သို့ ကားဖြင့် လာရောက်ပင့်ကြိုကြ၏။ ထိုကားဖြင့်ပင် ၁၃၄၃–ခုနှစ်၊ ကဆုန်လပြည့်ကျော်(၄)ရက်နေ့၌ ရွှေကျောင်းကုန်းတောင်ကို စွန့်ခွါ၍ ထွက်ခဲ့ရလေတော့၏။

ထို ကဆုန်လပြည့်ကျော်(၄)ရက်နေ့ နံနက်ဆွမ်းခံအမှီ သာစည်သို့ ရောက်၏။ ဆွမ်းခံလှည့်လည်ပြီးသော် သီလပေး၏။ သီလပေးပြီးသည့်နောက် တရားဟောတော်မူ၏။

♦ မိမိယူပြီးသီလ ဖြူစင်စွာဆေးကြောသုတ်သင်ရန်။

ထိုသီလသာ ဖြူစင်တောက်ပ၍လာချေသော် လူအားလုံးကယုံ၏။ လူအပုံခံရလေတော့သဖြင့်။

♦ လူလိုမှနတ်လို၊ နတ်လိုမှဂြိုလ်မ၊ ဂြိုမမှလိုသမျှရ တ,သလိုအောင်မည့် အကြောင်း။

တစ်ဖန် သီလဖြူစင်တော့ စိတ်ဖြူစင်၊ စိတ်ဖြူစင်တော့ အယူပါဖြူစင် ပြီး အတည့်လမ်း တန်းတန်းကြီးရောက်မည့်အကြောင်း၊ ကံလိုမှကံကုန်လမ်း တန်းတန်းရောက်ရခြင်းများကို ဟောကြားပေးတော်မူ၏။

http://www.dhammadownload.com


နေ့လည်(၂)နာရီကား ငါးကိုစားရာ၌ လူသည်မိုင်းစား မစားရ၊ လူမှန်လျှင် ငါးကိုသတ်ဖြတ်ပြီးသာ စားရမည်ဟူ၍။ အာရုံငါးပါး ခံစားကြရာ၌ ပညတ် ပယ်သတ်၊ ပရမတ်ဆတ်ဆတ်အတိုင်း ခံစားရပုံကို သတိပေးစကား ပြောကြား လေသည်။

ည(၇)နာရီကား သစ္စာလေးပါးတရားဖြင့် သာစည်အား ကျေးဇူးဆပ်တရား ဟောကြားခဲ့လေသည်။ ပြီးသော် ညရထားဖြင့် ရန်ကုန်သို့ ကြွတော်မူခဲ့လေသည်။

## ဇင်းကျိုက်တောင်သို့

ရန်ကုန်ရောက်သည်နှင့် ဘောက်ထော် သာသနာ့ဗိမာန် (အဘဝိမလ) ကျောင်းသို့သာ တည်းခိုခဲ့လေသည်။ (ဆရာတော် အဘဝိမလကား ၁၃၄၁-ခုနှစ်၊ တာကူးလပြည့်ကျော်(၁)ရက်နေ့က ခန္ဓာဝန် ချသွားခဲ့လေပြီ) တစ်ညတာမျှ ရန်ကုန်ပရိသတ် ဒကာ၊ ဒကာမများနှင့် တွေ့ ခွင့်ရလေသည်။ နောက်တစ်နေ့ လပြည့်ကျော်(၆)ရက်နေ့၊ နံနက်(၁၀)နာရီခန့်တွင် မော်လမြိုင်ရထားဖြင့် ခရီးဆက်ခဲ့ လေသည်၊ ရထားပေါ်တွင် ကုလားတစ်ဦးက ကြိုနေလေတော့၏။ အထက်တန်းတွဲ ပေါ်ဝယ် ထိုကုလားက ဆရာတော်၏လိုအပ်ချက်မှန်သမျှ အပ်စပ်ရာများ လှူဒါန်း လေ၏။ ဇင်းကျိုက်ကိုကား အမြန်ရထားမရပ်နားလေသဖြင့် ပေါင်မြို့အထိ လိုက်ပါခဲ့ ရပြီးမှ နောက်ကြောင်း ဇင်းကျိုက်သို့ ပြန်ကြွခဲ့ရလေသည်။ အပေါင်မြို့မှ ဇင်းကျိုက် ကိုကား ခြေလျင်ခရီး တစ်ပါးတည်း ပြန်ခဲ့ရခြင်းဖြစ်လေသည်။

အဖော်မပါ တစ်ပါးတည်း ခြေလျင်ခရီးဖြင့် မေးပြီးလာခဲ့ရာ ဇင်းကျိုက် တောင်ခြေ ခြသေ့နှစ်ကောင်ရှေ့ ရောက်ခဲ့ရလေသည်။ တောင်ခြေရှိ ခြသေ့ကြီး နှစ်ကောင်မှ ညမှောင်မှောင် လရောင်လည်းမရှိ၊ မိုးမှောင်ကလည်းအတိ၊ မီးကလည်း နတ္ထိဖြင့် တောင်ပေါ်သို့ ခရီးဆက်တက်ခဲ့ရာ ဇင်းကျိုက်တောင် စေတီရင်ပြင်ပေါ်သို့ ည(၉)နာရီခန့်တွင် ရောက်ခဲ့ရလေသည်။

http://www.dhammadownload.com


နံနက်မိုးသောက် အလင်းရောက်သော် ဇင်းကျိုက်တောင် စေတီတော် ရင်ပြင်ပေါ်မှ တောင်တန်းတွေဆီ လှမ်းမျှော်၍ကြည့်လိုက်သောအခါ ဇင်းကျိုက်တောင်၏ အနီး၌ကား သက်နန်းလှမ်းတောင်စေတီတော်ကို ဖူးမြင်ရလေသည်။ စေတီတော်နှင့်ဝေးသော မြောက်အရပ်တွင်ကား မင်းတရာ့တစ်ပါး စေတီတော်ကိုလည်း ဖူးတွေ့ရလေသည်။

## ဇင်းကျိုက်တောင်တွင်

၁၃၄၃–ခုနှစ်၊(သုံးဝါမြောက်)ဝါတွင်ကား မွန်ပြည်နယ်၊ ဇင်းကျိုက်တောင်၌ ဝါကပ်တော်မူလေသည်။ ဇင်းကျိုက်တောင်ရောက်ပြီးသည်တည်းကလည်း လေဒဏ်၊မိုးဒဏ် အလူးအလိမ့်ခံနေတော်မူရလေသည်။ မြန်မာပြည်ရဲ့အလယ် သာစည်ဝယ် အပူများတို့၏ဒါဏ်ကို ခံခဲ့ရသလောက် ဇင်းကျိုက်ရောက်တော့ အအေးဒါဏ် ခံရပြန်လေသည်၊ မြစ်ပင်လယ်ဆီမှ တောတောင်များကိုဖြတ်သန်း၍ တိုက်ခတ်လာသောလေတို့ကလည်း အေးစက်လွန်းလှလေသည်။ တစ်ဝါတွင်း လုံးမှာလည်း မိုးယံကြိုးက တဝင်းဝင်း တဒိန်းဒိန်းနဲ့ ပစ်ခတ်နေလေသည်။

ဆရာတော်သည် ပိဋကပါတ်စုတင်၊ သပဒါနစာရိကစုတင်များဖြင့် လမ်းစဉ်၊ အိမ်စဉ်များအလိုက် ဇင်းကျိုက်သို့ ဆွမ်းခံဆင်းခဲ့ရသည်။ ဆွမ်းခံရာ၌ ဆွမ်းချည်းသာရလေ၏။ တစ်လခန့်မျှ ဆား၊ဆီမပါ ဆွမ်းသက်သက်မျှသာ ဘုန်းပေးလာရသောအခါ တောင်တက်၊ တောင်ဆင်းသည့်အခါမျိုး၌ ဒူးကား မခိုင်တော့ပြီ၊ ခန္ဓာကိုယ်လည်း အားအင်ချိနဲ့လာတော့၏။

ဒီကြားထဲ ဇင်းကျိုက်တောင်သို့ အရင်ရောက်လာသူ ရဟန်းတစ်ပါးက သူ့ကိုမပန်ကြားဘဲနေရကောင်းလားဆိုပြီး မခြေမင်ဆက်ဆံလာတော့၏။ တောင်အောက် ဇင်းကျိုက်ရှိ ဂေါပကများနှင့်ကောင်စီတို့သို့ သွားရောက် တိုင်ကြားလေ၏။ ထိုသူတို့က တောင်ပေါ်တွင်ပျောက်စရာမရှိ သူ့တရားသူ အားထုတ်ပါစေဆိုသဖြင့် နောက်ကြောင်းပြန်ခဲ့ရလေသည်။

http://www.dhammadownload.com


ဆရာတော်သည် အပူဒေသမှ အအေးဒေသသို့ ရောက်လာရခြင်း၊ ဆွမ်းအာဟာရမပြည့်စုံရခြင်း၊ တိစိဝရိတ်စုတင်ဆောင်ထားသဖြင့် ဆွမ်းခံသွား မိုးစိုလျှင် မိုးစိုသင်္ကန်းအတိုင်းနေခြင်း၊လေစိမ်းတိုက်ခံရခြင်း၊အားအင်ချိနဲ့ လာခြင်းတို့ကြောင့် ဝါမဆိုမီမှာပင် အဖျားဝင်လာတော့သည်။

အားအင်မရှိရတဲ့အထဲ အဖျားစွဲလေတော့ ဆွမ်းခံကြွရာ တောင်အောက် ရောက်က တောင်ပေါ်မတက်ချင်၊ တောင်ပေါ်ရောက်နေကလည်း တောင်အောက် မဆင်းချင် ဖြစ်လာရတော့၏။

ထိုအခါ ဆရာတော်သည် သူ့ကိုယ်သူ ဆုံးမအားပေး၍ အတက်အဆင်း ပြုလုပ်ခဲ့ရသည်။

'အင်း..နင့်ကိုယ်နင် အငတ်မခံချင်ရင် ဆင်း'နှင့် ချလိုက်ရ၏။

တောင်အောက်ရောက်တော့လည်း—

'တောင်အောက်မှာ နင့်အဖေမရှိ၊ နင့်အမေမရှိ'နှင့် တောင်ပေါ်သို့ မောင်းတင်ရလေသည်။ ဤကဲ့သို့ပင် နေ့စဉ်အဆင်း၊အတက် မပျက်မကွက် ရက်ဆက်ပင်။

ဝါဆိုခါနီးတွင် ယခင်က စစ်တောင်းကိုရင်ကြီး ယခုအင်းတကော်ရသေ့ သည် တပည့်တစ်ဦးနှင့် ဇင်းကျိုက်တောင်ပေါ်သို့ တက်ရောက်လာကြလေသည်။ သိမ်တော်ကြီးအတွင်းဝင်ရောက်နေကြ၏။ ရသေ့သည်သိမ်တွင်းနေတော့ မယောင်၊ ဝါကပ်တော့မယောင်နှင့် ဆန်ရိက္ခာများစွာနှင့်တကွ အားလုံးပြင်ဆင် နေလေ၏။

ဝါဆိုချိန်ရောက်တော့ ဝါကပ်ပြီးနောက် ရက်အနည်းငယ်အတွင်း၌ပင် သူတို့ပါလာသောရိက္ခာများကို ဒကာတစ်ဦးကိုစွန့်ခဲ့ကာ ပြန်ဆင်းသွားလေတော့ ၏။ ဆင်းခါနီးတွင် ဤနေရာ ဤတောင်သို့ သူတော်ကောင်းကြီး ကြွလာလိမ့်မည် ဟု ဆိုကာ ပုံ့သကူသင်္ကန်းလည်း ပစ်ထားခဲ့လေသည်။ ထိုင်စရာ နေရာထိုင်ခင်း၊ လဲလျောင်းစရာ ကုတင်များလည်း အဆင်သင့်ထားခဲ့သည်ဟု မှာကြားပြောဆို သွားလေသည်။

http://www.dhammadownload.com



## ရော့ စပြစ်သီး စားဝအောင်

ထိုဒကာသည် တစ်ဦးတည်း သိမ်ကျောင်းအတွင်း နေရသည်မှာ အားငယ်နေပါသဖြင့် ဆရာတော်ကို သိမ်အတွင်းသို့ ကြွရောက်ပါရန် ပင့်လျှောက်လာသဖြင့် ဆရာတော်သည်လည်း ဘုရားခြေတော်ရင်းရှိ တိုက်ခန်းမှ သိမ်ကျောင်းသို့ ကြွရောက်သီတင်းသုံးလိုက်ရသည်။

ထိုဇင်းကျိုက်ဘုရားခြေတော်ရင်းတိုက်ခန်း ဘုရားခန်းဝယ် တစ်ပါးတည်း သီတင်းသုံးနေစဉ်အတွင်း အိပ်မက်နှစ်ခု မြင်မက်ခဲ့သည်။

တစ်ခုကား သာစည်ရွှေကျောင်းကုန်းတောင်သာသနာ စပြီးမှပစ်ထားခဲ့သဖြင့် ဒဏ်ပေးသောအားဖြင့် စပြစ်သီးကျွေးမည်ဟူ၏။ စပြီးသား ပစ်ခဲ့သဖြင့် တီးတော့မည် ဟူသတတ်။

နောက်တစ်ခုကား အဘဝိမလ ဂူတွင်းမှအထွက်တွင် ခြေထောက်များသို့ မီးမကူးသဖြင့် ခက်ခဲစွာထွက်ခဲ့ရကြောင်းနှင့်ယခုခြေလက်များ မသန်လေသောကြောင့်ပင် ဖြစ်ချေ၏။

ထိုသိမ်ကျောင်းတွင်း၌ တစ်ပါးတည်းကိန်းအောင်းနေတော်မူ၏။ ချမ်းသာစွာ တရားအားထုတ်တော်မူနိုင်၏။ ဒကာကား ဥပုသ်နေ့မျှသာလာ၏။ ကျန်ရက်များ တစ်ပါးတည်းနေရ၏။ သီတင်းကျွတ်ပြီးနောက်မကြာမီ ဘိုကလေးဘက်မှ ရဟန်းငယ်တစ်ပါးကြွလာလေသည်။ သိမ်ကျောင်းတွင်း၌ပင် သီတင်းသုံးနေတော်မူ၏။ လက်ခံထားလိုက်ရ၏။ တန်ဆောင်မုန်းလပြည့်ကျော်အထိတိုင် အတူနေခဲ့ရလေသည်။

ထိုအတွင်းဝယ် ရဟန်းတော်များ သာသနာဝင်မှတ်တမ်းတင်ရေးကိစ္စ ပေါ်လာတော့၏။ ဆရာတော်နှင့်ထိုရဟန်းငယ်လေးတို့ သာသနာဝင်မှတ်တမ်း ပြုလုပ်ရန်စီစဉ်သောအခါတွင် အရင်ရောက်နေသော ရဟန်းတော်က မထောက်ခံနိုင်ဘူးဟုဆို၏။ ထို့အပြင် ဇင်းကျိုက်တောင် တစ်တောင်လုံးအတွက် သောက်သုံး

http://www.dhammadownload.com


ရန် ရေကန်ကား သူ့အနားတွင်ရှိချေရာ ရေခတ်မယူရန်ပါ တားမြစ်လေတော့၏။ ထိုအခါဆရာတော်သည် ဝါးဆစ်ဗူးဖြင့် တောင်အောက်သို့ သွားရောက်ခတ်ယူ သယ်ဆောင်ပြီး သုံးရပါတော့၏။

ထိုမှတ်ပုံတင်ခြင်းကိစ္စကိုကား မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဦးကောသလ္လ(ရွှေကျောင်းကြီးဆရာတော်)ကြားသိသွားတော်မူရာ ဆရာတော်နှင့်ရဟန်းငယ်လေးနစ်ပါးတို့ကို ခေါ်၍ ၎င်းပိုင် ဇင်းကျိုက်၊ခမောက်အင်းအနီးရှိ ရွှေဒဂီးကျောင်းဝင်သံဃာအဖြစ်ဖြင့် မှတ်ပုံတင်ပေးတော်မူ၏။ မမျှော်လင့်သော ကယ်တင်ရှင်ပေါ်လာခြင်းကြောင့် ကျေးဇူးကြီးတင်ခဲ့ရသည်။

ထိုမှနောက် တန်ဆောင်းမုန်းလပြည့်ကျော်(၁၀)ရက် ရောက်သောအခါတွင် ဇင်းကျိုက်အနီး ရသေ့မဂူတွင်နေသော ဦးဂန္ဓမာလာ ရသေ့လေးက ဆရာတော်ထံလာရောက်ပြီး ထိုဂူ၊ ထိုကျောင်းများ အလှူခံတော်မူပါရန် ပင့်လာသဖြင့် ထိုဂူသို့ကြွသွားတော်မူရ၏။စေတီရင်ပြင်တော်မှ ထိုဂူသို့ကြွ သွားတော်မူရာ စေတီတော်မှ ရဟန်းတော်အာဂန္တုတစ်ပါးက စပြစ်ယိုဘူးတစ်ဘူးနှင့် ဖယောင်းတိုင်ထုတ်များ ဆီးကြိုလှူဒါန်းလိုက်၏။

ထိုဂူ၌ နတ်တော်၊ပြာသိုလ် နှစ်လမျှ သီတင်းသုံးနေစဉ်ကာလ ပန်းကုန်းရွာသို့ဆင်း၍ ဆွမ်းခံခဲ့ရသည်။ ထိုရသေ့လေးကား ကျောင်းလှူဒါန်းပြီး မူလအိမ်-မူလအာတ်ဆိုသော နေရာသို့ အပြီးအပိုင် ထွက်သွားလေသည်။

ထို ရသေ့မဂူတွင် တစ်ပါးတည်း သီတင်းသုံးတရားအားထုတ် နေရတာ အဆင်ပြေနေစဉ် နှစ်လလောက်အကြာတွင်ကား ထိုရသေ့လေးကား သူပုန်ရှိသည် ကြားရ၍ဆိုပြီး သူ့ဂူသူ ပြန်လာလေတော့၏။ အရိပ်ပြလျှင် အကောင်ထင် ဟိုဘက်ပါကျော်မြင်ပါသော ဆရာတော်ကား သူ့ဂူသူ ပြန်ပေးလိုက်ရလေတော့၏။

ထိုအခါ ဆရာတော်သည် နောက်သို့ကားမပြန် ရှေ့သို့သာ ဆန်မဟော့ ဟူသော ဆုံးဖြတ်ချက်နှင့် မင်းတစ်ရာ့တစ်ပါးတောင်သို့ ရှောင်ထွက်ခဲ့ရလေ

သည်။ ထိုတောင်၌ တစ်ပါးတည်း အေးချမ်းစွာနေရလေ၏။ ကတွန်ရွာသို့ဆင်း၍ ဆွမ်းခံ၏။ ဆွမ်းသပ္ပါယ မျှတလေ၏။ အိပ်မက်ထဲတော့ မရမ်းသီးကျွေးဦးမည် ဆိုသေးလေ၏။ ဒီတစ်ခါ ရမ်းရင်တော့ တီးတော့မည်ဟူ၍ ဆိုခြင်းဖြစ်ဟန်တူ၏။

## ချိုမယောင်နှင့်ချဉ်သော ဓပြစ်သီးမှည့်များ

ရသေ့မဂူမှ ရသေ့ထီး၏အလျှုပြန်ယူလို့–ညဏ်ကူခါသုံးပြီးတော့ ၁၃၄၃– ခုနှစ်၊ ပြာသိုလ်ထဲတွင် မင်းတစ်ရာ့တစ်ပါးတောင်သို့ ကြွရောက်ခဲ့ပြီးနောက် တပို့တွဲလထဲတွင် ဆရာတော်ဦးခေါင်း၏ နောက်စေ့ ခေါ် လည်ပင်းနောက်ကြော ဆံပင်မွေးအစပ်တို့အကြားဝယ် ဆေးရုံအခေါ်က'အနာပန်းဆုပ်' အရပ်ခေါ်က တော့ 'ဆင်ငိုလည်ပြတ်နာ'ပေါက်သဖြင့် သထုံဆေးရုံကြီးဝယ် တက်ရောက် ကုသခဲ့ရလေသည်။ ရွှေစာရံစေတီအနီးရှိ ဟိတာကာရီကျောင်း၏ ဆွမ်းစားကျောင်း တာဝန်ခံဆရာတော်ဦးမာလာ၏ အကူအညီအထောက်အပံ့များတို့ဖြင့်ပင် လကွယ်နေ့အထိ နေခွင့်ရခဲ့လေသည်။

ဆေးရုံကဆင်းခဲ့ပြီးသည့်နောက်တွင် မင်းကုန်းရွာရှိ ဓမ္မစကြာကျောင်း မှာပင် တစ်ညကျိန်းပြီးနောက် တပေါင်းလဆန်း(၁)ရက်နေ့တွင် ဆရာတော်သည် မိမိနေရာ မင်းတစ်ရာ့တစ်ပါးတောင်ရှိ ကျောက်ဂူသို့ ပြန်ကြွခဲ့ရလေသည်။ ထို့နောက် အနာများသည် ဆက်လက်ပေါက်လာကြသဖြင့် တစ်နေ့လုံးလုံး ဓမ္မစကြာကျောင်းသို့ပင် ပြန်လည်ဆင်းသက်ခဲ့ရပြီး အရပ်ဆရာဖြင့် ကုသချေ တော့၏။ ပန်းကုန်းရွာတစ်ရွာလုံးကလည်း ဆရာတော်၏အနာကို ကုသပေး ကြ၏။ ဆရာတော်ကား သူတို့၏အနာကိုလည်း ကုသပေးခဲ့၏။ ဆရာတော်၏ အနာကား ရုပ်အနာဖြစ်၏။ သူတို့၏အနာကား စိတ်အနာဖြစ်၏။ ဆရာတော်တွင် ပေါက်သောအနာတို့ကား အနာကြီးဖြစ်တာက( ၁၅ )လုံးဖြစ်၏။ အနာထွက်ခါစ ဆရာကုသပေးသောအနာတို့ကား( ၁၂ )လုံး၊ ပေါင်း ( ၂၇ )လုံးဖြစ်လေကုန်၏။

http://www.dhammadownload.com


ဆရာတော်တွင်ပေါက်လာသော အနာများကို ဆရာသည် မေ့ဆေးမပါ ထုံဆေးမရှိ ပကတိအတိုင်း ခွဲစိတ်ကုသပေး၏။ တချို့အနာများလည်း လောက်ကောင်များ ကြီးစိုးနေလေ၏။ တချို့အနာများကား ယင်ကောင်ကြီးများ လာရောက်စားသောက်နေလေ၏။ ယင်ကောင်၊ လောက်လန်းကောင်တို့ သည်ကား ဆရာတော်၏ ခန္ဓာကိုယ်ကြီးကို သူတို့၏စားကျက်သဖွယ် ဖြစ်နေ၏။ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်၊ စားချင်တိုင်းစား၊ သောက်ချင်တိုင်းသောက် နေကြ၏။ ဆရာတော်ကား တရားရှုမှတ်မှုမပျက်၊ ခုတင်မပျက်၊ မေတ္တာမပျက်၊ အပြုံးမပျက် ကိုယ့်ခရီးကိုယ်သာ ဆက်နေလေသည်။ ပန်းကုန်းရွာဒကာတို့၏ လျှောက်ထားတောင်းပန်ချက် ကောင်းလို့သာ ဆေးကုခံယူခဲ့ခြင်း ဖြစ်လေသည်။

ဆရာတော်သည် ယင်ရဲကြီးများ ဝင်ရောက်စားသောက် ကိုက်သည့် အခါများတွင် နာကျင်မှုဝေဒနာ ကြီးစွာခံစားရပါသော်လည်း ယင်ကောင်ဆီ သို့မရောက် နာကျင်မှုကိုခံစားရသော ဝေဒနာကိုရှုမှတ်နေ၏။ နာလာသည်။ နာတာကိုခံစားရသည်။ နာမှု၊ ခံစားမှု သဘောမျှသာရှိသည်။ ထိုခံစားမှုသဘော ကလည်း သဘာဝအတိုင်း ဖြစ်ပျက်သွားသည်။ ဤသို့ပင် နာကျင်မှုနှင့်ဝေဒနာ ငါ ရောမပါလေတော့ ငါနာသည်ဟု ဆို၍မရ သူ့သဘာဝပင်။ ရုပ်၌ ငါမပါ။ နာမ်၌ ငါမပါ။ သူ့လမ်းစဉ် ဖြစ်ပျက်သာ ရှုပွားနေလေတော့ ဘယ်မှာ မခံနိုင်စရာ ရှိတော့ပါအံ့နည်း။

ဆရာတော်တွင် ပေါက်ရောက်နေသော အနာတို့ကိုကား အစိမ်းသက်သက် သွေးသံရဲရဲ တောဆရာဖြင့် ခွဲနေရာ၌ ဆရာတော်မှာ အပြုံးမပျက် အမဲ့မပါ ရှုမှတ်လျက်သာ။ ပုံမပျက်နေပါသော်လည်း မြင်ရသူတို့မှာတော့ အပြုံးမဖက် အမဲ့မျက်နှာ ရင်တုန်စရာများ ဖြစ်နေကြ၏။ တချို့ကလည်း ဒီလောက်နာတာကို ပုံမပျက်နေနိုင်တာကတော့ကွာ တော်တော်ကို တရားပြည့်နေလို့ပော့၊ တရားမရှိ တဲ့ ငါတို့သာဆိုရင်တော့ မလွယ်ဘူး၊ မလွယ်ဘူး ဟူ၍ မျက်လုံးပြူးနေကြ လေသည်။

http://www.dhammadownload.com



# လူသာနာ၍ စိတ်မနာပါ

ဘုရားလက်ထက်တော်အခါက ကျားစားခံရတဲ့ တိဿရဟန်းငယ်လေးကို အမှတ်ရမိတော့၏။ တိဿရဟန်းလေးကို ကျားဆွဲသွားတော့ အခြားရဟန်းတွေက လွတ်မြောက်ရေးအတွက် ကြိုးစားကြပါသေးတယ်၊ ကြိုးစားလို့မရသည့်နောက်ဆုံးမှာတော့ ရဟန်းတို့က ''အို- သူတော်ကောင်း သင်လွတ်မြောက်ဖို့ ငါတို့ မတတ်နိုင်တော့ပြီ။ ဤ ယခုလို အချိန်အခါမျိုးသည် ရဟန်းတို့၏ စွမ်းရည်အထူးကို ဖော်ပြဖို့ရန် အချိန်ကောင်းဖြစ်လေပြီ။ သို့ဖြစ်ပါ၍ ရုပ်နာမ်ဖြစ်ပျက်တရားကိုသာ ရှုမှတ်ပါလေတော့''ဟု သတိပေး စကားမှတစ်ပါး အခြားမရှိတော့ပြီ။

ထိုတိဿရဟန်းငယ်လေးသည် ကျားစားခြင်းခံရသော ဝေဒနာကို ရှုမှတ်၍လည်းကောင်း၊ ပယ်ခွာ၍လည်းကောင်း သီလကိုဆင်ခြင် ပီတိဖြစ်စဉ်ကို ပယ်ခွာ၍လည်းကောင်း သတိက ထပ်ချပ်မကွာ ရှုသောအခါ ရုပ်နာမ်တို့၏ သဘာဝဖြစ်ပျက်ကို ရှုကွက်တွင်း ထင်လင်းစွာ မြင်လာပြီးနောက် ကျားက-

ခြေမျက်စိအထိစားသောအခါ-သောတာပန်၊

ဒူးဆစ်အထိစားသောအခါ-သကဒါဂါမ်၊

ချက်အထိစားသောအခါ-အနာဂါမ်၊

နှလုံးကိုမစားမီ-ရဟန္တာ၊

ဤသို့ပင် ကျားစားနေရင်း သတိသွင်း အသိရှင်းလိုက်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုခဲ့ရလေသည်။ သေခါနီးကျမှ သတိမဝင် အသိမယှဉ်လျှင်ကား အပါယ်လေးခွင် တန်းလို့သာတည်း။

တိဿရဟန်းငယ်ကလေးသည် ခန္ဓာကိုယ်ကြီးသာ ကျားစား၍ နာနေရစေကာမူ စိတ်ကားမနာပါချေ၊ ကိလေသာ အပူမီးတွေပင် ငြိမ်းပျောက်သွားခဲ့ရလေသည်။ လူသာနာ၍ စိတ်မနာ ကိလေသာကွာတော့၏။

http://www.dhammadownload.com


ဆရာတော်သည်လည်း တိုက်သရဲဟန်းအယ်လိုပင် နှလုံးသွင်းနေရော့သလားဟုပင် ထင်ရလေသည်။ မိမိခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ ရောဂါဝေဒနာတို့ကို ပဓာနမထားဘဲ မိမိတရားကိုသာ ရှုပွားနေလေ၏။

ဝိပဿနာရှုပွားနေသော ရဟန်းတော်များအဖို့ကတော့ ဖြစ်ပေါ် လာတဲ့ ရောဂါဝေဒနာတို့ကို ရှုမှတ်ပွားနေလေတော့ ငါနာ–သူနာ မရှိ ဖြစ်ပျက်အတိ ဉာဏ်မျက်စိဖြင့်မြင်တော့ အသစ်ဆက်နေတဲ့ ဖြစ်ပျက်၊ ဖြစ်ပျက်နေတဲ့ အသစ်ဆက်တို့ကို ကွက်ကွက်ကွင်းကွင်း ဉာဏ်အမြင်ရှင်းနေတတ်၏။

## ပြုကျိုးမထင် ပြင်ကျိုးမရ

**နာတံ ဒါသော ဘဋော တုယှံ၊ နာတံ ပေါသေမိ ဒါနိ တံ။**
**တံ ယေဝ ပေါသေန္တော၊ စိရံ သံသာရေ သံသရိံ အတံ။**

ဟယ်–အတ္တဘောဆိုတဲ့ ခန္ဓာကိုယ်ကြီး၊ ငါသည် သင်၏ အခိုင်းအစေခံ ကျေးကျွန်လည်းမဟုတ်ပေ။ အခယူစားသူ စာရင်းငှားလည်းမဟုတ်ပေ။ ပြုကျိုးမထင် ပြင်ကျိုးမရှိသည့် သင်၏သဘော ပေါ်လောသိရာ ယခုအခါ၌၊ ငါသည် သင်ခန္ဓာကိုယ် အပုပ်ကောင်ကြီးကို၊ မပြုစု မလုပ်ကျွေး မမွေးမြူတော့ပါအံ့။ ငါသည် သင်ခန္ဓာကိုယ် အကောင်ပုပ်ကြီးကိုသာလျှင် လုပ်ကျွေးသမှု ပြုစုခဲ့ရသည်ဖြစ်၍ အစမထင် သံသရာပြင်ကျယ်ကြီးထဲ၌ ကာလရှိန်၌ ကြာမြင့်စွာ ဒုက္ခများမြောက် ထက်အောက်ဘဝ ဌာနမတည် ကျင်လည်ခဲ့ရလေပြီတကား။

http://www.dhammadownload.com



## ပြေးမလွတ်သော ညွှတ်ကွင်းများ

သေဖို့ကိစ္စ ငါ့ထိပ်ဝဲ ဒိဋ္ဌကျနေပြီ။
အိုဖို့ကိစ္စ ငါ့ထိပ်ဝဲ ဒိဋ္ဌပြနေပြီ။
နာဖို့ကိစ္စ ငါ့ထိပ်ဝဲ ဒိဋ္ဌစနေပြီ။
နေ့ပြည့်၊ ရက်ပြည့်၊ အချိန်ပြည့်
သတိရှိမှတော်ချေမည်။
ငါလျှင်ကဝိ ပညာရှိလည်း
သတိမသွင်း သိမလင်းကြောင့်
လွတ်ကင်းသီလ နိမ့်ကျသမာဓိ
မမိပညာ ရှိချေပါသော်
တဏှာညွှတ်ကွင်း အခင်းခင်း
အနင်းမလွတ်သေးပါတကား။
ဘယာညွှတ်ကွင်း အခင်းခင်း
အနင်းမလွတ်သေးပါတကား။

ဝနဝါသီ

http://www.dhammadownload.com



ထို့နောက် ဝါမဆိုမီ ဂူသို့ပြန်ကြွသွားလေသည်။ ဝါဆိုပြီးသည့်နောက်တွင်လည်း အနာများကား တစ်လုံးပြီး တစ်လုံးပေါ်နှံ့ဖြင့် မရပ်နားသေးချေ။ အခြားနေရာများကား ပြန်ထွက်လာခြင်းမရှိသော်လည်း ဦးခေါင်းနောက်စေ့တို့ တလျှောက်၌ကား ပန်းပွင့်ပန်းဆုတ်ပမာရှိပြီး အနာအတွင်းမှာကား စာကလေးဥပမာ ရှိနေလေသည်။ ကျောကုန်း၊ ရင်ဘတ်၊ ခြေသလုံးတို့၌ကား အနာအတွင်းမှာ အုန်းသီးဆံပမာရှိလေသည်။ ပကတိ အသားထဲမှ မှိုထွက်သလို ထွက်လေတော့ ဆရာတော်ခံရသည့် ဝေဒနာကား ကြီးမားလှသည်။

ဝါကျွတ်သော်လည်း အနာကား မကျွတ်သေးချေ။ ပြီးခဲ့တဲ့ တပို့တွဲကတည်းက အနာစပေါက်ခဲ့ရာ ယခုနှစ်တပို့တွဲလအထိပင်ရှိခဲ့ပေပြီ။ အနာပေါက်ရက်ကား ကြာသပတေးနေ့ဖြစ်နေတတ်၏။ အနာပျောက်ရက်ကား စနေနေ့ ဖြစ်နေတတ်လေသည်။ နောက်ဆုံးအနာလုံးဖြစ်သော ညာဘက်ခြေသလုံးနောက်ရှိ အသားပိုဝယ် အနာပေါက်ခဲ့ရာ ဆွမ်းခံပင် မဆင်းနိုင်တော့ဘဲ ဂူထဲတွင် လဲလျောင်းနေရတော့၏။ အရင်ကပင် တစ်တောင်လုံးမှာ တစ်ပါးတည်းသာ ရှိသဖြင့် ကူညီရန်မျှော်လင့်ချက်ဝေးခဲ့ရ၏။ ဆွမ်းခံမထွက်နိုင်သဖြင့် ဆွမ်းလည်းပဲ မစားရတော့ပါချေ။ ဝေဒနာကလည်း ပြင်းထန်လွန်းလှလေပြီ။

ဒီလို အဖော်ကင်းကင်း ဝေဒနာက ပြင်းထန်နေသော အချိန်မှာတော့ ဆရာတော်သည် မိမိကိုယ်မိမိ သတိပေးခဲ့ရ၏။ အားတင်းခဲ့ရ၏။

♦ မင်းသေရန် ရက်ပိုင်းမျှသာ ကျန်ရှိတော့သည်။
  တရားနှင့်သေရန် ကြိုးစားပေရော့။
♦ မင်း လူ၏အဖြစ်ဖြင့် တရားအားထုတ်ရမှု အသိမ်းခံရတော့မည်။
  အခွင့်ရတုန်း လက်မလွှတ်စေနဲ့။

ဤသို့ပင် ဆရာတော်သည် မိမိကိုယ်မိမိ သတိပေးရ၏။ သေရမည်ကို မကြောက်၊ သတိလွှတ်မည်ကို ကြောက်သဖြင့် ရှုမှတ်မှုတရား လက်မလွှတ်ဝံ့။ တရားလက်မလွှတ်သဖြင့် သတိအင်အား ကောင်းလာတော့၏။ အနာကား ရုပ်အဆင့်ဆင့် နာမ်အဆင့်ကြား ထိုသတိအင်အား၏ ထိကပါး ရိကပါးခြင်းကို

http://www.dhammadownload.com


ကြောင်သူငယ် ကြွက်ကစားနေသည်ပမာ အကြည့်စားခံနေရလေသည်။

တစ်ရက်မှနှစ်ရက်၊ နှစ်ရက်မှသုံးရက်၊ သုံးရက်မှသည် ရှေ့သို့ကျော်တက်လာခဲ့ချေပြီ။ ထိုရက်တို့အတွင်း ဆွမ်းဘောဇဉ်လည်းမစားသုံးရ အနာလုံးကလည်းမကျ ဝမ်းတွင်းက အပူလုံးကလည်းကြွ ကျင်ကြီး၊ကျင်ငယ်ကိုမျှပင်ဖင်တွန်းသွားရသည်၊ ဖင်ရှေ့ ဖင်ရှေ့ ဖြင့်ပင် နွေး ည သွားနေရတော့သည်။ သို့သော်လည်း ဆရာတော်ကား ရှုမှတ်မှုကိုတော့ လက်မလွှတ်တန်း ရှုမှတ်နေလေသည်။

ဆရာတော် ဤကဲ့သို့ ဖင်ရှေ့သွားရ၊ ဒူးထောက်သွားရပြီး တရားလက်မလွှတ်သည်များကို သိရတော့ သီဟိုဠ်ခေတ်က ပီတမလ္လထေရ်ကိုပင် စာရေးသူ သတိရနေမိတော့၏။

## ရင်ဝလှန်ခွဲးပေမယ့် တရားထူးရခဲ့တယ်

ပီတမလ္လကား လက်ဝှေ့ကျော်ဖြစ်၏၊ နန်းသုံးလက်ဝှေ့သမား ဖြစ်လာကာ တစ်နေ့မှာတော့ ဖျာရောင်းရင်း လမ်းခုလပ်အကြားမှာ– တရားဟောသံ တစ်ခု ကြားလိုက်မိ၏။

ရဟန်းတို့ – ဤ ရုပ်ခန္ဓာသည် သင်တို့ဥစ္စာ မဟုတ်ချေ။

ထို ရုပ်ခန္ဓာ၌ တွယ်တာနေသော တဏှာကို ပယ်စွန့်လော့။

ထိုသို့ ပယ်စွန့်နိုင်ပါမူ သင်တို့အား ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ အမှန်ဖြစ်ပေလိမ့်မည်။

ပီတမလ္လသည် ဤတရားသံကို ကြားရသောအခါ သံဝေဂရပြီး မဟာဝိဟာရကျောင်းတွင် ရဟန်းပြုတော့၏။ ရဟန်းပြုပြီးသည့်နောက် တောရဆောက်တည်ကာ သမထ–ဝိပဿနာတရားများကို ကြိုးစားအားထုတ် နေလေ၏။ သတိပဋ္ဌာန်လေးပါးအတိုင်းကြိုးစား၏။

http://www.dhammadownload.com


တစ်နေ့မှာတော့ စကြ်ံကမ္ဘဋ္ဌာန်း ရှုမှတ်နေရာ ခြေဖဝါးများ ကျိန်းစပ်နာကာ သွေးကြည်ဖုလေးများပင် ဖြစ်နေသဖြင့် စင်္ကြံ လုံးဝမလျှောက်နိုင်တော့ချေ။ ထိုင်မှတ်တော့လည်း သတိမစပ်ဖြစ်လေရာ လုံးဝမလျော့ပဲ ဒူးခေါင်းနှစ်လုံးဖြင့်သာ စင်္ကြံ ကြွခဲ့ရသည်။

တစ်ညမှာတော့ ဒူးထောက်သွားပြီး တရားမှတ်နေတဲ့ ပီတမလ္လထေရ်ကို သားကောင်အမှတ်ဖြင့် မုဆိုးတစ်ဦးက လှံနှင့်ထိုးပစ်လိုက်လေ၏။ လှံမှာ ရင်ဝ၌ ဒိုးယိုပေါက်စူးဝင်ကာ ထိုနေရာ၌ပင် လဲကျသွားလေတော့သည်။ လှံကို အနှုတ်ခိုင်းကာ စီးဆင်းနေတဲ့သွေးများ ရပ်တန့်သွားအောင် မြက်များကို လုံးကျစ်၍ ဒဏ်ရာကို ပိတ်ဆို့ထားပြီးလျှင် ကျောက်ဖျာပေါ်တွင် မိမိခံစားရသော ဝေဒနာကို တွင်တွင်ကြီး ရှုမှတ်နေလေ၏။

## *ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ၊*

ရဟန်းတို့ ဤရုပ်ခန္ဓာသည် သင်တို့ဟာမဟုတ်၊ ထိုရုပ်ခန္ဓာ၌ တွယ်တာနေသောတဏှာကို ပယ်စွန့်ကြကုန်လော့။

ထိုတရားသံကို ထပ်မံ၍ ကြားယောင်လာကာ အထူးစိတ်ကြည်လင်လာပြီး ခန္ဓာကိုယ်၏တဒင်္ဂဝေဒနာ ဒုက္ခကို ပဓာနမထားဘဲ ရုပ်နာမ်တို့၏ ခယဝယ သဘာဝဖြစ်ပျက်ကို ဝိပဿနာတင်ရှုရင်း ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ခဲ့ရတယ်။

စာရေးသူသည် ဤ ပီတမလ္လထေရ်ကိုပင် ပြေး၍တွေးနေမိတော့၏။

ဆရာတော်သည်ကား ပီတမလ္လလို မသွားနိုင်တော့တာ မှန်ပေမယ့် ပို၍ဆိုးတာက အနီးအနားတွင် သီတင်းသုံးဖော်လည်းမရှိ၊ လာတဲ့လူလည်းမရှိ၊ ဝေဒနာကဖိ၊ စားစရာကမရှိ၊ ရက်ကလည်း ကြာနေဘိတကား၊ အကူကိုလည်း မျှော်မိလေသည်၊ လူကိုလည်းမျှော်မိလေသည်။ ဒီအချိန်မျိုးမှာ လူတစ်ယောက် တစ်လေ စားစရာလေးလာပို့လျှင် ကောင်းမှာပဲဟူသော အတွေးက ဝင်ရောက်လာလေသည်။

http://www.dhammadownload.com



ဆွမ်းမစားရတာ၊ ဝေဒနာပြင်းထန်တာ လေးရက်မြောက်နေ့တွင် သင်ပေါင်းချောင်းရွာက ထင်းခုတ်သမား၊ ဝါးဆွဲသမားများ တောင်ပေါ်တက်လာရင်း ဂူအတွင်းဆရာတော်ရှိမှန်းလည်း မသိဘဲနဲ့ ဂူတွင်းသို့ ဝင်ရောက်ခဲ့ကြရာ ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရပြီး ထမသွားနိုင်သော ဆရာတော်ကို တွေ့ရသောအခါ အံ့ဩသွားကြ၏။ အနာပေါက်နေတာ တွေ့ကြသောအခါ သူတို့တွင်ပါလာသော ကြက်ဆူရွက်များကို မီးကင်ပြီး အနာပေါ်သို့ အုပ်ပေးကြ၏။ သူတို့စားဖို့ရန် ယူဆောင်လာခဲ့သော ကောက်ညှင်းထုပ်များကို စေတနာ ထက်သန်စွာဖြင့် ကောက်ညှင်းထုပ်မှုံ့ဆွမ်းများ လှူဒါန်းသွားကြလေသည်။

ဆရာတော်သည် အပူရှိန်ရှိသော်လည်း ဆွမ်းမစားရသည့် သုံးရက် အတွက် ကောက်ညှင်းထုပ်ဖြင့် အသက်ဆက်ခဲ့ရလေသည်။ နောက်ရက်များတွင် ဆရာတော် ဆွမ်းခံမကြွတာ တပတ်ပင်ကျော်သွားပြီဟု ကတွန် ဒကာ၊ဒကာမ များမှတစ်ဆင့် ကြားရသဖြင့် ပန်းကုန်းရွာရှိ ဒကာ၊ဒကာမများ တောင်ပေါ်တက် လာပြီး ဆေးကုသပေးကြ၏။ ဆွမ်းများလည်း ဆက်ကပ်ကြသည်၊ နေ့စဉ်နံနက် တိုင်း လာရောက်ပြီး ပြုစုကြလေသည်။ ထိုအခါမှသာ ဆရာတော်သည် သက်သာရာ ရခဲ့ရလေသည်။

## သက်န္တ ပြောင်းရွှေ့ခြင်းကား သကြင်္ န်

၁၃၄၅-ခုနှစ်သို့အကူး သင်္ကြန်အတွင်းဝယ် မင်းတရာ့တပါးတောင်၌ ဆရာတော်နှင့် ဆက်စပ်ကြသည့်- ရန်ကုန်မှဒကာ၊ဒကာမများလာကြ၏။ မော်လမြိုင်-သထုံ၊ တောင်စွန်း စုံညီစွာရောက်လာကြတော့၏။ လူပုဂ္ဂိုလ်ကြီး တစ်ဦး ထူးဆန်းစွာရောက်လာသေး၏။ ဆရာတော်ကိုလည်း ဇင်းကျိုက်စေတီ ထီးတော်တင်ပွဲတုန်းက သိခဲ့ကြောင်း၊ ဆရာတော်က မပါကြောင်းပြောသော်- မဟုတ်ဘူး အရှင်ဘုရားမှ အရှင်ဘုရားပဲ ယခုမှ မသိချင်ယောင်ဆောင်နေရ

http://www.dhammadownload.com


သလားဟုဆို၏။ ပြီးတော့ အရှင်ဘုရားမှာ သုံးပိုပို တစ်ပိုပဲ ကျန်ပါတော့တယ်။ တစ်ပိုကလည်း ဒီတောင်က ရသေ့နှင့် ဗိုးသူတော်ကြောင့် ပြည့်သွားပါလိမ့်မည်ဟုလည်း ပြောသွားသေး၏။ ဂူကိုလည်း'ဇေယျာသိဒ္ဓိဂူ'ဟူ၍ အမည်ပေးသွားခဲ့သေး၏။

ထို့နောက် မင်းတစ်ရာ့တစ်ပါးတောင်သို့ ဘုရားတည်လိုကြသော ရဟန်းများ၊ ရသေ့များ တစ်ဦးပြီးတစ်ဦး ဝင်လိုက်၊ထွက်လိုက်နဲ့ ခြေရှုပ်လာတော့၏။ နယုန်လကတည်းကပင် ဘုရားတည်မည့် ဆရာတော်ကား အမြဲနေရန် ပန်းကန်အိုးခွက်များဖြင့် တက်လာတော့၏။

အိပ်မက်ထဲမှာ အဘဝိမလက ဘုရားတည်မှုကိစ္စ မင်းကိုမခိုင်းသေး။ ကိုယ့်ခေါင်းမှ ဆံပင်ကိုသာ ပြောင်စင်စွာရိတ်ပါ–ဟု ဆိုလေ၏။

ကိလေသာသည် ဆံမုတ်ဆိတ်နှင့်တူ၏၊ လက်သတ်မွေးထားလျှင် တပြည်းပြည်းရှည်ထွက်လာတတ်သည်ဆိုသော ဆရာတော်၏ လက်သုံးစကားကို ရယ်ရွှယ်၍ မိန့်ခြင်းဖြစ်လေ၏။

နောက်တစ်ရက်တွင် မျက်လုံးတစ်ဖက်ကျယ်၊ တစ်ဖက်ကျဉ်း ကိုရင်ကြီး ရှင်ဝိမလ(စိုးဝင်း) သထုံကေလာသမှလာသည်ဟုဆိုကာ ရောက်လာ၏။ နှစ်ညတာမျှ အိပ်လေ၏။ ဆရာတော်နှင့် ကိုရင်ကြီး တွေ့တွေ့ချင်း "တပည့်တော် သပိတ် စုတ်နေတာသာကြည့်ပါဘုရား၊ အဲဒါ လူတွေကြောက်တိုင်း တောတိုးရလွှန်းလို့ပါ"ဟုလျှောက်၏။ ထို့နောက် ဆရာတော်နှင့်ကိုရင်ကြီး နှစ်ပါး ဆွမ်းခံအတူကြွလေရာ "ရဟန်းဆိုတာ ဆွမ်းခံရပါသည်ဘုရား။ဘုရင်ဆိုတာက ဆွမ်းမခံပါဘုရား"ဟု လမ်းတွင် လျှောက်ထားပြန်တော့၏။

ဆရာတော်သည် 'အင်း– ငါ ဘုရင်မဟုတ်လို့ ဆွမ်းခံစားနေရသည်ပဲ၊ မင်းတစ်ရာ့တပါးတောင်နှင့်ရဟန်း အမှုထမ်းချင်းမတူညီ။ ထို့ကြောင့် ဤတောင်မှ ငါထွက်ပေးသင့်သည်ကား အမှန်ပေတည်း' ဟူ၍ ဆုံးဖြတ်ချက် ချမိတော့၏။

၁၃၄၅–ခုနှစ်၊ နယုန်လကွယ်နေ့ ညနေတွင် ထို ဘုရားတည်မည့် ဆရာတော်အား မိမိ ဤတောင်၌ ဝါမဆိုတော့ပါကြောင်း လျှောက်ထား၏။

http://www.dhammadownload.com


ထိုဆရာတော်ကလည်း လက်ခံလေသည်။ ထိုည၌ကား အိပ်မက်ပေးလေတော့သည်။

အို၊ နာ၊ သေ ဤသုံးဝ ပူမီးကြွဖြစ်အင်
ခန္ဓာခွင် ဉာဏ်သက်ရောက် ထွက်ပေါက်ကိုတဲ့ပြင်ဆင်
အစစ မာန်ဝင် တဏှာလျှင် မြစ်ဖျား
ဖွဲ့ လုလ္လ အမြန်ယှဉ်မှာ သံသာပြင် ဖင်မမြုပ် ချုံးချုပ်တရား။

ဆရာတော်သည် ထိုအိပ်မက်ထဲက ကဗျာလေးကို ရေးမှတ်ထားလိုက်သည်။ အချိန်ကားည(၂)နာရီတိတိဖြစ်လေသည်။ဟိုသွားသည်သွား လမ်းသလားနေမည့်အစား မိမိခန္ဓာကြားမှာခရီးသွားရန်။ မာန်ဝင်နေသည်မှာ တရားကိုလိုချင်လွန်းအားကြီးနေ၍ ထိုတဏှာပယ်လှန်ရန်။ ထိုင်ရင်းကမမြုပ်ဖို့ ဖွဲ့လုံ့လ ထုထောင်ရန်တို့ ဖြစ်ကြလေသည်။

ဆရာတော်သည် ထိုအိပ်မက်ပေးသည်ကိုကား ကျေးဇူးတင်နေမိသည်။ မိမိရဲ့ ဟာကွက်ပျော့ကွက် လက်ညှိုးထိုးပြခြင်းကြောင့်ပင်။ သို့သော်လည်း ပြောင်းဖို့ ကတိပေးထားသဖြင့် ပြောင်းရန်ပင်ဖြစ်တော့၏။

## ငါ့တရား ငါဆုံးဖြတ်မည်

၁၃၄၅-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ ညနေ နေအဝင်မှာ ဖရုံညွှာခေါ်သောဒေသဝယ် ဦးကျော်ငြိမ်း၊ (ခိုင်ခိုင်)မိသားစုတို့က ဆောက်လုပ်လှူဒါန်းသော (၉ပေ×၆ပေ)ရှိ ခနိတဲငယ်ကျောင်း၏ မြေပြင်ဝယ် ကွပ်ပြစ်ငယ်လေးချလျက်က ဝါဆိုခဲ့ရလေသည်။

ထိုအချိန်တွင် ဆရာတော်ကို ရပ်ကွက်သံဃာရုံးတော်သို့ ဆင့်ခေါ်လေသည်။

၁။ နိဿယမုစ္စက (အမှီဆရာမလွတ်သေး) မလွတ်ကင်းသေးဘဲလျက်တောရဆောက်တည်သောရဟန်း။

http://www.dhammadownload.com


၂။ သံဃာထံမပန်ကြားဘဲ ကျောင်းသစ်ဆောက်သောရဟန်း၊
၃။ ဆိုင်ရာ သံဃာ့အဖွဲ့၏ ခွင့်ပြုချက်မရဘဲလျက် နယ်မြေအတွင်း တိတ်တဆိတ်ဝင်နေသောရဟန်း၊
၄။ ဆိုင်ရာ ရဟန်းများနှင့် သမာန သံဝါသမှု မပြုလေသောရဟန်း၊

ဆရာတော်သည် ဤဆင့်ခေါ်သည့်အတိုင်း သွားရမည် ဖြစ်တော့၏။ ဒီသတင်းသည် မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌသို့ ရောက်သွားသဖြင့် အခြေခံ တာဝန်ခံများကို ခေါ်၍ ဆူကြိမ်းလေသည်။

''ဒါ ငါ့တပည့်တွေ ငါ့အကြောင်းကြားနေတာ၊ ငါးဝါမပြည့်မီ သေသွားက ဘယ်လိုလုပ်မတုန်း၊ တောနေကေစာရီရဟန်း ဘုရားချီးမွမ်းပြီးသားပဲ၊ (၁၂ထွာ၊ရထွာ)အတွင်း ဘယ်လိုဆောက်ဆောက် မင်းတို့ပြောနေဖို့မလို'' ဟု အရင် ဆုံးမလေတော့၏။

သံဃာရုံးတော်သို့ ဆရာတော် ကြွသွားသည့်အခါ ''ဒကာ၊ ဒကာမများ သဒ္ဓါလို့ ဆောက်လှူလျှင် ရွှေကျောင်းကြီးဖြစ်စေ နေနိုင်၏။ ဤဒေသ တစ်သက်လုံး နေလိုလျှင်လည်း ချွင်းချက်မရှိခွင့်ပြု၏။ သို့သော် ထုံးစံအတိုင်း တစ်နှစ်တာ နေခွင့်ပြုရန် လျှောက်လွှာတင်သွားပါ''ဟုသာ ဆိုတော့၏။

''တပည့်တော်များဤဒေသ လာရောက်ကျင့်သော ရဟန်းတို့ကို တပည့်တော်များက အားပေးရမှာပါ'' ဟူသော ချွေးသိပ်စကားဖြင့် အဆုံးသတ် ပေးလိုက်၏။

ဆရာတော်ကို ကယ်တင်သွားသည်ကား မြို့နယ်ဥက္ကဋ္ဌထံ စာရင်းရေး သွင်းစဉ်က ပထမကြီးတန်းအောင်ပြီး၊ ဓမ္မာစရိယတန်းအထိ တက်ရောက် သင်ကြားခဲ့ဖူးသည်ဆိုသော ပရိယတ်စာပေက ကယ်တင်လိုက်ခြင်းဖြစ်သည်။ သို့သော်လည်း တိုင်ကြားသူတို့၏ ကျေနပ်မှုပေါ်မှာသာ မူတည်၏။

ငါကား ရွာကိုကနေ ပန်းကုန်းလာပြီးကျူးကျော်၏။ သူတို့က ငါ့ထံလာပြီး ကျူးကျော်သည်မဟုတ်။ သို့ကြောင့် မင်း– နယ်လုကျူးကျော်ရေးသမားဖြစ်၏။ အကယ်၍သာ ငါ့နယ်တွင်း သူတို့ဝင်ရောက်လာလျှင် သူတို့ထက် ပိုဆိုးမည် သေချာ၏။

http://www.dhammadownload.com


ဆရာတော်သည် သူများကို အပြစ်မမြင်ဘဲ မိမိကိုယ်မိမိပင် အပြစ်မြင်ခဲ့လေသည်။ အပြစ်တင်ခဲ့လေသည်။

ထို့ကြောင့် ၁၃၄၅–ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင်ကား ဖရုံညှာစခန်းမှ ကျောက်ခမောက်သို့ ပြောင်းခဲ့လေသည်။ ထိုကျောက်ခမောက်ဂူကို ကတွန်ရွာ ဒကာ၊ဒကာမများက စုပေါင်းပြုပြင်ပေးကြ၏။ လမ်းဖောက်ပေးကြ၏။ ယင်းဂူတွင် ဒုတိယဝါ ဆိုခဲ့ရလေသည်။

ဝါကျွတ်ပြီးနောက် တပေါင်းလတွင် ရန်ကုန်–သာစည်တို့ ပူးပေါင်းလာခဲ့ကြကုန်၏။ သာစည်ဒကာက အရင်လျှောက်၏။

"သာသနာပြုမည်ဆိုပါလျှင် တပည့်တော်တို့ သာစည် ရွှေကျောင်းကုန်းကိုလည်း ကြွပါဦးဘုရား၊" ဤစကားပြည့်စုံနေချေပြီ၊ အခုတော့ "သည်ဂူကြီးက တရားအားထုတ်ဖို့ ပိုကောင်းပါသည်"ဟုဆို၏။ ယင်း စကားလုံးကား လွဲသွားရလေပြီ၊ ပထမလျှောက်သည့်အတိုင်း ဆိုပါက ဆရာတော် သာစည် ရွှေကျောင်းကုန်း ကြွရန်သာ ရှိတော့၏။ သို့သော် ဒုတိယ ဤဂူကကောင်းကြောင်း လျှောက်လေတော့ ဆရာတော် နောက်ဆုတ်ပြီးနေရတော့၏။

ထို့နောက် ရန်ကုန်ဒကာတို့က လျှောက်၏။

"ဒေါက်တာစိုးမြင့်က ပင့်လျှောက်ခိုင်းပါသည်ဘုရား ဖူးကြီးမှာရှိသော သူတို့ဆောက်လုပ်ထားသောကျောင်းကို ကြွရောက်အလှူခံပြီး သီတင်းသုံးတော်မူပါရန်"လျှောက်ထား၏။ နံပါတ်အားလုံး တည့်ဝင်သွားချေပြီ။

အများက နောက်လျှောက်သူကို ဦးစားပေးသည်ဟု ယူဆစရာရှိ၏။ မဟုတ်ချေ။ သာစည်လျှောက်ထားချက်ဟာ ပြည့်စုံသော်လည်း နောက်တစ်ချက်က လွဲသွားရသည်။ ရန်ကုန်သားတို့ကား စကားရည်လည်သူများ ဖြစ်လေသောကြောင့် တည့်ဝင်အောင်လျှောက်ထားနိုင်ခဲ့လေသည်။ လျှောက်ထားချက်ကွာခြားသွားခြင်းဖြစ်လေသည်။

၁၃၄၆–ခုနှစ်၊ကဆုန်လဆန်း(၁၂)ရက်နေ့သည် ကျောက်ခမောက်ဂူကို စွန့်ခဲ့ရသည်။

http://www.dhammadownload.com


၁၃၄၆–ခုနှစ်၊ကဆုန်လဆန်း(၁၄)ရက်နေ့သည်ကား ဇင်းကျိုက်နယ်မြေကို အပြီးအပိုင် စွန့်ခဲ့လေသည်။ ထိုနေ့နံနက်တွင် ရန်ကုန်မှ ဦးကျော်မြင့်(မိုးမခ)ကားဖြင့် ရန်ကုန်သို့ လိုက်ပါလာခဲ့လေသည်။ ညနေ(၆)နာရီတွင် ဘောက်ထော် သာသနာ့ဗိမာန်သို့ ရောက်လေသည်။

မယ်တော်ကြီးအား ကျေးဇူးဆပ်ပွဲ။

သာသနာ့ဗိမာန်ကျေးဇူးဆပ်ပွဲ။

ဒကာဒကာမတို့ကို ကျေးဇူးဆပ်ပွဲ။

ဤရည်ရွယ်ချက်ဖြင့် ဆရာတော်သည် တစ်လတိတိ တရားဟော၊ တရားပြ ဆွမ်းခံကိစ္စပါမကျန် ဆောင်ရွက်ခဲ့လေသည်။

တရားစခန်းပွဲ တစ်လပြည့်ဖြစ်သော နယုန်လပြည့်နေ့တွင် ဆရာတော် ရဟန်းဘောင်သို့ရောက်အောင် ချီးမြှောက်တော်မူကြသော ဆရာတော်များကို ပင့်လျှောက်၍ အာစရိယပူဇော်ပွဲ၊ ကျေးဇူးဆပ်ပွဲ ကျင်းပပြီး ဆရာတော်များ၏ ဩဝါဒများ တရားတော်များကို နာယူခဲ့လေသည်။

ထိုမှတစ်ဖန် ရသေ့ဘဝက သာသနာပြုခဲ့သော ကျိုက်လတ်မြို့နယ်၊ ကျီးချောင်းရွာ ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီသို့ ကြွရောက်ကာကျီးချောင်း ဝန်းကျင်ရှိ ဒကာ၊ဒကာမများအား တရားဟော၊ တရားပြ ကျေးဇူးဆပ်ရသေးသည်။

## ဖူးကြီး သံသုမာရတောင်

၁၃၄၆–ခုနှစ်၊ ဝါဆိုလဆန်း(၄)ရက်နေ့တွင် မှော်ဘီမြို့နယ်၊ ဖူးကြီးကျေးရွာ၊ သံသုမာရတောင် (အရပ်ခေါ် မင်းကတော်တောင်)သို့ ကြွတော်မူသည်။ ရွှေမြယာကုန်းဆရာတော်ကြီးထံ ဝင်ရောက်ကန်တော့၏။ ထိုဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ သီတင်းသုံးနေတော်မူခဲ့သည်။ ဆွမ်းခံရွာကိုတော့ ချောင်ကုန်းရှမ်းရွာကြီး တစ်ရွာတည်းသာ ကြွခဲ့ရလေသည်။

http://www.dhammadownload.com



ကျောင်းဒကာကြီးကား ဒေါက်တာစိုးမြင့်(ဓာတ်ရောင်ခြည်ဌာန၊ အထူးကုပါရဂူကြီး)၊ အနီးကပ်ဒကာဦးသောင်းညွန့်(ရန်ကုန်ဆေးရုံကြီးရေခဲတိုက်တာဝန်ခံ)+ဒေါ်ခင်လှဝင်း(ဆေးရုံကြီးသူနာပြုဆရာမ)တို့၏ သဒ္ဓါတရားကို ငဲ့ညှာသဖြင့် နှစ်ဝါတိတိ သီတင်းသုံးတော်မူခဲ့လေသည်။

၁၃၄၆–၄၇ ခုနှစ်ဝါများဆိုခဲ့သည်။ အစကတော့ မိုးခိုရုံ တစ်ဝါမျှ ရည်စူးခဲ့သော်လည်း ကျောင်းဒကာဒေါက်တာမိသားစုနှင့် ဦးသောင်းညွန့်+ဒေါ်ခင်လှဝင်းတို့၏ စေတနာကြောင့်ပင် နှစ်ဝါဆိုခဲ့ရသည်။

ထိုတွင်–

- ပုဏ္ဏကြီးနားမှာ ရဟန္တာတစ်ပါး ပေါ်နေသတဲ့။
- ရဟန္တာရှာန်ပျံတာ ဘယ်သူမြင်ရသတဲ့။
- ဘယ်သူက ချောင်းကြည့်တာ ဘယ်လိုမြင်သတဲ့။
- နွားကျောင်းသားကုလားကို ဘယ်လိုပျံပြသတဲ့။

ဤသို့ စသည်ဖြင့် ကောလဟာလ သတင်းများက ပျံ့ကျယ်သွားကြလေသည်။

ဆရာတော်သည် ''အဲဒီအချိန်တုန်းက ငါ့ကို ရဟန္တာချည်းလို့ ထင်နေကြတာ''

''ငါကတော့ ရဟန္တာမဟုတ်ဘူး၊ ရဟန်းနာချည်း ဖြစ်နေလေသည်''တဲ့၊ ကျန်းမာရေးမကောင်းဖြစ်နေသည်ဟု မိန့်ဆိုဘူး၏။

ထို့ကြောင့်လည်း ရန်ကုန် ဒကာ၊ ဒကာမများကလည်း ပွဲစားလုပ်ပြီး လူတွေခေါ်လာကြတော့၏။ လောကီအတတ် ဝိဇ္ဇာပညာရပ်၏ စွမ်းပကားဟပ်ချလောင်း အပြည့်ရှိအံ့နိုးဖြင့် မျှော်ကိုးခြင်းများဖြင့်လည်း လာကြတော့၏။ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအမတ်ကတော်များ စသည်ဖြင့်လည်း လမ်းပေါက်လာကြတော့၏။ သံအမတ်ကြီးများ ပါလာသဖြင့် လိုက်ပို့သူတို့ကို သက်ဆိုင်ရာက ခေါ်၍စစ်ဆေးကြ၏။ သံအမတ်ကြီးကဘာမေးသနည်း။

http://www.dhammadownload.com



ဆရာတော်က ဘာတွေပြောသနည်း ဟုမေးလေသည်။

သံအမတ်ကြီးတို့၏အမေးကား "ကမ္ဘာကြီးပူလောင်လာပြီ ဆရာတော် မေတ္တာပွားပေးပါ။" ဤမျှသာဖြစ်၏။

ဆရာတော်သည်ကား သံထိုးသဖြင့် ဗိုက်နာ၊ဗိုက်အောင့်ရောဂါ စွဲကပ်လာတော့၏။ သံထိုးသဖြင့် အနေဆိုးလာတော့၏။ ထိုနှစ်ကား ဝမ်းဗိုက်နာခြင်း၊ သွေးဝမ်းသွားခြင်း၊ အစာအိမ်နာခြင်း ဝေဒနာတို့ ခံစားရလေသည်။ ဆွမ်းစားလျှင် စားသည့်အတိုင်း ပြန်ထွက်ခဲ့ရလေသည်။ ကျန်းမာရေးအခြေအနေကား အလွန်ဆိုးသွားခဲ့ရလေသည်။

ထို့နောက် သံသုမာရကောင်တွင် အနီး၊အဝေး ဒကာ၊ဒကာမ များကို ကျေးဇူးဆပ်သောအားဖြင့် တန်ခူးလဆန်း(၁၀)ရက်မှ ကဆုန်လဆန်း(၁၀)ရက်ထိ တစ်လတိတိတရားစခန်းပွဲ ဖွင့်ပေးခဲ့ပါသည်။ ထိုတရားစခန်းပွဲတွင်လည်း လောကခံလှိုင်းဂယက်များကို ကျော်ဖြတ်ခဲ့ရလေသည်။

တရားစခန်းပွဲပြီးသည့်နောက်ပိုင်းတွင်ကား နယ်မြေရှိ သံဃာတော်များကို ကဆုန်လကွယ်နေ့တွင် အခြားတနေရာပြောင်းရွှေ့တော့မည် လျှောက်ထားရာ စိတ်မကောင်းဖြစ်ကြသလို တစ်ချို့က ဒီစကားကြားချင်နေသဖြင့် "ကောင်းတာပေါ့"ဟူ၍ပင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေသည်။ "တပည့်တော်အရှင်ဘုရားအား နောက်ဆုံး ဂါရဝပြုခြင်းပါဘုရား၊ နောင်– တွေ့ရတော့မည် မဟုတ်ပါဘုရား"ဟူ၍ပင် ဆရာတော်အား အပြီးအပိုင် လျှောက်ထားခဲ့လေသည်။

၁၃၄၈–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်နေ့တွင် ဦးသန်းရီ+ဒေါ်ခင်မူ၊ ဦးသိန်းတို့ လာကြပြီး စစ်ကိုင်းတောင်ရိုး၊ မြန်အောင်ချောင်၊ ဘာဝနာကုန်းမြင့်တွင် ဆရာတော်ဦးတေဇနိယ၏ ကျေးဇူးကြောင့် ရခဲ့၏ဆို၏။ အခြားအကြောင်းကိစ္စကိုမူလည်း လေးစားရမည်ဖြစ်၍ လကွယ်နေ့ကျမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း ဆရာတော်က မိန့်တော်မူ၏။

http://www.dhammadownload.com



ကဆုန်လကွယ်နေ့တွင်ကား ကားမဲ့သည့် ဦးသန်းရီမိသားစုက ကားငှား ပြီး အရင်ရောက်လာ၏။ ကားပိုင်ကြီးများအုပ်စုတို့က ဓာတ်ဆီဈေးနှင့်ရထားခ ဖယားချပြလျက်က ရထားဖြင့်လာကြရာ နေ့လည်မှရောက်ကြ၏။ ဦးသန်းရီ မိသားစုကား ပင့်ဆောင်ခွင့်ရသွားသဖြင့် ပြန်သွားခဲ့ကြလေသည်။

## စစ်ကိုင်းတောင်ဆီသို့

၁၃၄၈–ခုနှစ်၊နယုန်လဆန်း(၃)ရက်၊အင်္ဂါနေ့ နံနက်(၆)နာရီတွင် သံသုမာရတောင်မှ ဆရာတော် ခရီးစထွက်ခဲ့လေပြီ။ ဖူးကြီးရွာထဲသို့ဝင်၍ ဆွမ်းခံလှည့်လည်ခဲ့သည်။ ဆွမ်းရသမျှကိုလည်း ဘုန်းကြီးကျောင်း ဝင်လှူခဲ့သည်။ ဆရာတော်များကိုလည်း ဂါရဝပြုခဲ့သေးပါသည်။ သီတင်းကျွတ်လက ဂါရဝပြု စဉ်တွင် ဖူးကြီးဆရာတော်ကား ငှင်းကပင် ဝန်ချတောင်းပန်တော်မူခဲ့ပါသည်။

တစ်ဖန် ရွှေမြယာကုန်းကျောင်းသို့ဝင်၍ ဂါရဝပြု၏။ ဆရာတော်ကြီးက တိုက်တွန်းတော်မူသဖြင့် ဒကာ၊ ဒကာမတို့အား တရားဟောပေးခဲ့ရလေသည်။ ထို့ပြင် ဆွမ်းကိစ္စပြီးသော် ဦးကျော်မြင့်(မိုးမခ)၏ကားဖြင့် ပြည်ဘက်မှ လှည့်ထွက် ခဲ့ရလေသည်။

ဆရာတော်သည် ပြည်–မကွေး–ပုဂံ–မိတ္ထီလာ–မန္တလေး–စစ်ကိုင်းသို့ ဦးတည်၍ ရွှေမြယာမှ ခရီးထွက်ခဲ့လေပြီ။ လမ်းတွင် နေသာထိုင်သာရှိခဲ့၏။ နတ်တလင်းမရောက်မီ မိုးသည်းထန်စွာ ရွာတော့၏။ ပက်မိုး၊ ယိုမိုးတို့ကြောင့် ကားပေါ်ပါအားလုံး မိုးရေမိကုန်တော့၏။

ပြည်သို့ ညနေ နေမဝင်မီရောက်၏။ ဆရာတော် ရွှေဆံတော်ဘုရား ရင်ပြင်တော်ပေါ်ဝယ် တစ်ညလုံး သီတင်းသုံးခဲ့၏။ နံနက်တွင်မှ ဆင်းလာကာ တည်းခိုကျောင်းတွင် နံနက်ဆွမ်းဘုန်းပေးပြီး ခရီးဆက်ခဲ့လေသည်။ အောင်လံ ကျော်သည်နှင့် ကားရှင်ဦးကျော်မြင့်က ပုပ္ပါးရောက်မှတော့ ပုဂံပို့ပေးပါရစေဘုရား

http://www.dhammadownload.com



လျှောက်ထားလာတော့၏။ ဆရာတော်လည်း အင်းမလုပ် အဲမလုပ်ဘဲဆိတ်ဆိတ် နေခဲ့ရလေ၏။ လမ်းတွင် ကားခဏခဏပျက်သဖြင့် ထိန်းမောင်းခဲ့ရကာ ညတွင် မကွေးမြသလွန်ဘုရားသို့ ရောက်ရသည်။ မြသလွန်ဘုရားတွင် (၂)ညတည်းခိုခဲ့ရ လေသည်။ စေတီတော်ကြီးအနီးရှိ ဌာနေသီလရှင်များ အစစ အရာရာ ကူညီကြ လေသည်။

နယုန်လဆန်း (၆)ရက်နေ့ နံနက်တွင် မကွေးမြသလွန်စေတီမှ ခရီး ထွက်ခဲ့ရာ ကျောက်ပန်းတောင်းသို့ ညနေမှ ရောက်လေသည်။ ကားလည်း တစ်လမ်းလုံး ပျက်–ပြင်–မောင်း၊ မောင်း–ပျက်–ပြင် ဖြင့် ခရီးနှင်ခဲ့ရလေသည်။ ဤသို့ဖြင့် ပုပ္ပါးတောင်ကလပ်တွင် တစ်ညတာ နားရ၏။

နယုန်လဆန်း(၇)ရက် နံနက်လင်းသည်နှင့် ပုဂံသို့ ခရီးဆက်ထွက် ကြလေသည်။ ကားသည် ကောင်းနေပြီဖြစ်၏။ နံနက်ပိုင်း ပုဂံဘုရားများ ဖူးမြော် ကြည်ညိုကြ၏။ နေ့လည်(၁)ချက်တီးမှ စတင်ထွက်ခဲ့ရာ ပုဂံမှကျောက်ပန်းတောင်း၊ တစ်ဖန် ကျောက်ပန်းတောင်းမှမိတ္ထီလာသို့ကူးရာ မုံတိုင်ဆည်အလွန် ကြက်ပင်ရွာ အနီး မန်ကျည်းပင်ငယ်လေးအရိပ်ဝယ် ကားစစ်ဆေးရင်း၊ နားနေရင်း ရပ်နားနေကြလေသည်။

http://www.dhammadownload.com


# ရေသောက်ပါ ရေသောက်လျှင် ရောဂါပျောက်

ထိုစဉ် ရှာဘက်လောက်ဆီက အရွယ်အားဖြင့် လေးဆယ်ခန့်မျှ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းစက်စက် ငယ်ရုပ်ပင်မပျက်သေးသူတစ်ယောက် ဆရာတော်ရှိရာသို့ တန်းမတ်စွာ လာနေလေသည်။ ဝါးခမောက်ဆောင်းထားပြီး ပေါက်ပြားကိုင်လျက်က လာနေ၏။

ဆရာတော်၏အနီး ရောက်သည်နှင့် ဂါရဝပြု ဦးချပြီး တစ်ဖန် မတ်ရပ်လိုက်၏။

"အရှင်ဘုရား... မြေတို့မည်သည် ရေနှင့် မကင်းရပါဘုရား"

"အရှင်ဘုရား၏ ကိုယ်မှာလည်းပဲ မြေဓာတ်နှစ်ဆယ်တို့ကို အမာခံထားပြီး တည်ဆောက်ထားတာဖြစ်လေတော့ ရေကို များများ သောက်ပါဘုရား"

"၁-၂-၃-၄- လေးမျိုးတို့တွင်-

၁- ဆိုသည်မှာ စကြာဝဠာ တစ်တိုက်လုံး ပိုင်ကျုံး အစိုးရတော်မူသော မြတ်စွာဘုရားပါဘုရား။

၂- ဆိုသည်မှာ ဓမ္မစကြာကို တရားဦးအဖြစ် ဟောတော်မူသော မြတ်စွာဘုရားပါဘုရား။

၃- ဆိုသည်မှာ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ မာရ်ငါးပါးကိုအောင်မြင်တော်မူသော မြတ်စွာဘုရားပါဘုရား။

၄- ဆိုသည်မှာ ဝသုန္ဓြေနတ်၏ သက်သေပြုခြင်းကို ခံယူရရှိတော်မူသော မြတ်စွာဘုရားပါဘုရား။"

"ထို့ကြောင့် အရှင်ဘုရားသောက်သုံးမည့် ရေအိုး၏ဖင်မှာ ၄-အက္ခရာ ကွင်းပေးထားပါဘုရား၊ သို့မှသာ မြေကိုရေထိမ်း၊ ရေကို နတ်သိမ်းထားသည့် နတ်ပေးရေ ဖြစ်ပါလိမ့်မည်ဘုရား။"

http://www.dhammadownload.com



''ထိုရေကို သောက်သုံးလေသောအခါ–

ပထမ တစ်ကျိုက်သောက်– ဗုဒ္ဓဂုဏောအနန္တော– စိတ်ပွားပွား။ အရဟံဂုဏ်ကို အာရုံထုံထားပေးပါဘုရား။

ဒုတိယ တစ်ကျိုက်သောက်– ဓမ္မဂုဏောအနန္တော– စိတ်ပွားပွား။ သွါက္ခတောဂုဏ် အာရုံထုံပါဘုရား။

တတိယ တစ်ကျိုက်သောက်– သံဃဂုဏောအနန္တော– စိတ်ပွားပွား။ သုပ္ပဋိပန္နဂုဏ် အာရုံထုံပါဘုရား။

ရှေးကတင်ထားသော ဂုဏ်တော်မှန်သမျှ အထွင့်ဆုံး အမြတ်ဆုံး မို့လို့ တင်ထားခြင်းပါဘုရား။

စတုတ္ထ တစ်ကျိုက်သောက်– မိဘနှစ်ပါး ကွယ်လွန်သွားပြီးသော်မှ ၎င်းတို့ မျက်နှာကိုမြင်အောင်ကြည့်ပြီး သောက်ပါဘုရား။

ပဥ္စမ တစ်ကျိုက်သောက်– မိမိအား အကျိုးကြီးမားသော ဆရာသမားများ ကွယ်လွန်သွားသော်မှ သူတို့မျက်နှာ မြင်အောင် ကြည့်၍ သောက်ပါဘုရား။''

''တစ်နေ့တစ်နေ့ ဝင်သလောက်သောက် ဆန့်သလောက် သုံးပါဘုရား။ ရေကိုသောက်သဖြင့် ဒုက္ခမရောက်ပါဘုရား။ တပည့်တော် နေ့စဉ် ရွက်တဲ့အိုး နှစ်လုံးကုန်အထိ သောက်သုံးနေပါသည်၊ တပည့်တော်မျက်နှာကို သေသေချာချာ ကြည့်ပါ'' ဆိုသဖြင့် ဆရာတော်က ကြည့်မိလေရာ–

မျက်နှာသည် လန်းဆန်းခြင်း၊ သွေးတို့ဖြင့် အနီသန်းခြင်း၊ ကြည်လင်ခြင်းများ တွေ့ရလေသည်ဟု ဆိုတော်မူ၏။ နောက်ပြီးသော်–

'' အရှင်ဘုရားတို့လို သာသနာပြုပုဂ္ဂိုလ်တစ်ဦးသည် သည်နည်း ဆက်သွားလျှင် သည်ရေသောက်နည်းကား ကမ္ဘာအထိ ပျံ့နှံ့သွားနိုင်ပါသည် ဘုရား''ဟူ၍လည်း ရုတ်တရက်တွေ့ခဲ့ပေမယ့် သာသနာပြုပုဂ္ဂိုလ်ကြီးဟူ၍ ကင်ပွန်းတပ်သွားလေသည်။

http://www.dhammadownload.com


ထိုသူကား သူ့ကိုယ်သူလည်း ပြောသွားသေးသည်–

"တပည့်တော်က အရင်က အရက်သမားပါဘုရား။ သည်နယ်မှာ သာသနာပြုရဟန်းတစ်ပါး ကြွလာပြီး ဘုရားတည်လာရာမှ တပည့်တော်လည်း ဘုရားတည်တဲ့အထဲ ပါလာရတာပါဘုရား"ဟု ဆိုလေ၏။

ထိုသို့လျှောက်ထားပြီး ဆက်လက်၍လည်း ရေအကျိုး ညွှန်းဆိုသွား သေးသည်။

" အရှင်ဘုရားက သက်တမ်းတိုကာလ လူလာဖြစ်ရကား အရှင်ဘုရား ရဲ့ သက်တမ်းနဲ့ အင်းဝိဇ္ဇာနှစ်သောင်း ကစားသွားတဲ့ အင်းပညာကိုလည်း လိုက်မမီနိုင်ပါ၊ ဓာတ်ဝိဇ္ဇာတွေ မြောက်များစွာကစားသွားတဲ့ အတတ်ပညာ တို့ကိုလည်း လိုက်မမီနိုင်ပါ၊ ဆေးဝိဇ္ဇာများစီရင်သွားတဲ့ ဆေးအတတ်ပညာ ကိုလည်း လိုက်မမီနိုင်ပါဘုရား။"

"သည်ရေကို သည်လိုသာ အမြဲအစွဲ သောက်သုံးနေပါလျှင် ဆေးမလို အင်းမလို၊ ဓာတ်မလို ရှေးပုဂ္ဂိုလ်တို့၏ အရည်အသွေး အလိုလိုပင် ပြည့်မှီလာပါ လိမ့်မည်ဘုရား။ သည်နည်းဟာ ဆေးပေါင်းချုပ်၊ အင်းပေါင်းချုပ်၊ ဓာတ်ပေါင်းချုပ် ပါဘုရား။"ဟု လျှောက်ထားသွား၏။ ထို့နောက် ထိုသူသည် ခမောက်နှင့် ပေါက်ပြားကို ကိုင်ဆောင်၍ ထွက်သွားလေတော့၏။

- ♦ ခမောက်ကား သူ့အတွက် လုံခြုံဖို့ အေးချမ်းဖို့။
- ♦ ပေါက်တူး(ပေါက်ပြား)ကား မြေကိုတူးဆွ စိုက်ပျိုးဖို့ လမ်းပြင်ဖို့။

ဆရာတော်နှင့် တပည့်ဒကာအဖွဲ့သည် မိတ္ထီလာသို့ ခရီးဆက်ခဲ့ကြ၏။ မန္တလေးမြို့သို့ ည(၈)နာရီကျော်မှရောက်ကြလေသည်။ကားလည်းစက်ကောင်းသွား ပေပြီ၊ မန္တလေးတွင် အနောက်ထီးလင်းတိုက်၊ ရတနာပုံကျောင်းဆရာတော်ဦးနန္ဒိယ ထံတွင် တစ်ညတာ တည်းခိုကြရချေတော့၏။

http://www.dhammadownload.com


၁၃၄၈–ခုနှစ်၊နယုန်လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့ နေ့လည် (၃)နာရီခန့်တွင် ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၊ မြန်အောင်ချောင်သို့ ချောမောစွာ ရောက်ကြတော့၏။ ချောင်ပိုင်ဆရာတော်ကား ဦးသုဒဿန ဖြစ်လေသည်။ မြန်အောင်ချောင်ရှိ သိမ်ကျောင်းတွင် ဆရာတော် သီတင်းသုံးတော်မူရလေသည်။ ဆရာတော်ကိုပို့ဆောင်ပေးကြသော အဖွဲ့တို့သည်လည်း လဆန်း(၁၀)ရက်နေ့ ရန်ကုန်ပြန်ကြလေသည်။

ပို့ဆောင်သောအဖွဲ့ကား–ဦးသိန်း၊ ဦးကြီးစိန်၊ ဦးကျော်မြင့်၊ ဦးကျော်စိန်၊ ဦးအေး၊ ဒေါ်ခင်မူနှင့် ဦးထွန်းမြင့်၊ ဇော်ရှင်း၊ ဇော်လင်းတို့ (၉)ဦးဖြစ်ကြသည်။ မောင်ဇော်ရှင်း၊ မောင်ဇော်လင်းတို့ကား ဦးကျော်မြင့် သားများဖြစ်ကြ၏။

စစ်ကိုင်းတောင်ရိုး၊ မြန်အောင်ချောင်သည် မြစ်ရေများကို စက်ဖြင့် တင်ဆောင်ကာ ရေကန်ကြီးဖြင့် လှောင်ထားပြီး စစ်ကိုင်းတောင်ရိုးရှိ ချောင်ပေါင်း (၄၀)ကျော်ကို ဥဒကဒါန–ရေအလှူပေးလှူ အကျိုးပြုနေသော ချောင်တစ်ချောင် ဖြစ်သည်။ ဆရာတော်သည် ထိုမြန်အောင်ချောင် ရောက်သည့်အခါ ထိုကန်ရေကို သောက်ရလေတော့၏။ ထိုကန်ရေကို သောက်မိသောအခါ ငါးနှစ်တာမျှ ကြာရှည်စွာ စွဲကပ်နေသောရောဂါမှာ ငါးရက်ထဲမျှဖြင့် ကင်းကင်းရှင်းရှင်းပင် ပျောက်သွားလေတော့၏။ ဆေးဆရာများဖြင့် ကုသရာ ရှင်းရှင်းမပျောက်ခဲ့သော်လည်း ယခုအခါမှာတော့ မယုံကြည်နိုင်လောက်အောင်ပင် ပျောက်ကင်းစင်သွားတော့၏။ ရောဂါလက်ကျန်မရှိအောင် ကင်းပျောက်သွားလေတော့၏။

- အနန္တတန်ခိုးရှင်ငါးဦးတို့၏ မေတ္တာဓာတ်ရည်ကား–အေးမြစေတော့၏။
- မြေမှထွက်၍ မြေသို့ပြန်သက်ကျလာသော ပကတိ ဓာတ်ရည်ကား အေးမြစေတော့၏။
- ကန်က ရေနှင့် အနန္တ ရေ တို့၏ အစွမ်းအာနိသင်များသာတည်း။

http://www.dhammadownload.com



ထိုမြန်အောင်ချောင်သို့ ရောက်လို့မှ တစ်လမပြည့်သေးဘူး ရန်ကုန်အဖွဲ့က ဆရာတော်ထံမှောက် ရောက်လာကြချေပြီ။ လူကြောက်၍ ပြေးသလောက်လိုက်၊ လိုက်သလောက်ပြေးနေရ၏။ ပုန်းသလောက်လည်း ရှာဖွေနေချေ၏။ ရှာဖွေသလောက်လည်း ပုန်းနေရချေတော့၏။ အများနှင့်တစ်ယောက် ဆိုတော့လည်း ပြေးခဏ မကြာမီသိကြ၏။ မလာနဲ့ပြောလည်း လာခဲ့သဘောမှတ်ထင်နေကြ လေ၏။ တစ်ဖွဲ့ရောက်လာလျှင်ကား နောက်ဆက်ကားမနည်းတော့ချေပြီ။ ထို့ကြောင့်ပင် နေရာပြောင်းဖို့ စီစဉ်ရလေသည်။

ထို့ကြောင့် ၁၃၄၈–ခုနှစ်၊ဝါဆိုလပြည့်နေ့တွင် မြန်အောင်ချောင်ဆရာတော်ကိုယ်တိုင် ရှာဖွေပို့ဆောင်ပေးသော အရှေ့ပရက္ကမသို့ နေ့လည်(၂) နာရီလောက်တွင် ရောက်လေ၏။ မြန်အောင်ချောင်ဆရာတော် ဦးသုဒဿန ကိုယ်တော်တိုင်ပို့ဆောင်ပေးတဲ့ ကျေးဇူးကားကြီးမားလေစွ။ ဆရာတော် ပရက္ကမပြောင်းရွှေ့သွားသည်ကိုလည်း အခြားသူမသိရန် တာဝန်ခံလိုက်သေးသည်။

အရှေ့ပရက္ကမဂူကြီးကား တိတ်ဆိတ်မှုကိုအပြည့်ပေး၏။ပထမဆရာတော် ဦးဝါယမ၏ အရှိန်သတ္တိတော်များကြောင့်လည်း လုံခြုံမှုပေးထား၏။ လူတွေ့မခံခြင်း၊ ဂူအတွင်းလူဝင်မခံခြင်းများက ကျေးဇူးပြုပေးထား၏။ ထို့ကြောင့်ပင် ဆရာတော်သည် တရားအားထုတ်ရတာ အဆင်ပြေနေလေ၏။ ဂူတိတ်ဆိတ်နှင့်ရှုမှတ်စိတ် ချိတ်မိ၊ တွဲမိနေလေတော့၏။ ဘေးပတ်ဝန်းကျင်ကိုပင် မသိတော့ချေ၊ မရိပ်မိချေ၊ ဘယ်နေရာရောက်နေသည်ဟုပင် မရိပ်မိလောက်အောင် ထိမိနေ၏။ အဟောဝတ–အရတော်ပေစွ ဟူ၍ပင် စိတ်ရွှင်နေလေသည်။

နံနက်(၇)နာရီတိတိ အချိန်သည် ဆွမ်းခံထွက်ချိန်၊ ဂူထွက်ချိန်။

ဆွမ်းခံအတွက် ဂူအထွက်ကား–ဝါးချက်(၇)ရက်၊ ရွာထောင်ဘက်လည်း (၇)ရက် နေ့စဉ်ရက်ဆက် မပျက်မကွက်ထွက်နေရသည်။ဆွမ်းခံအပြန်ရောက်သော် မိမိတစ်ပါးစာချန်ထား၍ ရသမျှ ထိုချောင်သံဃာများသို့သာ

http://www.dhammadownload.com



ဦးတိုက်လျှုလေသည်။ ထို့နောက် "ဤဆွမ်းအုတ် အပြည့် လှူပြီးမှ ကျန်သမျှသာ ငါသုံးအံ့" ဟုအဓိဋ္ဌာန်လျက်က သာရဏီယ ကျင့်ဝတ် ကိုဆောက်တည်ထား၏။

ဝါပကာလများ၌ ဆွမ်းသပိတ်အပြည့်မရသည့်အခါ–သာရဏီယလှူ ဆွမ်းမျှသာ ရသဖြင့် ဆရာတော်၏ ဝမ်းဗိုက် ဆွမ်းမဆိုက်တော့ပါချေ။ ဒီကြားထဲ ဆရာတော်ဝတ်ကျင့်ထားသည့် ဆွမ်းဇလုံ သေးလည်းသေး သိပ်လည်းမကောင်း ဟု ဆိုကာ ရန်ကုန်ကလာတဲ့ ကိုစေတနာက သဒ္ဓါကဲပြီး လဲပေးလိုက်သည်။ ဒီအခါမှာတော့ ဆွမ်းဇလုံကြီးဖြည့်ပေး နေရတာနဲ့ သပိတ်ထဲမကျန်တော့ပါချေ။ ဆွမ်းသာခံထားရပြီး ဆွမ်းမစားရတဲ့ရက်တွေကလည်း မနည်းလှချေပြီ။ သို့သော် လည်း ဆရာတော်ကား အခြားသူမသိအောင်ပင် သာရဏီယဝတ် ဖြည့်ကျင့်တော် မူခဲ့လေသည်။

ရဟန်းတို့ပြုရသော လပြည့်၊ လကွယ်နေ့ ဥပုသ်ပြုသည့် အခါများတွင် သာ အရှေ့ပရက္ကမဆရာတော် ဦးသီလနှင့် တွေ့လေသည်။ ဆရာတော် ဦးသီလသည် ဒီချောင်ကိုပင် အပ်ချင်သည်အထိ ဖြစ်ခဲ့ရသည်။

အရှေ့ပရက္ကမ နေစဥ်ဝယ်– ဆရာတော်သည် မိမိအဓိဋ္ဌာန်ကြောင့် (၇)ရက်လုံးလုံး ဆွမ်းအဟာရ ပြတ်ခဲ့ရ၏။ တစ်ခါတစ်ရံ ဘယာကျော်လေးနှစ်ခု သုံးခုမျှဖြင့်ပြီးရ၏။ တစ်ခါတစ်ရံ ဘီစကွတ်လေး နှစ်ချပ်မျှဖြင့် ဆွမ်းကိစ္စပြီးခဲ့ရ၏။

ထို့ကြောင့် ဝမ်းဗိုက်တွင်းရှိ အစာအိမ်အဟောင်းအသစ်များ၊ အူကြီးအူငယ် များ မကောင်းတော့ချေ။ *'သောက်သုံးရေက ထုံးခတ်ရေ၊ အာဟာရေက နတ္ထိ ငါ့ဝမ်းကဇ္ဈိ နှမ်းရိုရိုတည်း။'* ဟူ၍ပင် ဆိုချေတော့၏။

တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့တွင် သာစည်၊ရွှေကျောင်းကုန်း ကြွရန်အတွက် လဆန်းထဲတွင် ဒေါ်ပညေသီ (အဘနမတော် ဒေါ်ပုတဖြစ်လဲ) ရောက်လာ၏။ သာစည်–ရန်ကုန် ဒကာ၊ဒကာမများလည်း လာကြမည်ကို သိရ လေသည်။

http://www.dhammadownload.com


ဆရာတော်ကြွမည့်အကြောင်း ဒေါ်ပညောသီမှတဆင့် ဦးသီလထံ လျှောက်ထားခဲ့ရာ သိသွားသောအခါ ဆရာတော်ကို ချောင်အပ်ဖို့ စီစဉ်လေသည်။ ရန်ကုန်–သာစည်ဒကာ၊ဒကာမများလည်း ရောက်ချေပြီ။ လဆန်း(၉)ရက်နေ့တွင်လည်း သံဃာတော်များ ဆွမ်းကပ်ရန် စီစဉ်ထားပြီးဖြစ်၏။

ဆရာတော်သည် ပြန်ကြွခါနီးတွင် ဒကာရင်းဦးအောင်ခိုင်၏ ပင့်လျှောက်ချက်ဖြင့် စစ်ကိုင်းရှိ ဒကာ၊ဒကာများကို လဆန်း(၈)ရက်နေ့ည တရားဟောကြွခဲ့ရ၏။ တရားဟောကအပြန်တွင် အနောက်ပရက္ကမ ဆရာတော်ဦးနန္ဒဝံသ၏ လျှောက်ထားချက်အရ ဆရာတော်ဦးသီလက ဆရာတော် ဦးဥေယျအား ကျောင်းအပ်ကြောင်းကြေညာ၏။ အားလုံးက ဝမ်းသာကြ၏။

ဆရာတော် ဂူထဲဝင်သွားရာ နောက်မှထပ်ချပ်မကွာ လိုက်သွားကြ၏။ ဦးကြီးစိန်၊ ဦးကျော်မြင့်၊ ဦးတင်အောင်၊ ဦးတူး၊ ဦးလွန်းမောင်၊ ဒေါ်ခင်မူတို့ ဖြစ်ကြသည်။

| | |
|---|---|
| ဦးလွန်းမောင်ကား– | ဤဂူ၌ ကျန်းမာရေးမကောင်းသဖြင့် မနေသင့်–လျှောက်၏။ |
| ဦးတင်အောင်က– | ဆက်မနေရန် လျှောက်၏။ |
| ဦးတူးကလည်း– | နေရာကောင်းဖို့ထက် ကျန်းမာရေးကောင်းဖို့ အရေးကြီးကြောင်း လျှောက်ထား၏။ |
| ဦးကျော်မြင့်ကတော့– | အရှင်ဘုရားသဘော လျှောက်၏။ |

ဦးကြီးစိန်၊ ဒေါ်ခင်မူ တို့ကတော့ ကြားနေလေသည်။ ကျန်အားလုံးကတော့ မနေဘို့သာ လျှောက်ကြ၏။

ဆရာတော်ကား များရာဘက်လိုက်သောအားဖြင့် ဤဂူ၌ မနေတော့–ဟု ဆုံးဖြတ်ချက်ချပေးလေ၏။ ဌာနေတို့ကား ငိုကြွေးကြလေ၏။

၁၃၄၉–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၉)ရက်နေ့ နံနက်တွင် သံဃာတော်များ ဆွမ်းကိစ္စ၊ လှူဒါန်းခြင်းကိစ္စ ပြီးသွားသဖြင့် သံဃာတော်များကို ဆရာတော် သွားရောက်ဂါရဝပြုလေသည်။ ဆရာတော်များက နောင်နှစ် ဝါဆို–

http://www.dhammadownload.com


မဆို မေးရာ မဆိုပါကြောင်း လျှောက်ထားခဲ့လေတော့၏။

နေ့လည် (၃)နာရီတွင် နေမင်းကားဖြင့်ထွက်ခဲ့လေသည်။ နေမင်းတိုက်တွင် ခေတ္တနားပြီးမှ ထီးလင်းရတနာပုံကျောင်း၌ တစ်ညတာမျှ တည်းခိုခဲ့လေသည်။ နောက်တစ်နေ့ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့ နံနက်(၃)နာရီတွင် သာစည်ရွှေကျောင်းကုန်းတောင်သို့ ခရီးဆက်ကြရလေသည်။ မိတ္ထီလာမှ နံနက်(၈)နာရီခန့်တွင် ထွက်ခွါလာရာ နံနက်(၉)နာရီမထိုးမီ သာစည်ရောက်၏။ မြို့နယ်ဥက္ကဋ္ဌဆရာတော်(ဘုရားကြီးတိုက်)သို့ ဝင်ရောက်ပြီး ရှေးဦးစွာ ဂါရဝပြုခဲ့လေသည်။

ဥက္ကဋ္ဌဆရာတော် ဦးသူရိယက ဝိနည်းကြောင်းမေးရာ ဆရာတော်က "တပည့်တော် ကိုရင်ငါးဝါ၊ ရဟန်းငါးဝါ ဖြင့် စာသင်တိုက်ကြီးများတွင် ပညာသင်ကြားခွင့်ရခဲ့ပြီး ပထမကြီးတန်းအောင်၊ ဓမ္မာစရိယတန်းအထိ သင်ယူဘူးပါသည် ဘုရား" ဟုလျှောက်ထားခဲ့၏။ ထိုအချိန်မှစ၍ ဆရာတော်ကို တင်းတင်းမာမာ မပြောတော့ချေ။ ပရိယတ္တိဂုဏ်ကျေးဇူးကား ယခုအခါ ဒုတိယအကြိမ် ကယ်တင်ခြင်း ဖြစ်ခဲ့လေသည်။

ထို့နောက် ဆရာတော်ဦးသူရိယသည် ကူညီတရားများကိုသာ ချီးမြှင့်ပေးသနားလေ၏။

၁။ "အရှင်ဘုရား လူသုံးယောက်ဆုံမိလျှင်တစ်ယောက်ကတော့ဆန့်ကျင်ဘက်ဖြစ်မှာကေန်ပါ။ငါးယောက်ဆိုလျှင်တော့ ဝိရောဓိသမားဘက်က နှစ်ယောက်ပေါ့လေ။ကိုယ်ကတရားသမားပဲ သည်းခံစိတ်ထား၊ကိုယ့်လမ်းကိုယ် တွင်တွင်သွားရုံသာ ရှိရမှာပါ။ ဘယ်သူက ဘာစကားပြောပြော နားမကြား၊ မျက်မမြင် အသွင်ဆောင်တတ်ဖို့က အရှင်ဘုရားတာဝန်ပဲ"။ ရှင်းလင်းပြတ်သား တစ်သက်ပန်မှတ်သားသင့်သော ဩဝါဒ အမြုတေများ ပေတကား။

၂။ "တောင်ဘက်ခြမ်းက မြောက်ဘက်ထဲကူးဝင်လာလျှင် ဘာလဲ၊ ဘယ်လိုလဲ ဆိုပြီး အကဲခတ်ကြမှာသေချာတယ်။မြောက်ဘက်ခြမ်းကလူတောင်ဘက်

http://www.dhammadownload.com


ခြမ်း ကူးသန်းသွားလျှင်လည်း သည်လိုဘဲအကဲခတ်ကြမှာပါပဲ။ သည်တော့ ကိုယ်တော်တို့ထင်နေသလို မဟုတ်ပါဆိုတာ အရှင်ဘုရားက အလုပ်ဖြင့် လက်တွေ့ ပြလိုက်ပါဘုရား။”

ဤသို့ဆုံးမသြဝါဒပေးတော်မူသော ဥက္ကဋ္ဌဆရာတော်ဦးသုရိယအား ဆရာတော်ဦးဥေယျက ဆရာအရာထားလိုက်တော့ပြီ။ ဤစကားသည် သာမန် မေတ္တာထားခြင်းမျိုးဖြင့် မမြွက်ကြားနိုင်ရာ။ သံဃာတော်အချင်းချင်း၊ သီတင်းသုံး ဖော်အချင်းချင်းတို့အကြား ထားရှိသောမေတ္တာမျိုးသာ ဖြစ်ချေရကား ဆရာဟူ၍ လည်းကောင်း၊ သမားဟူ၍လည်းကောင်း အသိအမှတ်ပြုလိုက်လေပြီ။

- သွားလမ်း အကောင်းအဆိုး၊ အကြောင်းအကျိုးများကို ဝေဘန်၍ လမ်းညွှန်ပြရုံမျှသည်– **ဆရာ**။
- သွားရာလမ်းကြောင်း လမ်းပေးရုံမျှသာမက ကျလာသောရောဂါကိုလည်း ကုစားပေးလျှင်– **သမား** တည်း။

၁၃၄၉–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့ ညနေ(၄)နာရီခန့် တွင် သာစည်မြို့နယ်ရှိ ပထမဦးဆုံး ဆရာတော်တောထွက်ခဲ့ရာ ရွှေကျောင်းကုန်း တောင်သို့ တပါတ်လှည့်၍ ရောက်ချေ၏။

ဆရာတော် သာစည်ရွှေကျောင်းကုန်းသို့ ကြွတော်မူလာရခြင်း၏ ရည်ရွယ်ချက်မှာ–

၁။ တစ်ဘက်ကသာသနာ၊ တစ်ဘက်ကမိမိကိစ္စ စိတ်ချလက်ချ နှစ်ခုတွဲ နှစ်ပွဲပြီး ဖော်ဆောင်ရန်။

၂။ မိမိနှင့်ပတ်သက်ရာ ဝေနေယျ၊ တစ်ရက်နောက်ကျ–တစ်ဘဝ နာနိုင် သဖြင့် အသိနောက်မကျစေရန်။

၃။ မိမိမယ်တော်နှင့် အဘနှမ–ဒေါ်ပညေသီတို့ကို ယခု ကျေးဇူးဆပ်လှည့် အချိန်ကျပြီဖြစ်၍ မိမိအနားလက်ခံ၊ ဓမ္မအမွေခံ ခံယူစေရန်။

ဤသုံးချက် ရည်ရွယ်ချက်မျိုးဖြင့် ကြွရောက်တော်မူလေသည်။

http://www.dhammadownload.com


ရွှေကျောင်းကုန်းတောင်တွင် (၁၀)ရက်လုံးလုံး ဒကာ၊ဒကာမ များကို အဖူးတွေ့ခံယူခြင်း၊ တရားဟောပေးရခြင်း၊ တရားစကား၊ ဆုံးမစကား ပြောပေးရခြင်းတို့ကို ဆရာတော်သာသနာပြုခဲ့ရလေသည်။ ယခင်က ဆယ်ဝါပြည့်မှသာ ပရိသတ်အတွေ့ခံအံ့၊ အသက်(၆၀)မပြည့်မီ ဒေသစာရီလှည့်လည်မည်၊ တရားမဟောအံ့ ဟူသည်များလည်း အတုံးအရုံး ကျဆုံး၊ကျရှုံးခဲ့ရလေသည်။ ပရိသတ်အပေါ်ထားရှိသော စေတနာ၊မေတ္တာ များက ချေမှုန်းပစ်လိုက်ခြင်းသာဖြစ်၏။

ထို ရွှေကျောင်းကုန်းတောင်၌ (၁၀)ရက်ပြည့်သော် ရန်ကုန်သို့ လိုက်ပါကြွခဲ့ရသည်။ ဆရာတော် ရန်ကုန်ဝင်ကတည်းက ရန်ကုန်သည် ရန်မကုန်သည့်အပြင် ရန်အစုံနှင့်တိုးရတော့၏။ ရန်ကုန်ရောက်သောအခါ ကျိုက္ကဆံစေတီတော်၏ ခြေရင်းရှိ ရွှေမြင့်မိုရ်ကျောင်းသို့ ပို့ဆောင်ကြသဖြင့် (၁၀)ရက် သီတင်းသုံး၍ (၁၀)ညတိတိ တရားဟောပေးတော်မူသည်။

ရန်ကုန်မှသည် ကျိုက်လတ်၊ကျီးချောင်းရှိ ပြည်လုံးချမ်းသာ ရွှေဖောင်တော်ဦးစေတီသို့လည်း (၁၀)ရက် ကြွပေးတော်မူရသေးသည်။ တရားဟောပေးရခြင်း၊ တရားဓမ္မဆုံးမစကားပြောကြားပေးရခြင်းများ ဆောင်ရွက်ခဲ့ရလေသည်။

လမ်း(၃၀)ရှိ ဦးစံအေး+ဒေါ်ခင်ထိုးသန့် ဦးဆောင်သောအဖွဲ့က ဆရာတော်၏ ကပ္ပိယကာရကထံသို့ တစ်ကျောင်းလျှင်(၅၀၀)နှုန်းဖြင့် ကျောင်းအလုံး(၃၀)ကို လှူဒါန်းလိုက်ကြလေသည်။

ရန်ကုန်ရှိ သာဝကတို့သည် နှစ်မျိုး၊နှစ်စား ကွဲပြားချေ၏။

၁။ ဆရာတော်ထံရှိ အကျင့်ဂုဏ်ထိ ဉာဏ်မမီရှာလေသဖြင့် သံဃာအထိ စိတ်ညွတ်မှု မရှိကြချေ။

၂။ အကျင့်ဂုဏ်ကြား ဉာဏ်သလားနိုင်သဖြင့်- ဆရာတော်ကိုမမြင် ပုဂ္ဂိုလ်စွဲဖြင့် မခင်မင်ချေ။

http://www.dhammadownload.com



ထိုသို့ကွဲလေရာ ဆရာတော်နှင့်အနီးစပ်ဆုံး ဒကာ၊ ဒကာမ များကား လူချင်းနီး၍ တရားချင်းဝေးကွာနေချေရကား မိတ်ဆွေ၊ သူငယ်ချင်း၊ အဆင့်ထက် ဆရာတော်ကိုမပိုကြချေ။

လူချင်းဝေးသော်မှ တရားချင်းနီး၍ ရောက်လာသူတို့ကား သံဃာဂုဏ်အင် အစုံအလင် မြင်သိခွင့်ရသွားချေရကား ၎င်းတို့ အားကိုးအားထား စေတနာ၊ သဒ္ဓါတို့ သိုမှီးရာ သံဃာအဖြစ်၌သာတည်၏။

ထို့ကြောင့် လူချင်း နီးခြင်း၊ဝေးခြင်းဟာ ပဓာနမဟုတ်ဘဲ တရားချင်း နီးခြင်း၊ ဝေးခြင်းကသာ ပဓာနကျပါချေ၏။

ဆရာတော် ရွှေကျောင်းကုန်းသို့ တစ်ဖန်ပြန်ကြွလာတော်မူခဲ့သည် ဖြစ်၍–

- အများ တရားအားထုတ်ရန် ကျောင်းငယ်(၃၀)လုံး (ယောဂီကျောင်း)။
- အရိယာဝါသဇမ္ဗာရုံ။
- အဘယရွှေပြည်ကျောင်း။
- အရိယာရွှေပြည်ဆည်တော်ကြီး။ (ပေ ၈၀×၄၅ ၊ စောက် ၁၈ ပေ)

စသည့် သာသနာပြုရန် အဆောက်အဦးများ ဆောက်ရလေတော့ သည်။

## မြေခမ်းသရမ်းပျိုး ပိုးထိုးခံရပြီ

ဝေဘူဆရာတော်ကြီး၏ သာသန–ဇမ္ဗူ ဩဝါဒအမွေခံ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ တစ်ခုတည်း နှစ်ဦးနှစ်ဝ ပြီးစီးခြင်းသည် စရဏနှင့်ဝိဇ္ဇာ တွဲမိခြင်း ဟူသော စကားတော်ကို ဉာဏ်သက်ဝင်ရာမှ ဖြစ်ပေါ်လာသော ဆုံးဖြတ်ချက်ဖြင့် ရွှေကျောင်းကုန်းတောင်သို့ ပြန်ကြွလာခဲ့ခြင်း၏ ရည်ရွယ်ချက်က အဓိကဦးစားပေး ဖြစ်ခဲ့လေသည်။

http://www.dhammadownload.com


ထိုစရဏအနှင့်ဝိဇ္ဇာ တွဲစပ်ပေးရာ၌ အမိန့်ရှိန်ကိုကား—

- မဟာစည် ကမ္မဋ္ဌာန်းနည်းလမ်း၊ စည်းကမ်းအတိုင်း စနစ်တကျ ဖြန့်ဖြူးမည်။
- ဤကမ္မဋ္ဌာန်းနည်းလမ်း၊ စည်းကမ်းကို သုံးနှစ်တိတိ တစ်နှစ်လျှင် နှစ်လစခန်းပွဲဖြင့် ဖြန့်ဖြူးမည်။
- ဤကမ္မဋ္ဌာန်းနည်းလမ်း၊ စည်းကမ်းကို နည်းခံရာမှ ပေါ်ထွက်လာသော ဝေနေယျဖြင့် သာသနာပြုမည်။

ထိုသုံးနှစ်၏ သုံးချက် မအောင်မြင်ပါက ဝေနေယျလက်ခံခြင်း၊ ဟောပြောခြင်း၊ ပြသခြင်းမပြုတော့ပြီ။ မိမိကိစ္စမပြီးစီးသေးသမျှ မည်သူကိုမျှ ၎င်းညွှာခြင်းမပြုတော့ပြီ ဟူ၍ အမိန့်ရှိခဲ့လေသည်။

ထိုအမိန့်ရှိအတိုင်း ဦးစွာနည်းခံရဟန်းများ ကဆုန်လ ယောဂီကျောင်းများ မပြီးမီကပင် ကြွလာကြ၏။ နှစ်လပြည့်သော်မှ သမာဓိမတည်သဖြင့် ဝါဆိုခါနီး စခန်းသိမ်းလိုက်ရ၏။

ဒုတိယဝါတွင်း၌ကား အတူနေ ရဟန်းတစ်ပါး၊ ကိုရင်ကြီး ဦးချို၊ မယ်တော်ကြီး ဒေါ်ပညာစာရီ၊ ယောဂီဦးကဲ(ဘိုးကဲ)၊ မောင်နိုင်လင်း(စိုးလင်း) မုံတောတို့ ဝါခေါင်လပြည့်ကျော်(၁)ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ နှစ်လတိတိ အမိန့်ရှိဖြင့် ပြသ၏။

ရဟန်းတော်သားအဖသုံးယောက် ဝါမကျွတ်မီဆင်းပြေး၏။ကိုရင်ကြီးက မချေမင် ဆက်ဆံလာ၏။ မယ်တော်ကြီးကမူ မကျင့်နိုင်တာကို အတင်းကျင့်ခိုင်း ရမလားဆိုကာ ငိုသည်အထိ ခရီးပေါက်၏။ ယောဂီဦးကဲ၊ မောင်စိုးလင်းတို့ကား ကြိုးစားသလောက်သာ ခရီးရောက်တော့၏။

နွေကာလတွင် တပေါင်းလပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ နှစ်လ သတ်မှတ်ထား၏။ ထိုနှစ်လ မဝင်နိုင်ပါက သကြန်တွင်း(၁၀)ရက်စခန်း ထားရှိပေးထား၏။

http://www.dhammadownload.com


မဟာစည် စည်းကမ်း၊နည်းလမ်းအတိုင်း(နံနက် ၃ နာရီမှ ည ၉ နာရီအထိ) လျှောင်း၊ ထိုင်၊ ရပ်၊ သွား ရှုမှတ်ပွားဖို့ ပေးထား၏။

အဆောင်မျိုးများဖြင့် ကြီးကြပ်၏။ စကားပြောခွင့်မပြု၊ မျက်စိကစားခြင်း၊ စိတ်ကစားခြင်း ကင်းရမည်ဟု အမိန့်ထုတ်ထား၏။

နှစ်လစခန်းဝင် (၇၂)ဦး၊ ၁၀ရက်စခန်းဝင် (၃၀)ဦး ဖြစ်ကြလေသည်။

ယောဂီ(၃၀)ကား သကြံန်ပြီး၍ ပြီးသွားတော့၏။ ကျန်ယောဂီတို့တွင် ထွက်ပြေးယောဂီ(၂၄)ဦး။ (၄၈)ဦးသာ စခန်းဆုံး၏၊ ပညာစခန်းတက်နိုင်ခဲ့ကြ၏။ သို့သော်လည်း အောင်မြင်သည်ဟုဆိုနိုင်သေးပါ၏။ သာသနာနောက်ပိုင်း ကောက်သင်းကောက်ခေတ်ဖြစ်လေတော့၏။ကောက်သင်းကောက်ရာတွင် အနှံကြီးရဖို့ မလွယ်တော့ပြီ။

## အဓိဋ္ဌာန် စိတ်ကြံ့ပျက်ပါပေါ့ နိဗ္ဗာန်ဘက်မဆွဲသာ

တပို့တွဲလပြည့်ကျော်(၁)ရက်နေ့ ညတွင် တပေါင်း–ကဆုန် တရားစခန်းဖွင့်၊ မဖွင့်ကိစ္စ တိုင်ပင်ရန် ဖိတ်ခေါ်ရာ တောင်ပေါ်နေ ဦးမြည္ဍန့်၊ဦးလှသောင်းတို့ နှစ်ဦးသာ လာကြတော့၏။ စခန်းဝင်လိုသူ တစ်လကြို၍ စာရင်းကောက်ရာ အတည်ဝင်လိုသူ (၁၃)ယောက်၊ အဆင်ပြေမှဝင်လိုသူ(၃)ယောက် ပေါင်း(၁၆)ယောက်သာ ရတော့၏။ အကြောင်းမှာ စည်းကမ်းကျပ်လွန်းလို့ဖြစ်၏။ နောက်နယ်မှအားလုံး စည်းဝေးဆုံးဖြတ်ကြ၏။ သည်နှစ်စခန်းမဖွင့် ဟူတော့၏။

ဆရာတော်၏ အဓိဋ္ဌာန် သုံးနှစ်စခန်းဖွင့်ကိစ္စ ပြီးဆုံးသွားရ၏။မြေစမ်းခရမ်းပျိုးကား ပိုးထိုးလောက်ကိုက်ဖြင့် ခရီးလမ်းဆုံးရတော့သည်။

ထို့နောက် ဆရာတော်သည် တပို့တွဲလပြည့်ကျော်(၁)ရက်နေ့မှ တပေါင်းလပြည့်အထိ မည်သူကိုမှ အတွေ့မခံ အဓိဋ္ဌာန်ဖြင့် အကျင့် ပြင်းထန်စွာ ကျင့်လေတော့၏။ ဆွမ်းပို့ကိုပင် ဦးကျံုပျော်မှတစ်ပါး အခြားမလာရ ဦးကျံုပျော်

http://www.dhammadownload.com


သည်ပင်လျှင် ဆွမ်းပို့ခြင်းမှတစ်ပါး မလာရဟု မိန့်ထားတော်မူ၏။ (ဦးကျုံပျော်–ဆိုသည်မှာ ကျုံပျော်သား ရဟန်းဖြစ်၏။)

ထိုအတွင်းဝယ် ဦးကျုံပျော်–ဦးရန်ကုန်တို့ နှစ်ပါးသာ ဆည်တော်ကြီး တည်ဆောက်ရေး ဦးဆောင်နေကြရ၏။ ဆည်တော်ကြီး ဆောက်လုပ်ခြင်း၊ ပြီးစီးခြင်း၊ ခိုင်ခံ့ခြင်းကိစ္စများကို ရန်ကုန်က တာဝန်ယူဦးစီး၏။ ငွေကြေးထိန်းသိမ်းခြင်းကိစ္စကို သာစည်မြို့နယ်က တာဝန်ယူ၏။ အထွေထွေကိစ္စများကို ရွှေကျောင်းကုန်း ဝေါ်စရဂါမ်က တာဝန်ယူကြ၏။

ထိုတွင် ရန်ကုန်က ဆိုသော်လည်း ဦးသန်းစိုး၊ ဦးချစ်လှိုင်၊ ဦးထွန်းမြင့်၊ ဦးလှဖေတို့ လေးဦးကသာ ကိုယ်ဖိရင်ဖိလုပ်ကြ၏။ ကျန်သူတို့ကား ငွေထည့် ရေဖြည့်မျှသာဝင်ကြ၏။ ထိုလေးဦးသော်မှ ဦးသန်းစိုးကား ပြည်ပထွက်ခွာသွားသဖြင့် သုံးဦးသာကျန်တော့၏။

ရန်ကုန်မှ ဦးလှကြည် ဆိုက်ရောက်လာ၏။ ရာသီမဟုတ်ဘဲ ခမောက်ဆောင်းမိသောကြောင့် အပူမိလာခဲ့ရ၏။

တစ်ဖန် ရန်ကုန်မှ ဦးဗိုလ်ရောက်လာ၏။ အချိန်မဟုတ်ဘဲ နာရီသံချောင်း ခေါက်ခြင်းကြောင့် နာရီအသိမ်းခံခဲ့ရ၏။

ထိုနောက်၌ကား ရန်ကုန်သားများလည်း မျိုးတုံးသွားပြီး နယ်သားများလည်း နှစ်ဦးသာကျန်တော့သည်။ ဆရာတော်လည်း အဓိဋ္ဌာန်ပြည့်၍ ထွက်လာလေပြီ။ ရှေးသူတော်ကောင်း ရဟန်းတော်များ၏အဖို့ ဓမ္မာနုဂ္ဂဟကား ရဟန်းတို့ တာဝန်၊ ပစ္စယာနုဂ္ဂဟကား ဒကာ၊ဒကာမတို့တာဝန် ဤသို့ပင် သူ့တာ၊ကိုယ့်တာ မခွဲခြားတော့ဘဲ သာသနာ နေတက်၊လတက်ချိန်မျိုး မဟုတ်တော့သောကြောင့် ပလ္လင်ထက်နှင့်နှုတ်ထွက်ရဟန်းဘက်က လက်လှုပ်ကိုယ်လှုပ်၊ ကျန် လူတို့ တာဝန်။ ဤသို့လည်း ဝန်စည်ခြားခြင်းငှာ မတတ်သာပြီ။ ရဟန်းမမြင် သက်န်းမျှကိုသာ မြင်နိုင်ကြသောအကြည့်များကြောင့်ဆရာတော်သည် ကိုယ်တော်တိုင်ကျောက်တုံးသယ်၏။ ကိုယ်တော်တိုင် အချိန်ပြည့်ဆင်းခဲ့၏။

http://www.dhammadownload.com


ဤနည်းဖြင့် ဆရာတော်သည် တစ်နေကုန် တစ်နေခန်း ကြိုးပမ်းခဲ့လေသည်။

ဆရာတော်သည် မိမိသာသနာပြုရာ၌ အစက များပြားသော်လည်း နောက်ပိုင်းကျတော့ လူနည်းလာသဖြင့် ကိုယ်တော်တိုင် အချိန်ပြည့်ကျောက်တုံးများ သယ် စုသည်။ ပြန်လည်စဉ်းစားသည့်အခါ သူတစ်ပါးကို အပြစ်မမြင်ဘဲ မိမိကိုယ်မိမိ ဣန္ဒြေစောင့်စည်းခြင်း၊ စကားပြောလွန်းခြင်း ဟာသနှောခြင်း တို့ကြောင့် ဘုန်းကံနည်းပါးသွားရသည်ဟုပင် ထင်မြင်၍ မိမိကိုယ်မိမိ အပြစ်မြင်ခဲ့လေသည်။ ဤကဲ့သို့ သူတစ်ပါးအပြစ်မမြင် မိမိကိုယ်မိမိ အပြစ်မြင်ခြင်းသည်လည်း သူကောင်းကြီးများ၏ ရှေးဟောင်းစဉ်လာ လက္ခဏာပေတည်း။ထို့ကြောင့်ပင် ဆရာတော်ကား အောက်ပါ စာချိုးလေး ကမ္ပည်းရေးထိုးလိုက်တော့၏။

*မထားဣန္ဒြေအိန်၊ မငြိမ်ဝါစ၊ ဟာသနှောရှက် ဤသုံးချက်ကား ဘုန်းပျက်ကံမှိန် အကြောင်းတည်း။*

ထို့နောက် သာသနာပြုရာ၌ သာသနာပြုခြင်းထက်ပျက်ခြင်းကသာ များလေတော့ စဉ်းစားတွေးတောလေတော့၏။

စစ်တိုက်ရာ၌–

၁။ လူပြည့်စုံခြင်း။

၂။ လက်နက်ပြည့်စုံခြင်း။

၃။ ရိက္ခာပြည့်စုံခြင်း။

ဤသုံးမျိုး ပြည့်စုံမှသာ တိုက်ကွက်ပြည့်မှီ အောင်လံဆီသို့ ရောက်ရာ၏။ ထို့အတူ သာသနာပြုရာ၌လည်း–

၁။ အမိန့်နှားပန် အာဏာမဖီဆန်လေသော သူတော်ကောင်း ပရိသတ် အနီးကပ်ရှိရမည်။

၂။ ထိုပရိသတ်၏ စေတ္တ–အမြဲတို့ သုံးစွဲနိုင်လောက်သောပစ္စည်းလေးပါး လည်းရှိရမည်။

http://www.dhammadownload.com


ထိုအချက်နှင့်ညီမှ ပြည့်စုံမှ တိုက်ကွက်အောင်မြင်ရလေသည်။ သာသနာပြု အောင်မြင်ပေလိမ့်မည်။ မဟာစည်၏ သာသနာပြုအောင်မြင်ခြင်းကား ဤသုံးပါးတို့နှင့် ညီခြင်းကြောင့်ဖြစ်၏။

ငါသည်ကား–

လူကိုသော်လည်းမမွေးတတ်။

လက်နက်ကိုသော်လည်း မပေးတတ်။

ရိက္ခာကိုသော်လည်း ရှာဖွေမကျွေးတတ်။

ထို့ကြောင့် ငါသည် ပရိသတ်နှင့်မထိုက်တန်ပြီ။ ထို့ကြောင့် ငါသည်

- သူတစ်ပါးကို သာသနာမပြုနိုင်သေးခင် မိမိကိုယ်မိမိ အရင်သာသနာပြုသင့်၏။
- သူတစ်ပါးကို တည့်အောင်မပေါင်းနိုင်သေးခင် မိမိကိုယ်မိမိကား သင့်အောင်ပေါင်းနိုင်သင့်ပြီ။

ဤသို့ဆုံးဖြတ်ချက်ချကာ ၁၃၅၃–ခုနှစ် ရွှေကျောင်းကုန်း၌ ဝါမဆိုတော့မည့်အကြောင်း ကြေညာမောင်းခတ်လိုက်လေသည်။

ရန်ကုန် ဒကာရင်းများကိုလည်း နွေဦးကပင် နေရာသစ်ရှာဖွေထားရန် မိန့်ထား၏။

- တစ်ပါးတည်း အားထုတ်ရန် သင့်သောနေရာ၊
- အကြောင်းရှိက ဒကာ၊ ဒကာမများ အလွယ်တကူလာနိုင်သောနေရာ၊
- တောင်တက်တောင်ဆင်း အလျဉ်းကင်းရှင်းသောနေရာ ဟူ၍ သတ်မှတ်ပေးလိုက်၏။

http://www.dhammadownload.com


## ပျဉ်းမနား လက်လုပ်တောင်သို့

ထိုသို့ ကြေညာလိုက်ရာ ရန်ကုန်ဒကာများ တောင်ငူတွင် ကျောင်းရှာမှီး ထားကြ၏။ တပို့တွဲလပြည့်လာကြ ဆုံးဖြတ်ပေးမည်ဟု ချိန်းလိုက်ရ၏။ ထိုအတောအတွင်း တောင်ငူကား မူရင်းမှ ကောင်းနိုးရာရာရွေးရင်း ကျားပါစပ် တွင်း ရောက်လုနီးနီးဖြစ်သွားသဖြင့် တပို့တွဲ၌ မလာနိုင်တော့ချေပြီ။

တစ်ခါ ဌာနေဒကာရင်း ဦးတင်ညွှန့်အား စုံစမ်းခိုင်းရာ ဝမ်းတွင်း မြဒေါင်းသူတောင်၏ သာသနာပြုစခန်းကို တွေ့လာခဲ့၏။ စခန်းပိုင် ဆရာတော် ကိုယ်တိုင် ကြွရောက်၍အပ်နှံ၏။ သို့သော် တစ်ပါးတည်းကား အားထုတ်ခွင့် မရနိုင်။

တစ်ဖန် ပျဉ်းမနားရှိ ဒေါ်ခင်မာကြူနှင့်တပည့်များထံ အဆက်သွယ်ပြုခိုင်း ပြီး သာစည်မှဒေါ်မြင့်မြင့်ကြည်ကိုလွှတ်လိုက်ရ၏။ သို့သော်လည်း တစ်ပါးတည်း နေဖို့ကား မဟုတ်တော့ချေ။

ထိုအချိန် ရန်ကုန်မှ အရင်းအချာ ဒကာများဖြစ်ကြသော ဒေါ်ခင်မူ၊ ဦးအေး၊ ဦးချစ်လှိုင်တို့ ပျဉ်းမနားဆင်းရှာရာ လက်လုပ်တောင်ကိုတွေ့ခဲ့ကြ၏။ ဝမ်းတွင်းနှင့်ပျဉ်းမနား အတွင်း၊အတွင်းချင်း အခင်းပွားလေတော့သည်။

ဆရာတော်ကြွတော်မူရန် ပျဉ်းမနားဒကာများ လျှောက်ထားသဖြင့် ကြွမည်ဟုဆုံးဖြတ်ချက်မချမီအတွင်း အိပ်မက်ထဲ၌– လက်လုပ်တောင်သည် အတွင်းအားကောင်း၏။ အစောင်းမခံ ဆိုလာ၏။ တရားဟောက အတိုက်အခိုက် ရှိကြောင်းနှင့် ပျဉ်းမနားရောက်ပါက သေမည်ဟူ၍လည်း အိပ်မက်ပေး၏။ ကျောင်းဆောက်မည့် ဒကာကပင် နောက်ဆုတ်မည် ဟူ၍လည်း ပါသေး၏။

http://www.dhammadownload.com


သို့သော်လည်း ၁၃၅၂–ခုနှစ် တပေါင်းလပြည့်နေ့တွင် ပျဉ်းမနား လက်လုပ်တောင်ကို ရွေးချယ်ပေးလိုက်၏။ ကျောင်းလှူရန် ကတိခံမောင်နှမ တစ်စုက နောက်ဆုတ်သွားကြ၏။ ဒေါ်ခင်မူ၊ ဦးအေး၊ ဦးပု ရန်ကုန်ဒကာသုံးဦးက ကြားဝင်လျက်က ကျောင်းဆောက်လှူဒါန်းမည် ဖြစ်လာကြ၏။ ကျောင်းစိမံကြ၏။ ဆရာတော်ကား ကဆုန်လပြည့်အတွင်း ပင့်ရမည်ဟု ရက်ချိန်းပေးထား၏။

ထိုပျဉ်းမနားလက်လုပ်တောင် ဒကာတို့အား–

ထိုတောင်မှာနေဆဲ တရားဟောမည်မဟုတ်။ တရားပြမည်မဟုတ်။ အဖူးအတွေ့ခံမည်မဟုတ်။ ထိုတောင်လာသဖြင့် ရနိုင်သောအခွင့်အရေးမှာ ဆွမ်းလောင်းရုံတစ်ခုမျှသာ ဟူ၍ လာရောက်လျှောက်စဉ်ကပင် စကားပလ္လင် ခံပေးလိုက်၏။ ထိုတောင်ကား အကြောင်းရှိသဖြင့် ဆရာတော်အတွက် ရာဂ–မာန–ဒိဋ္ဌိ–ပပဉ္စ မထသောနေရာကောင်းဟူ၍ သုံးသပ်ပြီး ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

၁၃၅၃–ခုနှစ် ကဆုန်လဆန်း(၆)ရက်နေ့တွင် ရွှေကျောင်းကုန်းတောင်မှ ဆင်းခဲ့တော့၏။ လှိုင်းတက်တွင် တစ်နေ့နှင့်တစ်ည တရားဟောပေးတော်မူ၏။ သာစည်တွင် သုံးရက်–သုံးည တရားဟောပေးရလေသည်။ ဆွမ်းခံလည်း ကြွတော်မူလေသည်။ ဆည်တော်မပြီးမီ သီတင်းသုံးနေရသည့် ဦးရန်ကုန်သည် နိဿယမုစ္စက မလွတ်မီ နှစ်စဉ် တပေါင်းလဆန်း(၁၀)ရက်နေ့(တပေါင်းလပြည့်အမှီ) လာရောက်ပင့်ရန် မိန့်ထားတော်မူခဲ့လေသည်။

ပျဉ်းမနားမြို့၏ ရာဟုထောင့်အရပ် (နှစ်မိုင်ခွဲခန့်ရှိ) လက်လုပ်တောင်သို့ ၁၃၅၃–ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့တွင် ရောက်တော်မူ၏။ ရောက်ရောက်ချင်းပင် လက်လုပ်တောင်တွင် ဆွမ်းခံတော်မူလေသည်။ ဆွမ်းခံရာ၌ အတွင်း–အပြင်ရှိ စေတနာရှင်များ အားပါးတရ ဆွမ်းလောင်းကြရတော့၏။ ပေါ်လာနီးဟု မျှော်ကိုးနေကြသည့် ဆွေမျိုးများ အားကြိုးမာန်တက် ဆွမ်းထွက်လောင်းကြ၏။

http://www.dhammadownload.com


# လက်လုပ်တောင်ဟူသည်

လက်လုပ်တောင်သည် တစ်ချိန်က နေ့ချင်းပြီး၊ ညချင်းပြီး တစ်ရက်တည်းဖြင့် လူအများ သည်ဆောင်ဖို့လုပ်ထားသော တောင်ဖြစ်၏။ ယခုလက်လုပ်တောင်၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်က မြေတို့ကို ယူဆောင်ထားခြင်းဖြစ်၏။ ထိုမြေတူးယူရာအရပ်တွင် ကန်ကြီးဖြစ်ကျန်ရစ်ခဲ့၏။လက်လုပ်တောင်ကားတောင်ဖြစ်သွားရ၏။ ထိုကန်နေရာနှင့် လက်လုပ်တောင်ကြားတွင် တောင်သေးလေးရှိ၏။ ထိုတောင်သေးလေးကိုကား လက်ဆက်တောင်ဟူ၍လည်းကောင်း၊ လက်ယိုတောင်ဟူ၍လည်းကောင်း ယနေ့တိုင် ခေါ်ဆိုကြ၏။

ထိုမြေတူးရာ ကန်နေရာတွင် ရွာတည်သောအခါ'ကန်လှ'ဟုအမည်ပေးကြ၏။ ထိုကံလှရွာလေးသည် အိမ်ခြေ(၁၀၀)ခန့်ပင်ရှိ၏။ ယနေ့တိုင် တွေ့မြင်နိုင်လေသည်။

လက်လုပ်တောင်သည် အခြားတောင်တို့နှင့်မတူဘဲ ကွင်းလယ်၊ လယ်ကွက်အလယ်တွင် တောင်ငယ်ကလေးတစ်လုံးတည်းပင် တည်ရှိနေလေ၏။ ပတ်ဝန်းကျင်ကား မြေပြန့်ဖြစ်၏။ တောင်သုံးဆင့်ကဲ့သို့ ဖြစ်၏။ ပထမ ဘုရားတည်ရာအမြင့်ဖြစ်၏။ ဒုတိယ သံဃာတော်များကျောင်းဆောက်ရာ အလယ်အလတ်ဖြစ်၏။ တတိယ ယောဂီဆောင်နေရာဖြစ်၏။ ယောဂီဆောင်နေရာသည် ဘေးနားရှိ မြေပြန့်ထက် သုံးပေခန့်သာမြင့်၏။ ကျောင်းတော်နေရာကား မြေညီထက် ကိုးပေခန့်မြင့်၏။ ဘုရားကုန်းတော်သည်ကား ပေးငါးဆယ်ခန့်မြင့်လေသည်။ လက်လုပ်တောင်သည် အခြားတောင်တို့နှင့် မရောမယှက်ဘဲ သီးခြားရှိလေသည်။

http://www.dhammadownload.com


# လက်လုပ်တောင်သမိုင်းမှတ်တမ်း

လွန်လေပြီးသောကာလ တစ်ချိန်က မဇ္ဈိမပူရပြည်ကို အစိုးရပါသော ဘုရင်ကြီး၏တောင်ညာစံဒေဝီ မိဖုရားတွင် သားတော်သုံးပါး ထွန်းကားခဲ့၏။ သားတော်များ အရွယ်ရောက်လာသောအခါတွင် သားတော်ကြီးနှစ်ပါး ညီတော်နောင်တော်တို့သည် ထီးနန်းစည်းစိမ်ကို စိတ်မဝင်းစားသည့်အပြင် တောထွက်ကြကုန်၏။ ညီနောင်တို့ကား ဝိဇ္ဇာနည်းလမ်း သမထစခန်းကိုသာ စိတ်ဝင်စားကြ၏။ ထို့ကြောင့်ပင် တောထွက်လာခြင်းဖြစ်ကြ၏။

ထိုညီနောင်တို့ တောထွက်လာရာ မြန်မာနိုင်ငံဗဟိုကျရာဖြစ်သော ရက်ဖောက်တောင်တန်းအစ ယခုအခေါ် လွှမ်းတောင်နှင့် လက်လုပ်တောင်ဝန်းကျင် (ယခု ဥပ္ပါတသန္တိစေတီတော်ပတ်ဝန်းကျင်) သို့ ရောက်ကြသောအခါ စိတ်များအလွန်အေးချမ်းကြ၏။ တောင်တို့ကား မကြီးလွန်းချေ။ ရွာများနှင့်လည်း မနီးချေ။ တောတောင်သစ်ပင်တွေ စိမ်းလန်းစိုပြေနေလေသည်။ ထိုဒေသတွင် နေဖို့ရန်ဆုံးဖြတ်ခဲ့ကြလေ၏။

အစ်ကိုကြီးကား တောင်မြင့်ရာ(လွှမ်းတောင်)မှာနေ၊ ညီငယ်က တောင်နိမ့်ရာ(လက်လုပ်တောင်)မှာနေ ဟူ၍ပင် ခွဲဝေနေထိုင်ကြ၏။ လွှမ်းတောင်နှင့်လက်လုပ်တောင်တို့သည် ၄–ဖာလုံခန့်သာဝေးကြ၏။ တစ်တောင်နှင့်တစ်တောင် မီးရောင်ပြလျက်ကနေကြ၏။ အစ်ကိုကြီးကား လွှမ်းတောင်တွင် အားထုတ်လေရာ ပေါက်မြောက်သွားလေ၏။ ညီတော်လည်းပဲ လက်လုပ်တောင်တွင် ပေါက်မြောက်ခဲ့၏။

ညီဖြစ်သူက အခိဋ္ဌာန်ထားသည်မှာ မိမိပါလာသော ရွှေငွေ စသည့် တန်ဖိုးရှိပစ္စည်းများကို နောင်–အရိမေတ္တေယျဘုရားပွင့်တော်မူလျှင် ကျောင်းဆောက်လှူဒါန်းရန်အတွက် ဤလက်လုပ်တောင်အတွင်းမှာ တိုက်ကြီးလေးခုပြုလုပ်၍ မြှုပ်နှံသိမ်းထားကုန်၏။ ထိုတိုက်ကြီးလေးခုတို့ကို စောင့်ရှောက်ရန် ရွှေတုံးကြီးကို နဂါးရုပ်ထုလုပ်၍ မျက်စိကို ပြဒါးရှင်လုံးတပ်ပြီး ဝိဇ္ဇာရုပ်အတတ်ဖြင့် အသက်သွင်းပေးကာ စောင့်ရှောက်စေသည်ဟုဆို၏။

http://www.dhammadownload.com


ဤ၌ စကားချပ်ညှပ်ပေအံ့။ စာရေးသူသည် ၁၃၅၇-ခုနှစ်တွင် လက်လုပ်တောင်တွင် ပထမဆုံးဝါဆို၍ တရားအားထုတ်ခဲ့၏။ တော်သလင်း လကွယ်နေ့ ညတွင် တောင်ပေါ်တက်၍ ဤတောင်၌ အစောင့်မြွေကြီးရှိသည်ဟု ကြားသိရ၏။ အကယ်၍ ရှိပါက အကျွန်ုပ်ကိုပြပါ။ ဘယ်လိုနည်းဖြင့်ပြပြ ကြည့်မည်ဟုဆိုခဲ့၏။ ကျောင်းပေါ်တော့လာမပြချေ။ နံနက်မိုးလင်းရောက်တော့ လက်လုပ်တောင်၏ ရာဟုထောင့်တွင်ရှိသော ရေတွင်းအနီး စပါးတောထဲတွင် ဖြတ်သန်းသွားပြထားသော မြွေသွားထားရာကြီးကား အကျယ် သုံးပေခန့်ပင် ရှိ၏။ နောက်ပြီး ထူးဆန်းတာက လယ်ကွက်တစ်ကွက်ထဲ သွားပြထား၏။ ကျောင်းသို့လာသည့် ဒကာတွေ ဝိုင်းကြည့်ကြ၊ ဓာတ်ပုံမှတ်တမ်းရိုက်ထားကြ၏။ ဒီတော့မှ စာရေးသူလည်းသိရ၏။ အစောင့်မြွေကြီး ရှိမရှိတော့မသိပေမယ့် ဤမျှတော့ တိုက်ဆိုင်ဖူးလေ၏။

မဇ္ဈိမပူရဘုရင်ကြီး နတ်ရွာစံတော်မူသောအခါတွင် မြောက်နန်းစံ မိဖုရားကြီးမှ မွေးထားသော သားတော်ခုနစ်ပါးအနက် အကြီးဆုံး အဘိဓမ္မရာဇာက နန်းမွေ၊ထီးမွေ ဆက်ခံ၏။ ဘုရင်ဖြစ်လာ၏။ ကျန်ရှိသော ညီ ခြောက်ယောက် တို့ကား မြို့စားနယ်စားများပေးခဲ့၏။ တောင်နန်းစံ မိဖုရားကြီးမှမွေးသော အငယ်ဆုံးသားတော်ကိုကား စစ်သူကြီးနေရာထားပြီး အုပ်ချုပ်ခဲ့၏။

အဘိဓမ္မရာဇာမင်းကြီးက ခွဲဝေပြီးအုပ်ချုပ်စေသောမြို့တို့မှာ မဇ္ဈိမပူရမြို့ အာသံမြို့ ကသဲမြို့ စစ်ကိုင်းမြို့ ပင်းယမြို့ အင်းဝမြို့ ကုန်းဘောင်မြို့တို့ဟုဆို၏။ မင်းကြီးကား မဇ္ဈိမပူရဖြစ်၏။ အားလုံးအသီးသီး အုပ်ချုပ်ကြကုန်၏။

အဘိဓမ္မရာဇာမင်းကြီး၏ မိဖုရားကြီးကား **'ကေတုမတီ'**မည်၏။ မင်းကြီးသည် ငယ်စဉ်က တက္ကသိုလ်ပြည် ဒိသာပါမောက္ခကြီးထံ ပညာသင် စဉ်ကပင် ပညာတော်သဖြင့် ဆရာကြီးက သမီးကိုအပ်နှင်းလိုက်ခြင်းဖြစ်၏။ မိဖုရားကြီးသည် သမီးတော် ကလျာဏမိတ္တာ၊ သားတော်ဇေယျပတ္တ မွေးပြီး နောက် သမီးတော်လေးယောက် ထပ်မံမွေးဖွားလာ၏။ အားလုံးပေါင်း သားသမီး ခြောက်ယောက်ဖြစ်၏။

http://www.dhammadownload.com


မိဖုရားကြီး ကေတုမတီကား လောဘကြီးသူဖြစ်၏။သားတော်လေး ဇေယျပတ္တ အရွယ်ရောက်လာသောအခါ သားတော်လေးကို ထီးနန်းတင်လို၏။ သို့သော်လည်းထီးနန်းသြဇာအာဏာသည် စစ်သူကြီး၏လက်ထဲတွင်သာ ရှိနေလေ၏။ ထို့ကြောင့်ပင် မှူးမတ်တို့ကိုခေါ်၍ စစ်သူကြီးကိုဖယ်ရှားကာ သားတော်လေးကို ထီးနန်းအပ်စေဟု ဘုရင်မသိခင် မိဖုရားကအမိန့်ထုတ်လေ၏။ အမိန့်စကားကို မှူးမတ်များက အကောင်အထည်မဖော်သည့်အပြင် စစ်သူကြီးထံ သတင်းရောက်သွားတော့၏။

စစ်သူကြီးသည် အမျက်ထွက်၍ မိဖုရားနန်းတော်ကိုဝိုင်းကာ မရီးတော် ကေတုမတီမိဖုရားကို အပြတ်ရှင်းလိုက်တော့၏။ ထို့နောက် မြို့စား၊ နယ်စားများကိုပင်သိမ်း၍ ကွပ်မျက်ကာ မင်းပြုလေတော့၏။

အဘိဓမ္မရာဇာမင်းကြီးလည်း သားတော်သမီးတော်များကိုခေါ်ဆောင်ကာ အစ်ကိုနှစ်ဦးရှိရာသို့ ရှောင်တိမ်းထွက်လာခဲ့ကြ၏။ မင်းကြီးသည် အစ်ကိုအကြီးရှိရာ လွမ်းတောင်မှာလည်းမနေ၊ အစ်ကိုအလတ်ရှိရာလက်လုပ်တောင်မှာလည်း မနေဘဲ လက်လုပ်တောင်၏ အနောက်တောင်ထောင့် ကုန်းမြေလေးတွင် သစ်ပင်တောပင်များကို ရှင်းလင်း၍ တဲအိမ်ကလေးဆောက် နေကြလေ၏။ သားတော်ဇေယျပတ္တကိုလည်း စစ်ကိုင်းသို့ ပညာသင် လွှတ်လိုက်လေသည်။ ထို့နောက် မင်းကြီး နတ်ရွာစံ ကံတော်ကုန်လေတော့၏။

သမီးတော် ကလျာဏမိတ္တာနှင့် ညီမတော်လေးယောက်တို့သာ ကျန်ရှိကြကုန်၏။ ထိုတူမတော်တို့ကို ဘကြီးတော် ညီနောင်နှစ်ပါးက စောင့်ရှောက်ထားကြ၏။

တစ်နေ့တွင် ဘကြီးတော်တို့ တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တွင် ပုပ္ပါးတောင်ကလာပ်သို့ ဆေးကြိတ်သွားကြမည်။ တူမတော်တို့လည်း သတိဝီရိယဖြင့်နေဖို့မှာကြား၏။ အကယ်၍ အကြောင်းတစ်စုံတစ်ရာရှိပါက ဂုံအင်းပုံများကို ကိုင်ပေါက်လိုက်ပေတော့ ဘကြီးတော်တို့

http://www.dhammadownload.com


ချက်ခြင်း အမြန်ပြန်ရောက်လာမည် ဆိုကာ အင်းပျံများအပ်နှင်း၍ ပုပ္ပါးတောင်ကလာပ်သို့ ခရီးထွက်သွားကြ၏။

ကလျာဏမိတ္တစသော ဘုရင့်သမီးတော်ငါးဦးမှာ နန်းတွင်းသူလေးများဖြစ်သလို နုနယ်လှပ ကျော့ရှင်းကြ၏။ ဆံရှည်ဘီးစပါတ်တွေနဲ့ နတ်သမီးအလားမှတ်ထင်ကြရ၏။ တောသစ်ပင် ပိတ်ဖုံးနေတဲ့ တောအတွင်း ကွင်းထဲက တဲအိမ်ကလေးကလည်း ကြည်နူးစရာဖြစ်လေ၏။

ညီအစ်မတွေ စ,ရင်း၊ နောက်,ရင်း စကားပြောရင်းနှင့် ကြည်နူးနေချိန်မှာတော့ မင်းသမီးများရှိရာ တဲအိမ်ကလေးသို့ သိုက်ဆရာကြီးငါးယောက်ဆိုက်ရောက်လာကြ၏။ ဆရာကြီးကတစ်ယောက် တပည့်လေးယောက် ဖြစ်ကြ၏။ ဒီလောက် လူမနီးသူမနီး တောတောင်ကြီးအတွင်းမှာ ပက်ပင်းတွေ့ရတာဒင်းတို့ကား လူမဟုတ်ရာ 'ဥစ္စာစောင့်'သာ ဖြစ်ချေရာ၏ ဟု အထင်မှားကြ၏။ သိုက်ဆရာများလည်း အလိုရမ္မက်ကြီးကြီးဖြင့် မင်းသမီးလေးတွေကို ဖမ်းဆီးလိုက်ကြ၏။ သူတို့လိုရာကို တောင်းကြတော့၏။

သိုက်ဆရာကြီးများ အလိုရှိတာက လက်လုပ်တောင်မှာရှိသော ရွှေနဂါးရုပ်ကြီး၏ မျက်လုံးနှစ်လုံး ပြဒါးရှင်လုံးဖြစ်ပေသည်။ ဘကြီးတော်တို့ မြှုပ်နှံထားသည်ကိုလည်း ထိုမင်းသမီးလေးများ မသိကြချေ။ ပေးလည်းမပေးနိုင်ကြလေ၊ ဘာတွေတောင်းနေမှန်းပင်မသိကြ။ တောင်း၍မရသောအခါ ဆရာကြီးများကရိုက်ကြ နှက်ကြလေကုန်၏။

ထို့နောက် မင်းသမီးလေးများစံရာ တဲအိမ်ပေါ်သို့ တက်ကြည့်ကြသောအခါ အင်္ဂယငွေများကိုတွေ့ရ၏။ ထိုငွေများကို ရမ္မက်ကမြှောက်၍ပြေးကောက်သည့်အခါတွင် ငွေများ လုံးဝယူလို့မရသည့်အပြင် ငွေများပျံတက်၍လက်လုပ်တောင်သို့ချည်းသာ ကျရောက်လေ၏။

ထိုငွေများပျံတက်သွားသော နေရာဖြစ်သောကြောင့်“ငွေပျံကုန်း ”ဟုခေါ်၏။ ထိုနေရာအနီးတွင် မင်းတုန်းမင်းကြီးက ငွေလှုံ့စိုက်ပြီး အင်္ဂလန်ကို အောင်ဆာတ်

ဆင်ပြန်ရာ''ငွေလှံကုန်း''အမည်တွင်လာပြန်၏။ တစ်ဖန် လူကြီးများက တို့ရွာ ငွေကိုလှန်တာမဟုတ်ဘူး။ ငွေလျှံတာ၊ ပြည့်လျှံတာဟုဆိုကာ ''ငွေလျှံကုန်း''ဟု ကင်ပွန်းတပ်လိုက်ကြ၏။ ထိုငွေလျှံကုန်းရွာကလေးသည် အိမ်ခြေ(၂၇)အိမ် သာရှိပြီး ယခုအခါ ရာဇဌာနီ လမ်းမကြီး၏တောင်ဘက် လက်လုပ်တောင်၏ ထောင့်တွင် ယနေ့တိုင် တည်ရှိနေလေသည်။

ငွေတို့သည် လက်လုပ်တောင်သို့ချည်းသာ ပျံထွက်သွားတာကို မြင်ကြသော သိုက်ဆရာကြီးတို့သည် လက်လုပ်တောင်ရှိ ရွှေနဂါးမျက်စိ ပြဒါးရှင်လုံးတို့ကို အလိုရှိရာ ကေန်ပင် ဒီမိန်းမကလေးတွေ ယူပေးနိုင်လိမ့်မည်ဟု ထင်မြင်ကာ မင်းသမီးကလေးများကို လက်ပြန်ကြိုး တုတ်နှောင်ကာ လက်လုပ်တောင်သို့ ခေါ်သွားကြကုန်၏။ တောင်ပေါ်သို့ ရောက်သည့်အခါ ရက်စက်စွာ နှိပ်စက်၍ ပြဒါးရှင်လုံးတို့ကို တောင်းကြပြန်၏။ မပေးမချင်းပင် လည်မျိုကို ဝါးနှစ်လုံးဖြင့် ညှပ်၍ မရမက တောင်းနေကြပြန်၏။

သမီးတော်ကြီး ကလျာဏမိတ္တာသည် မိမိနှင့်တကွ ညီမတော်တို့ကို နှိပ်စက်ခံနေရတာ နာကြီးလှသဖြင့် လွတ်ရာလွတ်ကြောင်း အကြောင်းရှာပြ ရတော့၏။

''ဆရာကြီးတို့–သည်းခံတော်မူပါ။ သနားတော်မူပါ။ဟိုအရှေ့တောင်တွင် ဘကြီးတော်တစ်ပါး ရှိပါသေးသည်၊ ထိုဘကြီးတော်ကား သင်တို့တောင်းနေသော ပြဒါးရှင်လုံးတို့ကို ယူပေးနိုင်ကောင်းပါလိမ့်မည်''ဟုသက်သာလာအောင် ပြောရှာလေ၏။

ဆရာကြီးများက ဖြစ်တန်ကောင်းရဲ့ ဟုယုံကြည်၍ ကလျာဏမိတ္တာ အစ်မကြီးကိုကား လွှတ်ပေးကာ အခေါ်ခိုင်းလိုက်၏။ သို့သော် သမီးကြီး ကလျာဏမိတ္တာသည် ထိုအရှေ့တောင်သို့ရောက်လျှင် ဘကြီးတော်ကိုလည်း ရှာမတွေ့။ ပြန်လာဖို့ကလည်း ကြောက်လန့်နေ။ရိုက်ထားတဲ့ ဒဏ်ရာဒဏ်ချက် တွေနဲ့ ညီမများကိုလွမ်း၊ မောင်တော်ဇေယျပတ္တကိုလည်းလွမ်းပြီး သေလေ သောကြောင့် ထိုတောင်ကို ''လွမ်းတောင်''ဟု ယခုတိုင်အမည်တွင်နေလေသည်။

http://www.dhammadownload.com


သမီးတော်ကြီး ကလျာဏမိတ္တ သေလွန်၍ ပြန်မလာသောအခါတွင် ဆရာကြီးများက ညီမလေးယောက်တို့ကို ပြဒါးရှင်လုံးတောင်းရင်း မပေးမချင်း၊ မသေမချင်း ညှင်းပန်းနှိပ်စက်၍ သတ်ကြ၏။

ထိုညီမတော်လေးယောက်တို့ သေကြသောအခါ ဘကြီးတော် ဝိဇ္ဇာညီနောင်တို့ ပေးထားခဲ့သော အင်းပုံ့သည် ပုံ့ထွက်၍ ပုပ္ပါးတောင်ကလာပ်တော်သို့ကျလေ၏။ ဘကြီးတော်တို့ညီနောင်သည် တူမတော် မင်းသမီးများ သေဆုံးဒုက္ခရောက်ကြောင်းသိရပြီး အခြေအနေကိုသိဖို့ အင်းပုံ့များကို ကိုင်ပေါက်လိုက်လေရာ သိုက်ဆရာငါးယောက်လုံးလည်း ပွဲချင်းပြီးသေဆုံးကြကုန်၏ ဟုဆို၏။ ထိုခဏ၌ပင် ဘကြီးတော်ညီနောင်တို့လည်း လက်လုပ်တောင်သို့ ချက်ချင်း ရောက်လာကြကုန်၏။ ဘကြီးတော်တို့သည် သူတို့၏အတတ်ပညာဖြင့် 'ရှေ့မှောက်သို့ရောက်စေ' ဟုအမိန့်ပေးလိုက်ရာ– သိုက်ဆရာငါးယောက်နှင့်တူမတော်လေးယောက်တို့ မကျွတ်မလွတ်ဘဝဖြင့် ရောက်လာကြကုန်၏။ အားလုံးဦးတိုက်ကြလေ၏။ အကြောင်းစုံကိုလည်း သိရချေပြီ။

ထိုအခါ ဘကြီးတော်ညီနောင်တို့က သူတို့အဓိဋ္ဌာန်ပြု၍ အရိမတ္တေယျဘုရားပွင့်လျှင် ကျောင်းဆောက်လှူဒါန်းရန်၊ ရွှေတိုက်၊ ငွေတိုက်၊ ကျောက်သံပတ္တမြားတိုက်၊ ပြဒါးတိုက်ဟူသော တိုက်ကြီးလေးတိုက်ရှိကြောင်း၊ ရွှေနဂါးတွင် ပြဒါးရှင်လုံးရှိကြောင်းများရှင်းပြပြီး တူမကြီးလေးယောက်က တိုက်ကြီးလေးတိုက် စောင့်ရှောက်ကြစေ၊ သိုက်ဆရာတပည့်လေးယောက်က တောင်၏ အရပ်လေးမျက်နှာတွင်စောင့်ကြစေ၊ သိုက်ဆရာကြီးက တောင်တစ်ခုလုံးကို တောင်ပိုင်အဖြစ်အုပ်ချုပ်စေ ဟုဆိုရာ အားလုံးက သဘောတူခဲ့ကြ၏။

ထိုအချိန်တွင် စစ်ကိုင်းတွင် ပညာသင်နေသော အကိုဖြစ်သူ ဇေယျပတ္တမင်းသားသည် ပညာတတ်ခဲ့ပြီ။ ဘုမ္မိယပညာတွင်လည်း ပါရဂူမြောက်တတ်ခဲ့ပြီး ခမည်းတော်၊ ဘကြီးတော်၊ နှမတော်၊ အမတော်များရှိရာသို့ ပြန်လာခဲ့၏။ ပြန်ရောက်သည့်အခါတွင် ခမည်းတော်၊ အမတော်တို့ကို မတွေ့ရတော့ဘဲ လက်လုပ်တောင်တွင် ပက်စက်စွာ သေနေကြသည်ကို သူ့ပညာဖြင့်တွေ့မြင်၏။

http://www.dhammadownload.com


အကြောင်းစုံတို့ကို သိရသောအခါ သံဝေဂတရား ရလေ၏။

ဤကျောင်းရှိ နှမတော်များ၊ သိုက်ဆရာများတို့ကို ဘယ်သူမှ မနှိပ်စက်နိုင်စေရန်အတွက် ဆေးကြိမ်လုံးနှင့်တကွ အင်းအိုင်လက်ဖွဲ့များကိုပေးကာ စီမံခဲ့လေသည်။ ပြီးတော့ ဇေယျပတ္တမင်းသားက ငါသည် စစ်ကိုင်းတောင်သွား၍ ရဟန်းပြုတော့မည်၊ တရားအားထုတ်တော့မည်ဟုဆို၏။

ထိုအခါ နှမတော်များက ဤလက်လုပ်တောင်မှာ သာသနာပြုပါရန် လျှောက်ထားကြ၏။ ထိုအခါ မင်းသားက 'နှမတော်များ ငါသည် စစ်ကိုင်းတောင်မှာသွား၍ ရဟန်းပြုအံ့၊ ကျင့်ကြံပွားများအံ့၊ ယခုအချိန်တွင် သာသနာပြုချိန် မဟုတ်သေး၊ ငါလည်းကျင့်ရအုံးမည်။ နောင် သာသနာတော်နှစ် တဝက်ကျော်သော အခါမှသာလျှင် ဤလက်လုပ်တောင်၏ အရှေ့မြောက်အရပ်မှ ရဟန်းဘဝဖြင့် ကြွလာမည်။ အရှေ့မြောက်တောင်ပေါ်သို့ လာရောက်ပင့်ပေလော့။ ငါသည်ကား စကြာယာဉ်စီးပြီး ကြွလာမည်။ ငါသည် ပစ္စယံသုံးထပ်ကာရံ၍ သာသနာပြုမည်။ သာသနာထွန်းလင်းတောက်ပစေရမည်' ဟုပြောဆိုကာ ဇေယျပတ္တမင်းသားသည် စစ်ကိုင်းသို့ ပြန်ကြွသွားတော်မူ၏။

ထို့အပြင် သမိုင်းမှတ်ချက်ပေးထားသည်မှာ–

*ဇေယျပတ္တမင်းသားသည် လက်လုပ်တောင်သို့ ရဟန်းဘဝဖြင့် ကြွမည်။ အရှေ့မြောက်တောင်ပေါ်သို့ သွားရောက်ပင့်ရမည်။ ကြွလာသည့်နေ့တွင် စကြာယာဉ်စီးလာသဖြင့် မြေသို့ ခြေမချပါချေ။ လက်လုပ်တောင်တွင် အရင်ဆုံး ဆွမ်းခံလိမ့်မည်။ နှမတော်များ ဆွမ်းထွက်လောင်းကြလိမ့်မည်။ ပြီးမှ ကျေးလက်တောရွာသို့ ဆွမ်းခံလှည့်လည်လိမ့်မည်။ ဇေယျပတ္တမင်းသားသည်လက်လုပ်တောင်သို့ ကြွသည့်အခါတွင် ရဟန်းဘဝ ထူးချွန်သော အရိယာအစစ်ဖြစ်လိမ့်မည် ဟု သိုက်သမိုင်း ရာဇဝင်များက ဆိုထားကြ၏။*

http://www.dhammadownload.com



၎င်းသမိုင်းကိုရေးမှတ်ထားသူက လက်လုပ်တောင်၏ တောင်ဘက် တစ်မိုင်ခန့်ရှိ သပြေတန်းရွာသား ဦးအောင်ကြည်ဖြစ်၏။ ဦးအောင်ကြည်သည် (၁၄)နှစ်သားဘဝက လက်လုပ်တောင်ကို သိုက်သုံးခါတူးရာတွင်ပါဝင်ခဲ့သော ဦးလူတုတ်၊ ဦးထွန်းဦး(သပြေတန်းရွာ)တို့က စာရေးအကူးနိုင်းထားသဖြင့် မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့ရ၏။

## ဦးလူတုတ်နှင့်ဦးထွန်းဦး သိုက်တူးခြင်း

သပြေတန်းရွာတည်ပြီးစ- ဦးလူတုတ်နှင့် ဦးထွန်းဦးတို့လည်း သပြေတန်းရွာတွင်နေကြ၏။ သိဒ္ဓိ၊ မဟိဒ္ဓိသိုက် စသည်များကိုလည်း ဝါသနာ ပါကြ၏။

တစ်နေ့တွင် သိုက်ဆရာကြီးတစ်ယောက် သပြေတန်းသို့ ရောက်လာ ပြီး လက်လုပ်တောင်သို့ ပို့ပေးရန်ပြော၏။ တောင်ပေါ်သို့ ဦးလူတုတ်၊ ဦးထွန်းဦးတို့ လိုက်ပို့ကြ၏။ တောင်ပေါ်သို့ရောက်သည်နှင့် သိုက်ဆရာကြီးက ဆေးကြိမ်လုံး ဖြင့်ရိုက်လိုက်သည့်အခါ တောင်ကြီးပျောက်ကာ တိုက်ကြီးများပေါ်လာ၏ ဟု ဆို၏။ ထိုအခါ တိုက်တံခါးများ အလိုလိုပွင့်သဖြင့် အတွင်းသို့ဝင်ခဲ့ရာ အလယ်တွင် ဆရာကြီးတစ်ယောက်ကိုတွေ့ရကာ ဆရာကြီးကတရားဟော ကောင်းသဖြင့် သိုက်ဆရာသည် ပါလာသောဆေးကြိမ်လုံးနှင့်တကွ အင်းအိုင်လက်ဖွဲ့ စသည်များ ကို လှူဒါန်းတော့၏။ ဦးလူတုတ်နှင့်ဦးထွန်းဦးတို့မှာ လှူစရာမရှိလို့ အကျႌများ ချွတ်လှူခဲ့ရဖူးသည်ဟုဆို၏။

ထို့နောက် သိုက်ဆရာကြီးနှစ်ယောက် ရောက်လာပြန်သည်။ ရှေ့နည်း တူစွာ ဦးလူတုတ်၊ ဦးထွန်းဦးတို့နှင့်တွေ့ကာ လက်လုပ်တောင် သို့ရောက်သွား၏။ သိုက်ဆရာက ဆေးကြိမ်လုံးဖြင့် ရိုက်လိုက်ရာ တောင်ကြီးပျောက်ပြီး တိုက်ကြီး များ ပေါ်လာသည်ဟုဆို၏။ တိုက်တံခါးလည်းပွင့်လာ၏။ အားလုံးဝင်သွားကြ၏။

http://www.dhammadownload.com


အလယ်ခန်းမဆောင် အရောက်တွင် အိုးစည်တစ်လုံးကိုတွေ့ ကြ၏။ ထိုအိုးစည်ကို သိုက်ဆရာ၏တပည့်က မတီးဖို့ပြောထားသည့်ကြားမှ ဆရာ၏အလစ်တွင် တီးလိုက်မိရာ မြေပြင်အားလုံး ရေပြင်ဖြစ်သွား၏။ အားလုံးဟာ မြေပြင်ကို ရေပြင်ထင်မှတ်၍ ရေကူးကြရ၏။ ဝါးခုတ်သမားများနှင့်တွေ့ရာ–"ခင်ဗျားတို့ ဘာဖြစ်လို့ မြေပြင်မှာ ဝမ်းလျားမှောက်သွားနေရတာလဲ" ဟုမေးမှ သတိရကာ အသက်ချမ်းသာရာ ရခဲ့ဖူးလေသည်။

ထို့နောက်တစ်ဖန် ကိုရင်လေးတစ်ပါးရောက်လာပြန်၏။ ဦးလူတုတ်၊ ဦးထွန်းဦးတို့နှင့်တွေ့ပြန်ပြီး လက်လုပ်တောင်သို့သွားကြ၏။ကောက်ညှင်းစပါး ပေါက်ပေါက်များလည်း ယူသွားကြရ၏။ ထိုပေါက်ပေါက်များကို ကိုရင်လေးက မန်းပြီး တောင်ကိုပေါက်လိုက်ရာ တောင်ကြီးပျောက်၊ တိုက်ကြီးတွေ ပေါ်ပေါက်လာတော့၏။ တံခါးပွင့်လာသဖြင့် အထဲသို့ဝင်လေရာ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားများ တွေ့ရ၏။

ကိုရင်လေးက ဒကာကြီးတို့ ဤပစ္စည်းတွေက အရိမတ္တေယျဘုရား ပွင့်လျှင် ကျောင်းဆောက်လှူဖို့ဖြစ်တယ်၊ မယူကောင်းဘူး။ နောက်တစ်ခန်း ပြောင်းသွား၍ ငွေတွေအများကြီး တွေ့လေရာကိုရင်လေးက "ဒကာကြီးတို့.. သိုက်တူးတယ်ဆိုတာ လောဘမကြီးရဘူး၊ လောဘကြီးရင်ရှုံးတာပါပဲ တစ်ယောက်ကို ငွေသုံးရာစီယူကြ" ဟုပြော၏။ ကိုရင်လေးသည် ရွှေနဂါးရုပ်ကြီး၏ လက်ဝဲဘက် မျက်လုံးကို လက်တစ်ဖက်ကခံ၊ လက်တဖက်ကသတ်ချလိုက်ရာ လက်ထဲကို ပြဒါးရှင်လုံးလည်းရောက်သွားရော ကိုရင်လေးလည်း ပျောက်သွားလေ၏။ ထိုအချိန်မှစ၍ လက်လုပ်တောင်ရှိ ရွှေနဂါးကြီး လက်ယာဘက်မျက်လုံးသာ ရှိတော့လေသည် ဆို၏။

ထိုသိုက်သမိုင်းမှတ်တမ်းကို သိုက်သုံးခါတူးဖူးသော ဦးလူတုတ်၊ ဦးထွန်းဦးတို့က ရေးမှတ်ခိုင်းသဖြင့် (၁၄)နှစ်သားမျှရှိသော မောင်အောင်ကြည် (သပြေတန်း)က နှစ်ပေါင်း(၅၀)နီးပါး သိမ်းဆည်းထားခဲ့ရ၏။

ဦးအောင်ကြည်သည် ယင်ယင်တည်းက ဘကြီးဦးလူတုတ်၊ဦးထွန်းဦးတို့

http://www.dhammadownload.com


ရေးမှတ်ခိုင်းထားသည်များကို မှတ်တမ်းယူထားခဲ့လေသည်။

သူငယ်စဉ်ဘဝကပင် လက်လုပ်တောင်သို့ ကြွရောက်လာကြသည့် ရဟန်းတော်များကို ဤသမိုင်းမှတ်ချက်ဖြင့် တွက်စစ်နေခဲ့၏။ တော်ကြာ ကြွလာပြန်ပြီတစ်ပါး၊ အသံကြားရုံရှိသေး ပြန်ကြွသွားပြီ။ နောက်လာပြန်ပြီ ရသေ့တစ်ပါး။ မကြာမီပင် ကြွသွားပြန်ပြီတဲ့။ ဤလိုနဲ့ပင် ရဟန်းတော်များ လက်လုပ်တောင်မှာ မြဲတယ်ရယ်လို့ မရှိခဲ့ဘူးတဲ့။

စာရေးသူကို ဦးအောင်ကြည်လျှောက်ထားချက်အရ ကြွလာတဲ့ ရဟန်း (၁၅)ပါးမက ရှိသွားပြီတဲ့။ ကြွတော်မူလာတဲ့ ရဟန်းတော်တိုင်းကိုလည်း ဦးအောင်ကြည်က သူ့သိုက်သမိုင်းစာနဲ့ပင် တိုင်းထွာကြည့်နေမိ၏။ ဘယ်ရဟန်းပဲကြွကြွ သမိုင်းအရနဲ့ သူတိုက်ကြည့်နေဆဲပင်။

၁၃၂၆–ခုနှစ်က ဆရာတော်ဦးမာလာ ကြွလာတော်မူသည်။ ဦးမာလာ ကြွလာကတည်းက သူ့သမိုင်းဖြင့်တိုက်ကြည့်– မကိုက်မိချေ။ ဆရာတော် ဦးမာလာသည် ၁၃၂၇–ခုနှစ်တွင် လက်လုပ်တောင်၏တောင်ဘက် ငွေလျှံကုန်းရွာသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ၏။

ဆရာတော်ဦးမာလာကိုယ်တော်တိုင် ပြောတာက သူနေတဲ့ကျောင်းကို ကျွဲလောက်ရှိတဲ့ အကောင်မဲကြီးလေးကောင်က တိုင်ကို ခေါင်းနဲ့ ပြေးပြေးတိုက်နေတယ်။ တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ်၊ ညတိုင်းဆိုတော့ တို့လည်း မနေစေချင်လို့တိုက်တာပဲဆိုပြီး ပြောင်းခဲ့ရတယ် ဟုပြော၏။

## ဦးအောင်ကြည် အောင်ပြီတဲ့

သာစည်–ရွှေကျောင်းကုန်းတောင်မှ ဆရာတော်တစ်ပါးလက်လုပ်တောင်သို့ ကြွလာမည်။ ကျောင်းလည်းဆောက်နေပြီဟု သတင်းကြားရသည့်အခါ ဦးအောင်ကြည်က ဟုတ်–မဟုတ်လေ့လာ၏။ ဟုတ်တယ်ပဲ။ ကြွလာမှာမို့လို့ ကျောင်းဆောက်နေတာဟု ရွာထဲကလူတွေကလဲပြောကြ၏။ ဆရာတော်ဟာ

http://www.dhammadownload.com


မြန်မာပြည်အရပ်ရပ်တွင် တောရဆောက်တည်နေတယ်။ ဓူတင်လည်းကျင့်၊ ဝိပဿနာလည်းကျင့်သည် စသည်ဖြင့် တဆင့်စကားကြားနေရ၏။ ဦးအောင်ကြည်ကား သိုက်သမိုင်းထဲက မင်းသားရဟန်း ဖြစ်နေမလားဟု တွေးနေမိတော့၏။

'ဆရာတော်ကြွလာတော့မည်၊ ပျဉ်းမနားမြို့ရောက်လျှင် မြို့နယ်ဆရာတော်ကြီးများကို ကန်တော့မည်။ ဆွမ်းစားပြီးမှ လက်လုပ်တောင်ကြွမည်' စသည်ဖြင့် ကြားလိုက်ရသောအခါ ဤဆရာတော်လည်းသမိုင်းထဲကဆရာတော် မဟုတ်သေးဘူး။ သမိုင်းထဲမှ ရဟန်းက–ကျောင်းသို့အရင်ကြွမည်၊ ဆွမ်းခံမည် ဆိုသောကြောင့် ဖြစ်၏။

ဤသတင်းကြားကတည်းက ဦးအောင်ကြည်သည် မမေးတော့ဘူး၊ ရှေးကကြွလာတဲ့ဆရာတော်တွေလိုပါပဲ ကြာလှတစ်လပေါ့ဟု တွေးကာ ဖာသိဖာသာ နေလေ၏။

နောက်မကြာမီ သတင်းတစ်ခုကြားလာပြန်၏။

'၁၃၅၃–ခုနှစ်၊ကဆုန် လဆန်း(၁၀)ရက်နေ့ ဆရာတော်ကြွလာမည်။ လက်လုပ်တောင်ကို အရင်ကြွမည်။ နောက်ရက်ကျမှ မြို့ပေါ်ကဆရာတော်များကို ကန်တော့မည်တဲ့။ လက်လုပ်တောင်ပေါ်ကြွဖို့ အရှေ့မြောက်အရပ်ကတက်မည်။ တောင်ပေါ်ရောက်လျှင် ဆွမ်းခံကြွမည်' စသည်ဖြင့် ကြားရသောအခါ ဦးအောင်ကြည် ခေါင်းကြီးသွား၏။ ဟင်.. ဟင်..နဲ့ အံ့သြသွားလေ၏။

ဦးအောင်ကြည်သည် သူ့သိုက်သမိုင်းစာအုပ်လေးကို ပြန်ဖတ်ကြည့်၏။ ဟင်..တော်တော်တူပါလား။ ဒီစာကလည်း ငါတစ်ယောက်တည်းသိတာ ဘယ်လူများ သွားလျှောက်ထားတယ်မသိဘူး။ ငါ– အကောင်းဆုံးတော့ ကုသိုလ်ယူမှပဲ ဟူသောအတွေးဖြင့် 'ဇီးပင်အောက်မှာ ဇီးထင်း၊ ဇီးယောက်မဖြင့် ဆွမ်းချက်ပြီး လောင်းမည်' ဟုဆုံးဖြတ်ချက်ချကာ စီစဉ်လေ၏။

စီစဉ်နေသည့်ကြားကပင် 'ဒီလို အရှေ့မြောက်အရပ်ကကို တောင်သို့ဝင်မည်၊ဆွမ်းခံမည်။ နောက်ရက်မှမြို့တက်မည်လို့ အစီအစဉ်ပြောင်းသွားရတာ

ဘယ်သူ့လက်ချက်တွေလဲ၊ မင်းသမီးလေးတွေ သွားပြီးပင့်ပြီနဲ့ထင်တယ်'

'နောက်ပြီးတော့ ကြို့ပင်သာက ကိုသန်းအောင်သမီးငယ်ငယ်လေး ကလည်း ကျန်ခဲ့တဲ့တစ်လကျော်က ဟိုထန်းပင်အဖျားမှာ ဘုန်းကြီးတစ်ပါး ကြွလာတယ်လို့ အော်ဟစ်သေးတယ်။ ဒီ ကောလာဟလကလည်း လူတိုင်းသိနေ ပြီ။ ပြီးတော့တစ်ခါမှ မကြွရောက်ဖူးသေးတဲ့ ဆရာတော်က–ကျောင်းဆောက်ရင် ဗောဓိပင်ကို ခေါင်းထားဆောက်ဟု မိန့်သံကြား၏။ ထူးတော့ ထူးတဲ့ရဟန်းပဲ။ အေးလေ– ကြည့်ရသေးတာပေါ့'။

ကဆုန်လဆန်း(၁၀)ရက်နေ့ ရောက်ပြီဖြစ်သဖြင့် ဦးအောင်ကြည် စောစောကပင် လက်လုပ်တောင်သို့ရောက်နေ၏။ ဆွမ်းချက်ဖို့ ဇီးပင်အောက်မှာ ပြင်ဆင်နေ၏။ လူတွေလည်း တောင်ပေါ်ရောက်လာကြတာ မနဲပါလား။ ဘယ်သူကများ ဖိတ်လို့လာကြတယ်မသိဘူး။ အများကြီးပဲ။ တစ်ချို့ကလည်း ဦးအောင်ကြည်ကိုမေးကြ၏။ ''ဘာလုပ်တာလဲ''တဲ့။ ''ငါလဲ ငါ့အမိဌာန်နဲ့ငါ ဆွမ်းလောင်းကုသိုလ်ယူမလို့ပေါ့'' ဟူ၍သာ ဖြေခဲ့၏။

ဆရာတော်ကြွလာဖို့ အချိန်နီးလာလေလေ ဆွမ်းလောင်းမယ့်လူတန်း ကြီးကလည်း ရှည်လာလေလေဖြစ်၏။ လက်လုပ်တောင်၏ အရှေ့မြောက်အရပ်မှ ဆရာတော်သီတင်းသုံးမည့် ဗောဓိမဏ္ဍိုင်ကျောင်းသို့ တန်းစီနေကြ၏။

ဒီလူတန်းကြီးထဲမှာ တစ်ခါမှ မမြင်ဘူးတဲ့ လူတွေကလည်း များလှ၏။ ဦးအောင်ကြည်၏အထင်ကတော့ 'ဇေယျပဏ္ဍိတမင်းသား ရဟန်းဘဝဖြင့် ပြန်ကြွ လာရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် သူ့နှမမင်းသမီးတွေ ဆွမ်းထွက်လောင်းမှာပဲ' ဟု တွေးကာ လူတွေရဲ့မျက်နှာတွေကို လိုက်ကြည့်၏။ 'အကယ်၍ မင်းသမီးတွေ ထွက်ပြီးဆွမ်းလောင်းပါက လူရိပ်ထင်မှာမဟုတ်ဘူး'ဟုတွေးကာ အရိပ်နဲ့လူ ဟတ်ကြည့်နေမိ၏။

နံနက်(၁၀)နာရီခန့်တွင် ဆရာတော်ကြွလာတော်မူလေပြီ။ အရှေ့မြောက် အရပ်က ကားဖြင့်ကြွလာ၏။ ပရိသတ်တွေလည်း သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းလောင်းလှူနေကြ၏။ ဦးအောင်ကြည်လည်း ဆွမ်းလောင်းလှူ၏။ ပရိသတ်

http://www.dhammadownload.com


နောက်ဆုံးနားတွင်ကား အမျိုးသမီးလေးများ သစ်သီးဆွမ်းများ လောင်းလှူနေကြ၏။ ဆရာတော်သည် ဒကာ၊ဒကာမတို့အား မေတ္တာပို့လွှတ်ရင်း ဆွမ်းခံကြွလာရာ ဆွမ်းဇလုံကြီး (၁၁)လုံးရလေသည်။ ဘယ်သူဝင်လောင်းသလဲ အကဲမခတ်နိုင်တော့ပြီ။ ဆရာတော်ဖူးမြော်နေရတာပင် ဖူးမဝ ဦးချနေကြလေ၏။

ဆရာတော်သည် တစ်ချိန်က ဇေယျပဏ္ဍမင်းသားဖြစ်ခဲ့ပြီး ပြန်ကြွလာသည် ဟုတ်–မဟုတ်ကတော့မသိချေ။ သို့သော်လည်း ဦးအောင်ကြည် နှစ်ပေါင်းငါးဆယ်ကျော် ရေးမှတ်ထားခဲ့တဲ့ သမိုင်းထဲက ပြန်ကြွလာခြင်းမျိုး မှတ်ချက်နဲ့တော့ ညီနေလေ၏။

–အရှေ့မြောက်အရပ်တောင်မှ ကြွလာတော်မူခြင်း။

–စကြာယာဉ်စီးလာမည်ဆိုရာ–ကားယာဉ်ဖြင့်ကြွလာခြင်း။

–တောင်ပေါ်ရောက်မှ ဆွမ်းခံခြင်း။ တို့ကား ကိုက်ညီချေတော့၏။

## ဘာသေမှာလည်း သေရှာ ဒေသနာထား၍လိုက်မည်

ဆရာတော်သည် ပျဉ်းမနားလက်လုပ်တောင်သို့ ကြွရောက်လာခဲ့ပေသည်။ ကြွမလာခင်က 'ပျဉ်းမနားရောက်လျှင် မင်းသေမှာပဲ' ဟူသော အိပ်မက်စကားကို နား၌စွဲကျန်ရစ်နေခဲ့၏။ ရဟန်းတစ်ပါး ကမ္မဋ္ဌာန်းပွား နေတာဖြစ်တော့ သေခြင်းတရားဆိုတာ နေ့တိုင်းပွားနေတာပဲ၊ သေမှာမကြောက်ပေမယ့် ဒေသနာနှင့် မွေနောက်ကြည့်မိလေတော့၏။ ဆရာတော်စဉ်းစားသည်ကား ငါ့၌ သေစရာ သုံးမျိုးသုံးစားသာ ရှိချေရာ၏။

- ငါ့ခန္ဓာရှိ အသက်ကုန်ဆုံးသွားခြင်းတည်းဟူသော ဇီဝမရဏ၊
- ငါ့ခန္ဓာမှ ကိလေသာကုန်ဆုံးသွားခြင်းတည်းဟူသော ကိလေသာမရဏ၊
- ငါ့စိတ်ရှိ အကျင့်ပျက် ဆုံးသွားခြင်းတည်းဟူသော စရဏမရဏ၊

ထိုသုံးမျိုးသုံးထွေ မည်သည့်သေခြင်းမျိုးတို့ဖြင့်သေသေ ငါ ရှာဖွေထားရှိခဲ့သမျှသော တရားအမွေကိုကား ငါနှင့်ဆက်စပ်သော ဝေနေယျတို့အား

http://www.dhammadownload.com


ပေးဖြစ်အောင် ပေးသွားမည်။ ငါရေးဖြစ်အောင် ရေးသွားမည်ဟု ယတိပြတ် ဆုံးဖြတ်ခဲ့လေသည်။

လာခဲ့ပစေ–မွေချင်ရာကမွေ၊ သေချင်ရာကသေ ငါကား အနေသာ ချည်းတည်း။

ဤသို့ပင် 'မင်းသေမှာပဲ' ဆိုတဲ့ စကားလုံး ကြုံးဝါး၍ ငါဆိုလပြည့် နေ့မှစ၍ ဝိပဿနာနှင့်စပ်ဆိုင်ရာ ဘာသာစကားတို့ကို ဖုံးကပ်မထား ဘွားဘွား ကြီးပေါ်အောင် ရေးသားတော့၏။

မိမိခန္ဓာမှပြသော သူ့သဘာဝသူ့အလေ့ကျ သဘောများကို တစ်ခဏချင်း ထိုးထွင်း ရိပ်မိလာစေရမည်။

♦ စကားနှင့်တခြား စာထားထဲမှ စာသားမျှသာကို မိမိခန္ဓာကြားမှပင် ဘွားခနဲပေါ်လွင်အောင် သိတတ်လာစေရမည်။

♦ မလိုချင်မှုရ မကြည့်တော့မှပြ၊ အမှတ်ရနေရုံလေးဖြင့် သူ့အရေး သူဖော်လာအောင် ကြည့်တတ်လာစေရမည်။ တို့ကို ရည်ရွယ်၍ –

အစတွင် ''ပဋိဘာန ပဋိသမ္ဘိဒါပတ္တ ကထာ''ဟူ၍ ကျမ်းစာအမည် တပ်ခဲ့သေး၏။ သို့သော်လည်း ကြီးကျယ်လွန်းလှသည်ထင်၍ ကျမ်းစာအမည်ကို ''ပဋိဘာန ဉာဏဒဿန ကထာ''ဟူ၍ အမည်ပြောင်းခဲ့လေသည်။

''ပဋိဘာန ဉာဏဒဿန ကထာ''ကျမ်းစာသည် ခန္ဓာအရှိကို တင်းတင်းနှင့် ပြင်းပြင်းကြည့်ရာမှ ပေါ်ထွက်လာသော ပြချက်များကို ချက်ချင်း ရိပ်မိ ဉာဏ်အသိအမြင် သန်စေခြင်းကို အားပေးစေရမည်။ ကိုယ်တွေ့ ဖြင့် ရင်းပြီးသော် တင်းတင်းတွေး၍ တင်းတင်းပင် ခဏချင်း ပြောတတ်၊ တွေးတတ်၊ အဖြေပေးတတ်စေရမည်။ အာဝဇ္ဇန်းဉာဏ်၊ တခ်ဏုပ္ပတ္တိဉာဏ် ခေါ် ဆင်ချင်မှု မြန်ဆန်ခြင်း၊ တစ်ခဏအတွင်း အဖြေမှန်ဖြစ်ပေါ်စေခြင်းများ ကြီးထွားစေမည် တို့ကို ရည်ရွယ်၏။

ထိုကျမ်းစာ တော်သလင်းလပြည့်နေ့တွင်ပြီး၏။ နှစ်လတိတိ ရေးရပြီး

http://www.dhammadownload.com


စာမျက်နှာ(၅၀၀)နီးပါးရှိခဲ့၏။ နောင်တွင် တိပိဋကဓမ္မရက္ခိတ အသင်းသို့ သာသနာပြုရန်အတွက် ရည်ရွယ်၍ လှူဒါန်းလိုက်လေသည်။

ထိုသို့ဖြင့် ဆရာတော်သည် ၁၃၅၃–ခုနှစ် သက်တော်(၅၀)နှစ် ပြည့်ချိန် မှစ၍ တရားကျင့်ရင်းဖြင့်ပင် ကျမ်းစာရေးသားဘက်သို့ သာသနာပြုခရီး တိုးချဲ့ လိုက်ပေသည်။ ထို့နောက် သမထ၊ ဝိပဿနာ ရောသော "စရိယာဒါသကထာ" စသည့် ကျမ်းစာများကို ရေးသားဖြစ်လေသည်။

♦ နွေ–တပေါင်းရောက်လျှင် သာစည် ရွှေကျောင်းကုန်းတောင် သုံးလ။

♦ မိုးလ–နယုန်ရောက်သော် ပျဉ်းမနား လက်လုပ်တောင် ကိုးလ။

ဤသို့ဖြင့် ၁၃၅၄–၅၅ ခု နွေကာလသို့ ရောက်ခဲ့ရလေသည်။ ရွှေကျောင်းကုန်းတောင် ဆည်တော်ကြီးလည်း အဆင့်သုံးဆင့် မဟာရမ်တံတိုင်း မှသည် ရေစစ်ကန်၊ ရေလွှတ်မြောင်းတို့အထိ အပြီးသတ်ခဲ့လေသည်။

၁၃၅၅–ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်နေ့ အားလုံးပြီးလေသည်။ သို့တစေလည်း ပရိသတ်ရှင်းသော ကဆုန်လပြည့်ကျော်(၈)ရက်နေ့တွင် ဆည်တော်အပ်ပွဲ၊ ရေစက်ချပွဲ၊ ဆုပေးပွဲများကျင်းပပေးပြီး နယုန်လဆန်း(၆) ရက်နေ့တွင် ရွှေကျောင်းကုန်းတောင်မှ စခန်းသိမ်းပြီး လက်လုပ်တောင်သို့ ပြန်ကြွလေသည်။

## ဗျာန်ပျံသတင်း ချက်ချင်းကြောင့်

၁၃၅၄–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့တွင် ပျဉ်းမနားမြို့ပေါ် နှင့် တောပါမကျန် *'လက်လုပ်တောင်ဆရာတော် ဗျာန်ပျံသည်'* ဟူသော သတင်း များ ထွက်ပေါ်ကြလေသည်။

ပျဉ်းမနားမြို့ထဲက ကုလားထမင်းဆိုင်မှာ ဆွမ်းခံရာ ကုလားက– *'ဆွမ်းလောင်းအပြီးမှာ ကောင်းကင်ပျံတက် လက်လုပ်တောင်ဘက်သို့ ပျံကြွ သွားသည်။ ၎င်းက နောက်ယောင်ခံလိုက်ရာ လက်လုပ်တောင်ဆရာတော်*

http://www.dhammadownload.com


*တွေ့တော့ မျက်နှာတော်၊သကၤန်းတော်၊နှာခေါင်းတော်၊အရုပ်အမောင်းကစလို့ အားလုံးအတူတူပဲ ဒီဆရာတော်မှ ဒီဆရာတော်’* ဟူသောသတင်း။

*‘ဆရာတော် ဆွမ်းခံကြွတာ မြေကြီးပေါ်ခြေမထိ အားလုံး မျက်မြင် ကိုယ်တွေ့ ’*ဟူသောသတင်း။

*‘ဆရာတော် ဆွမ်းခံကြွရာတွင်– တဘက်ခင်းပြီး အတွင်းအောက်မှာ ဆေးလိပ်တွေထားတာ၊မုံ့ကျွတ်တွေထားတာ တည့်တည့်ကြီးနင်းသွားပေမယ့် ဘာမှမဖြစ်ဘူး၊ မကျိုးဘူး၊ မကျေဘူး’* ဆိုတဲ့သတင်း။

စသည်ဖြင့် သတင်းတွေ ထွက်လာခဲ့ရာ နီး၊ဝေးရှိ လာရောက်ကြသော ပရိသတ်များလည်း များပြားလာခဲ့လေသည်။

ထိုသို့သော သတင်းများ ကြားရသောအခါ ဒကာတစ်ယောက်က ‘‘ဆရာတော်ဘုရား လက်လုပ်တောင်ဆရာတော် ရှာန်ပုံသည်’’ဟုလျှောက်ကြား လိုက်ရာ–

‘‘အဲဒါ ငါတို့နှင့်မဆိုင်၊ ငါတို့လည်းမသိ၊ ငါတို့၏ကိစ္စလည်းမဟုတ်’’ဟု အတိအလင်းငြင်းပယ်လိုက်၏။ ထိုသို့ငြင်းပယ်တော်မူသော်လည်း တန်ဆောင်မုန်း လပြည့်နေ့မှ တပို့တွဲလပြည့်နေ့အထိ တစ်နေ့ကို လူသုံးထောင်မှ ငါးထောင်၊ ခြောက်ထောင်ကျော်မျှအထိ များပြားလာ၏။ ကားများလည်း အကြီးအသေး အဝေးအနီး အစုံရောက်လာကြကုန်၏။

ထိုအခါ–

- သတင်းအပေါက်ကြမ်း ထောက်လှမ်းရေးဝင်ပြီ။
- သတင်းအထွက်ဆန်း စမ်းလိုသူတွေလည်းပေါ်လာပြီ။

ဒီအထဲတွင်–

ယုံကြည်၍ ရောက်လာသူများ၊

လေ့လာလို၍ ရောက်လာသူများ၊

ဝေဘန်လို၍ ရောက်လာသူများ၊

http://www.dhammadownload.com



အခြေအနေမှန်သိလို၍ ရောက်လာသူများ၊ စသည်ဖြင့် နေ့စဉ်နှင့်အမျှ သွားသူ၊ ပြန်သူ၊ လာသူ၊ နေသူတို့ကား စည်ကားလွန်းလှ၏။

ဒီအခါမှာတော့ စိတ်အလုပ်သမား စိတ်ရှုပ်၊အလုပ်ပျက်တော့၏။

စိတ်ချမ်းသာမှ စိတ်တည်ငြိမ်မှုကိုရစေတတ်၏။ စိတ်ချမ်းသာမှုကို ရယူလိုလျှင် စိတ်စင်ကြယ်မှသာ တက်နိုင်ရာ၏။ စိတ်စင်ကြယ်လိုလျှင်ကား တရားအာရုံမှတစ်ပါး အခြားအာရုံအတိုက်ကြား စိတ်မထားတတ်မိမှ ရနိုင်ရာ၏။ တခြားအာရုံနှင့် ပတ်သက်လာလျှင်ကား စကားအရာမျှပင် မကြားလိုတော့ပြီ။

- မကြိုက်၍ဖျက်သော မသဒ္ဒါကား တစ်ကြိမ်သာပျက် နောက် မစွက်တော့ပြီ၊
- ကြိုက်၍ဖျက်သော သဒ္ဒါကား နှစ်သက်တိုင်းချ အားမရ တစ်ဘဝမျှပင် မပြီးတတ်။

လက်လုပ်တောင်ဆရာတော်ကို ဖူးမြော်ရန်လာသော ပရိသတ်မှန်သမျှ ကြည်ညို၍လာသည်ကားမှန်၏။ သို့သော်လည်း ထိုကြည်ညိုမှုကပင် တစ်ဘက် အကျင့်ကိုပင် မကြည့်မိ ကိုယ့်အလိုကျမျှကိုသာသိမိပြီး အချိန်–ကာလ–ဒေသ မသုံးသပ်မူဘဲ အတင်းဝင်၊ အတင်းထွက် အတင်းယက်လေသောအခါ အနှောင့်အယှက်အဖြစ်သို့ ဝင်သွားတတ်၏။ ပျက်စီးသော ကျင့်ဆဲမှန်သမျှ သဒ္ဒါခံတို့ တဏှာလှန်ပေးကြသောကြောင့်တည်း။

ဆရာတော်သည် လက်လုပ်တောင်ဂေါပက (သာသနဟိတကာရီ) ဖွဲ့စည်းပေးလိုက်သည်။ မြို့ပေါ်နေဒကာနှင့် အပေါင်းပါ(၅)ဦး လက်လုပ်တောင် ဂေါစရဂါမ်များမှ တစ်ရွာလျှင်တစ်ဦးကျ အမှုဆောင်ထားပြီး ဖွဲ့ပေးခဲ့သည်။ ဂေါစရဂါမ်အဖွဲ့ဝင်များပါ ထည့်သွင်းလေသည်။

ထိုအဖွဲ့အား ဆရာတော်က ပန်ကြားထားခဲ့၏။ ပန်ကြားချက်များမှာ–

- ငါတို့ကား ဘယ်သွားသွား ပရိသတ် ကစားကွင်းကြီးမှာသာ ရှိပါသည်။ သို့ပါ၍ ဘယ်မှမသွားလိုပါ။

http://www.dhammadownload.com


- ဤလက်လုပ်တောင်၌ နောက်ထပ်သုံးနှစ်တိတိ ကိုယ့်အတွက်၊ကိုယ့်ကိစ္စ စိတ်ချလက်ချရသည်အထိ အားထုတ်ပါရစေ။
- ငါတို့ငြိုးခဲ့တဲ့အတိုင်း ပရိသတ်ထိမ်းသိမ်းပေးပါ။
- ငါတွင်းမှာ နှစ်စဉ် ရှုတင်ဆောင်သည့်အတိုင်း အပြည့်အဝပြုကျင့်ပါရစေ

ဟူ၍ ပန်ကြားထားလေသည်။

ထိုအဖွဲ့အား ပန်ကြားထားပါ၏။ ပန်ကြားသည့်အတိုင်း တသွေမတိမ်း လိုက်နာပါမည်ဟု လျှောက်ထားကြ၏။ သို့တစေလည်း ထို၁၃၅၅-ခုနှစ် ငါတွင်းကာလကား ထိမ်းမရ သိမ်းမရ ဖြစ်ရတော့၏။ ရှုတင်မှုဆန့်ကျင်သော ဆွမ်းလောင်းခြင်းများကလည်း အတင်းရော၊ အဓမ္မပါ ဖြစ်ပွားလာချေပြီ။ ဌာနေရွာမှလည်း လောင်းခွင့်မပြုသဖြင့် စိတ်ဆိုးပြန်သွားလေသူများလည်း ရွာထဲတွင် သဒ္ဓါတတ်ခံမှ ဘေးရန်အထိ၊ ရန်ပွဲဖြစ်မည်အထိ ရောက်လာချေတော့၏။

ထို့ကြောင့်ပင် ၁၃၅၅-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့ မှာပင် ဆောင်ထားရာရှုတင်များ ပယ်ဖျက်ပေးလိုက်တော့၏။ အဆင်ပြေသလို စိတ်ချမ်းသာသလို ပေါင်းကြတော့။ ငါလည်း ပျဉ်းမနားလက်လုပ်တောင်မှ ငါကျွတ်လျှင် ထွက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရတော့၏။

သီတင်းကျွတ်သည်နှင့် အဝေးက ဒကာတွေလည်း လက်ဝါးဖြန့်လျက်က ပြန့်ထွက်လာကြ၏။

- သံဃာပေးသောလက်နှစ်ဖက်ကား သီလနှင့်မေတ္တာ ဘယ်နှင့်ညာ။
- ဒကာ၊ ဒကာမများ၏ ယူသောလက်နှစ်ဖက်ကား သဒ္ဓါနှင့်စေတနာ ဘယ်နှင့်ညာ။

ထိုစကား နားကွဲမတတ်ပင် ဟောထားခဲ့ဖူးသော်လည်း ရှာန်ပုံသတင်းများကြောင့် တောင်းဆိုမှုတွေ ပေါ်လာရကုန်ပြီ။ ဆရာတော်သည် "ကဲ- ငါတို့ပေးနိုင်တဲ့ သိဒ္ဓိမဟိဒ္ဓိကား-**သည်တစ်ခါ နောက်ဆုံးဖြစ်ပစေ နောက်မလာနဲ့တော့**"ဟူ၍မိန့်ကာ ခရီးထွက်ဖို့ စီစဉ်လေတော့သည်။ ဆရာတော်ပေးတဲ့ သိဒ္ဓိ-မဟိဒ္ဓိကား စိတ်ရှိတိုင်း ခရီးဆက်ပါတော့သည်။

http://www.dhammadownload.com


ဆရာတော်သည် ပျဉ်းမနားလက်လုပ်တောင်တွင် သီတင်းသုံးစဉ် ကာလအတွင်း၀ယ် အနီးကပ်ဒကာရင်းများကို မိန့်ဆိုချက်အထူးများပင်ရှိခဲ့၏။ သို့သော်လည်း ဒကာတို့ ထူးမှန်းပင်မသိခဲ့ကြချေ။

"ဒကာကြီးတို့ ဒီနေရာသည် တစ်ချိန်ကျလျှင် မြို့လယ်ခေါင် ဖြစ်လာလိမ့်မည်။ ခင်ဗျားတို့လည်း မမြင်ဖူးတာမြင်ရလိမ့်မည်။ မကြားဖူးတာ ကြားရလိမ့်မည်။ မစားဖူးတာစားရလိမ့်မည်။ တစ်သက်နှင့်တစ်ကိုယ် မတွေ့ကြုံဖူးတာလည်း တွေ့ကြုံရလိမ့်မည်"ဟူ၍ မိန့်တော်မူရာ ဒကာအချို့ကလည်း ပျဉ်းမနားမြို့ကြီး ချဲ့လာရင်းနဲ့ရောက်နိုင်သည်။ တစ်ချို့ကလည်း ဆရာတော်မိန့်လို့သာ တို့တော့မထင်ပါဘူး၊ တို့အသက်တမ်း အတွင်းလည်း မဖြစ်နိုင်ပါဘူး စသည်ဖြင့် တွေးတောနေကြလေ၏။

တဖန်လည်း "ဒကာကြီးတို့ ဒီနေရာဟာ ကမ္ဘာ့သာသနာပြုဖို့ရာ မဏ္ဍိုင်ကြီးဖြစ်လာလိမ့်မည်။ သာသနာ့မဏ္ဍိုင်၊ မြန်မာ့မဏ္ဍိုင်ကြီးတွေ ဖြစ်လာလိမ့်မည်"ဟု ဥပါယ်တမျှင်ဖြင့်ပြောကာ မြန်မာ့သာသနာ ထွန်းကားစေဖို့ လက်လုပ်တောင်ဘုရားကို မြှင့်ပြီး ဘုရားတည်မည်ဆိုကာ ပန္နက်ရိုက်ခဲ့သည်။

အရင်က လက်လုပ်တောင်ရှိ စေတီတော်ကြီးကို လက်လုပ်တောင်စေတီ ရန်ကင်းစေတီဟု ခေါ်ဝေါ်ခဲ့သည်ကိုလည်း "နန်းသွင်းစေတီတော်ကြီး"ဟု ဘွဲ့တော်အသစ်ပူဇော်ခဲ့လေသည်။ ကုန်းတော်ပေါ်ရှိ အာရုံခံတန်ဆောင်းကလေးကိုလည်း "မင်္ဂလ်နန်းဦး"၊ ကုန်းပေါ်ရှိ တိုက်ကျောင်းကလေးကိုလည်း "ဇမ္ဗူမဏ္ဍိုင်"ဟု အမည်ပေးခဲ့၏။

ထို့အပြင် ကျောင်းများကိုလည်း– ဗောဓိမဏ္ဍိုင်၊ ဓမ္မမဏ္ဍိုင်၊ သာသနာ့မဏ္ဍိုင်၊ အရိယာမဏ္ဍိုင် စသည်ဖြင့် အမည်မှည့်ခဲ့လေ၏။

ဆရာတော် မိန့်တော်မူပြီးနောက် (၁၄)နှစ်အကြာခန့်တွင် ပျဉ်းမနားမြို့ ဝန်းကျင်တွင် နေပြည်တော် မြန်မာတို့၏ဗဟိုဌာနချုပ် မြန်မာ့မဏ္ဍိုင်ဖြစ်လာသလို **'ဥပ္ပါတသန္တိစေတီတော်ကြီး'**တည်းဟူသော သာသနာ့မဏ္ဍိုင်ကြီးကား

http://www.dhammadownload.com



လက်လုပ်တောင်၏ အရှေ့ဘက်အနီးတွင် ထင်ရှားစွာဖြစ်ပေါ်လာခဲ့၏။ လက်လုပ်တောင်သည်ကား ရာဇဌာနီ လမ်းမကြီးဘေးကပ်လျက်ပင် ဖြစ်လာရချေတော့၏။ ပျဉ်းမနားဒကာတို့လည်း မမြင်ဖူးတာမြင်ရ၊ မကြားဖူးတာကြားရ၊ မစားဖူးတာစားရ၊ မကြုံဖူးတာကြုံရတာတွေကား လက်တွေ့ ဘွားဘွားကြီး ပေါ်နေပေ၏။

## နေမင်းရဲ့ကား ခိုးလို့သွား

ဆရာတော်သည် လက်လုပ်တောင်မှ ကြွသွားဖို့အစီအစဉ်ဖြင့် မန္တလေး နေမင်းဒကာကို ဝိဇ္ဇောဒယ ဓမ္မာရုံတွင် ဘုရားပူဇော်ရန်ကိစ္စ အကြောင်းပြ၍ ခေါ်ထားလိုက်၏။

၁၃၅၅–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်။ ပျဉ်းမနား အတွင်း အပြင် ရှိ ကျောင်းအားလုံးသို့ သင်္ကန်းများနှင့်တကွ ရှိသမျှလှူဖွယ် ဝေပုံချလျက် က လှူဒါန်းလေသည်။

၁၃၅၅–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်။ လက်လုပ်တောင် ဂေါပက သာသနာ့ဟိတကာရီအဖွဲ့အား သုံးနှစ်အပ်လေသည်။ ထို့နောက် နေမင်းဒကာကြီးနှင့် ပလ္လင်ကိစ္စစကားပြော၍ သက်သေပြထား၏။ ချက်ချင်းမပြန်ပဲ ဆယ်ရက်နေ့ကျမှ ပြန်ဖို့ပြောထားလိုက်၏။

ထိုအားလုံးပြီးစီး (၉)ရက်နေ့ညနေ(၃)နာရီရောက်မှ နက်ဖြန် နံနက်(၃) နာရီ အောင်ပန်းလိုက်ပို့ဖို့ပြောထား၏။ လက်လုပ်တောင် တာဝန်ခံအဖွဲ့တို့ကိုကား ည(၁၀)နာရီကျမှ မနက်ဖြန်မနက်သုံးနာရီ ကြွမည့်အကြောင်း မိန့်တော်မူ၏ ဒကာများလည်း အိမ်ပြန်ချိန်၊ အကြောင်းကြားချိန်၊ သတင်းပေးချိန် မရတော့ချေ။

http://www.dhammadownload.com



ဆရာတော်သည် ၁၃၅၅–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်နေ့၊ နံနက်(၃)နာရီတိတိတွင် ပျဉ်းမနားလက်လုပ်တောင်မှ ကြွသွားတော်မူသည်။

သီတင်းကျွတ်လဆန်း(၆)ရက်နေ့က–

“အရှင်ဘုရား တပည့်တော်တို့ဆီကို သာသနာပြုပါဦးဘုရား၊ တပည့်တော်တို့နေရာကား ရှမ်းပြည်နယ် တံခွန်တိုင်ပါဘုရား” ဟူ၍ အိပ်မက်မက်ခဲ့၏။

ထိုနှင့်တဆက်တည်း ပျဉ်းမနားကနေ မန္တလေးဘက်ထွက်ရာလမ်း၏ မြို့ပေါက်ဝကိုလည်းကောင်း၊ ထိုမှတစ်ဆင့် ပျော်ဘွယ်မရောက်မီ၏ ရှမ်းပြည်နယ် လမ်းခွဲ အနေအထားကိုလည်းကောင်း တိတိပပ ပြသနေချေတော့၏။

“တံခွန်တိုင်တောင် တောင်ကြီး–ကျိုင်းတုံအကြားရှိ တောင်ဖြစ်ရမည် ဟုတ်ကဲ့လား”

“မှန်ပါသည်ဘုရား” ဆက်လက်အိပ်မက်ရာ ဆရာတော်ရဲ့ စိတ်ထဲမှာ တေးမှတ်ထားခဲ့၏။

တဖန် လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလ ဇင်းကျိုက်၏ မင်းတစ်ရာ့တစ်ပါးတောင်တွင် သီတင်းသုံးစဉ်က ဘိုးတော်တစ်ပါးရောက်လာပြီး “အရှင်ဘုရား ဆိတ်ငြိမ်စွာအားထုတ်လိုပါလျှင် တောင်ကြီးမှကျိုင်းတုံသွား ကားလမ်းဘေးမှာ သုဝဏ္ဏသျှံတောင် ရှိပါသည်ဘုရား။ ထိုတောင်မှာ နေလိုလျှင် ညနေ(၃)နာရီမထိုးမီ တောင်အောက်ကနေ တောင်ပေါ်သို့အရောက်တက်ပါလေ၊ နံနက်(၃)နာရီမထိုးမီ အတွင်းလည်း တောင်ပေါ်ကနေ တောင်အောက်သို့ မဆင်းပါလေနှင့် ကျား,ပတ်လျက်က စောင့်ရှောက်နေသည် ဟု တပည့်တော်ကို ကုလားဘိုးတော်တစ်ပါးက ပြောသွားပါသည်ဘုရား” ဟူသောစကားနှင့် တောင်ကြီး၊ကျိုင်းတုံ တံခွန်တိုင်ဘုရား တိုက်ဆိုင်နေလေ၏။

ဆရာတော်သည် ထိုအိပ်မက်အတိုင်းကြွဖို့ရန် မကြွမီတစ်ရက် နေမင်းဆေးလိပ်ခုံပိုင်ရှင် ဒကာကြီးဦးသောင်းစိန်အား ကြွဖို့ပြောသည့်တိုင်အောင် မဆုံးဖြတ်ရသေးချေ။ ထို့ကြောင့်လည်း နေမင်းဒကာကြီးအား ဆရာတော်က

http://www.dhammadownload.com


ဒကာကြီးပင့်လိုရာ ပင့်ခွင့်ပေးသေး၏။ သို့မဟုတ် ဒကာကြီးအိမ်တစ်ညကျိန်းပြီးမှ လိုရာသွားမည်ဟူသောအတွေးဖြင့် နေမင်းဒကာကြီးတို့ကိုလည်းချီးမြှောက်ရာ ကျမည်အတွေးဖြင့် ''ဒကာကြီး အိမ်ကိုအကြောင်းကြားရင်း တစ်ညအိပ်ပါလား'' ဟုဆရာတော်က စကားစလိုက်သော်လည်း ''အရှင်ဘုရား ကြွလိုရာသာ တစ်ခါတည်းကြွပါဘုရား'' ဖြင့်သာလျှောက်ထား၏။ နေမင်းဒကာကြီးကား ဆရာတော်ချီးမြှောက်သည်ကို မသိလိုက်ခြင်းပင်ဖြစ်၏။

## လက်လုပ်တောင်မှ ကြွတော်မူပြီ

ဆရာတော်သည် လက်လုပ်တောင် သာသနာ့ကုန်းမြေမှ နံနက် (၃)နာရီ တီတီမှ စတင်ထွက်ကြွတော်မူသည်။ ပျဉ်းမနားမြို့ထဲ စဝင်ကတည်းက ကားငယ် တစ်စီး အပြေးလိုက်လာ၏။ ရေဆင်းတွင်မှီပြီး ရှေ့ကနေလမ်းပြပေးလေသည်။ ထို့နောက်ခရီးဆက်ရာ တပ်ကုန်း၊ ရမည်းသင်း ကျော်ခဲ့၍ ပျော်ဘွယ်အနီး ရောက်လေသောအခါ ပျော်ဘွယ်မြို့တွင်းမှလမ်းလျှောက်ထွက်လာဟန်ရှိသော လူထူးလူဆန်းတစ်ယောက်ကို လမ်းခွဲထိပ်တွင် တွေ့ကြရ၏။

ထိုလူဆန်းကား ဘောင်းဘီအရှည်အနီ(ပန်းရောင်)၊အင်္ကျီလက်ရှည် ကလည်း အနီ(ပန်းရောင်) ဆင်တူဝတ်ထား၏။ လက်တွင်းက ဒုတ်ကောက်တို့ကား ဇော်ဂျီရုပ်များ ကသည့်ပမာ လက်နှစ်ဖက်တို့ဖြင့် ကိုင်မြှောက်ထားလျှက်က လမ်းခွဲ၏ ဆိုင်းဘုတ်တည့်တည့်၌ ရပ်နေချေတော့၏။

နေမင်းဒကာကြီးက ''သည်လမ်းခွဲက အောင်ပန်းကိုသွားလို့ရသလား'' မေးလိုက်ရာ–

''သည်လမ်းက မိတ္ထီလာဘက်မှနေသွားရသည်ထက် မိုင်ပေါင်း (၄၀) လောက်မျှ သက်သာစေပါ၏။ လမ်းက အဝင်သာကြမ်းပြီး အလယ်ပိုင်းများ၌ကား ချောမွေ့ညင်သာလှပါသည်။'' လမ်းကောင်းကြောင်းကို ချီးမွမ်းခန်းဖွင့်ပြီး

http://www.dhammadownload.com


''ဟောဒီက ဟောဒီလိုလေးကွေ့၊ ဟောဒီလိုလေး ပတ်၍မောင်းသွား'' စသည်ဖြင့် ခြေဟန်လက်ဟန်ပါပါ လက်ညှိုးညွှန်ဝိုက်လျက်က လမ်းခွဲ၏အဝိုင်းအလိုက် လမ်းပြသေး၏။

ထိုလမ်းအတွင်းမောင်းနှင်ခဲ့ရာ လမ်းဆုံးသည်နှင့် သာစည်မှလာသော လမ်းဆုံနှင့် ပေါင်းမိလေ၏။ နံနက်ကား လင်းစပင်ပြုနေပါ၏။ သာစည်နယ်တဝိုက် ဒကာ၊ဒကာမများ အိပ်မောကျလျက်ပင် ရှိနေလေ၏။

ဆရာတော်၏ ခရီးစဉ်ကား အောင်ပန်းသို့ရောက်လာတော့၏။ အစက တော့ နေမင်းဒကာကြီးကို အောင်ပန်းမှပြန်လွှတ်လိုက်ပြီး တစ်ပါးတည်း ခြေရာ ဖျောက်ဖို့ စိတ်ကူးရှိခဲ့၏။ သို့သော်လည်း ကားပေါ်မှ ဆင်းချင်စိတ် မရှိသေး၍ အေးအေးနေလိုက်၏။ နေမင်းဒကာကြီးလည်း ဝေယျာဝစ္စဖြင့် အချိုပွဲကပ်၏။ ဆရာတော်ဘုန်းပေးပြီးသော် တောင်ကြီးသို့ ခရီးဆက်၏။

တောင်ကြီးသို့ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်နေ့ နံနက်(၁၀) နာရီ ရောက်ကြကုန်၏။ မြို့ကိုပတ်၍ နားခိုရာရှာဖွေကြရာ နံနက်(၁၁)နာရီ တိတိမှပင် မဟာမြတ်မုနိ ဘုရားရှေ့သို့ ရောက်တော်မူခဲ့လေသည်။ ဆရာတော် သည် ဘုရားသို့ ရှေးဦးစွာရှိခိုးကန်တော့၏။ ပြီးတော့ ဘုရားရှေ့တွင်တွေ့ရသော ဆရာတော်တစ်ပါးအား ဂါရဝပြု၏။

နေမင်းဒကာကြီးဦးသောင်းစိန်ကား ဆရာတော်ပို့ရမည်ဆိုလျှင် ဘယ်ရောက်အောင်ပို့ရ၊ ပို့ရ သဒ္ဓါကောင်းလှပါ၏။ ဆရာတော်အနားယူနေစဉ် ခဏမှာပင် ရှေ့ဆက်ပြီးပို့ဖို့စိတ်ကူးလျက်ရှိချေ၏။ သို့သော်လည်း ထိုစဉ်းစား သည့်အတိုင်း ဖြစ်မလာခဲ့ချေ။ ဆရာတော်က ''ကဲ–ဒကာကြီးတို့ တာဝန်ကျေပါပြီ၊ ဒီကနေပြန်ကြပေတော့'' ဟုမိန့်တော်မူသော် လိုက်ပို့လိုသောစိတ်ကို မျိုသိပ်၍ ပြန်ထွက်ခဲ့ရ၏။

နေမင်းဒကာကြီးဦးသောင်းစိန်ကား ဘာပဲပြောပြော မိမိတို့ ကိုးကွယ်သည့် ဆရာတော် ကြွလိုရာသို့လိုက်ပို့ခဲ့ရာ ဘယ်နေရာ၊ ဘယ်လိုကျောင်း၊ ဘယ်လို သီတင်းသုံးသည်ဟု သိချင်လှပါ၏။ သို့သော်လည်း ဆရာတော်က သိခွင့်

http://www.dhammadownload.com


မပေးခဲ့ပါချေ။ ဆရာတော်ဘယ်ကို ခရီးဆက်မည်ကိုလည်း မသိနိုင်ခဲ့လေ။

နေမင်းဒကာကြီး ဦးသောင်းစိန်နှင့် ကားကလေးတို့မှာ အလောင်းတော် သိဒ္ဓတ္ထတောထွက်ရာသို့ လိုက်ပါပို့ဆောင်သော မြင်းမိုးဆွဲမောင်ဆန်နှင့် ကဏ္ဍကမြင်းတို့ပမာ မဖြေသာ ပူဆာသောကများဖြင့် လာရာလမ်းသို့ ဝမ်းနည်းကြေကွဲစွာဖြင့် ပြန်ခဲ့ရလေသည်တကား။

## မိတ်ချစ္စာသွား မှားစရာမရှိ

ဆရာတော်သည် မဟာမြတ်မုနိရှေ့တွင် သီတင်းသုံးနေပြီး နေမင်းကားဒကာတို့ကို ပြန်လွှတ်လိုက်ပြီးနာရီဝက်ခန့်အကြာတွင် ကုလားဆန်ဆန် လူနှစ်ယောက် ဆရာတော်ရှေ့သို့ တီးတိုးတီးတိုးဖြင့် ရောက်လာ၏။ ရှေးဦးစွာ ဘုရားဦးချကန်တော့၏။

ထို့နောက် ဆရာတော်ကို ဂါရဝပြုပြီး–

"အရှင်ဘုရား ဘယ်ကြွမှာလဲဘုရား" ဟုမေးလျှောက်၏။

"ဒကာကြီးတို့ဘက်ဆီက သုဝဏ္ဏသျှံတောင်ဆီကို သွားချင်လို့ ကြွလာတာပါဗျာ့၊ ဘယ်လိုသွားရမှန်းလည်း ဒို့မသိဘူးဗျာ့"

"အံမလေးဘုရား–လွယ်လွယ်လေးပါဘုရား၊ တပည့်တော်ကကားသမားဘုရား၊ တပည့်တော်ကိုသာ မေးပါဘုရား"

"အရှင်ဘုရား ဒီကနေ ကျိုင်းတုံထွက်တဲ့ ကားနှင့်ကြွသွားဘုရား။ ကွန်ဟိန်းအလွန် တာကော်ရောက်လျှင် ရှေ့–ခုနစ်မိုင်ဆိုတဲ့ရွာ ရှိပါတယ်၊ ဘုန်းကြီးကျောင်းလည်းရှိတယ်ဘုရား"

"အဲဒီ ခုနစ်မိုင်ကနေတက်သွား မှားစရာမရှိတော့ပါဘုရား"

ဤသို့ဖြင့် ဝမ်းသာအားရ လှိုက်လှဲပျူငှာစွာလျှောက်ထားခဲ့ပြီး ပြန်ဆင်းသွားကြတော့၏။

http://www.dhammadownload.com


ထို့နောက် ဆရာတော်သည် ညနေပိုင်းတွင် မဟာမြတ်မုနိ စာသင်တိုက် ပဓာန နာယကဆရာတော်ဦးသဒ္ဓမ္မ၏ အကူအညီဖြင့်ကျိုင်းတုံသွားကားနှင့် ကားခများကို သွားရောက်စုံစမ်းကြည့်ရာ နက်ဖြန် (၁၀)နာရီမှ ကြွလာပါဆိုသဖြင့် တစ်ည တည်းခိုသီတင်းသုံးခဲ့ရသည်။

ဆရာတော်သည် နောက်တစ်နေ့ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်နေ့၊ နံနက်(၁၀)နာရီအချိန်တွင် ထိုချိန်းထားသည့်အတိုင်း ကားဂိတ် (သံလွင်ပို့ဆောင်ရေး)သို့ ကြွသွားရာ တာဝန်ခံဒကာက "အရှင်ဘုရား တပည့်တော်တို့ကားကို မစီးပါနဲ့" ဟုလက်မှတ်ဖြတ်က ပြောသည်။

"အရှင်ဘုရား တပည့်တော်တို့ကားကို မစီးပါနှင့်ဘုရား၊ တပည့်တော်တို့ကားက အမိုးလဲမပါ၊ မာတုဂါမတွေနဲ့လည်း ရောထွေး စီးရမှာဘုရား"

"အေးဗျာ–ဒို့မှာလည်း အခြားမှန်လုံကားကြီးများ စီးဖို့အထိစရိတ်မပါဘူးရယ်ဗျာ၊ ဒို့ဒကာကားနဲ့ပဲ ဒို့ရောက်လိုတဲ့ တာကော်–ခုနစ်မိုင် သုဝဏ္ဏသျှံအထိ ပို့ပေးနိုင်လျှင် ဒို့ကျေနပ်ပါတယ်။"

ထိုဒကာသည် ဆရာတော်ကို ရှေ့ဆက်ပြီး ဘာမျှမပြောတော့ပဲ "အဲဒီအထိကားခ တပည့်တော်လှူပါရစေဘုရား၊ ဆရာတော်မနက်ဖြန် နံနက်(၅း၃၀)နာရီအချိန်အရောက် ကြွတော်မူပါဘုရား"ဟုလျှောက်ထားလိုက်၏။ ဆရာတော်သည် ကြွလိုရာခရီးသို့ လမ်းညွှန်ပေးမည့်သူရယ်၊ လမ်းစရိတ်လှူမည့်သူများရှိတော့လည်း ကျေနပ်ရလေသည်။

ထိုနေ့ညရောက်လျှင် ထိုမဟာမြတ်မုနိစာသင်တိုက်မှ ဟဲဟိုး ဦးဉာဏသည် နက်ဖြန်မနက်ဆွမ်း ရဟန်းမ,အိမ်မှာဘုန်းပေးပြီးမှ ကားဂိတ်ကြွတော်မူပါရန် လျှောက်ထားလာ၏။ ဆရာတော်လည်း ဝမ်းသာကြည်ဖြူစွာ လက်ခံထား၏။

နောက်တစ်နေ့နံနက်(၄)နာရီခန့်တွင် ဦးဉာဏ၏ ရဟန်းအမ,အိမ်က ကားဖြင့်လာပင့်၏။ သစ်တောရပ်ကွက်ဟုဆို၏။ ဆရာတော်ကြွသွားသည်နှင့်

http://www.dhammadownload.com



နံနက်ဆွမ်းကပ်လှူ၏။ ဆွမ်းဘုန်းပေးပြီးသော် လှူဘွယ်ဝတ္ထုမျိုးစုံတို့ဖြင့် ကန်တော့ လှူဒါန်း၏။ ဆရာတော်သည် ပရိတ်တရား(မေတ္တာသုတ်) ချီးမြှင့်ပေးတော်မူခဲ့၏။

ဆရာတော်သည် ထိုဝတ္ထုအားလုံးတို့ကို ထိုဦးဉာဏ သံဃာတော်အားသာ လှူဒါန်းခဲ့၏။ ခရီးသွားလျက်ကသုံးရန် ရည်ရွယ်၍ လက်ကိုင်ပုဝါနှင့် သိုးမွေးအနွေးထည် အလှူခံယူခဲ့၏။ ကားဖြင့်ပင် သံလွင်ကားဂိတ်သို့ လိုက်လံပို့ပေး၏။ နံနက်ဆွမ်းကပ်သောအိမ် ဦးစီးဒါယိကာမကြီး၏နာမည်မှာ ဒေါ်တင်အေးဖြစ်သည်။

ဆရာတော်သည် သံလွင်ကားဂိတ်သို့ရောက်သည်ရှိသော် ယမန်နေ့က ကားလက်မှတ်လှူလိုက်သော တာဝန်ခံဒကာနှင့်အတူ သူ၏မိဘနှစ်ပါး၊ အကိုကြီးများတို့ပါ ဆွမ်းကပ်ဖို့ရန် ကြိုဆိုနေကြလေ၏။ ထိုတာဝန်ခံဒကာ၏နာမည်ကား မောင်ထွန်းထွန်းဖြစ်၏။ ဆရာတော်သည် ဆွမ်းကိစ္စပြီးစီးပြီဖြစ်၍ အချိုပွဲများသာ ကပ်ကြလေသည်။ ဆရာတော် အချိုပွဲဘုန်းပေးပြီးသည့်အခါ တစ်ဖန် သိုးမွေးအနွေးထည် တစ်ထည်ကပ်လှူကြပြန်၏။ အလှူခံရလေသည်။ ပထမ မနက်ကလှူလိုက်သော သိုးမွေးအနွေးထည်ကိုကား ထိုကားဂိတ်ပို့ဆောင်ပေးသော သံဃာအားပင် လှူဒါန်းခဲ့သည်။ ထိုသံဃာများနှင့် လိုက်ပို့သောကားသည် ပြန်သွားတော့၏။

ဆရာတော် ခရီးထွက်ရမည့်ကားသည် နံနက်(၆)နာရီတွင် စတင်ထွက်ခွါလေသည်။ မြို့အထွက်တွင် ကားလေဖြည့်ပြီး ဆက်ထွက်လေသည်။ တောင်ကြီးမြို့မှဟိုပုံးအထိ ကားသည်ခရီးလမ်းချောမွေ့၏။ ဟိုပုံးမှမိုင်းပွန်အထိ ကားကတော့ တွန်းပါဟ–ကြိတ်ပါဟဖြင့် ကောင်းတစ်ချက်၊ မကောင်းတစ်ချက်နဲ့ပဲ ရောက်ခဲ့ရသည်။ ထို့နောက် မိုင်းပွန်အရောက်မှာတော့ အသေအချာ ပြုပြင်တပ်ဆင်ပြီးကတည်းက ကောင်းမွန်စွာ ကွန်ဟိန်းအထိရောက်လေသည်။

http://www.dhammadownload.com



ဆရာတော် တောထွက်ခရီးတွင် ဤကဲ့သို့ပေးလှူဒါန်းသူတို့အား သာဓု အကြိမ်ကြိမ်ခေါ်မိပါ၏။ ဆရာတော်သည် ဓုတင်ဆောင်နေသည်၊ ဝတ္ထုငွေ မကိုင်၊ ကပ္ပိယလည်းမပါပဲ မိုင်ပေါင်းများစွာသောခရီးကို ကြွရသည့်အခါတွင် အခက်အခဲ ပေါင်းများစွာ ရှိနေမည်မှာ မလွဲကေန်ပါ။ သို့သော်လည်း ဆရာတော် ခရီးကြွရ ခြင်း၏ ရည်ရွယ်ချက်ကား ကိုယ်တိုင်ဆိတ်ငြိမ်စွာ တရားကျင့်နိုင်ဖို့နှင့် ဘဝ သံသရာ က ဆွေမျိုးမိဘများ၊ သတ္တဝါအများ ချမ်းသာပွားရန်အတွက်သာ ဖြစ်ချေ၏။

မြန်မာပြည်၏ ဗုဒ္ဓဘာသာထွန်းကားမှုကြောင့် ဒကာများ သဒ္ဓါတရား များပြားမှု၊ ဆရာတော်၏ သီလ၊သမာဓိ၊ပညာ စသည့်ဂုဏ်တို့ကြောင့်ပင် ချောမော ခဲ့ရ၏။ ထိုခရီးသွားစဉ် လှူဒန်းသောအလှူရှင်တို့အားလည်း အကျိုးကြီးမား များရာ၏။

- ♦ အာဂန္တုကဒါန– ဧည့်သည်များအား ကျွေးမွေးလှူဒါန်းခြင်း။
- ♦ ဂမိကဒါန– ခရီးသွားများကို ကျွေးမွေးလှူဒါန်းခြင်း။
- ♦ ဂိလာနဒါန– နာမကျန်း၍ ရောဂါကပ်ရောက်သူများကို လှူဒါန်းခြင်း။
- ♦ ဒုဗ္ဘိက္ခဒါန– ဆင်းရဲဒုက္ခရောက်သူများကို ပေးကမ်း လှူဒါန်းခြင်း။
- ♦ သီလဝန္တေသုနဝသဿဒါန– မြတ်သောအလှူခံပုဂ္ဂိုလ်အား သစ်သီးဦး၊စားဦး လှူဒါန်းခြင်း၊

ဤငါးမျိုးကား ကာလဒါနများဖြစ်ကြလေသည်။ ကာလဒါနဖြစ်၍ အကျိုးပေးသည့်အခါ၌လည်း အချိန်ကောင်း၊အရွယ်ကောင်းမှာ အကျိုးပေး ကုန်၏။

ခရီးကြွတော်မူသည့် ရဟန်းတော်တစ်ပါးကို ကားဂိတ်တာဝန်ခံ ကိုထွန်းထွန်းက လှူဒါန်းလိုက်ရာ ဆရာတော်ကြွလိုသောခရီးသို့ ကားတစ်စီးဖြင့် လိုက်ပို့ရဘိသကဲ့သို့ အကျိုးကျေးဇူးများသလို သူရဲ့ စေတနာ၊ သူ့ရဲ့သဒ္ဓါကိုကား မှတ်တမ်းမော်ကွန်းမထိုးဘဲ နေနိုင်အံ့နည်း။

http://www.dhammadownload.com


# သူလည်း ဝါမကျွတ်ခင်က၊ ငါလည်းပဲ ဝါမကျွတ်ခင်က ဘယ်သူ ဘယ်သူက

ဆရာတော်စီးနင်းလိုက်ပါလာသောကားသည် ကွန်ဟိန်းမြို့သို့ ဝင်ချိန်တွင် မိုးချုပ်သွား၏။ ည(၇)နာရီပင်ကျော်သွားချေပြီ။ သို့နှင့် နယ်မြေ၊ လမ်းအခြေအနေအရ ရှေ့ဆက်၍သွားဖို့ရန် မသင့်တော့သဖြင့် သည်မှာပင် အိပ်ကြမည်ဖြစ်၏။ အဆင်ပြေမည့်တည်းခိုခန်းသို့ ကားမောင်းသွားတော့၏။ ကားသည် မြို့၏နောက်ဖေး ကားညအိပ်ထားရာ ဂိုဒေါင်ထဲအထိ မောင်းသွား၏။ ဆရာတော်သည်လည်း ကားနောက်ပါသွားရချေတော့၏။ ကားအနားယူ ရပ်နားမှသာ ဆရာတော် ဆင်းခဲ့ရသည်။

ဆရာတော်ကို တည်းခိုခန်းအတွင်းသို့ ပင့်ဆောင်ကြ၏။ ဆရာတော် သီတင်းသုံးရန်အတွက် သီးခြားအခန်းမှာ ကျနစွာ တည်းခိုခန်းပိုင်ရှင်၏သမီးက ပြင်ဆင်ပေးလေသည်။ သူမ၏နာမည်ကား ချောကြီးဖြစ်သည်။

ဆရာတော်သည် ကားပေါ်အတူပါလာသော ဂေါ်ရခါးမိသားစုနှင့် စကားလက်ဆုံကျနေသည်။ သာသနာတော်၌ ရဟန်းဝတ်ခဲ့သည့် အကြောင်းများနှင့် မိုးကုတ်တွင် ကျောက်တူးလျက်က ဘူးဆန်းအံ့ဖွယ်ရာ ပတ္တမြားကျောက်ဘုရားရုပ်ပွားတော်တစ်ဆူ ရခဲ့သည့်အကြောင်း စိတ်ဝင်စားစရာကောင်းသောအကြောင်းများကို ပြောကြားနေကြ၏။

ဒီအချိန်မှာတော့ ဒကာတစ်ယောက်ဝင်လာပြီး–

"ဒီကိုယ်တော်က ဘယ်ကကိုယ်တော်လည်း"

"ဒို့ ပျဉ်းမနားက၊ သုဝဏ္ဏသျှံတောင်သွားမလို့"

မေးသောဒကာက တုံးတိတိမေးသဖြင့် ဆရာတော်ကလည်း ဖြေကြားရာတွင် ငုတ်တိတိပင်ဆိုလိုက်၏။

"အရှင်ဘုရား ဒီမှာမကျိန်းပါနှင့်၊ တပည့်တော်တို့အိမ်ပေါ်ကြွပါ"

ဒကာကြီးကား ပြောပြောဆိုဆို ဆရာတော်၏သပိတ် အတင်း မ,ယူပြီး

http://www.dhammadownload.com



ထွက်သွားတော့၏။ ဆရာတော်သည်လည်း ဂေါ်ရခါးတို့ကို နှုတ်ဆက်ပြီး ကြွလိုက်သွားရ၏။ ဆရာတော်၏အတွေးထဲမှာတော့-

*'လူပုံက-ကုလား၊ မေးပုံက-ဂွစကား၊ လုပ်ပုံက-မဟာဒယား'* ဟု တွေးမိတော့၏။

ဆရာတော်သည် ထိုတည်းခိုခန်းအိမ်ပိုင်ရှင်၏ အိမ်ပေါ်သို့ ရောက်သွားလေတော့၏။ ထိုဒကာကပင် ရှေးဦးစွာ "အရှင်ဘုရား တပည့်တော်တို့ကိုလည်းပဲ တရားဟောပါဦး" က စတင်လေတော့၏။ တစ်ညလုံးလည်း စကားမဆုံးတော့ပြီ။ "အရှင်ဘုရား သံလွင်ကားဖြင့် ဆက်မလိုက်နဲ့ဘုရား၊ တပည့်တော်တို့ကားဖြင့် ပို့ပေးပါမည်" ဟုလျှောက်ထားသဖြင့် ဆရာတော်သည် အဲဒီတည်းခိုခန်းတွင် လေးည သီတင်းသုံးပြီးမှ သုဝဏ္ဏသျှံတောင်ဆီသို့ သူကိုယ်တိုင် ကိုယ်ပိုင်ကားဖြင့် ခရီးဆက်ရမည်ဖြစ်သည်။

ထိုကွန်ဟိန်းအိမ်တွင် သီတင်းကျွတ်လပြည့်ကျော်(၁၂)ရက်နေ့ ညမှတန်ဆောင်မုန်းလဆန်း(၁)ရက်နေ့ နံနက်တိုင်အောင် သီတင်းသုံးခဲ့ရ၏။ ရက်ကြာလာသော် ရင်းနှီးကျွမ်းဝင်၍ ဆွေမျိုးဖြစ်သွားတော့၏။

ဒကာအမည်ကား-ဦးပေါ်လှိုင်၊ ဇာတိကား ပျဉ်းမနား(လယ်ဝေး)နယ် သဲကောကြီးရွာမှဖြစ်၏။ ဇနီးသည်အမည်ကား-ဒေါ်ငွေးရီ၊ ဇာတိကား သာစည် အရှေ့ခြမ်း မရွေးရွာမှတည်း။

ဆရာတော်သည် သူတို့၏ ဇာတိရပ်ရွာတွေ သိသောအခါတွင် "ကောင်းကြရောဗျာ့ ပျဉ်းမနား၊ သာစည် လွတ်အောင်ပြောင်းပါမှ ပျဉ်းမနား၊ သာစည်တို့နဲ့မှ တွေ့ရလေခြင်း" ဟူ၍ပင် မိန့်တော်မူ၏။ အမှန်တကယ်တော့ ဆရာတော်သည် ဦးပေါ်၏အိပ်မက်ထဲက ထူးခြားသည့်ဆရာတော်ပင် ဖြစ်နေလေတော့၏။ ဦးပေါ်၏အိပ်မက်ကား ဝါမကျွတ်ခင်မက်သလို ဆရာတော်၏ ခရီးစဉ်အိပ်မက်ကလည်း ဝါမကျွတ်ခင်လေးသာဖြစ်ခဲ့ရ၏။ ဘယ်သူကများ ကြိုတင်ပြီးအိပ်မက်ပေးရသနည်း?။

http://www.dhammadownload.com



# ဦးပေါ်အိပ်မက်

ဦးပေါ်လှိုင်သည် ကွန်းဟိန်းမြို့တွင် နေထိုင်ပြီး တည်ခိုခန်း ဖွင့်ထားသည်။ တစ်နေ့သောည(သီတင်းမကျွတ်မီ)တွင် အသားဖြူဖြူ မျက်ခုံးမွေးထူထူနှင့် ကြည်ညိုဖွယ်ကောင်းလှသောမျက်နှာတော်၊ တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့်သပိတ်လွယ်၍ ကြွလာတော်မူသော ထူးဆန်းသည့် ရဟန်းတော်တစ်ပါးကို ဖူးမြင်လိုက်ရသည်။ ထိုရဟန်းတော်သည် မိမိအိမ်သို့ကြွလာသည်ဟု ထင်ထင်ရှားရှားကြီး မြင်မက်ခဲ့သည်။

ထိုအိပ်မက် မြင်မက်ပြီးသည်မှစ၍ ဦးပေါ်သည် ထိုရဟန်းတော် ကြွလာမည့်ရက်ကို မျှော်လင့်နေမိသည်။ နေ့စဉ် ကားဆိုက်လာတိုင်းလည်း ကြည့်နေရသည်။ ဦးပေါ်၏အိပ်မက်ကိုလည်း မိသားစုအားလုံး ပြောပြထားသဖြင့် အားလုံးကလည်း မျှော်လင့်နေကြသည်။

ဦးပေါ် အိပ်မက်ပြီး (၃–ပါတ်ခန့်)အကြာတွင် ဦးပေါ်၏သမီးဖြစ်သူက– "ဖေဖေလာကြည့်ပါဦး စောစောက သံလွင်ကားဖြင့် တောင်ကြီးဘက်မှ ကြွလာသည့် ဆရာတော်ကို လာကြည့်ပါဦး၊ အရမ်းလည်းတည်ငြိမ်အေးချမ်းတယ်၊ မျက်နှာကြည်လင်တယ်၊ ဣန္ဒြေလည်းအပြည့်ပဲ ဖေဖေပြောတဲ့ အိပ်မက်ထဲက ရဟန်းထင်တယ်၊ ဖေဖေကြည့်ပါဦး"

သမီးဖြစ်သူ၏စကားကြောင့် ဦးပေါ်သည် ဆရာတော်သီတင်းသုံးရာသို့ လာရောက်ဖူးမြော်သည့်အခါတွင် "ဟုတ်မှဟုတ် သမီးရေ အိပ်မက်ထဲက အတိုင်းပဲ ဘာမျှ မကွာခြားဘူး" ဒီအခါကျမှ ဦးပေါ်သည် ဆရာတော်ကို သူတို့အိမ်သို့ ပင့်ဆောင်သွားခြင်းဖြစ်၏။

ဦးပေါ်သည် အိပ်မက်ထဲက ဆရာတော်ကို တကယ်ဖူးရသည့် အခါတွင် ဝမ်းသာပီတိတွေဖြာဖြာဝေခဲ့ရလေသည်။ ဆရာတော်ကြွမည့်ခရီးကို စီစဉ်ပေးခွင့်ရလို့လည်း ဝမ်းသာရ၏။ သဒ္ဓါတရားတိုးပွားနေကြ၏။ ဆရာတော်က လေးည သီတင်းသုံးပေးသဖြင့်လည်း ပို၍ ပီတိတွေဝေနေကြရသည်။

http://www.dhammadownload.com



တစ်နေ့မှာ ဆရာတော်ကို နံနက်ဆွမ်းကပ်ဖို့ ပြင်ဆင်ပြီး ဆရာတော်ဆီသို့သွားရာ ဆရာတော်ကိုမတွေ့ရသဖြင့် တစ်အိမ်လုံးပင် ဖေါင်းတောက်အောင် ရှာကြရ၏။ ငါတို့မသိအောင် ကြွသွားလေပြီလား အတွေးနှင့် စိတ်မအေးဖြစ်နေ၏။ ရှာမတွေ့သဖြင့် ဦးပေါသည် တဖန် ပြန်ကြည့်သည့်အခါတွင် ဆရာတော် သီတင်းသုံးနေသည်ကို တွေ့ရသည်။

"ဒကာကြီးတို့ ဘာဖြစ်နေကြတာလဲ၊ ဘာတွေရှာနေကြတာလဲ"

"တပည့်တော်တို့ ဆရာတော်ကို လိုက်ရှာနေကြတာပါ ဘုရား"

"ကျုပ် ဘယ်မှမကြွပါဘူး၊ ဒီမှာပဲ ရှိနေတာပါ"ဟုမိန့်တော်မူလျှက် ပြုံးနေတော်မူ၏။

ထို့နောက် ဦးပေါတို့မိသားစုလည်း စဉ်းစားရခက်စွာဖြင့် အတွေးကိုယ်စီ၊ ကိုယ်စီ ဖြစ်နေကြသည်။ သူတို့မိသားစုလည်း အာရုဏ်ဆွမ်း ကပ်ကြသည်။

ဆရာတော်သည် ကွန်ဟိန်း ဦးပေါအိမ်တွင် လေးည သီတင်းသုံးနေစဉ်တွင် ပတ်ဝန်းကျင်၌ ဆရာတော်၏ဂုဏ်သတင်းကား ချက်ချင်း ပျံ့ထွက်သွားသဖြင့် လာရောက်ဖူးမြော်ကြကုန်၏။

ဆရာတော်ကို ဦးပေါကိုယ်တိုင် ကိုယ်ပိုင်ကားဖြင့် ( ၇ )မိုင်၊ ဟော့ဟင်ရွာ၊ ဦးလုံးပန်အိမ်သို့ အရောက်ပို့ပေး၏။ ဦးလုံးပန်ကား (ကချင်တရုတ်ကပြား) စစ်ထွက်ဖြစ်၏။ ထိုအိမ်တွင်ခေတ္တမျှသီတင်းသုံးနေ၏။ ၁၃၅၅–ခု၊ တန်ဆောင်မုန်း လဆန်း(၁)ရက်နေ့ နံနက်(၁၁–၃၀)နာရီ ရောက်၏။

ဦးလုံးပန်က "ဆရာတော် သုဝဏ္ဏသျှံတောင်သို့ ဘာကိစ္စကြွချင်တာလဲ ဘုရား"

ဆရာတော်က "အဲဒီတောင်ပေါ်မှာ သီတင်းသုံး တရားအားထုတ်ဖို့၊ သာသနာပြုဖို့ပေါ့ဗျာ၊"

http://www.dhammadownload.com


''အဲဒီတောင်ပေါ်မှာ ဘာမှမရှိဘူးဘုရား၊ ကျောင်းလည်းမရှိဘူးဘုရား၊ ကျောင်းလည်းမရှိ၊ လူလည်းမရှိ၊ တောင်ကလည်း မြင့်တယ်၊ဆွမ်းကိစ္စကတော့ လွယ်မယ်မထင်ဘူးဘုရား၊''

''ကဲ-ဒကာကြီး ရောက်အောင်သာပို့ပါ- အဆင်ပြေသွားမှာပါဗျာ့။''

ဦးလုံးပန်သည် ဆရာတော်၏ ယတိပြတ်ဆုံးဖြတ်ချက်ကြောင့် ဘာမျှ ဆက်မလျှောက်တော့ဘဲ ရွာတွင်းက ရှမ်းဒကာကြီးသုံးယောက်ကို လမ်းပြခေါ်ကာ လိုက်ပို့ ကြလေသည်။

သုဝဏ္ဏသျှံတောင်တက်ခရီး တစ်ဝက်ကျော်ခန့်တွင် ဆရာတော်က ''ကဲ-ဒကာကြီးတို့ ဒီလောက်ကျေးဇူးပြုပေးရလျှင် တော်ရှေ့ပေါ့- ညနေလည်း စောင်းနေပြီ ပြန်ကြဗျာ့၊ ပြန်ကြဗျာ့၊'' ဟု ပြန်လွှတ်၏။ ဒီအတိုင်း ဆက်တက်သွားလျှင် ရောက်ပြီမဟုတ်လား ဟူ၍သာ မိန့်တော်မူသဖြင့် ရှမ်းကြီးတို့အဖွဲ့လည်း ပြန်ဆင်းလာကြရလေသည်။ မိုးကလည်း သည်းထန်စွာ ရွာသွန်းနေသည်။ နေရောင်ကလည်း တဖြည်းဖြည်း မှေးမှိန်သွားလေသည်။ ရှမ်းကြီးတို့ကား တစ်ခါမှလည်း မရောက်ဖူး၊ တောတောင်လည်းမကျွမ်းတဲ့ ဒီရဟန်းတော့ဖြင့် ကျောင်းမရှိ၊ လူမရှိနဲ့ ဘယ်လိုနေပါ့မလဲ အတွေးဖြင့် ဆင်းလာကြလေသည်။

ဆရာတော်သည် ထိုလမ်းပြအကူအညီဖြင့် သုဝဏ္ဏသျှံတောင်သို့ ညနေ ၅-နာရီတိတိတွင်ရောက်တော်မူ၏။ တစ်ပါးတည်း နေစရာလည်းမရှိ၊ သီတင်းသုံး ဖို့လည်း ဟိုကြည့် ဒီကြည့် ရှာဖွေနေရတော့၏။ သုဝဏ္ဏသျှံတောင်ထိပ်မှာ မှောင်ပိတ်နေဆဲ၊ မိုးကသည်း တစ်ပါးတည်းပါတကား။

သာမန်လူသားတစ်ယောက်သာဆိုလျှင် နေစရာမရှိ၊ စားစရာမရှိ၊ ကူညီမဲ့လူမရှိ၊ သားရဲတိရစ္ဆာန်စသော ဘေးရန်ကာကွယ်ဖို့လည်းမရှိ အလင်းရောင်လည်းမရှိ ဘေးရန်ကလည်းပေါ်ပါဘိ၊ အရှေ့အနောက် တောင်ကြည့် တောအတိ၊ အမှောင်ကအပြည့် အားကိုးမရှိသူတို့အဖို့ တွေးကြည့်ရုံမျှပင် အသက်ရှုကျပ်ချေတော့၏။

http://www.dhammadownload.com



သုဝဏ္ဏသျှံတောင်ကား အများတောင်ထက်မြင့်၏။ အများထက်လည်း ထူးကဲ၏။ ကျောက်သားအတိပြီး၏။ ခုနစ်မိုင်အတက်ဘက်မှ လှမ်းမျှော်ကြည့်က ဘုရားပလ္လင်ခုံပမာရှိ၏။ သံလွင်မြစ်ခြမ်း ဘက်မှကြည့်ပါလျှင်ကား စေတီပေါင်းများ အစီအရီထားရှိသည်နှင့်တူ၏။ အဝေးမှလှမ်းကြည့်လျှင်ပင် အများတကာထက် ထူးကဲမြင့်၊ ထူးကဲသော အချက်များကို အလွယ်တကူတွေ့ရ၏။

ဆရာတော်သည် ဒါမှတံခွန်တိုင်မဟုတ် အဘယ်ကိုတံခွန်တိုင်ခေါ်မည်နည်း။ တောင်ကိုမော့ကြည့်ပြီး ပီတိဖြစ်၏။ တောင်တန်းရှိ အေးဆေးဘိ၏။ တောင်၏အေးခြင်း၊ ရှမ်းဒေသ၏အေးခြင်း၊ ဆောင်း၏အေးခြင်း၊ တောင်လေ၏အေးခြင်း အေးခြင်း လေးမျိုးတို့ ပြိုင်တိုးဝှေ့လာကြရာ ဆရာတော်သည် အအေးခံနိုင်ဖို့ရန် ကြိုးစားအားထုတ်ရ၏။

တန်ဆောင်မုန်းလဆန်း(၁၄)ရက်တွင် ခုနစ်မိုင်မှ ရဟန်းတော်တစ်ပါးနှင့် ဒါယကာ၊ ဒါယိကာမများ သုံးညအိပ်မျှ လာရောက်ပြုစုကြသဖြင့် အအေးသက်သာရာရခဲ့လေသည်။

## သုဝဏ္ဏသျှံ၏ အထိတ်မှအရိပ်များ

တစ်ချိန်က သုဝဏ္ဏသျှံတောင်သို့ ထူးခြားသော ရဟန်းတော်တစ်ပါး ကြွလာခဲ့ဖူးသည်ဟု ဒေသခံတိုင်းရင်းသားများက ယုံကြည်ထားကြ၏။ ထိုရဟန်းတော် ကြွလာစဉ်က မုဆိုးကြီးတစ်ယောက် သားလိုက်ရင်း ဖူးတွေ့ခဲ့ရ၏။ အလွန်ကြည်ညို၍ သဒ္ဓါထက်သန်စွာဖြင့် တောင်ထိပ်တစ်နေရာတွင် အရှင်ဘုရား ခေတ္တသီတင်းသုံးပါဦး တပည့်တော် ဆွမ်းကပ်ခွင့်ပြုပါရန် လျှောက်ထား၏။ မထေရ်မြတ်လည်း သီတင်းသုံးနေတော်မူ၏။

မုဆိုးကြီးသည် ဆွမ်းကပ်နိုင်ရန်အတွက် ရွာသို့ပြေးကာ ဆွမ်းစိမံပြုပြင်၍ပြန်လာ၏။ ရွာမှ ဆွေမျိုးမိတ်သင်္ဂဟများလည်း ခေါ်လာခဲ့၏။ အားလုံးကလည်း သဒ္ဓါထက်သန်စွာ ဆွမ်းကပ်ဖို့ရန် အားလုံး လိုက်လာကြခြင်းဖြစ်သည်။

http://www.dhammadownload.com


အားလုံးတောင်ပေါ်ရောက်သည့်အခါတွင် မထေရ်မြတ် ခေတ္တသီတင်းသုံးသည့်နေရာတွင် မတွေ့ရတော့ဘဲ မထေရ်မြတ်ကိုယ်စား သက်နှးကိုသာတွေ့ကြရ၏။ မုဆိုးကြီးနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟတို့ကား 'ဟာ'၊ 'ဟင်' စသည်ဖြင့် အံ့သြစွာဖြစ်ခဲ့ကြလေ၏။

ထိုအချိန်မှစ၍ လားဟူ–လီရှောတို့သည် မထေရ်မြတ်ကိုယ်စား သင်္ကန်းကိုသာ ကိုးကွယ်ခဲ့ကြလေသည်။ လားဟူတို့သည် ထိုအရပ်၌ ကျောင်းဆောက်၍ သင်္ကန်းတော်ကိုအထွတ်အမြတ်ထားပြီး ကိုးကွယ်ကြသည်။ အမြဲတမ်းလည်း အစောင့်အရှောက်ထားကြ၏။ ဥပုသ်နေ့တိုင်းသက်သတ်လွတ် စားလျက် ဥပုသ်စောင့်ကြ၏။ တစ်ချိန်ကျလျှင် သင်္ကန်းပိုင်ရှင် ဘုရားပြန်ကြွလာမည်ဟု ယုံကြည်နေကြသည်။ သူတို့ကား ထိုသင်္ကန်းပိုင်ရှင် ရဟန်းကို ''ဘုရား''ဟု ယုံကြည်ကြလေသည်။

## အတိတ်နိမိတ်

ထိုသုဝဏ္ဏသျှံတောင်တဝိုက် လားဟူရွာများတွင် ''လားဟူဘုရား ပြန်ကြွလာတော့မည်'' ဟူသော ကောလဟာလ သတင်းများ ထွက်ပေါ်နေ၏။ လူကြီးများမှစ ကလေးများတိုင်အောင် ပြောဆိုနေကြ၏။ နိုးကြားနေကြ၏။

လားဟူများနေရာ ဒေသများတွင် ယခုနှစ်တွင် အနာရောဂါများခြင်း၊ စိုက်ပျိုးရေးမကောင်းခြင်း၊ နယ်မြေဒေသမငြိမ်းချမ်းခြင်း၊ ရောဂါ–အနာ–လက်နက်–တော်မွတ်ဘေးများလည်း မသိမသာ ဆိုက်ရောက်နေသဖြင့် ရတက်မအေး ရှိနေကြသည်။

ထိုသို့ဖြစ်နေချိန်တွင် ဆရာတော်သည် သုဝဏ္ဏသျှံတောင်သို့ကြွချိန် ဖြစ်၏။ ဆရာတော်ကြွလာသည့်အခါ လားဟူတို့သည် သူတို့၏ သင်္ကန်းပိုင်ရှင် လားဟူဘုရား ပြန်ကြွလာပြီဟူ၍ တစ်ထစ်ချယုံကြည်နေကြ၏။ဆရာတော်ကိုပင် ''ငါတို့ဘုရား'' ဟူ၍ ပြောဆိုကြ၏။

http://www.dhammadownload.com


ဆရာတော်သည် မိမိ၏စားဝတ်နေရေး၊ ကျန်းမာရေးတို့ကို ပဓာန မထားဘဲ သုဝဏ္ဏသျှံတောင်တွင် သုံးဝါတိုင်တိုင် သီတင်းသုံးတော် မူခဲ့လေသည်။

ဆရာတော် သုဝဏ္ဏသျှံကြွရောက်သည့်ညကား– ဤတောင်သည် ဆရာတော်၏ လက်ဦးပညာရှာမှီးခဲ့ရာတောင်ဟူ၍လည်းကောင်း၊ ဆရာတော် ဦးဝိမလသည်လည်း ဤတောင်မှာဟူ၍လည်းကောင်း အိပ်မက်ခဲ့သည်။ ထို့နောက် ဂိုဏ်းကိစ္စ၊ ဂိုဏ်းစကားမပြောကြားဘဲ ရှောင်ရှားရန်ဟူ၍လည်း အိပ်မက်သေး၏။

ဆရာတော် သုဝဏ္ဏသျှံရောက်သော် အအေးဒါဏ်နှင့် အာဟာရ မပြည့်စုံမှု၊ ကျောင်းမပြည့်စုံမှုတွေရဲ့ဒါဏ်ကို အလူးအလဲခံခဲ့ရသည်။ လီရှောရွာ နှစ်ရွာလုံးကလည်း ဟင်းရွက်–သစ်သီးများသာ လောင်းလှူ၏။ ထို့နောက် ခုနစ်မိုင်ရွာအထိ သွားရောက်ဆွမ်းခံ၏။ ဒီဆွမ်းခံချိန်မှာတော့ ပျဉ်းမနားဒကာများ၊ မိတ္ထီလာဒကာများနှင့် ပက်ပင်းတိုးမိသဖြင့် ပျဉ်းမနား လက်လုပ်တောင် ဆရာတော်မှန်း သိသွားကြတော့၏။

၇–မိုင်ရွာသည်ကား လူမျိုးလည်းစုံလှ၏။ ပလောင်–ရှမ်း–ဗမာ အစုံလည်းလာကြ၏။ ဆရာတော် တရားဟောကြားသည့်အခါတွင် ဗမာစကား နားမလည်ကြသဖြင့် နားလည်သူက ဘာသာပြန်ပေးရ၏။ သူတို့ကား သဒ္ဓါ ကောင်းကြ၏၊ ပညာမပါကြပါချေ။ စိတ်ဓာတ်တို့ကားရိုးသားကြ၏။ လှေ့နံဓားထစ် သဘောမျိုးရှိကြ၏။ မာန်ပြင်းကြသဖြင့် ခိုင်းတိုင်းမပြုကျင့်တတ်ကြချေ။ ဓလေ့စရိုက်ချင်း ဘာသာချင်းတူသော်မှ လူမျိုးချင်းကွဲပြားခြားနားကြချေ၏။

နတ်တော်လပြည့်ကျော်(၂)ရက်မှ လကုန်အထိ ဆရာတော်ထံလာရောက် တရားအားထုတ်ကြ၏။ သူတို့နှင့်ဆရာတော်ကား ဘာသာစကား ဖလှယ်ရာတွင် အသစ်အဆန်းဖြစ်နေသည်ကတစ်ကြောင်း၊ တရားစကားနာကြားရမှု မရှိသည် ကတစ်ကြောင်းတို့ကြောင့် တောင်းသလောက်ပေး၍မရခဲ့ကြပါချေ။ သူတို့ တစ်တွေကလည်း ဆရာပေးသလောက် မယူနိုင်ဖြစ်ခဲ့ရလေသည်။ လကုန်ရက် ရောက်တော့ တောင်ပေါ်မှ ပြန်ဆင်းသွားကြကုန်၏။

http://www.dhammadownload.com



သုဝဏ္ဏာသျှိုတောင်ကား အသွင်တခြား၊ အမြင်တခြားဖြစ်နေရာ ထိုတောင်တွင် သိတင်းသုံးရန် ဆန္ဒနည်းပါးလာရသည်။ တဖန် ကဆုန်လပြည့်နေ့ ပွဲတော်ကျင်းပသော် လူရှုပ်မည်ကိုလည်း ရင်မအေး ဖြစ်ရသည်။

ထို့ကြောင့် ခုနစ်မိုင်ရွာမှ ဒကာများကို လူအရောက်အပေါက်နည်းသောတောင်တစ်တောင်၊ သုဝဏ္ဏာသျှိုတောင်ကိုလည်း လှမ်းမြင်ရသည့်နေရာမျိုး တဲငယ်လေးတစ်လုံး ရလိုကြောင်း ဆန္ဒပြုမိလေသည်။

တပို့တွဲလပြည့်နေ့တွင် ခုနစ်မိုင်ရွာ၊နားကုန်းရွာ(ရှမ်းရွာနှစ်ရွာ)နှင့် ကီပန်ဖွီးရွာ၊ရိုင်နိုင်ရွာ(လားဟူနှစ်ရွာ) လေးရွာပေါင်းလျက်က ကျောင်းတစ်လုံး၊ ဓမ္မာရုံတစ်လုံးတို့ကို သုံးရက်ဖြင့်အပြီးတည်ဆောက်၏။ လပြည့်ကျော် (၃)ရက်နေ့တွင် ရေစက်ချ၏။ ဟွေဟင် လားဟူရွာပါ သဒ္ဓါထက်သန်စွာ ပါလာကြတော့၏။ တောတောင်ထဲတွင် ဖြစ်ပါသော်လည်း အထူးစည်ကား၏။ ကျောင်းနာမည်ကိုကား ''ဘုန်းတော်ပြည့်''ဟု အမည်ပေးတော်မူခဲ့လေသည်။

၁၃၅၅–ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်နေ့တွင်ကား– သာစည်မှ ဦးရန်လင်း၊ ဦးမြင့်ထွန်းတို့ ရှေးဦးစွာရောက်သွားကြလေ၏။ သူတို့ရောက်သွားခြင်းမှာ ဗထူးရှိ စိုက်ပျိုးရေးစခန်းရဲဘော်များ၏ ဒုလ္လဘရဟန်းခံပွဲ၊ ဘုရားအနေကဇာတင်ပွဲ အတွက် တရားချီးမြှင့်ပေးရန် ပင့်လျှောက်ကြခြင်းဖြစ်၏။ ဆရာတော်ကား 'ကန်တော့ဆွမ်းပါ' ဟူ၍ အဖြေပေးလိုက်လေသည်။

ထို့နောက် တပေါင်းလပြည့်ကျော်(၁၃)ရက်နေ့တွင် လိုအပ်သော ပစ္စည်းများပို့ဆောင်ရင်းဖြင့် ရန်ကုန်–သာစည်–ဟိုပုံး ပေါင်းလျက်က (၇)ဦးအဖွဲ့ ရောက်သွားကြပြန်၏။ ကျောင်းဆောက်ရန် ကြိုးစားကြ၏။ ကဆုန်လပြည့်နေ့ ရေစက်ချအမှီဆောက်ကြ၏။ ဆရာတော်သည် ကျောင်းအမည်ကို''မြတ်မွန်ရတနာ'' ကျောင်းဟူ၍ ပေးတော်မူခဲ့သည်။ တောတောင်ကြီးက ပေါက်ဖွားလာရသော ကျောင်းဖြစ်သဖြင့် မခမ်းနားသော်လည်း ကြီးကျယ်လေ၏။ ကျောင်းငယ်ပါသော်လည်း ထည်ဝါလေ၏။ စေတနာ၏ မွန်မြတ်ခြင်းကား မျက်မြင်ထက်–ထက်လွန်းလှလေသည်။

http://www.dhammadownload.com


## လားဟူဘုရားပွင့်နေပြီ သွားဆုတောင်းကြ

လားဟူတို့ကား 'တို့ဘုရားပြန်ကြွလာပြီ၊ တို့ဘုရားပြန်ကြွလာပြီ၊ လားဟူဘုရားပွင့်နေပြီ' ဟူ၍ ကောလဟာလသတင်းများ ပျံ့နှံ့သွားသည်ဖြစ်၍ ထိုဘုန်းတော်ပြည့်ကျောင်းရောက်ကတည်းက၊ တစ်ရွာလုံးကိုယ်စားအဖွဲ့၊ တစ်ဦးချင်း၊ ရွာစုံလူစုံ ရောက်လာကြလေ၏။ တောင်ပေါ် ရှိ လားဟူရွာအားလုံး ရောက်ကြ၏။ သူဝင်ငါထွက် စည်ကားလျက်နေကြ၏။

၁၃၅၅–ခုနှစ်မှ ၁၃၅၆–ခုနှစ် အကူးဖြစ်သော တာကူးလဆန်း (၈)ရက်၊ (၁၈–၄–၁၉၉၄)နေ့တွင် နှစ်ကူးပွဲအမှီ တက်၍ စတုဒိသာပွဲ ကျင်းပပေးခဲ့သည်။ ဆရာတော်ကျင်းပပေးသည့်ပွဲတွင် လားဟူ–လီရှော–ရှမ်း စသည်စုံလှ၏။ လားဟူ–လီရှောတို့ကား ဆုတောင်းပွဲအဖြစ် အကအခုန်လည်းစုံလှ၏။

လားဟူတို့သည် ရိုးသားဖြောင့်မတ်ကြ၏။ ဗဟာနှင့် စကားအားဖြင့် လည်းကောင်း၊ ကိုးကွယ်မှုအားဖြင့်လည်းကောင်း မတိမ်းမယိမ်းသာရှိ၏။ အပူအပင်လည်း မရှိတတ်ကြချေ။

သူတို့တောင်းသောဆုကား–

- ငါတို့ နေကောင်းရပါလို၏။
- နွား နေကောင်းရပါလို၏။
- ယာ ကောင်းရပါလို၏။

တစ်နှစ်တာမျှသာ တောင်းတတ်ကြကုန်၏။

သူတို့ဆုတောင်းထဲမှာ– တပည့်တော်တို့သားသမီးများ နိုင်ငံခြား သွားရပါလို၏။ စာမေးပွဲအောင်ရပါလို၏။ စီးပွားရေးကောင်းရပါလို၏ စသည်တို့ကား မပါပါချေ။ မြို့ကြီးသူ၊ မြို့ကြီးသားတို့ကဖြင့် ဆုတောင်းများစွာပင်။ တရားဟော တိုင်း အဆန်းတကြယ်လုပ်၍ တရားနာယူတတ်ကြ၏။ သူတို့သည် အရင်က ဂိုဏ်းဆရာကိုသာ ဆရာတင် အားကိုးလေ့ရှိကြသည်။ သူတို့ဘာသာကား နတ်ဆရာဖြစ်လေ၏။

http://www.dhammadownload.com


ဆရာတော်သည် သုဝဏ္ဏသုံ့တောင်ရောက်စ ပထမနှစ်တွင် ဘုန်းတော်ပြည့်ကျောင်းတွင် ဝါကပ်တော်မူသည်။ ဝါတွင်းကာလ ဒကာ၊ ဒကာမ မလာရဟုအမိန့်ထုတ်ထား၏။ တစ်ဝါတွင်းလုံး အားထုတ်အား ကို တင်ထားလိုက်၏။ နေသဗ္ဗဇ္ဇူတင်လည်း ဆောင်ထား၏။

တော်သလင်းလတွင် ဆရာတော်သည် ငှက်ဖျားရောဂါ ဝင်ပါတော့၏။ မထနိုင်။ ဆွမ်းမခံနိုင်ဖြစ်ခဲ့ရသည်။ ခုနစ်မိုင် ဒကာ၊ ဒကာမများ မလာရမှ–လာရသည်သို့ လမ်းကြောင်းပြောင်းပေးခဲ့ရတော့၏။ ထိုဒကာ၊ ဒကာများ ဆွမ်းခံမကြွလာ၍ ကျောင်းသို့တက်လာပြီးကြည့်ရာ ဆရာတော်မကျန်းမာသဖြင့် သူတို့ကုသပေးခြင်း၊ ကျွေးမွေးခြင်းဖြင့် ကောင်းမွန်လာခဲ့ရလေသည်။ ကျန်းမာရေး ကောင်းစတွင် ဆရာတော် ဆွမ်းခံကြွတော်မူရာ နလန်ထ မိုးခခဲ့ရသဖြင့် တဖန်ပြန်၍ လဲရပြန်သည်။ ဒုတိယမ္ပိ မလာရဆိုင်းဘုတ် ဖြုတ်ပေးရပြန်တော့၏။ တန်ဆောင်မုန်းလပြည့်နောက်ပိုင်းတွင်– 'ဆရာတော် လဲကျလို့တဲ့'၊ 'အားလည်းယဲ့ယဲ့သာ ကျန်တော့သတဲ့'၊ 'တိုင်မှီ ထရ–ထိုင်ရသတဲ့' ဟူသော သတင်းသည် သာစည်–ပျဉ်းမနားတွင်မက ရန်ကုန်ထိအောင် ပျံ့နှံ့သွားတော့၏။

ထိုသတင်း ရန်ကုန်သို့ ရောက်လာသဖြင့် ရန်ကုန်ရှိ ဒကာ၊ ဒကာမများလည်း စိုးရိမ်စိတ်အစဉ်ဖြင့် စီစဉ်ကြလေ၏။

- တစ်ဖွဲ့ကား– ဆရာဝန်၊ ဆေးအပြည့်အစုံနှင့် မလုံလောက်ရင်ဖြင့် ပဋ္ဌိုရှုန် ကားပါအဆင်သင့် ယူဆောင်သွားကြ၏။
- နောက်တစ်ဖွဲ့ကား– ရိက္ခာအစုံ၊ ဘိတ်စာအစုံ မလုံလောက်လျှင်ပင့်ဖို့ရန် ကားပါအဆင်သင့်ဖြင့်တက်သွားကြ၏။

နတ်တော်လထဲတွင်– ရန်ကုန် ဦးတူးမိသားစုလည်း ရောက်သွားကြ၏။ လမပြည့်မီ ပြန်ဆင်းလာကြ၏။ အဆင်မသင့်ရင် ပင့်ရန် ကားအသစ်ပါ ဝယ်သွားလေ၏။ ဆရာဝန် တင်တင်အေးလည်း ဆေးအဆင်သင့်ပင် ပါလာတော့၏။

ဦးကျော်ဝင်းနှင့် ဗိုလ်ကြီးမျိုးတင့်ကြည်မိသားစုအဖွဲ့လည်း နတ်တော်

လကုန်တွင် ရောက်သွားကြ၏။ ကျန်းမာရေးအခြေအနေ မေးလျှောက်၏။ ဆရာတော်ကို ရန်ကုန်သို့ လားဟူ–လီရှော–ရှမ်း–ပလောင် ဆွေမျိုးစုံတို့နှင့် ကြွရောက်ပါရန် ပင့်စာများပါ ဆက်ကပ်ကြ၏။ ဆရာတော်က– 'ဆွေမျိုးများသာ ပို့ချင်၏။ ငါတို့ကား– ရန်ကုန်ဝင်ရမှာ ကြောက်၏' ဟု မိန့်တော်မူလိုက်၏။

ဆရာတော်သည် ၁၃၅၆–ခုနှစ်၊နတ်တော်လပြည့်နေ့မှ စတင်ပြီး တပို့တွဲလပြည့်နေ့အထိ တရားစခန်း နှစ်လပြသရန် သုဝဏ္ဏသျှံတောင်ပေါ်သို့ ရောက်ရှိနေချေ၏။ ခုနှစ်မိုင်ရွာ ဦးကုမာရ မောင်နှမတစ်စုကောင်းမှုဖြင့် "ဝပ်ဖရာသန္တိနိကာယ"(ငြိမ်သက်အေးချမ်းရာတို့ ပေါင်းစုထားသော ဘုရားကျောင်း) ကျောင်းတစ်ဆောင် ဆောက်လုပ်ပြီးစီး၏။ တပို့တွဲလပြည့်နေ့ ရေစက်ချ၏။ ဆရာတော်ကိုယ်တိုင် ရေစက်ချပေးတော်မူခဲ့၏။

တဖန် တပို့တွဲလပြည့်နေ့ နံနက်(၁၀)နာရီမှာပင် ပန္ဒက်တင် မင်္ဂလာပွဲ တစ်ခု ကျင်းပပေးရ၏။ တိုင်းရင်းသားစုံတို့ ဖြင့် ( ဗမာ–ရှမ်း–လားဟူ– ဝ–ခနု–မွန်–ကရင်–ပလောင်–ပအိုဝ် )ပြုလုပ်သော ကာလိရွာ၊ဦးရွှေ ကမကထပြု၍ ကျောင်းတစ်လုံး (အထက်ထပ်–အောက်ထပ်၊ ၂၄×၁၀) ဆောက်လေ၏။

## ဗုဒ္ဓဘာသာခံယူပွဲ

၁၃၅၆–ခုနှစ်၊တပို့တွဲလပြည့်နေ့တွင် ဆရာတော်သည် သုဝဏ္ဏသျှံတောင်ပေါ်ကနေ ဟွေဟင်နှင့် အနီးစပ်ဆုံးဖြစ်သော ဘုန်းတော်ပြည့်ကျောင်းသို့ ကြွတော်မူလေသည်။

ဘုန်းတော်ပြည့်ကျောင်းသည် အများသွားလာရတာ လွယ်ကူ၏။ ရန်ကုန်–ပျဉ်းမနား–သာစည် ပရိသတ်များလာရောက်ကြ၏။ အများဒကာ၊ ဒကာမများ ဖူးမြော်ခွင့်ပြုပြီး တန်ခူးလပြည့်အထိ နှစ်လတိတိ သီတင်းသုံးပြီး နေတော်မူ၏။

http://www.dhammadownload.com


တောင်ကြီး–ကျိုင်းတုံရှိ ဒကာ၊ဒကာမများ ဗုဒ္ဓဘာသာဖြစ်ပြီးသော ရှမ်းပလောင်များလည်း လာရောက်ဖူးမြော်ကြသည်။ ဆရာတော်သည် လာရောက်ဖူးမြော်သော ဒကာ၊ဒကာမတို့အား ဆုံးမစကားများနှင့် တရားဟော ပေးတော်မူသည်။ ပရိသတ်ကား သူဝင်ငါထွက် များပြားပေမယ့် ဆရာတော် ကား တစ်ပါးတည်းမျှ သာသနာပြုတော်မူ၏။

ဆရာတော်သည် တန်ခူးလပြည့်နေ့တွင် သုဝဏ္ဏသျှိုတောင်ပေါ်သို့ ပြန်ကြွသွားတော်မူသည်။ ထို သုဝဏ္ဏသျှိုတောင်ခြေရှိ လွိုင်ပန့်သံတောင်ဘေး ချောင်ကျရာနေရာတွင် အလျား(၁၂)ပေ၊အနံ(၇)ပေမျှသာကျယ်သော ကျောင်းကလေးတွင် ဝါဆိုတော်မူ၏။ ထို ကျောင်းကလေး၏အမည်ကို 'ဗောဓိမြိုင်ကျောင်း' ဟု အမည်ပေးခဲ့သည်။ ထိုဗောဓိမြိုင်ကျောင်းမှသည် ယနေ့ 'မဟာဗောဓိမြိုင်' ဖြစ်ပေါ်လာခဲ့ပေသည်။

ထို ဗောဓိမြိုင်ကျောင်းတွင် သီတင်းသုံး၍ ဝါမဆိုမီ တောတွင်း တောင်ခြေရွာများ(လားဟူ–လီရှော–ရှမ်း)သို့ ဆွမ်းခံတော်မူသည်။ ဝါဆိုပြီးသည် နှင့် ကားလမ်းပေါ်ရှိ ဟွေဟင် ရှမ်းရွာအထိ ဆွမ်းခံတော်မူ၏။

ဆွမ်းခံကြွရာ၌– မြေမှာ အအေးဓာတ်လွန်ကဲခြင်း။ ရွာသောမိုးရေ ကလည်း အအေးဓာတ်လွန်ကဲခြင်း။ လေကလည်း အေးလွန်းခြင်း။ ထီးဖိနပ် မသုံးခြင်းတို့ကြောင့် ဝါမဆိုမီကပင် ခြေလက်များ ရောင်ရမ်းဖေါလာပါတော့သည်။ ဆရာတော်ကျန်းမာရေးမကောင်းသဖြင့် ဆွမ်းခံပင်မကြွနိုင်တော့ချေ။ ဆရာတော် ၏ ခြေထောက်တွင် သွေးကြောပိတ်ရောဂါပါ ဖြစ်ပွားလာတော့သည်။

ထို့နောက် ဆွမ်းကိစ္စများအတွက် ဟွေဟင်ရွာက တက်ရောက်လှူဒါန်း ကြ၏။ ဆေးကုသပေးကြ၏။ ကွန်ဟိန်း–ကာလိတို့ကလည်း လာရောက်ကုသ ပေးကြ၏။ ဝါကျွတ်သောအခါ ရန်ကုန်မှလည်း လာရောက်ပြုစုကြ၏။ သာစည်နှင့် မိတ္ထီလာစစ်ဆေးရုံတို့မှလည်း လာရောက်ကုသပေးကြ၏။

သို့သော်လည်း ဆရာတော်၏ရောဂါသည် သက်သာရုံသာရှိ၏။ ဒါဏ်ပြင်း လှ၍ ရှင်းရှင်းကား မပျောက်ခဲ့ပေ။ ရောဂါဝေဒနာခံစားနေရသည့်အထဲတွင်

http://www.dhammadownload.com



သီတင်းကျွတ်လောက်တွင် လားဟူ(၂၆)ရွာမှ ရွာလုံးကျွတ် လူအများ တောတွင်း တစ်နေရာတွင် စုဝေးကာ လားဟူ-ဗုဒ္ဓဘာသာခံယူပွဲကြီး (၃)ရက်တိုင်တိုင် ကျင်းပလိုကြောင်း သတင်းကောင်း ကြားရတော့သည်။

လားဟူ-ဗုဒ္ဓဘာသာအမည်ခံယူပွဲ ပြုလုပ်မည်သတင်း ချက်ချင်းပင် ရန်ကုန်က သာဝကများ သိလာကြရသည်။ ထိုသတင်းကြားရသူ ဒကာ၊ ဒကာမ များ လားဟူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုလိုကြောင်းများကို ဆရာတော်အား သွားရောက်လျှောက်ထားကြ၏။ ဆရာတော်ကလည်း အကောင်းသားပဲဟု ခွင့်ပြုခဲ့သည်။

ထိုလားဟူ-ဗုဒ္ဓဘာသာခံယူပွဲကြီးကို ၁၃၅၇-ခုနှစ်၊ တပေါင်းလပြည့်နေ့ (၃-၃-၁၉၉၆)၊ တနင်္ဂနွေနေ့၌ ကျင်းပနိုင်ရန် ဆရာတော်ကိုယ်တိုင် ပြင်ဆင်ရပါတော့သည်။

ထိုပွဲပြင်ဆင်ရာ ရန်ကုန်၊ ပျဉ်းမနား၊ သာစည်တို့မှ တစ်လ ကြိုတင်ပြီး ရောက်လာကြရ၏။

၁။ ရန်ကုန်မှ ငါးဦး။ ဦးပု ဦးဆောင်၍။

၂။ ပျဉ်းမနားမှ ဆယ်ဦး။ ဦးလှဒင် ဦးဆောင်၍။

၃။ သာစည်မှ ဆယ်ဦး။ ဦးငွေး ဦးဆောင်၍။ ပေါင်း(၂၅)ဦး။

ထိုဒကာတို့ ရောက်လာသည်နှင့် ဆရာတော်သည် တောင်မှ ဆင်းခဲ့ရသည်၊ ထိုပွဲအတွက်မဏ္ဍပ်စသည်များ ကြီးကြပ်လုပ်ကိုင်ကြရန် တာဝန်ပေးခဲ့ရသည်။ ဆရာတော်ကိုယ်တိုင်ပင်ဝင်ရောက်ခိုင်းပေးရ၏။တစ်လတိုင်တိုင် မိုးလင်းသည်နှင့် ကျောင်းမှ တောင်ဝှေးထောက်၍ ဆင်းခဲ့ရသည်။ညနေမိုးချုပ်မှသာ ဆရာတော်သည် ကျောင်းသို့ ပြန်ကြွသွားတော်မူ၏။

မဏ္ဍပ်ကား ၁၁ပင်×၁၁ပင်(ပေတစ်ရာပတ်လည်)မဏ္ဍပ်ကြီးကို ဆရာတော်ကိုယ်တိုင် ဦးစီးဆောက်ပေးရ၏။ သည့်နောက် ထမင်းကျွေးရုံ၊ အချိုပွဲကျွေးရုံ၊ ပြန်ကြားရေးရုံ-မဏ္ဍပ်၊ ဆေးခန်းနှင့်စာအုပ်ဆိုင်၊ သောက်ရေအိုးစဉ်မှနေ အိမ်သာများအထိ ပါဝင်ကြီးကြပ်ပေးခဲ့ရသည်။

http://www.dhammadownload.com



၁၃၅၇–ခုနှစ်၊တပေါင်းလပြည့်နေ့ လားဟူ ဗုဒ္ဓဘာသာခံယူပွဲကြီးသည့် ကား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ကြသည် ဆရာတော်၏တပည့် ဒါယကာ၊ဒါယိကာမများကလည်း ကာလတန်ကြေးသိန်း(၃၀)ကျော် အကုန်အကျခံ၍ ဆရာတော်၏ ပါရမီကိုဖြည့် ပျူဒါန်းကြလေသည်။

ထိုဗုဒ္ဓဘာသာခံယူပွဲကြီးကို ကြားရသူ မြန်မာဗုဒ္ဓဘာသာတို့ကား သာဓုအကြိမ်ကြိမ်ခေါ်ကြ၏။ ကျေနပ်ကြ၏။

သို့သော်လည်းအခက်အခဲပေါင်းများစွာ အတားအဆီးများစွာနှင့် ရင်ဆိုင်ခဲ့ကြရ၏။ ကန့်ကွက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ တားမြစ်ထားခြင်းတို့လည်း တွေ့ ကြုံခဲ့ရသည်။

ကန့်ကွက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ တားမြစ်ခြင်းတို့ကြောင့်–အစက လားဟူသုံးထောင်ကျော်ဆန္ဒပြုထားသော်လည်း တကယ်တန်းကျတော့ နှစ်ထောင်ကျော် မျှသာ လာရဲကြတော့၏။ အစက လားဟူ ရွာပေါင်း(၂၆)ရွာအထိ ပါလာကြပါသော်လည်း ယခုလာသောအခါတွင် လားဟူ(၂၂)ရွာသား၊လီဆူ(၄)ရွာနှင့်ပေါင်းပါမှ(၂၆)ရွာသာ လာကြကုန်၏။

ထိုအခက်အခဲကို ကျော်ဖြတ်ပြီးတဲ့နောက် အားတက်စရာများလည်း နောက်က ပါလာပါသည်။

ရန်ကုန်မှ ဓမ္မာစရိယဦးဌေးလှိုင်လည်း လာရောက်အားပေး၏။ မြဝတီရုပ်သံမှ ဗိုလ်မှူးမြသန်းစံနှင့်အဖွဲ့ဝင်လေးဦးကလည်း အားပေး၏။

တောင်ကြီးမှ ဒုတိုင်းမှူး ဗိုလ်မှူးကြီးမြင့်သိန်းနှင့်အဖွဲ့ လာရောက်အားပေးကြ၏။

ကျိုင်းတုံမှ အတွင်းရေးမှူး ဒုဗိုလ်မှူးကြီးဝင်းဟန်နှင့်အဖွဲ့ လာရောက်အားပေးကြ၏။

ရန်ကုန်၊ ပျဉ်းမနား၊ သာစည်တို့မှလည်း လူစုံတက်စုံ၊ သာဝကအစုံအကုန်တက်ရောက်အားပေးကြ၏။

http://www.dhammadownload.com



နီးစပ်ရာမှ ရှမ်း၊ ပလောင် စသည့်တိုင်းရင်းသားများလည်း လာရောက် အားပေးကြ၏။ အားလုံးပရိသတ် နှစ်သောင်းကျော်ခန့်ပင် ရှိလေကုန်၏။

အလှူရှင်များ၏ ကျွေးမွေးမှုမှာလည်း–

ကျိုင်းတုံတာဝန်ခံတို့မှ အဝတ်အထည်မျိုးစုံပေးဝေကြ၏။

တောင်ကြီးတာဝန်ခံတို့မှ ဆန်များ အလုံအလောက်ပေးဝေကြ၏။

ရန်ကုန်တို့မှ ငါးခြောက်၊ ပုဇွန်ခြောက်များ၊ လားဟူအထိမ်းအမှတ် ရင်ထိုး၊ လီဆူအထိမ်းအမှတ်ရင်ထိုး၊ ဆရာတော်ရေးသားထားသည့် လားဟူ၊လီဆူ ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်တို့ကို ပေးဝေကြသည်။

ဗုဒ္ဓဘာသာခံယူပွဲသည် ရှေးက တောင်ငူမှခရစ်ယန်ကနေ ဗုဒ္ဓဘာသာ ကူးပြောင်းသူ ခုနှစ်ထောင်အပြီး ယခုဗုဒ္ဓဘာသာခံယူပွဲက အကြီးဆုံးဟု ဆိုကြလေသည်။ အားလုံးပီတိဖြစ်ကြရလေသည်။

ထိုဗုဒ္ဓဘာသာခံယူပွဲကြီးကိုကား ဆရာတော်အပင်ပန်း၊ အဆင်းရဲခံ၍ အောင်မြင်အောင် ကာယစွမ်းအား၊ ဓမ္မစွမ်းအား၊ ဉာဏစွမ်းအားများဖြင့် ကျိုးစား အားထုတ်ခဲ့ရလေသည်။

## အသာနှင့်အနာ

လားဟူ၊လီဆူ ဗုဒ္ဓဘာသာခံယူပွဲကြီးကား စည်ကားသိုက်မြိုက်စွာ ပြီးစီးသွားလေပြီ၊ ဤပွဲသို့ လာရောက်ကြသူအားလုံးကလည်း ကျောပိုးအိပ် တစ်လုံး ပခုံးထမ်းလျက်က ပြန်သွားကြချေပြီ။ အထုပ်ကလေးကိုထမ်း၍ လာလမ်းအတိုင်း ပြန်ကြလေသည်။

ဆရာတော်မှာကား အနားယူစရာ၊ အားကိုးစရာမရှိ။ ဆွမ်းချက်ကပ် မည့်သူလည်းမရှိသည့်အတွက် ပုံမှန်အတိုင်း ဘုရားခိုင်းတဲ့ သပိတ်ကိုပိုက်ပြီး ဆွမ်းခံထွက်ခဲ့ရလေသည်။ ဆွမ်းခံကြွလေတိုင်း ညာဘက်ခြေမက အနာက

http://www.dhammadownload.com


ပြင်းထန်လာတော့၏။ ကြာသော်ပေါက်လာ၏။ တဖြည်းဖြည်း ခြေမအလယ် တည့်တည့်က အခေါင်းဖြစ်လာတော့၏။ အခေါင်းထဲ ဆေးထည့်သော်လည်း ပြန်ထွက်ပြီး ပေါက်မြဲပေါက်မြဲသာ ရှိလေသည်။ ဤသို့ဖြင့်တန်ခူးလပြည့်နေ့ ရောက်သောအခါ တောင်ပေါ် ဗောဓိမြိုင်ကျောင်းသို့ ပြန်တက်ခဲ့ရ၏။ ပေါက်နေသော ထိုခြေမသည် တောင်တက်ရာဝယ် ကျောက်များဖြင့် မပွတ်တိုက် မိစေရန် ဆိုကာ ပလာစတာဖြင့်ပတ်၍ တက်ခဲ့ရလေသည်။

တောင်ပေါ် ဗောဓိမြိုင်ကျောင်းသို့ရောက်သောအခါ ခြေမကို ဖြေကြည့်ရာ သွေးများအဆိပ်တက်နေပြီး သွေးများသည် မဲပုပ်ရောင်ပြနေ၏။ ပြစ်ခဲခဲဖြစ်နေ၏။ ညပိုင်းရောက်သောအခါ စပ်ဖျင်းဖျင်း နာနေသည်။ နောက်တစ်ရက်တွင်ကား ထိုခြေမကြီး အခြေအနေပျက်သွားပြီ။ အရောင်ကလည်း မဲတူနေလေတော့၏။ သွေးရောင်ပင် ရှာလို့မရတော့ချေပြီ။ ဆရာတော်၏ခြေမအနာကား ပြင်းထန် လေတော့၏။

ထိုသတင်း ကာလိတိုက်နယ်ဆေးရုံကြီးမှ ဒေါက်တာတင်ဝွေ ကြားသိသွား သဖြင့် တပည့်တစ်ဦးနှင့်အတူ ချက်ချင်းပင် ဆရာတော်သီတင်းသုံးရာ တောင်ပေါ် ရှိ ဗောဓိမြိုင်ကျောင်းသို့ တက်သွားကြ၏။ တစ်ရက်လုံးလုံး ဆေးကုသပေး၏။ တစ်နာရီရောက်တိုင်း တစ်ကြိမ်နှုန်းဖြင့် ဆေးထိုး၊ဆေးသောက် ရလေသည်။ တစ်ကြိမ်လျှင်တစ်ဖက်ကျ ခြေနှစ်ဖက်၊လက်နှစ်ဖက်တို့ကို နေရာပြောင်း၍ ဆေးထိုးပေးနေ၏။ ရေနွေးအိပ်တင်ပေး၏။ သန့်ရှင်းရေး ပြုလုပ်ပေး၏။

ဒေါက်တာသည် တောင်ပေါ်ရောက်၍ ဗောဓိမြိုင်ကျောင်း ရှေ့ဝတွင် ရပ်လျက် ဒုတ်ထိုးအိုးပေါက်သမားပီပီ "အရှင်ဘုရားအနာက တစ်ပါတ်အတွင်း သေမည့်အနာဘုရား"ဟုလျှောက်၏။ ဆရာတော်ကလည်း "မသေမီ တစ်ပါတ် အတွင်းထိ ဒုက္ခခံနေရဦးမှာလား"ဟုပြန်မေးလိုက်၏။ ဒေါက်တာကြီးလည်း ဘာမျှ ဆက်မလျှောက်တော့ပဲ ဆေးကုသပေး၏။ ဒေါက်တာကြီးသည် နှစ်ရက်၊ သုံးရက်မျှ ဆေးဖိကုပြီးမှ တဖြေးဖြေး ဆေးလျှော့ပေးလာ၏။ ဆေးကုသရက် ကား တစ်ပါတ်ပင် ကြာခဲ့လေပြီ။ အနာအခြေအနေကလည်း မကောင်းသေးချေ။

http://www.dhammadownload.com


ဒေါက်တာတို့လည်း ပြန်သွားကြတော့၏။

ထိုနောက်တွင် မိတ္ထီလာစစ်ဆေးရုံအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးလွင်ကိုလည်းရောက်လာ၏။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးက အလုပ်သမားအရာရှိဦးသောင်းညွန့်ကလည်း ဓာတ်ရောင်ခြည်ဌာနမှ ပါရဂူကြီး ဒေါက်တာစိုးမြင့်လှူလိုက်သော ဆေးများနှင့်အတူရောက်လာ၏။ တစ်ဖန် ဒေါက်တာတင်ဌေး နှင့် တပည့်ကလည်း ခြေမ ဖြတ်တောက်ဖို့ရန် ကရိယာများနှင့်အတူ ဒုတိယမ္ပိရောက်လာကြ၏။

ထိုသို့ ဆရာတော်၏အခြေအနေမကောင်းသဖြင့် ဆရာများ ရောက်လာနေစဉ်ကာလတွင် 'လားဟူဘုရားပင့်သွားတော့မလို့တဲ့။' ထိုသတင်းက တစ်တောင်လုံး ပြန့်နှံ့သွားခဲ့သည်။ ဘယ်သူက၊ ဘယ်ကနေ လွှင့်လိုက်သည်မသိ တောင်ပေါ်နေလားဟူများ တောင်အောက်သို့ခြေလျင်ဆင်းလာသော ဆရာတော်နှင့် မရှေးမနှောင်းပင် ဘုန်းတော်ပြည့်ကျောင်းသို့ ရောက်လာကြသည်။ လားဟူတို့ကား ကလေးတွေရော လူကြီးတွေပါမကျန် အဖွဲ့လိုက်၊ အဖွဲ့လိုက် ဆင်းလာကြ၏။ ဘုန်းတော်ပြည့်ကျောင်းတဝိုက် ဝိုင်းထားပြီးသားဖြစ်သွားကြ၏။ လားဟူတို့ကား ဆရာတော်၏အခြေအနေကို အကဲခတ်နေကြတော့၏။

ထိုအချိန်– ဦးသောင်းညွန့်ကလည်း တောင်ကြီးသို့ပင့်ရန် ကားအဆင်သင့် မိတ္ထီလာဆေးရုံအုပ်ကြီးကလည်း တောင်ကြီးသို့ပင့်ရန် ကားအဆင်သင့်၊ ဒေါက်တာတင်ဌေးဆရာတပည့်ကလည်း ခြေမ ဖြတ်တောက်ရန် အဆင်သင့်။

ထိုအဆင်သုံးသင့် ဆင့်လျက်နေချိန်ဖြစ်ရာ လားဟူလူထုကြီးကား မျက်တောင်မခတ်ကြည့်နေကြ၏။ အကဲခတ်နေကြ၏။ သူတို့ရဲ့ ကြည့်ပုံက အကယ်၍ ဆရာတော်ကိုပင့်သွားတာတွေ့က ပင့်သူများကို တိုက်ခိုက်သတ်ပုတ်နိုင်၏။

တောင်ကြီးပင့်ဆောင်ရေးသမားများကလည်း အတင်းလျှောက်နေကြသည်။

http://www.dhammadownload.com


ဒေါက်တာတင်ထွေးအဖွဲ့ကတော့ ယမန်နေ့ညက ဆရာတော်မှ တစ်ညတာ စောင့်ကြည့်ပါအုံး စကားအရ တစ်ညစောင့်ကြည့်ရ၏။ တစ်ချို့လည်း ကွေကျ ပဲ့ကျဖြင့် သွေးထွက်နေသည်ကို ကြည့်လျက်က ခြေမ မဖြတ်တော့ချေ။

ဆရာတော်ကလည်း တောင်ကြီးရောက်က ပိုပြီးရှုပ်သွားမည် ဖြစ်၍ ငြင်းပယ်နေတော်မူ၏။

ထိုသို့ ဆရာတော်ငြင်းပယ်သောစကားဖြင့်ပင် ဒေါက်တာတင်ထွေက လားဟုလူထုကြီးကို 'ဆရာတော်မကြွပါ။ စိတ်ချချနဲ့ပြန်ကြပါ 'ဟု နှစ်သိမ့်စကား ကြောင့် တချို့လည်းပြန်ကြ၏။ တချို့လည်းစောင့်ကြည့်နေကြ၏။ တချို့လည်း တောတွင်းချုံကွယ်ရာမှ ချောင်းကြည့်နေကြ၏။

ထိုဘုန်းတော်ပြည့်ကျောင်းမှာပင် ဒေါက်တာတင်ထွေနှင့်တပည့်က အချိန်ပြည့်တာဝန်ယူကုသ၏။ မိတ္ထီလာစစ်ဆေးရုံမှ ဆေးမှူးကလည်း အချိန်ပြည့် တာဝန်ယူ ကုသပေး၏။ စစ်ဆေးရုံအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးလွင်ကိုကလည်း မကြာခဏ ပြေးလာကြည့်၏။ ဤသို့ဖြင့် ဆရာတော်၏ခြေမ ပြတ်ကျပြီး နောက်ပိုင်းကာလ တဖြေးဖြေး သက်သာပျောက်ကင်းသွား၏။

ဆရာတော်၏ခြေမ အနာကြီးဖြစ်နေပေမယ့် ဆရာတော်ကား အပြုံးမပျက် ရှုမှတ်လျက်ပင်ရှိလေ၏။ အနာဝေဒနာရှုကွက်ကိုပင် ရှုချက်တွင်နေဟန်ရှိ၏။ ထိုအခါ 'ပေါင်ရိုက်ချိုးပြီး တစ်ညတည်းဖြင့် ကိစ္စပြီး ရှုမှတ်သွားသော ကုဋ္ဌမ္ဗိကပုတ္တတိဿ ရဟန်းတော်ကြီးလိုများ ရှုမှတ်နေသလားဟုပင် ထင်မြင်ကြရလေသည်။

တစ်ခါက စာရေးသူကို ဆရာတော်မိန့်တော်မူဖူးပါသည်။

လားဟူ၊ လီဆူတို့ ဗုဒ္ဓဘာသာခံယူပွဲ အထိမ်းအမှတ်အဖြစ် ခြေမ တစ်ချောင်း သမိုင်းကျောက်တိုင်အဖြစ် ပေးခဲ့ရသည်ဟု ပြုံးရွှင်စွာ မိန့်တော်မူ၏။

ဆရာတော်သည် ဝါမဆိုမီ သက်သာပျောက်ကင်းသွားလေရာ မဟာဗောဓိမြိုင်ကျောင်းသို့ ပြန်ကြွတော်မူသည်။ ဝါဆိုအပြီးတွင် ပျဉ်းမနားမှ ကျောင်းဆရာကြီးဦးသန်းဝေ လာရောက်ပြုစုလေ၏။ ဆွမ်းခံ မထွက်ရတော့ချေ။

http://www.dhammadownload.com


ထိုအချိန်တွင် ဆရာတော်က အမိန့်ရှိထားလိုက်၏။

သည်ဝါတွင်း ရောဂါကင်းကင်းနှင့် တရားအားထုတ်ရပါက ဤဒေသ၌ ဆက်လက်နေမည်။ ရောဂါတစ်ခုခု အပြင်းအထန်ဖြစ်ပါက နောက်ဝါ ဤနေရာမှာဆက်မဆို၊ ဆက်မနေတော့ပြီ ဟုဆို၏။ သိပ်မကြာပါလေ ဝါလယ်လောက်တွင် အရောင်အဖေါ်ရောဂါ ဖြစ်ပွားလာချေတော့၏။ ရောဂါလည်းပြင်းထန်၏။ အမိန့်ရှိကား မပြည့်တော့ပြီ။ ထို့ကြောင့် နောင်နှစ်ဝါ ဤသုဝဏ္ဏသျှံ ဒေသမှာ မဆိုတော့ဘဲ ပြောင်းဖို့ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

## ဘုရားမဲ့ သူတို့လေးတွေ အားနွဲ့နေမလား

ဆရာတော်သည် သီတင်းကျွတ်ပြီးသည့်နောက်တွင်ကား *'ငါတို့ကို အားကိုးဖြင့် ဗုဒ္ဓဘာသာခံယူထားသော လားဟူ၊လီရှောကလေးများကို ဤအတိုင်း ပစ်ထားခဲ့၍ မသင့်တော်ပေဘူး'* ဟု အတွေးဝင်လာ၏။ ထိုနှင့်အတူ–

- လောကီမျက်လုံး၊ လောကုတ္တရာမျက်လုံး နှစ်လုံး၊
- စီးပွားရေးနား ဘာသာရေးနား နှစ်ဖက်၊

သူတို့ကို နားမျက်လုံးများ တပ်ဆင်ပေးရကောင်းမလား အတွေးများပါ ဝင်လာတော့ရာ ဒေသန္တရဗဟုသုတလည်းရစေ၊ ဘာသန္တရဗဟုသုတလည်း ရစေ၊ ဘာသာရေးစိတ်ဓာတ်များလည်း ခိုင်မာစေ ဆိုသောအတွေးဖြင့် ဒေသစာရီ လှည့်လည်ပွဲကျင်းပရန် ဆုံးဖြတ်လိုက်တော့ချေ၏။

၁၃၅၈–ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်နေ့မှ စတင်ကာ တန်ခူးလဆန်း (၈)ရက်နေ့အထိ တစ်လကျော်–

- သုဝဏ္ဏသျှံမှသာစည်၊ သာစည်မှပျဉ်းမနား၊
- ပျဉ်းမနားမှမန္တလေး၊ မန္တလေးမှမင်းကုန်းရွာ(ရွှေဘို–ကန့်ဘလူ)၊
- မင်းကုန်းရွာမှရန်ကုန်၊ ရန်ကုန်မှသာစည်ရွှေကျောင်းကုန်းတောင် (လှိုင်းတက်)၊

http://www.dhammadownload.com


♦ ရွှေကျောင်းကုန်းမှ သုဝဏ္ဏာသျှံ ခရီးစဉ်အတိုင်း ပြသမည်။

ထိုသုဝဏ္ဏာသျှံဒေသမှ လိုက်ပါလာကြသည့် လူဦးရေတို့ကား–

ကျ။ လားဟူတိုင်းရင်းသား ကျား၊မ ပေါင်း ၆၅ ယောက်၊

ခ။ လီရှောတိုင်းရင်းသား ကျား၊မ ပေါင်း ၂၅ ယောက်၊

ဂ။ ရှမ်းတိုင်းရင်းသား ကျား၊မ ပေါင်း ၁၀ ယောက်၊

ဃ။ အုပ်ချုပ်ရေးတာဝန်ယူလိုက်ပါ

လာကြသူ ပေါင်း ၁၀ ယောက်၊

အားလုံးစုစုပေါင်း ၁၁၀ ယောက်တိတိ ဖြစ်ကြ၏။

ထိုသုဝဏ္ဏာသျှံတို့ကား ရောက်လေရာနေရာများတွင် တခမ်းတနား ကြိုဆိုကြ၏။ ကြိုဆိုရာ၌ ရိုးရာအကမျိုးစုံ၊ အတီးမျိုးစုံ အမှုတ်မျိုးစုံ ပါဝင်ကြ၏။

စေတီပုထိုးများ၊ စက်ရုံအလုပ်ရုံများ၊ ရုပ်ပြပွဲ၊ ယာထွန်ပွဲ စသည်များ ကိုလည်းပြသကြ၏။ သူတို့အားလုံးအား ပျော်ကြစေ၊ ပါးကြစေ၊ စိတ်ဝင်စားစေ ကြ၏။ အတုယူတတ်ကြစေလိုခြင်းဖြစ်သည်။

လေ့လာစရာများတွင် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများဆိုက သက်ဆိုင်ရာ တာဝန်ခံများ၏ ညွှန်ကြားချက်ဖြင့် ဝင်ရောက်ကြရ၏၊ လေ့လာကြရ၏။ သက်ဆိုင်ရာ များကလည်း အကူအညီပေးကြ၏။

ဒေသစာရီခရီးစဉ် မထွက်ခင်ကပင် ကျိုင်းတုံ(ပ.ဝ.တ)မှနေ ဆိုင်ရာများ သို့ ကြိုတင်အကြောင်းကြားပေးထားကြ၏။

ရန်ကုန်သို့ရောက်ရာတွင် တိုက်စည်း သင်တန်းကျောင်း၌ တည်းခိုရ၏။ ထိုကျောင်း၏ ကျောင်းအုပ်ကား ဗိုလ်မှူးမြသန်းစံဖြစ်၏။ ဗိုလ်မှူးမြသန်းစံသည် ရန်ကုန်ဘူတာကြီးမှနေ ကိုယ်တိုင်လာရောက်ကြို၏။ ထိုရန်ကုန်၌ သွားသင့်ရာ နေရာများကို ခေါင်းဆောင်၍ပို့ဆောင်ပေး၏။

ထို့အပြင် အိမ်ရှင်အဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး(စစ်ရေးချုပ်)က

http://www.dhammadownload.com


တာဝန်ယူဧည့်ခံလေသည်။

ထို ဒုတိယမိုလ်ချုပ်ကြီးတင်ဦး၏ ညွှန်ကြားချက် ခွင့်ပြုချက်ဖြင့် ရေတပ်ဌာနချုပ်သို့လည်း သွားရောက်လေ့လာခွင့်ရကြသည်။ ရေတပ်သင်္ဘောကြီးဖြင့်ပင် ရန်ကုန်မြစ်တွင်း လှည့်လည်လေ့လာခွင့် ရကြ၏။

ထို့အပြင် လေတပ်ဌာနချုပ်သို့လည်း သွားရောက်လေ့လာခွင့် ရကြ၏။ စစ်လေယာဉ်ကြီးများပေါ်သို့အထိ တက်ရောက်လေ့လာခွင့် ရကြ၏။

အကျွေးအမွေးများ စုံလင်စွာဖြင့်လည်း ဧည့်ခံကျွေးမွေး၏။ သည့်နောက် စေတီ၊ပုထိုးပေါင်းစုံ၊ ဘက်စုံ အပန်းဖြေနေရာစုံ၊ အကုန်လေ့လာခွင့်ကြ၏။

မြဝတီရုပ်သံ၊ မြန်မာ့အသံများသို့လည်း လေ့လာခွင့်ရကြ၏။

ပြန်ခါနီးတွင် နိုင်ငံတော်မှ စရိတ်ငွေ တစ်ယောက်လျှင် တစ်ထောင်ကျပ်စီနှင့် လက်ဆောင်မျိုးစုံ ပေးလိုက်ကြ၏။ တီဗွီလည်းပါ၏။

ထိုမှနေ သာစည်သို့ ပြန်လာခဲ့ကြပြီး ရွှေကျောင်းကုန်းတောင်၌ နားကြလေသည်။ နောက်တစ်ရက်တွင် ရွှေကျောင်းကုန်းတောင်မှနေ သုဝဏ္ဏသျှံသို့ ပြန်ကြလေသည်။ တန်ခူးလဆန်း(၈)ရက်နေ့ ပြန်ရောက်ကြလေသည်။

ဆရာတော်သည် ဇာတိရွာတွင်သီတင်းသုံးနေစဉ်ကာလ ၁၃၅၈–ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက်ည ဒေသစာရီအလှူ အောင်ပွဲခံစဉ် ညဥ့်(၁၀)နာရီ အချိန်ခန့်တွင် မင်းကုန်းတောရကျောင်းကြီး၏အရှေ့ဘက် မိုးကြိုးလည်းခ လောင်မီးလည်းကျ၏။ ထိုနှစ်တွင် ဆရာတော် ဇာတိမြေ၌ ဝါကပ်ဖို့ဆုံးဖြတ်ခဲ့၏။ နတ်တလူကုန်းတော် စတင်တည်ထောင်ကြ၏။

http://www.dhammadownload.com


# ဇာတိမြေသို့

ဆရာတော်သည် လားဟူလီရှောများနှင့် ဒေသစာရီကြွတော်မူစဉ်ကပင် နတ်တလူတောရစခန်းတည်ထောင်၍ ဝါဆိုဖို့ ဆုံးဖြတ်ချက်ချပြီးသည်ဖြစ်၏။ သုဝဏ္ဏသျှံတောင်သို့ရောက်ပြီးသည်နောက် တန်ခူးလပြည့်နေ့တွင် လားဟူတို့ ထုံးစံအရ နှစ်သစ်ကူးပွဲ ကျင်းပပေးပြီး ၁၃၅၉–ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက် နေ့တွင် ဇာတိဖြစ်သော ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းကုန်းရွာ၊ နတ်တလူ တောရစခန်းသို့ ကြွတော်မူခဲ့လေသည်။

ဆရာတော်သည် မိဘဆွေမျိုးများ၊ တပည့်ဒကာ၊ဒကာမတို့အား ကျေးဇူးဆပ်သည့်အနေဖြင့် ဝါဆိုသီတင်းသုံးခဲ့လေသည်။ ထိုဝါတွင်းကာလတွင် ဝါဆိုလပြည့်နေ့မှစ၍ တော်သလင်းလပြည့်နေ့အထိ (၂)လတိတိ တရားစခန်း ဖွင့်ပေးခဲ့သည်။ တော်သလင်းလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ (၁)လ တိတိကား ဝေယျာဝစ္စဆောင်ရွက်သူများအတွက် ပြုလုပ်ပေးခဲ့လေသည်။

ဆရာတော်သည် မွေးရပ်မြေသို့ ကြွရောက်သီတင်းသုံးလျက် ဆွေမျိုး များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် မယ်တော်ကြီးတို့ကိုပါ ကျေးဇူးဆပ် သာသနာပြု ရောက်တော်မူခြင်းဖြစ်လေသည်။ လပိုင်းအတွင်းမှာပင် နတ်တလူတောရ စခန်းကို တည်ထောင်ခဲ့လေသည်။ ယောဂီနှစ်ရာကျော် နေထိုင်နိုင်ရေးအတွက်ပါ ပြီးစီးနိုင်ခဲ့သည်။

http://www.dhammadownload.com


# မယ်တော့်ကျေးဇူးမြတ် အထူးဆပ်ခဲ့သည်

ဆရာတော်သည် ယခုနှစ်ဝါတွင်း မွေးရပ်မြေ နတ်တလူစခန်းတွင် ဝါဆိုမည်ဖြစ်၍ ရွှေကျောင်းကုန်းတောဝတွင်နေသော မယ်တော်ကြီး ဒေါ်ပညာစာရီကို နတ်တလူသို့ စောစီးစွာ ပို့ဆောင်ထားစေခဲ့ပါသည်။

မယ်တော်ကြီးကား အသက်(၈၀)ဝန်းကျင်ပင် ရှိနေချေ၏။ အချစ်ဆုံး၊ အငယ်ဆုံးသားရဟန်းနှင့် ဇာတိမြေ နတ်တလူစခန်းတွင် ဒီတစ်ဝါတွင်းလုံး နီးနီးကပ်ကပ် ဖူးမြင်ရမည်ဖြစ်၍ အားရပီတိဖြစ်နေမိလေသည်။ သားတော်နှင့် ကွဲကွာရတာကလည်း ခြောက်နှစ်ဝန်းကျင် ရှိခဲ့လေပြီ။ အရင်က ဖူးတွေ့ ခွင့်ရတိုင်းလည်း နာရီပိုင်းမျှသာရှိခဲ့ရ၍ အားမရဖြစ်ခဲ့ရလေသည်။ မယ်တော်ကြီးကား နတ်တလူစခန်းမှ သားတော်ရဟန်း ကြွမြန်းလာမည့်ရက်ကိုသာ မျှော်လင့်နေလေသည်။

ကဆုန်လဆန်း(၁၀)ရက်နေ့တွင် မယ်တော်ကြီး၏ အပျော်ဆုံးနေ့ဖြစ်ခဲ့ရသည်။ ဆရာတော်ပြန်ကြွလာတော်မူသဖြင့် ဖူးမျှော်ရခြင်းကြောင့်ဖြစ်၏။ မိခင်တစ်ဦးရဲ့ သားအပေါ်ချစ်ခင်ခြင်းများနှင့်အတူ သားရဟန်း၏ ငြိမ်းချမ်းသော မျက်နှာတော်ကို ဖူးမြော်ရခြင်းကြောင့်လည်း မယ်တော်ကြီး၏ရင်တွင်း ငြိမ်းအေးခဲ့ရလေသည်။ မယ်တော်ကြီး၏စိတ်သည်လည်း အတိတ်ဆီသို့ပြေးသွားလေသည်။ သားတော်ရဟန်း မွေးသည်မှစ၍ မိမိပြုစုခဲ့ရသည်များကို တရေးရေးတွေးလျက် ကျေနပ်နေရှာသည်။ သားရဟန်းက ဒကာ၊ဒကာမ ဆွေမျိုးများတို့အား ကျေးဇူးဆပ်တရားများ တိုက်ကျွေးနေသဖြင့်လည်း ဝမ်းသာနေခဲ့ရ၏။ မယ်တော်ကြီး၏ ထိုဝမ်းသာပီတိကား အဖိုးများစွာပင် တန်လှတော့၏။

မယ်တော်ကြီး၏ အတွေးကားမရပ်သေး။ သားရဟန်းအပေါ်အတွေး နယ်ချဲ့နေသလို၊ သွားလေသူ ခင်ပွန်းသည် ဦးဘစံကိုလည်း အတွေးက ပြေးဝင်သွားပြန်၏။ ကိုဘစံ သားရဟန်းဖြစ်စဉ် မြင်မသွားရှာဘူး ဟူ၍ပင် ဆိုမိတော့၏။

http://www.dhammadownload.com



သို့သော်လည်း တစ်ချိန်က ရွှေကျောင်းကုန်းနေစဉ် ဤအတွေးမျိုး ဝင်လာသဖြင့် သားတော်ရဟန်းက–

''မယ်တော်ကြီး–မရှိတာကို အရှိလုပ်မနေနဲ့၊ မရှိတာကိုလည်း အရှိလုပ်တွေးမနေနဲ့၊ ကိုယ့်အရှိတရား ကိုယ်သတိထားရှု၊ ကိုယ့်အရှိတရား ကိုယ်သိသွားမှ အေးငြိမ်းမှုဖြစ်မည်''ဟုမိန့်တော်မူသောစကား ပြန်ကြားယောင်နေမိသည်။

ဆရာတော်သည် မယ်တော်ကြီးကို တရားဓမ္မရှုပွားဖို့၊ သတိဖြင့်နေဖို့၊ ဘဝဆိုတာဖြစ်ပျက်၊ တည်မြဲချက်မရှိဘူး၊ ခဏတိုင်းဖြစ်၊ခဏတိုင်းပျက် ဒီရှုကွက်ကို ရှုမှတ်ဖို့သာ အကြိမ်ကြိမ်တိုက်တွန်းနေလေ၏။ ရဟန်းသံဃာကိုလည်း သားလို့ မမြင်ဖို့၊ ဘုရားသားကို ငါ့သားမလုပ်မိဖို့၊ သားမခင်နဲ့ တရားမြင်အောင်လုပ်ဖို့ကိုသာ တွင်တွင်ကြီး ပြောဆိုနေပါတော့၏။

ဒီအချိန်မှာတော့ မယ်တော်ကြီးသည် သားကိုချစ်ခင်မှု များချိန်၌ ''ကျုပ်က မယ်တော်ကြီးတို့သားမဟုတ်ဘူး၊ ဘုရားသားဖြစ်သွားပြီလေ၊ ဘုရားသား ငါ့သားလို့ မစွဲနဲ့၊ ငါ့သားစွဲကြီးနဲ့ ဘဝပြောင်းက သွားရာလမ်းကြောင်း မကောင်းဘူး၊ ဒီတော့ သားလဲ ငါ့သားလို့မစွဲနဲ့၊ သမီးလဲ ငါ့သမီးလို့မစွဲနဲ့၊ မိမိကိုယ်လဲ ငါ့ခန္ဓာကိုယ်ကြီးလို့မစွဲနဲ့၊ စွဲတာမှန်သမျှ ဘဝဒုက္ခတွေချည်းပဲ၊ ဒုက္ခတွေချည်းပဲ၊ ဒုက္ခလွတ်ဖို့ အစွဲပြုတ်ဖို့ သတိအလုပ်လုပ်နေပါ'' ဟူသော စကား ပြန်ကြားယောင်နေမိတော့၏။

ဆရာတော်သည် မယ်တော်ကြီး၏ သားချစ်စိတ်ကို ဓမ္မဖြင့် ပိတ်စေခဲ့၏။ သားချစ်တဲ့မျက်လုံးကို ဓမ္မဖြင့်ဖုံးစေခဲ့၏။ သားကိုသတိရမှုကိုလည်း တရားသတိရမှု၊ တရားရှုမှုနဲ့ အစားထိုးပေးခဲ့သည်။ သောကနှလုံးသားကိုလည်း ဓမ္မတရားဖြင့်ငြိမ်းသွားအောင် ပို့ဆောင်ပေးခဲ့သည်။

မယ်တော်ကြီးသည် ၁၃၅၉–ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၀)ရက်တွင် ကွယ်လွန်သွားလေတော့၏။ တရားနှလုံးသွင်းသွားနိုင်ခဲ့သည်။ နတ်တလူ၏ စည်းကားခြင်းဓမ္မဥယျာဉ်ကို မယ်တော်ကြီးမြင်မသွားရှာပြီ။

http://www.dhammadownload.com



## ကုမာရကဿပ၏ အမေ့ကျေးဇူးဆပ်နည်း

ဆရာတော်သည် မယ်တော်ကြီးကို ကျေးဇူးဆပ်ရာ၌ 'ကုမာရကဿပ မထေရ်' သည် မယ်တော်ကိုကျေးဇူးဆပ်ဘိသကဲ့သို့ပင် မှတ်ထင်ရသည်။

ကုမာရကဿပ၏ မယ်တော်ကြီးကား တစ်ဦးတည်းသောသားရဟန်းကို ခွဲခွာနေရတာ(၁၂)နှစ်တိုင် ကြာခဲ့ရ၏။ နေ့စဉ်နှင့်အမျှ ရတက်ပွေ၍ မျက်ရည်နဲ့သာ နေခဲ့ရ၏။ သားတော်ရဟန်းသည်ကား တောရဆောက်တည်ပြီး တရားအားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်ခဲ့လေသည်။

မယ်တော်ကိုကျေးဇူးဆပ်ဖို့ရန်အတွက် ကြွလှမ်းခဲ့သော အရှင်ကုမာရကဿပသည် ဆွမ်းခံကြွတော်မူစဉ်၊ မယ်တော်ဘိက္ခုနီမကြီးသည်လည်း သားရဟန်းအတွက် အလွမ်းမျက်ရည် ပြည့်နှက်နေ၍ ဆွမ်းခံလှည့်လည်စဉ် လမ်းခရီးအကြား ဆွမ်းခံသွားနေတဲ့သားကို မြင်လိုက်ရာ 'ချစ်သား–ချစ်သား'ဟု အပြေးအလွှားခေါ်လျက် လိုက်လေတော့၏။ ပြေးလွှားရင်းခေါ်၊ လမ်းမှာချော်လဲ၊ မျက်ရည်ကျရွဲရွဲ၊ နို့ရည်များလဲသဲ၊ အပြေးအလွှားပဲထလိုက်၊ မမှီတမှီအခိုက်မှာ ငိုရှိုက်လျက် သင်္ကန်းကိုဆွဲလိုက်သည့်အခါ သားတော်ရဟန်း ရဟန္တာကုမာရကဿပ၏အတွေးမှာ–

*'သြော် ငါ့မယ်တော်ဘိက္ခုနီမကြီးသည် ငါ့ထံမှ အပြုံးမျက်နှာ ချိုသာတဲ့ စကား ကြားပါအံ့၊ မယ်တော်ကြီးသည် ပျက်စီးရှာတော့အံ့၊ (ချစ်ခြင်းဒုက္ခ ဘဝရှည်ကြာတော့မည်) ခက်ထန်စကားပြောကြားပါက ချမ်းသာပွားလိမ့်မည်'* အတွေးဖြင့်–

''ဟယ်–ဘိက္ခုနီမကြီး အဘယ်သို့ပြု၍ လှည့်လည်နေဘိသနည်း၊ မြတ်စွာဘုရားသာသနာ၌ ဘိက္ခုနီရဟန်းမိန်းမ ဖြစ်နေပါလျက် ချစ်ခြင်းမျှကိုသော်မှ မဖြတ်နိုင်သလော''ဟု မျက်နှာတင်းတင်း စကားတင်းတင်းဖြင့်ဟောဆိုခြင်းကြောင့် မယ်တော်ကြီးနှလုံး အပူလုံးကြွသွားတော့၏။

http://www.dhammadownload.com


မယ်တော်ကြီးသည် 'ငါ့အား ဤသားရဟန်း ချစ်ခမ်းမွေ့၍ တွေ့တော့လည်း ဘာအကျိုးရှိတော့အံ့နည်း။ ငါသည် သားကိုအားမကိုး တရားကိုသာ အားကိုးတော့အံ့' ဟု ဆုံးဖြတ်ကာ တရားရှုပွားလိုက်တော့ သားတွေ့သည့်နေ့မှာပင် ရဟန္တာထေရီမကြီး ဖြစ်သွားရလေ၏။

ဤ၌ သားတော်ရဟန်းက မယ်တော်ဘိက္ခုနီမကြီးအား ရဟန်းမ–ဖြစ်ပါလျှက် ချစ်ခြင်းကိုမဖြတ်နိုင်ဘူးလားဟု မျက်နှာတည် မျက်နှာထားနှင့် ပြောခြင်းသည် မယ်တော်ကြီးကိုမုန်း၍ ပြောခြင်းမဟုတ် ကျေးဇူးဆပ်လိုက်ခြင်းသာ ဖြစ်၏။ ပုထုဇဉ်သဘာဝကဲ့သို့ အမေနှင့်သား ကွဲကွာပြီးပြန်တွေ့က ငိုပွဲဆင် သံယောဇဉ်များဖြင့် ရစ်ပတ်နေပါကလည်း တရားရမည်မဟုတ်ချေ။ သားကို ချစ်ခင်တဲ့မိခင် ဤကဲ့သို့ပင် ဆက်ဆံရပါမလားဟု ပုထုဇဉ်အမြင်နဲ့အပြစ်တင်စရာ၊ အပြစ်မြင်စရာပင်ဖြစ်တော့၏။ သို့သော်လည်း သားတော်ရဟန်း၏ ခက်ထန်သော စကားကြောင့်ပင် နေ့ချင်း ရဟန္တာဖြစ်သွားလေ၏။ တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးဆပ်ခြင်းသာ ဖြစ်ချေတော့၏။

မဟာဗောဓိမြိုင်ဆရာတော်ထံသွား၍ မယ်တော်ကြီးကွယ်လွန်ကြောင်း လျှောက်ထားတော့ "တို့ဘာတတ်နိုင်မှာလဲ ကိုယ့်ရှပ်ရှာထုံးစံအတိုင်း လုပ်ပေါ့" ဟူ၍သာ မိန့်တော်မူလိုက်သည်။ မယ်တော်၏ရှာပနပွဲအတွက် ကြွရောက်လာသော သံဃာတော်များ လှူဒါန်းရန်အတွက် လှူဖွယ်များစီစဉ်ပေးခဲ့လေသည်။

ဆရာတော်သည် မယ်တော်၏ဘဝနိဂုံး ဆုံးခါနီးတွင် မယ်တော်၏အနီးသို့ ပြန်ကြွလာတော်မူပြီး ကျေးဇူးဆပ်ခဲ့ခြင်းသည်ကား မှတ်တမ်းတင်စရာ ကောင်းလှတော့၏။ ဆရာတော်သည် ယောဂီတို့အား တရားဟောဆဲ တရားစစ်ဆဲ ဖြစ်နေပါတော့သည်။

မယ်တော်ကြီးရှာပနရက်တွင် ဆရာတော်သည် ယောဂီတို့အား တရားဟောမပျက်၊ အပြုံးမပျက် အာသွက်လျှာသွက်ဖြင့် ဖြစ်ပျက်တရား ဉာဏ်ရှုပွားဖို့သာ တွင်တွင်ကြီး ဟောပေးတော်မူလေသည်။

http://www.dhammadownload.com



## အမေသိပါစေသား

အမေ့ထံ သားပြန်ခဲ့ အပြုံးများနဲ့ အမေကြို

ကြိုသာကြို အမေငိုခဲ့

သိနေတဲ့ အမေ့မျက်နှာ ရောဂါကဖိစီး

နေဝင်ခါနီးပြီပေါ့

မငိုပါနဲ့ အမေရယ် တရားနဲ့ဖြေပါကွယ်

ချစ်တာတွေ ချေမှုန်း မုန်းတာတွေ ပယ်ဖျက်

ဖြစ်ပျက်အရှိတရား အမေ့နှလုံးသားမှာ

သိပါစေသား သိပါစေ သား။

ဗုဒ္ဓေါရသ

http://www.dhammadownload.com


# ဝေဒလ္လစခန်း ခြေကြွလှမ်းရပြီ

ဆရာတော်သည် ၁၃၅၉–ခုနှစ်၊ နတ်တလူတရားစခန်းတွင် ဝါဆို၍ တရားဟောကြားပြသပေးနေစဉ်– ရပ်နီးရပ်ဝေးမှ ပရိတ်သတ်များ တဖြေးဖြေး များလာခြင်းကြောင့် ၁၃၅၉–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၉)ရက်နေ့တွင် ဒုဋ္ဌဝတီမြစ်ကမ်း ပြင်ဦးလွင်တက်ရာလမ်းအနီး ဒီးဒုတ်တောင်၊ ဝေဒလ္လတောရ စခန်းသို့ ကြွတော်မူသည်။

ဝေဒလ္လတောရစခန်း တည်ဆောက်ရေး စသည် ကူညီစောင့်ရှောက်သူ မန္တလေးနေ ရန်ကုန်သား ကိုမောင်မောင်ကြီး+မနီလာတို့ဖြစ်ပြီး ကျောင်းဒကာ– ဦးနေဝင်း+ဒေါ်ခင်ခင်နွယ်၊ တိုင်းချစ်ဆွေပွဲရုံ၊ ဘုရင့်နောင်၊ ရန်ကုန်က လှူဒါန်းခြင်း ဖြစ်သည်။

ဆရာတော်သည် ဝေဒလ္လတွင် သီတင်းသုံး တောရဆောက်တည်နေစဉ် ကာလ တပေါင်းလဆန်းတွင် နတ်တလူသို့ ပြန်လည်ကြွရောက်၍ **'မင်းဘိသိက်ခံ'** ဘုရား တည်ထားပူဇော်ဖို့ရန်အတွက် စီစဉ်တော်မူလေသည်။

၁၃၅၉–ခုနှစ်၊နှောင်းတန်ခူးလပြည့်နေ့တွင် အုတ်မြစ်ချမင်္ဂလာပွဲ ကျင်းပ၏။

၁၃၆၀–ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဌာပနာပိတ်ပွဲ ကျင်းပ၏။

၁၃၆၀–ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်နေ့တွင် ထီးတော်မင်္ဂလာပွဲ ကျင်းပ၏။

၁၃၆၀–ခုနှစ်၊တပေါင်းလပြည့်နေ့ အနေကဇာတင်တော်မူသည်။

မင်းဘိသိက်ခံဘုရားသည် မင်းက(၅)၊ ဘိက(၅)၊ သိက်က(၆)၊ ခံက(၂) ပေါင်းလျှင်ကား(၁၈)ဖြစ်သည်။ မင်းဘိသိက်ခံဘုရား၏ ဉာဏ်တော်ကား (၁၈)တောင် ဖြစ်လေသည်။ နံသင့်ပေါင်းခြင်းအားဖြင့် ဉာဏ်တော်ကို ဖော်ကြူးပြသ နေပါသည်။

http://www.dhammadownload.com


၁၃၅၉–ခုနှစ်၊ တပေါင်းလပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ နှစ်လစခန်းပွဲလည်း ကျင်းပခဲ့သည်။ မင်းဘိသိက်ခံဘုရား ဌာပနာပိတ်ပွဲ ကဆုန်လပြည့်နေ့သည် တရားစခန်းပွဲ သိမ်းသောနေ့ပင်ဖြစ်တော့၏။

ထိုနေ့ကား ဆရာတော်သည် နောင်နှစ် ကဆုန်လပြည့်နေ့အထိသာ တရားဟော၊ တရားပြ၊ ဘုရားတည်ခြင်းကိစ္စ ဟူသမျှကို ပြုလုပ်တော့မည်ဟု တစ်နှစ် ကြိုတင်၍ ဆုံးဖြတ်ချက်ချခဲ့၏။ (၁၃၆၁–ခုနှစ်၊ကဆုန်လပြည့်နေ့သည်ကား ဆုံးဖြတ်ချက်၏ နောက်ဆုံးနေ့ဖြစ်၏။)

ဆရာတော်သည် ၁၃၆၀–ခုနှစ်ဝါကို ဝေဒလ္လစခန်းတွင် ဝါဆိုတော်မူ၏။ ဝါကျွတ်ပြီးနောက် တန်ဆောင်မုန်းလဆန်း(၁၃)ရက်နေ့တွင် ဝေဒလ္လစခန်းမှ ကျောက်ဆည်နယ်၊စွန်ရဲအနီး၊ကျောက်ထီးတောင်ကြွသွားတော်မူ၏။ကျောက်ထီးတောင်တွင် နှစ်လခန့် ခေတ္တသီတင်းသုံးပြီး ၁၃၆၀–ခုနှစ်၊ ပြာသိုလဆန်း(၁၃)ရက်နေ့တွင် နတ်တလူစခန်းသို့ ကြွတော်မူ၏။

၁၃၆၀–ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်နေ့တွင် နတ်တလူ မင်းဘိသိက်ခံဘုရားထီးတော်တင်လှူပွဲ၊ လပြည့်နေ့ အနေကဇာတင်ပွဲ၊ သံဃာတော်(၆၄)ပါး ဆွမ်းလောင်းလှူပွဲများ ကျင်းပခဲ့သည်။

မင်းဘိသိက်ခံဘုရား ထီးတော်တင်ပွဲကား စည်ကားလှ၏။ လူပေါင်းသိန်းကျော်ခဲ့၏။ ပွဲကျင်းပရာ၌လည်း တစ်သိန်းကျော်၊ ကျွေးမွေးရာ၌ တစ်သိန်းကျော်ခန့်ပင် ရှိခဲ့လေသည်။

- ဘုရားပွဲလာသမျှ အဝေးပရိသတ်တို့ကိုကား ရွှေဘို အောင်သိဒ္ဓိဆန်စက်ပိုင်ရှင်များက တာဝန်ယူကျွေးမွေး၏။ထမင်းတစ်နပ်တွင် ဆန်တင်းပေါင်း(၂၀)ခန့်ကုန်သည်။
- နယ်ပရိသတ်များအတွက် နတ်တလူဂေါစရဂါမ် ငါးရွာက တာဝန်ယူကျွေးမွေး၏။ ဆန်တင်းပေါင်း(၇၅)တင်းကုန်၏။

http://www.dhammadownload.com



- ပင့်သံဃာတော်(၆၄)ပါးနှင့် ကြွရောက်တော်မူလာကြသည့် သံဃာတော်များကို ရန်ကုန်နေ–ဦးမြင့်နွယ်+ဒေါ်ကျင်သန်းဝင်း တို့က တာဝန်ယူလှူဒါန်းကြလေသည်။

ပရိသတ်များကို ဖျော်ဖြေရေးအဖွဲ့များမှာ–

၁။ ရွှေဘိုစည်တော်ကြီးအဖွဲ့။

၂။ ကျောက်ဆည်ရေမင်း ဆင်အကအဖွဲ့။

၃။ ရွှေဘိုမှ ပန်တျာကျော်ဝင်းတည်ထောင်သော(အငြိမ့်အဖွဲ့)။

ရန်ကုန်မှ အဆိုတော်သျှီနှင့် သာစည်မှဦးညို၏ အတီးဝိုင်းအဖွဲ့များ ပါဝင်၏။

ထီးတော်တင်ပွဲတွင် ဘိသိက်ခံပစ္စည်း ကျပွဲကား–

၁။ မင်းဘိသိက်ခံ အထိမ်းအမှတ်ဆွဲပြား ၅၅၀

၂။ မင်းဘိသိက်ခံအထိမ်းအမှတ်သော့တွဲ ၅၅၀

၃။ မင်းဘိသိက်ခံတံဆိပ်ပါ မျက်နှာသုတ်ပုဝါ(ကြီး) ၅၅၀

၄။ မင်းဘိသိက်ခံတံဆိပ်ပါ မျက်နှာသုတ်ပုဝါ(သေး) ၅၅၀

၅။ မင်းဘိသိက်ခံတံဆိပ်ပါ လက်ကိုင်ပုဝါ ၅၅၀

ဘုရားရှင်၏ ဖြစ်တော်ပေါင်း အနုဘာဝ ငါးရာကို ရည်ရွယ်၍။

ဘုရားရှင်၏ ပြုကျင့်မြဲ စွန့်ခြင်းကြီး ငါးပါးကို ရည်ရွယ်၍။

ယင်းတို့ကို ဘုရားထီးငြမ်းပေါ်မှနေ အလှူရှင်များကိုယ်တိုင် ထီးတော်တင်အပြီး တက်ရောက်ကျချရာ ဘုရားဝန်းတစ်ခုလုံး ပြည့်နှက်သွားတော့သည်။ ထီးတော်တင်ပွဲလာကြသော ပရိသတ်ကြီးကား ဝမ်းမြောက်ဝမ်းသာဖြင့် ဘိသိက်ခံ စွန့်ကျဲပစ္စည်းများကို ကောက်ယူကြကုန်၏။

စတုဒိသာ ကျွေးမွေးရာတွင်လည်း–

က။ ရန်ကုန် ဝေဖာစိမ်းကုမ္ပဏီမှ ဝေဖာမုန့်များဖြင့်လည်းကောင်း၊

ခ။ ပျဉ်းမနား–သာစည်မှ စုပေါင်းကောက်ညှင်းပေါင်းများဖြင့်လည်းကောင်း၊

http://www.dhammadownload.com



ဂ။ ပေါ့ဟင်–သုဝဏ္ဏသျှံနှင့်နတ်တလူအသင်း၏ စုပေါင်းယာဂု (ရွှေခြည်မုန့်) ဖြင့်လည်းကောင်း၊

ဃ။ မန္တလေး၊လွယ်ဟိန်းကုမ္ပဏီမှ အချိုရည်အအေးဘူးတို့ဖြင့်လည်းကောင်း၊

င။ ဇီးကုန်း၊ တောဝိတန်းဆေးလိပ်ခုံမှ လှူက်သုတ်များဖြင့်လည်းကောင်း၊

စတုဒိသာ ဧည့်ခံကျွေးမွေးကြသည်။

ထို့နောက် သံဃိကဒါန ဆွမ်းလောင်းပွဲတော်ကြီး ကျင်းပခဲ့ရာလောင်းလှူသူများလည်း များလွန်းလှ၏။ သံဃာတော်များလည်း များစွာသောလှူဖွယ်ပစ္စည်းများ ရတော်မူကြသည်။

## အောင်ပွဲခံပြီး ဆက်ရန်ခရီး

ဆရာတော်သည် ကျောက်ထီးတောင်မှ နတ်တလူစခန်းသို့ ပြာသိုလ်လပြည့်မတိုင်မီကပင် ကြွတင်ကြွသွားတော်မူ၏။ ပြာသိုလ်လပြည့်မှ တပို့တွဲလပြည့်နေ့အထိ ထီးတော်တင်ပွဲကြီးအတွက် အဓိဋ္ဌာန်ဝင်တော်မူ၏။

တပို့တွဲလပြည့်နေ့တွင်ကား ရွာစားရွာ (ရွာစားမြို့ဟောင်း)မှစတင်၍ (၇)ရက်စီ လှည့်လည်ဆွမ်းခံတော်မူ၏။ ပရိသတ်လည်း အပူးတွေ့ခံခဲ့၏။ သာသနာရေးရာများလည်း စီမံခဲ့၏။

ထိုအတွင်း ဆရာတော်၏ မွေးဖွားချက်မြှုပ်ရာအိမ်အတွင်း ဥယျာဉ်မ ရွှေချက်သို တံခွန်တိုင်ဘုရားတည်ရန်လည်း စီမံခဲ့လေသည်။

ထိုတံခွန်တိုင်တွင်–

၁။ မ–တည်အလှူရှင်ကား ရန်ကုန်မှ ဦးနန္ဒအောင်+ဒေါ်ကေသီ မိသားစု။

၂။ မွမ်းမံအလှူရှင်ကား ရန်ကုန်မှ ဒေါ်တင်လှိုင်နှင့်မြတ်မွန်မိတ္တူ မိသားစု။

၃။ အင်ဂျင်နီယာကား ရန်ကုန်မှ ဦးမြတ်သူက တာဝန်ယူသည်။

၄။ ပန်းရံတာဝန်ကား ပျဉ်းမနားမှ ဦးမူက တာဝန်ယူသည်။

http://www.dhammadownload.com


ထိုတံခွန်တိုင်အုတ်မြစ်ချရာ၌ သုဝဏ္ဏသျှံမှ တပေါင်းပွဲတော်လာ လားဟူ၊ လီရှော၊ ရှမ်းများ။ ရန်ကုန်၊ ပျဥ်းမနား၊ သာစည်မှ ကြိုတင်ရောက်သူများလည်း ပါဝင်ခဲ့ကြ၏။

၁၃၆၁–ခုနှစ်၊ကဆုန်လပြည့်နေ့တွင် နတ်တလူစခန်း နှစ်လ တရားစခန်းပွဲနှင့် ဧဃျာဓမ် ရွှေချက်သိုတံခွန်တိုင်ဘုရား အနေကဇာတင်ပွဲ ကျင်းပခဲ့သည်။ မနက်ပိုင်း အနေကဇာတင်ပွဲပြီးခဲ့၏။ ည(၇) နာရီတွင် တရားစခန်းပွဲပြီးစီးခဲ့၏။ တံခွန်တိုင်ကား အောင်ပွဲအားလုံး၏ အထိမ်းအမှတ်ဖြစ်တော့၏။

ဆရာတော်သည် ပြင်ပသာသနာပြုကိစ္စ ရုတ်သိမ်းခဲ့ပြီးလျှင် မိမိအတွက် အတွင်းသာသနာပြုရန် အားကုန်ထည့်လိုက်ပြီ။ နတ်မောက် နယ်ကူးတောင်သို့ စီစဥ်ခဲ့သော်လည်း အကြောင်းမညီညွတ်၍ ကြွမသွားဖြစ်ခဲ့ချေ။

၁၃၆၁–ခုနှစ်၊ နယုန်လဆန်း(၂)ရက်၊ တနင်္ဂနွေနေ့နံနက် (၁၁း၃၀)တွင် နတ်တလူတောရစခန်းမှ စတင်၍ ထွက်တော်မူခဲ့သည်။ထိုညတွင် သမ္ဗုဒ္ဓေ၌ တစ်ညတည်းခိုခဲ့၏။ ထို့နောက် မုံရွာသစ်ထုတ်လုပ်ရေးဌာနရှိ ဦးအောင်ထူး+ဒေါ်နုတို့ နေအိမ်တွင် နံနက်ဆွမ်းသုံး၍ ဝါးသုံးရုံသို့ ခရီးဆက်ခဲ့၏။

ထို့နောက် ပုလဲမြို့နယ် မင်းတိုင်ပင်အနီး ဝါးသုံးရုံသို့ ၁၃၆၁–ခုနှစ်၊ နယုန်လဆန်း(၄)ရက်၊ အင်္ဂါနေ့တွင် ကြွရောက်တော်မူသည်။ ထိုဝါးသုံးရုံစခန်းတွင် နှစ်လကျော်မျှ သီတင်းသုံးတော်မူလျက် တပည့် ဒကာ၊ဒကာမတို့ကိုလည်း ဝါမဆိုမီ သုံးရက်အတွင်း အဖူးမြော်ခံယူခဲ့သည်။

ထိုနေရာသည်လည်း ဌာနေတို့ သဒ္ဓါလွန်သည်ကတစ်ကြောင်း၊ နောက်လိုက်တွေက ကဲသည်ကတစ်ကြောင်း၊ ထိုအကြောင်းများတို့ကြောင့် ဒုတိယဝါဆိုလပြည့်နေ့တွင် ဂန့်ဂေါနယ် အလယ်ဓမ္မအထက်ရွာ ညောင်ခင်အလည်ဂူကြီးသို့ ထွက်တော်မူရာ (၆း၂၀)နာရီတွင် ရောက်တော်မူသည်။

http://www.dhammadownload.com


## ပုံညာတောင်

အလယ်ဓမ္မ နှင့် မဇ္ဈိမဓမ္မမောနိ ဂူတို့သည် ပုံတောင်–ပုံညာတို့၏အကြား၌ တည်ရှိ၏။

ပုံတောင်နှင့် ပို့ဍ်နီးလေ၏။ ပုလဲ–ဂန့်ဂေါ်သွားကားလမ်းမှ လာသမျှသော လူနှင့်ကားတို့ရပ်နားသည့် နေရာဖြစ်၏။

ဆရာတော် စီးနင်းလာသောကား ထိုတောင်သို့ ဦးတည်မောင်းတက်လာရာ ည(၆း၁၅)နာရီတွင် ပုံတောင်ထိပ်(နတ်ထိပ်)သို့ရောက်လာပြီး ထိုမှနေ (၁၀)မိနစ်လောက်အထိ ကားမောင်းရပြီး နာရီဝက်ခန့် ခြေလျင်လျှောက်ကြရာ (၇)နာရီလောက်တွင် မဇ္ဈိမသို့ ရောက်လေသည်။

လယ်ဓမ္မတစ်ရွာလုံး ပရိသတ်ကြီးကား ဂူကြီးအပြည့်ရောက်နေကြ၏။ ဆရာတော်ကိုဖူးမြော်ဖို့ ရောက်လာခြင်းဖြစ်၏။ ဆရာတော်က လယ်ဓမ္မခေါ်ရခြင်း အကြောင်းကိုမေးရာ လယ်ကို ဓားမဖြင့် တူးဆွ၍ လုပ်ကိုင် စားသောက်ရလို့ လယ်ဓမ္မမည်ကြောင်း ပြောဆိုလျှောက်ထားကြ၏။

ထိုအချိန်မှစ၍ ဆရာတော်သည် နှုတ်ခွန်းဆက်တရား ဟောကြားလိုက်တော့၏။ တရားဓမ္မအားထုတ်ကြရာ၌ ဓမ္မမျက်စိမလည်ကြစေနှင့် လည်ခဲ့သော်–

- သံသရာဝယ် ဟိုလည် သည်လည် ဖြစ်တတ်ကြစေ၏။
- ဓမ္မစခန်း၌လည်း ဟိုလည် သည်လည် ဖြစ်တတ်ကြစေ၏။ ဟူ၍ ဟောတော်မူလိုက်၏။

ဆရာတော်သည် နောက်တစ်နေ့ လပြည့်ကျော်(၁)ရက်နေ့ နံနက်တွင် ဆွမ်းခံထွက်ခဲ့သည်။ ဆွမ်းခံရွာကား ကားလမ်းမှနေ လူမမြင်ရသော တောတွင်းမှာဖြစ်၏။ ဆွမ်းလောင်းသူတို့ကား လယ်ဓမ္မရွာမှ တစ်နေ့လျှင် ခုနစ်အိမ်ကျဖြစ်၏။ ထိုသို့ဖြင့် မဇ္ဈိမမှာ တစ်ဝါဆိုတော်မူခဲ့သည်။

ထို့နောက် လယ်ဓမ္မအုပ်စု သံဃနာယကဥက္ကဋ္ဌ ဖုံးစိုးကျယ်ဆရာတော် ဦးသြဘာသ၏ တားမြစ်မိန့်ဖြင့် ၁၃၆၁–ခုနှစ်၊ဝါဆိုလပြည့်နေ့မှ ၁၃၆၃–ခုနှစ်၊

http://www.dhammadownload.com



တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်ယောက်တည်းဖြစ်စေ၊အဖွဲ့နှင့်ဖြစ်စေ မလာရောက်ဖို့ **တစ်ခါလာ တစ်ဝါနောက်ဆုတ်၊ တစ်ခါလာ တစ်နေရာပြောင်းမည်** ဟု အမိန့်ထုတ်၍ ဖြန့်ဝေခဲ့လေသည်။

ထိုဝါတွင်းသည် တစ်ဝါတွင်းလုံးပင် ငြိမ်သက်၏။ အနီးရှိ ဒကာ၊ ဒကာမများကလည်း နွားကျောင်းသားပင် လာမကျောင်းကြချေ။ ယောသူ၊ ယောသားများကလည်း ရိုးသားကြ၏၊ အမိန့်နာခံ၏ ထို့ကြောင့်လည်း အေးငြိမ်းစွာ အားထုတ်ခွင့်ရ၏။

သီတင်းကျွတ်ခါနီးတွင် ပတ်ဝန်းကျင်ရွာများက အုံနဲ့အဖွဲ့နဲ့ လာရောက်လောင်းကြတော့၏။ ခုနစ်ဦးကျကား ပျက်သွားရပြီ။ ရန်ကုန်၊သာစည်တို့လည်း ညဏ်စုံနဲ့ ဝင်လာကြပြီ။ ဆရာတော် သီတင်းသုံးရာသို့ပင် အတင်းအဓမ္မ ဝင်လိုသူများလည်း ပေါ်လာကြချေပြီ။

## ခမ်းချောင်းတစ်နေရာ ကျောက်ဖျာတွင်

သို့ဖြစ်၍ သီတင်းကျွတ်လပြည့်နေ့ ညနေ(၃)နာရီတွင် မဇ္ဈိမဓမ္မမောနိဂူမှ အပြီးအပိုင်ကြွထွက်လာတော်မူသည်။ ဆရာတော်၏ခြေလှမ်းများက မဟာမြိုင်တောဆီသို့ လှမ်းခဲ့သည်။

ဆရာတော်သည် ထွက်သာထွက်ခဲ့ရပေမယ့် ဘယ်ကနေ ဘယ်သွားရမှန်းပင်မသိ ကြားဖူးသည်ကား ပုံညာတောင်နှစ်တောင်အကြား ရွာများတွင် ကန့်သက်ရွာက မဟာမြိုင်အစပ်များ၌တည်ပြီး သူ့အောက် နှံ့ရွာ၊ ကျဲရွာ၊ စကားရွာ သုံးရွာသာရှိ၏။ ယင်းသို့ ရွာငယ်၏ နောက်ကြောရှိ ပဲမစားရွာမှနေ သွားရမည်ဟု ကြားဖူးထားခဲ့၏။

ကျော ခေါင်းရင်းရှိ ရွာငယ်နှင့်မကင်းသော ရွာငယ်ကိုကျော်၍ တောလမ်းမှပင် ဆရာတော် ခရီးဆက်နေခဲ့သည်။ ဆရာတော်သည် အိမ်ပြန်နွား

http://www.dhammadownload.com



အုပ်ကြီးများအသံ၊ အိမ်ပြန်ထွက်သမားတို့၏ အသံကြားတိုင်းလည်း ကွယ်ရာမှာ ရပ်နေပေးရ၏။ ထိုအသံများလည်းစဲသွားသော် နေဝင်သွားတော့ချေပြီ။

ဆရာတော်သည် နေဝင်သွားပြီဖြစ်၍ ခရီးဆက်၍မဖြစ်တော့ပြီ။ ရွာလည်း မတွေ့သေး၊ရွာတွေ့သော်မှ တိတ်တဆိတ်ထွက်လာခြင်းကြောင့်လည်း မတွေ့လိုချေ။ တောင်နှစ်တောင်အကြားတွင် လပြည့်နေ့လမင်းကြီးက အလင်းရောင် ဖြာထွက်နေလေပြီ။

ဆရာတော်သည် စမ်းချောင်းကြီးနှစ်ချောင်းတို့ရဲ့အလယ် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးပေါ်မှာပင် တစ်ညတာနားခိုခဲ့ရလေသည်။ ဆရာတော်သည် မေတ္တာဘာဝနာ၊ ကမ္မဋ္ဌာန်းဘာဝနာများကို ရှုပွားရင်း တစ်ညတာ ကုန်ခဲ့ရလေသည်။

## မိပုန်

ထိုညတွင် ပုံတောင်ထိပ်မှ မိပုန်(ဆရာတော်အခေါ်)သည် ပုံတောင်ပုံညာ အမည်သည် သူမပုန်းခိုရာမှ တွင်လာသောအမည်ဆို၏။ သူမသည် စိတ်တန်ခိုး သတ္တိကြီးမားသော မိန်းကလေးဖြစ်ခဲ့၏။ ထို စိတ်တန်ခိုးသတ္တိ ကြီးမားကြောင်း ပုဂံဘုရင်က သတင်းကြားသွားသောကြောင့် တိမ်းရှောင်နေရသော ယောသူ မိန်းကလေးတစ်ဦးဟု ဆို၏။

ထိုမိပုန်သည် ပုံတောင်ထိပ်မှနေ တစ်လှမ်းခြင်း ဆင်းလာနေသည်ကို အထင်းသားမြင်နေရသည်။ အနီးသို့ရောက်သောအခါ အနီးချင်းတို့ ထုံးစံအတိုင်း ပို၍ပင် ပီပြင်လာတော့၏။ အသက်အရွယ်က(၄၀)ကျော် ဝန်းကျင်ခန့် ရှိသည်၊ ရုပ်ပုံက ယောသူတို့၏ အသွေးရောင်အတိုင်း ညိုပြာညက်နှင့်ဖြစ်၏။ ကိုယ်လုံး ကိုယ်ထည်က ငါးရံ့ကိုယ်လုံးပမာရှိ၏။ အဝတ်အစားက အဝါအညို အလုံးလေး များ ရိုက်ထားသည့် လုံချည်–အင်္ကျီဆင်များ ဝတ်ဆင်ထား၏။ ထိုမိပုန်ကား တက္ကန္ဓေကြီး၏။ အသွားအလာ အမူအရာ လှုပ်ရှားပုံကအစ ကလက်ခြင်းမရှိချေ၊

http://www.dhammadownload.com


ဆရာတော်၏ ရှေ့သို့ ရောက်သောအခါ ရပ်လျက် ရှိခိုးကန်တော့ရင်း–

'အရှင်ဘုရားရည်မှန်းထားတဲ့ တောကြီးအတွင်းသို့ကြွပါ၊ တောဝင်စစ်သားများကို အကျိုးအကြောင်းပြော ဝင်သွားပါ၊ ဘာအန္တရာယ်မှမရှိပါ ' ဟုပြောပြီး ရုတ်တရက်ပျောက်ကွယ်သွားတော့၏။

ဆရာတော် ဤဖြစ်စဉ်တွေ့လိုက်ရာ ''အင်း.. ငါလျှမ်းသည့်လမ်းက တန်းမိနေပါပေါ့ကလား''ဟု ကျေနပ်တော်မူခဲ့လေသည်။

နံနက်မိုးသောက် အလင်းရောက်သော် စမ်းချောင်းတွင်းဆင်း၍ ကိုယ်လက်သန့်ရှင်း၏၊ ထို့နောက် ပါလာသမျှ သပိတ်၊သင်္ကန်းပရိက္ခရာကို လွယ်ကာထမ်း၍ တွေ့ မြင်ရာလမ်း လျှမ်းလေတော့၏။ သွားရာလမ်းများက လည်း ယာစပါးများလုပ်ကိုင်ရာ သွားလမ်းများချည်းသာ ဖြစ်နေပြန်၏။ ဆရာတော်သည် လမ်းမျိုးစုံလျှောက်– မဟုတ်လျှင်နောက်သို့ခေါက်၊ နောက်ဆုံးတော့ အောက်စုန်လမ်း တစ်လမ်းအတိုင်း လိုက်ခဲ့ရာ လမ်းတွင် ယာထဲဆင်းသူများနှင့်တွေ့ရာ ဤလမ်းက ရွာငယ်သို့ ဆင်းလမ်းဟု သိရ၏။

ဤသို့ဖြင့် ကားလမ်းနှင့် နီးခါနီးတွင် လမ်းဖဲ့ကာ ပဲမစားဘက် ထွက်ခဲ့ရ၏။ ဖဲ့ထွက်ခဲ့သော်လည်း လမ်းမတွေ့သေး၊ နေ့ခင်းရောက်မှသာ လမ်းတွေ့ရတော့၏။ ထိုနေ့က မိုးသည်းထန်စွာ ရွာသွန်း၏၊ မိုးအောက်ကပင် ခရီးလမ်း စမ်းတဝါးဝါး ကြွတော်မူနေရကား နေဝင်ခါနီးမှသာ ပဲမစားသို့ ဆိုက်ရောက်တော့၏။ ထိုနေ့သည်ကား ဆွမ်းနှင့်ဝမ်း ဝေးရသောနေ့ ဖြစ်လေတော့သည်။

ထိုရောက်မှ ပုံတောင်ညာ ဆန်တက်လမ်း စကားရွာကို ဘယ်ကသွားရမလဲ ဟု လမ်းဘေးအိမ်ကိုမေးလိုက်၏။ ထိုအိမ်တွင် လယ်ဓမ္မသို့ ကျောင်းတက်နေသော ရွာငယ်နေ လယ်ဓမ္မကျောင်းဆရာတော်၏မရီးလည်းရှိနေချေရာ မဟာဗောဓိမြိုင် ဆရာတော်မှန်း သိသွားတော့၏။

ထိုလင်မယားနှစ်ဦးစလုံးတို့ အိမ်မှဆင်းလာကြတော့၏။ ပစ္စည်းများလည်း ကူပြီးယူ၏။ ခင်ပွန်းသည်ကား ဆရာတော်၏နောက်ကလိုက်ပါလာတော့၏။

http://www.dhammadownload.com


ဇနီးသည်က ရပ်၍ကျန်ခဲ့လေသည်။ ရွာငယ်နေ သူ့မတ် ကျောင်းဆရာတော် ရှိရာသို့ သတင်းပို့ပါတော့၏။

ထို ပဲမစားရွာတွင်းကနေ စကားရွာ၊ ကျဲရွာ၊ နှံးရွာ၊ ကန့်သက်ရွာသို့ တက်ရာလမ်း လှမ်းလာနေစဉ် တောင်ကျရေများက ထိုးဆင်းလာလေသော ကြောင့် ရွာကိုပတ်စီးသည့်ချောင်းကြီး ရေများလျှံလာတော့ရာ ပဲမစားမှ စကားသို့ သွားရာလမ်းကိုပင် ထိုချောင်းက ကာဆီးထားလိုက်ပေပြီ။ နာရီဝက်ခန့် စောင့်နားနေရလေသည်။

ဆရာတော်သည် ချောင်းမြစ်ရေ ကာဆီး၍ ရပ်နားစောင့်နေစဉ်မှာတော့ နံနက်ပိုင်းက ကားတစ်စီး လူအပြည့်ဖြင့် မဏ္ဍိုမဆွမ်းလောင်းရုံသို့ သွားကြရာမှ ဆရာတော်အား ဖူးလည်းမဖူးခဲ့ရ၊ ဆွမ်းလည်းမလောင်းလှူခဲ့ရဘဲ ပြန်လာသော ကားသည် ပဲမစားရွာမှာတော့ တဝကြီး ဖူးခွင့်ရသွားတော့၏။ ဆရာတော် မဖူးခဲ့ရလို့ စိတ်ဓာတ်ကျသူတွေလည်း 'တို့ကံကောင်းလေခြင်း'ဟူ၍ ဖူးမြော်ကြ လေသည်။

ရေကျချိန်ရောက်တော့ လိုက်ပို့သူများ၏အကူအညီဖြင့် ခရီးဆက်ခဲ့ရ သည်။ ပထမတော့ ဆင်ဝိုင်းတွင် ညနားရန်စီစဉ်ကြပြီး၊ ထို့နောက် ပို၍ဆိတ်ငြိမ် သော ဦးတောကျော်၏ လယ်တဲအိမ်ကလေးတွင် ဆရာတော် အနားယူခဲ့ရသည်။ လိုက်ပို့သူများဖြင့်လည်း စကားပြောရင်း၊ တရားဟောရင်းပင် မိုးချုပ်ခဲ့ရလေပြီ။

ရွာငယ်နေ လယ်ဓမ္မကျောင်းဆရာတော် ခေါင်းဆောင်ပြီး ရွှေပင်၊ပဲမစား မှ ဒကာများပါနောက်ပါလျက် စကား၊ ကျဲ၊ နှံး၊ ကန့်သက်ဆီသို့ ပုံညာတောင် စခန်းတက်ခရီး ထွက်ခဲ့ကြလေပြီ။

ဆရာတော်သည် နောက်တစ်နေ့ ခရီးဆက်ရာ လမ်းခရီးကား ကြမ်းလှ၏။ ရွှံ့ဗွက်ကြီးလှ၏။ ဆင်ခြေရာများနင်းမိပါက ပေါင်အရင်းအထိ ဗွက်ထိသွားတတ်၏။ ဆရာတော်ကိုကား လယ်တဲရှင် ဦးတောကျော်၏သားက တာဝန်ယူ၍ တွဲခေါ်ခဲ့ရလေသည်။

http://www.dhammadownload.com



ဆရာတော်သည် စကားရောက်ရန် နာရီဝက်ခန့်အကြာလိုနေသော အခါတွင် ကျောင်းဆရာသည် စကားသို့ပြန်သည့် စကားဒကာနှင့် နောက်တစ်ယောက် တို့အား တိုးတိုးစကားမှာကြား၍ ရှေ့မှ အပြေးသွားနှင့်စေပြီး သူရော ဆရာတော် တို့က မှန်တန်းပဲကြွသွားတော်မူ၏။

စကားရောက်သောအခါ မြောက်ဘက်ရှိ လူလွတ် တောကျောင်းတွင် နေရာပေး၏။ ရွာခေါင်းဆောင်(တစ်ခါကဥက္ကဋ္ဌ)၏ နှုးဆော်ချက်အရ တစ်ရွာလုံး လာကြ၏။ ဆွမ်းလောင်းလှူကြ၏။ ယခု လယ်ဓမ္မကျောင်းဆရာသည် ယခင်က စကားကျောင်းဆရာဖြစ်ခဲ့ပြီး ဥက္ကဋ္ဌဟောင်းအပေါ် ဩဇာသက်ရောက်လေသည်။

ရွာသားများလည်း ဆွမ်းလှူဒါန်းရင်း၊ ဆရာတော်ဖူးရင်း များစွာလာကြ ၏။ ထို့နောက်တွင် ရွာခေါင်းဆောင်ကား စကား၌ သီတင်းသုံးတော်မူရန် လျှောက်ထား၏။ ဆရာတော်က လက်မခံခဲ့ချေ။ ဆရာတော်သည် မဟာမြိုင်ဆီ သို့သာ ဦးတည်ဆဲပင်။

သို့သော်လည်း ထိုအချိန်များတွင် မိုးသည်းထန်စွာ ရွာသွန်းနေ၏။ တစ်ရက်နှင့်မနား၊ နှစ်ရက်နှင့်မနား၊ သုံးလေးရက်မြောက်အထိ ရွာသွန်းနေသဖြင့် ရှေ့ဆက်ရမည့်ခရီး စိတ်ကုန်လာတော့၏။ ငါးရက်မြောက်တွင် ဆရာတော်သည် သုံးဝါလောက်နေပေးပြီး ခရီးဆက်အံ့ဖြင့် စကားရွာသားတို့၏ လျှောက်ထားချက် ကို လက်ခံလိုက်တော့၏။ မိုးကလည်း တစ်ပါတ်လောက်အထိ ဆက်နေဆဲပင် ဖြစ်၏။

မဇ္ဈိမမှ မဟာမြိုင်အကြား စကားမှာခဏနားရပြီး မဟာမြိုင် ထိုင်၍စောင့် လေသတည်း။

http://www.dhammadownload.com



## ရွှေဘုံထီးနှင့် အပုံကြီးကျွာပြီ

စကားကျေးရွာ ဒကာ၊ဒကာမများသည် ဆရာတော်၏ ခွင့်ပြုချက်ရသည်နှင့် သဒ္ဓါထက်သန်စွာဖြင့် ကျွဲကူးချောင်းဘေး ပုံတောင်ခြေ၌ တည်ဆောက်ပေးကြတော့၏။ ရွာက စုစုပေါင်းအိမ်ခြေနှစ်ရာကျော် စေတနာကသန့်၊ လူများကလည်း ညီကြသဖြင့် ထိုကျောင်းကလေး ရက်ပိုင်းအတွင်း ပြီးစီးခဲ့၏။ တန်ဆောင်မုန်းလဆန်း(၁၁)ရက် ထိုကျောင်းသို့ရောက်၏။

ထိုကျောင်းကလေးကို ဆရာတော်က မောရ်နေရသော တောကျောင်းဖြစ်သောကြောင့် "**မောနေယျတော**"ဟု အမည်ပေးခဲ့သည်။

ပါဠိစာပေအရ ဆိုရပါမူ-

**မောနေယျ**-ရဟန်း၏အဖြစ်၊ ရဟန်း၏အကျင့်၊ ပညာရှိသောသူ၏အဖြစ်ဟု မြန်မာပြန်ဆိုရပါသည်။

**တော**-ကား တောတောင်၊ ဥယျာဉ်တို့ ဖြစ်ချေ၏။

မိပုန် လမ်းပြတိုက်တွန်းပေးလိုက်သော မဟာမြိုင်နှင့်ကား ဝေးလေပြီ။

ထိုမဟာမြိုင်သည် တိုင်အားဖြင့် ပတ်ပတ်လည်(၂၈)တိုင် ကျယ်ဝန်း၏ဟု ဆိုချေ၏။

အစိုးရက ဘေးမဲ့တောသတ်မှတ်ပြီး 'ပြည်သူ့ ဥယျာဉ်' အမည်ပေးထား၏ ဆို၏။

ထိုမဟာမြိုင်တောသို့တက်ရန် ထိုမောနေယျတောတွင် ဆရာတော်သီတင်းသုံးစဉ်က အိပ်မက်သည်မှာ-

ယခုနေသော ပုံတောင်၊ ပုံညာဒေသက မှတ်ပုံတင်ဓာတ်ပုံရိုက်ခံနေရသောနေရာ၊ ထိုမဟာမြိုင်တောကမှ တကယ့်ဆေးဝါးကုသခံရမည့် နေရာဟုဆိုခဲ့၏။

ထိုမောနေယျတောတွင် တစ်ဝါသီတင်းသုံးတော်မူသည်။ တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်တွင် ရန်ကုန်ဒါယကာလူတစ်စုနှင့် ဥက္ကဋ္ဌဟောင်း၏

http://www.dhammadownload.com



စိတ်ပြောင်းမှုကြောင့် မောနေယျတောမှ လပြည့်ကျော်(၈)ရက်၊ ည(၁း၂၈)နာရီတွင် ခရီးဆက် ထွက်ခဲ့သည်။

## မောနေယျမှ အမောပြေရမည်

ဆရာတော်သည် မောနေယျတောကုန်းဘေးရှိ ချောင်းကို ဖြတ်ကျော်၍ ထွက်ခဲ့ရာ တောင်တက်လမ်း၊တောင်ဆင်းလမ်းများ အကြိမ်ကြိမ်မှား၍ နောက်ကြောင်းပြန်ခဲ့ရသည်။ သက်နီး၊သပိတ်၊ပရိက္ခရာတွေ လွယ်လျက် လရောင်မှုန်၊ ဓာတ်ခဲသေးနှစ်လုံးစုံထိုးသည့် လက်နှိပ်မီး အားကိုးဖြင့် ချောင်းကို ဖြတ်၍ လမ်းစပ် ရှာသောအခါ ချောင်းတစ်ဘက် တက်ရာလမ်းချည်းသာ တွေ့မြင်ခဲ့ရ၏။

လကလည်းမှုန်၊ ဓာတ်ခဲကလည်း ကုန်လုနီးပြီ မြေရောင်ကလည်းမဲမဲ တစ်ပါးဖြင့် လှမ်းစရာ လမ်းစမမြင်ဖြစ်နေရ၏။ ထိုမှာပင် အနားယူလိုက်ရတော့သည်။

နံနက်မိုးလင်းလျှင် အတက်လမ်းကြီးအတိုင်း တက်သွားရာ ပုံတောင်ထိပ်သို့ နံနက်(၉)နာရီတိတိ ရောက်သွားလေ၏။ ထိုပုံတောင်ထိပ်မှနေ လာရာလမ်း လှမ်းကြည့်မိရာ စကားရွာကြီးကိုလည်းတွေ့ရသည်။ မင်္ဂလာဆောင်က အသံချဲ့စက်သံလည်း ကြားရသည်။ နေစဉ်ဆွမ်းခံချိန်ကလည်းရောက်နေ၏။ ထိုတောင်ထိပ်မှနေ ဆွမ်းအလှူရှင်များ၊ ကျောင်းအလှူရှင်များ၊ ပစ္စည်းအလှူရှင်များ၊ စေတနာရှင်များ အစောင့်အရှောက်ပေးကြသည့် ပုညရက္ခိတ အလှူရှင်များ၊ စကားရွာနှင့်စပ်သမျှ ရဟန်းရှင်လူ သူတော်စင်အားလုံးအထိ မေတ္တာပွားတော်မူလေသည်။ ဆရာတော်ကား မေတ္တာတရားဖြင့် နှုတ်ဆက်ထားတော် မူခဲ့လေသည်။

ဆရာတော်သည် တောင်ထိပ်ဝယ်–

ဘယ်တုန်းကမှ မရှိခဲ့ဘူးသော ချမ်းသာတစ်မျိုး၊ ယခုပွဲတိုး ခွင့်ရလိုက်

http://www.dhammadownload.com


ချေပြီ။ ယင်းကား–ဘယ်မှာ၊ဘယ်နေရာဟူ၍ လုံးဝမရှိသော ခရီးသွား ဖြစ်ခွင့်ရနေခြင်းပင်။

သည်ခရီးကား–

နောက်၌ကျန်ရစ်ခဲ့သော စကား၊မောနေယျတောတို့ကလည်း အလွတ်ဖြစ်သွားပြီ။

ရှေ့၌ ဘယ်မှာ၊ ဘယ်နေရာ အစွဲမရှိလာသေး၍ အလွတ်ဖြစ်နေပြီ။

ဤအလွတ်နှစ်ပါးတို့၏ ခုလပ်ကြား ခရီးသွားနေရရာ–

- နောက်မျှော်၍ပေါ်လာသော သောကမရှိ၊
- ရှေ့တွေးကြောင့် မေးတင်လာသော သောကလည်းမရှိ၊
- ခရီးသွားခြင်း၊ စိတ်ချင်းဖိမိသဖြင့် အိကျလာသောသောကလည်း မရှိချေ။

သို့ကြောင့် အလပ်တွင်ဖြစ်သော အလွတ်ချမ်းသာ ခံစားခွင့်ရသည့် ဤပီတိသုခမျိုး ပွဲတိုးသမျှထဲ ဘယ်ပွဲမှာမှ နွှဲခွင့်မရခဲ့စဖူး ဟူ၍ပင်–

ယခုလှမ်းနေသည့် ခရီးခြေလှမ်းကား ဘယ်မှာရပ်နားမည် အကန့်အသတ်မရှိ၊ ဘယ်သူများနှင့်တွေ့၍ ဘယ်လိုကိစ္စမျိုးဆောင်ရွက်ရမည် အချိန်းအချက်လည်း မရှိ၊ သို့ဖြင့် ဆရာတော်သည် ပျော်ပျော်ပြုံးလျက် တောင်အောက်ဆုံးသို့ ငုံ့ဆင်းခဲ့၏။ နေ့လည်နှစ်နာရီခန့်လောက်တွင် ကျွဲခလောက်သံလည်းကြား၊ ကျွဲကျောင်း မိန်းကလေး သီချင်းသံကလည်း နားထဲဝင်သဖြင့် ကြည့်ရင်းက–

*'အို– ရွာနားနီးနေပြီထင်ရဲ့ ဘာရွာများလဲ...'*

သည်အတွေးကလည်း ပြေးဝင်လာခဲ့ရာ–

ပထမ ဘုရားလမ်းရောက်ချင်ဇောများ စောလာတော့၏။ ထို့နောက် ကျွဲခလောက်သံ နားထောင်ရင်း လမ်းဖဝါးနင်း ပြင်းပြင်းသွင်းရန်သာ ရှိသည်။

ကျွဲခလောက်သံကား တစ်စတစ်စ ဝေး၍ဝေး၍သွားချေပြီ။

ဖဝါးအောက်ကလမ်းကား ကြာလေ ရှည်လေ ဖြစ်လာနေချေပြီ။

http://www.dhammadownload.com


သည်အထဲ သဲချောင်းဆိုတဲ့ချောင်းကြီးက ကာဆီးထားသေး၏ တစ်ဘက်ကမ်းလှမ်းကြည့်သော် မြင့်စောက်နေ၏။ ချောင်းတက်နေရာတွင် ဝါးထိုးတံခါးက ပိတ်ထားလိုက်သေး၏။ ထိုနေ့ကား ဆွမ်းနှင့်ဝမ်း သေခန်းရှင်ခန်း တစ်နေ့လုံးပြတ်ခဲ့ရလေသည်။

သည်အခါ ခြေကုန်အားယုတ်နေသော ဆရာတော်သည် ထိုနေရာမှာပင် ရပ်လိုက်ရပြီး လူသွားလမ်းမှဖယ်၍ ချောင်ကျသောနေရာဝယ် အနားယူလိုက်ရသည်။

သည်နေရာတွင် တစ်နာရီလောက်ကြာသွားသည်။ ညနေ(၃)နာရီခန့်လောက်တွင် အမောဖြေရသောက်ရ၏။ ဆရာတော်သည် ဆွမ်းမဘုန်းပေးခဲ့ရသဖြင့် တောင်တက်၊တောင်ဆင်းခရီးမှာ ပင်ပန်း၍ ရေကိုသာ ဖိသောက်နေရလေ၏။

ရေဘုန်းပေးပြီးနောက် တစ်ဘက်ကမ်းသို့ ဖြေးဖြေးလှမ်းတက်ရင်းဆိုကာ နေရာမှထ၍ ချောင်းတွင်းဆင်းလိုက်၏။ နောက်ပိုးလွယ်၊ ဘေးလွယ်၊ ရင်ဆွဲလွယ် များကို ကျောက်တုံးကြီးပေါ်တင်ထားလိုက်၏။ ပြီးသော် ရေဘုန်းပေး၍ ခေတ္တအနား ယူနေစဉ်–

အနောက်ဘက်မှအရှေ့ဘက်သို့ ဆင်းလာသည့် ကျွဲကုန်သည် အဖွဲ့များနှင့်တွေ့ပါတော့၏။ ထိုကျွဲကုန်သည်တို့ကား ကန့်သက်ရွာမှကျွဲများဝယ်လာပြီး နွယ်အင်းရွာသို့ သယ်မည့်သူများပင်ဖြစ်ရာ နွယ်အင်းရွာနှင့်မဝေးလှသော ဝါးသုံးရုံတွင် သီတင်းသုံးတော်မူခဲ့ဖူးသည့် မဟာဗောဓိမြိုင်ဆရာတော်ကိုကား တွေ့တွေ့ချင်းပင် မှတ်မိနေတော့၏။

ဆရာတော်သယ်ဆောင်လာသည့် သက်န်း၊ သပိတ်၊ ပရိက္ခရာ တို့ကိုကား ကန့်သက်ရွာမှ ကျွဲသမားများအဖော်ခေါ်လာသည့် 'မင်းအောင်'ဆိုသူကလေးက ကူသယ်ပေး၏။ ထိုသို့ဖြင့် အလောင်းတော်သို့သွားရာ ဘုရားလမ်းပေါ်မှ ကျော်တောရွာအနီးရှိ တောင်ခြေသို့ နေဝင်ပြီးချိန်မှာ ရောက်ရှိသွားပါတော့၏။

http://www.dhammadownload.com


# လယ်တဲမှာ တစ်ပါးတည်းသာ

ဆရာတော်သည် တောင်ခြေသို့အရောက်တွင် လမ်းဖယ်သွားရန် စိတ်ကူးသေး၏။ သို့သော်လည်း ကျွဲကုန်သည် ဒကာကြီးများက တောင်ခြေရှိ လယ်တဲတစ်တဲတွင် သူတို့နှင့် လိုက်ပါတည်းခိုရန်နှင့် နောက်နေ့နံနက်တွင်–

ဘုရားလမ်းအတိုင်း အထက်ဆန်လိုက ဆန်ကြွရန်၊ အရှေ့ဘက် ဗန်ကျီတောင်ခြေအထိ ခရီးဆက်လိုကဆက်ကြွရန် လျှောက်ကြ၏။

ထို့နောက် ကျော်တောဒကာများအား သူတို့အကူအညီတောင်းပေး မည့်အကြောင်း လျှောက်ထားသဖြင့် ဆရာတော်သည် သဘောတူကာ ကျွဲကုန်သည်များနှင့်အတူ ကျော်တောပိုင် လယ်တဲတစ်တဲတွင်ဝင်ပြီး သီတင်းသုံး ရ၏။

ယင်းလယ်တဲပိုင်ရှင်ကား ဦးသိန်းဟံ+ဒေါ်မြအေးတို့ဖြစ်၏။ တိုက်ဆိုင်မှု ကား နေ့လည်ခင်းက သီချင်းသီဆိုကာ ကျွဲကျောင်းပြီး ပြန်သွားသူလေးကား သူတို့၏သမီး ဖြစ်နေလေတော့၏။

ဆရာတော်ကြွရောက်ချိန်တွင် ထိုတဲ၌ ဒေါ်မြအေး သားအမိသာရှိ၏။ ဦးသိန်းဟံ ရွာထဲသို့သွားနေ၏။ ဒေါ်မြအေး သားအမိသည် ကျွဲသမားများအတွက် ထမင်းဟင်းများချက်ပေးပြီး ရွာထဲပြန်သွားကြသည်။ ကျွဲသမားများလည်း ရွာထဲသို့ ခေတ္တဆင်းသွားကြလေသည်။ထိုသူများ ပြန်မရောက်လာမီမှာ ရွာထဲမှလူများ ဆရာတော်ထံရောက်လာကြကုန်တော့၏။ သတင်းကား ချက်ချင်း ပျံ့နှံ့သွားချေပြီ။ နောက်တစ်နေ့နံနက်တွင်ကား အနီးရွာများကပါ သတင်းကြားဖြင့် လာရောက်ဖူးမြော်ကြရာ နံနက်မလင်းမီကပင် တဲဝင်းအတွင်း မဆံ့ဖြစ်လာ တော့သည်။ကျွဲကုန်သည်များလည်း ခရီးဆက်သွားကြလေပြီ။

ဆရာတော် ကြွသွားတော်မူပြီး နောက်တစ်ရက်တွင် ဆွမ်းလောင်းမည့် ဆယ်ဦးတို့ ဆွမ်းအုပ်ကိုယ်စီဖြင့် မောနေယျကုန်းသို့တက်ခဲ့ကြ၏။ ထိုအထဲ ရွာခေါင်းဆောင်လည်းပါ၏။ ဆရာတော်ဆွမ်းခံကြွမလာသဖြင့် သွားရောက်ကြည့်

ကြ၏။ဆရာတော်ကား ကြွသွားတော်မူပြီ။ ထိုသတင်းမှာ စကားရှာမင်္ဂလာဆောင် ရှိသဖြင့် သတင်းကား ချက်ခြင်းပျံ့နှံ့သွားလေ၏။ တစ်ရွာလုံးလည်း သောကစိတ်၊ ယူကြုံးမရစိတ်၊ မကျေနပ်စိတ် ကိုယ်စီတို့ဖြင့် နောက်ဆုံးတော့ ရှာခေါင်းဆောင်၏ အိမ်ကို ခဲပေါက်သည်အထိ ဖြစ်သွားခဲ့ရလေ၏။ ကျောက်ခဲမိုးကား သုံးညရွာ၍ ရှာခေါင်းဆောင် ထွက်ပြေးရသည်ဟုဆို၏။

## ပဋိပတ္တိတောကျွင်

ကျော်တောရွာဒကာ၊ဒကာမများကလည်း သဒ္ဓါတရားဖြင့် သိတင်းသုံးဖို့ရန် လျှောက်ထားပြီး ချက်ချင်းပြီးကျောင်းနေရာရွေး၍ ဆောက်လုပ်နေကြပြီ။

စကားမှလည်း ရွာကုန်၊လူကုန် တစ်နေ့တစ်ဖွဲ့ကျန်ဖြင့် လာရောက်ပင့်နေကြချေပြီ။

ညှော်နံ့သာရ မကြော်လိုက်ရသော ကန့်သက်ကလည်း လူကြီးများ ကိုယ်တိုင် လာရောက်ပင့်နေကြချေပြီ၊

ပုံတောင်၊ ဗန်ကျီတောင်ကြား ရွာများမှလည်း ဖူးလာမစဲ တသဲသဲနှင့် ပွဲဖြစ်နေပြီ။

ကျော်တောရွာသားတို့ ဆောက်လုပ်သောကျောင်းကား ပြီးပါပြီ။ အကျယ်ကတော့ ဝါးတောင်ပတ်လည်လောက်ရှိသော တောရကျောင်းကလေးဖြစ်၏။ ယင်းကျောင်း အမည်ကိုတော့ ပုလဲနယ်ကနေ ပုံတောင်ကျော် ကူးသွားရာမှ ယခုတစ်ဖန် ပုံတောင်ကျော်ကူးပြီး ပုလဲနယ်ထဲ ပြန်ရောက်လာသည်ကို အစွဲပြု၍–**'ပဋိပတ္တိတောစခန်း'** ဟု အမည်ပေးတော်မူ၏။

ပဋိ–တဖန်၊ ပတ္တိ–ရောက်ရှိလာခြင်း။

ပဋိပတ္တိ–တဖန်ပြန်ရောက်လာပြီး နေပေးရသော တောကျောင်းဖြစ်၏။

စာပေအရ ပဋိပတ္တိ–အကျင့်၊ ကျင့်ဝတ်၊ ကျင့်ခြင်း အဓိပ္ပါယ်ရ၏။

http://www.dhammadownload.com


၁၃၆၂–ခုနှစ်၊တန်ဆောင်မုန်းလကွယ်နေ့ ကျောင်းရေစက်ချပေးပြီး ညနေ (၃း၁၅)နာရီခန့်တွင် ပဋ္ဌပတ္တိတောစခန်းသို့ ကြွတော်မူခဲ့သည်။

ဆရာတော် တောလမ်းတလျှောက် တစ်ပါးတည်း ကြွတော်မူခဲ့ရာ လမ်းတွင် လဲကျလာရာမှဖြစ်သောဒဏ်ရာ၊ ဖိနပ်မပါ ကျောက်ခဲနင်းရာမှ ဖြစ်ပေါ်ခဲ့သော ဒဏ်ရာများကြောင့် အနားယူလိုက်ရတော့၏။ ထိုအတွင်းမှာ ကျော်တော ဉက္ကဋ္ဌဟောင်း အဖိုးဦးသောင်းဝေက ဆွမ်းပို့ပေး၏။

ထို့နောက် ကျော်တောသို့ဆွမ်းခံ၏။ တစ်နယ်လုံး **ဒါတုံ–သောတုံ–ပသိတုံ၊** လျှုဒါန်းဖြင်းငှာ၊ ကြားနာခြင်းငှာ၊ ဖူးမျှော်ခြင်းငှာ ခွင့်ပြုတော်မူရကား တစ်နယ်လုံးရော အနောက်ဘက်ရွာများကပါ ဆွမ်း လာလောင်းကြ၏။ တရားနာယူကြ၏၊ ဖူးမြော်ကြ၏။ နတ်တော်လပြည့်နေ့မှလကွယ်နေ့အထိ (၁၅)ရက်က ရေစက်ချ၊ တရားဟော၊ အဖူးအတွေ့ ခံခဲ့ရ၏။ ပြာသိုလ်လဆန်းမှစ၍ ဘယ်သူမှမလာရ အမိန့်ဖြင့် တံခါးပိတ်လိုက်တော့သည်။

http://www.dhammadownload.com



# လက်ကျန်ပိတ်မရသော ခရီးရှည်တစ်

လူ့ပြည်ဒေသ အခြေချ နေရပ်ပေါင်းကများလှပြီ၊
နေဆဲကပင် သေပွဲပြင် သေခွင်ဝင်ပေါင်းများလှပြီ၊
နေရေးမှကျော် သေဘေးပေါ် တော်ပြီဟူ၍မရှိပြီ၊
သေဘေးမှကျော် နေရေးပေါ် တော်ပြီဟူ၍မရှိပြီ၊
နေခွင့်ပြုရာ ဤကမ္ဘာ ချစ်ရာဖွေဆဲရှိသေးသည်၊
သေမိန့်ချရာ ဝေဒနာ ခြေရာခံမြဲရှိသေးသည်၊
ဝဋ်လွတ်သတ္တာ မြတ်ဓမ္မာ လှပ်ချိုမကြည်ရှိသေးသည်၊
ဝဋ်မြစ်နစ်ပါး လွတ်စေသား စကားမျှသာရှိနေသည်၊
သေခြင်းတရား ကင်းစေသား စကားမျှသာရှိနေသည်၊
သည်တိုင်းသာဆို ဝဋ်လိုလို ကြိုဆိုမြဲပင်ရှိနေသည်၊
လူ့ဘောဒေသ အခြေချ နေရပ်ပေါင်းကများဦးမည်၊
နေဆဲကပင် သေပွဲပြင် သေခွင်ဝင်ပေါင်းများဦးမည်၊

http://www.dhammadownload.com



## အလောင်းတော် ကဿပ

ကျော်တော ပဋိပတ်တောစခန်းတွင် ၁၃၆၂-ခုနှစ် ဆောင်းခိုနေချိန် ဖြစ်၏။ ထိုအချိန် ညနေပိုင်းများတွင် စကြ်န်လျှောက်ရင်း ပုံတောင်ချောင်း စီးဆင်းရာဘက်သို့ ဆင်းသက်၍ ဆရာတော် လမ်းလျှောက်ခဲ့သည်။

ပုံတောင်ချောင်းဘေးတွင်ကား ချိုင့်ဝှမ်းလွင်ပြင်ငယ်တစ်ခုကို တွေ့ရသည်။ ပိုင်ရှင်မှာ စောကျောက်ကွေ့(ဦးသောင်းဝေ၏ယောက်ဖ)ပိုင် ယာကွက်ဖြစ်နေပြီး ဒေသအခေါ် အိုက်(ဗျိုက်)ခေါ်ဆို၏။ ယခင်က ထန်းပင်ရှိ၍ ထန်းပင်အိုက်ဟုတွင်၏။

ဆရာတော် ထိုနေရာကလေးကိုကြည့်၍ နေချင်စိတ်၊ တရားအားထုတ်ချင်စိတ် ဖြစ်ပေါ်လာခဲ့၏။ ကျောင်း၊ ဓမ္မာရုံများ ကျယ်ပြန့်စွာ ဆောက်နိုင်၏။ လမ်းလျှောက်စရာနေရာများလည်း များစွာရှိ၏။ တောင်ပတ်လည်ဝိုင်း ချိုင့်ဝှမ်းဖြစ်နေ၍ ဘာသံမှမကြားရချေ၊ ဆိတ်ငြိမ် အေးချမ်းလှ၏။

ထိုနေရာလေးမှအပြန် ညတွင်ကား အိပ်မက်ဆန်းမက်ခဲ့သည်။ အလောင်းတော် အလောင်းတော်ကဿပနှင့် ဆက်စပ်နေပေသည်။ နောက်ညတွင် အလောင်းတော်ရှိရာသို့ စိတ်ညွှတ်၍ ဂါရဝပြု၏။ ပြုပြီးသော် ထိုနေရာက အစောင့်အရှောက်များကို မေတ္တာဖြင့် လှုပ်နှိုးခဲ့လေသည်။ ဆရာတော်သည် တစ်ဒေသအတွင်းကုသိုလ်၊ တစ်ဘဝအတွင်း ဖြည့်တင်းခဲ့သမျှကုသိုလ် ဘဝအဆက်ဆက် ဖြည့်ကျင့်ခဲ့သမျှ ကုသိုလ်သမ္ဘာရများကိုလည်း ထုတ်ဖော်၍ အမျှဝေခဲ့၏။

ထို့နောက် အလောင်းတော်အရှင်သူမြတ်၏ ဂူအတွင်း အနေအထားပုံစံကို သိလိုကြောင်း ဆန္ဒပြုလိုက်သည်၊ထိုအချိန်တွင် ဂူတွင်းအနေအထား များကိုလည်း သိခွင့်ရခဲ့သည်။ အလောင်းတော်များကိုလည်း ဖူးခွင့်ရသည်။ အလောင်းတော်ကို ဖူးမြော်လိုစိတ်များလည်း ပြည့်ဝလေတော့၏။

http://www.dhammadownload.com


ထို့နောက် ၁၃၆၃-ခုနှစ်ဝါကို ပင္ဒိုပတ်တောစခန်း၌ဝါဆို၏။ရွာရှိဒကာ ဒကာမများတို့ကိုလည်း တစ်နှစ်လျှင် သုံးပွဲ-နှစ်သစ်ကူးချိန်၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်နေ့များ၌ တရားနာခွင့်၊ ဖူးမြော်ခွင့် ပြုထားခဲ့၏။

ထိုနေ့များတွင် တောတွင်းရှိ ဆွမ်းလောင်းဓမ္မာရုံ၌ပင် တစ်ရွာလုံးအား ခွင့်ပြုထားပြီး လှူဒါန်းခြင်း၊ တရားနာခြင်း၊ ဖူးမြော်ခြင်းတို့ကို ခွင့်ပြုခြင်းဖြစ်သည်။

၁၃၆၃-ခုနှစ်၊သီတင်းကျွတ်လပြည့်နေ့ ပွဲပြီးသော် ဦးသောင်းဝေ၊ ဦးကျော်ငြိမ်း စသည့်လူကြီးများသည် ပင္ဒိုပတ်တောရစခန်းသို့ လိုက်သွားကြ၏။ ထို ဦးစောကျောက်ကွေ့ကလည်း မိုးဦးကပင် လှူပြီးသားဖြစ်နေလေ၏။ အားလုံးကသဘောကျပြီး ကျောင်းဆောက်ရန် စိတ်ကူးတည့်သွားကြတော့၏။ ကျောင်းဆောက်ဖို့လည်း စီစဉ်ကြလေသည်။

ထိုနှစ်ပြာသိုလတွင်ကား ဆောင်းမိုးကြီးတစ်ကြိမ် သည်းထန်စွာ ရွာသွန်းသဖြင့် ဆရာတော်သည် ဆွမ်းခံအပြန် မိုးမိခံရခြင်း၊ မိုးရေစို မြေ-ကျောက်တို့ကိုနင်းပြီး ကြွရခြင်းကြောင့် သွေးအဆိပ်သင့်နေသော ညာဘက်ခြေက အဆိပ်သင့်ခြေမနှင့် ကပ်လျက်ရှိသော ခြေညှိုးက မဲတူတူအခြေအနေ ရောက်သွားရသည်။ ခြေဖမိုးတခွင် တစ်ပြင်လုံးလည်း အရောင်-အဖောဖြင့် အခြေနေမကောင်း ဖြစ်နေရသည်။

ထိုခြေထောက်ရောဂါကို အကြောင်းပြု၍ ဆရာတော်သည် ကျောင်းအုပ် ဆရာကြီး ဦးကြည်စိုးကို မုံရွာသို့လွှတ်၏။ မုံရွာမှနေ ရွှေဘိုရှိ ဒေါက်တာအိုကေထံ ဖုန်းဆက်စေ၏။ ဒေါက်တာအိုကေကပင် ဇီးကုန်းရှိ ဒေါက်တာလှထွန်းဝင်းနှင့် နတ်တလူဥက္ကဌ ဦးခင်မောင်သန်း တို့ကိုခေါ်ယူ၍ မုံရွာသို့လာကြရန် အကြောင်းကြားစေ၏။ အားလုံးကလည်း သတင်းကြားသည်နှင့် ချက်ချင်း လိုက်ပါလာကြတော့၏။

ဒေါက်တာကြီးများ ရောက်သောအခါ စစ်ဆေးကြည့်ကြ၏။ခြေညှိုးကား အခြေအနေဆိုးနေချေပြီ။ သွေးကြောပိတ်ရောဂါ ဖြစ်စပြုနေလေပြီ။ ထို့ကြောင့် ဆေးထိုးဆေးကုသပေးကြရတော့၏။

http://www.dhammadownload.com


ဒေါက်တာများရှိစဉ်အတွင်း ကျောင်းကိစ္စစီမံကြ၏။ ကျောင်းနှင့် ပတ်သက်သော ငွေကုန်ကျစရိတ်များကို ဒေါက်တာများအဖွဲ့မှ တာဝန်ယူရသည်။

လုပ်အားနှင့်လုပ်ရမည့်ကိစ္စများကို ရပ်ရွာကတာဝန်ယူကြလေ၏။ ဤသို့ဖြင့် ပြာသိုလ်လပြည့်နေ့တွင် **'သန္တိနိကံ'** ဓမ္မာရုံကြီး ပန္နက်ချမင်္ဂလာ ကျင်းပခဲ့ကြ၏။ ယင်းနောက် ကျောင်းဆောက်ရန် စီစဉ်ကြသောအခါတွင်–

ကျောင်းကို အလောင်းတော်သို့ ဦးတိုက်စေသော မြောက်သို့ ဦးလှည့်ထားစေ၏၊ ကျောင်းအမည်ကိုလည်း **'စံရိပ်ငြိမ်'** ဟုအမည်ပေးခဲ့၏။

သန္တိနိကံ ငြိမ်းချမ်းခြင်းရှိရာ ဓမ္မာရုံနှင့် စံရိပ်ငြိမ်ကျောင်းတို့ကို တာဝန်ခံဆောက်လုပ်သူများမှာ အဘိုးကံဦးနှင့် ကျော်တောမှုဦးသောင်းဝေ၊ သားကိုမှတ်စိန်တို့သားအဖ ပေါင်းသုံးယောက်ဖြစ်ပြီး ကျန်သူများကား အားလပ်ချိန်ဝင်ရောက် ကူညီကြလေသည်။

ဓမ္မာရုံနှင့် ကျောင်းများမှာ တပေါင်းလပြည့်ကျော်တွင် ပြီးစီးခဲ့၏၊ တန်ခူးလတွင် ရေစက်ချပွဲကျင်းပခဲ့သည်၊ ကျောင်းရေစက်ချပွဲတွင် ကျော်တောဆရာတော်က နှုတ်ဆက်ရာတွင် မဟာဗောဓိမြိုင်ဆရာတော်က ''တပည့်တော် အရှင်ဘုရားနှင့် ရပ်ရွာကျေးဇူးများကို တစ်ဝါတွင်းဖြင့်ပင် အကျေ ကျေးဇူးဆပ်ခဲ့ပါမည်''လျှောက်တော့ ကျော်တောဆရာတော်သည် ဆရာတော်ဆိုလိုသော စကား သဘောပေါက်သွားခဲ့လေ၏။

## စံရိပ်ငြိမ်

စံရိပ်ငြိမ်ကျောင်း သန္တိနိကံဓမ္မာရုံ ရေစက်ချပွဲကြီးကား ပြီးစီးသွားချေပြီ၊ မိုးလည်းကျစပြုလာချေပြီ၊ သစ်ထုတ်လုပ်ရေးကားများလည်း မဝင်တော့ချေပြီ၊ ထိုအချိန်မှာတော့ ရန်ကုန်မှ ဥက္ကဋ္ဌဆိုသူအဖွဲ့များလည်း ပတ်ဝန်းကျင်ရွာသို့ ရောက်ကြပြီး ပြန်ကြလေသည်။ ဆရာတော်ကိုကား ဖူးခွင့်မရခဲ့ချေ။ ရပ်ရွာရှိ သံဃာတော်များကို တောင်းဆိုသော်လည်း သံဃာတော်များက ခွင့်မပြုသဖြင့်

http://www.dhammadownload.com


ရန်ကုန်သားတို့လည်း ပြန်ကြ၏။

ဆရာတော်သည် ဝါမဆိုမီအကြားမှာပင် ဆွမ်းခံထွက်ခဲ့၏။ဝါဆိုပြီးသော အခါ တစ်ဝါတွင်းလုံးလုံး အလှည့်ကျ ဆွမ်းခံ ခုနစ်အိမ်စီသော ဆွမ်းအလှူရှင်များထံသို့ အဖိုးသောင်းဝေက တာဝန်ယူကာ သွားရောက်အလှူခံယူပေး၏။

၁၃၆၄-ခုနှစ်၊ ဝါတွင်းဝယ် ဆရာတော်သည် တစ်ညလုံး မအိပ်မနေ အားထုတ်၏၊ ပထမနေ့ညသည် ကောင်းစွာချောမောလေ့ရှိတတ်၏၊ ဒုတိယည တွင်ကား ထိနမိဒ္ဓကို အသေအလဲ ခုခံရလေသည်၊ တတိယညမှစ၍ တစ်စ၊ တစ်စ ထွန်းထွန်းပပ အောင်ပွဲရလေ့ရှိတတ်၏။ သဘောတရားများကိုတွေ့ရ၏။

ပထမညအပြီးရှိ နံနက်ခင်းမှစကာ နေတက်လာသည်နှင့် အဝိုက်ပြလေ့ ရှိတတ်၏၊ ဆွမ်းခံထွက်နေသော် မသိသာခဲ့ချေ၊ ထိုင်နေက ဆိုးဆိုးဝါးဝါး ဖြစ်တတ်လှ၏။

သည်သို့သော နေသဇ္ဇိစ္စတင်၏ အဖျက်သဘောကို သုတရှိထားပြီး ဖြစ်ရာ ညရောနေ့ပါ သဒ္ဓါ-ဆန္ဒ-ဝီရိယ သုံးပါး အစောင့်ချထားလိုက်တော့သည်။

ညကား ကြည်ကြည်လင်လင်ချည်းရှိ၏၊ နံနက်တွင်ကား ထိနမိဒ္ဓတို့ကို ကြိုးစားတော်လှန်ရသည်။

- နံနက်ဆွမ်းကပ်စဉ်တစ်ကြိမ် ကျော်တောမှနေ အားလုံးသို့ မေတ္တာပို့ အမျှဝေ၏။
- ညနေ ငါးနာရီ သောက်တော်ရေကပ်ပြီးတစ်ကြိမ် မေတ္တာပို့၍ အမျှဝေ၏၊
- ည ခုနစ်နာရီ ဘုရားဝတ်ပြုပြီးတစ်ကြိမ် မေတ္တာပို့၍ အမျှဝေ၏။

ပစ္စည်းထောက်ပံ့သူတို့၏ သဒ္ဓါဂုဏ်ကို အာရုံပြု၏၊ မိမိနောက်သို့လိုက်၍ သာသနာကိစ္စအဝဝတို့၌ ဝင်၍ အကူထောက်မှုဆန္ဒကို အာရုံပြု၏။

မိမိကိစ္စမှန်သမျှ မငြီးမငြူဆောင်ရွက်ပေးနေကျ ဝီရိယဂုဏ်ကိုလည်း အာရုံပြု၏။

http://www.dhammadownload.com


လူချင်းပေးမဟုတ် တစ်ယောက်ကသဒ္ဓါ တစ်ယောက်ကသိက္ခာ သူတို့ချင်း (မနောဓာတ်ချင်း)ဆုံ၍ ပေးကြ ယူကြသောကြောင့် မဝင်မရှိ ဝင်တော့၏၊ မရောက်မရှိရောက်၏၊လူချင်းတွေ့သို့ အတွေ့မဟုတ်၍ အားမရခြင်းကြောင့်သာတည်း။

ဆရာတော်သည် ဗါက္ကျတ်ပြီးသောအခါတွင်ကား ယခင်ကအတိုင်း ဆွမ်းခံထွက်မြဲ ထွက်ပေးခဲ့ရ၏၊ အကျင့်နေသဖွဲ့မှုတင်ကား ပုံစံမပြောင်းတော့ချေ။

ဤသို့ဖြင့် ပြာသိုလ်လထဲသို့ ဝင်လာသောအခါ ယခင်ကပြောထားပြီးဖြစ်သော မဟာမြိုင်တောသို့ ပြောင်းရွှေ့ရန် စီမံစိုင်းပြင်းရတော့သည်။

ထို့နောက် အဖိုးသောင်းဝေနှင့် ဦးကြည်စိုးတို့နှစ်ဦးကို နတ်တလူရှိဒေါက်တာများဆီသို့ လွှတ်လိုက်သည်။

ဆရာတော်၏ ရည်ရွယ်ချက်မှာ-

- နောင်တွင် ပုံတောင်ပုံညာနှင့် နတ်တလူအကြား အဆက်အသွယ်များ ရသွားစေရန်၊
- မဟာမြိုင်တောသို့ တာကူးလ သကြံန်မကျမီ ပြောင်းရွှေ့ရန်၊
- တပို့တွဲ-တပေါင်း နှစ်လအတွင်း မဟာမြိုင်တွင် ကျောင်းများပြီးစီးနေစေရန်၊

ဤသို့ အကြံအစည်ဖြင့် လွှတ်လိုက်ရာ ဦးသောင်းဝေနှင့် ဦးကြည်စိုးတို့အပြန်တွင် ဒေါက်တာများပါလာကြ၏။ ထိုညနေက ဒေါက်တာအိုကော၊ ဒေါက်တာလှထွန်းဝင်း၊ ဦးခင်မောင်သန်းတို့ကို ကျောင်းတံခါးပိတ်၍ လိုအပ်သည်များကို မိန့်ကြားခဲ့၏။

၁၃၆၅-ခုနှစ်၊ တာကူးလဆန်း(၇)ရက်၊ အင်္ဂါနေ့(၇-၄-၂၀၀၃) စံရိပ်ငြိမ်တောစခန်းမှထွက်ရန် အတည်ပြုပေးလိုက်သည်။ ဒေါက်တာများအဖွဲ့ကို တာကူးလဆန်း(၆)ရက်နေ့ အရောက်လာဖို့ မှာထားပြီးဖြစ်၏။ လမ်းတွင် အဖူးအတွေ့ခံတရားဟောခြင်းများလည်း ပါခဲ့လေသည်။ ဒေါက်တာများအဖွဲ့လည်း ဆရာတော်မှာကြားသည်များကို မှတ်သားပြီး ပြန်သွားကြလေသည်။ ဆရာတော်သည်လည်း

http://www.dhammadownload.com


စံရိပ်ငြိမ်တွင် ပုံမပျက် သီတင်းသုံးနေတော်မူ၏။

၁၃၆၅–ခုနှစ်၊ တာကူးလဆန်း(၅)ရက်နေ့ည ဒေါက်တာများအဖွဲ့ ကျော်တောသို့ရောက်လာကြ၏၊ ယင်း(၆)ရက်နေ့နံနက် ဆွမ်းလောင်းချိန်တွင်မှ ဆရာတော် မနက်ဖြန်ပြောင်းမည့်အကြောင်း မိန့်တော်မူရာ ဆွမ်းအလှူရှင်များ တစ်လမ်းလုံး ငိုပြီး ပြန်ကြလေသည်။ မကြာမီအတွင်း တစ်ရွာလုံးပြေးလာကြ၏၊ အားလုံးကို ဖြေသိမ့်လွှတ်လိုက်၏၊ ညနေတွင်ကား ရွာကျောင်းဆရာတော်နှင့် လူကြီးများ လာရောက်ကြပြန်၏၊ ဖြေသိမ့်ခွင့်ပန်၍ လွှတ်လိုက်ရပြန်၏။

(၇)ရက်နေ့ နံနက်(၇) နာရီတွင် စံရိပ်ငြိမ်စခန်းမှ ဆရာတော် ကြွတော်မူခဲ့သည်၊ ကျော်တောရွာနောက် အရောက် အဖိုးပေါက်တူး တဲမှ အားလုံးစောင့်ကြို ကန်တော့ကြပြန်ရာ ဆရာတော်က ငါးပါးသီလပေးပြီး ဩဝါဒစကား နာရီဝက်ခန့် မိန့်ကြားပြီး ထွက်ခဲ့ရသည်။

ထိုမှနောက် ခရီးဆက်ရာ ဝက်ကျရွာအရောက်တွင် ဝက်ကျဆရာတော် ကြီးနှင့် ဒကာ၊ ဒကာမများ စောင့်ကြိုနေချေရာ ဆရာတော်ကြီးအား ဂါရဝပြုပြီး ဒကာ၊ ဒကာမတို့အား ဩဝါဒပေးခဲ့ရပြန်သည်။ နာရီဝက်ခန့်ပင် ကြာခဲ့လေသည်။

နေ့လည် (၁၂)နာရီကျော်မှ ကြေးစင်တောင် ကြေးထုတ်လုပ်ရေးစခန်း သို့ ရောက်ကြရသည်၊ ထိုနေ့ နံနက်သည်ကား ကြေးစင်တောင်သို့(၁၁း၃၀)နာရီ ချိန်းထားရာ လမ်းတွင် သီလပေးတရားဟောဖြင့်ကြာခဲ့၍ နောက်ကျခဲ့ရ၏။ ယင်းနေ့သည် ဆရာတော် ဆွမ်းဘုန်းမပေးရဘဲ ရေဖြင့်သာပြီး၍ တရားချည်း ဟောနေရသောနေ့ဖြစ်၏။ သူတော်ကောင်းတို့အဖို့ မိမိဘယ်လိုပင် ဒုက္ခရောက် ရောက် သူတစ်ပါး ချမ်းသာဖို့ဆိုလျှင် မငြီးငြူပါချေတကား။

ဥပသကာကြီး ဦးကျော်ကျော်၏ လျှောက်ထားချက်အရ နေ့လည် (၁)နာရီ တွင် ကြေးစင်တောင် ကြေးထုတ်လုပ်ရေးစခန်းဝယ် တရားဟောတော် မူရသည်။ ထိုမှာပင် ရန်ကုန်မှလိုက်လာကြသော ဗိုလ်မှူးကြည်စိုးဝင်း(ထောက်–အုပ်)၊ ဗိုလ်မှူးမြသန်းစံ(အငြိမ်းစား)၊ ဦးကြည်ရှိန်(သဘောကပ္ပတိန်)၊ ဦးသွေးချွန် (စာရေးဆရာ)၊ လေးဦးတို့လည်း စောင့်ကြိုနေကြသည်။

http://www.dhammadownload.com


ထို့နောက် ကြေးစင်တောင်ဝင်းထဲ လှည့်လည်ကြည့်ရှုင်း မေတ္တာပွား ပေးတော်မူသည်။ ထို့နောက် မုံရွာသို့ခရီးဆက်ရာ မုံရွာဆိပ်ကမ်းမှနေ တိုင်းသစ်တော မှူးကြီးဦးသန်းထွန်းနှင့် ဒကာဦးအောင်ထူးတို့က ကြိုဆိုနေကြ သည်။ သင်္ဘောဖြင့် တစ်ဘက်ကမ်းသို့ ကူးကြရလေသည်။

ထိုညတွင် ဝက်ကျ သစ်ထုတ်လုပ်ရေးတာဝန်ခံ မုံရွာသား ဦးတင်စိုး တိုက်တွင် တစ်ညတာ တည်းခိုအနားယူခဲ့ရသည်။ ဆရာတော်သည် ရုတ်တရက် ဝင်ရောက်ခဲ့သော်လည်း ကြိုတင်သတင်းကြားသည် များလှသောကြောင့် လာရောက်ဖူးမြော်သူတွေလည်း လာရောက်ကြ၏။ ဆရာတော်သည် ဆွမ်းဘုဉ်း မပေးရဘဲ တစ်နေ့လုံး ညဦးပိုင်း တစ်ပိုင်းလုံး မနားခဲ့ရသဖြင့် ဇောချွေးများပင် ကျရောက်ခဲ့ရလေသည်။

http://www.dhammadownload.com



## မဟာမြိုင်ခရီးအစ

မုံရွာ– ဦးတင်စိုးနေအိမ်တွင် တစ်ညတာသီတင်းသုံးပြီး နောက်တစ်နေ့ နံနက် အရုဏ်ဆွမ်းဘုဉ်းပေးတော်မူ၏။ ဆွမ်းကိစ္စပြီးသော် မဟာမြိုင်ခရီး စထွက်ရန် ဖြစ်သည်။

နံနက် အရုဏ်ဆွမ်းဘုဉ်းပေးနေစဉ် ဝါးသုံးရုံထွက်ခါနီး လမ်းဝ ကားပိတ်ရပ်ထားသူ မန္တလေးဒကာ ရောက်လာသဖြင့် ဆရာတော်ကား ဆူရ– ကြိမ်းမောင်းပေးနေသည့်ကြားတွင် ခရီးထွက်ခါနီး နောက်လိုက်ဒေါက်တာကြီးက 'တပည့်တော်တို့ ကပ္ပိယများ ထမင်းစားပြီးပါပြီဘုရား' ဟု ဝင်ရောက်လျှောက် ထားရာ ဝေါက်လိုက်ရပြန်သည်။ 'ခရီးထွက်ရန် အဆင်သင့်ဖြစ်ပါပြီ' အစား စကားလွှဲဖြင့် လျှောက်ခြင်းကြောင့် ဝေါက်လိုက်ရခြင်းဖြစ်၏။

ဒေါက်တာကြီးကလည်း ဒီလိုတစ်ခါမှမလျှောက်ဖူး သည်ပုံမျိုး ဘယ်တုန်းကမှ မချီးခဲ့ဖူးချေ။ ဆရာတော်ကလည်း သည်လိုအဝေါက်မျိုး မဝေါက်ခဲ့ဖူးချေ။ ခရီးအစကတည်းက မဟာမြိုင်အစွမ်းအစ ဇ–ပြနေချေပြီ လားဟု ထင်ရလေသည်။

ထို့နောက် ဆရာတော်နှင့်ဒကာများသည် မဟာမြိုင်ခရီး စတင်ထွက်ခဲ့ ရ၏။ ခရီးစထွက်၍ မကြာခင်မှာ မုံရွာမြို့ပေါက်ဝ အရောက်မှာပင် ဆရာတော် စီးလာသောကား စက်ဖုံးကြီး(ဘောနက်)လန်လာ၍ ဆင်းပိတ်ရတော့၏။ စက်ဖုံး ပိတ်ပြီး၍ ကားမောင်းထွက်ခါစရှိသေးသည် ကားဘီး သံချွန်အစူးခံကြရပြန်၏။ သံချွန်ငုတ် တန်းလန်းကြီးနှင့်ပင် ရေဦးမြို့အထိ ထိန်းမောင်းခဲ့ရလေသည်။ ရေဦးအဝင်ဝတွင် နောက်ပါကားနှင့်ပြောင်းပြီး ခရီးဆက်ထွက်ခဲ့ရသည်။

http://www.dhammadownload.com


ဆရာတော် ကားပြောင်းစီးပြီးနောက် ကံထူးမ ရဲစခန်းရှေ့ အရောက်တွင် ထိုကားလည်း ဘီးပေါက်ပြန်တော့၏ ဘီးပေါက်ဖာရန် ဆိုင်ဝင်သော်လည်း သည်ကားဘီးမျိုး ဖာထေးစရာမရှိဟု ဆိုသောကြောင့် ကျန်ဘီးများပါ လေလျှော့ပြီး လေမဲ့ဘီးများဖြင့် ခရီးနှင်ခဲ့ရာ တောဂျင်သို့ရောက်ခဲ့ရ၏။ တောဂျင်တွင် ဘီးဖါကျန်ခဲ့သော နောက်ကားက မှီလာသဖြင့် ထိုမှာတွင် နားကြ၏။

ထိုမှာပင်– တဖန်ကားပြောင်းစီးပြီး ခရီးထွက်ခဲ့ရာ ပျဉ်ကိုင်းမှအလွန် သက္ကယ်ကျင်းလည်း မရောက်သေးမီ– ကားစက်ခန်းရှိရေများ ဆူလာပါတော့သည်။ စက်ခန်းကြီးတစ်ခုလုံးလည်း ပူလာပါတော့သည်။ ထိုအခါကားအနားပေးကြရတော့၏။ ယပ်ခတ်ပေးကြရ၏။ ရေအေးများလည်း လောင်းပေးကြရ၏။ ခါတိုင်း ဒီလမ်းမောင်းနေတာ ဒီကား တစ်ခါမှမဖြစ်ဘူး ဟု ကားမောင်းသူ သစ်တောဒကာကြီး၏ ပါးစပ်မှ တတွတ်တွတ်သံများ ဖြစ်နေတော့၏။

ဒီအခါမှာတော့– ဆရာတော်ရဲ့စိတ်ထဲမှာ '*ဟင်–ဒီကိုယ်တော်ကြီး ပါလာလို့ ငါ့ကားဒီလိုဖြစ်တာ* ဟု ကားဒကာကြီးပါးစပ်မှ ထွက်မလာရုံတာမယ်သာ လိုတော့၏။ မိပန်ရဲ့ အကဲစမ်းက ကြမ်းလှချေကလား'ဟု စိတ်ထဲတွေးနေမိတော့၏။

ထို့နောက် အားလုံးကောင်းသွားချေပြီ။ သက္ကယ်ကျင်း သစ်တောရုံးတွင် ခေတ္တဝင်ပေးတော်မူခဲ့သည်၊ ပြီးသော် **ခေါင်နန်းပလ္လင်** ဆီသို့ ဦးတည်ထွက်ခဲ့ရလေသည်။

မိပန်(ပန်ထွာမင်းသမီး)ကား သူ့နန်းမှနေ နတ်ကန္တားပွဲဖြင့်ပင် ကြိုနေလေတော့သည်။ သစ်တောကုမ္ပဏီ ကန္တားပေးနေချိန်ဖြစ်၏။ ဆရာတော်တို့ကားသည် ခေါင်နန်းပလ္လင်ရှိရာဆီသို့ ဦးတည်မောင်းခဲ့လေသည်။

**ခေါင်နန်းပလ္လင်**–ဟု အမည်ပေးရခြင်းမှာ ယခင်က မိပန် တပ်ချထားသော နေရာကိုယူ၍ ပေးထားခြင်းပင်ဖြစ်၏။

ထိပ်အကျဆုံးသော တောင်လည်းဖြစ်၏။ ပလ္လင်ကဲ့သို့ ပြန့်ပြူးသော

http://www.dhammadownload.com


မြေနေရာလည်းဖြစ်၏။ ကမ္ဘာ့ညောင်ပင်ကြီးများလည်းရှိပြီး တစ်ပင်လျှင် ပျားအုံ ပေါင်း သုံးရာနီးနီး စုအုံနေသော အုံ့ဖွယ်နေရာဟုဆို၏။ ယင်းကို အထက်ပလ္လင် တောင် ခေါ်ကြ၏။

ထိုတောင်ပေါ်ရောက်သော် အရပ်လေးမျက်နှာအားလုံး စိမ်းမိုး မြင်ရ သည်။ ထိုနေရာ၌ မိပန်သည် နောက်လိုက်တပ်မကြီး ချထားခဲ့၏။ သူမကိုယ်တိုင် အခြံအရံဖြင့် ယခုနန်းတည်ရာ မဟာဗျူဟာလမ်းမကြီး အနီးရှိ ချက်မကြီးရေထွက်တွင် လာရောက် ပုန်းခိုခဲ့လေသည်။

၁၃၆၅–ခုနှစ်၊ တာကူးလဆန်း(၈)ရက်၊ ညနေ(၄း၁၀)နာရီတွင် ခေါင်နန်းပလ္လင်ကျောင်းသို့ ချောမောစွာရောက်ခဲ့လေသည်။

ဆရာတော်ရောက်စ သစ်ကုမ္ပဏီက သစ်ထုတ်လုပ်နေဆဲလည်းဖြစ် ဒေသခံများက ပျားဖွတ်ကာလဖြစ်နေသေး၍လည်း လူအဝင်၊ အထွက်ရှိခဲ့သေး ၏။ ကဆုန်လတွင်ကား မိုးများလည်း အဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် သစ်ကားများလည်း မလာတော့၊ ပျားဖွတ်သမားများလည်း မလာတော့ချေ။ ထိုအခါတွင် တောဆင်ရိုင်းများကလည်း သောင်းကျန်းနေသေး၏။ ဆရာတော် သည် အထူးပင် မေတ္တာပို့ပေးတော်မူရလေသည်။

ဆရာတော် မဟာမြိုင်တောရောက်သည့်အခါတွင် နံတိုကောက် မှတ်တမ်းများ၌ အောက်ပါအတိုင်း ရေးထားလိုက်သည်။

ဘုံစာသိမ်းပြီ ဘုမြင်းဆီ
ကိန်းဗြိ မဟာမြိုင်၊
တာကူးရှစ်ဆန်း ဟိုင်းဆင်မြင်း
ခေါင်နွန်းပလ္လင်တိုင်
နေမဝင်ဗြိ လေးနာရီ
ကိန်းပြီ မြဂနိုင်။

http://www.dhammadownload.com


အံ့စာသိမ်းပြီဟုဆိုရာ၌-

အံ့စာသည် သုံးပုံဖဲကစားသမားသုံး ပစ္စည်း၏ အမည်ဖြစ်ခြင်း၊ ယခုမှစ၍ တောကစားခြင်း၊ ဓာတ်ကစားခြင်း၊ စိတ်ကစားခြင်းအားလုံး ရုပ်သိမ်း စွန့်လွှတ်လိုက်ပြီကိုလည်း ကြေညာပြီးဖြစ်တော့၏။ ခုနှစ်အမှတ်အသားလည်းဖြစ် နှစ်မျိုးရ အဖြစ် ဆရာတော်ထည့်သုံးပေးထား၏။

| | | | |
|---|---|---|---|
| အံ့ | - | တနင်္ဂနွေ | (၁) |
| စာ | - | အင်္ဂါ | (၃) |
| သိမ်း | - | သောကြာ | (၆) |
| ပြီ | - | ကြာသပတေး(၅) | |

၁၃၆၅-ခုနှစ်၊နှောင်းတန်ခူးလဆန်း(၈)ရက်၊ဗုဒ္ဓဟူးနေ့ ညနေပိုင်း (၄း၁၀) နာရီအချိန်တွင် မဟာမြိုင်တောကြီးအတွင်းရှိ-

ခေါင်နန်း က - လမ်း၏အမည်၊

ပလ္လင် က - စခန်း၏အမည်၊

ဤ **'ခေါင်နန်းပလ္လင်'**တောရကျောင်းသို့ ရောက်သည်တည်း။

ဆရာတော်သည် မဟာမြိုင်တော၌ တစ်ဝါတွင်းနေ အဆင်ပြေသည်ကို သိရသဖြင့် အမြဲနေ ခိုင်ခံ့သောကျောင်းများဆောက်လုပ်ရန် ရွှေဘို ဒေါက်တာကြီး ဦးအိုကေအား နှိုးဆော်ရာ ဒေါက်တာကြီးကပင် တာဝန်ယူတော့၏။

ဆောက်လုပ်မည့်ကျောင်းများကို မဟာမြိုင်ကျောင်း၊ အကျွတ်အလွတ် ကျောင်း ဟူ၍ အမည်ပေးလျက်က-၁၃၆၅-ခုနှစ်၊တပို့တွဲလပြည့်နေ့၊ ကြာသာပတေး နေ့တွင်-

- မဟာမြိုင်ကျောင်းနေရာ၌ နံနက်(၈)နာရီတိတိအချိန်ပန္နက်တင် မင်္ဂလာ ကျင်းပပေးတော်မူ၏။
- အကျွတ်အလွတ်ကျောင်းနေရာ၌ နံနက် (၉) နာရီတိတိ အချိန်

http://www.dhammadownload.com


ပန္နက်တင် မင်္ဂလာကျင်းပပေးတော်မူ၏။

ပန္နက်တင်မင်္ဂလာပြီးသော် ရန်ကုန်မှ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်သူ နှင့် အဖွဲ့များက ဆောက်လုပ်ခဲ့ရာ–

- ၁၃၆၆–ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့တွင် ကျောင်းလှူပူဇော်ခဲ့၏။
- ၁၃၆၆–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျောင်းရေစက်ချပွဲ ကျင်းပ၏။

ထိုရေစက်ချပွဲတွင်–

ရွှေဘိုနေ ဒေါက်တာသန်းထွေးအောင်က ရွှေဘိုနှင့်အသိုင်းအဝိုင်း ကိုယ်စားပြု၊

နတ်တလူဥက္ကဌ ဦးခင်မောင်သန်းက ရန်ကုန်နှင့်အသိုင်းအဝိုင်း ကိုယ်စားပြု၊

ဒေါက်တာလှထွန်းဝင်းက လုပ်အားဒါနရှင်အားလုံးတို့၏ ကိုယ်စားပြု၊

ဤသို့ ကိုယ်စားပြုသူသုံးယောက် ရေစက်ခွက်ဖြင့် ကျောင်းရေ စက်ချ ပွဲကြီး ပြီးစီးအောင်မြင်ခဲ့၏။

ထိုနေ့မှစ၍ ဆရာတော်သည် အကျွတ်အလွတ်ကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးလာခဲ့၏။ ထိုဝါဆိုလပြည့်ကျော်(၂)ရက်နေ့တွင် ဒေါက်တာများပြန်သွား ကြလေပြီ၊ ကပ္ပိယဦးကျော်စိန်ကား တာကူးလကပင် ရိပ်သာဝင်ရန် ပြန်လွှတ် လိုက်ပြီ၊ ထို့ကြောင့် ဆရာတော်သည် တစ်ပါးတည်း သီတင်းသုံးနေတော်မူ၏။

ဆရာတော်သည် တစ်ပါးတည်းသီတင်းသုံးလျက်က ကျောင်းတွင် လိုအပ်သည်များကို ကိုယ်တော်တိုင်ဆောင်ရွက်တော်မူ၏။ ကျောင်းသန့်ရှင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်တော်မူ၏။

http://www.dhammadownload.com



# အဓိဋ္ဌာန်က ဓိတ်မန်လိုက်လေသလား

၁၃၆၆–ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင်ကား ဆရာတော်သည် အဓိဋ္ဌာန်လိုက်လေသည်။

- ဤအကျွတ်အလွတ်ကျောင်းမှနေ၍ အများအတွက် ဓမ္မ–မေတ္တာများ ဖြန့်ဝေပါတော့အံ့၊
- ဤအကျွတ်အလွတ်ကျောင်းမှနေ၍ ငါ့အတွက် ဓမ္မ–မေတ္တာများ တိုးစေ ပွားစေအံ့၊

ယင်းအဓိဋ္ဌာန်ကို ည (၇) နာရီတိတိတွင် တင်လိုက်တော့၏။

အားလုံးကြားပါစေ၊ သိပါစေ၊ သက်သေအရာဌ်တည်ပါစေ၊ တိုင်တည်လိုက်၏။ ထိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်ခါနီးအထိ အန္တရာယ်မရှိ၊ နေ့–ည အားထုတ်ခွင့်ရခဲ့လေ၏။ ၂၄ နာရီလုံးလုံး တစ်နာရီက အထိုင်တရား၊ တစ်နာရီက စင်္ကြံတရားဖြင့် အားထုတ်အား မြှင့်တင်ခဲ့၏။ သီတင်းကျွတ်လပြည့်ကာနီး သုံးရက်အလို ဆီမီးပူဇော်ရန် ပြင်ဆင်ရာမှ လဆန်း(၁၃)ရက်နေ့မှစတင်ကာ အဖျားဝင်လာတော့သည်။ ကျန်းမာရေးမကောင်းသဖြင့် အားထုတ်အား ပုံမှန် မဟုတ် ဖြစ်ခဲ့ရသည်။

တန်ဆောင်မုန်းလပြည့်ကျော်လျှင်ကား–

- ကျောင်းကလည်း နွေအပူမပိသေး၍အေးဆဲကြောင့် ကျောင်းအေးဓာတ် ကလည်းခိုက်၊
- ဆောင်းကလည်း မြူနှင့်တွဲဝင်လာသောကြောင့် ဆောင်းအေးဓာတ် ကလည်းခိုက်၊
- ဆောင်းလေကလည်း ကျောက်အေး၊ ကြမ်းအေးတို့၏ကြားမှ ဝင်လာ သော လေဓာတ်ကလည်းခိုက်၊

ထို့ကြောင့် နံနက်ပိုင်း၊ နေ့လည်ပိုင်းများပါ ခိုက်ခိုက်အေး ဖြစ်လာတော့ ရာ–

http://www.dhammadownload.com


- နေထွက်စဉ်၏ နံနက်(၆)နာရီထိုင်ချိန်ကျ ပျက်ကွက်သွားတတ်၏။
- နေတက်စဉ်၏ နံနက်(၈)နာရီထိုင်ချိန်ကျ ပျက်ကွက်သွားတတ်၏။

ထိုအခါမျိုးတွင် တာဝန်ယူစောင့်ရှောက်ပေးနေကြသူများ၏ နှိုးဆော်ခြင်းက ဝင်ရောက်လာတော့၏။

တစ်ခါက–ဥပဇ္ဈာယ်ဆရာတော် အဘဦးဝိမလက ရပ်ဖြင့်ဆွဲထူကျောက်ကန် ခံရ၏။

တစ်ခါက–သည်မှာနေတာဝန်ခံ ရပ်ဖြင့်ပင် ခြေမချင်းဖိညှပ်၍ အနှိုးခံရ၏။

နောက်ဆုံးတွင်ကား–

- ပုတီးကုံးကြီး (၃)ကုံး– ယင်းမှာ ထိုင်ချိန်(၃)ချိန်ကိုညွှန်း၏။
- ပုတီးကုံးလေး (၃)ကုံး–ယင်းမှာ စင်္ကြံန်(၃)ချိန်ကိုညွှန်း၏။

ဤနှစ်မျိုးတို့ကိုသာ အမိဋ္ဌာန်မပျက်ပါစေနဲ့၊ အမြဲဝင်ပေးပါ၊ ကျန်များကိုကား အချိန်အခါ ကျန်းမာရေးအရ နားလိုကနားပါ ဟု အိပ်မက်ပေးလေ၍ နှိုးဆော်လာပါတော့၏။ ကျေးဇူးကြီးမားလေစွတကား။

## မိပန်

ထို့နောက် မိပန်နှင့်ပတ်သက်၍လည်း ဆရာတော်အိပ်မက်သေး၏။

တစ်ချိက– ငှက်ပျောညွှန့်ရောင် ကားကလေး၏ ဦးခေါင်းခန်းမှ စီးလာသောဓာတ်ပုံ၊ အရွယ်အစားက(၄ × ၆)လက်မဖြစ်၏။ ထိုဓာတ်ပုံကို ကြည့်နေစဉ် အထက်ကိုယ်တစ်ပိုင်းပုံ ကားဘေးမှန်မှ ထွက်ပြလိုက်သည့်ဟန်ဖြစ်၏။ ဆရာတော်ရောက်ကာစ အချိန်ကဖြစ်၏

တစ်ချိက ယင်းဓာတ်ပုံကိုကိုင်ပြီး "သူက စုန်းမကြီးလားအဘ" ဟု ဥပဇ္ဈာယ်ဆရာတော်အဘဦးဝိမလကို ဆရာတော်က ဓာတ်ပုံပြလျက် မေးလျှောက်

http://www.dhammadownload.com


လိုက်ရာ– အဘ ဦးဝိမလက ဦးခေါင်းယမ်းပြသည့်ဟန် မြင်မက်ခဲ့၏။
*(ဓုန်းမဟူသည် ပြုစားတတ်သည်ဖြစ်ရာ– သူကားပြုစားတတ်သလားဟု မေးခြင်းပင်ဖြစ်၏။)*

တစ်ချိကတော့ မိပန် ဗိဿနိုးမြို့ စိုးစံစဉ်ကပုံစံအတိုင်း ဖန်ဆင်းထားသည့် ကရဝိတ် စက်တပ်ဖေါင်ယာဉ်ကြီး ဆရာတော်ထံသို့ ထိုးဆိုက်ပြီး–

'အရှင်ဘုရားကြည်ညိုရ၍ တပည့်တော်တို့ လာကြတာပါ။'

'အရှင်ဘုရားကို အားလုံက ဝိုင်းကြည်ညိုနေကြတာပါ။'

'အရှင်ဘုရားရဲ့ ပတ်ဝန်းကျင်တခွင်လုံး ထိုင်ကြည်ညိုနေကြတာပါ။ နေရာအပြည့်ပါဘဲ'

ဆရာတော်ထံသို့ မိပန် (ပန်ထွာဘုရင်မ)က လာရောက်လျှောက်ထားတဲ့ အိပ်မက်ဖြစ်၏။

ဤကဲ့သို့ဖြစ်ရခြင်းကလည်း ဆရာတော်က ''မိပန်ရယ် နှင် ဗိဿနိုးဘုရင်မ အဖြစ်နဲ့ပုံစံ ငါမြင်ချင်တယ်''ဟု ဆန္ဒပြုမိ၍ပင်ဖြစ်၏။

တစ်ချိကတော့ မိပန်လက်ရှိပုံစံအတိုင်း လက်ရှိနေရာကနေ (ချက်မကြီးကနေ) လာရောက်ပင့်ဆောင်သဖြင့် ဆရာတော်ကြွလိုက်သွားတော်မူ၏။ လေးချီ တိတိ အိပ်မက်တော်မူခဲ့၏။

ထို့နောက် တပေါင်းလပြည့်ခါနီးတွင် ဝေပုံ–၃၃ ဦး ဝေယျာဝစ္စအဖွဲ့ ၊ သစ်တောကုမ္ပဏီမိသားစု ရောက်လာကြ၏။ သာစည်ရွှေကျောင်းကုန်းတောင်မှလည်း ကျောင်းအမွေတောင်းကြွလာသူ ရဟန်းတော်နှစ်ပါးရောက်လာ၏။ ထိုမှစတင်ကာ ပရိသတ်များ တဖွဲဖွဲရောက်လာသဖြင့် ၁၃၆၉–ခုနှစ်တွင်ကား မဟာမြိုင်၌ လူအစောင့်များ ချထားလိုက်ရပေသည်။

၁၃၆၉–ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျောင်းဒကာ၊ ကျောင်းအမများ အသေလမ်းဖြောင့်ဖို့ရန် စိတ်ကူးဖြင့် အဓိဋ္ဌာန်ပြည့်အောင် မစောင့်တော့ပဲ မဟာမြိုင်ကျောင်း၊ ရေကန်၊ မီးတင်းကုတ်၊ ကုဋီများ စုပေါင်းရေစက်ချပွဲ

http://www.dhammadownload.com


ကျင်းပပေးခဲ့၏။ အကျွတ်အလွတ်ကျောင်း၊ ရေကန်၊ မီးတင်းကုတ်၊ ကုဋီများ စုပေါင်းရေစက်ချပွဲ ကျင်းပပေးခဲ့၏။

ထိုရေစက်ချပွဲအပြီးမှစတင်၍ နတ်တလူမှ ဦးကျော်ဌေးက အစောင့်တာဝန်ယူကာ မဟာမြိုင်ဝယ် ဝါဆိုတော့၏။ ထို့နောက် နတ်တလူမှဦးသန်းထွေး၊ ရွှေဘိုမှ ဒေါက်တာသန်းထွေးအောင်တို့နှစ်ဦး တရားစခန်းဝင်ရောက်လာကြ၏။ နတ်တလူဥက္ကဋ္ဌ ဦးခင်မောင်သန်းလည်း ရောက်နေချေတော့၏။ ဒီအချိန်မှာတော့ ဆရာတော်အတွက် အဆင်ပြေသွားတော့၏။

မဟာမြိုင် အကျွတ်အလွတ်ကျောင်းရေစက်ချပွဲသို့ လာရောက်သူများက အပ်စပ်သောနည်းဖြင့် နဝကမ္မများ(အမှုသစ်သုံးရန်)လှူဒါန်းရာ ကပ္ပိယမှ လက်ခံမိရာမှစ၍ အဝေးဒကာ၊ ဒကာမများ တည်းခိုရန် ကျောင်းဆောက်ပေးခဲ့ရသည်။

ရွှေဘိုမှ ဦးလှသိန်း(ဥက္ကဋ္ဌ)၊ ဦးသံဒိုင်၊ ဒေါက်တာသန်းထွေးအောင်–၃ဦး။ ဗိုးကုန်းမှ ဒေါက်တာလှထွန်းဝင်း(အတွင်းရေးမှူး)၊ ဦးဌေး(အဖွဲ့ဝင်)–၂ ဦး။ ထို(၅)ဦးတို့ကို ဖွဲ့ ၍ တည်းခိုဆောင် စီစဉ်ကြလေ၏။

နတ်တလူမှ ဦးသန်းထွေး၊ ဦးမိုးဟိန်း။ ဝေပုံမှ ဦးသန်းညွန့်။ သစ်ကုမ္ပဏီကလည်းဝင်ရောက်ပေး၏။ ဤသို့ဖြင့် စုပေါင်းကျောင်းဆောက်လိုက်ရာ တာကူးလဆန်း(၇)ရက်၊ (သင်္ကြန်အကြိုနေ့) ပန္နက်တင်မင်္ဂလာ စကြ၏။

တာကူးလဆန်း(၁၂)ရက် (နှစ်ဆန်းတစ်ရက်နေ့) တိုင်ထူခဲ့ကြ၏။

တည်းခိုဆောင်အမည်က **မေတ္တာမြိုင်** ဖြစ်သည်။

**မေတ္တာပိုင်** မီးတင်းကုတ်(၂ ခန်း × ၄ ခန်း) နတ်တလူအဖွဲ့ ဆောက်၏။ ဘူးကုန်းအဖွဲ့လည်းဆောက်၏။ သံဃာတော်များအတွက် ရေချိုးကန်နှင့် ကုဋီများလည်းပါ၏။ လူများအတွက် အရေးပေါ်သုံး အိမ်သာများလည်းပါ၏။

ကျောင်းကိစ္စပြီးကြသောအခါ အားလုံးပြန်ကြလေသည်။

ဝါတွင်း၌ကား ဒေါက်တာသန်းထွေးအောင်(ဦးသုမန)သာ မဟာမြိုင်တွင် ကျန်တော့၏။ တစ်ဝါတွင်းလုံး–

http://www.dhammadownload.com


ဆရာတော်က အကျွတ်အလွတ်ကျောင်း၊

ဒေါက်တာသန်းထွေးအောင်က မဟာမြိုင်ကျောင်း တွင် နေကြရလေသည်။

## သံဃပူဇနီယ

မဟာဗောဓိမြိုင်ဆရာတော်သည် ၁၃၇၀–ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ကား အဓိဋ္ဌာန်ကုန်ဆုံးချိန်ဖြစ်၏။ အဓိဋ္ဌာန်အောင်ချိန်ဖြစ်၏။ သုံးနှစ်အဓိဋ္ဌာန်ဖြင့် ခရီးဆက်ခဲ့ပေမည့် အဖျက်ဝင်တိုင်းပြန်စရ၊ နေရာပြောင်းရဖြင့် ဆယ်နှစ်တိုင်ခဲ့လေသည်။ အဓိဋ္ဌာန်ပြည့်ချိန်မှာတော့ မဟာမြိုင်တောအတွင်း ခေါင်နန်းပလ္လင်စခန်း၊ အကျွတ်အလွတ်ကျောင်းတော်မှာ ဖြစ်လေသည်။

အဓိဋ္ဌာန်ပြီးဆုံးချိန်တွင် ပထမဆုံးအတွေ့ခံလိုသည်မှာ သံဃာတော်–ရဟန်းတော်ပရိသတ်ဖြစ်သင့်၏။ ထိုရဟန်းပရိသတ်သည်လည်း ဌာနေသီတင်းသုံးဖော် များသာ ပထမဦးစွာဖြစ်သင့်သည်ဟု ဆရာတော်ယူဆကာ သီတင်းသုံးဖော်များနှင့်တွေ့ဆုံပွဲ၊ သံဃာပူဇော်ပွဲ၊ ဂါရဝပြုပွဲ၊ ဩဝါဒခံယူပွဲ မပြုလုပ်မီ ပရိတ်သတ်တို့ကို အတွေ့မခံပဲ ဆုံးဖြတ်ချက်ချခဲ့၏။

ထို့ကြောင့်ပင် ရဟန်းပရိသတ်၊ လူပရိတ်သတ်၊ တိုင်းမျိုး စသည့် လာရောက်သူတို့ကိုကား ဆံပြုတ်ဖြင့်သာ ဧည့်ခံရလေသည်။

၁၃၇၁–ခုနှစ်၊ တန်ခူးလဆန်း(၃)ရက်နေ့တွင် နယ်တာဝန်ခံဆရာတော် အောင်ချမ်းသာ ရွာကျောင်းဆရာတော်ထံသို့ ဒကာဦးလှသိန်းနှင့် ဒေါက်တာသန်းထွေးအောင် တို့ သွားရောက်၍ လျှောက်ထား အကူအညီတောင်းခံစေခဲ့၏။ ထိုဆရာတော် သတ်မှတ်ပေးလိုက်သော လဆန်း(၁၃)ရက်၊ အင်္ဂါနေ့ကို သံဃာ့ပူဇနီယပွဲ အတည်ပြုခဲ့ကြ၏။

ထိုဆရာတော်မှတစ်ဆင့် ကလေးဝမြို့တွင် သီတင်းသုံးတော်မူသော–

၁။ တစ်မြို့နယ်လုံး၏ ထေရ်ကြီးဝါကြီးဆရာတော် (၁)ပါး၊

http://www.dhammadownload.com


၂။ ထိုမြို့မှ ပရိယတ်ဝန်ဆောင်ဆရာတော် (၁)ပါး၊
၃။ ထိုမြို့မှ ပဋိပတ်ဝန်ဆောင်ဆရာတော် (၁)ပါး၊
၄။ ထိုမြို့မှ မြို့နယ်သံဃနာယကဆရာတော် (၁)ပါး၊
၅။ ထိုမြို့မှ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် (၁)ပါး၊

ဤ၅ါးဌာန သံဃာတော်များကို ပင့်ဖိတ်တော်မူစေခဲ့သည်။

နယ်တွင်းရှိ သက္ကယ်ကျင်း၊ ဝေပုံကျောင်းကြီး၊ ချင်းချောင်းကျောင်းဆရာတော်၊ သံဃာတော်များကိုကား အနီးကပ်ရောက်မှသာဒေါက်တာသန်းထွေးအောင်နှင့်မော်တော်ဆိုင်ကယ်ဒရိုင်ဘာ ကိုနိုင်ဦးတို့ကို သွားရောက်စေခဲ့ပါသည်။

သံဃာပူဇနိယပွဲကိုကား ကျောင်းအခက်အခဲ၊ အကြောင်းကြောင်းသောအကြောင်းတို့ကြောင့် အနီးအဝေး သာဝကတို့ကို မသိအောင်ကျင်းပခဲ့ခြင်းဖြစ်၏။ လဆန်း(၅)ရက်နေ့တွင် ပွဲတော်ဆိုင်းဘုတ်ကြီးများ ရေးဆွဲ၍ စိုက်ထူရန် ဇီးကုန်းမှ ပန်းချီဆရာ မောင်ခင်မောင်ရွှင်ကိုခေါ်ခဲ့ရသည်။ ထိုသတင်းကြားကြပေမယ့် ရှိသေသောအားဖြင့် အဝေးနေတို့လည်း မလာကြပါချေ။

တာကူးလဆန်း (၁၀)ရက်နေ့တွင် နတ်တလူ၊ ဇီးကုန်းတို့မှ (၈) ဦးခန့်၊
တာကူးလဆန်း (၁၁)ရက်နေ့တွင် ရွှေဘိုအလှူရှင်များ (၇၀) ဦးခန့်၊
တာကူးလဆန်း (၁၂)ရက်နေ့တွင် အနီးနေရွာမှ အလှူရှင်များ၊
တာကူးလဆန်း(၁၃)ရက်နေ့တွင်ကား မဟာမြိုင်အတွင်းက အဝေးနေများလည်း စောစောကပင် ရောက်လာကြ၏။
ကလေးဝကလည်း ဖူးလိုသူများလည်း ရောက်လာကြ၏။
တန့်ဆည်ကလည်း အချို့ လာရောက်ကြသည်။

သံဃာတော်များကလည်း ပင့် (၁၀)ပါး၊ မပင့် (၆)ပါး ပေါင်း(၁၆)ပါးအထိ ကြည်နူးစရာဖြစ်၏။

အရှေ့ကပေါ်ထွက်လာသော နေမင်းကြီးက ည ကန့်လန့်ကာကြီးကို ဖွင့်မပြီး ပေးလိုက်သည်နှင့် ပွဲစရာတွင် အင်အားချိနဲ့သော ချက်ပြုတ်သူများကို စားပရိတ်သတ်တို့က အပြတ်ဖြတ်နေချေပြီ။ ထမင်းပေါင်း၊ ထမင်းချက်၊

http://www.dhammadownload.com


ဟင်းချက်တို့ အိုးငယ် ခွက်ငယ်များနှင့်အတူ မျက်နှာငယ်ကြရလေပြီ။ အင်အားချိနဲ့သော ကျွေးမွေးသူများကိုလည်း စားပရိတ်သတ်က အပြတ်ဖြတ်နေပြီ။ တစ်ယောက်ထွက်လျှင် တစ်ယောက်ဝင်၊ တစ်ဖွဲ့ပြင် တစ်လက်ဆက် အကွက်မလည် ဖြစ်နေကြရလေပြီ။ စားသောက်ရန်စောင့်ဆိုင်းနေသော ကျန်ပရိတ်သတ်ထုကြီးကလည်း မေတ္တာမြိုင်အပေါက်ဝဝယ် အုံနှင့်ကျင်းနှင့် တိုးနေဆဲ၊ ဝှေ့ဆဲကြိတ်ကြိတ်သဲနေကြ၏။ 'စားရမှာပါ'၊ 'စိတ်ချပါ'၊ 'ခဏထိုင်ပါဦး' ဆိုရှေ့ပိုတိုးလာကြ၏။ 'နေရာကျဉ်း၍ ဖြေးဖြေးချင်းဧည့်ခံရသည်ကို သည်းခံပြီးစောင့်ပါ' ဆိုလည်း ပိုတိုးလာကြမြဲ ဖြစ်နေတော့၏။ မဟာမြိုင်အထင်သေးသောတာဝန်ခံများ ရင်မောရသောအချိန်ဖြစ်တော့၏။ မဟာမြိုင်အရှင်မ မိပန်၏အစွမ်းမခန့်မှန်းသော တာဝန်ခံများ ကျောချမ်းကြရချိန်သာတည်း။

## သံဃာထံ မိပန်က ယဉ်ယဉ်ကျေးကျေး

အချိန်ကား နံနက်(၈)နာရီနီးချိန်တွင် အောင်ချမ်းသာဆရာတော်ဦးဆောင်သော ကလေးဝ၊ သက္ကယ်ကျင်း၊ ကျောင်းကြီး တို့မှ သံဃာတော် (၈)ပါးတို့ကို တင်ဝင်းထွန်းကုမ္ပဏီမှ မန်နေဂျာဦးလှရွှေ၏ အစီအစဉ်အရ ကားဖြင့်ပင့်ဆောင်လာတော်မူ၏။ ဆရာတော်သည် (၇း၄၅)နာရီခန့်တွင် အကျွတ်အလွတ်ကျောင်းမှနေ တောင်ခြေရှိ မဟာမြိုင်ကျောင်းဆီသို့ ကြွလာတော်မူခဲ့၏။ သံဃာတော်များကို ဂါရဝပြုရန်၊ ဩဝါဒခံယူရန် ကြွလာခြင်းဖြစ်၏။

ဆရာတော်သည် မြေနီလှေခါးထစ်စောင်းတန်းမှ ဆင်းကြွလာရာ စောင်းတန်းထိပ်သို့ ရောက်သည်ဆိုလျှင် အားလုံးက အဝေးမှမြင်ကြရာ–

'မဟာဗောဓိမြိုင်ဆရာတော်ကြီးကြွလာနေပြီ' ဤသတင်းစကားကြောင့်
–စားဝိုင်းတိုးဝှေ့နေသော လူထုကြီးသည် ဆရာတော်ဆီသို့ တိုးဝှေ့လာကြ၏။
–စားဆဲ ပရိသတ်မှာလည်း လက်စသတ်၍ ဆရာတော်ဆီသို့ ချဉ်းကပ်လာကြပြီ။

http://www.dhammadownload.com


ထိုအခါကျမှ ချက်ပြုတ်သူ၊ ကျွေးမွေးသူတို့ကား 'အခုမှ အသက်ရှုပေါက် ချောင်သွားတော့တယ်' ဟု ပြောကြ၏။

ဆရာတော်ကိုဖူးမျှော်လိုသောသူတို့ကား တောင်လှေခါးအစမှ မဟာမြိုင်ကျောင်းလှေခါးအထိ ပုဝါများ တဘက်များ ဖြန့်ခင်းထားကြ၏။ ပရိသတ်လည်း နှစ်ဖက်ညှပ်ချဉ်းကပ်လျက် ကြိုဆိုနေကြ၏။ လက်အုပ်ကိုယ်စီ၊ ဇောမနီ ကြည်လင်မှုများဖြင့် ဖူးမျှော်နေကြ၏။

ဆရာတော်သည် ပရိသတ်များကို မေတ္တာပို့သလျက် ဆင်းသက်ကြွလာတော်မူ၏။ တောင်ခြေလှေခါးမှ စစချင်း ပျဉ်းမနားလက်လုပ်တောင်တွင် ဖူးခွင့်ရခဲ့ဖူးသူ ဒကာမတစ်ဦးက ဆရာတော်ကို ရှေးဦးစွာ 'ဆရာတော်ဘုရား တပည့်တော် လက်လုပ်တောင်တွင် ဖူးခဲ့ဖူးပါ၏ဘုရား' နှုတ်ခွန်းဆက်လိုက်ရာ-

ဆရာတော်က- *ဟာ သွားပြီ၊ ပျဉ်းမနားရုပ်ဖျက်ထားသောဒါ အညာပေါ်သွားပြီပေါ့* တွေးမိတော့၏။

-ထို့နောက်ပရိသတ်ကြီးကား အလုအယက်တိုးဝှေ့လျှံ့ဒိန်းကြ၏။

-အလုအယက်ထိုင်လျက်ကလည်း ဂါရဝပြုကြ၏၊ ကန်တော့ကြ၏။

-အလုအယက်မော့လျက်ကလည်း ဖူးမြော်ကြ၏။

ဤသို့ဖြင့် ဆရာတော်သည် မဟာမြိုင်ကျောင်းတော်၏ အပေါ်ထပ်သို့ ကြွတော်မူ၏။ ထို့နောက် ထေရ်ကြီး၊ ဝါကြီး ဆရာတော်များကို ဂါရဝပြုတော်မူ၏။ ထို့နောက် ထိုင်ခွင့်တောင်းရာ အောင်ချမ်းသာဆရာတော်ပေးသော နေရာ၌ဝင်ပြီး သီတင်းသုံး၏။ အလ္လာပ-သလ္လာပ ပြောကြ၏။ သံဃာ့သာမဂ္ဂီ ဖြစ်တော်မူကြ၏။ တစ်ပါးနှင့်တစ်ပါး ဝမ်းမြောက်ဝမ်းသာ ဖြစ်စေကြ၏။

သံဃာတော်အချင်းချင်း ရင်းနှီးစွာ စိတ္တသာမဂ္ဂီဖြစ်ပြီးကြသည်နှင့် သံဃာယေ်များသည် ဦးစွာ တောနှင့်ဝင်းတို့၌ လှေ့လာရေးထွက်ကြွတော်မူကြ၏။ သည့်နောက် အောင်ချမ်းသာဆရာတော် ဦးစွာ ပြန်ကြွလာတော်မူရာ မကြာမီ ပရိသတ်ကိုယ်စား ကျင်းပရေးတာဝန်ခံ ဦးသန်းထွန်း(ရွှေဘို) ရောက်လာပြီး

http://www.dhammadownload.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သံဃာဒါနပွဲသို့ ကြွရောက်အလှူခံကြွ၊ မကြွ မေးလျှောက်တော့၏။

ဆရာတော်သည် ပင့်သံဃာမှတစ်ပါး အခြားသံဃာများ ဝင်ရောက်အလှူမခံ အာဂန္တုများကိုပင် ငါတို့ကလှူဒါန်းပူဇော်အံ့ ဟူ၍ အကျွတ်အလွတ်ကျောင်းသို့ ပြန်ကြွပါအံ့– ထိုအခါ ပရိသတ်ကြီးက လှူဒါန်းရန် ပြင်ဆင်ကြတော့လျှင် ရုတ်ရုတ်သဲသဲ မဖြစ်စေလိုသဖြင့် "တရားမဏ္ဍပ်အတွင်း အားလုံးနေရာယူကြပါ၊ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး အဖူးမြော်ခံလျက်က ဩဝါဒကထာ မြွက်ကြားပါမည်၊ လှူလိုသူများလည်း ဩဝါဒခံယူပြီးသည်နှင့် စနစ်တကျ လှူဒါန်းနိုင်ကြပါသည်" ဤကဲ့သို့ ပွဲတာဝန်ခံက ကျေညာလိုက်ရာ အားလုံး အချို့မဏ္ဍပ်ဝ၊ အချို့ကလှေခါးရင်း၊ အချို့ကသွားရာလမ်း၊ အချို့ကမဏ္ဍပ်တွင်းဝယ် နေရာတကျ နေရာယူထားကြတော့၏။

ပရိသတ်ကြီးကား နေသာခဲ့ပြီးဖြစ်သမျှ ဆရာတော်သည် မနေသာထဲသို့ ပြန်လည်ဝင်ရတော့ကာ ရွှေးဦးစွာ အောင်ချမ်းသာဆရာတော်အား ဂါရဝပြုခွင့်ပန်ပြီး ပလ္လင်ပေါ်တက်ခဲ့ရတော့သည်။ ရှစ်ပါးသီလဖြင့် ဩဝါဒကထာ ပေးဝေခဲ့ရသည်။

## ဩဝါဒကထာ

ဆရာတော်ပေးဝေသော ဩဝါဒကထာကား–

"ကံအလှူဖြင့် (ဒါန၊သီလ ရိုးရိုးဖြင့်) လယ်မလုပ်ချင်ကြနှင့်၊ ဉာဏ်အလှူဖြင့် ဝိသုဒ္ဓိသီလမှ မင်္ဂသီလသို့ ကူးပြီး ယောသမားဖြစ်အောင်လုပ်ကြ " ဟု မိန့်တော်မူ၏။

ဆရာတော်သည် ဒီနောက် ပလ္လင်ထက်မှ အထိုင်မပျက် လှူသမျှ အလှူခံယူ ခဲ့ရသည်။ ပြန်ကြွတော့လည်း အလှူခံပေးရသည်။ လူအုပ်ကြီးလည်း တိုးဝှေ့လှူကြလေသည်။ ဆရာတော်သည်အကျွတ်အလွတ်ကျောင်းသို့ (၁၀း၄၅) နာရီမှ ပြန်ရောက်ခဲ့ရသည်။

http://www.dhammadownload.com


သံဃာပူဇနီယပွဲတော်ကား သံဃာဆန္ဒအရ (၁၂)နာရီတိတိတွင် ကျင်းပ၍၊ သီလအနုမောဒနာ ရေစက်ချတရားမှာ အောင်ချမ်းသာဆရာတော်က ချီးမြှင့်ပေးတော်မူ၍၊ သံဃာတော်များက ပရိတ်တရား ချီးမြှင့်ပေးတော်မူကြသည်။

ပွဲအစမှာတော့ နမောတဿဖြင့် အားလုံးက အခမ်းအနားဖွင့်ခဲ့၍၊

ပွဲအဆုံးမှာတော့ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဖြင့် စခမ်းသိမ်းပေးကြ၍၊

သံဃာပူဇနီယပွဲတွင် သံဃဒါနလောင်းလှူပွဲကြီးမှာ သံဃာတော်များအတွက် လောင်းလှူကြသည့် ပစ္စည်းများကား တိစီဝရိတ်သင်္ကန်းများ၊ မျက်နှာသုတ်ပုဝါ အကြီး၊ အသေးများ၊ ဆေးမျိုးစုံများ၊ မဟာဗောဓိမြိုင်ဆရာတော်၏ ကျမ်းစာအုပ်များစသည်ဖြင့် လောင်းလှူကြလေသည်၊ အမျိုးသောင်းပြောင်းကိုကား မဲအဖြစ်ပြုလုပ်၍ လုပ်အားဝေယျာဝစ္စတာဝန်ခံ ဘူးကုန်းမှ ဦးမောင်ရင်၊ မောင်ခင်မောင်ဝင်း၊ ဦးငွေ(ဇီးကုန်း) စသူတို့က တာဝန်ခံ မဲဖေါက်လောင်းလှူကြ၍၊

ထို့နောက် ဆရာတော် နံနက်ပိုင်းက အလှူခံခဲ့သမျှ မဟာမြိုင်တောအတွင်း ပရိသတ်ထုကြီး၏ အလှူပစ္စည်းအားလုံးတို့ကိုလည်း အညီအမျှခွဲဝေကာ သံဃာတော် (၁၀)ပါးတို့အား လှူဒါန်းကြရသည်။ ထို့နောက် –

နန်းတော်ကျောင်း စာသင်သားများအတွက် သင်္ကန်းဒွိစုံ (၁၅)စုံ၊

မုဋ္ဌောကျောင်း စာသင်သားများအတွက် သင်္ကန်းဒွိစုံ (၁၅)စုံ၊

အာဂန္တုက (၆)ပါးတို့အား သင်္ကန်းအစ ပစ္စယမျိုးစုံ တို့ကိုလည်း လှူဒါန်းရ၍၊

ဤသို့ဖြင့် တောတောင်အတွင်း စည်ကားလှ၍၊ ပွဲကား ညနေ(၁း၅၀) နာရီတွင် အားလုံးပြီးစီးသွားကြတော့၍၊ ပီတိကိုယ်စီဖြင့် ကျေနပ်အားရကြရလေသည်။

http://www.dhammadownload.com



# တပည့်မိုက်များသို့ ဆုံးမစာ

## ပြေးမလွတ်သောသွတ်ကွင်းများ

- သေဘို့ကိစ္စ ငါ့ထိပ်ဝ ဒိဋ္ဌကျနေပြီ၊
- အိုဘို့ကိစ္စငါ့ထိပ်ဝ ဒိဋ္ဌပြနေပြီ၊
- အိုဘို့ကိစ္စငါ့ထိပ်ဝ ဒိဋ္ဌစနေပြီ၊

နေ့ပြည့်၊ ရက်ပြည့်၊ အချိန်ပြည့်
သတိရှိမှတော်ပေမည်။
ငါလျှင်ကဝိ ပညာရှိလည်း
သတိမသွင်း သိမလင်းကြောင့်၊
လွတ်ကင်းသီလ
နိမ့်ကျသမာဓိ
မမိပညာ ရှိချေပါသော်၊

- တဏှာသွတ်ကွင်း အစင်းစင်း
  အနင်းမလွတ်သေးပါတကား၊
- ဘယာသွတ်ကွင်း အခင်းခင်း
  အနင်းမလွတ်သေးပါတကား။ ။

http://www.dhammadownload.com


# တပည့်ကောင်း

- သင့်ဉာဏ် သင့်စိတ် မှန်တိတ်ဆိတ်လည်း
  မျက်ရိပ် မျက်စ ဆရာပြ
  ထဖြစ်အောင်ပဲ ထလိုက်ပါ။
- ထသာထလျက် ဉာဏ်မသက်လည်း
  နှုတ်မြွက်ခွန်းလှည့် ဆရာဖြည့်
  ကြည့်ဖြစ်အောင်ပဲ ကြည့်လိုက်ပါ။
- ကြည့်ပင်ကြည့်ရာ ဉာဏ်မပါလည်း
  ဆရာလက်ကုတ် ပြချက်ထုတ်
  လုပ်ဖြစ်အောင်ပဲ လုပ်လိုက်ပါ။
- သည်သို့သည်မှာ မြတ်ဆရာ၏
  သိက္ခာပြည့်နှက် သွန်သင်ချက်ကို
  သက်ကဲ့သို့ထား ယုံစိတ်ပွားပြီး
  လမ်းမှားချောက်တွန်း တစ်ပေါက်စွန်း မညွှန်းမဆိုရာ
  ငါ့ကျိုးစီးပွား ပျက်ရာကြား လမ်းထားမပေးရာ
  ငါ့အားရှေ့ထုတ် ခုတုံးလုပ် သူယုတ်ဇာတ်တွင်း မသွင်းရာ။
- ထိုရာသုံးချက် ဆင်ခြင်တွက်ဖြင့်
  သွက်လက်မြန်ဆန် တစ်သံမကွေ
  တစ်သွေမငြီ လွန်စောင့်သိ
  ငါ၏တပည့်ကောင်း။ ။

http://www.dhammadownload.com


# ဥတုကိုရိုးစွဲ၍

◆ ဆောင်းတွင်းကာလ ၎င်္ဂကိစ္စ
စိတ်ချ လက်ချ လုပ်မည်ပြင်၊
စိမ့်အေး တုန်ချမ်း နှင်းလေဖြန်းမို့
စိတ်မှန်းသမျှ ကိုယ်မထ
ဆတ ဆတ ငါမတွင် ။

◆ နွေလကျတော့ ထပ်တစ်ကြော့
ဦးမော့လာဖို့ ငါပြင်ဆင်၊
ပူပြင်း ဆွေးထန် ချွေးစေးပြန်မို့
စိတ်သန်သမျှ ကိုယ်မမျှ
ဆတ ဆတ ငါမတွင် ။

◆ မိုးလခါကြိမ် သည်တစ်ကြိမ်
ဣန္ဒြေရ စမည်ပြင်၊
ချမ်းတုန်ပူအိုက် မှက်ခြင်ကိုက်မို့
စိတ်စိုက်သမျှ ကိုယ်မကြွ
ဆတ ဆတ ငါမတွင် ။

◆ နွေ၊ မိုး၊ ဆောင်းတို့
တပြောင်းပြန်ပြန် ပတ်လည်ဖန်လည်း
မသန်ယုံချက် မထက်ရဲတင်း
မပြင်းဆန္ဒ ဤသုံးဝကြောင့်
စပြီးတရား ဆုံးမလား
လုံးပါးပါးတော့မည် ။ ။

http://www.dhammadownload.com


## ကြီးလေးကြီး ခရီးသွားအားပြည့်

- ဆန္ဒအားကြီး သူ့ခရီး မပြီးမရှိချေ၊
- ဝီရိယကြီး သူ့ခရီး မပြီးမရှိချေ၊
- စိတ်ပါအားကြီး သူ့ခရီး မပြီးမရှိချေ၊
- အမြင်သန်အားကြီး သူ့ခရီး မပြီးမရှိချေ၊
- ဓိပတိဦးစီး ကြီးလေးကြီးတို့

ခရီးတာထွက် ရှေ့သို့တက်စဉ်
ကွင်းဆက်လက်မြဲ ဆင့်ဆင့်ကဲက
ပွဲလည်းအဝင် သခင်လည်းချစ်
ရှင်လည်းချစ် တက်သစ်နေပမာ ။

## ငါဆိုသောငါ

ငါဆိုသည်ကား အလကား၊
အနန္တငါးပါးပြုပြင်ထား ငါကားအရုပ်ဖြစ်ချေသည်။
၁။ မိဘကျေး သုတ်သင်ပေး လူရေးလူစလှစေသည်။
၂။ ဆရာ့ထံမှောက် နာခံရောက် တတ်မြောက်စာပေ ရခဲ့သည်။
၃။ သံဃာ့ထံပါး ဆည်းကပ်တွား တရားသစ္စာသိခဲ့ရသည်။
၄။ ဓမ္မဝတ်ရည် မြဝတ်ရည် ပတ်လည် ငါ့ကိုယ် ဝိုင်းနေသည်။
၅။ တရား၏ရှေ့ ဘုရားတွေ့ စေ့စေ့ငါ့ကို ချေချွတ်သည်။
ငါဆိုသည်ကား အလကား
အနန္တငါးပါး ပြုပြင်ထား ငါကားအရုပ်ဖြစ်ချေသည်။
အနန္တငါးပါး ဦးထိပ်ထား ငါကားသက်ရှိဖြစ်နေသည်။
အနန္တငါးပါး နှုတ်ပယ်ထား ငါကားသုဉ်းသူဖြစ်ချေသည် ။

http://www.dhammadownload.com



## ဓမ္မဒူတ

၁။ ဗုဒ္ဓကိုယ်စား ငါသည်ကား
အများဝေနေ ကျွတ်ထိုက်ခြေကို
လေးထွေအပါယ် သုံးသွယ်သောဝဋ်
ထိုကျွတ်တွင်း ထိုညွတ်ကွင်းမှ လွတ်ကင်းစေရန်-

- သုံးတန်သောကံ၊ အကောင်းခံ၊ ရှင်သန်ဖြစ်စေအံ့။
- သုံးတန်သောကံ၊ အဆိုးခံ၊ တွန်းလှန်မြစ်စေအံ့။

၂။ ဓမ္မကိုယ်စား ငါသည်ကား။
အမှားခရီး မျက်မည်းကြီးဝယ်
ပြောင်းလဲပတ်လိမ့် မြင့်နိမ့်ထက်အောက် လှန်ရာမှောက်ဖြင့်
ကပေါက်ကချာ ရောက်ရာရာလမ်း လျှောက်ကာစမ်းသည့်
ပရမ်းပတာ ဝေနေယျာကို-

- သေချာလမ်းစ စခန်းပြလျက် ကမ်းစရေးရေး ထုတ်ဆောင်ပေးအံ့။
- ယွင်းပြိုစရိုက် အမိုက်တိုက်အား ရှု့မြိုက်ညစ်ထေး ဖြူစင်ပေးအံ့။

၃။ သံဃာ့ကိုယ်စား ငါသည်ကား
ခေါင်းပါးပစ္စေး ဉာဏ်နုံနွေးတို့
ပေးသာကမ်းသာ စွန့်လွှတ်သာစေ။
တစ်မှာတစ်ဖတ် တစ်ဇွန်းကပ်ဖြင့်
မြတ်အသချေ် ရေတွက်မရ ကျိုးဖလလို
သံဃာ့ဂုဏ်ဟူ မြတ်မဥ္စူ၏။
တူမျှအကျင့် အသင့်မှန်တွေး ဉာဏ်သမေးဖြင့်
ပေးလိုမျှလို ငှစိတ်ပိုအံ့။
အေးမြ စိတ်ကိုယ်-ဗဟိုတည်နေ ဉာဏ်မဏ္ဍိဖြင့် ဝေလို ကမ်းလို
လက်တန်းကြိုအံ့ ။

http://www.dhammadownload.com


## သာသနာပြုလက်ခွဲ(၁)

ကိုယ်ကျိုးစွန့်ရန် နင်ငြင်းဆန် တွင်းရန်မအေးပြီ။
ဝေဖန်စွပ်စွဲ မခံရဲ ဘယ်လဲနင့်ခန္တီ။
အနာမခံလို သာစံလို နင့်ကိုယ်ကျိုးနည်းပြီ။

## သာသနာပြုလက်ခွဲ(၂)

အောက်ကျလိုချေ ထက်ကနေ တက်လေကျလေမှတ်။
အထက်နေချင် အောက်မှပင် ကျလျှင်တက်ပြီမှတ်။
ဘုရားကစ သဝက ချ၍ တက်သည်မှတ်။

## သာသနာပြုလက်ခွဲ(၃)

ကိုယ့်ကျိုးစွန့်လျှင် ကောင်းစိတ်ဝင် ကိုယ်ပင်ကိုယ်ကျိုးရချေသည်။
ကိုယ့်ကျိုးစွန့်လျှင် ကိလေစင် ကိုယ်ပင်ငြိမ်းအေးရချေသည်။
ကိုယ့်ကျိုးစွန့်လျှင် ကိုယ်ဆိုးမြင် ကိုယ်ပင်မာန်ကင်းရချေသည်။
ကိုယ့်ကျိုးစွန့်လျှင် ကိုယ့်ကျိုးမြင် ကိုယ်ပင်နောင်ရေးအေးချေသည်။
ကိုယ့်ကျိုးစွန့်လျှင် သူခင်မင် သူပင် ကိုယ့်ကြွေးပေးချေသည်။

http://www.dhammadownload.com


## ပိုး

ပိုးပိုး သည်ပိုး ဤနှစ်မျိုး၊ ပိုးမှလာသည်ထင့်။
ရောင်လျှံခြောက်သွယ် ဤလူ့နယ်၊ မှုန်းခြယ်အောင်လံလွှင့်။
သူ့အကျိုးငှဲ ပိုးပိုးခဲ့၊ လေးဆယ့်ငါးဝါဖြင့်။
ကိုယ်ကျိုးမဖွဲ့ သည်ပိုးခဲ့၊ လေးဆယ့်ငါးဝါဖြင့်။
ငါတမူကား ထိုဘုရား၊ အားကျရိုသေရှင့်။
ငါတမူကား သံဃာများ၊ အားထားမှီလိုချင့်။
သုံးပါးကိုယ်စား ပိုးပိုးသွား၊ အများဝေနေဆင့်။
အများထိုထို ကောင်းမည်ဆို၊ စွန့်လိုက်ကိုယ်ပါအသင့်။
ဤသည်နှုတ်ခွန်း မှန်းရည်ညွှန်း၊ ခြယ်မွန်းပိုးရောင်ရှင့်။
ဆင်းမည် တက်မည် ပတ်ဝှေ့လည်။
မြန်ပြည်အနှံ့ ခြေလက်ဆန့်၊ တန့်ရပ် ည–နေ့ မရှိသင့်။

## သာသနာ့နှောင်းဝန်ထမ်း

သာသနာနောက်များ ပေါက်ဖွားရသူငါ။
တဏှာအလျှင် တွင်တွင်စီး ခရီးကသံသရာ။
မနီးလှ အလံတစ်လွှာ သာသနာတဲ့အဆန်လမ်း။
တန်မပါ အသံသာလွှမ်းတယ် မျှောပါရ အောက်ဘက်နှုတ်ခမ်း။

## သာသနာ ကညာဖက်

သာသနာ ကညာဖက်၊ တဏှာစက် အကွက်ဖော်၊ သွားလမ်းပျက်ချော်။
ရှေ့သို့သာမျှော်၊ အနောက်သော်ခြေစွဲ
သွားလမ်း မြေဘယ်ညာရပ် မြုပ်လို့သာပဲ။

http://www.dhammadownload.com


## မ, ခရေးသမား

မ–မနိုင် မ–နိုင်ရန်အခက်သား၊ မ ဘက်လိုက် မိုက်ဘက်ပါ။
တူနှစ်ဖြာလုံးထွေးမှောက် အောက်ကျ၍သွား။

## ဘုရားလူ

ငါ့နောက်လှည့်ကြည့် ဘုရားရှိသော်
မည်သည့်ကိစ္စ မည်မျှကြမ်းတမ်း
ခြေလှမ်းမရပ် နောက်မဆုတ်ပြီ
မလှုပ်ရဲတင်း ခြသေ့်မင်း။

## သည်တောင်ကို ကျော်နိုင်မှ

ဆောင်မသွက်နိုင်ဘု၊ တောင်တက်ရဲ့ဝေးသီခေါင်။
ကာမဂုဏ်ဇောရမ္မက်တွေက၊ တောထွက်ငါဆရာသို့
မညှာတာ ခါခါညှင်းတော့တယ်။ သင်း ကာမမှောင်။
ကျွတ်ဆူရဲ့အနှောင်၊ ဝတ္ထုရှောင်နိုင်ပေမယ့်၊
အရောင်ပြိုင် အာရုံဆန်းတွေက
လှမ်းမရ လမ်းဝ အခွေခွေ
ထမ်းဖဝါ့ ခြေဖြင့် ချသာဘူး။
တမ်းတဖွယ်လေး လေ့ တမ်းတဖွယ်
ခန်းမအလယ် အထက်ပန်းကိုဖြင့်
လက်လှမ်း မကိုင်သာသမို့
မြိုင်ခြေမှာ ထိုင်ခွေမောရတယ်
တောအထွက် တောင်ကူး။

http://www.dhammadownload.com


## တောင်ဆိုသည်မှာ

အာရုံပေါ် ရမ္မက်ဆင့်    မြင့်လိုက်တဲ့ ငါးလုံးတောင်။
မော်လို့သာကြည့်မိ၊    မသိရှိ ဆုံးစ အရောင်။
ကာမရဲ့ အမှောင်၊    အခေါင်ထက် ထိပ်ဖျား
ဖဝါးအသာတည်လို့၊ တရားအပါချီလို့၊
မိုလ်ငါးလီ အညီရှုန်းသော်မှ
ကြမ်းမလီ သည်ငါးလုံး၊ ဆုံးပါ့မလား။

## ဟန်မမြင်မိ

- ဇွတ်မရှန်းသာဘု ဝဋ်ထုံးရဲ့ ကြမ္မာနှောင်
  မမြင်ရခါမှ ထင်ကြ ထိုဤပုံတို့
  ဘဝင်ခုန် ရင်လှုံကိန်းကြတယ်
  ထိန်းမရ ကာမအမှောင်။
- လွတ်ခင်းငှဲ့ ကင်းကင်းရှောင်
  တင်းရောင်မှ မပြသေး၊
  မြှုံးမရက်ခင်က
  မြှုံးထက်မှာ ငါးဝင်နေသို့
  ငါ့စဉ်ရေ အာရုံကြောင်းတွေက
  သောင်းပြောင်းထွေထွေနဲ့
  အခြေကို အမှေ့ဖိတယ်
  သိလျက်နဲ့ငေး ။

http://www.dhammadownload.com



## ဘုရားတိုင်းဆုံးမ စကားသုံးခွန်း

၁။ မကောင်းသောအမှု ဘာတစ်ခု မပြုကျင့်ဘဲ၊
ရှဲလည်းရှဲ နည်းလည်းနည်းလျက် စဲရမည်။
၂။ ကောင်းမှုဆိုလျှင် အကုန်စင်
ပုံသွင်ခြများ ပယာထားလျက် လွန်အားတက်
များထက်များအောင် စုရမည်။
၃။ ကိုယ့်စိတ်ကိုယ်ပင် မြူမတင်
ဖြူစင်ဖွေးလွ နုလှပအောင် ချေချွတ်ဆောင်
ထိန်ပြောင်ကျော်ဟိုး စိုးရမည်။
ဘုရားတိုင်းက ထိုသုံးဝ ဆုံးမခဲ့ကြပြီ။

## အမြဲတမ်းထားရမည့် ထိုစကားသုံးခွန်း

လူနှင့်သာသနာ ပက်ပင်းသာ ဆုံလာမိကြပြီ၊
ကြုံတုန်းဆုံတုန်း သိက္ခာသုံး၊ ကုန်းကြုံးထမ်းသင့်သည်။
မဟုတ်ရာထမ်း ဟုတ်ရာရမ်း အထမ်းမှားခဲ့ပြီ။
မဟုတ်ရာဆောင်၊ ဟုတ်ရာရှောင် အဆောင်မှားခဲ့ပြီ။
အတွေးမဟုတ် အလုပ်မမှန် ပြောမမှန် ကြိမ်ဖန်လွဲခဲ့ပြီ။
တွေးမှား ပြောမှား အလုပ်မှား အမှားသုံးချက်ဆင့်ခဲ့ပြီ။
ရှေ့သို့ပြောလျက် နောက်ကိုထွက် တာထွက်မှားခဲ့ပြီ။
လူနှင့် သာသနာပက်ပင်းသာ ဆုံမိကြပြီ။
ကြုံတုန်း ဆုံတုန်း သိက္ခာသုံး ကုန်းကြုံးထမ်းသင့်သည် ။

http://www.dhammadownload.com


## ဝန်ထမ်းလမ်းနှစ်သွယ်

သွားလမ်းနှစ်သွယ်ဆိုသည်မှာ–

၁။ သာသနာတော်ကြီး မတိမ်ကော မပပျောက်ပါစေရန်၊ ပစ္စယာနုဂ္ဂဟခေါ် သာသနာတည်ကြောင်း ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး ပစ္စည်းလေးပါး ထောက်ပံ့ခြင်းက တစ်လမ်း။

၂။ ထောက်ပံ့ပစ္စည်းကို ခံယူသုံးဆောင်လျက်– သိက္ခာသုံးဆင့်တို့ဖြင့် အလွတ်အကျွတ်ကျင့်ဆောင်ပြီး ကိုယ်တိုင်သိရှိပြီးသော လမ်းတော် အတိုင်းပင် ရှိသာရှိ၍ မသိသေးသော တရားစုတို့ကို ဟောပြောပြသ ခြင်း တည်းဟူသော ဓမ္မာနုဂ္ဂဟဖြင့်တုံ့လှည့်တဖန် ပြန်လှန်ထောက်ပံ့ခြင်း က တစ်လမ်း။

ဤသို့ နှစ်လမ်းရှိချေသည်။

ထိုနှစ်လမ်းတို့တွင် ပစ္စည်းထောက်ပံ့မှု ထမ်းဆောင်ပါသော သာသနာ ဝန်ထမ်း၏ ပင်မတာဝန်သည်ကား–

၁။ စွမ်းစွမ်းတမံ ကိုယ်နှင့်အသက် မငဲ့မကွက်ဘဲ မိမိလည်း သေရဲသည်။ ကိလေသာ ရန်သူကိုလည်း သတ်ရဲသည်။ ယင်း သေရဲ သတ်ရဲပါသည် ဟု ကြွေးကြော်သူ သူတော်စင်တို့ လွတ်လွတ်ကျွတ်ကျွတ် ကျင့်သာ စေရန် ပစ္စည်းလေးပါး သဒ္ဓါတော်မှုအရာများဖြင့် ထောက်ပံ့အားပေးခြင်း။

၂။ မိမိ၏ ပံ့ပိုးအားပေးမှုကြောင့် စစ်လမ်းထိုးဖောက်ရောက် အောင်မြင် ပါသော သူတော်စင်၏ ဦးဆောင်ခေါ်လှာ အကျင့်လမ်းသာအတိုင်း

http://www.dhammadownload.com



ကပ်ခါညှပ်ခါ လိုက်ပါကျင့်ဆောင်နိုင်ခြင်း။

တာဝန်နှစ်ခု။

တစ်ဖန် ထောက်ပံ့သူတို့၏အကူအညီဖြင့် ခရီးဆုံးထိ အကြိမ်ကြိမ် ဆောင်နိုင်ပြီးသော သူတော်စွာသည်လည်း–

၁။ မိမိကိုယ်တိုင် အဆုံးထိထိပ်ခေါင် အောင်မြင်အောင် တွန်းလှန်ဖြိုဖျက်ခြင်း။

၂။ မိမိနောက်ပါး မိမိအားကို ခိုလှုံရှာကြသည့် ထောက်ပံ့ရေးသမားတို့ကို သံသရာ၏ သက်သာရာရစေမည့် နေရာသို့အထိ ပို့ဆောင်ထားခဲ့ခြင်း။

တာဝန်နှစ်ခု။

ဤသို့ တစ်ဘက်လျှင် တာဝန်နှစ်ခု နှစ်ခုကျစီဖြင့် အပြန်အလှန်ပင် ကြာသည် ရေကိုမှီ၍ မြင့်ရသကဲ့သို့ ရေသည်လည်း ကြာ၏အရိပ်ကိုခိုလျက် မခန်းခြောက်စေသော နည်းဖြင့် အတွဲအချိတ် ထိမိကြစေရာ၏။

ဆိုလိုသည်မှာ ဆရာသည် ဒါယကာ၏ပစ္စည်းအထောက်အပံ့ကိုခံယူ၍ ခရီးပန်းတိုင်၏ ခေါင်အထိ ကြိုးစားအောင်နိုင်ပြီး မိမိနောက်ပါ ဒါယကာကိုလည်း ယုတ်စွအဆုံး အောက်တန်းစားလေးဘုံတို့မှ လုံးဝကျွတ်လွတ်စေသော အဆင့် အထိ နေရာချထားခဲ့ရန်ပင်တည်း။ (ဓမ္မောဝါဒကထာ–၇)

## သာသနာဟူသည်

ဘုရားရှင်၏ မကောင်းရာကိုတားမြစ်၍ ကောင်းရာကို လမ်းညွှန်မှု ပေးထားသော အဆုံးအမတော်စကားတည်း။

ထိုအဆုံးအမတော်စကားများသည် အကျယ်အားဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်မျှ ကျယ်ဝန်းလှပေ၏။

ယင်းကို အဆီထုတ်၍ အနှစ်ချုပ်ပြရသော် ဗောဓိပက္ခိယတရား (၃၇)ပါး တည်း။ ၎င်းကို တူရာတူရာပေါင်း၍ အကြောင်းထုတ်ပြရချေသော် မဂ္ဂင်ရှစ်ပါး မြတ်တရား အစုသာတည်း

http://www.dhammadownload.com



ထိုမဂ္ဂင်ရှစ်ပါးကိုလည်း သဘောတူပေါင်းရုံး၍ အကျဉ်းချုံးပြရချေသော် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးဆင့် မှန်သောကျင့်စဉ်သာတည်း။

၁။ သီလသာသနာ – ကျင့်စဉ် မှန်ကန်စေရန် ဆုံးမထားသောစကား။

၂။ သမာဓိသာသနာ – ကျင့်စဉ်၌ စိတ်တည်စေရန် ဆုံးမထားသောစကား။

၃။ ပညာသာသနာ – ကျင့်စဉ်၌ ကွဲပြားစွာသိစေရန် ဆုံးမထားသော စကား။

ဤသိက္ခာသုံးရပ် အကျင့်မြတ်ပေတည်း။ (ဤကားသာသနာတည်း)။

ထိုသိက္ခာသုံးပါး ကျင့်စဉ်တရားများကို ကိုယ်တိုင်ကလည်း ကြံ၊ကျင့်၊သိ ဟူသော အဆင့်သုံးဆင့်အတိုင်း။

၁။ ပရိယတ်ဖြင့် ကျက်အံ့ကြံသိခြင်း သို့မဟုတ် နာခံမှတ်သားခြင်း၊ တွေးတော ဆင်ခြင်ခြင်း။

၂။ ပဋိပတ်ဖြင့် လက်တွေ့ကျကျ ကိုယ်တွင်းမှရှာဖွေခြင်း။

၃။ ပဋိဝေဓဖြင့် စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်မိသောအားဖြင့် ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်ဖြင့် သစ္စာသို့ ဆိုက်စေခြင်းတည်း။ (သို့မဟုတ်) နည်းမှန် လမ်းမှန်ကို ဆရာထံမှ နာခံမှတ်သားခြင်း။ ထိုမှတ်သားပြီး အတိုင်း ကိုယ်တိုင်ကျင့်ကြည့် ခြင်း။ ကိုယ်တိုင်ကျင့်သည့်အတိုင်း ကိုယ်တိုင်သိ၍ ကိုယ်ပိုင် ရှိခြင်းတည်း။ ထိုသို့ သဘာဝအရှိ ကိုယ်တိုင်လမ်းသိပြီးသောအခါ–

- မိမိသိသကဲ့သို့ တစ်ပါးသူတို့လည်း သိကြပါစေရန်။
- မိမိမှာရှိသကဲ့သို့ တစ်ပါးသူတို့လည်း ရှိကြပါစေရန်။

ဤဖြူစင်သောအရင်းခံစေတနာဖြင့် ဘုရားရှင်၏ သာသနာတော်ကြီး လည်း နေအရောင် လအရောင်ကဲ့သို့ တောက်ပစေ၊ ဘုရားသားတော် ဝေနေယျ အပေါင်တို့လည်း နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းပေါ်သို့ တက်နိုင်စေဟူသော ပြုစုပျိုးထောင်မှုတည်း။

ဤကားသာသနာပြုလုပ်ငန်းတည်း။

(ဓမ္မောဝါဒကထာ–၇)

http://www.dhammadownload.com


## သာသနာပြုတို့ရှိရမည့် စိတ်ထား

သာသနာပြုတို့ထားရှိရမည့် စိတ်နေသဘောထားဟူသည်–

သာသနာပြုလုပ်ငန်းဟူသည် ဝမ်းလျားမှောက်၍ အောက်သို့စိုက်ကြည့်နေသူကို ပက်လက်လှန်စေ၍ အထက်သို့ မော်ကြည့်စေခြင်းပင်တည်း။

သို့ပါ၍ လောကသားများအတွင်း ချဉ်းနင်းဝင်ရောက်၍ ဘုရားရှင်၏ အဆုံးအမ တော်ကြီးကို ၎င်းတို့စိတ်သန္တာန်အတွင်း ကိန်းတည်စေရန် ပြုပြင်ပေးကြရာတွင် ဝန်ထမ်းသားများသည်–

၁။ လောကသားများ မပယ်လှန်ရဲသည့်အရာကို ရဲဝံ့စွာပယ်လှန်ပြခြင်း။

၂။ လောကသားများ မသုံးဖူးသေးသည့် အရသာများကို မြိန်ယှက်စွာ သုံးဆောင်ပြခြင်း။

ဤနှစ်ချက်ဖြင့် လောကရှေ့ဆောင် လောကသားများ အားထားလောက်သော စံပြဝန်ထမ်းကောင်းများ ဖြစ်အောင် ပြုမူနေထိုင်ပြခြင်းတည်း။

ဆိုလိုသည်မှာ– လောကသားများသည် ပယ်လှန်ရကောင်းမှန်းပင် မသိလောက်အောင် ပိရိစွာထိုးနှက်လျက် လောကသားများအပေါ် စိတ်ညှို့ပညာသည် ပမာ ညှို့ယူလျက် မင်းမူနေသော ကြိုက်စိတ်၊ မကြိုက်စိတ်နှင့် မသိစိတ်တို့ကို ကြိုက်စိတ်ပေါ်တိုင်း ကြံ–ပြော–လုပ်–သုံးမျိုး ဇွတ်ထိုး၍မလုပ်ဘဲ ယင်းကြိုက်စိတ်ကို ပယ်၍ ကိုယ်ပိုင်စိတ်ဖြင့် မှတ်သား၍ အာရုံခံစားကြခြင်း၊ ထို့အတူ မကြိုက်စိတ်၊ အမှတ်လွတ်စိတ်ပေါ်လေတိုင်းလည်း ၎င်းမကြိုက်သည့်အလျောက် မသိသည့်အလျောက် ကောက်ခါငင်ခါ မလုပ်စေဘဲ ယင်းမကြိုက် မသိကိုပယ်၍ ကိုယ်ပိုင် ရှုမှတ်စိတ်ဖြင့်သာ အာရုံကို ခံစားကြည့်ခြင်းဖြင့် နေနည်းခံစားနည်းများပြသခြင်းပင်၊

ဤသို့ခံစားသော်–

- ဟင်း ဖြစ်ပါလျက် ဝက်သားဟူ၍ မသိစွဲနှင့်မသိစိတ် မဝင်လာတော့ပြီ။
- အရသာ ကောင်းသည်ကိုလည်း ဝက်သားကောင်းသည်ဟု ကြိုက်စိတ် မဝင်သာတော့ပြီ၊

http://www.dhammadownload.com


- အရသာ ဆိုးသည်ကိုလည်း ဝက်သားညှီသည်ဟု မကြိုက်စိတ် မဝင်သာတော့ပြီ။

ထိုသို့ အစွဲကင်းကင်းဖြင့် အလောင်းရုပ်စွဲသွားသည်တိုင် ရဲရဲပင် ပယ်သတ်ပြ၍ ရဲရဲပင် ကိုယ်ပိုင်အသိဖြင့် အရှိအာရုံ ခံစား၍ပြခြင်းတည်း။

ဤသို့ခံစားခြင်းသည် အစွဲကို ပယ်ရိုက်၍ ကိုယ်ပိုင်စိတ်ဖြင့် ခံစားရာ ဖြစ်ခြင်းကြောင့် လက်ငင်းကျွန်၊ နောင်ကျွန်ဘဝမှ လွတ်မြောက်သူ၏ ခံစားခြင်း မည်ချေ၏။ ထို ဝက်စွဲကြောင့်ဖြစ်ရသော ဝက်ဘဝမှလွတ်မြောက်ရပြီး ကိလေသာ ပူဆာ၍ စားမျိုရသော တဏှာကျွန် အဖြစ်မှလည်း လွတ်မြောက်ရခြင်းပင် ဖြစ်ချေ၏။ (ဓမ္မပဒကထာ-၈)

## လောကခံပြ မြတ်ဗုဒ္ဓ

လောကသားများသည်ကား-

ကိလေသာကိုအဖော်ပြုလျက်က တဏှာ့ကျေးကျွန်ဘဝဖြင့်ပင် ကာမ စည်းစိမ်ခေါ် အာရုံ၏ အရသာနောက် တကောက်ကောက်လိုက်လံခံစားနေကြ ရရာ...

ဘုရားရှင်သည် ၎င်းတို့ကို ဆုံးမရာ၌

- လောကသားများက နှစ်ယောက်ပေါင်းမှ ဖက်စပ်ကောင်း ကောင်းခွင့်ရသော ကာမချမ်းသာဖြင့် မေ့မေ့ပျောက်ပျောက် ခံစားနေကြချိန်တွင်၊ ဘုရားရှင်ကား တစ်ယောက်ထည်းတည်းဖြင့် မရောကောင်း ကောင်းခွင့်သာသော ရှာန်ချမ်းသာကို မမေ့မလျော့ခံစားကာ နေပြတော်မူခဲ့ပါ၏။
- လောကသားများက နှစ်ယောက်ပေါင်း၍ တစ်ကောင်း ကောင်းခွင့်ပေးနိုင်သော ကာမစည်းစိမ် မြိန်မြိန်ယှက်ယှက် တွဲဖက်ခံစားနေချိန်တွင်၊ ဘုရားရှင်ကား တစ်ပါးထည်းတည်းဖြင့် အများကောင်း ကောင်းခွင့်သာစေသော ရှာန်ချမ်းသာကို မြိန်မြိန်ယှက်ယှက် အတွဲဖျက်ကာ ခံစားပြ

http://www.dhammadownload.com


တော် မူခဲ့ပါ၏။

- ဘုရင်များက တစ်ပါးနှင့်တစ်ပါး ခိုက်ရန်ဖြစ်ပွားလျက် အနိုင်ထက်စီး နိုင်ခွင့်ရရန် ကြိုးစားနေကြချိန်တွင်၊
ဘုရားရှင်ကား ခိုက်ရန်မပွား မေတ္တာထားလျက်ကသာ ဘုရင်တကာ တို့၏ ဘုရင်အဖြစ် အနိုင်ရနည်းအစစ် လှစ်ပြတော်မူခဲ့ပါ၏။

- ရဟန်းများက ရန်စထန်ပြင်း အချင်းချင်းပင် အတွင်းပဋ္ဋ ထကြွနေကြ ချိန်မျိုးတွင်၊
ဘုရားရှင်ကား နိရောဓသမာပတ် ဝင်စားပြသလျက်က သမဂ္ဂသုခ၏ အမြုတေဖြင့် နေပြတော်မူခဲ့ပါ၏။

ထိုနည်းမခြား အလားတူပင်လျှင်–

သာသနာ့ဝန်ထမ်းသား ရဟန်းများသည်လည်း လောကသားများ၏ အလှည့်မှားကြရာမှ

- အကြည့်၏မှားခြင်း– အပျက်မကြည့် အဖြစ်ပေါ်သို့သာ စိတ်ထားခြင်း။
- အမြင်၏မှားခြင်း– ချစ်စရာ သာယာစရာအသွင် အထင်မှားခြင်း။
- အသိ၏မှားခြင်း– တကယ့်ချမ်းသာ အရသာဟူ၍ အစွဲမိသွားခြင်း။

ထိုမှားခြင်း (၃)ချက် ထွက်၍လာချေရာ ထိုနှင့်ပြောင်းပြန် အလှည့်မှန်ကန် သဖြင့် အကြည့်မှန်၊ အမြင်မှန်၊ အသိမှန်တည်းဟူသော မှန်ခြင်း(၃)ချက်တို့ဖြင့် မိမိတို့က ရှေ့မှပင် ဦးဆောင်ပြီး လောကသားများ၏ ရှေ့ဆောင်စံပြ ဝန်ထမ်းကောင်း များ ဖြစ်ကြအောင် ကျင့်ဆောင်ပြသကြရာ၏။

အရသာတူ အာရုံတစ်ခုကို ပြိုင်တူခံစားကြရာ၌ပင် အရသာတူဖြစ်နေပါ လျက်က အာရုံယူကွဲပြားနေကြခြင်းကြောင့် လောကသားချင်း အကြည့်လွဲမှား၊ အသိလွဲမှားလျက် ရှိနေကြချေသည်။

၎င်းကို ထိုမှအပြန်ဖြစ်သော

မှန်ကန်သောအကြည့်– အာရုံသို့မလှည့် ဖြစ်စဉ်သို့သာကြည့်ခြင်း။

မှန်ကန်သောအသိ– ဘာညာမသိ အဖြစ်နှင့်အပျက်ကိုသာသိခြင်း။

http://www.dhammadownload.com


ဤသို့ မှန်ကန်သောအကြည့်နှင့် အသိတို့သို့ ပြောင်းလဲတတ်ကြစေရန် ပြသခြင်းသည် ဝန်ထမ်းသားတို့၏ တာဝန်တည်း။

ဤကား သာသနာပြုတို့၏ စိတ်နေသဘောထားပေတည်း။

## သာသနာပြုလုပ်ငန်း

သာသနာပြုလုပ်ငန်းဟူသည်

ဘုံဗိမာန် နန်းပြာသာဒ်ကြီးများ ထီးထီးမားမား ပေါ်ပေါ်ကလာစေခြင်း လည်းမဟုတ်။ လူစည်ကားစေခြင်း၊ ပစ္စည်းလာဘ်သပ်ပကာ ပေါ်များစေခြင်း လည်းမဟုတ်။

စင်စစ်သော်ကား ထိုကိစ္စသည် သာသနာပြုဖို့ရာ၏ အခြေခံကရိယာ တန်ဆာပလာများသာဖြစ်ချေ၏။ ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ရောင်းချရာအထုတ် ပိုး ကရိယာမျှသာဖြစ်ချေ၏။

ထိုကိစ္စသည် တမင်ဖန်တီးရသော ကိစ္စမျိုးလည်းမဟုတ်၊ သာသနာ တည်ရာမှ ပေါ်ပေါ်လာသော စည်းစိမ်အခြံအရံမျိုးပင်သာဖြစ်ချေ၏။

ကောင်းမှုပြု၍ ကောင်းကျိုးခံစားရာ နတ်သားတစ်ပါး၏ ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိ ဖြစ်သော စည်းစိမ်အခြံအရံမျိုးသာ ဖြစ်ချေ၏။

ထိုကိစ္စသည် ကိုယ့်ကိစ္စပြီးစီးရန် အထောက်အကူမဟုတ်၊ လိုသည်ထက် ပိုလာလျှင် သွားနေသောခရီးခြေလှမ်းအား ရှေ့မှခြေထိုးခံနေရသကဲ့သို့ မှောက်လျက် လဲရန် အနှောက်အယှက်သာဖြစ်ချေ၏။

အပြင်လင်းအားကြီးက အတွင်းမှောင်တတ်၏။

အတွင်းလင်းအားကြီးမှ အပြင်ပါလင်းတတ်၏။

သာသနာပြုလုပ်ငန်းကို ဝင်ရောက်ကိုင်တွယ်လိုကြသော ရဟန်းရှင်လူ သူတော်ကောင်းအစားစား ဝန်ထမ်းသားများသည်—

ရှေးဦးစွာ မိမိ၌ သာသနာသုံးရပ် အမြဲမပြတ်ကိန်းတည်စေရန်

http://www.dhammadownload.com

လျောက်ပတ်သောကျင့်စဉ်၊ လျောက်ပတ်သောဆရာတို့ဖြင့် ဖြည့်ကျင့်ပါလေ။ ထို့နောက် ဝေနေယျတို့သို့ ဖြန့်ဝေပါလေ။

ကိုယ်ရောပြားရောဂါ စွဲကပ်နေသော ကုဋ္ဌနူနာသည်တို့အား ဆေးဝါး ကုသပေးရာ၌ ဆရာဝန်သည်လည်းကောင်း၊ သူနာပြုသည်လည်းကောင်း၊ ဦးစွာ မိမိ၌ ရောဂါပိုးစင်ကြယ်အောင် ကျန်းမာတောင့်တင်းစေရာ၏။ မိမိခန္ဓာ ကျန်းမာ သော အခါတွင်မှသာ ရောဂါရှင်တို့အကြား သွားရောက်၍ ဆေးဝါးဓာတ်စာ တိုက်ကျွေးရာ၏။

ဆရာဝန်သည် မိမိ၌ ရောဂါမကူးစက်ရန် သတိပြုရာ၏။

ဆရာဝန်သည် သူတစ်ပါး ရောဂါပျောက်ကင်းရန်လည်း တာဝန်ယူရ၏။ ထို့အတူ ဝန်ထမ်းသားများမှာလည်း–

မိမိ၌ သာသနာတည်၍ ကိလေသာဒဏ် ခံနိုင်သော အခါတွင်မှသာ မိမိသာသနာ တည်သကဲ့သို့ တစ်ပါးသူတို့လည်း တည်ကြပါစေ။

မိမိ၌ အရှိကို သိရှိနေသကဲ့သို့ တစ်ပါးသူတို့လည်း သိရှိကြပါစေ။ မိမိသည် ဓမ္မရသ၊ ဝိမုတ္တိရသ တရားနှစ်ပါး တစ်ပါးပါး ခံစားနေရသကဲ့သို့ တစ်ပါးသူတို့လည်း ခံစား စံစားနိုင်ကြပါစေ။

ဤသို့ ကဲမွန်သောစေတနာ ဆန္ဒ၊ ဖွဲလုံ့လတို့ကို အစာသွင်းလျက် တစ်ပါးသူ တို့အား ပြောဟောပြသခြင်း၊ ဆိုဆုံးမခြင်းသည် သာသနာပြုလုပ်ငန်း စစ်စစ် မည်ချေ၏။

သို့ကြောင့် သာသနာပြုလုပ်ငန်းဟူသည် ဘာလဲဟု၍ မေးစမ်းကြည့်ပါက၊ သာသနာပြုလုပ်ငန်းဟူသည် ဘုရားရှင်၏အဆုံးအမဖြစ်သော သာသနာသုံးရပ် တို့ကို ကိုယ်တိုင်လည်း ထိုးထွင်းသိ၊ တစ်ပါးသူတို့အားလည်း သိစေခြင်းဟု ဖြေဆိုအပ်၏။

ထိုသို့သိစေခြင်းဖြင့်– ဝေနေယျအစားစားတို့သည် မိမိ၏ အရိုင်းစိတ်ကို သီလ၌ တည်လျက် ယဉ်လိုခြင်း၊ အယဉ်စိတ်ကို သမာဓိ၌တည်လျက် ငြိမ်လိုခြင်း၊ အငြိမ်စိတ်ကို ပညာ၌တည်လျက် သိလိုခြင်းများ တဖွားဖွားကိန်းစေနိုင်၏။

http://www.dhammadownload.com


ကိန်းသော်ကား သာသနာတော်ကြီး သန့်ရှင်း တည်တံ့ ပြန့်ပွားရန်ဟူသော သုံးချက်တွင်–

သီလဖြင့်တည်စေသဖြင့် တည်တံ့စေရာ၏။

သမာဓိဖြင့်တည်စေသဖြင့် တည်တံ့စေရာ၏။

ပညာဖြင့်တည်စေသဖြင့် ပြန့်ပွားစေရာ၏။

သုံးခုလုံးတည်စေခြင်း၊ သန့်ရှင်း တည်တံ့ ပြန့်ပွား စေရာ၏။ ဤသို့ပြုသော သာသနာပြုလုပ်ငန်းသည်သာ ဘုရားအလိုတော်ကျ သာသနာပြုလုပ်ငန်း မည်ပါ၏။ ဤသို့ပြုသော သာသနာပြုလုပ်ငန်းသည်သာ ထိုက်တန်သော အကျိုးကို ခံစားနိုင်သည့် သာသနာပြုလုပ်ငန်း မည်ပါ၏။

ဤကား သာသနာပြုလုပ်ငန်း၏ အဓိပ္ပါယ်တည်း။

## သာသနာပြုနှစ်မျိုး

သာသနာပြုလုပ်ငန်းကား–

၁။ ကိုယ်တွင်း၌တည်စေသော သာသနာပြုလုပ်ငန်းက တစ်မျိုး။

၂။ ကိုယ်ပ၌တည်စေသော သာသနာပြုလုပ်ငန်းက တစ်မျိုး။

ထိုနှစ်မျိုးတို့တွင် ကိုယ်တွင်းသာသနာပြုလုပ်ငန်းသည် ဘုရားဟောထားကျင့်စဉ်များကို ကျက်–ကျင့်–သိ ဖြင့် ကိန်းစေခြင်းတည်း။

ကိုယ်ပသာသနာပြုလုပ်ငန်းသည် မိမိ၌မဆန့်၍ ဘေးရှိဝေနေယျတို့သို့ ဖြန့်ဝေပေးလျက် ကိန်းစေခြင်းတည်း။

ဆိုလိုသည်မှာ– ကိုယ်တိုင်ကျင့်လျက် သိပြီးခြင်းဖြင့် ကိုယ်တွင်းသာသနာ ထူထောင်ပြီးမှ သူတစ်ပါးသာသနာ ထူထောင်ပေးခြင်းတည်း။

ဤ၌ (၁)ကို ဦးစားပေးကာ ကိုယ်တိုင်ကျင့်၍သိဖို့ သို့မဟုတ် ကိုယ့်စကားကိုယ် နားထောင်ဖို့တည်း။

http://www.dhammadownload.com


ကိုယ့်စကားမှ ကိုယ်နားမထောင်ပါဘဲလျက် တစ်ဘက်သားကို နားထောင်ခိုင်းရသည်မှာ အလွန်မလွယ်ကူသော အလုပ်မျိုးပင်ဖြစ်၏။

သို့ကြောင့်

ကိုယ့်စကားကိုယ် နားထောင်ပါ။ ပြီးမှ ကိုယ့်စကား သူများနားထောင်အောင် ကြိုးစားပါဟူ၏။ အမှတ်(၁) ဦးစားပေး သာသနာပြုလုပ်ငန်း အောင်မြင်လျှင် အမှတ်(၂) အောင်မြင်ပြီးဟူ၍ မှတ်ပါလေ။

## အပြင်သာသနာပြုနှစ်မျိုး

ကိုယ်ပသာသနာပြုလုပ်ငန်းသည်လည်း–

၁။ သက်ရှိဖြင့်ပြုရသော သာသနာပြုလုပ်ငန်းက တစ်မျိုး။

၂။ သက်မဲ့ဖြင့်ပြုရသော သာသနာပြုလုပ်ငန်းက တစ်မျိုး။

ဤသို့ နှစ်မျိုးနှစ်စားရှိရာတွင်–

၁။ သက်ရှိဖြင့်ပြုရသော သာသနာပြုလုပ်ငန်းသည်ကား ကိုယ်တွင်း သာသနာတည်ပြီးသော ဝေနေယျတို့ကို စုစည်းလျက် ကိုယ်တွင်းသာသနာ မတည်သေးသူ ဝေနေယျတို့အား သာသနာ တည်စေခြင်းတည်း။

၂။ သက်မဲ့ဖြင့်ပြုရသော သာသနာပြုလုပ်ငန်းသည်ကား ကိုယ်တွင်းသာသနာ တည်ရှိပြီးသော ဝေနေယျတို့ကို နောက်ပါအဖြစ် စုစည်းလျက် ကိုယ်ပသာသနာ တည်စေရန် နေရာဘုံဗိမာန် တည်စေခြင်းတည်း။

ဤ၌လည်း (၁)ကိုပင် ဦးစားပေးကား သက်ရှိဝေနေယျတို့အား ကိုယ်တွင်း သာသနာတည်စေရန် အားထုတ်ခြင်းဖြင့် နှစ်မျိုးလုံး ပြီးစီးစေနိုင်၏။

သက်မဲ့သာသနာပြုလုပ်ငန်းဖြင့် သာသနာတည်ရန် ကြိုးစားရာ၌ သက်မဲ့သာသနာကား ကိုယ်ပြုသလိုတည်မှာကား သေချာ၏။ သို့သော်လည်း ယင်းသက်မဲ့၌ သိတတ်သော အသိဉာဏ်၊ စေတနာဉာဏ်များ ကင်းမဲ့သဖြင့် သက်ရှိမပါနိုင်ပြီ။

http://www.dhammadownload.com


အကယ်၍ သက်ရှိသာသနာပြုလုပ်ငန်း ပြုရာ၌ အောင်မြင်ပါမူကား သက်ရှိ၌ သာသနာတည်သလောက် အသိဉာဏ်၊ စေတနာဉာဏ်များ ဖွံ့ဖြိုး တိုးတက်လာစေပြီဖြစ်သဖြင့် သက်ရှိမှ သက်မဲ့လည်း ပါစေနိုင်သည်သာဖြစ်၏။

## သာသနာဝင်လေးမျိုး

သာသနာပြုလုပ်ငန်း၌လည်း ဝန်ထမ်းသား လေးစားရှိချေ၏။

၁။ မိမိ၌ သာသနာတည်စေ၍ တစ်ပါးသူ၌ မတည်စေသူက တစ်မျိုး။

၂။ သူတစ်ပါးကိုသာသာသနာတည်စေ၍ မိမိ၌ကားမတည်စေသူက တစ်မျိုး။

၃။ မိမိ သူတစ်ပါး နှစ်ဦးသားလုံး၌ သာသနာတည်စေသူက တစ်မျိုး။

၄။ မိမိ သူတစ်ပါး နှစ်ဦးသားလုံး၌ သာသနာမတည်စေသူက တစ်မျိုး။

ဤလေးမျိုးရှိရာတွင်—

၁။ ဘုရားအဆုံးအမတော်သည် မိမိ၌သာတည်လျက် တစ်ပါးသူတို့အား မဖြန့်ပါမူ သာသနာတည်သော်လည်း သန့်ကားသန့်၏၊ ပြန့်မည်ကား မဟုတ်။

၂။ သူတစ်ပါးချည်းသာ တည်စေ၍ မိမိ၌မတည်သူကား ပြန့်ကားပြန့်၏၊ တည်မည်မဟုတ်။တည်သော်မှကြည်မည်မဟုတ်။ သန့်လည်းသန့်မည် မဟုတ်၊ ပြန့်ဖို့လည်း အခြေခံမကောင်းသဖြင့် မသေချာ။

၃။ မိမိ သူတစ်ပါး နှစ်ဦးသားလုံး၌ တည်စေသူကား တည်လည်းတည်၊ ပြန့်လည်းပြန့်၊ သန့်လည်းသန့်မည်သာတည်း။

၄။ မိမိ သူတစ်ပါး နှစ်ဦးသားလုံး၌ မတည်စေသူကား၊ တည်မှမတည်သော် သန့်ပြန့်ဖို့ကား စဉ်းစားဖို့ပင် မလိုတော့ချေ။

ဤကား ဝန်ထမ်းလောက၏ အလ္လာလေးမျိုးတည်း။

http://www.dhammadownload.com

# ကြိုကျက်ရာမွေးပြုတာစ်ခုခု

အို...ဝန်ထမ်းသား–

သာသနာတော်သည် သင့်လက်ထဲ၌ရှိပါ၏။

သင့်လက်ထဲသို့ ရှေ့သူဟောင်းများက (ရှေးသူတော်ကောင်းများက) သာသနာ အပ်နှံခဲ့ပါသည်။

- သာသနာတော်၏ ကောင်းကျိုးသည် သင့်လက်ထဲမှာ ရှိနေပါသည်။
- သာသနာတော်၏ ဆိုးကျိုးသည်လည်း သင့်လက်ထဲမှာပင် ရှိနေပါသည်။
- သာသနာတော်၏ ကောင်း–မကောင်းသည် သင်တစ်ခုပေါ်မှာသာ မူတည်ပါသည်။

အကယ်၍သာသနာတော်ကောင်းစားသော်–

(၁)သာသနာတော်ကြီးသည်လည်းကောင်း၊

(၂) သင်သည်လည်းကောင်း၊

(၃)သူသည်လည်းကောင်း၊ကောင်းကျိုးခံစားရပါမည်။

မကောင်းစားခဲ့သည်ကား သုံးဖက်လုံးပင် ဆိုးကျိုးကိုသာ မရှုမလှခံစားကြရပါတော့မည်။

အို...ဝန်ထမ်းသား၊ သင်သည်–

အထက်က ပြဆိုခဲ့ပြီးသော ဝန်ထမ်းသားလေးမျိုးတို့တွင်–

ကိုယ်တွင်းသာသနာတည်သူ၊ အခြေအရံကောင်းများ မရရှိခဲ့သော်– အမှတ်(၁) အတိုင်း တစ်ကိုယ်ချင်း ကေစာရီအဖြစ်ဖြင့် အများကောင်းစားရေးကို ဆောင်ရွက်ပါလေ။

ကိုယ်တွင်းသာသနာတည်သူ၊ အခြေအရံကောင်းများရ၍ မိမိကလည်း အခြေအရံ၏ဒါဏ် အန္တံအနာ ခံနိုင်သော်၊ အမှတ်(၃)အတိုင်းပြုပါလေ။ ထိုတွင်–

အမှတ်(၁)အတိုင်းဖြင့် သာသနာ၊ မိမိ၊ သူတစ်ပါး အများကောင်းစားရေး

http://www.dhammadownload.com


ပြုသော သာသနာပြုလုပ်ငန်း၌သာ မိမိနှင့်ပဋ္ဌာန်းဆက်မကင်းရာ ဝေနေယျ တို့အား–

(၁) မဖြစ်ပွားသင့်သည့် ဘေးရန်အပေါင်းမှကာ‌း ဝေးစေခြင်း။

(၂) ဖြစ်ပွားသင့်သည့် စီးပွားများပေါ်ထွန်းစေခြင်း။

ဤအကျိုးထူး နှစ်ရပ်ကို ရစေနိုင်၏။

သာသနာတော်အတွက်မှာကား မျိုးဆက်မရရှိသဖြင့် ပေတသီး ကျီးတစ်သား ပမာတည်း၊ မျက်မှောက်ခေတ် မျက်မြင်ဖြစ်သော သပိတ်အိုင် ဆရာတော်ဘုရားကြီး၊ ပခုက္ကူဆရာတော်ဘုရားကြီး၊ ဦးကြည်တို့ကို ကြည့်ပါလေ။

အမှတ်(၃)အတိုင်းဖြင့် သာသနာ၊ မိမိ၊ သူတစ်ပါး အများကောင်းစားရေး ရစေနိုင်၏ သာသနာတော်အတွက်လည်း မျိုးပွားများ တိုးပွားစေနိုင်၏။ မဟာစည် ဆရာတော်၊ မိုးကုတ်ဆရာတော်တို့ကို ကြည့်ပါလေ။

ဤသို့သော ဘက်စုံကောင်း သာသနာထွန်းကားရာ၌သာ တည်မှု၊ သန့်မှု၊ ပြန့်မှု ဖြင့် ကောင်းမွေခံတို့ တိုးပွားနိုင်၏။

## အမွေခံသုံးမျိုး

ဆရာထံ နည်းခံလျက် သာသနာ့အမွေခံယူလိုသူများ၌လည်း–

၁။ အာမိသဒါယာဒ– ပစ္စည်းအမွေသာခံ၍ တရားအမွေမခံသူကတစ်မျိုး။

၂။ ဓမ္မဒါယာဒ – တရားအမွေကိုသာခံယူ၍ ပစ္စည်းအမွေမခံသူကတစ်မျိုး။

၃။ အာမိသဓမ္မဒါယာဒ– ပစ္စည်း၊ တရား နှစ်ပါးစုံ ခံယူသူကတစ်မျိုး။

ဤသုံးမျိုးသုံးစားရှိပြန်ရာတွင်–

မိမိလည်းကျွတ်၊ အများကိုလည်း အကျွတ်ခိုင်းသော ခေါင်းဆောင်ကောင်းများ၏ သာသနာပြုလုပ်ငန်းများ၌ သာသနာအမွေခံကောင်းများ ရရှိတတ်ချေ၏။ တရားအမွေတော်ကို ဝိုင်းအုံလျက် လက်ဆက်ခံယူခြင်းဖြင့် သာသနာတော်၏ အသက်ရေကို ဆောင်နိုင်ချေ၏။

http://www.dhammadownload.com



ခေါင်းဆောင်ကားညံ့၊ နောက်လိုက်မသန့်သော သာသနာပြုလုပ်ငန်းမျိုး၌သာ အာမိသဒါယာဒ ခေါ် ပစ္စည်းအမွေမျှကိုသာ ခံယူလျက် ဓမ္မဒါယာဒ ခေါ် တရားအမွေကိုသာ မခံယူတတ်လေသောကြောင့် သာသနာတော်သည် တိုး၍ကား မလာ၊ ဆိုး၍ညှိုး၍သာ လာချေရာ၏။ ရှေးရှေးတို့ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ သာသနာတော်အတွက် လက်ဆက်၍ ပြုစုထားခဲ့ကြသလောက် နောက်နောက်တို့က ဖနောင့်နင်းလျက် လိုက်၍ချေဖျက်နေသည်နှယ်သာဖြစ်ချေ၏။ ဤနေရာ၌ သာသနာပြုလုပ်ငန်းဟု ဆိုထားသဖြင့် လူရော ရှင်ရဟန်းများပါ ပါဝင်ချေ၏။

ထိုသာသနာပြုလုပ်ငန်းမျိုးကား လူသုံးပါးတို့ အားထားမှီခိုရာ မဟုတ်ကြပြီ၊ ယုံမိ၍ မှီခိုအားထားမိသော်၊ ရေလိုက်လွဲသော ငါးကဲ့သို့ အကျိုးနည်းသို့သာ ရှိချေ၏။ သာသနာပြုဟူသော အပြုခံမှာ နာလံထူရန် လမ်းစမမြင်တော့ချေ။

ထို့ကြောင့်သာသနာပြုလုပ်ငန်းသို့ဝင်လျက် သာသနာပြုလို ကြပါကုန်သော သူတော်ကောင်းအစားစားတို့သည် လူ နတ် ဗြဟ္မာဟူသည့် လူသုံးပါးတို့အားထားရာအစစ် ဖြစ်စေရန်လည်းကောင်း၊ ကောင်းသော ခေါင်းဆောင်၊ နောက်လိုက်များဖြစ်စေရန်လည်းကောင်း ယုတ်ညံ့စိတ်ဖြင့် အာမိသ အမွေမျှကိုသာ ခံယူကြသူမဟုတ်ကြလေဘဲ မြင့်မြတ်စိတ်ဖြင့် အာမိသဓမ္မ နှစ်ဌာနလုံး ခံယူထိုက်သော သူတော်စင်များအဖြစ် ကြိုးစားကြပါကုန်။ မိမိလည်း သီလ၌တည်၍ အများတို့ကိုလည်း သီလ၌တည်စေပြီး သိက္ခာသုံးဆင့် မှန်သောအကျင့်ဖြင့် သစ္စာလေးပွင့် ထွန်းရန် ကြိုးစားကြပါကုန်။

- သီလဂုဏ်ရောင် တပြောင်ပြောင် တည်ထောင်ဖန်ကြပါ။
- ကိုယ်တော့မဆောင် အများဆောင် မပြောင်သီလ မွဲတတ်စွာ။
- ကိုယ်လည်းကျင့်ဆောင် များကျင့်ဆောင် ထွန်းခေါင်သီလတိုင်မည်သာ။

ဤဆိုခဲ့ပြီးသော အစီအရင်ဖြင့် သာသနာပြုလုပ်ငန်းဟူသော ဆိုဖွယ်စကား ပြီးဆုံးခြင်းသို့ ရောက်ပြီတည်း။

http://www.dhammadownload.com


## သာသနာပြုတို့ ထားရှိရမည့် စိတ်နေသဘောထား

ဝေနေယျလောကသားတို့မှာကား–

သံသရာတစ်ခွင် ခရီးပြင်ကျယ်ကြီးထဲ၌ မျက်စိလည်လမ်းမှား၊ အကဏ်း သွား ဘဝဖြင့်သာ လမ်းများလျက် ဝဲလည်နေကြရရှာပါကုန်၏။

အကဏ်းသမားများပီပီ မမှန်လမ်းသို့ကား ထန်ထန်နှင့် သန်သန်ကြီးပင် လျှောက်နေကြရရှာကုန်၏။ လမ်းကားမှောင်မှောင်၊ လူကောင်ကလည်း ကန်းကန်း ဖြစ်သဖြင့် ထင်ရာမြင်ရာနှင့် ခြေဦးတည့်ရာသို့သာ စမ်းတမ်းလျက် သွားနေကြရရှာ ပါကုန်၏။

အမှောင်အတွင်း၌ ပက်ပင်းတွေ့ရသော အရာဝတ္ထုမှန်သမျှ–

- တစ်ဘက်ကအကောင်းပြော ပြောလျှင် ပြုံး၍ပြတတ် လက်ခံရတတ်ချေ၏။
- တစ်ဘက်ကအဆိုးပြော ပြောလျှင်လည်း မဲ့၍ပြတတ် ပယ်လှန်ရတတ်ချေ၏။
- ကိုယ်တိုင်မမြင်တွေ့ရချေသဖြင့် အပြောနှင့်သာ ခေါင်းညိတ် ခေါင်းခါနေရရှာ၏။

မွေးကတည်းက ကဏ်းခဲ့သော သူကဏ်းတစ်ယောက်သည်ကား–

- သံပုရာသီးကို ထန်းလျက်ပြောလည်း၊ ယုံကြည်တတ်၏။
- ထန်းလျက်ကို သံပုရာသီးဟုပြောလည်း ယုံကြည်ရတတ်၏။

ထို့အတူ မွေးကတည်းက ဓမ္မစက္ခု ခေါ် တရားမျက်စိမပါရှာသူ ဝေနေယျများသည်လည်း မိမိ၏လူမျိုးအလိုက် ပြောသောစကား၏ ပညတ်၌သာ သိရပြီး ထိုပညတ်သို့လိုက်၍သာ ပြုံးခြင်း၊ မဲ့ခြင်း၊ လက်မှောက်ခြင်း၊ လက်လှန်ခြင်း မျိုးကို လုပ်နေကြရ ရှာကုန်၏။

ထို့ကြောင့် ရယူလိုသည်က တကယ့်လမ်းအကောင်း။

ထလုပ်လိုက်ပြန်တော့ တကယ့်မကောင်းချည်းသာ ဖြစ်ကြရရှာကုန်၏။ အကောင်းထင်လျက် လုပ်မိလေသမျှ မကောင်းသို့သာ လမ်းဆုံးရချေ၏။ မှန်သောလမ်းသို့ကား ဆန့်တငင်ငင်သာ ရှိကြပါကုန်၏။

http://www.dhammadownload.com


ထိုမှန်သောလမ်းကား တစ်ယောက်ထည်းသွား၍ တစ်ယောက်ထည်း ကောင်းသောသဘော။ ထိုတစ်ယောက်ထည်းကောင်း၍ ကြွေးကင်းသော၊ ကြွေးကင်း၍ ပိုလျှံလာသဖြင့် အများသို့ ကောင်းပစ္စည်းဝေပေးနိုင်သော မှန်လမ်းကို ငါးစွဲအတ္တ၊ သာယာစွဲတဏှာ အဖော်ပါမှပျော်တတ်သော (ကိလေသာတို့၏ ဖုံးကွယ်ထားမှုကြောင့်) အကဏ်းသမားတို့သည် အကောင်းဟူ၍လည်းမထင်၊ ပေါင်းကောင်းသောအမျိုး ဟူ၍ပင် မမှတ်ချင်တတ်ကြချေ။

သို့ကြောင့် အကောင်းကိုကား ရှောင်လို့ မကောင်းကိုကားဆောင်လို့ဖြင့် အကောင်းရှာပုံတော်ခရီးကြီး ဆက်နေကြရရှာပါကုန်၏။

ထိုမျက်စိလည်လမ်းမှား အကဏ်းသမားတို့ကို မျက်စိလည်း ကြည်လင် လမ်းလည်းမမှား၊ တစ်လမ်းသွားများ ဖြစ်ကြရလေအောင် မိမိရောက်ဖူးထားသည့် ကိန်းသေကောင်း လမ်းကြီးသို့ ကရုဏာရှေ့ထား စာနာသော ကိုယ်ချင်းစာတရား များ ရှေ့တန်းတင်လျက် ရှေ့ဆောင်လမ်းပြဆောင်ရွက်ပေးကြခြင်းဖြင့် သာသနာပြု သူတော်ကောင်းတို့ တကယ်ရှိရမည့် ဖြူစင်မြင့်မြတ်စိတ်ကို မွေးမြူကြကုန်ရာ၏။

## အလောင်းတော်တို့ စိတ်ထား

အလောင်းတော်တကာ သူတော်စွာတို့ ကိုင်စွဲသောလက်နက်နှင့် ထားမြဲသော စိတ်ထားတို့မှာကား-

၁။ သီလ - ကိုယ်ကျင့်တရားမပျက်ပြားခြင်း။

၂။ သစ္စာ - မှန်သည်ကိုသာပြုလုပ်ပြောဆိုခြင်း။

၃။ မေတ္တာ - တစ်ဦးတည်းသောသား၌ ထားသောစိတ်ထားမျိုးကိုသာ အများ၌ ထားရှိခြင်း။

၄။ ခန္တီ - တစ်ဦးတည်းသောသား၌ ကောင်းဆိုးတို့ကို ခွင့်လွှတ်သော စိတ်ထားမျိုးကိုသာ အများအပေါ်၌ထားရှိခြင်းပင်။

http://www.dhammadownload.com


အထက်ပါလေးမျိုးတို့တွင်–

သီလ၊ သစ္စာကား အမြဲကိုင်စွဲကြသည့် လက်နက်ပမာတည်း။

ခန္တီ–မေတ္တာကား အမြဲထားရှိသည့်နှလုံးသား၊ လွှာ–ကာ ဒိုင်း ပမာတည်း။ သစ္စာထိုက်အောင် သီလမြဲမှုဖြစ်၏။ သည်းခံနိုင်အောင် မေတ္တာရှိမှုဖြစ်၏။ ထိုအားလုံးတွင် သီလသည် ဥခေါင်းတည်း။

တစ်ဖန်လည်း ရန်သူကို ခုခံရာ၌–သီလ၊ သစ္စာသည်အရေးပါချေ၏။ ရန်သူ အတု၊အစစ်ကို ခွဲကြည့်ရာ၌ ခန္တီ မေတ္တာသည် အရေးပါချေ၏။ ထိုအားလုံးတွင်လည်း သီလသည်သာ ဥခေါင်းတည်း။

အဘယ်ကြောင့်ဆိုသော်–

သီလ၌တည်၍ ဆိုသောသစ္စာသည်သာ အရာရာစူးရှစေ၏။

သီလ၌တည်၍ ထားရှိသော မေတ္တာသည်သာ အရာရာသို့ လွှမ်းခြုံနိုင်စေ၏။

သီလ၌တည်၍ ခွင့်လွှတ်သော ခန္တီသည်သာ အရာရာအောင်နိုင်စေ၏။

## သီလဆိုလျှင် သရဏဂုံပါမှ

သီလဆိုသော် တွဲဘက်သရဏဂုံလည်း ပါရမည်သာပင်၊ အဘယ်ကြောင့်ဆိုသော် သရဏဂုံသုံးပါး တစ်ပါးပါးလျှင် ပွားထုံခြင်းမရှိပါဘဲလျက် သီလ၌တည်ခြင်း၊ စင်ကြယ်ခြင်းများ မရှိသောကြောင့်တည်း။

ထိုသရဏဂုံသုံးပါး တစ်ပါးပါးလျှင် ပွားထုံလျက် အလေ့အကျင့်ပြုထားသော သီလမျိုးမဟုတ်သေးသမျှ ပက်ပင်းတိုး လောကဓံကို ရင်ဆိုင်ရာ၌ အောင်မြင်မှု အပြည့်အဝ မရနိုင်ချေပြီ။ သရဏဂုံ၏ ပံ့ပိုးမှုသည် သီလကိုဖြူစင်စေရာ၌ အဓိကအဆောက်အအုံတည်း။

သရဏဂုံဟူသည် သတ္တဝါတို့ကား ဘေးမှကင်းဝေးစေပြီး၊ သတ္တဝါတို့ကို ရန်မူတတ်သည့် ကိလေသာတို့ကို ညှင်းဆဲဖျက်ဆီးပေးတတ်သော သဘောကို

http://www.dhammadownload.com



ဆိုချေ၏။ ထို့ကြောင့် မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းနည်းတစ်ခုခုဖြင့် ပွားများနေခြင်းကို သရဏဂုံပွားများခြင်းဟု မှတ်ယူအပ်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် ဗုဒ္ဓသရဏဂုဏ် ပွားထုံခြင်းအတွက် ထားရှိပေးသော ကမ္မဋ္ဌာန်းနည်းတည်း။

သံဃာနုဿတိကမ္မဋ္ဌာန်းသည်လည်း သံဃသရဏဂုဏ် ပွားထုံခြင်းအတွက် ထားရှိပေးသော ကမ္မဋ္ဌာန်းတည်း။

ကြွင်းကမ္မဋ္ဌာန်းအားလုံးသည်ကား ဓမ္မသရဏဂုဏ် ပွားထုံခြင်းများအတွက် ထားရှိပေးသော ကမ္မဋ္ဌာန်းနည်းများတည်း။

ထိုသို့ ပွားထုံခြင်းဖြင့်—

မိမိစိတ် လက်ရှိလောင်မြိုက်ခံနေရသည့် ကိလေသာမီးကြားမှ တရားက ထုတ်ဆောင်ပေးနေခြင်းမည်၏။ တစ်ခါမှတ် တစ်ချက်ကယ်ထုတ်ပေးနေချေပါ၏။

မိမိ၏ အရိုင်းစိတ်ကို ယဉ်ကျေးအောင် ဆုံးမပေးခြင်းလည်းမည်၏။ တစ်ချက်မှတ် တစ်မျိုးတိုး၍ ယဉ်စေခြင်းဖြင့် ဆုံးမပေးနေချေပါ၏။

မိမိ၏ မီးပူဓာတ်ခံကင်း၍ အေးနေသောစိတ်သို့ တစ်ပါးသူတို့ထံမှ ပစ်လွှတ်လိုက်သော ကိလေသာမီးတုတ်သည် ရေထဲသို့ပစ်ပေါက်လိုက်သော မီးတုတ်များကဲ့သို့ မိမိကိုယ်၌ မကူးစက် မလောင်ကျွမ်းခြင်း။

မီးတုတ်ပစ်လွှတ်လိုက် တစ်ပါးသောကာယကံရှင်၏ ကိုယ်၌လည်း မလောင်ကျွမ်းစေခြင်းဖြင့် ကာကွယ်ငြိမ်းသတ်ပေးခြင်းသည် သရဏဂုံပါသော ဓမ္မဓာတ်၏ အင်အားသတ္တိပင်ဖြစ်ချေ၏။

ထိုဓမ္မအင်အားသည် သရဏဂုံပွားထုံရာမှ ထုတ်ယူရရှိခြင်းဖြစ်သဖြင့် သရဏဂုံသည် ကိုယ်ကျင့်သီလ၏ ပင်မကျောရိုးဟူ၍ တစ်ထစ်ချ မှတ်ပါလေ။

သရဏဂုံတည်အား သာလွန်ကောင်းမွန်ချေသော်ကား မိမိစိတ် ယဉ်ကျေး သိမ်မွေ့ပြီးဖြစ်သဖြင့် မိမိစိတ် မိမိအစိုးရ ပိုင်ဆိုင်၏။ ထို့ကြောင့် မနောကံသောင်းကျန်းမှုမှ ကင်းဝေးစေ၏။

http://www.dhammadownload.com


ကာမ၏အရင်းခံ အလိုအကြံများစေသော မနောကံကမှ မသောင်းကျန်း စေသော် နောက်လိုက် ကာယကံ၊ ဝစီကံများကလည်း သောင်းကျန်းစရာလမ်းစ မပေါ်တော့ချေ။ ထိုသို့မိမိပိုင် စိတ်တစ်လုံးကို နိုင်နင်းသော် တစ်လောကလုံးကိုပင် လွှမ်းမိုးနိုင်ချေ၏။

သရဏာဂုံသီလ နှစ်မျိုးရှိရာတွင်—

သရဏာဂုံသည် ပရိယုဋ္ဌာန ခေါ် စိတ်တွင်းမှထကြွသောင်းကျန်း စေတတ်သော ကိလေသာရန်ကို ကာကွယ်၏။

သီလသည် ဝီတိက္ကမ ခေါ် ကိုယ်နှုတ်သို့ကျွံထွက်လာသော သောင်းကျန်းမှုကို ကာကွယ်၏။

ထိုသို့သရဏာဂုံသည် သီလကြောင့် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးတို့ဝယ် ကိလေသာ ကပ်ခွင့်မရချေသော ပင်ကိုယ်လူစိတ်ဝင်နေသူ၌ အရာရာကို သဘောထားကြီးစွာ သည်းခံခွင့်လွှတ်နိုင်ခြင်း၊ တစ်ဖက်၌ မေတ္တာသက်ဝင်ခြင်းများ ဝင်လာတော့သဖြင့် နူးညံ့သိမ်မွေ့သော သူတော်ကောင်းအတန်းအစားသို့ တက်ခွင့် သာစေ၏။

## ကံလုံ့လျှင် ရေဝင်သည်

သရဏာဂုံတည်၍ ကိုယ်ကျင့်သီလ မြဲသူ၌ ကံသုံးပါးတို့သည် လုံချေ၏။ ကံလုံမှုကြောင့် ၎င်းထံတွင် ကိလေသာဘေးမှ ဝေး၍ အေးသောဓမ္မဓာတ် သတ္တိသည် ကိန်းတည်ချေ၏။

ထိုအအေးဓာတ်လွှမ်းကဲသူ၏ မေတ္တာသည်သာ အပြန့်ဝေခံသူ၏ထံသို့ တည့်တည့်ကျခြင်း၊ အေးလျက်ကျခြင်း၊ လွှမ်းခြုံသိမ်းပိုက်လျက်ကျခြင်းဖြင့်ပျံ့နှံ့ စေတတ်၏။

မိဘသည် ကောင်းသောသားသမီးကိုမှ ရွေးချယ်ချစ်တတ်သည်မဟုတ်၊ သားဆိုး သမီးဆိုးတို့အပေါ်၌လည်း သနားပိုလျက် တိုး၍ပင်ချစ်၏။

http://www.dhammadownload.com


ထို့အတူ သရဏဂုံသီလ၌တည်သူ၏ မေတ္တာသည်လည်း ကောင်းဆိုး နှစ်ဖက် ဖြန့်ကျက်လျက်ပင် တူညီသောချစ်ခြင်းရှိ၏။

ထို့ကြောင့် ချစ်သူဘက်မှ ပစ်လွှတ်လိုက်သော ရာဂမီးသည်လည်း မိမိ၌ မကူးခြင်း၊ သူ့၌မလောင်စေခြင်းဖြစ်၏။

မုန်းသူဘက်မှ ပစ်လွှတ်လိုက်သော ဒေါသမီးကြီးသည်လည်း မိမိ၌ မကူးစက်ခြင်း၊ သူ့၌မလောင်ကျွမ်းစေခြင်းဖြစ်၏။

ထို့အတူ သည်းခံခွင့်လွှတ်မှု ခန္တီတရားသည်လည်း ကောင်းစော်ကား၊ ဆိုးစော်ကား နှစ်ပါးလုံးကိုပင် ဖျက်ထုတ်ကာကွယ်နိုင်၏။

ဆိုလိုက်သော သစ္စာစကားသည်လည်း ကောင်းကိစ္စ၊ ဆိုးကိစ္စ နှစ်ပါးစုံ၌ ပင် ထိရောက်နိုင်စွမ်းရှိချေ၏။

ထိုလေးပါးတို့တွင် ခန္တီ ၊ မေတ္တာသည် သီလအပြည့်ပါသော မိမိ၏ ဓမ္မဓာတ်အားမှဖြစ်သော (ဓာတ်ကူဖြင့်) အောင်နိုင်ခြင်းတည်း။

သစ္စာသည်ကား မိမိသီလအားကိုမှီလျက် တစ်ဖက်မှဖြစ်သော (နတ်အကူဖြင့်) အောင်နိုင်စေခြင်းတည်း။

ဤတို့ခေတ် ရန်မအောင်သည်မှာ သီလအားနည်းပါးခြင်းကြောင့်ဖြစ်၏။ သီလအား နည်းပါးသူ၏ ဆိုသောသစ္စာသည်လည်းကောင်း၊ ထားသောမေတ္တာသည် လည်းကောင်း၊ ခုခံသောခွင့်လွှတ်အားသည်လည်းကောင်း ဖုံ သဲကို အခြောက်တိုက် ပစ်လွှတ်လိုက်သကဲ့သို့ လိုရာတည့်တည့်မကျခြင်း၊ ကျပါသော်လည်း အထိမနာခြင်း များကြောင့်ပင် ဖြစ်ချေ၏။

မျက်မှောက်ခေတ်မှာကော သီလဝိသုဒ္ဓိဖြင့် ပြီးပြည့်စုံသည့် သူတော်ကောင်း များ မရှိရာသလော။ ရှိသည်ကားမှန်၏၊ ရာသီချိန်မဟုတ်သော သရက်သီးမှည့်မျိုး ကဲ့သို့ ရှားပါးလှချေသောကြောင့် တစ်ကိုယ်ရေအတွက်သာ ခုခံကာကွယ်နိုင်ချေ၏။ အနီးရှိ လက်လှမ်းမှီရာလည်းဖြစ်၊ သဒ္ဓါစိတ်ဖြင့်မှီခိုသူလည်းဖြစ်သော သူတစ်စု လောက်မျှကိုသာ အကာအကွယ်ပေးနိုင်ချေ၏။ အများထိ မသက်ရောက်စေနိုင် ချေပြီ။

http://www.dhammadownload.com


ဘုရားရှင်၏ မျက်မှောက်တော်ကာလတုန်းကကား သူတော်ကောင်း အစားစား များလွန်လွန်းလှသောကြောင့် အများကိုပင် ကာကွယ်နိုင်ချေ၏။ အရက်မူးလာသော နာဠာဂိရိဆင်အား နှစ်သောင်းမျှသော ရဟန်းတော်အပေါင်း ခြံရံလျက်က အောင်နိုင်သည်ကိုကြည့်၊ ကောလိယကပ္ပိလသားအပေါင်းတို့၏ ရေလုပွဲမှဖြစ်သော ဘေးရန်ကိုလည်း အောင်နိုင်သည်ကြည့်ပါလေ။

အကယ်၍ မျက်မှောက်ခေတ်၌လည်း သီလဝိသုဒ္ဓိဖြင့် ပြီးပြည့်စုံသည့် သူတော်ကောင်း အစားစားတို့ ထွန်းကားလာချေသော် အမျိုးဘာသာ သာသနာနှင့်တကွ သတ္တဝါ အားလုံးအတွက် အကာအကွယ်ပေးနိုင်သည်မှာ ငြင်းစရာလိုမည် မထင်ချေ။

ထိုသို့ အကာအကွယ်ပေးနိုင်သည်မှာလည်း အကာအကွယ်ခံတို့ဘက်မှလည်း သာသနာ၌ တကယ်ယုံသောသဒ္ဓါယုံရှိမှသာ အကာအကွယ်ပေးနိုင်ချေ၏။ တဏှာယုံကိုကား သူ့ဘက်မှ မီးစာဓာတ်ခံရှိနေချေသဖြင့် မိမိပေးပို့သော သီလအပြည့်ပါသော မေတ္တာ အအေးဓာတ်သည် ဝင်ခွင့်သာရန်ပင် အခွင့်အလမ်း ရရှိလိမ့်မည်မဟုတ်ချေ။

http://www.dhammadownload.com


# သူတစ်ပါးပေးမှရသော ပါရမီထူးကြီး

## ခန္တီတစ်လုံးအမြဲသုံး အဆုံးနိဗ္ဗာန်ပင်

ထိုလေးမျိုးတို့တွင်-

ခန္တီသည် အခက်ဆုံးအရာပေတည်း။ ပါရမီ၌လည်း ယင်းခန္တီသည်သာ အခက်ဆုံး ဖြစ်ချေ၏။

ခန္တီဟူသည် လောကဓံရှစ်မျိုးနှင့် ပက်ပင်းတိုးမိရာတိုင်း၌ အကောင်းလေးမျိုးနှင့် တွေ့သည်ဖြစ်စေ၊ မကောင်းလေးမျိုးနှင့်တွေ့သည်ဖြစ်စေ မလှုပ်အယှက် ခံနိုင်သော သတ္တိကိုဆိုချေ၏။

ဘဝသံသရာနှင့်ချီ၍ ကောင်းကျိုးတို့ကိုသာ မျှော်လင့်စောင့်စားရင်းက အဆိုးဘက် သို့သာ ယိုင်လဲနေကြရှာသော လောကသားများအဖို့သည်ကား ယင်းလောကဓံရှစ်မျိုး တို့အပေါ်ဝယ် ကြောက်သဖွယ်ဖြစ်၍ လောကဓံနှင့်တွေ့လေ တိုင်း တုန်လှုပ်သည်ကသာ များ၏။

ထိုလောကဓံရှစ်မျိုးတို့တွင်-

လောက၏ အကောင်းလောကဓံသည် လောဘဖြစ်၏။ အဆိုးလောကဓံ သည်ကား ဒေါသမှုဖြစ်၏။ တစ်ကယ်ကောင်းမဟုတ်သော အကောင်းမှန်သမျှ လောဘကလိမ် ကျွေးထားသောဆေးခါးကြီးမျိုးသာဖြစ်ချေ၏။

တစ်ကယ်ဆိုးမဟုတ်သော အဆိုးမှန်သမျှ ဒေါသကလိမ်ကျွေးထားသော ဆေးခါး ကြီးမျိုးသာဖြစ်ချေ၏။

တစ်ကယ်အကောင်းသည် ကိုယ်ပြင်ကမဟုတ်၊ ကိုယ်တွင်းမှာသာရှိ၏။ တစ်ကယ် ဆိုးလည်း ကိုယ်ပြင်မှာမရှိ၊ ကိုယ်တွင်းမှာသာရှိ၏။

ကိုယ်ပြင်မှတစ်ဖက်၏အာရုံကို ခံစားရင်းဖြစ်သော ကောင်းဆိုးနှစ်တန် သည်ကား လောဘ-ဒေါသ ဖြစ်သော ကြိုက်- မကြိုက် ကြောင့်သာတည်း။

http://www.dhammadownload.com



တကယ်တောင်းဆိုသည်ကား မိမိကိုယ်တွင်းသို့ ပြန်လှန်ရှုကြည့်ရာမှ ဖြစ်ပေါ်လာသော သဘာဝတရားတည်း။

တကယ်ကောင်းသည် ဝိမုတ္တိရသ၊ ဓမ္မသုခခေါ်သော တရားသဘောကို သိရာမှ ရရှိလာသော ကောင်းမျိုးသာဖြစ်၏။

တကယ်ဆိုးသည်လည်း တရားရှုမြင်ရာမှ သိရှိရသော မိမိ၏ခန္ဓာ့ဝန်၊ ခန္ဓာဒုက္ခ နှင့် ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဆိုးများသာဖြစ်၏။

သို့ကြောင့် တကယ်ကောင်းလည်းမဟုတ်သော၊ တကယ်ဆိုးလည်းမဟုတ်သော အပြင်အာရုံမှဖြစ်ပေါ်သည့် ကောင်းဆိုး လောကဓံကို ခံနိုင်စေလိုသော် ငယ်ကြောက်ကို တော်လှန်နိုင်သည့် စိတ်ထားမျိုးသို့ ပြောင်းလဲလျက် မိမိဘက် နေရာပြောင်းခံမှသာ ခံနိုင်ရည်ရှိ၏။

အဝင်သနပ်ခါးလိမ်းပေးခြင်းကို ပြုံးပြခြင်းဖြင့် အထွက်အိုးမဲသုတ်သည်ကို မဲ့မပြရန် ကြိုးစားရာ၏။

ထို့အတူ အထွက်အိုးမဲသုတ်သည်ကို မဲ့မပြခြင်းဖြင့်လည်း အဝင်သနပ်ခါး လိမ်းပေးသည်ကို ပြုံးမပြရန် ကြိုးစားရာ၏။

ဆိုလိုသည်မှာ လိမ်ကောင်းကို အဆိုးမြင်ဝါဒဖြင့် သုံးသပ်စေခြင်းဖြင့် လိမ်ဆိုးကိုလည်း အကောင်းမြင်ဝါဒဖြစ်စေလို၏။

တဖန် လိမ်ဆိုးကို သဘောမှန်အဖြစ်ဖြင့် သုံးသပ်ခြင်းဖြင့် လိမ်ကောင်းကို လည်း သဘောမျှအဖြစ်ဖြင့် မြင်စေလို၏။

ထိုသို့မြင်ပါလျှင် မိမိသာသနာပြုမည့် ဝေနေယျတို့ လျှော်နိုးခြင်း၊ ချီးမွမ်းခြင်း စသော အနီးကပ်ကောင်းဒဏ်ကိုလည်း ခံနိုင်စရာရှိ၏။

မိမိနှင့် ဆန့်ကျင်ဘက်တို့၏ အဝေးမှ ပစ်လွှတ်လိုက်သော အပုပ်ချခြင်း ဒုက္ခပေးခြင်း စသော အဝေးပစ် အဆိုးဒဏ်ကိုလည်း ခံနိုင်စရာရှိ၏။

ထို့ အပြင်ဒဏ်များကို ချေဖျက်လိုလျှင် အတွင်းဒဏ်ကိုသာ သည်းခံထားပါလေ။

http://www.dhammadownload.com



ခန္တီတရားသည် အခြားကဲ့သို့ ငွေပေးဝယ်၍မရ၊ ပစ္စည်းလက်ဆောင်ပေးခြင်းဖြင့်လည်း မရစကောင်းချေ။

ဒါန စသည်ကား လက်ထဲတွင် ငွေရှိလျှင်ရသေး၏ သီလသည်လည်း ရှောင်တိမ်းခြင်းဖြင့် ရနိုင်သေး၏။ ခန္တီသည်ကား သူတစ်ပါးတို့ကလည်း ပေးပါမှ မိမိကလည်း ကြည်ကြည်သာသာ ခံယူနိုင်ပါမှ ရစကောင်းသောအရာတည်း။

ခန္တီတရား ပြည့်ဝစေလိုလျှင် မာနကိုချပါ။

ခန္တီတရား ပေါက်ပွားစေလိုလျှင် သီလကိုဖြည့်ကျင့်ပါ။

ခန္တီတရား အားကောင်းစေလိုလျှင် မေတ္တာကိုပွားပါ။

အထက်ပါတို့ကို ပယ်ခြင်း၊ ဖြည့်ခြင်း၊ ပွားခြင်းဖြင့် တစ်ဘက်သား ကောင်းဆိုးဖြင့် ရန်စတိုင်း ပွဲတိုးကြည့်ပါသော် အောင်မြင်နိုင်ရာသည်။ ယင်းခန္တီ အောင်လျှင် အခြားတို့အောင်မြင်ရန် မခက်ခဲတော့ချေပြီ။

အလောင်းတော်တို့သည် ရန်သူ၏အနှိပ်အစက်ကိုခံရလေတိုင်း ငါတော့ ကြွေးမြီတစ်ခုကြေပြီ ဟူ၍ ဝမ်းမြောက်ဝမ်းသာ ကြည်သာရွှင်ပြ ခံယူတော်မူကြလေကုန်၏။ စင်စစ် ခံရခြင်းသည် လုပ်ခဲ့ရခြင်းမှသာ ဖြစ်ပျားခံရ၏။

ထို့အတူ သာသနာပြုဝန်ထမ်းများသည်လည်း လောကဓံနှင့် ကြုံတိုင်း စိတ်ပြောင်း၍ခံယူခြင်း၊ ကုန်းကျုံးလျက် ခံယူခြင်းဖြင့် ခန္တီဝါဒကို လက်ကိုင်ထားကြရာ၏။

တစ်ဘက်က မိမိအား မဟုတ်စကား မဟုတ်တရားများဖြင့် နှိပ်စက်ဖျက်ဆီးငြားအံ့၊ ထိုအခါ *ငါ့အကြောင်းမှန် စေတနာအရင်းခံကို သင်းမသိသေးလို့ စွပ်စွဲပေတာပဲ။* ဤသို့သဘောထားလျက် ထိုသူ၌ သနားစိတ်ဖြင့် ပြုံး၍ခံယူပါလေ။

အကယ်၍ တစ်ဘက်က မိမိပြုထားသည့်အပြစ်ကို ပြလျက်က ဟုတ်သောစကားဖြင့် နှိပ်စက်ဖျက်ဆီးငြားအံ့။ *အင်း... ခံပေမှပေါ့၊ မင်းက သူပြောစကား လုပ်မိပေတာကိုး။* ဤသို့ပင် သဘောထားလျက် ကြည်ကြည်သာသာပင် ခံယူပါလေ။

http://www.dhammadownload.com


ဤကား အလောင်းတော်တို့ ထုံးတည်း။
မဟုတ်ဝစနံ ပြုံးပြုံးခံ ရန်သူအပေါ်အချစ်ပို။
အဟုတ်ဝစနံ ကုန်းကျုံးခံ ခံရန်ကိုယ်ဘက် အပြစ်ဖို့။

## ဝေနေယျတို့စိတ်ထား

ဝေနေယျတို့သည်ကား မသိမှု မောဟ အမိုက်ထု၏ အမှောင်အောက်မှ သွားလာနေကြရ၏။

အမှောင်ထုအတွင်းမှ သွားလာလှုပ်ရှားနေကြရလေသဖြင့်လည်း တွေ့သမျှ တိုက်ခိုက်မိလျက်သားဖြင့် ခရီးဆက်နေကြရ၏။ အလင်းမမြင်ရသေးသမျှ တွေ့ရာတိုး၍ တိုးရာတိုက်ကြမည်သာ။ အမှောင်သည်လည်း မလင်းသေးသမျှ မှောင်မြဲမှောင်မည်သာ။

ထိုအမှောင်ကြားမှဖြစ်သော တိုးမှုတိုက်မှုအဖြစ်ကား မည်မျှများပြား သနည်းဆိုသော်။ မိမိတို့ ရောက်ရာဘဝ အာရုံခံစားတိုင်း၏ အချိန်၊ ရက်၊ လ၊ ဘဝ၊ ကမ္ဘာနှင့် ချီ၍ပင်တည်း။

ဤကား မသိမှုအမှောင်ထု၏ ကြီးစိုးခြင်းသဘောတည်း။

မသိသော် အကောင်းထင်လျက် လိုချင်မိတတ်၏။ ထိုလိုချင်ရာရက လောဘဝင်၍ ကြိုက်စွဲပေါ်တတ်၏။ ထိုလိုချင်ရာမရပါက ဒေါသဝင်၍ မကြိုက်စွဲလည်း ပေါ်တတ်၏။ ထိုလိုချင်ရာ ရရာမှပင် လက်လွှတ်ဆုံးရှုံးပြန်ကလည်း ဒေါသဝင်၍ မကြိုက်စွဲပင် စွဲပြန်လေ၏။

စွဲလျှင်ငြိမည်။ ငြိလျှင်ထိမည်။ ထိလျှင်ကား ရန်း၍မရ ထိုလောဘ၊ ဒေါသတို့၏ အခိုင်းခံဘဝဖြင့်လည်းကောင်း၊ လောဘကောင်းရာ၊ ဒေါသကောင်းရာ အဆင်း၊အသံ စသည့် အာရုံပိုင်ရှင်များ၏ အခိုင်းခံဘဝဖြင့်လည်းကောင်း သံသရာလည်ရှာကြရလေကုန်၏။ ထိုအစွဲကား ကြီးမားလှချေ၏။ ထိုစွဲအား ကြီးသလောက်ပင် လောင်အားကြီးသည်လည်း ကြီးမားမည်သာတည်း။

http://www.dhammadownload.com


# ကိုယ်တစ်ယောက်တည်းလည်သောဝဋ်ကို ပို၍ကြောက်ပါ

## ပတ်ချာလည်တာ သံသရာ ခြေရာမဆုံးပြီ

၁။ ကြိုက်စွဲ၊ မကြိုက်စွဲကား ကိလေသာဝဋ်ပင်တည်း။

၂။ ထိုအစွဲနိုင်းတိုင်း ပြုလုပ်ပေးရသည်ကား ကမ္မဝဋ်တည်း။

၃။ ကိုယ်ပြုသည့်ကံ ကိုယ်ခံစားရသည်ကား ကမ္မဝဋ်တည်း။

ဝဋ်ဟူသည် လည်ပတ်ခြင်း သဘောကိုဆို၏။ ထိုလည်ပတ်မှုသည် မိမိတစ်ဦးတည်းလည်း လည်ပတ်၏။ တစ်ဘက်သားနှင့် အပြန်အလှန်လည်း လည်ပတ်၏။

တစ်ဦးတည်း လည်ပတ်မှုကား–

ငါသည် ကြက်သားကို စားလို၏။ ဤတွင် ကိလေသာဝဋ်စတင်ပြီ။

ငါသည် မည်သည့်အကောင်သတ်မည်ဟု ကြံစည်ဆုံးဖြတ်လျက် ထိုအတိုင်း ကိုယ်၊ နှုတ်ဖြင့် သတ်ချေ၊သတ်စေ၏။ ဤတွင် ကမ္မဝဋ်ဆိုက်ပြီ။

ထိုကြက်သားကို ချက်လျက် ပြီးကစားသုံး၏။ ဤတွင် ဝိပါကဝဋ် ဆိုက်ပြီ။

တဖန် စားမိတော့ တိုးကြိုက် တိုးစွဲလေ၏။ ကိလေသာတကျော့လှည့်ပြီ။ အစွဲကြီးတော့ တိုးသတ်၍ တိုးစွဲလေ၏။ ကမ္မဝဋ်တကျော့လှည့်ပြီ။

တိုးချက်တော့လည်း တိုးစားပြီး တိုး၍တိုး၍ကြိုက်မပြန်လေ၏။ ကိလေသာဝဋ်သို့ပင် ထပ်လှည့်သေးပြန်ပြီ။

ဤသို့ပင် စိတ်အကြံပေါက်လိုက် ထပြုလိုက် ဆက်ခံစားလိုက်ဖြင့် ဤဘဝ၌ပင် မဆုံးသံသရာ တစ်ဦးတည်းလည်ရှာရလေ၏။ ဤကား တစ်ဦးတည်း ၏ လည်ပုံတည်း။

တဖန် မိမိကြိုက်သည့် ကြက်စွဲအတိုင်း သေခါနီးအခါကာလ၌ ထိုအစွဲနာ

http://www.dhammadownload.com



သော ကြက်ကို အာရုံပြုများရှာလေသဖြင့် မိမိကိုယ်တိုင်ပင် ကြက်၏အဖြစ်ဖြင့် ကြက်ဘဝသို့ ရောက်ရှာချေ၏။ ကြက်ဘဝရောက်၍ ကြက်လူလားမြောက်သော အခါတွင်ကား တစ်ပါးသူများကလည်း မိမိအားကြည့်လျက်က သတ်ဖြတ်မှု ပြုကြလေကုန်၏။ ထို့နောက် ချက်ပြုတ်လျက် အကျိုးခံစားကြလေ၏။ အတုံ့အလှည့် ဖြစ်ပြီ။

မိမိသည်လည်း ၎င်းတို့အပေါ် မကျေနပ်စိတ်ဖြင့်သေလေရာ ၎င်းတို့အပေါ် နိုင်ရာဘဝကို ရရှိပြန်လေ၏။ ထိုအခါ ထိုသူကလည်း ညှာတာလိမ့်မည်မဟုတ်၊ အငြိုးကြီးသောစိတ်ဖြင့် လက်စားချေမည်သာတည်း။

ဤသို့ဖြင့် မိမိ၌ကပ်၍ဖြစ်သော ဝဋ်သုံးပါးမှ ကူးစက်လျက် တစ်ပါးသူ နှင့်လည်း ဘတပြန် ကျားတပြန်ပင် ဝဋ်သုံးပါးဆိုက်ချေ၏။

ဤကား တစ်ဘက်သားနှင့်တွဲ၍ လည်ပတ်ပုံတည်း။

လောဘသားတို့သည် ဤနည်းဖြင့် မျက်စိလည် လမ်းမှားကြလေကုန်ပြီ။ အကောင်းထင်၍ လုပ်မိလေသမျှ ဆိုးစကိုသာ နင်းမိရှာကြလေကုန်၏။ အရှေ့သို့ ပြောလျက်က အနောက်သို့သာ ထွက်နေကြလေကုန်၏။

ဤသို့ပင် စိတ်စွဲအတိုင်း၊ အစွဲစိတ်ချည်း ထပ်ချည်းတလဲဖြစ်နေကြ လေရာ ထိုအစွဲစိတ်ဖြင့်ပင် တစ်ဦးနှင့်တစ်ဦး မုန်းငြိုးပြစ်မှား အာဃာတထားခြင်း၊ ရန်လိုခြင်း၊ အကြိုက်ချင်းပြိုင်လျက် လုယက်ဖျက်ဆီးခြင်းဖြင့် စိတ်ထားတို့သည် မည်းမှောင်ကြရလေကုန်၏။ မည်းသလောက်လည်း မိုက်ကြလေကုန်၏။ မိုက်သလောက်လည်း တိုက်ခိုက်ကြလေကုန်၏။ ဤတိုက်ခိုက်ခြင်းသည်ပင် ကိလေသာစိတ်ပူးကပ်ရန်၏ အခွင့်အလမ်းတည်း။ ကိလေသာစိတ်ပူးကပ်ခြင်းသည် စိတ်ရိုင်းဝင်ရာ၏ တံခါးတည်း။

ဤကားဝေနေယျတို့ထုံးတည်း။

http://www.dhammadownload.com


## သာသနာပြုတို့၏စိတ်ထား

သာသနာပြု ဝန်ထမ်းသားတို့သည်ကား၊ အလောင်းတော်တို့ စိတ်ထားနှင့်ထုံး ဝေနေယျတို့၏စိတ်ထားနှင့်ထုံး ဟူသောနှစ်ထုံးရှိရာတွင်–

အလောင်းတော်တို့ထုံး နှလုံးမူလျက် ပယ်ဖျက်ထိုက်သည့် ဝေနေယျတို့၏ထုံးကို မိမိစိတ်မှ ဗုန်းဗုန်းလဲကျသည်အထိ ဦးစွာတိုက်ဖျက်ကြပါလေ။

လူတို့၏ လောဘအကြီးချင်းပြိုင်၍ အနိုင်လုနေကြရာ မိမိတို့က လောဘအနည်းချင်းပြိုင်၍ အနိုင်ယူပြရာ၏။

လူတို့က ဒေါသအကြီးချင်းပြိုင်၍ အနိုင်လုနေကြရာ မိမိက ဒေါသအနည်းချင်း အနိုင်ယူပြရာ၏။

လူတို့က ကိလေသာအကြီးချင်းပြိုင်၍ အနိုင်လုနေကြရာ မိမိက ကိလေသာ အနည်းချင်းပြိုင်၍ အနိုင်ယူပြရာ၏။

ထိုသို့ ကိုယ့်အတွက် အောင်နိုင်ပြီးစီးသောအခါတွင်မှ မျက်စိလည် လမ်းမှားပြီး စိတ်ထားစရိုက် ဆိုးမိုက်လျက်ရှိကြလေကုန်သော ဝေနေယျ လောဘသားတို့၏ အပေါ်၌–

မီးဒဏ်သင့်နေသော မီးဘေးဒုက္ခသည်များကဲ့သို့၊

အနာကြီးရောဂါစွဲကပ်နေသော ရောဂါသည်ကြီးများကဲ့သို့၊

မြင်တတ်၊ ကြည့်တတ်ကြပြီး ထိုအမြင်မှန် အကြည့်မှန်ဖြင့်ပင် နှစ်မြိုက်ကြည်ဖြူစွာ ဖေးမကူညီတတ်ကြပါလေ။

ထိုဒဏ်သင့် ဝေနေယျတို့မှာမူကား–

ပူလွန်းလှသဖြင့် အအေးသို့သာ တမ်းတဖွေရှာနေကြလေရှာ၏။

နာလွန်းလှသဖြင့်လည်း သက်သာရာဆေးကိုသာ မျှော်နေကြလေရှာ၏။

ထိုအအေးလိုသူတို့ကို အေးသောမေတ္တာတရားနှင့် ကြည်သောစေတနာရေး များကို ရွေး၍ တိုက်ကျွေးကြပါလေ။

အေးမည်ထင်၍ ပြေးဖက်သော ကိလေသာဆေးကိုလည်းကောင်း၊

http://www.dhammadownload.com


သက်သာမည်ထင်၍ ဝင်ကပ်မိသော ကိလေသာဆေးကိုလည်းကောင်း။ မဖက်သာ မကပ်သာအောင် ပုတ်ထုတ်ပေးကြပါလေ။

မီးစကို အရောင်ထင်လျက် ကိုင်ကြည့်သောကလေးငယ်အား ထိုမီး လက်တွင်းသို့ မထိမိစေရန် လက်ကိုပုတ်လျက်က လွှတ်ချစေဘိသို့ ကြည်သာ သော စည်းစနစ်ဖြင့် စောင့်ရှောက်ကြပါလေ။

ထိုသက်သာလိုသူတို့လည်း—

သံသရာမှ သက်သာရာ ရစေသော ကိုယ်ကျင့်သီလတရားများနှင့် မှန်ကန်သော သစ္စာတရားများကို ဆိုးကြိုတိုက်ကျွေးကြပါလေ။

အဆိပ်ကို အစာထင်လျက်စားသော ကလေးငယ်အား ထိုအဆိပ် ဝမ်းတွင်းသို့ မဝင်မိစေရန် လည်မျိုကုတ်လျက်က ထွေးအံစေဘိသို့ တင်းကျပ်သော စည်းစနစ်ဖြင့် ထိန်းသိမ်းကြပါလေ။

ဘုရားရှင်သည်ကား ဝေနေယျတို့ လိုလားတောင့်တနေသည့် ထို အေးလိုမှု၊ သက်သာလိုမှု မှန်သမျှတို့ကို ထိုဝေနေယျတို့အနီးရှိ ငင်းတို့ မသုံးရဲသည့် ဆန့်ကျင်ဘက် အဆိုးထင်တရားစုထဲမှ ထုတ်ယူလျက် သုံးဆောင်ပြတော်မူပါ ချေ၏။

၁။ လူသားများသည် အချင်းချင်း ကာမဂုဏ်မှုဖြင့်(တစ်ဦးကိုတစ်ဦး ဖျက်ဆီး လျက်) ပျော်ပါးကြရသည့် ကာမချမ်းသာကို အကောင်းထင်၍ မွေ့လျော်စွာ ခံစားရင်းက ချမ်းသာရှာဖွေနေကြစဉ်။

ဘုရားရှင်သည်ကား တစ်ဦးတည်း ဈာန်ချမ်းသာမှုဖြင့် သန္တိသုခ ငြိမ်းအေးမှုကို ခံစားပြတော်မူလျက် မပျက်မစီး ထည်းတည်းကောင်းမွန်သော ချမ်းသာစစ်ကို သုံးဆောင် ပြသတော်မူပါချေ၏။

၂။ ဘုရင်များသည် တစ်ပါးနှင့်တစ်ပါး စစ်မက်ခင်းလျက်က ကြီးနိုင် ငယ်ညှဉ်းဖြင့် ဒေါသခြင်းပြိုင် အနိုင်ယူကြပြီး ဦးအတိုက်ခံ ဘုန်းရှင်ကံရှင် ဘဝကို

http://www.dhammadownload.com


ရယူနေကြပေရာ။

ဘုရားရှင်သည်ကား မေတ္တာရာနှာဝင်စားပြီး ဖြဟ္မဝိဟာရဖြင့် နေပြတော်မူလျက် လူသုံးပါးတို့၏ ဦးအတိုက်ခံ ဘုန်းတော်ရှင် ကံတော်ရှင်ဘဝကို ရယူပြသတော် မူပါချေ၏။

၃။ သံဃာချင်းချင်း အတွင်းပက္ခထကြွကြလျက် ငြင်းခုံနေကြရာတွင်လည်း ဘုရားရှင်သည် ဝိဝေကတို့၏တည်ရာ နိရောဓသမာပတ် ဝင်စားပြတော်မူလျက်က (ရဟန်းဆို ဒီလိုမှပေါ့ဟုပြသည်နှယ်) နေထိုင်ပြသတော်မူပါချေ၏။

ဆိုလိုသည်မှာ လူဘဝရတုန်း လူလိုချမ်းသာမှုမျိုးကို ခံစားချင်လျှင် လူလိုကျင့်ကြစေ၊ သို့မဟုတ် မပျက်စီးဘဲကောင်းသော ချမ်းသာမျိုးသည် လူ့ဘဝရောက်တုန်းသာ ခံစားရသည့် လူပိုင်ပစ္စည်းဖြစ်ချေသဖြင့် လူ့ဘဝရောက် လူစားကြပါလေဟူ၏။

မင်းအဖြစ်ရ၍ မင်းစည်းစိမ်ခံစားချင်လျှင် မင်းလိုကျင့်ကြစေ၊ သို့မဟုတ် မင်းစည်းစိမ်ဟူသည် မတိုက်ဘဲနှင့်အောင်နိုင်သော စည်းစိမ်မျိုးဖြစ်သဖြင့်လည်းကောင်း၊ မင်းဘဝမှာသာ ရနိုင်သည့် ဘုန်းရှင်ကံရှင်၏ စည်းစိမ်မျိုးဖြစ်သဖြင့်လည်းကောင်း မင်းဘဝရောက် မင်းကျင့် ကျင့်ကြလေဟူ၏။

ရဟန်းအဖြစ်ရ၍ ရဟန်းစည်းစိမ်ခံစားချင်လျှင် ရဟန်းလိုကျင့်ကြစေ၊ သို့မဟုတ် ရဟန်း၏ချမ်းသာသည် ကိလေသာချုပ်ငြိမ်းမှုဖြင့် ကောင်းသော အတုမဲ့ ချမ်းသာဖြစ်သဖြင့် ရဟန်းဘဝရောက် ရဟန်းသုံး သုံးကြလေဟူ၏။ ဤကား ဘုရားရှင်၏ သိစေလိုမှုအချက်တည်း။

ဆိုခဲ့ပြီးသော ဘုရားရှင်၏ သာသနာပြုထုံး နှလုံးမူလျက် ဘုရားရှင်၏ ရှေ့လက်ထက်တော်အခါ ကာလတုန်းက သူတော်ကောင်းကြီးများ ကျင့်သုံးသွားသော သာသနာပြုစိတ်ထားနှင့် သာသနာပြုသွားပုံကိုလည်း အတုယူအားကျနည်းမှီးတတ်ကြပါစေရန် ဤ၌ ထုတ်ယူပြပါအံ့။

http://www.dhammadownload.com



အခါတစ်ပါး သူနာပရန္တတိုင်း၏ ဝါဏိဇကရွာကြီးမှ မဟာပုဏ္ဏမည်သော ကုန်သည်ကြီးတစ်ဦးသည် နောက်ပါလှည်းသားငါးရာတို့ကို ခေါ်ဆောင်လျက် သာဝတ္ထိမြို့ပေါ်သို့ ရောက်ရှိလေသောအခါတွင်ကား ထိုမြို့တော်၏တောင်ဘက် အနောက်တောင်ယွန်းယွန်းအရပ်ရှိ တောအုပ်ကြီးထဲ၌ လှည်းစခန်းချလျက် ကုန်များရောင်းချရန် ပြင်ဆင်ကြချေ၏။ ထိုတောအုပ်ကြီးသည်ကား ဇေတဝန် ကျောင်းတော်သို့သွားရောက်ရာ လမ်းဘေးဖြစ်ချေသဖြင့် နေမွန်းတည့်လတ်၌ လည်း ထိုနည်းအတူ ဆွမ်းအုပ်ကိုယ်စီဖြင့် သူ့ထက်ငါ သွားကြ၊လာကြ၊ ပြန်ကြလေကုန်၏။ ညနေချမ်း၌လည်း ပန်းနံ့သာဆီမီး ကိုယ်စီဖြင့် ဤနည်းနှင်နှင် သူ့ထက်ငါ သွားကြ၊လာကြ၊ပြန်ကြလေကုန်၏။ အရုဏ်၌လည်း သာဝတ္ထိပြည်သူ များသည် သူ့ထက်ငါ ကလေးလူကြီးမကျန် ဆွမ်းအုပ်ကိုယ်စီဖြင့် ထိုလှည်းအုပ် ကြားမှ ဖြတ်ကျော်လျက် ဇေတဝန်ကျောင်းတော်သို့ သွားကြ၊လာကြ၊ ပြန်ကြ လေကုန်၏။

ဤသို့လျှင် တစ်နေ့သုံးကြိမ် ဘုရားရှင်နှင့်သံဃာအား ဆွမ်းခဲဘွယ်တို့ဖြင့် လုပ်ကျွေးရန်၊ ကိုယ်ဖို့အတွက် တရားနာ၊တရားနည်းခံရန် သွားရောက်နေကြသည် ကို မဟာပုဏ္ဏမြင်တွေ့ရလေရာ အကြောင်းကိုမေးလေ၏။

ထိုအခါ ပြည်သူများက– "အမောင် လောက၌ ဘုရားဆိုသည်မှာ ပွင့်ပေါ် နေပါချေပြီ။ တရားဆိုသည်မှာလည်း ပွင့်ပေါ်နေပါချေပြီ။ သံဃာတော်ဆိုသည်မှာ လည်း ပွင့်ပေါ်နေပါချေပြီ။ ဤအကြောင်းကို အမောင်မသိလေရော့သလား"ဟု ဆိုလေ၏။

မဟာပုဏ္ဏသည် ရှေးပါရမီထူး နိုးဆွမှုကြောင့် ဘုရားဟူသော အသံကြား လိုက်ရသည်နှင့် ကြက်သီးတဖြန်းဖြန်းထ၏။ ဖူးမြော်လိုသောဆန္ဒ တဖွားဖွားပြ၏။ သို့ကြောင့် ကျောင်းတော်သို့ ထိုပရိသတ်များနှင့်ပင် လိုက်ပါလျက်သွားချေ၏။

ဘုရားထံမှောက် ရောက်သောအခါတွင်မူကား မြတ်စွာဘုရားရှင်သည် မဟာပုဏ္ဏသို့ရည်ရွယ်လျက် အနုပုဗ္ဗိကထာကို ဟောကြားတော်မူ၏။ အနုပုဗ္ဗိက ကထာဟူသည် အစဉ်အတိုင်းဟောကြားတော်မူသော စကားတော်ခြောက်ခွန်းပင်

http://www.dhammadownload.com


ဖြစ်၏။ ၎င်းတို့မှာ–

၁။ ဒါနကထာ – သီလတည်သူသို့ စွန့်ကြဲခြင်း၏အကျိုးကြီးပုံစကား။

၂။ သီလကထာ – ကိုယ်တိုင်သီလတည်ခြင်းက သာ၍အကျိုးကြီးမြတ်ပုံ စကား။

၃။ ကာမနအာဒီနဝကထာ – ကာမဂုဏ်ခံစားသူ၏ အပြစ်ကြီးပုံစကား။

၄။ နေက္ခမ္မာနိသံသကထာ – ကာမမှထွက်မြောက်သူ၏ အကျိုးကြီးပုံ စကား။

၅။ သဂ္ဂကထာ – လူ့ဘဝထက် နတ်ဘဝကသာလွန်ပုံ စကား။

၆။ မဂ္ဂကထာ – နတ်ဘဝထက်မဂ်ရသူက သာလွန်ပုံ စကား တည်း။

ဤခြောက်မျိုးသောအစဉ်ပြစကားတော်တို့ကို လက်ဦးရောက်လာသူ ပရိသတ်အား ဟောကြားမြဲဖြစ်တော်မူ၏။

မဟာပုဏ္ဏသည် ဘုရားရှင်၏ အသရေတော်ကို ကြည်ညိုလှသည်က တစ်ကြောင်း၊ တရားတော်ကို နှစ်မြိုက်လွန်းလှသည်ကတစ်ကြောင်းများကြောင့်–

ဘုရားရှင်နှင့် နောက်ပါသံဃာတော်များအား နက်ဖြန်အရုဏ်၌ မိမိ၏ လှည်းစခန်းချ နားရာသို့ ကြွရောက်လျက် ချီးမြှောက်တော်မူသောအားဖြင့် ဆွမ်းလှူခွင့် ခွင့်ပြုတော်မူပါရန် လျှောက်ထားပြီး လှည်းစခန်းသို့ ပြန်ခဲ့ချေ၏။

နောက်ရက် အရုဏ်သို့ရောက်လျှင်မူကား ဘုရားရှင်နှင့်နောက်ပါ သံဃာတော်တို့အား နောက်ပါလှည်းသမားများနှင့်တကွ ဆွမ်းကပ်လှူခြင်း၊ တရားနာယူခြင်းများ ပြုလုပ်ကြပေရာ ဘုရားရှင်သည် ဝမ်းမြောက်ဖွယ်ရာ ဆွမ်းအနုမောဒနာတရားတော်တို့ကို ဟောကြားတော်မူချေ၏။

မဟာပုဏ္ဏသည် မိမိမျှော်လင့်သည့် လောကီစည်းစိမ်ထက် အဆသာ သော ရတနာကို တွေ့လည်းတွေ့ရသည်။ ထိုရတနာကို ရလိုသော ဆန္ဒလည်း

http://www.dhammadownload.com


ပြင်းပြနေသည်။ သို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များ ကြွချီတော်မူပြီး နောက်ပိုင်းတွင် မိမိရှိပစ္စည်းမှန်သမျှ ညီဖြစ်သူ စူဠပုဏ္ဏအား အပ်နှံရန်မှာကြားလျက် မိမိသည်ကား ဘုရားရှင်ရှိရာနောက်သို့ လိုက်ပါ၍ ရဟန်းပြုချေတော့သတည်း။

ရဟန်းတော် မဟာပုဏ္ဏသည် ဘုရားရှင်ထံမှ တရားနည်းတောင်းခံလျက် ကျင့်ကြံတော်မူရာ မိမိဒေသနှင့်မတူသော ရာသီ၏ ပူအိုက်ဒဏ်ကိုခံရခြင်းကြောင့် မိမိဒေသနှင့်မတူသော ကြမ်းတမ်းသော အာဟာရ၏ဒဏ်ကို မခံနိုင်ခြင်းကြောင့် မိမိနှင့်သင့်တော်သော ဥတုသပ္ပါယ၊ ဘောဇနသပ္ပါယ ဖြစ်စေသည့် မိမိရပ်ထံ သူနာပရန္တတိုင်းသို့ ပြန်ရန်ကိုလည်းကောင်း တစ်ဦးတည်းကျင့်ရာ၌ မမှားနိုင်သောနည်းနှင့် မှတ်မိစေနိုင်မည့် အကျဉ်းဆုံးနည်းကိုလည်းကောင်း ပေးသနားတော်မူပါရန် လျှောက်ထားချေ၏။

ဘုရားရှင်သည် နည်းမပေးမီ– ''ချစ်သား သူနာပရန္တတိုင်းဆိုသည်မှာ စရိုက်ဆိုးသွမ်း ခက်ထန်ကြမ်းတမ်းသည့် မုဆိုးတံငါမိလက္ခတို့ နေရာသာ ဖြစ်ချေ၏။ အကယ်၍ ထိုနေရာရောက်၍ ထိုသူတို့က သင့်အား ဆဲရေးတိုင်းထွာမှု ပြုချေသော် အဘယ်လို သဘောထားမည်နည်း။''

''မှန်လှပါ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤသူတို့သည် နှုတ်ဖြင့် ဆဲရုံသာဆဲကြသေး၏။ ကိုယ်ထိလက်ရောက် မစော်ကားလေသဖြင့် တော်ကြပါသည်ဟု ချီးကျူးပါမည် အရှင်ဘုရား''

''ကောင်းပြီချစ်သား အကယ်၍ ရိုက်ပုတ်ညှင်းဆဲလျှင်ကော သင်ဘယ်လို သဘောထားမည်နည်း။''

''မှန်လှပါ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤသူတို့သည် ငါ့အား ရိုက်ပုတ်ရုံသာရှိကြသေး၏။ အသက်သေသည်အထိ မညှင်းဆဲကြလေသေးသဖြင့် တော်ကြပါပေသည်ဟုပင် ချီးကျူးကြရမည်ဘုရား။''

''အကယ်၍ အသက်သေသည်အထိ ညှင်းဆဲလျှင်ကော ချစ်သား''

''မှန်လှပါ မြတ်စွာဘုရား၊ အရှင်ဘုရား၏သားတော်တို့မှာ ဤခန္ဓာကိုယ်

http://www.dhammadownload.com


ကြီးသည်ကား (၃၂)ပါးသော အခြင်းအရာတို့ဖြင့် စပ်ဟပ်ပေါင်းစုထားသော ကိုယ်ကောင်ကြီးသာ ဖြစ်သဖြင့် မသတီစရာ၊ စက်ဆုပ်ရွံမုန်းစရာအတိသာ ဖြစ်ချေသည်ဟုဆိုပြီး ဤကိုယ်၌ပင် အပြစ်မြင်လျက် သူတစ်ပါးထံ အခပေး၍ပင် အသတ်ခိုင်းကြရတုံသေး၏"

"ငါ့မှာမူကား ငွေကုန်ကြေးကျမများ အလကားသက်သက်ပင် သတ်ဖြတ်ပေးဖော်ရလေသဖြင့် ဤသူတို့ကို ကျေးဇူးပင် တင်ရပါမည်ဘုရား။"

ထိုအခါ ဘုရားရှင်သည် သုံးခွန်းသော 'သာဓု' ဖြင့် ကောင်းချီးပြုတော်မူလျက်–

"ချစ်သား မြင်ရာ၊ ကြားရာ စသော တံခါးခြောက်ပေါက်တို့ကို သတိအစောင့်ချလျက် နေပါလော့။"

"ထို သတိ၏ အနီးအပါးမှ ဖြတ်သန်းသွားလာရသော အာရုံကိုလည်းကောင်း၊ ထိုအာရုံကို ခံစားရာ၌လည်းကောင်း ငါကောင်အနေ၊ ငါ့ဥစ္စာအနေဖြင့် ငြိကပ်တွယ်တာမှုမရှိစေရန် ဖြစ်ပျက်ကို မြင်သထက်မြင်အောင် ရှုပါလော့"

"ထိုဖြစ်ပျက်ကို မြင်သောခဏ စိတ်သည် ငြိကပ်စရာမရှိ ပညာကိုမမြင်သည့် ပရမတ်အမြင်အတိုင်းပင် ဖြစ်လျက် ဖြစ်ပျက်ဆုံးရာသို့ ရောက်လတ္တံ့။"

ဤသို့လျှင် အကျဉ်းဆုံးနည်းနှင့် မမှားနိုင်သောနည်းကို ချီးမြှင့်ပေးသနားတော် မူလိုက်လေသတည်း။

ဤသည်ကား သာသနာပြုတို့၏ စိတ်ထား။

ဤသို့လျှင် အထက်၌ပြဆိုအပ်ခဲ့ပြီးသော ဘုရားရှင်၏ထုံးတော်ကိုလည်းကောင်း၊ သူတော်ကောင်းတို့၏ ထုံးကိုလည်းကောင်း နည်းမှီလျက်–

ဝေနေယျတို့၏–

– ကြမ်းတမ်းသော စရိုက်ထုံးကို ချိုသာသောစရိုက်ထုံးဖြင့် လဲလှယ်ပေးရာ၏။

– ယုတ်ညံ့သောစိတ်ထားကို မြင့်မြတ်သောစိတ်ထားသို့ ပြောင်းလဲပေးရာ၏။

http://www.dhammadownload.com


- တွန့်တိုမှုကို ရက်ရောမှုဖြင့် အစားထိုးပေးရာ၏။
- လိမ်လည်မှုကို မှန်သောစကားပြောဆိုခြင်းဖြင့် တည့်မတ်ပေးရာ၏။

ဤသို့လျှင် မီးကိုရေနှင့်ငြိမ်းသည့်ပမာ အကြည့်မှား၊ အမြင်မှား၊ အသွားမှား များတို့ကို ၎င်း၏ဆန့်ကျင်ဘက် အကြည့်မှန်၊ အမြင်မှန်၊ အသွားမှန်တို့ဖြင့် အစားထိုး၍ ကြိုးစားပြုစုနိုင်ကြပါစေကုန်သတည်း။

- ကြမ်းတမ်းနှုတ်ကို သူထွက်ဆို နှုတ်ချို ကိုယ်ထွက်ရာ။
- သူယုတ်မာစိတ် သူ့ထံအိပ် ကိုယ့်စိတ် သူကောင်းသာ။
- နှမြောလက်တို မတေလို သူ့ကိုပေးကမ်းပါ။
- ခွန်းပိုမုသား သူလှည့်ဖြား ကိုယ်ကားမှန်ကန်မှာ။
- မီးနှင့်ရေမှာ ထိုနှစ်ဖြာ များရာနိုင်သည်သာ။

http://www.dhammadownload.com


# သာသနာပြု အဓိဋ္ဌာန်

သာသနာပြုလုပ်ငန်းထဲ၌ ထမ်းဆောင်လိုကြပါကုန်သော သူတော်ကောင်း အစားစားတို့သည် အထက်၌ဖွင့်ဆိုခဲ့ပြီးသည့်အတိုင်း–

- သာသနာကိုလည်း သိမြင်ရချေပြီ။
- သာသနာပြုလုပ်ငန်းကိုလည်း နည်း ရချေပြီ။
- သာသနာပြုတို့၏ စိတ်နေစိတ်ထားကိုလည်း အတုယူကြရချေပြီ။

ထိုသို့ သိရှိကြပြီးသော် လက်တွင်းရောက်နေသော သာသနာအတွက် ငါသည်ကား ရှေးရှေးများက စိုက်ပျိုးခဲ့သည့် သရက်ပင်ကြီးမှ ဝင်းမှည့်လေပြီးသော သရက်သီးမှည့်ကြီးများကို ခူးဆွတ်၍ စားသုံးပြီးပြီ။ နောက်နောက်များ စားချေရအောင် အစေ့ကိုကား မျိုးအဖြစ် ပျိုးချခဲ့မည်ဟု စေတနာကိုသန့်စင်လျက် အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုပါလေ။

- လောကသားများသည် လောဘဖြင့်ရင်းလျက် ကြီးပွားတိုးတက်အောင် အားခဲနေကြရာ ငါတို့သည် လောဘမဖက် ကံ၊ ဉာဏ်၊ ဝီရိယ သုံးချက်ဖြင့် တိုးတက်အောင် ကြိုးစားပြမည်။
- လောကသားများသည် ဒေါသချင်းပြိုင်လျက် အနိုင်ယူနေကြရာ ငါတို့ သည် တစ်ဖက်သားကို အရှုံးပေးလျက် ငါတို့ဘက်အနိုင်ယူပြမည်။
- လောကသားများသည်ကား အမှားကိုကြည့်လျက် ကြီးပွားတိုးတက် အောင် ကြိုးစားနေကြရာ ငါတို့သည် အမှန်ကိုသိလျက်က ကြီးပွားတိုးတက်အောင် စွမ်းဆောင်ပြမည်။

http://www.dhammadownload.com


◆ လောကသားများသည်ကား သူတကာထိပ် လုတက်နေကြရာမှ သူတကာဖဝါးအောက် ရောက်နေကြလေရာ ငါတို့သည် သူများဖဝါးအောက် ထွင်ခြင်းဖြင့် သူတကာထိပ် တက်နိုင်အောင် သွားပြမည်။

◆ လောကသားများသည်ကား ကိုယ်ကျင့်ဖျက်လျက် ကြီးပွားတိုးတက်အောင် ကြိုးစားနေကြရာ ငါတို့သည် ကိုယ်ကျင့်မဖျက် ကောင်းမွန်သော အသက်မွေးမှုသက်သက်ဖြင့် ကြီးပွားတိုးတက်အောင် စွမ်းဆောင်ပြမည်။

◆ ဝါဒကွဲပြား သူတစ်ပါးများသည်ကား သူတစ်ပါးအမျိုးဖျက်လျက် ကိုယ့်အမျိုး တိုးတက်ကြီးပွားအောင် အားထုတ်နေကြရာ ငါတို့သည် သူတစ်ပါးတို့ အမျိုးမဖျက် ကိုယ့်အမျိုးသက်သက်ဖြင့် တိုးတက်ကြီးပွားအောင် စွမ်းဆောင်ပြမည်။

◆ ဝါဒကွဲပြား သူတစ်ပါးများသည်ကား သူ့ဘာသာဖျက်ဆီးလျက် ကိုယ့်ဘာသာ တိုးတက်ကြီးပွားအောင် လုံးပမ်းနေကြရာ ငါတို့သည် သူတစ်ပါး ဘာသာမဖျက် ကိုယ့်ဘာသာသက်သက်ဖြင့် သာသနာတည်အောင် စွမ်းဆောင်ပြသမည်။

ဤကား သာသနာပြုတို့၏ အဓိဋ္ဌာန်တည်း။

(ဓမ္မောဝါဒကထာ)

http://www.dhammadownload.com



# ဘုရားရှင် မြင်တွေ့လိုသော သာသနာ

သာသနာဟူသည် ဘုံဗိမာန်ကြီးတို့ ထီးထီးမားမားပေါ်ပေါက်လာခြင်းမျိုး မဟုတ်။

ရဟန်း ရှင် လူ မှီခိုသူတို့ ကြွက်ပုံမကျစည်ကားပေါများလာခြင်းမျိုးလည်း မဟုတ်ချေ။

ထို ဘုံဗိမာန် လူ ရှင် ပရိသတ်အခြံအရံတို့သည် သာသနာပြုရန်၏ ပြင်ဆင်မှု မျှသာဖြစ်ဘိ၏။ စစ်တိုက်ရန်ပြင်ဆင်နေသူ တပ်မမှူး၏ ရိက္ခာ၊ လက်နက်၊ လူသူတွက် ၍ ပြည့်စွက်စုဆောင်းသည့် အခြေခံ ပဏာမသဖွယ်မျှသာရှိချေသေး၏။

ထို ဘုံဗိမာန် လူ ရှင် ပရိသတ် စည်ကားမှုတို့သည် ပေါက်သစ်စ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း မျိုးတို့ကဲ့သို့ အနှစ်မပါ အကာသက်သက်မျှသာ ရှိချေသေး၏။

သို့ကြောင့် သာသနာတော် သန့်ပြန့်စင်ကြယ်ရန်ကိုသော်လည်းကောင်း၊ တည်တံ့ခိုင်မြဲရန်ကိုသော်လည်းကောင်း၊ ပြန့်ပွားရန်ကိုသော်လည်းကောင်း မည်သည့် အမျိုးအစားကိုမျှ တာဝန်ယူနိုင်လိမ့်မည် မဟုတ်ချေ။

စင်စစ် အတွင်းသိက္ခာမဲ့သော စည်ကားမှုမှန်သမျှ ရှုပ်ထွေးမှုဗွက်နှံ့တွင်း သို့သာ နောက်ဆုံးဦးခေါင်းဆိုက်ရသည်သာဖြစ်ချေတော့၏။ ပညာကင်းသော သဒ္ဓါအဖျင်း သို့သာ သက်စေ၏။

စင်စစ် ဘုရားရှင်ညွှန်ကြားတော်မူသော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာ သိက္ခာ ဟူသည့် အတွင်းသာသနာတော်တည်ခြင်းသည်သာ–

- သီလသိက္ခာ – မကောင်းမှုမှန်သမျှ ဘါတစ်ခုမျှ မပြုကျင့်ခြင်းဖြင့် သာသနာ့ သန့်ရှင်းရေးကို တာဝန်ခံနိုင်ချေ၏။
- သမာဓိသိက္ခာ – ကောင်းမှုမှန်သမျှ ဥသုံပြည့်ဝစေခြင်းဖြင့် သာသနာတော် တည်တံ့ရေးကို တာဝန်ခံနိုင်ချေ၏။
- ပညာသိက္ခာ – မိမိစိတ်ဓာတ် ဖြူစင်မြင့်မြတ်ခြင်းဖြင့် သာသနာတော် ပြန့်ပွား ရေးကို တာဝန်ခံနိုင်ချေ၏။

ဥယျဝမ်စာပေ

http://www.dhammadownload.com



ဤသို့သော မုချသာသနာ မည်ထိုက်စွာ၏။ ထို မုချသာသနာကို ပိုင်နိုင်စွာ ဆုပ်ကိုင်ထားနိုင်သူ၏ စည်းရုံးလှုံ့ဆော် ဟောဖော်ပြသ ဆိုဆုံးမစကားရပ်တို့သည်ကား မိမိကိုယ်ကို ဦးစွာချစ်ပြီးမှသာ သူတစ်ပါးတို့သို့ မျှတစွာချစ်လျက် သွန်သင်ရာ စကားဖြစ်ခြင်းကြောင့် သန့်ရှင်းခြင်းကိုလည်းကောင်း၊ တည်တံ့ခြင်းကိုလည်းကောင်း၊ ပြန့်ပွားခြင်းကိုလည်းကောင်း တာဝန်ယူနိုင်ပေ၏။

သာသနာပြုတို့၏ စိတ်နေသဘောထားကိုလည်း အကောင်းကြား၊ အဆိုးကြား တို့ထဲမှပင် ခုံညားထည်ဝါစွာ ဖော်ထုတ်ပြသနိုင်ချေ၏။

ထို သားတော်မျိုးကိုသာ ငါဘုရား၏ ရွှေရင်တော်နှစ် ရင်သွေးစစ် ဟူ၍ ချီးကျူးတော်မူချေ၏။

ထိုသာသနာမျိုးကိုသာ ငါလျှင်စိုက်ထား မျိုးစေ့ပွား ဟူ၍ ချီးကျူးတော်မူမည်ဖြစ်ချေ၏။ (ဓမ္မောဝါဒကထာ)

## မေတ္တာရပ်ခံချက်

ဤစည်းကမ်းချက်တို့ကို လေ့လာရာ၌ ဆိုထားသောအချက်ထဲသို့ ဉာဏ်ဝင်သွားအောင် စူးစိုက်၍လေ့လာပါလေ။

ဉာဏ်သွင်း၍ ရှင်းစွာမြင်လျှင် သင်၏ ကမ္မဋ္ဌာန်းအလုပ်၌ အထောက်အကူ ပေးပါလိမ့်မည်။

သင်၏ အခုရေး နောင်ရေးတို့ကိုလည်း ဤစည်းကမ်းက ပံ့ပိုးပေးပါလိမ့်မည်။

ဤစည်းကမ်းသည် သင့်အား ကာယ်ဆယ်၍ သင့်နောက်မှ ကိလေသာအား ဖယ်ထုတ်ပေးကြောင်း သဘောပေါက်လျှင် ရေးဆွဲရကျိုး နပ်ပါသည်။

- စည်းသည် ခွေးမတိုးရန်တည်း။
- ကမ်းသည် ရေမထွက်ရန်တည်း။

ဒေယျဓမ္မစာပေ

http://www.dhammadownload.com


# ယောဂီလမ်းညွှန်

## နိဒါနကထာ

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ နမတ္ထု နိယျာနိကဿ။
စရဏ သိက္ခ ကာမာယ၊ စေတနာ သမ္ဘာရကတာ။

ဝီရ– ကြီးမြတ်သော ဖွဲ့လုံ့လ ရှိတော်မူပေသော။
ဝီရ– လူတို့တွင် အရဲရင့်ဆုံး ဖြစ်တော်မူပေသော။
ဗုဒ္ဓ– မှန်သမျှ ဉာဏ်ကျအောင် သိပြီးသော မြတ်စွာဘုရား။
တေ– သင် ရှင်တော်မြတ်ဘုရားအား။

မေ–ကံဉာဏ်သေးနုပ် ဘာမဟုတ်သောအကျွန်ုပ်၏၊ နမော–ရှိခိုးမှုစေတနာသည်။ အတ္ထု– အားကိုးမှုအရာ၌ တည်ပါစေသတည်း။

နိယျာနိကဿ–သံသရာမှလွတ်ကြောင်း နည်းကောင်းလမ်းမှန်သာဖြစ်ပေသော။ မဂ်–ဖိုလ်–နိဗ္ဗာန် သုံးတန်သောတရားမြတ်သည်၊ မေ–တပည့်တော်၏ စေတနာသမ္ဘာရကတာ–ရင့်ကျက်စွာပြုထားပြီးသောစေတနာဖြင့်။ နမော–ရှိခိုးခြင်းသည်။ အတ္ထု–ဖြစ်ပါစေသတည်း။

သိက္ခကာမာယ–သီလ,သမာ,ပညာ မည်သား ကျင့်စရာသုံးပါးကို ကျင့်လို သိလို ရယူလိုပါသော။ စရဏ–အကျင့်မြတ်ကိုသာ သေချာစေ့ငု ကြည့်ရှုတတ်သော ရဟန်းမြတ်။

တေ–သင်နှင့်သင့်အကျင့်အား၊ မေ–ကံဉာဏ်နုပ်စုတ် အကျွန်ုပ်၏၊ စေတနာ–သမ္ဘာရကတာ–ရင့်ကျက်စွာပြုထားပြီးသောစေတနာဖြင့်၊ နမော–ဦးတိုက်ခြင်း

http://www.dhammadownload.com


သည်၊ အတွက်– ဖြစ်ပါစေသတည်း။

- ရေကိုလိုချင် ကန်သင်းတား
- လေကိုလိုချင် လုံကျင်းသား
- အခြေကိုလိုချင် ဝတ်သင်းထား

အခါတစ်ပါး သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက် မိထွေးတော် ဂေါတမီသည် နောက်ပါ မုဆိုးမ မင်းသမီးငါးရာတို့နှင့်အတူ နေပြည်တော်မှ မိမိတို့ဘာသာ ရဟန်းပြုထွက်ခွာခဲ့ကြပြီး ဘုရားရှင်ရှိရာ ကျောင်းတော်ပေါက်ရောက်လေမှ ဘုရားရှင်ခွင့်မပြုမည့်အရေး တွေးပူပြီးငိုနေကြရာ အာနန္ဒာက အကြောင်းမေးလျက် ဘုရားထံ ခွင့်ပြုရန်အကြောင်း တောင်းပန်ရာ–

"အာနန္ဒာ မိန်းမချည်းရှိနေသောအိမ် သူခိုးတက်တတ်၏။"

"ကန်သင်းဆည်ဘောင်သည် ရေမလာခင်က ကြိုတင်ပြုလုပ်သင့်၏" ဟူ၍ မိန့်တော်မူပြီး ဦးစွာ မိထွေးတော်အား ဂရုဓမ္မတရားကျင့်ဝတ်ရှစ်ပါးအား ဝန်ခံလျှင် ခွင့်ပြုစေဟု ခွင့်ရတော်မူလေ၏။ ဂရုခံတရားဟူသည် ရဟန်းယောကျ်ားအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း စသည်တည်း။

သာသနာတော်တစ်ခု ဖန်ဆင်းတည်ထောင်ရာ၌ ထက်ဝန်းကျင် ကြည်ညိုမှုကိုရယူစေနိုင်သည့် ကျင့်ဝတ်စည်းကမ်းများ မဖောက်ပြန်မီကပင် ကြိုတင်စည်းတားသောအားဖြင့် ပြဋ္ဌာန်းထားသင့်ပေ၏။ (လူ့ကျင့်ဝတ်၊ ရှင်ရဟန်း ကျင့်ဝတ်များ)

- ကျင့်ဝတ်သည် စရဏသီလ အရာတည်း။
- ကျင့်ဝတ်နှင့်ပြည့်စုံမှ ဝိဇ္ဇာသီလ ခိုင်လုံမည်။
- ဝိဇ္ဇာသီလ စင်ကြယ်မှ စိတ်ချမ်းသာမည်။
- စိတ်ချမ်းသာမှ စိတ်တည်ငြိမ်မှု ရနိုင်သည်။
- စိတ်တည်ငြိမ်ပါမှ အမှန်တရားမြင်သာမည်။
- တရားမှန်မြင်ပါမှ ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်မည်တည်း။

http://www.dhammadownload.com



## နမောတဿ ဗုဒ္ဓ ဝိရတ္ထု

**ဝိနယဿ ဂရုံကတွာ၊ သိက္ခာယ ပရိပူရတော။**
**ဥတ္တမော ဝရမာနေတိ၊ ဟာရေတိ လောကဥတ္တရော။**

ဝိနယဿ–ကျင့်ဝတ်စည်းကမ်းအား၊ ဂရုံကတွာ–အလေးမြတ်ထား ရှိသေညားလျက်၊ သိက္ခာယ–သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့် တည်းဟူသော သိက္ခာသုံးပါးကျင့်တရားကို၊ ပရိပူရတော–ကိုယ်အား စိတ်အား မနေမနားဖြင့်၊ အားပါးစိုက်ဖွင့် ဖြည့်ကျင့်လေသော သူတော်ကောင်းသည်၊ ဝရမာနေတိ–လူမြတ်၊ နတ်မြတ်၊ ဗြဟ္မာမြတ်တို့၏ မြတ်နိုးမှုအားလုံးတို့နှင့်တကွ၊ သောလောကဥတ္တရော– လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်ဖြာသော၊ ဥတ္တမော– မြတ်သောဆုကို ဆောင်စေနိုင်၏တကား။

## သာသနာဘယ်မှာတည်

သာသနာတော်၏ ရေသောက်မြစ်ကား အဘယ်ပါနည်း။

သာသနာတော်၏ ကြီးပွားကြောင်းကား အဘယ်ပါနည်း။

ဤသို့များ အမေးစကားပေါ်ရှိလေညားသော် ဝိနည်း ခေါ် ကျင့်ဝတ် စည်းကမ်းပင်တည်းဟု ဖြေဆိုအပ်ချေသည်။

ထို့ကြောင့်

- **ဝိနယေ ဌိတေ သာသနံ ဌိတံ။**
- **ဝိနယော နာမ သာသနဿ အာယု** ဟူ၍ ရှေးဆရာမြတ်တို့ မိန့်မှာခဲ့လေပြီ။

http://www.dhammadownload.com


တိုင်းပြည်ရှိလျှင် အုပ်ချုပ်ရေးဥပဒေရှိရသကဲ့သို့ သာသနာတစ်ခု တည်မြဲလျှင်လည်း အုပ်ချုပ်ရေးဥပဒေ ခေါ် ကျင့်ဝတ်စည်းကမ်း ဝိနည်းများ ပြဋ္ဌာန်းရမည်သာတည်း။

ထိုဝိနည်း ခေါ် စည်းကမ်းထားရှိခြင်းဖြင့် မည်သည့်အကျိုးတရားများ ရရှိစေပါသနည်း။

၁။ သံဃာ၏ ကောင်းပါပြီဟု ဝန်ခံစေခြင်းငှာ။

၂။ သံဃာ၏ ချမ်းသာစွာ နေထိုင်ရစေခြင်းငှာ။

၃။ သီလမဲ့သူတို့အား နှိပ်ကွပ်နိုင်စေခြင်းငှာ။

၄။ သီလရှိသူတို့အား ချီးမြှောက်စေခြင်းငှာ။

၅။ မကြည်ညိုသောသူတို့အား ကြည်ညိုစေခြင်းငှာ။

၆။ ကြည်ညိုပြီးသူတို့အား အကြည်ညို တိုးစေခြင်းငှာ။

၇။ ပစ္စုပ္ပန်ဘေးရန်များကို ကာကွယ်နိုင်စေခြင်းငှာ။

၈။ တမလွန်ဘေးရန်များကို ကာကွယ်နိုင်စေခြင်းငှာ။

၉။ သာသနာ့သက်တမ်း တာရှည်စွာ တည်စေခြင်းငှာ။

၁၀။ ဝိနည်းတရား ထွန်းကားစေခြင်းငှာ။

အထက်ပါ အကျိုးဆယ်မျိုးတို့ကို ရရှိစေနိုင်ပေသည်ဟု ဘုရားရှင် ကိုယ်တော်တိုင် ထုတ်ဖော်ချီးမွမ်းခဲ့လေပြီ။ သို့ကြောင့် သာသနာတော်၏ ရေသောက်မြစ်သည် ဝိနည်း ခေါ် စည်းကမ်းဟူ၍လည်းကောင်း၊ ထိုဝိနည်းတော် စည်းကမ်းချက်များသည် သာသနာတော်၏အသက် ဟူ၍လည်းကောင်း၊ ပညာရှိသူတော်ကောင်းတို့က ထုတ်ဖော် ချီးကျူးခဲ့ကြခြင်းပေတည်း။

- လောက၌ စည်းကမ်းမရှိသူတစ်ယောက်၊
- စည်းကမ်းမရှိသော အိမ်ထောင်တစ်စု၊
- စည်းကမ်းမရှိသော လူမျိုးတစ်မျိုး၊
- စည်းကမ်းမဲ့သော တိုင်းပြည်တစ်ပြည်သည်—

ဘယ်သောအခါမှ ကြီးပွားတိုးတက်လိမ့်မည်ကား မဟုတ်ချေ။

http://www.dhammadownload.com



အကယ်၍ ပုဗ္ဗေစ ကတပုညတာစက်မိ၍ ရှေးဘုန်းရှေးကံကြောင့် ကြီးပွား တိုးတက်သော်တောင်မှ-

- ရေတက်ရာပါသော ငါးဇင်ရိုင်းကဲ့သို့
- လေလိုင်းရာပါသော သစ်ရွက်ခြောက်မျိုးကဲ့သို့
- ကောက်ရိုးလောင်သောမီးကဲ့သို့ အနှစ်မဲ့သဖြင့် ကြီးပွားတိုးတက်

ခြင်းနှင့် ဆုတ်ယုတ်ပျက်ပြားခြင်းတို့သည် သွားအတူ လာအတူကဲ့သို့ ရှေ့ဆင့်နောက်ဆင့်သာ ရှိချေမည်

- ကြီးပွားတိုးတက်နှုန်းကို တာရှည်စေလိုသော်
- ကြီးပွားတိုးတက်ရာမှ အကျမနာစေလိုသော်

စည်းကမ်းခေါ် ထိမ်းကြိုးရှိမှသာ ဖြစ်နိုင်ပေသည်။

ရှေးဘုန်းရှေးကံကြောင့် တက်သောအရှိန်အား ပစ္စုပ္ပန်ကံ၏ အထောက်အပံ့ကောင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်စေရန် စည်းကမ်း တည်းဟူသော စနစ်ကောင်း၊ အမူအကျင့်ကောင်း၊ ကံကောင်းထောက်မ ပါမှသာ ရေရှည်ခိုင်မြဲနိုင်ရာသတည်း။

- ကိုယ့်လယ် သူတစ်ပါးနွား မစားစေလိုချင် စည်းခတ်ထား၊
- ကိုယ့်နွားလည်း သူတစ်ပါးလယ် မသွားစေလိုလျှင် ခြံခတ်ထား၊
  ဤသို့သာ စည်းကမ်းစနစ် အထားအသို ခိုင်ခန့်ကောင်းမွန်လျှင်-
- ဆရာနှင့် တပည့်သည်လည်းကောင်း သေသပ်ပိပြားမှုရှိ၍၊
- မိဘနှင့် သားသမီးသည်လည်းကောင်း ရိုသေလေးစားမှုရှိ၍၊
- အချင်းချင်းသည်လည်းကောင်း ချစ်ကြည်လေးစားမှုရှိ၍၊

ဝတ္တရားများ ကျေပွန်သဖြင့် စရဏသီလများ ထွန်းကားလာရာ၏။ စရဏသီလ အထောက်အပံ့အားကောင်းလာသောအခါတွင်ကား ဝိဇ္ဇာသီလ သည်လည်း စင်ကြယ်ခြင်းဖြင့် ပြည့်စုံစေရာ။

http://www.dhammadownload.com


စည်းကမ်းအား လေးစားလိုက်နာ၍ ကျင့်ဝတ်ပြည့်စုံခြင်း ဟူသော စာရိတ္တသီလအားကြောင့် မိမိနှင့်ဆက်ဆံရသော မိဘဆရာသမားမှအစ အားလုံး စိတ်ချမ်းသာစေနိုင်၏။

ဝိရတိသီလ စင်ကြယ်မြင့်မြတ်လာသောအခါတွင်ကား မိမိလည်း စိတ်ချမ်းသာစေနိုင်၏။ အားလုံး၏ချမ်းသာမှုကလည်း မိမိအား စိတ်ချမ်းသာစေ၏။

- လေထဲမှ ဖြတ်သန်းစီးဆင်းလာသောရေသည် အေးမြ၏။
- ရေထဲမှ ဖြတ်သန်းတိုက်ခိုက်လာသောလေသည်လည်း အေးမြ၏။

ထို့အတူ မိမိကြောင့် သူတစ်ပါး စိတ်ချမ်းသာ၏။ သူတစ်ပါး၏ စိတ်ချမ်းသာမှုကြောင့်လည်း မိမိပါ စိတ်ချမ်းသာမှုရစေ၏။

- ထိုအခါ စိတ်ချမ်းသာမှုသာ ရနိုင်သော စိတ်တည်ငြိမ်မှု သမာဓိသည် ဖြစ်ထွန်း၍လာ၏။ **အေးမှတည်မည်။**
- မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခန့်သော သမာဓိတရား ထွန်းကားလာသော် ယထာဘူတဉာဏ်ခေါ်သော ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိသော ဝိပဿနာဉာဏ်သည် ပွင့်ပေါ်၍လာမည်သာတည်း။ **တည်မှဉာဏ်မှီမည်။**

ထို့ကြောင့် စာရိတ္တသီလတည်းဟူသော အခြေခံကျင့်ဝတ်များ စနစ်တကျ ပြည့်ကျင့်နိုင်စေခြင်းငှာ အောက်ပါအချက်တို့ကို တိကျစွာသတ်မှတ်လျက် ပြဋ္ဌာန်းလိုက်သည်။

- ရိုသေလေးစားစွာ လိုက်နာခြင်းဖြင့် မိမိ၏ဂုဏ်ကို မြှင့်တင်နိုင်ရမည်။
- ရိုသေလေးစားစွာ ကျင့်သုံးခြင်းဖြင့် မိမိ၏အဆင့်အတန်းကို အထက်တန်းစားအထိ တက်ရောက်နိုင်ရမည်။

http://www.dhammadownload.com



# ခေတ္တလာရောက်အားထုတ်လိုကြသော ယောဂီများအတွက်

၁။ တရားစခန်း ဝင်ရောက်လိုသော ယောဂီတိုင်း ကျန်းမာရေးအထူး ကောင်းမွန်ရပါမည်။

၂။ အနည်းဆုံး (ရှစ်ပါးသီလ) ကျင့်သုံးဆောက်တည်နိုင်ရပါမည်။ ရဟန်းယောဂီ များ (ရှုတင်တစ်ဆယ့်သုံးပါး) တစ်ပါးပါးဆောင်နိုင်ရပါမည်။

၃။ အနည်းဆုံး (နှစ်လ)တင်းတင်း အားထုတ်နိုင်ရပါမည်။

၄။ ကမ္မဋ္ဌာနစရိယ ကမ္မဋ္ဌာန်းနည်းပေးလမ်းပြဆရာသမား၏ ညွှန်ကြားချက်ကို ရိုသေစွာ လိုက်နာကျင့်သုံးနိုင်ရပါမည်။

၅။ အလုပ်ခွင်စည်းကမ်းချက်များကိုလည်း တသွေမတိမ်း ထိမ်းသိမ်းလျက် လိုက်နာကျင့်သုံးနိုင်ရပါမည်။

၆။ တရားတော်အား အဟုတ်တကယ် သိလို မြင်လို ရလိုသော ဆန္ဒအားကြီးသောသူကိုသာ လက်ခံပါမည်။

၇။ ထိုဆန္ဒဖြင့် အားကြီးသည့်အလျောက် ကိုယ်အား၊ စိတ်အားဖြင့် မနားမနေ တကယ်ကြိုးစားနိုင်မှသာလက်ခံပါမည်။

၈။ အထုံဝါသနာပါရုံသာ လေ့လာရုံမျှသာအားထုတ်လိုသောသူတို့အား လုံးဝစဉ်းစားလိမ့်မည်မဟုတ်ပါ။

၉။ ဘုရားစကား၊ ဆရာသမားစကား တစ်ထစ်ချနာယူသောအားဖြင့် အရာရာကို သည်းခံ၊ ကိုယ့်မာန်ကိုယ် နှိမ့်ချထားနိုင်ရပါမည်။

၁၀။ သ–ကိစ္စဖြစ်သော တရားအလုပ်မှတစ်ပါး အခြားအလုပ်ပိုများ မည်သည့် အလုပ်ကိုမျှ ခွင့်ပြုမည်မဟုတ်ပါ။

ဤကား ခေတ္တနေ ယောဂီများအတွက်တည်း။

http://www.dhammadownload.com



## ရှင်းလင်းချက်များ

၁။ စိတ်ဓာတ်၊ ရုပ်ဓာတ် နှစ်ပါးတို့၏ ကြံ့ခိုင်သောအင်အားသည် ကျန်းမာရေး အပေါ် ၌သာ တည်ချေသည်။

–ဖျားနာနေစဉ်၌ စိတ်နှလုံးညှိုးနွမ်းမှု။

–ကျန်းမာနေစဉ်၌ စိတ်နှလုံးလန်းဆန်းမှု။

အထက်ပါနှစ်ပါးဖြင့် ချိန်ထိုးကြည့်က သိနိုင်သည်။ တရားအားထုတ်မှု ဟူသည် ကိုယ်ရောစိတ်ပါ အအား အနားမထားဘဲ ဖိ၍ တွန်း၍ အားထုတ်ရသော အလုပ်မျိုးသာဖြစ်ချေ၏။

ကိုယ်ကား သွားလိုသွား၊ စားလိုစား၊ ရပ်လိုရပ်၊ ထိုင်လိုထိုင်၊ လျောင်းလိုလျောင်း ပြောင်းပါစေဦး စိတ်ကား အမြဲအလုပ်လုပ်နေမှသာ ရနိုင်၏။

ထိုသို့လုပ်နိုင်ရန်မှာ ကိုယ်ခန္ဓာတောင့်တင်းခိုင်မာပါမှ စိတ်ခန္ဓာလည်း တောင့်တင်း ခိုင်မာစေပြီး၊ ကောင်းဆိုးနှစ်တန် အလုပ်ဒါဏ်ကို ခံနိုင်ရာသည်။

၂။ သိက္ခာအစ သီလကသာဖြစ်သည်။

တရားအားထုတ်မှုဟူသည် အာရုံတည်းဟူသော သူတစ်ပါးတို့ အပေါ် ၌သာ ကျရောက်နေတတ်ပြီး၊ ကိလေသာတို့နှင့်သာ အမြဲငြိစွန်းလျက်ရှိသော မိမိစိတ်ကို၊ မိမိကိုယ်၌အမြဲကပ်နေစေပြီး ကိလေသာအငြိအစွန်းမှခွာချုပ်ရန် အားထုတ်ခြင်းများ ဖြစ်သဖြင့်၊

- အာရုံတို့မှ ဆိတ်သုဉ်းစေတတ်သော၊
- ကိလေသာတို့မှ ခေါင်းပါးစေတတ်သော၊
- မြတ်သောအကျင့်၏ အဦးအစဖြစ်သော၊

ရှစ်ပါးသော ဥပုသ်တော်သီလမှစ၍ ကိုးပါး၊ ဆယ်ပါး စသည်မိမိ တတ်စွမ်းသမျှ တည်ဆောက်လျက် ရန်လုပ်လာသော ကိလေသာအား တွန်းထုတ်တော်လှန်နိုင်ရန်အတွက် ခံတပ်ကတုတ် ပြုလုပ်ထားသင့်ရာ၏။

http://www.dhammadownload.com


◆ သမရိုးကျ မိရိုးဖလာသီလမျိုးမှ ကိုယ်ပိုင်သီလသို့
◆ သူပေးလူပေး သီလမျိုးမှ ကိုယ်ပိုင်သီလသို့

ကူးပြောင်းနိုင်စေရန် ကမ္မဋ္ဌာန်းအလုပ်တည်းဟူသော သရဏဂုံ၏ ပွားထုံမှုဖြင့် အဓိသီလသိက္ခာသို့ တက်နိုင်ရာသည်။

၃။ ဘုရားရှင်၏ ရွှေလက်ထက်တော်ကာလတုန်းက–

–သက်တမ်းကား တစ်ရာတမ်း၊

–အဟာရ၏သြဇာသတ္တိကား ထက်မြက်တုန်း၊

ဤနှစ်ချက်ကြောင့် စိတ်ဓာတ်၊ ရုပ်ဓာတ် ခန့်ကျမ်းကြလေသဖြင့် နေယျ(ကျင့်မှုရသော)ပုဂ္ဂိုလ်တို့သည်

◆ နံနက်နည်းခံ ညနေတွင်ပြီးစီး။
◆ ညနေနည်းခံ နံနက်တွင်ပြီးစီး။
◆ အချို့ကား ခုနစ်ရက်အတွင်းပြီးစီး။

ငါတို့ခေတ်နှောင်းကာလတွင်ကား သက်တမ်းကလည်းတိုတို အဟာရကိုဆောင်သော မြေဆီမြေလွှာ သြဇာသတ္တိကလည်း ညှိုးဖျင်းခြင်းကြောင့် စိတ်ဓာတ်၊ ရုပ်ဓာတ် နှစ်ပါးတို့ မခန့်ကျမ်းကြချေ။

အာရုံကောင်းကိုတွေ့လျှင်လည်း မိမိတ္တခြေကို မထိန်းနိုင်၊အာရုံဆိုးကို တွေ့လျှင်လည်း သာ၍ပင်ဆိုး ဖြစ်သဖြင့် ကိလေသာအပေအပွတို့သည် ဗလဗွေ၊ ဗလပွဖြစ်နေလေ၍ အနည်းဆုံး နှစ်လမျှအားထုတ်ပါမှ တန်ကာသာကျချေ၏။

ထိုနှစ်လသည်လည်း–

◆ ရက်ဖြင့်ကုန်လွန်သော နှစ်လသက်တမ်း မဖြစ်စေရာ။
◆ နာရီဖြင့်ကုန်လွန်သော နှစ်လသက်တမ်းလည်း မဖြစ်သင့်ရာ။
◆ မိနစ်ဖြင့်ကုန်လွန်သော နှစ်လသက်တမ်းလည်း မဖြစ်သင့်ရာ။
◆ စက္ကန့်ဖြင့်ကုန်လွန်သော နှစ်လသက်တမ်းသာ ဖြစ်သင့်ရာ၏။

ထိုစက္ကန့်မလပ် အားထုတ်ရာ၌လည်း–

http://www.dhammadownload.com


ရုပ်ကြီးကားထိုင်လျက် စိတ်ကားပျံသည်ပြေးလွှားဆော့ကစားနေသော်။

ရုပ်ကြီးကားစကြံနံသွားလျက် စိတ်ကား ကိလေသာပွား မျောက်မ ထား ချေသော်။

ရုပ်ကြီးကားတရားစခန်း၌ထားလျက် စိတ်ကား အိမ်ပြန်နေချေသော်။ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေသဖြင့် ပိုးသာကုန်၍ မောင်ပုံ စောင်းမတတ် ဖြစ်တတ်သည်။

- တရားအလုပ်ဟူသည် စိတ်အလုပ် ဉာဏ်အလုပ်၊
- စိတ်ကြောင့်ဖြစ်သော ကိလေသာ စိတ်ဖြင့်ပြန်၍သတ်သောအလုပ်၊
- အနုသယဘူမိမှ ပညာဘူမိသို့ ပြောင်းပေးသောအလုပ်ဖြစ်၏။

၄။ တပ်သားကောင်းတို့မည်သည် တပ်မှူးအမိန့် နာခံခြင်းသည် အဓိက။ စစ်အောင်နိုင်၊ မအောင်နိုင်ရေးသည် သာမည။

အကယ်တိ တပ်မှူးအမိန့်နာခံရင်းမှ တိုက်ပွဲ၌ကျသော် သီဟာဘွဲ့ ရ၏။

တပ်မှူး၏အမိန့် မနာခံဘဲလျက် တိုက်ပွဲအောင်သော် အာဏာဖီဆန်မှု ခံရ၏။

ကမ္မဋ္ဌာန်းဆရာမည်သည်–

ဓမ္မကထိက၌ရှိအပ်သည့် အရည်အချင်းရှစ်ပါးနှင့် ပြည့်စုံပြီးသည့်အပြင် မိမိထံ နည်းနာခံသောတပည့်၏ စရိုက်ကိုလည်း လေ့လာရ၏။

ထိုသို့ အကဲခတ်လေ့လာပြီးမှသာ–

စရိုက်နှင့်လိုက်သော ကမ္မဋ္ဌာန်းနည်းကိုလည်း ပေးသနား၏။ မသွားမလာတတ်သေးသော ကလေးငယ်တစ်ဦးအားထိန်းကျောင်းပေးနေ သကဲ့သို့ ယောဂီ၏ နုနယ်၍ မကျက်စားတတ်သေးသော ဉာဏ်ကိုလည်း အနားမှ ကပ်လျက် စောင့်ရှောက်ပေး၏။ ဟောသောတရား၊ ပြသောတရားမှန်သမျှ

http://www.dhammadownload.com



တပည့်၏နောက်နားကပ်၍ ဟောပြောပြသနေခြင်းသာတည်း။

တပည့်၏ဉာဏ်နှုံးသည် ရှေ့မတက်တတ်သော် တွန်းအားပေးသော တရားကို ရွေးချယ်ဟော၏။ ရပ်လျက်တွန့်ဆုတ်နေသော် ဉာဏ်ပွင့်စေတတ်သော လမ်းပြတရားကိုဟော၏။

ဟောပြောပြသသော တရားမှန်သမျှ တွန်းတရားနှင့် ဆွဲတရားများသာဖြစ်၏။ သဒ္ဓါမှသမာဓိတိုင်အောင်သော မိုလ်လေးပါးသို့ မတက်ခဲ့သော်- နောက်မှတွန်းတရားဖြင့် ရှေ့သို့တက်စေတတ်စေရန် ဆိုင်ရာကိုဟော၏။ ပညာမိုလ်မတက်သော် ရှေ့မှလမ်းပြတရားဖြင့် ဆွဲဆောင်၍ဟော၏။

ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာ၏စကား မြေဝယ်မကျ (သို့မဟုတ်) တစ်လုံးတစ်ပါဒမျှမကျန် နာခံမှတ်သားလျက်ကျင့်ကြံသော် ရာခိုင်နှုန်းပြည့် တရားရဖို့ သေချာရာသည်။

၅။ အလုပ်ခွင်စည်းကမ်းသည် ကမ္မဋ္ဌာန်းအလုပ်လုပ်ရာ၌ ဥဇုပဋိပ္ပန္န ဂုဏ်နှင့်လျော်ညီစွာ တဖြောင့်တည်း၊တတန်းတည်းအားဖြင့် ကိုယ်ရော စိတ်ပါ ရှိစေရန် ပံ့ပိုးခြင်းသာတည်း။

ကိုယ်သည်လည်း-

ဤအချိန်ကား- ထိုင်ချိန်တည်း။

ဤအချိန်ကား- စင်္ကြံကမ္မဋ္ဌာန်းချိန်တည်း။

ဤအချိန်ကား- အထွေထွေအမှုအရာပိုင်းတည်း။

ဤသို့လျှင် ခွဲဝေလျက် ကျိုးစားချေသော် ကြိုရိယာပုထ် မျှတစေ၏။ ကြိုကိယာပထသပ္ပါယနှင့် လျော်ညီ၏။

စက်တစ်ခု၌ ကရိယာသုံးစားတို့ဖြင့် ကြိုး၊ လတ်၊ သေး ထား တီထွင် လျက် ချိတ်ဆက်တပ်ဆင်ရာ၏။

ဆီ၊ ရေ၊ လေ၊ ဝိုင် ဟူသော ဆီထည့်ခြင်း၊ ရေဖြည့်ခြင်း၊ အင်ဂျင်ဝိုင်

http://www.dhammadownload.com



လောင်းထားခြင်း၊ လေဝင်လေထွက်မှန်စေခြင်း လေးမျိုးလည်းရှိစေရာ၏။

ထိုသို့ပြည့်စုံ၍ စက်နှိုးသောအခါ စက်သည် လည်ပတ်နိုင်၏။ ချိတ်ဆက်မမိ ဆီမထိသော် မလည်ပတ်နိုင်ပြီ။

ချိတ်ဆက်မိ၍ စက်လည်ပတ်သော် စက်သံလည်းအဆက်မပြတ် အလိုလိုပင် ပါချေပြီ။ လည်ပတ်မှုနှင့်အသံသည် တထပ်တည်းကျပြီတည်း။

ဤ၌လည်း ကိုယ့်အလုပ် အချိတ်အဆက် အချိန်ပိုင်းနှင့် သပ္ပါယမျှတမှု မှီဝဲခြင်းရှိ၍ ကိုယ်ကျန်းမာလျှင် စိတ်လည်းချမ်းသာစေပြီး၊ ကမ္မဋ္ဌာန်းအလုပ်ခွင်ထဲ၌သာ အဆက်မပြတ်ဝင်စားလျက်ကိုယ့်အကြောင်းချည်း ကြည့် ကိုယ့်အကြောင်းချည်းသိနိုင်ရာတည်း။

ထို့ကြောင့် အလုပ်ခွင်စည်းကမ်းသည် ပံ့ပိုးမှုတစ်ခု ဖြစ်ရာသည်။

၆။ တရားတော်၏အကြောင်း ကောင်းမှန်းသိမှ လိုချင်သည်၊ လိုချင်မှမြတ်နိုး၊ မြတ်နိုးမှ ရဖို့ကြိုးစားမည်။

ကိုယ့်မကောင်းကို မကောင်းမှန်းသိမှ ကွာချင်သည်။ ကွာချင်မှခွါ၊ ခွါတော့ဖြဲ၊ ဖြဲမှကွဲလေသည်။

အထက်ပါနှစ်ချက် တစ်ချက်ချက်နှင့် ပြည့်စုံသူသည်သာလျှင် အထက်တန်းစားတရားထူးကို ဆွတ်ခူးနိုင်သည်။

သူတော်ကောင်းမျိုးသာလျှင် အစာဝတ်သောသူ အစာမရွေး ခေါင်းမဖေါ်တမ်း လွေးသကဲ့သို့ ကမ္မဋ္ဌာန်းအလုပ်၌ အလေးပေးတတ်သည်။

ထိုသူတော်ကောင်းမျိုးသည်သာလျှင်–

- မိမိဆရာသမားနှင့်တကွ ဘုရား၊ ရဟန္တာကြီးတို့၏ ကျေးဇူးကိုဆပ်ခြင်း၊
- မိမိအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့သော စေတနာရှင်တို့၏ ကျေးဇူးကို တုန့်ဆပ်ခြင်း၊
- မိမိ၏ လူ့ဘဝအခွင့်အရေးကို အပြည့်ဆောင်ယူခြင်း၊

အထက်ပါသုံးချက်တို့ကို ဖြည့်ဆည်းနိုင်ရာသည်။

http://www.dhammadownload.com


၇။ တစ်ကယ်လိုချင်သော်လည်း ထိပေါက်သလို၊ ကောက်ရသလို ခရီးသွားဟန်လွှဲ ပေါ့ပေါ့တန်တန်ရယူလိုသော သူတော်ဖျင်းများအဖို့ နှစ်ချို့ ဖြစ်တတ်သည်။

ရေအောင် မိုးအောင်၍ အဆံပြည့်သောမျိုးသည် သူ့မြေနှင့်သူ့မျိုး၊ သူ့မိုးနှင့်သူ့ရေ တည့်နေတုန်း မြေသို့ချမစိုက်ဘဲ ဗူးထဲ၊ ပုလင်းထဲထားမိသော် နှစ်ချို့ ဖြစ်တတ်သကဲ့သို့-

စေတနာဆန္ဒ အင်အားကြီးမားသော်လည်း ထိရောက်စွာ အနာခံ လျှက် မညှာမတာ ပြင်းထန်စွာ ကိုယ်မပါချေက မရနိုင်ပြီ။ စိတ်နောက် ကိုယ်ပါမှ လိုရာ ပြည့်ဝနိုင်ရာသည်။

၈။ ထုံချင်သူ ထုံတတ်၏။ ထုံလျှင်ထိုင်းမည်။

လေ့လာခြင်းသည် အရင်းတဝက်ရှုံးတတ်သည်။

ဘုရားရှင်နှင့် သူတော်ကောင်းကြီးများ၏ အရိပ်၌ခိုလျက် ဆုံးမစကား များကို နာကြားပြီး ဗုဒ္ဓဘာသာအမည်ခံထားကြသော လူမျိုးများဖြစ်ပါလျက် ဘုရားရှင်နှင့် အရိယာသူတော်ကောင်းကြီးတို့ သုံးဆောင်ခံစားနေသော ဓမ္မရသ ဝိမုတ္တိရသအား မခံစားရခြင်းသည် ထုံရုံသာထုံထားခြင်းကြောင့် ထုံနေသော လူများပေတည်း။ ထုံ၍ထိုင်းနေကြခြင်းတည်း။

ဘုရားသားတော် ရဟန်းတော်များဟု အမည်ခံထားပါလျက် ငါတို့သည် ထိုဓမ္မရသ၊ ဝိမုတ္တိရသ မခံစံရခြင်းသည်လည်း အထုံသမားများ ဖြစ်ခြင်းကြောင့် ထုံသားကျနေခြင်းပင်တည်း။

လေ့လာရခြင်းဟူသည် သဒ္ဓါတဝက်သာရှိသေးသောကြောင့် သာတည်း။ ဘုရားတရားတော်ကား အာမခံရဲတင်းလှချေ၏။ အာမခံရဲတင်း ခြင်းသည် ကိုယ်တွေ့များခြင်းကြောင့်တည်း။

ရာစုမျှသော နှစ်ကမှ ပေါ်ပေါက်လာသော ကိတ်မုန့်ကို တရုတ်ဆိုင်

http://www.dhammadownload.com


မှန်လုံအိမ်ထဲပြသထားရာ ယုံကြည်စိတ်ချသဖြင့် မည်သူမျှမြည်းခြင်း၊ စမ်းခြင်း မရှိပြီ။ ထည့်သိုပေးသမျှ မငြင်းဘဲယူလျက် သူတောင်းသမျှတန်ဖိုး မငြင်းဘဲ ပေး၍ ဝယ်နိုင်သေးလျက်၊

ရာစုပေါင်းများစွာက လူသာမက နတ်ဗြဟ္မာတို့ပါ စိတ်ချလက်ချ ယုံကြည်လက်ခံပြီး သုံးဆောင်လာခဲ့သော ဤတရားတော်အား ယခုမှ လေ့လာ နေခြင်းဖြင့် အချည်းနှီးမဖြစ်သင့်ရာပြီ။

သဒ္ဒါရှိလျက် မပြည့်လေ၍ ထုံရုံ၊ လေ့လာရုံသမားတို့သည် ကောင်းသော်လည်း ညံ့နေသည့်အတွက် သူတော်ညံ့တို့သာဖြစ်ရာသည်။

ညံ့လျှင် ဖျင်းတတ်သဖြင့် ထက်သူများနှင့် မရောနှောသင့်ရာပြီ။

၉။ မာန်ဝင်နေလျှင် အမှန်မမြင်။

မာန်စင်မှ အမှန်မြင်သည်။

မာနသည် လယ်ကတွတ်ပေါက် ခဲဆို့ထားသည်နှင့်တူချေ၏။

မာနသည် ဗူး၊ ပုလင်း၊ အပေါက်ကျဉ်းထဲ ရေသွင်းရသည်နှင့်တူ၏။

မိုးအားကြောင့် ရေလမ်းအတိုင်း လယ်ကွင်းဆီသို့ ပြေးဝင်လာသော ရေစီးကြောင်းအား ရေထုတ်၊ရေသွင်းပြုလုပ်ရာ ကတွတ်ပေါက်မှ ခဲလုံးအပြည့် ချ၍ထားသော် ဝင်စရာရေ အပြည့်မဝင်သာချေ။

အပေါက်ကျဉ်းမြောင်းသေးငယ်သော ပုလင်းထဲ ရေသွင်းရာ၌လည်း အတွင်းမှ လေခံနေသောကြောင့် အပြည့်မဝင်သာချေ။

ထို့အတူ မာနသည်လည်း သူတော်ကောင်းအစားစားတို့ မေတ္တာ မိုးသည်း စွေဖြိုးပြီး သွင်းပေးနေသော ဉာဏ်ရည်သည် မာန်ခံနေပါက ခန္ဓာထဲသို့ မဝင်သာချေ။ အပြင်၌သာ ရစ်ဝဲလျက် ပျောက်ပျက်လေ၏။

မာနသည် ပစ္စုပ္ပန်၌ စီးပွားနှင့်ပညာကို လက်လှန်တတ်၏။

သံသရာ၌ အမျိုးယုတ်ညံ့ရာဘဝသို့ တွန်းပို့တတ်၏။

ဘုရား၊ တရား နှင့် အရိယာတို့ အပေါ်၌ တကယ်အဟုတ်အဟတ်

http://www.dhammadownload.com


ယုံကြည်သော် မိမိသည် သောဝစ္စသဂုဏ်နှင့်လျော်ညီစွာ-

ခြေသုတ်ပုဆိုး မြွေအစွယ်ကျိုးကဲ့သို့၊

ဆီသည်မ၏ လက်သုတ်ဖတ်ကဲ့သို့၊

နူးညံ့ပျော့ပြောင်းစေပြီး ဆွဲသလောက်ပါ ထားရာ၌အသင့် တွန်းပင့်က အလိုက်သင့် ဖြစ်စေရာ၏။

အကယ်၍ မာန်ခံနေသဖြင့် စိတ်ဓာတ်သည် မာဆတ်ဆတ် ပေကပ်ကပ် ဖြစ်နေချေသော် ဆွဲရာမယှဉ် နှင်ရာမသွား ဖြစ်တတ်ခြင်းကြောင့် ရတာမလို လိုတာမရ ဖြစ်လေရာသည်။

၁၀။ အချိန်အခါ၏တန်ဖိုး၊

ဘဝ၏တန်ဖိုး၊

ဤနှစ်မျိုးကိုသိသောသူသည် ကိုယ်ရရှိထိုက်သော အခွင့်အရေးများကို လက်မလွှတ်သင့်စေရာ။

ဘုရားပွင့်နေသောကာလသည် အချိန်ကောင်း။

လူ့ဘဝရောက်နေခြင်းသည်လည်း ဘဝကောင်း။

ဤနှစ်မျိုးသည် ကမ္ဘာတိုင်း၌ မရစကောင်းသော အခွင့်ထူးကြီးတည်း။

ကမ္ဘာတည်တိုင်းလည်း ဘုရားမပွင့်။

ဘဝရှိတိုင်းလည်း လူချည်း မဖြစ်။

ကမ္ဘာ၌လည်း သုညကမ္ဘာများလည်း အနန္တပင်။

ဘဝ၌လည်း အပါယ်ခံဘဝသည် အနန္တပင်တည်း။

ထို့ကြောင့် ဘုရားပွင့်ချိန်နှင့် လူဖြစ်ချိန်သည်လည်း ချိန်ကိုက်ကျအောင် ခက်ခဲလှဘိတောင်း။

ယခုကဲ့သို့ လူနှင့်သာသနာ ကြုံသောအခါ၌ ကိုယ်ရကိုယ်ယူပြီး မည်သူအားမှ ပေးစရာလည်းမလို ပေးလို့လည်းမရသော၊ ကိုယ့်နောက်သို့သာ

http://www.dhammadownload.com


အမြဲပါတတ်သော၊ ရပြီးက ကျရိုးထုံးစံမရှိသော တရားကိုသာ စောက်ချ မဲတင်း ရာ၏။ အခြားသော ကောင်းမျိုး၊ မကောင်းမျိုးတို့ကား-

ဘယ်ဘဝရောက်ရောက် ဘယ်ဘာသာထဲဝင်ဝင် ရလေ၏။

ကာမချမ်းသာ ဈာန်ချမ်းသာတို့သည် ဘဝတိုင်း၊ ဘာသာတိုင်း ပြုလုပ်၍ရပြီး ဘဝတိုင်း၊ ဘာသာတိုင်း ခံစားမြဲအရာတို့သာတည်း။ ခံစားပြီးကုန်သော် ပြန်ကျတတ်၏။

ဝိပဿနာတရားသည်ကား လူနှင့်သာသနာ ဆုံသောအခါမှသာ ရနိုင်သော အခွင့်ထူးကြီးဖြစ်သဖြင့် ရသောဘဝ၊ ရသောအချိန်ကို စက္ကန့်နှင့်ချိန် စက်၍ လေ့ကျက်ရာ၏။ တစ်စက္ကန့်သည် တစ်ချက်မှတ် ကိစ္စပြီးပြတ်သဖြင့် အမြတ် တစ်သိန်းထွက်လာကြောင်း ကောင်းကောင်းကြီးရိပ်မိပြီး ကိုယ့်ကိစ္စ အလေးပေးဆောင်ရွက်နိုင်ရာသည်။

ရှင်းလင်းချက်ပြီး၏

http://www.dhammadownload.com



## အမြဲနေလိုသူ ယောဂီတို့အတွက်

အမြဲနေဟူသည် ဤသာသနာ၌ ဦးထမ်း၊ ပဲ့ထမ်း သမားတို့တည်း။

သာသနာပြု ဌာနတို့၌အမြဲနေတို့သည် စင်စစ်အားဖြင့်ဤသာသနာတော်၏ အသရေကို ဖော်ဆောင်ကြမည့် သာသနာ့ဝန်ထမ်းသားများသာတည်း။

အမြဲနေတို့သည်–

သာသနာ့ဝန်ထမ်းသာ ဖြစ်သင့်၏၊ ဝန်စီးမဖြစ်သင့်။

သာသနာ့ဝန်ထမ်းကောင်းသာ ဖြစ်သင့်၏၊ ဝန်ထမ်းဆိုးမဖြစ်သင့်။

မိမိတစ်ဦးတည်း၏ မသင့်တင့်သော နှလုံးသွင်းများမှုကြောင့် သာသနာ၏ ဂုဏ်သိက္ခာ မညှိုးနွမ်းစေရာ။

မိမိတစ်ဦးတည်း၏ လော်မာများယွင်းသော စိတ်ထားကြောင့် ဝန်ထမ်းသား အများ၏ ဂုဏ်သိက္ခာကိုလည်း မညှိုးနွမ်းစေရာ။

ဤဌာနမှနေ၍လုပ်သော မိမိ၏လုပ်ဆောင်ချက်မှန်သမျှ ဌာန၏ကိုယ်စား ဖြစ်နေကြောင်း သဘောပေါက်ရာ။

ဤဌာနမှနေ၍ပြောဆိုသော မိမိ၏ပြောပြောချက်မှန်သမျှ ဌာန၏စကား ဖြစ်နေကြောင်း သဘောပေါက်ရာ။

မိမိ၏ ကိုယ်နှုတ်အမူအရာ ကြိုက်စွန်းသို့လည်းမသက်၊ မကြိုက်စွန်းသို့ လည်း မသက်မူ၍ တော်တည့်မှန်ကန်စေခြင်းဖြင့် မိမိသည် ဝန်ထမ်းကောင်း တစ်ဦးဖြစ်ကြောင်း ပြသရာ၏။

သာသနာပြုဌာန၏ ကောင်းဂုဏ်၊ ဆိုးဂုဏ်သည်လည်းကောင်း၊ တိုးတက် ခြင်း ဆုတ်ယုတ်ခြင်းသည်လည်းကောင်း ဌာနက ဘာမျှမတတ်နိုင်၊ ထိုဌာနတွင်းနေ ဝန်ထမ်းတို့ကသာ တတ်နိုင်ချေသည်။ စည်းကောင်း၊ စနစ်ကောင်းတို့၏ ဘောင်အတွင်းနေသော ဝန်ထမ်းကောင်းတို့ ပေါများလျှင် သာသနာပြုဌာန စည်ကား၏။ ဂုဏ်သိက္ခာတက်၏။ အကယ်၍ စည်းညံ့၊ စနစ်ညံ့ဖြစ်နေပြီး

http://www.dhammadownload.com



ထိုစည်းညှို၊ စနစ်ညှိုအတွင်း ဝန်ထမ်းပျင်းတို့ ပေါ်များချေသော် သာသနာပြုဌာန သည် ဆုတ်ယုတ်ပျက်ပြားရ၏။ ဂုဏ်သိက္ခာ ညှိုးနွမ်းရ၏။ ထို့ကြောင့် သာသနာပြုဌာန ကောင်းအဖြစ်မြင်တွေ့လိုသော် စည်းကမ်းကောင်းများထားရှိခြင်း၊ လေးစားလိုက်နာ မည့် သူကိုသာ ရွေးကောက်ခြင်းဖြင့် ထူထောင်ရာ၏။

အောက်ပါအချက်များသည် သာသနာပြုဌာန၌ မရှိလျှင်မဖြစ်သော စည်းကမ်းချက်များအဖြစ် သတ်မှတ်ပြီး ထိုအချက်များနှင့် ကိုက်ညီသော ဝန်ထမ်း ကောင်းများကိုသာ ရွေးချယ်ပါမည်။

၁။ ဝိပဿနာဉာဏ်စဉ်များကို ပြီးပြည့်စုံသည်အထိ အားထုတ်ပြီးသော- ယောဂီများကိုသာအမြဲနေအဖြစ် လက်ခံထားရှိရမည်။

၂။ သူတော်ကောင်းလက္ခဏာဖြစ်သည့် ယဉ်ကျေးသောကိုယ်နှုတ်အမူအရာ ရှိစေရမည်။

၃။ ဤသာသနာပြုဌာန၏ မိမိနှင့်ထိုက်တန်သော တာဝန်တစ်ခုခုကို ဆောင် လျှက် သာသနာတော်အား အလုပ်အကျွေးပြုရမည်။

၄။ ဤဌာန၏ ဝိပဿနာလမ်းညွှန်ဖြစ်သော မဟာသတိပဋ္ဌာနသုတ်၏ ပါဠိနိသျအား အာဂုံဆောင်ထားနိုင်ရမည်။

၅။ လူယောဂီများဖြစ်ကြပါက အနည်းဆုံး (၈)ပါးသော သိက္ခာပုဒ်တော် များကို ရာသက်ပန် ထိန်းသိမ်းထားနိုင်ရမည်။

၆။ ရဟန်းယောဂီများဖြစ်ကြပါက-

(၁)။ ပါတိမောက်ပြနိုင်ရမည်။

(၂)။ ခူတင်ဆောင်ရဟန်းဖြစ်ရမည်။

(၃)။ စရဏာဝတ်ပြည့်စုံစေရမည်။

(၄)။ ဝိနည်းတော်အား အသေးအဖွဲမှစ၍ရိုသေရမည်။

(၅)။ အနုပညတ်ထက် မူလပညတ်ကို အလေးပေးရမည်။

၇။ လူယောဂီများဖြစ်ကြပါက ဤဌာန၏ ရိက္ခာစု မပြည့်စုံမီကာလ

http://www.dhammadownload.com


မိမိစရိုက်ဖြင့် နေနိုင်ရမည်။

၈။ သ ကိစ္စဖြစ်သော အတွင်းသာသနာတည်ရေးကိစ္စ။

ပရကိစ္စဖြစ်သော အပြင်သာသနာတည်ရေးကိစ္စ။

အထက်ပါနှစ်ခုလုံးတွဲ၍ ထိုင်ကြရမည်။

၉။ အုပ်ချုပ်သော အကြီးအကဲတို့၏ ခွင့်ပြုမိန့်မရဘဲ (သို့မဟုတ်) ခွင့်တောင်းခြင်း မရှိဘဲ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခွင့်မပြု။

၁၀။ အထက်ပါ စည်းကမ်းချက်တို့ကို တိကျစွာလိုက်နာခြင်းမရှိပါက အချိန်မရွေး နှင်ထုတ်ခြင်းကို လိုက်နာနိုင်ရမည်။

မှတ်ချက်။ ။အထက်ပါအချက်တို့နှင့် အားလုံးမကိုက်ညီသော်လည်း–

(က) ပင်ကိုယ်စရိုက်အားဖြင့် ရိုးသားသောသူ၊

(ခ) ကျန်းမာသန်စွမ်း၍ အပြင်သာသနာ့ကိစ္စ ပံ့ပိုးနိုင်သူ၊

(ဂ) ဤဌာနအတွက် အကျိုးများစွာ ပံ့ပိုးထားပြီးသူ၊

ဤအချက်(၃)ချက်တို့နှင့် ညီညွတ်ပါက လက်ခံနိုင်ရမည်။

ဤကား အမြဲနေတို့အတွက်တည်း။

## ရှင်းလင်းချက်များ

## ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် ပြည့်စုံစေခြင်း။

၁။ သာသနာပြုဌာနတွင်နေသော ယောဂီသည် သာသနာတော်၏ အဓိကဖြစ်သော၊ သာသနာတော်၏ အမြုတေဖြစ်သော ဉာဏ်အကြောင်းကိုမှ ကောင်းစွာ ကိုယ်ပိုင်ဉာဏ်ဖြင့် လေ့ကျက်မထားလျှင်–

ဝဋ္ဋအာရုံတို့၏ အတွေ့ကိုလည်းကောင်း၊

ကိလေသာအမှောင်ထုကိုလည်းကောင်း၊ ခံနိုင်စွမ်းမရှိရာပြီ၊ အကြောင်းမသိ

http://www.dhammadownload.com


က ကောင်း၏ချည်း ဆုံးဖြတ်လျက် လူသမာဓိ၊ ငွေသမာဓိ ပျက်ပြားလျှက် ရမ္မက် ထူပွားတတ်သည်။ ဘုရားနေရာ၊ သံဃာနေရာ၌ နေလျှင် ဘုရားကဲ့သို့ သံဃာကဲ့သို့ ပူဇော်အထူးကို ခံရမည်။ မိမိက ဘုရားစိတ်၊ သံဃာစိတ်၌ မတည်လျှင် မခံနိုင်ရာပြီ။ သို့ကြောင့် ဘုရားညဏ်၊ သံဃာ့ညဏ် အမွေယူထားသင့်သည်။

## ယဉ်ကျေးသိမ်မွေ့ခြင်း

၂။ သာသနာပြုဟူသည် ဘုရားအဆုံးအမ ထိုသူ့ထံ၌တည်စေရန် ကျိုးစား၍ပြုပြင်ပေးခြင်းတည်း။

သူ့အား သာသနာတည်စေလိုလျှင် သူ့စရိုက် နှိမ်ပေးရမည်။

သူ့စရိုက် နှိမ်ချင်လျှင် ကိုယ့်စရိုက် အလျှင်ချိုးထားမှဖြစ်သည်။

အကယ်၍ ကိုယ့်စရိုက်ချိုးမထားပဲ သူ့စရိုက်ကို သွား၍နှိမ်သော် ကိုယ့်စရိုက်၊ သူ့စရိုက် တိုက်ခိုက်နေမိသောကြောင့် သာသနာပြုမည့်ကိစ္စအထိ မရောက်နိုင်ပြီ။ လမ်းတစ်ဝက်၌ပင် ချောကုန်လက်ပမ်းကျလျက် နစ်မြုပ်ကြလေရာ။

သို့ကြောင့် သာသနာပြုဌာန၌ နေကြသောယောဂီတို့သည် စစ်ပညာ လေ့ကျင့်ပြီး စစ်သားကောင်းတစ်ယောက်ကဲ့သို့လည်းကောင်း၊ ထမ်းပိုးကျင့်ပြီးသော ကျွန်စုံနွားကောင်းကဲ့သို့လည်းကောင်း ယဉ်ကျေးသိမ်မွေ့ ခြင်း၊ လိမ္မာပါးနပ်ခြင်းတို့နှင့် ပြည့်စုံစေသင့်သည်။

## ဝန်ထမ်းသားအဖြစ်ခံယူခြင်း

၃။ သာသနာပြုဌာနဆိုသည်ကား–

(၁)။ ယောဂီတို့အား ဟောပြောပြသမှုကိစ္စ။

(၂)။ အပြင်ဝေနေယျတို့အား သဒ္ဓါထက်ရန် ဟောပြောမှုကိစ္စ။

(၃)။ အားထုတ်ရန်လာသည့် ယောဂီတို့အား ထိန်းသိမ်းမှုကိစ္စ။

(၄)။ သာသနာပြု တစ်ဌာနလုံး၏ ဝေယျာဝစ္စကိစ္စ။

စသည်အားဖြင့် များပြားလှချေ၏။ ထိုကိစ္စများတို့အား လူအများတို့ဖြင့်

http://www.dhammadownload.com


တနိုင်ထမ်းခြင်း၊ စုစည်းထမ်းခြင်း နှစ်မျိုးနှစ်စားအား ကျိုးစားပါက ဘက်စုံ ထောင့်စေ့ ဖြစ်နိုင်ချေသည်။

ဤကိစ္စစုံထဲမှ မိမိနှင့်သင့်တော်၍ အထက်ကပေးအပ်သည့်ကိစ္စ တစ်ခုကို လိုလိုချင်ချင် ထမ်းခြင်းဖြင့် သာသနာ့ကျေးဇူး ပြန်လည်ဆပ်သင့်သည်။ ထွေလာ ရောယောင် အချောင်ဝန်ထမ်းစီး မဖြစ်စေသင့်။

## လက်စွဲကျမ်းအား ဆုပ်ကိုင်ထားခြင်း

၄။ ဤသာသနာပြုဌာနသည်-

ဘုရားရှင် ဟောကြားတော်မူခဲ့သော ကျင့်နည်းမျိုးစုံထဲမှ မဟာ သတိပဋ္ဌာနသုတ်ကျင့်စဉ်အား မူထားလျက် အခြားသင့်လျော်ရာ၊ လိုက်ဖက်ရာ ဒေသနာစဉ်တို့နှင့်ညှိ၍ သာသနာပြုကိစ္စ ဆောင်ရွက်ရာဌာန ဖြစ်သည်အားလျော်စွာ မဟာသတိပဋ္ဌာနသုတ်အား ပါဠိအားဖြင့် အမိအရ အာဂုံဆောင်ထားခြင်း၊ မြန်မာအားဖြင့်အနက်ထင်၍ အဓိပ္ပါယ်ပေါ်လွင်အောင် အာဂုံဆောင်ထားခြင်း ပြုထားသင့်သည်။

ဤဌာန၌မိမိနေပြီး ဤဌာန၏ စခန်းစဉ်၊ လမ်းစဉ်အား မေးသူရှိလို့မှ တိတိပပ မဖြေကြားတတ်လျှင် ရှက်ဖွယ်လိလိသာ ဖြစ်ချေသည်။

မိမိသည် သာသနာပြုလို၍ ဝင်ရောက်လာပါသည်ဟူသော မူလပဋိညာဉ်ခံစကားအားလည်း ပျက်ရယ်ပြုရာကျသည်။

လက်ရင်းကမှ မှည့်ဝင်းခြင်း၊ ချိုမြိန်ခြင်း ကင်းနေလျှင် လက်ဖျား၌ စိမ်းဖို့သာရှိချေမည်။

-သံစဉ်စမ်းလို၍ တီးခတ်ကြည့်သောသူ၊

-အရသာခံလို၍ မြိုးစမ်းကြည့်သောသူ၊

ထိုသူတို့ အားရခြင်း၊ နှစ်သက်ခြင်း ဖြစ်လောက်အောင် စွမ်းဆောင်မှု မပြုနိုင်ခဲ့ချေသော် မိမိဌာန၏ ဂုဏ်သိက္ခာပါ ညှိုးမှိန်နိုင်ချေသည်။

သို့ပါ၍ အမြဲနေယောဂီတို့သည် မိမိတို့ဌာန၏ လက်စွဲကျမ်းမြတ်အား

http://www.dhammadownload.com



တင်းကျပ်စွာ ဆုပ်ကိုင်ထားသောအားဖြင့် ပါဠိရော အနက်ပါ ကြေညက်စွာ ရမိထားသင့်သည်။

## သီလတူသည့် ချပ်ဝတ်တံဆာ ဆင်ထားခြင်း

၅။ သီလသည် မိမိအမြဲဝတ်ဆင်ထားသည့် ခါးဝတ်ပုဆိုး။

သရဏဂုံ ခေါ် ရှုမှတ်မှုသည် အထက်ပိုင်းဖုံး အင်္ကျီ။

ပုဆိုး၊ အင်္ကျီသည် ရှက်စရာ၊ကြောက်စရာတို့ကို လုံအောင်ဖုံးပေး၏။

သရဏဂုံသီလသည်လည်း ရှက်ဖွယ်၊ကြောက်ဖွယ် ကိလေသာကို လုံအောင် ဖုံးဖိပေးထားခြင်းပင်တည်း။

မိမိ၌ မပယ်နိုင်သေးသည့် လက်ကျန်ကိလေသာတို့အား သီလဖြင့် သာသာလေး အများမမြင်သာအောင် ဖုံးဖိထားရာ၏။

တောင်းမှာအကွပ် လူမှာအဝတ် ဟူ၍ ရွာနေပြေထိုင်လူတို့သည် အပြင်ထွက်သော် အဝတ်နှင့်ပြကြွား၊ အိမ်နေသော် အိမ်နှင့်ပြကြွား၊ အချို့ကား မယားလှ၊ သားလှတို့နှင့် ပြကြွားကြ၏။

သာသနာပြု ဝန်ထမ်းသားတို့မှာမူကား အဝတ်သဖွယ် ဖြစ်သော သရဏဂုံသီလ အကျင့်ဖြင့်သာ ပြလျက် ကြွားရာ၏။

ထို သရဏဂုံသီလ၌မှီ၍ သီတင်းသုံးဖေါ်ခြင်းလည်း လောဘနည်းသည်ချင်း၊ လောဘနည်းသည်ချင်း၊ မာနနည်းသည်ချင်း၊ မောဟနည်းသည်ချင်းနှင့် တကွ ကိလေသာနည်းပါးသည်ချင်း ပြိုင်ကြရာ၏။

သီလသည် စားဖွယ်ဟင်း၌လိုအပ်သော ဆားသဖွယ် အရာရာ၌ တွင်ကျယ်လှ၏။ သီလအကြောင်း အာကင်္ခေယျသုတ်တော်၌ ပြည့်စုံစွာ ထုတ်ဖေါ် ဟောကြားထားသည်ကို ဆက်လက်လေ့လာရာ၏။

ဤဌာန၌ကား ကုဋ္ဌနူနာသည်တို့အကြား ဆေးကုသွားရသော ဆေးသမားတစ်ယောက်ကဲ့သို့ ကိုယ်ခံကာကွယ်ဆေး အဖြစ်ဖြင့်လည်းကောင်း၊

http://www.dhammadownload.com


မီးပူ၊အိုးပူ ကိုင်ရသောသူ၏လက်မှ လက်ခုကဲ့သို့လည်းကောင်း၊ အရောင်းအဝယ် ကုန်သည်၏ လက်တွင်းမှ ငွေပင်ငွေရင်းကဲ့သို့လည်းကောင်း သဘောပေါက်လျှက် မိမိ၏သီလကို ဂုဏ်တင်ကာ ထိန်းသိမ်းသင့်သည်။

## သိက္ခာအဆင့်ဆင့် ဖြည့်ကျင့်ခြင်း

၆။ ရဟန်းယောဂီများသည်ကားသာသနာတော်၏ ဦးဆောင်များ ဖြစ်သဖြင့် ဦးဆောက်ပန်းသဖွယ်ဖြစ်၏။

ဦးဆောက်ပန်းဟူသည် ရှေးအခါက စစ်တက်ရာ၌ ရှေ့မှ အသေခံ တပ်သားအဖြစ် အရွေးချယ်ခံရသော အာဇာနည်စစ်သားသည် ခေါင်း၌ အောင်ပန်းစိုက်လျက် ရှေ့ဆုံးမှတက်သောဟူ၏။

လှုပ်ရှားတိုင်းမှာ မှတ်ချက်ပါလျက် သရဏဂုံလက်နက် မြဲစွာကိုင်၍ မိမိ၏ ကိုယ်နှုတ်အမူအရာတို့ကို စောင့်ထိန်းအပ်၏။ အသေးအဖွဲ့မှအစ မေ့သွား၍ ဟူ၍ မပြောမိရအောင် စောင့်စည်းသင့်၏။ ရဟန်းဖြစ်က ရဟန်းအမှုဖြစ်သော ပါတိမောက်ပြုမှုစ၍ ကမ္မာကမ္မ၊ အမှုကြီး အမှုငယ် လေ့ကျင့်ထားအပ်၏။

ရှေ့မှ ရုန်းရသောရထားခေါင်းတွဲကြီးသည်–

မိမိအတွက်လည်း ရုန်းရသေးသည်။

နောက်တွဲများပါအောင်လည်း ရုန်းပေးရသေးသည်။

ရေနစ်သူကိုကယ်သော ကယ်ဆယ်ရေးသမားသည် ရေနစ်သူထက် အား ဆယ်ဆသာမှ မိမိအတွက်ရော နစ်သူကိုပါ ကမ်းသို့ရောက်အောင် ဆယ်တင်နိုင်သည်။ သို့ကြောင့် ဤဌာန၏ သာသနာပြုအမည်ခံရဟန်းတို့သည် သီလလေးမျိုးနှင့်တကွ ဓုတင်ခေါ်သော စရဏသီလတို့ပါ အမြဲတိုက်ချွတ်ထားသောလက်နက် ဝင်းလက် နေသကဲ့သို့ သိက္ခာဉာဏ်ရောင်တက်အောင် ထမ်းဆောင်သင့်သည်။ ထူးသောနေရာ နေလျှင် အများထက်ထူးကဲစွာကျင့်သင့်သည်။ အထက်မှာနေ၍ အောက်သို့ ငုံ့ကြည့်သော အမူအရာမျိုး မရှိသင့်ပြီ။

http://www.dhammadownload.com


## ကိုယ့်ဝမ်းစာ ကိုယ်ရှာလျက် ဖြည့်ကျင့်ခြင်း

၇။ ဤဌာန၏ အခြေတည်စ ကာလ၌

ရဟန်းတော်တို့သည် ပိဏ္ဍပါတ်ဓုတင်နှင့်လျော်ညီစွာ ကိုယ့်ဆွမ်းကိုယ်သာ ကိုယ်တိုင်ခံယူ စားသုံးသကဲ့သို့ လူယောဂီများသည်လည်း မိမိစရိတ်ဖြင့်သာ မိမိဝမ်း ထိန်းကျောင်းနိုင်ရမည်။

အကယ်၍ သံဃာတော်တို့မှ လာဘ်လာဘ ပိုလျှံနေခဲ့သော် မိမိ၏ ဝေယျာဝစ္စပြုလုပ်မှုဂုဏ်ကို အာရုံပြု၍ လက်ခံစားသုံးနိုင်သည်။ အခါအားလျော်စွာ ရရှိသော သာသနာ့ပစ္စည်းများကိုလည်း မိမိတို့နှင့်ထိုက်သင့်သောပစ္စည်းများ သီတင်းသုံးဖော်(၅)ဦးထဲမှ သိက္ခမာန်(အကျင့်၌မြတ်နိုးသူ) အရာထားလျက် အညီအမျှဖြင့် အကြီးအကဲတို့က ခွဲဝေပေးသည်ကို လက်ခံသုံးစွဲနိုင်သည်။

## လယ်လုပ်ရင်းစစ်တိုက် စစ်တိုက်ရင်းလယ်လုပ်ခြင်း

၈။ မိမိသည် နှစ်လမျှအားထုတ်ပြီးရုံမျှဖြင့် မိမိကိစ္စပြီးစီးပြီဟူ၍မှတ်လျက် ခါးတောင်းကြိုက် မဖြုတ်ရ။

ထိုနှစ်လစခန်းသည်ကား စစ်တိုက်တတ်ရန် စစ်သင်တန်းပေးခြင်းမျှသာတည်း။ စစ်ပွဲအောင်ကားမဟုတ်သေး။

သင်တန်းဆင်းပြီးမှ စစ်မြေပြင်တက် စစ်ထိုးရရာ၏။ စစ်မြေပြင်ကား အာရုံငါးပါး စားကျက်များတည်း။

ထိုအာရုံငါးပါး စားကျက်များ၌ ရန်သူပေါ်ရာ စိတ်မှ သတိမပြတ်ရှုမှတ်လျက် ကိုယ်မှ မိမိကျရာ သာသနာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်

တစ်ခါတည်းဖြင့် အလုပ်နှစ်လုပ်ပြီးစီးအောင် ပြုလုပ်တတ်ရမည်။ မိမိ၏ အတွင်းအလုပ်သည် စိတ်အလုပ်။ ကိုယ်အလုပ်သည် အပြင်၏သာသနာပြုလုပ်ငန်း။ ဤသို့ ခွဲဝေလျက် ဆောင်ရွက်ခြင်းဖြင့်–

အပြင်ကိစ္စဆောင်ရွက်နေ၍ မိမိအလုပ်ပျက်သည်၊

http://www.dhammadownload.com


မိမိကိစ္စဆောင်ရွက်နေမိ၍ အပြင်အလုပ် ဟာသွားသည်၊ ဤသို့ဆင်ခြေပေးစရာမရှိပြီ။ မိမိ၏ ဝီရိယနည်းပါး၊ သဒ္ဓါရှား၍ အားမထုတ်ခြင်းသာ ဖြစ်ချေတော့သည်။

## အကြီးအကဲ၏အရိပ်၌ ခိုလှုံခြင်း

၉။ အပြင်ကိစ္စဖြစ်သော လောကီကိစ္စကား- အမျိုးမျိုးအထွေထွေ များပြားလှ၏။

ရှုပ်ထွေးမှုလည်း ပြောမယုံဖြစ်၏။ ခက်ခဲမှုသည်လည်း လွယ်မယောင်နှင့်ခက်လှ၏။ သတိကိစ္စဖြစ်သော တရားကိစ္စသည်ကား-

ရှုမှတ်ရုံတစ်ခုတည်းသာတည်း။

ပေါ်လာမှု ဖမ်းရှုရသဖြင့် ရှင်းရှင်းပင်တည်း။

သူပြရာကိုယ်ကြည့်၍ သိရသဖြင့် လွယ်လွယ်ပင်တည်း။

သို့ကြောင့် အပြင်သာသနာကိစ္စ ဆောင်ရွက်ရာ၌ မိမိက သည်လိုထင်၍ပြုသော်လည်း အများကဟိုလိုထင်၍နေတတ်၏။ မိမိကဟိုလို လိုက်ပြုသော်လည်း အများကဒီလိုထင်နေတတ်ပြန်၏။ အမြင်အယူအဆ အများတူမဖြစ်လျှင် ဝိရောဓိဖြစ်တတ်၏။

သက်ဆိုင်ရာအကြီးအကဲအား ခွင့်ပန်ခြင်း၊ ခွင့်ပြုခြင်း ပြုချေသော် အကြီးအကဲ၏ အရှိန်ကြောင့် ဝိရောဓိထကြွမှုမဖြစ်ပြီ။ ဖြစ်သော်ရှိ သက်ဆိုင်ရာ၏ ဖြေရှင်းပေးမှုကြောင့် မိမိ၌ ကိုယ်၊စိတ် ဆင်းရဲမရှိပြီ။ သို့ကြောင့် အပြင်ကိစ္စ ဆောင်ရွက်ရန် အသစ်ကြုံလာသော် အကြီးအကဲအား ရိုသေစွာအသိပေးသင့်သည်။

## ပုပ်သောပစ္စည်း စွန့်ပယ်ပစ်ရခြင်း

၁၀။ ဤသာသနာပြုဌာန၌

လူမျိုးအားဖြင့်လည်း စုံလင်နေတတ်သည်။

စရိုက်အားဖြင့်လည်း စုံလင်နေတတ်ပြန်သည်။

http://www.dhammadownload.com


အမျိုးစုံသောနေရာမျိုး၌ တစ်ခုတည်းသောမူ တစ်ခုတည်းသောစိတ်အားဖြင့်သာ ထိန်းသိမ်းနိုင်ပါမှ ပိရိသေသပ်ရာ၏။

စည်းကမ်းပျက်၍ အပြစ်ကျူးလွန်သူ၌ သနားညှာတာသောအားဖြင့် ထုံကွက်မိသော် တစ်ယောက်ကြောင့် အများအားအုပ်ချုပ်ရာ၌ ဖရိုဖရဲဖြစ်တတ်သည်။ ထို မကောင်းသူတစ်ယောက်အား အကောင်းကြား သွင်းထားမိခြင်းကြောင့်လည်း ကျန်သောအကောင်းတို့သည်လည်း အတူလိုက်သောအားဖြင့် မကောင်းရာသို့ ဆန်သွားတတ်ချေသည်။

အကြီးအကဲတို့သည် မြင်ခြင်း၊ ကြားခြင်း၊ သံသယရှိခြင်း ဟူသော အချက်တို့ဖြင့် ဝေဖန်လျက် စည်းပျက်အား နှင်ထုတ်သင့်သည်။

ကိုယ့်အပြစ်ကိုယ်မြင်သောသူကလည်း မိမိကြောင့် တစ်ပါးသူတို့ပါ မပျက်စီးစေလိုသော စေတနာဖြင့် ကိုယ့်တရားကိုယ် စီရင်လျက် ဤဌာနမှ လျင်မြန်စွာထွက်ခွာရမည်၊ ထွက်ခွာသင့်သည်။

## တစ်ဝက်ကောင်းကား ရှားပါးချိန်၌ အသုံးချခြင်း

မှတ်ချက်။ ။အပြင်သာသနာ့ကိစ္စ ဆောင်ရွက်ရာ၌ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် မလုံလောက်နိုင်ရာပြီ။ ကိစ္စများလျှင် လူများမှ သင့်တော်ပါသဖြင့် အပြင်ကိစ္စဆောင်ရွက်ရာ၌ ယောဂီများချည်း မလုံလောက်နိုင်ရာသောကြောင့် ချွင်းချက်ထား၍စီစစ်လက်ခံကြရန် ခွင့်ပြုထားခြင်းသာတည်း။

ဤကား အမြဲနေယောဂီများအတွက်ပြီး၏။

http://www.dhammadownload.com


# အကြီးအကဲတို့၏ တာဝန်ဝတ္တရား

ကိုယ့်အသံ ကိုယ်ကြားပါစေ။

ကိုယ်လုပ်တာ ကိုယ်မြင်ပါစေ။

ကိုယ့်အသံ ကိုယ်ကြားမှုဟူသည် ပြောသလိုလုပ်၍ လုပ်သလိုပြောသော သူပင်တည်း။

အပြောနှင့်အလုပ် တထပ်တည်းကျခြင်း။

ထိုသူသည် ကိုယ့်စကားကိုယ်နားထောင်ရာကျ၏။

ကိုယ့်စကားကိုယ်နားထောင်မှ ကိုယ့်အသံကိုယ်ကြားရာကျလေ၏။

ကိုယ်လုပ်တာကိုယ်မြင်သောသူဟူသည် မိမိ၏ပြုမူချက်အား ကောင်းသည် ဆိုးသည် ခွဲခြားမြင်သောသူပင်တည်း။

သူတစ်ပါးက ဘေးမှမြင်၍ ပြောလာသော် ကျေးဇူးတင်လျက် ချက်ချင်း ဝန်ခံ ချက်ချင်းပြင်ဆင်တတ်သူတည်း။

အကြီးအကဲဟူသည်–

သူတစ်ပါးထက် အသိဉာဏ်ကြီး၍ ဉာဏ်ပိုသဖြင့်၊

သူတစ်ပါးအား မိမိဉာဏ် ကဲ၍ ပိုး၍ ပေးခြင်းကိုခေါ်၏။

ကိလေသာကြီးပြီး အရာရာ သူများထက်ကဲလျှင် မသင့်ကြပြီ။

မိမိသည် အများတို့၏ ဦးဆောင်ဖြစ်သဖြင့် သူတစ်ပါးတို့အား ဆုံးမသည့် ကိစ္စ မှန်သမျှ ဦးစွာမဆွ မိမိကပင် မိမိစကားနားထောင်သောအားဖြင့် ကျင့်ပြရာ၏။

ပါတိမောက္ခသံဝရ၊ ဣန္ဒြိယသံဝရ၊ အာဇီဝ၊ ပစ္စယ ဟူသော သီလလေးမျိုး တို့ကို စောင့်ရှောက်ရာ၌ စံနမူနာ အတုခိုးထိုက်အောင် ထိန်းသိမ်းပြရာ၏။

ဓုတင်အကျင့်ဖြည့်ရာ၌လည်း မုဒု– မဇ္ဈိ ကို ပယ်လှပ်၍ ဥက္ကဋ္ဌဖြင့် ဆောင်နှင်းပြရာ၏။

http://www.dhammadownload.com



ဌာနတွင်းစည်းကမ်း၊ အလုပ်ခွင်စည်းကမ်းတို့ကို တိကျစွာ လိုက်နာပြုရာ၏။

ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နှင့်မျိုး မဖြစ်စေရာ။

သူတစ်ပါးစရိုက် နှိမ့်လိုလျှင် မိမိစရိုက် အလျှင်ချိုးထားရာ၏။

အရင်းမထားရာ အရင်းထားက အဖျားပေါ်တတ်၏။

ပဂ္ဂဟ–ချီးမြှောက်ခြင်း၊ နိဂ္ဂဟ–နှိပ်ကွပ်ခြင်း (ရှုံ့ချခြင်း) အမှုပြုသောအခါ ထိုသူတို့၏ သီလ၊သမာဓိ၊ပညာ ဟူသည့် သိက္ခာထမ်းစွက်ရာ၌ တက်ခြင်း၊ ပျက်ခြင်း သို့လိုက်၍ ဆုံးဖြတ်ရာ၏။

မိမိ၌ လောဘ ဒေါသ (ကြိုက်စိတ်၊ မကြိုက်စိတ် စသည့် ကိလေသာတို့ ပူးကပ်နေစဉ်) စည်းကမ်းထုတ်ပြန်ခြင်း၊ အရေးယူခြင်းများ မပြုလုပ်မိစေရာ။ ကိလေသာ မငြိမ်းမချင်း ဆိုင်းငံ့ထားရာ၏။

သူ့အားဆုံးမတော့မည်ကြံရွယ်လျှင် သူ့နေရာ ကိုယ်ဝင်ကြည့်ပြီးမှ ဆုံးမရာ၏။

အများနှင့်ဆက်ဆံသောအခါ မိမိ၏ ကိုင်မြဲသတိအားလွှတ်လျက် ဘယ်သောအခါမှ မဆက်ဆံမိစေရာ။

အာရုံခံစားသောအခါ မိမိ၏ကိုင်မြဲသတိအားလွှတ်လျက် ဘယ်သောအခါမှ မသုံးဆောင်မိစေရာ။

–လောဘဖြင့်နေတုန်း အာရုံမခံစားခြင်းသည် အကောင်းဆုံးတည်း။

–ဒေါသဖြစ်နေတုန်း စကားမပြောခြင်းသည် အကောင်းဆုံးတည်း။

–မောဟဖြစ်နေတုန်း အမှုမဆုံးဖြတ်ခြင်းသည် အကောင်းဆုံးတည်း။

အထက်ပါတို့ကို တိကျစွာလိုက်နာနိုင်ခဲ့သော် အများတို့ ကြည်ညိုလေးစားသော၊ အများတို့ မြတ်နိုးအားကိုးသော၊ အများတို့ စံထားပြောဆိုရသော ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန် ကိန်းသေပင်တည်း။

http://www.dhammadownload.com


ဤသို့သော ခေါင်းဆောင်ကောင်းမျိုး ဦးဆောင်သော သာသနာ၌-

- ဘုရားရှင်နှင့်အရိယာတို့၏ ကျေးဇူးကို ပေးဆပ်ရာရောက်ခြင်း။
- အလှူရှင်တို့အပေါ် တင်သည့်ကြွေးကို ပေးဆပ်ရာရောက်ခြင်း။
- မိမိ၏ပဓာနကိစ္စ ပြီးစီးအောင်မြင်နိုင်ခြင်း ဟူသော အစဉ်အလာကောင်းတို့သည် မော်ကွန်းအဖြစ် ကျန်ရစ်ရာ၏။

လူ့ရော နတ်ပါ ကြည်ညိုသဒ္ဓါပွားစေသော သမန္တပါဒိကဂုဏ်သည်လည်း လူ့ထံနတ်ရပ် နှံ့စပ်အောင် ပေါ်လွင်ရာ၏။

စင်ကြယ်မြင့်မြတ်သူတို့ စုဝေးရာ သာသနာ၌ ကောင်းကျိုးအဖြစ်ဖြာသည့် ပဒေသာကဲ့သို့ စည်ပင်ရာ၏

အများကိုခွင်း စိတ်ရဲတင်း လင်းသောအမြင်ရှိပါစေ။

ဤကား အကြီးအကဲတို့၏ တာဝန်ဝတ္တရားတည်း။

http://www.dhammadownload.com


## သာသနာပြုရဟန်းတို့၏ စောင့်ထိန်းရမည့်ကျင့်ဝတ်

- ကန်းလျှက်တိုးဝင်လာသည့် ကိလေသာတို့ကို ဖရိုဖရဲ ပြိုကွဲပျက်စီးသွားအောင် ဖျက်ဆီးပစ်သည်မှာ ရဟန်း။
- ကိုယ်ပိုင်သီလ အရင်းတည်လျက် သူကိုယ်နှစ်သက်ကြီးပွား တိုးတက်အောင် တရားသဖြင့် တောင်းယူစားသည်မှာ ရဟန်း။

ဤကား- **ကိလေသေ ဘိန္ဒတီတိ ဘိက္ခု**

**ဘိက္ခနသီလော ယာစ နသိလော ဘိက္ခု** ဟူသော စကားရပ်၏ အဓိပ္ပါယ်တည်း။

(က) ရဟန်း- သင်ဘာလုပ်နေသနည်း။

ကိလေသာခေါင်းပါးသောအကျင့်ကို ကျင့်သုံးနေပါသည်။

(ခ) ရဟန်း- သင်ဘယ်သို့ခေါင်းပါးအောင် ပြုကျင့်လေသနည်း။

မိမိ၌ကိန်းလျက် အမြဲပူဆာနေသည့် ကိလေသာထုကို ပွားရာမှ ပါးစေသောအားဖြင့်၊ ပါးရာမှနဲစေသောအားဖြင့်၊ နဲရာမှစဲစေသောအားဖြင့်-

ဆေးရိုးစင်းသောယောက်ျား၊ သစ်သားဆောက်ဖြတ်သမား ကဲ့သို့ တစ်လွှာချင်း တစ်စချင်း ပယ်ထုတ်နေပါသည်။

ဤသို့ ရဟန်းဟူသည့်အဓိပ္ပါယ်အား မေးခွန်းထုတ်၍ ဖြေဆိုကြည့်သော် ရဟန်းသည် အဘယ်အလုပ်မျိုးကို လုပ်နေသည်၊ ငါလုပ်ရမည့်အလုပ်ကား ဘယ်အလုပ် ဟူ၍ မေးသူရော ဖြေသူပါ သဘောပေါက်ကြရာ၏။

ကိလေသာတို့ကို ချိုးဖဲ့ဖျက်ဆီးပစ်နေသည်ဆိုရာ၌ စင်စစ်သော်ကား ကိလေသာကို ဘာမျှထည့်သွင်းစဉ်းစားစရာမလိုပြီ။ မိမိစိတ်ကိုသာနိုင်နင်းအောင်

http://www.dhammadownload.com



ထိန်းသိမ်းထားနိုင်လျှင်—

အသစ်အသစ်သော ကိလေသာတို့သည်လည်း မိမိစိတ်အာရုံနောက် မပါခြင်းဖြင့် ပယ်ပြီးသားဖြစ်နေ၏။

အဟောင်းအဟောင်း ကိလေသာတို့သည်လည်း အတွင်းမှထကြွ တွေးတောခွင့်မရခြင်းဖြင့် ပယ်ပြီးသားဖြစ်နေ၏။

ထို့ကြောင့်ပင်

**သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိတံ**
**စိတ္တံရက္ခေထမေဓာဝီ စိတ္တံဂုတ္တံ သုခါဝဟံ** ဟူ၍ဟောတော်မူပြီ။

စိတ်သည် ကြည့်၍လည်းမမြင်နိုင်ခဲ၏။

လေပြေလေပါး လေနုလွှားကဲ့သို့ သိမ်မွေ့လှ၏။

သူထင်ရာအာရုံ ကာမဂုံ၌ ကျက်စားတတ်၏။

ထိုသုံးချက်နှင့်ညီသည့်စိတ်ကို ထိန်းကျောင်းပေးနိုင်လျှင် လိုရာရ၍ တရားအောင်မြင်နိုင်သည် ဟူ၏။

**ကိုယ်၌ပူလျှင် ရေမှာသက်ဆင်း ယပ်လေသွင်း**
**စိတ်၌ပူလျှင် သတိတင်းလင်းဉာဏ်ရည်သွင်း**
**လက်ငင်းချမ်းသာမည်**

ရဟန်းသည် မိမိစိတ်အမြဲစင်ကြယ်နေစေရန် စစ်မြေပြင်ရောက်နေသော စစ်သားကောင်းတစ်ယောက်ကဲ့သို့ သတိမချ ဉာဏ်ရည်ပြည့်ဝအောင် လေ့ကျင့်ရာ၏။ သတိတစ်လုံး လက်သုံးတော်ရွှေဓါးကဲ့သို့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားအပ်၏။ သတိမြဲလျှင် အသိစွဲမည်သာတည်း။ စွဲသောအသိ အမြဲရှိလာသောအခါ သိစရာ ရှိသမျှ သိပြီသာတည်း။

အမှန်ကိုသိသောသူ၌ မသာယာစရာကို သာယာဖွယ်အဖြစ် ပိရိစွာ လိမ်တတ်သော မောဟသဘော ကို အရှင်းသားသိရလေပြီ။

http://www.dhammadownload.com



မုန်းစရာဖြစ်လျက် ချစ်စရာအသွင် လှည့်ဖြားမှုကိုလည်းကောင်း၊

ဆင်းရဲသည်ကို ချမ်းသာအတိဟု လှည့်စားမှုကိုလည်းကောင်း သိရလေပြီ။ သိပုံမှာ–

အမှန်ကိုအမှားလုပ်၍ အမှားကိုအမှန်ထင်စေ၍ လှည့်ဖြားသောမောဟနှင့် ပေါင်းမိသောစိတ်သည် မသိစိတ်ဟူ၍ ဖြစ်လာ၏။ ထိုသို့စိတ်၌မသိဝင်၍ မသိစိတ်ဖြစ်သောအခါတွင် ကြိုက်စိတ်၊မကြိုက်စိတ်ဟူသော ကြိုက်၊မကြိုက်နှစ်မျိုးတို့သည် စိတ်၌ပူးဝင်စီးနင်းလျှက်–

မသတီစရာကို ကြိုက်၏။

မုန်းစရာကို ကြိုက်၏။

ဆင်းရဲမှုကို ကြိုက်၏။

ထိုသုံးမျိုးမရသော် မကြိုက်ပြီ။

ထိုသို့ စိတ်အား ကြိုက်တလှည့် မကြိုက်တလှည့်တို့ဖြင့် ထိပါးနှိပ်စက်ခံရပါများသည်ကြောင့် စိတ်သည် ပန်းဘဲဆရာ၏လက်ထဲမှ ဓါးအို၊ ဓါးမင်းကဲ့သို့ ပူတလှည့် အေးတလှည့်ဖြင့် အပျက်စီးခံနေရရှာ၏။ ပန်းဘဲဆရာသည် ဓါးအား ပျော့ညံ့သွားစေရန် မီးအပူပေး၏။ ပြီးလျှင် မာကြောစေရန် ရေသို့နှစ်မြှုပ်၏။ ထို့အတူ စိတ်သည်လည်း ကြိုက်မှုကြောင့် တစ်ဖက်သောအာရုံရှင်တို့အား အညံ့ခံ အောက်ကျို့ခံ ပေါင်းဖက်ရ၏။

မကြိုက်မှုကြောင့်လည်း ခက်ထန်မာကြောရပြန်၏။ ဤသို့အားဖြင့် အမှန်မသိတိုင်း (အမှားကိုသာသိတိုင်း) ကိုယ်နှုတ်တို့မှ ကိလေသာခိုင်းသမျှ လှုပ်ရှားပြုလုပ်ကြလေရာ ကိုယ်ကျင့်သီလတို့ ညှိုးနွမ်းပျက်စီးလေကုန်၏ ကိုယ်ချင်းစာတရားတို့ ဆုံးရှုံးပျက်ပြားကြလေကုန်၏။

ဤနည်းအားဖြင့် ကိလေသာဆူ၍စိတ်ပူမိပြီး၊ စိတ်ပူမိသလောက် သွေးဆူပြီး၊ သွေးဆူသလောက်မှောက်မှားနေကြသည့် သူ့ကိုလည်းကောင်း ကိုယ့်ကိုလည်းကောင်း အမှန်မြင်လေပြီတည်း။

ပြီးပြီ။ ပြီးပြီ။

http://www.dhammadownload.com



ထိုသို့အမှန်မြင်သူ၌ မောဟသည် မကပ်သာပြီ။ အမှောင်မရှိက သူခိုးလည်း မဝင်ရဲသကဲ့သို့ ကြိုက်၊မကြိုက်နှစ်မျိုးသည်လည်း မတိုးသာပြီ။ ထိုသူ၏စိတ်သည် မီးဝေးပန်းမျိုးကဲ့သို့ အေး၍ မွှေးလေပြီ။ စိတ်အေးကိန်းလျှင် ကိုယ်သည်လည်း အေးငြိမ်းလေပြီ။

အေးသူသို့ကြည့်သောသူသည် အေး၏။ ငြိမ်း၏။

အေးလိုသူတို့သည် လက်ထဲအေးမှ အပူကိုလွှတ်၏။

မိမိ၏စိတ်ကို အအေးတိုက်သို့သာ ပို့လွှတ်၏။

ထိုအခါ–

အအေးကိုယ်ခံ ရှင်ရဟန်းသည် အလှူခံဖြစ်လာ၏။

အပူကိုယ်ခံ ရှင်ပုဂ္ဂိုလ်သည် အလှူရှင်ဖြစ်လာ၏။

လက်ထဲမှဆုတ်မိထားသော အပူပစ္စည်းသည် လှူဘွယ်ဝတ္ထုဖြစ်လာ၏။ ၎င်းတို့လက်လွှတ်သွားသော အပူခံပစ္စည်းသုံးစွဲရာ၌ ထိုအပူအား မိမိ၏အအေးဓါတ်ဖြင့် ငြိမ်းသတ်ပြီးမှ သုံးစွဲရာ၏။

ထိုသို့ အလှူရှင်တို့ လွှတ်ချထားခဲ့သမျှသော လှူဘွယ်ဝတ္ထုတို့ကို အပူကို အအေးဓါတ်ပြောင်းလဲလာအောင် သုံးဆောင်နိုင်ပါမှ ရဟန်း၏ ကိုယ်ခံအအေးဓာတ်အားသည် ယုတ်လျော့ခြင်းအလျဉ်းမရှိစေဘဲ တိုးတက်ခြင်း၌သာ တည်ပေ၏။

ရဟန်း၏ ကိုယ်ခံအအေးဓာတ်အားကြီး ကောင်းမွန်နေသမျှ အလှူရှင်တို့သည်လည်း မိမိတို့နေရာသို့ ပြန်လတ်၍ အပူဒါဏ်ကို သွားခံလိုက်၊ ပူလွန်လွန်း၍ မခံနိုင်သော် အေးရာသို့ပြေးလာကပ်လိုက်ဖြင့် ညှော်သည်ခရီးသွားတို့၏ ခေတ္တနေရိပ်ခို အဖြစ်ဖြင့် ချဉ်းကပ်လျှက် နေကြရရှာလေကုန်၏။

ဤသို့ဖြင့် အလှူခံ၊ အလှူရှင်တို့သည် စီးပွားဘက်ဖြစ်ကြရလေကုန်၏။ ဤနည်းဖြင့် မိမိ၏ ကျင့်မှုသီလအားအရင်းခံလျှက် ရှာမှီးသောသူသာလျှင် မြတ်သောအလှူကို ခံထိုက်သော ရဟန်းမည်၏။ အများအား အပူမှအေးအောင် ဆောင်တတ်သဖြင့်လည်း ထိုအများ၏ ပူဇော်မှုကို ခံယူထိုက်သော ရဟန်းမည်၏။

http://www.dhammadownload.com


- ရဟန်းသည် သီလဖြင့်အသက်မွေးရ၏။
- သီလသည် ရဟန်း၏ အသက်ဖြစ်၏။

မိမိ၏ ကိလေသာသတ်သောအကျင့်ဖျက်လျက် ကိလေသာတပ်သော လောဘစိတ်ဖြင့် တောင်းရမ်းမှု မပြုအပ်ပြီ။

- ကိုယ်နှုတ်တို့ဖြင့် တောင်းရမ်းမှုသည် အပြစ်မကင်း။

အဘယ်ကြောင့်ဆိုသော် လိုချင်မှုနှင့်ပေါင်းနေသောကြောင့်တည်း။ သူခိုးနှင့်ပေါင်းသောလူကောင်းသည် ရာဇဝတ်မှု၌ ပါဝင်မကျူးလွန်မိသော်လည်း ယင်းသူခိုးနှင့် ပေါင်းသင်းမှုသည်ပင် အပြစ်ဖြစ်နေတတ်၏။ သူခိုးတစ်စုံတစ်ရာ ကျူးလွန်လျှင် အမှုမပေါ်မှီ၌ ထိုသူနှင့်ပေါင်းသင်းတတ်သူတို့ကိုပါ ဆိုင်ရာက ဖမ်းဆီးတတ်၏။

ထို့ကြောင့် မကောင်းမှုကျူးလွန်တတ်သော လောဘနှင့်ပေါင်းသော ရဟန်းသည်လည်း အပြစ်မကင်းချေ။

ဘုရားရှင်သည် တောင်းကောင်းသူများအဖြစ်–

- ဉာတိ မိမိ၏ဆွေမျိုး ညီအကိုမောင်နှမများ။
- ပဝါရိက ပစ္စည်းလေးပါး တစ်ပါးပါးအား အလှူခံရန် ဖိတ်ကြားထားသူ။

ဤနှစ်မျိုးကို ခွင့်ပြုတော်မူသည်မှာ ထိုသူတို့သည် မိမိတောင်းယူပါက သာသနာ၌ သဒ္ဓါပျက်ဖွယ်မရှိခြင်း၊ မိမိ၌သပ္ပါယမဖြူတမှုကြောင့် ကိုယ်စိတ် ညှိုးနွမ်းမှု မဖြစ်စေလိုခြင်း၊ မိမိ၏အသက်အန္တရာယ် ကာကွယ်စေလိုခြင်းများကြောင့် ခြွင်းချက်အဖြစ် ပေးသနားတော်မူခြင်းသာတည်း။

ထိုခြွင်းချက်အနုပညတ်သည် ဘုရားရှင်၏ ရည်ရွယ်ရင်းထား ဆန္ဒတော် ကား မဟုတ်ချေ။ သာဝကတို့၏ ဆန္ဒသို့လိုက်သော အနုပညတ်မျိုးသာတည်း။

ဘုရားရှင်၏ဆန္ဒတော်သည်ကား အကြိုက်ပယ်သတ်ရေးပင်တည်း။ အလှူရှင်တို့ စေတနာပြည့်လျှံကျပြီး အလိုလိုလှူသော ခမ္ဘိကဝတ္ထုကိုသာ မိမိ၏ သီလကို အာရုံပြု၍ အလှူခံရေးပင်တည်း။

http://www.dhammadownload.com


ထို့ကြောင့်ပင်

-ကျောင်းတောင်းမှု၌ သညာဓိကာယ သိက္ခာပုဒ်ဖြင့်လည်းကောင်း၊

-သင်္ကန်းတောင်းမှု၌ အညာတစိဝရ သိက္ခာပုဒ်ဖြင့်လည်းကောင်း၊

-ဆွမ်းတောင်းမှု၌ ဝိညတ္တိသုပေါဒန သိက္ခာပုဒ်ဖြင့်လည်းကောင်း၊

-ဆေးတောင်းမှု၌ မဟာနာမ် သိက္ခာပုဒ်ဖြင့်လည်းကောင်း၊

-ဆွမ်း ဆေး ဘောဇဉ်၌ ဘေသဇ္ဇ သိက္ခာပုဒ်ဖြင့်လည်းကောင်း၊

ပညတ်တော်မူခဲ့လေသည်။

ထိုသိက္ခာပုဒ်တို့ကိုထောက်ဆလျက် ဘုရားရှင်သည် ရဟန်း၏ ကာယဝိညတ်၊ ဝစီဝိညတ် ဟူသော ကိုယ်နှုတ်ဖြင့် လှုံ့ဆော်လျက် တောင်းရမ်းမှုကို နှစ်သက်တော်မမူကြောင်း သိသာထင်ရှားလေပြီ။

ထို ကာယဝိညတ်၊ ဝစီဝိညတ် ခေါ် ကိုယ်နှုတ်တို့ဖြင့် တောင်းယူ၍ ရရှိသော ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ ပစ္စည်းပေး၊ ဆေးကု၊ ဗေဒင်ဟော စသော အနေသန နှစ်ဆယ့်တစ်ပါး တစ်ပါးပါးတို့ဖြင့် ရှာဖွေ၍ရရှိသော ဝတ္ထုပစ္စည်းကိုလည်းကောင်း မိမိသာမက အတူနေ သီတင်းသုံးဖော်များ၊ သာသနာတစ်ခုလုံးရှိ သံဃာတော်များပါ မသုံးစွဲအပ်ဟူ၍လည်း ထပ်ဆင့်ပညတ်တော်မူသောကြောင့် ဒါယကာ၏ သဒ္ဓါမပေါက် မိမိ၏ကိုယ်တိုင်တောင်းယူခြင်းမျိုးကို အဘယ်မျှလောက် ဘုရားရှင်စက်ဆုပ်တော်မူကြောင်း သာ၍ပင်ထင်ရှားလေပြီ။

အကယ်၍ မလွှဲသာသောအခက်ခဲကိစ္စကြောင့် ဉာတိ၊ ပဝါရိက တို့ထံ တောင်းခံရစေကာမူ-

ပေးတိုင်းလည်း မယူမိစေရာ၊

ရတိုင်းလည်း မတောင်းမိစေရာ၊

(၁)။ ဒါယကာ ဒါယိကာမတို့၏ စေတနာအင်အား၊

(၂)။ ဒါယကာ ဒါယိကာမတို့၏ ပစ္စည်းအင်အား၊

(၃)။ မိမိအတွက် အသုံးလိုသည့် ပမာဏအင်အား၊

ဤသုံးချက်ကို ချင့်ချိန်၍သာ တောင်းခံကြရာ၏။

http://www.dhammadownload.com


- တစ်ဦးကား ပစ္စည်းကြွယ်ဝ၏၊ စေတနာမကြွယ်ဝချေ။ ထိုသူ့အား သူ့စေတနာလိုက်၍ အလှူခံအပ်၏။
- တစ်ဦးကား စေတနာကားကြွယ်ဝ၏၊ ပစ္စည်းကားမကြွယ်ဝချေ။ ထိုသူ့အားလည်း ပစ္စည်းသို့လိုက်လျက် အနည်းငယ်သာ အလှူခံအပ်၏။ ၄င်းလှူတိုင်း ရသလောက်အလှူမခံအပ်။
- မိမိသည်ကား လတ်တလော၌ ပစ္စည်းတစ်ကျပ်တန်မျှသာ အသုံးလိုနေ၏။ ထိုပစ္စည်းကြွယ်သူငယ်နှစ်ဦးတို့မှ တစ်ဆယ်တန်ပစ္စည်း လာရောက်၍ လှူသော် မိမိ၏လိုအပ်ချက်ပမာဏကိုသာငဲ့၍ တစ်ကျပ်တန်မျှသာ အလှူခံအပ်၏။

ဤသုံးချက်တို့ကို ထောက်ဆ၍လည်း ဘုရားရှင်၏ဆန္ဒတော်သည် အလှူပေး၊ အလှူခံ နှစ်ဘက်တို့၏အကြား၌ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာလုံးတို့၌–

–အလှူပေးတို့ဘက် စေတနာကြီးပွားတိုးတက်ရေး၊

–အလှူခံတို့ဘက် သီလကြီးပွားတိုးတက်ရေး တို့ကိုရှေ့ရှုတော်မူကြောင်း ကောင်းကောင်းကြီး ထင်ရှားလေပြီ။

အလှူပေးတို့သည် အလှူခံ၏သီလရိပ်ကိုခိုလှုံ၍ ခုရောနောင်ပါအေးစေရန် အနုဂ္ဂါမိကရိက္ခာထုပ် မြှုပ်နှံကြလေကုန်၏။

အလှူခံတို့သည်လည်း အလှူရှင်၏စေတနာရိပ်ကို ခိုလှုံ၍ ခုရော နောင်ပါ အေးစေရန် သီလရိက္ခာထုပ်ကို မြှုပ်နှံကြလေကုန်၏။ သီလအထုပ်ကြီးမှ ကိလေသာအထုပ်သေးမည်။ ကိလေသာအထုပ်သေးမှလည်း သီလအထုပ်ကြီးမည်။ သို့ကြောင့် ကိလေသာအထုပ် ပိုမကြီးထွားစေရန် လိုအပ်သည့်ပမာဏထက် ကျော်လွန်၍ ပစ္စည်းပိုများ မသိမ်းရလေပြီ။

ခရီးသွားတို့မည်သည် ဘိနပ်တစ်ရံသာ သင့်တော်၏။

အကယ်၍ ဘိနပ်ပိုတစ်ရံလက်ခံရရှိသော် ထိုတစ်ရံကို လက်ကကိုင်ထားရတတ်သည်။

http://www.dhammadownload.com


## ပဏာဏာကိုမသိသူ မိဘကပင်မကြည်ညို

လိုချင်မှုကြောင့် ဆာလောင်ပြင်းပြနေသောတဏှာသည်–

မီးပုံကြီးကဲ့သို့ ထည့်သမျှထင်း လက်ခံ၏။

သမုဒ္ဒရာကြီးကဲ့သို့ ဝင်လာသမျှရေ လက်ခံ၏။

ထို့အတူ ရသမျှလိုနေသည်သာတည်း။ အလိုကိုလက်ခံထားသမျှ အပိုမရှိရာပြီ။ အမြဲသာအလိုချည်း ဖြစ်နေတတ်၏။

သီဟိုဠ်ခေတ်၌ မွံ့ကြိုက်တတ်သော ရဟန်းငယ်တစ်ပါးအား မိခင်က သီလစူးစမ်းသောအားဖြင့် အကယ်၍ ငါ၏သားတော်သည် အလျှုခံပမာဏ သိခဲ့သော် တစ်ဝါတွင်းလုံး မုံ့လုပ်၍ ဆက်ကပ်မည်။ အလျှုခံပမာဏ မသိရှိသော် တစ်ပွဲတည်းဖြင့်အပြီးဟူ၍ အစီအစဉ်နှင့် ပထမ မုံ့တစ်ခုကပ်လေ၏။ ကုန်သွား၏။ ထို့နောက် ဒုတိယ၊ တတိယ ဆက်၍ သွားကပ်လေ၏။ ကပ်တိုင်းလည်း ကုန်နေ၏။ တော်ပြီ..ဟူ၍ လက်လှန်ခြင်းမရှိပြီ။ ထို့နောက်လည်း ဆက်ကာဆက်ကာ ကပ်၏။ လက်ခံမြဲသာဖြစ်နေ၍–

'အင်း..ငါ့သားက တစ်ဝါတွင်းစာ တစ်ခါထဲနှင့် အတူစားသကိုး' ဟု ပြောသည်ဆို၏။

ဤကား ဝိဘင်း အဋ္ဌကထာ ခုဒ္ဒကဝတ္ထု၌လာသော အဋ္ဌကထာ ပြသည့် ဝတ္ထုပင်ဆို၏။

## ကောင်းရမ်းခြင်းကို တိရစ္ဆာန်ပင်မကြိုက်

သတ္တဝါတိုင်း ပြုခဲ့သောစေတနာလိုက်၍ မိမိတို့ရောက်မည့်ဘဝ ကောင်းသည်ဖြစ်စေ၊ ယုတ်ညံ့သည်ဖြစ်စေ ထိုဘဝသို့ ကူးတော့မည်ဆိုလျှင် ထိုဘဝအား နှစ်သက်သဘောတူသော (ဘဝနိကန္တိကလောကဓော ခုနစ်ကြိမ်) ကြိုက်စွဲ ခုနစ်ကြိမ်ဖြစ်ပေါ်ပြီးမှ ဝက်စွဲစွဲသော် ဝက်ထဲသို့ ကြက်စွဲစွဲသော် ကြက်ထဲသို့

http://www.dhammadownload.com


ပဋိသန္ဓေတည်သည်ဆို၏။ ထို့ကြောင့် –

ရထားသောဘဝ လိုချင်၍ယူထားသည်။

ရှာဖွေထားသောပစ္စည်း လိုချင်၍သိမ်းဆည်းသည်။

ရသမျှပစ္စည်း ရဘဝသာယာလှပလို၍ သုံးစွဲသည်။

ရသမျှမယား ရဘဝသာယာလှပလို၍ ယူထားသည်။

ရသမျှသားသမီး ရဘဝသာယာလှပလို၍ မွေးထားသည်။

လက်သတ်မွေးထားသောကျွဲနွား ရဘဝသာယာလှပလို၍ မွေးထားသည်။

အားလုံး မိမိလို၍ ရယူထားသော အလိုပစ္စည်းချည်းသာတည်း။ အပိုတစ်ခုမျှမရှိ။ ထို့ကြောင့် သူတစ်ပါးတို့ အဖွဲ့မခံနိုင်ပြီ။

အစေးခွာချင် ရေနှင့်ပက်၊

အမွေးကွာချင် ရွှေနှင့်မျက်၊

ထို ဖွဲ့၍မရလောက်အောင် တဏှာအစေးတို့ဖြင့် ကပ်ငြိနေသောပစ္စည်းအား ပွဲ့ကျစေလိုသော် မေတ္တာရေသည် အထက်ဆုံး။

ဖွဲ့၍ခွါ၍မရလောက်အောင် တဏှာအမွေးတို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်ထားသောပစ္စည်း ကွာကျစေလိုသော် သီလတည်းဟူသော ရွှေသည် အထက်မြက်ဆုံးတည်း။

ရေမပါဘဲ အစိမ်းသက်သက်သွားရောက်၍ခွာသော် သဘာဝအလျောက်ကွာကျသကဲ့သို့ ကောင်းမွန်သေသပ်မှုမရှိပြီ။

ရွှေအပ်မပါဘဲ အစိမ်းသက်သက် ရစ်ခြုံသော် သဘာဝအလျောက်ကွာကျသကဲ့သို့ ကောင်းမွန်သေသပ်မှုမရှိပြီ။

တဝက်တပြက်ဖြင့် ပြတ်စေရာ၏။ တပိုင်းတစသာ ကွာစေရာ၏။

ထို့အတူ သီလမပါ မေတ္တာမပင်း ကိုယ်နှုပ်သွင်း၍ တောင်းရမ်းခြင်းအမှုပြုသော်–

ရသော်တောင်မှ မကောင်း။

တောင်းသော်တောင်မှလည်း မရတတ်။

http://www.dhammadownload.com


တဏှာအမျှင်မပြတ် အစေးဆတ်မခမ်းခြောက်တတ်လေသဖြင့်–
တောင်းသူသည် ရန်သူဖြစ်တတ်၏။
မပေးသူသည်လည်း ရန်သူပင်ဖြစ်နေတတ်၏။

## အာဠဝီရဟန်းတို့၏တောင်းသဏ်း

အာဠဝီတိုင်းသား ရဟန်းများတို့သည် မိမိလက်၌ရရှိသည့် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး တို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိကြလေသဖြင့် လူတို့၏ အပေးကိုမစောင့် ကိုယ်တိုင်သွား၍တောင်းယူကြလေကုန်၏။ တောင်းတိုင်း ရ၍ ရတိုင်းလည်း တောင်းကြကုန်၏။

လူတို့သည် တောင်းတိုင်း ပေးရဖန်များသောအခါတွင် မတတ်သာသည့် အဆုံး ရဟန်းတို့မမြင်သာအောင် တိမ်းရှောင်နေကြရလေကုန်၏။

တစ်ကြိမ်သောအခါ အာဠဝီတိုင်းသားရဟန်းများတို့သည် ကိုယ်တိုင်ပင် ကျောင်းများကို အပြိုင်အဆိုင် ဆောက်ကြလေပြန်ရာ ဒါယကာ၊ ဒါယိကာမတို့ထံ သွားရောက်ကြ၍–

လူလုပ်အား မည်ရွေ့မည်မျှ ပေးကြရမည်။
လှည်းလုပ်အား မည်ရွေ့မည်မျှ ပေးကြရမည်။
ပဲခွပ် ပုဆိန် စသည့် လက်သမားကိရိယာများ ယူခဲ့ကြရမည်။

စသည်တို့ဖြင့် အကြိမ်ကြိမ်တောင်းခံကြလေကုန်၏။

ထိုရဟန်းတို့၏ အတောင်းဒါဏ်ကို မခံဝံ့ကြကုန်သော ဒါယကာ၊ ဒါယိကာမများတို့သည် ခါးပြကြောက်သောပြည်သူတို့ကဲ့သို့–

အချို့ကား တံခါးပိတ်လျက် အိမ်တွင်း၌ပုန်းကြကုန်၏။
အချို့ကား ရဟန်းမြင်သည်နှင့် ထွက်ပြေးကြကုန်၏။

ထိုအချိန်၌ အရှင်မဟာကဿပကိုယ်တော်ကြီးသည်လည်း ဒေသစာရီ

http://www.dhammadownload.com


ခရီးဖြင့် အာဠဝီပြည်သို့ရောက်တော်မူလေရာ အာဠဝီမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။

လူတို့သည် အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးကို မြင်သည်နှင့် တစ်ပြိုင်နက် ပြေးသူပြေး၊ ပုန်းသူပုန်း၊ ပိတ်သူပိတ် ဖြစ်ကြလေရာ ဆွမ်းပင်လျှင် မျှတစွာ မရလေ။

ကိုယ်တော်ကြီးသည် ရတတ်သမျှဆွမ်းအား ဘုန်းပေးတော်မူပြီးလျှင် ရဟန်းတို့နေရာကျောင်းများသို့ ကြွသွားတော်မူလျှင်–

"ငါ့ရှင်တို့ ရှေးအခါ၌ကား ဤအာဠဝီပြည်သည် ဆွမ်းလည်းရလွယ်၊ သဒ္ဓါကြွယ်သော နေရာပင်တည်း။ ယခုသည်ကား ဆွမ်းစဉ်ရှားပါး လူသူခေါင်းပါး နေသည်မှာ အဘယ်ကြောင့်ပါနည်း" ဟုမေးတော်မူရာ–

ရဟန်းတို့က– ကိုယ်လက်သရမ်း နှုတ်သရမ်းဖြင့် အတောင်းကြမ်းကြခြင်း ကြောင့် လူတို့ ကြောက်လန့်ထိတ်ရွံ့ကုန်ကြ၍ ဆွမ်းမရလွယ်ကြောင်း ပြန်လည် လျှောက်ကြလေကုန်၏။

အရှင်မဟာကဿပသည် ထိုအကြောင်းစုံတို့အား ဘုရားထံမှောက် သွားရောက်၍ လျှောက်ထားသောအခါ–

ဘုရားရှင်သည် ထိုအာဠဝီတိုင်းသား ရဟန်းများတို့အား ခေါ်ယူစစ်မေး တော်မူ၏ ဟုတ်မှန်ပါကြောင်း ဝန်ခံလျှောက်ကြားကြလေရာ–

တောင်းခြင်း၏ မကောင်းပြစ်တို့ကို အမြင်ရှင်းအောင်ဖွင့်လှစ်ပြသ ဆိုဆုံးမ တော်မူပြီးလျှင်–

"ရဟန်းတို့... တောင်းခြင်းသည် အကြည်ညိုပျက်ခြင်း၏ အကြောင်းတည်း။ ထို တောင်းခြင်းသည် လူမဆိုထားဘိ တိရစ္ဆာန်များပင် မကြိုက်သောအရာ ပင်တည်း" ဟုမိန့်တော်မူပြီး–

လွန်လေပြီးသောအခါက ဘုရားအလောင်းတော်သည် ဥစ္စာကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်လေ၏။ ဘုရားအလောင်း၌ ညီငယ်ပုဏ္ဏားတစ်ယောက်လည်း ရှိလေသေး၏။

http://www.dhammadownload.com


မိဘနှစ်ပါးတို့ ၎င်းတို့မျက်စိအောက်၌ ကွယ်လွန်သွားကြသောအခါ ညီနောင် နှစ်ဦးတို့သည် ထိတ်လန့်သောသံဝေဂဖြစ်ကြ၍ နှစ်ဦးစလုံး ရသေ့ဝတ်လျက် တောသို့ထွက်ကြလေ၏။ တစ်ဦးသောနောင်တော်သည်ကား ဂင်္ဂါမြစ်၏ အညာဖြစ်သော အထက်အရပ်၌ သစ်ရွက်မိုး ကျောင်းဆောက်လုပ်လျက် တရားဖြင့် မွေ့ ၍နေ၏။

တစ်ဦးသောညီငယ်သည်လည်း ဂင်္ဂါမြစ်၏အကျေဖြစ်သော အောက်အရပ်၌ သစ်ရွက်မိုးကျောင်း ဆောက်လုပ်လျက် တရားဖြင့်မွေ့ ၍ နေလေ၏။

တစ်နေ့သ၌ ပတ္တမြားရတနာ လည်မှာဆွဲလျက် ခရီးလှည့်လည်လာသော မဏိကဏ္ဍာနဂါးမင်းသည် လူ့အသွင်ဖြင့် ဂင်္ဂါမြစ်၏ကမ်းနားတလျှောက် လျှောက်၍သွားရာ ညီငယ်ရသေ့ကျောင်းသို့ ရောက်သွားလေ၏။

ရသေ့ငယ်နှင့်နဂါး တစ်ဦးနှင့်တစ်ဦး သာရဏီယကထာဖြစ်သော ဝမ်းမြောက်ဖွယ်စကား ပြောကြားကြလေရာ အချင်းချင်း ချစ်ကျွမ်းဝင်သွားကြလေ၏။

နဂါးသည် နေ့စဉ်နေ့တိုင်းပင် ရသေ့ငယ်ထံလာလျက် အကျွမ်းတဝင် စကားပြောလျက် နေထိုင်လေ၏။ နဂါး၏အာနုဘော်ဖြင့်ဖြစ်သော စားဖွယ်တို့ကိုလည်း ပေးလေ၏။

ထိုသို့ ကြာမြင့်စွာနေထိုင်လာကြ၍ ရင်းနှီးမှုအားကြီးလာပြီး ယုံကြည်စိတ်ချမှု ရှိလာသောအခါတွင် နဂါးသည် သူ၏အမျိုးဇာတ်ကိုလည်း ထုတ်ဖော်ပြော၏။ ပြန်ကာနီးကာလ၌လည်း ရသေ့အား အရိုအသေပေးသောအားဖြင့် လူ့အသွင်ကိုစွန့်လျက် နဂါးအသွင် မြွေ၏ကိုယ်ခွေဖြင့် ရသေ့ငယ်ကို ရစ်ပတ်၍ ပါးပျဉ်းကြီးဖြင့်ရသေ့ငယ်၏ဦးခေါင်းထက်၌ မိုးကာလျက်ပြုပြီးမှ အခွေကိုဖြေ၍ နဂါးပြည်သို့ ပြန်သွားလေ့ရှိ၏။

ရသေ့ငယ်သည်ကား နဂါး၏အပြုအမူကို ကြောက်လန့်ခြင်းကြောင့် မစားနိုင် မအိပ်နိုင်ဖြစ်လျက် တစ်နေ့တခြား ပိန်ချုံးလာ၏။ အကြောပြိုင်းပြိုင်းထလျက် ရုပ်ပျက်ဆင်းပျက်ဖြစ်၍လာ၏။

http://www.dhammadownload.com



တစ်နေ့သောအခါ နောင်တော်ရသေ့ထံသွား၍ နောင်တော်ရသေ့ကြီးက "ညီငယ်.. သင်ဘာကြောင့်ပိန်ချုံးရသနည်း။ ဘာကြောင့် အဆင်းမလှ အကြောပြိုင်းပြိုင်းထရသနည်း။ ပိန်ညှိုးကြောထ အရှယ်ကျခြင်း၏ အကြောင်းကား အဘယ်နည်း။" ဟုမေးလေရာ နဂါး၏အကြောင်း အလုံးစုံပြောပြလေ၏။

"ညီချစ် ရသေ့ငယ်.. သင်သည် နဂါးလာခြင်းကို အလိုမရှိလျှင် ပထမနေ့ နဂါးလာလျှင် မထိုင်မီပင် သင့်လည်ပင်း၌ဆွဲထားသော ပတ္တမြားကို အကျွန်ုပ်အား ပေးပါ ဟူ၍တောင်းလော့။ ထိုအခါ သင့်အား ကိုယ်အခွေပြင့်မရစ်ပတ်မူ၍သာ ပြန်သွားပေလိမ့်မည်။"

"ဒုတိယနေ့ ဆက်လက်လာလျှင် ကျောင်းတံခါးဝ၌ ရပ်လာစဉ် သင့်လည်ပင်းကပတ္တမြား အကျွန်ုပ်အားပေးပါလား ဟူ၍ဆီးကြိုတောင်းလော့"

"တစ်ဖန် တတိယနေ့ရောက်သောအခါ ဂင်္ဂါကမ်းနဖူးမှ ကြိုတင်စောင့် လျက် နဂါးရေပေါ်သို့ပေါ်လာသည်နှင့်တပြိုင်နက် သင့်လည်ပင်းမှပတ္တမြား အကျွန်ုပ် အားပေးပါလား ဟူ၍ မြင်မြင်ချင်းတောင်းလေလော့။ ထိုအခါ နဂါးသည် သင့်ထံ ဘယ်သောအခါမျှ လာတော့မည်မဟုတ်" ဟု သင်ပေးလေ၏။

ရသေ့ငယ်လည်း နောင်တော်သင်ပေးတိုင်း ပြုမူလေရာ သုံးရက်မြောက်မှ စ၍ အကြည်ညိုမသက် အချစ်ပျက်လေသောကြောင့် နဂါးပေါ်မလာတော့ချေ။

ဤသို့လျှင် တောင်းရမ်းခြင်းအား လူမဆိုထားဘိ တိရိစ္ဆာန်ပင် အကြည်ညို ပျက်တတ်ကြောင်း အတိတ်ဆောင် ဟောကြားတော်မူပြီး သိက္ခာပုဒ် ပညတ်တော် မူလေ၏။

## တောင်းယူခြင်းကားပုဂ္ဂိုလ်၊ ခံယူခြင်းကားရဟန်း

တောင်းယူခြင်းကြောင့်ရသော် နှစ်ဦးနှစ်ဖက် ပုဂ္ဂိုလ်စွဲသို့သက်သဖြင့် နှစ်ဖက်စလုံး မကောင်းချေ။

ခံယူခြင်းကား သူ့ဘက် ကိုယ့်ဘက် စေတနာနှင့်သံဃာသို့သာ သက်လေ သဖြင့် သူ့ဘက်လည်းကောင်း၊ ကိုယ့်ဘက်လည်းကောင်းပေတည်း။

http://www.dhammadownload.com



သို့ကြောင့် ရဟန်းဟူက

မိမိ၏သီလကို ဖြူစင်အောင် ဆေးကြောသုတ်သင်ပြီးမှ လူတို့ သဒ္ဓါစေတနာဖြင့် လှူသည့်ပစ္စည်းကို ခံယူရာ၏။

လူတို့လှူသည့် ကပ္ပိယပစ္စည်းတို့ကို ခံယူတိုင်း မိမိ၏ သီလကို အာရုံပြုပြီးမှသာ ခံယူရာ၏။

လူတို့လှူသည့်ပစ္စည်းတို့ကို ခံယူသုံးဆောင်ပြီးတိုင်းလည်း မိမိ၏ စိတ်နှလုံး အလိုပြည့်ဝသည့်အတိုင်း အလှူရှင်တို့၏ စိတ်နှလုံးအလိုလည်း ပြည့်ဝစေရန် ဆန္ဒပြုရာ၏။

ရဟန်းဟူက သူဖုန်းစားတို့ကဲ့သို့ သီလမပါ ဗလာသက်သက် အားနာဖက်လာအောင် လက်ချည်းမတောင်းမိစေရာ။

မိမိ၏ ထိန်းမရသော လောဘဒါဏ်ချက်ကြောင့် လူတို့၏ သဒ္ဓါတရားမပျက်ပြားစေရာ။

မိမိရော အလှူရှင်များပါ တစ်ခဏစာ၊ တစ်ဘဝစာမျှမက ထာဝရချမ်းသာမှုကိုပေးမည့် သီလရတနာအား တခဏမျှ အာသာပြေစေတတ်သည့် ပစ္စည်းညံ့ဖြင့် မလဲလှယ်မိစေရာ။

ရဟန်းဟူက မိမိ၏သီလပန်း မညှိုးနွမ်းစေရန် စောင့်ထိန်းရာ၏။ သီလကို အလေးပေး မြတ်နိုးရာ၏။

အပျိုစင်သည် မိမိ၏ အပျိုရည် မပျက်စေရန် ရမ္မက်ကို အရှက်ဖြင့်ဖုံး၍ ကာကွယ်ထိန်းသိမ်းထားဘိသကဲ့သို့ ရဟန်းသည်လည်း မိမိ၏သီလပန်း မညှိုးနွမ်းစေရန် ရမ္မက်အား အရှက်ဖြင့်ဖုံး၍ ကာကွယ်စောင့်ရှောက်ရာ၏။

**မိမိလက်တွင်းသို့ ကျရောက်လာသည့်သာသနာ**
**သီလဖြင့် အရောင်တောက်အောင် စွမ်းဆောင်နိုင်ကြပါစေ။**

◆◆◆◆◆◆

http://www.dhammadownload.com


# နိဂုံးဂါထာ

(၁)။ သူ့ဗုန်းစားက တောင်းရမ်းကြ သီလကိုယ်မပါ။

(၂)။ ရဟန်းဟူက တောင်းယူကြ သီလကိုယ်မကွာ။

(၃)။ သီလ၊ သဒ္ဓါ ထိုနှစ်ဖြာ ရှင်မှာ လူမှာရှိထိုက်စွာ။

(၄)။ သီလမပါ သဒ္ဓါမပွား တောင်းလျှုညား တိုးပွားဥစ္စာ မရှိရာ။

(၅)။ သီလဂုဏ်မြင့် သဒ္ဓါပွင့် တိုးတင့်ဥစ္စာ ဂုဏ်နှစ်ဖြာ။

(၆)။ လောကီနယ်ဘုံ လောကုတ်ဘုံ ခိုလှုံရွှေထီး နန်းရိပ်မှာ။

(၇)။ လူမှာသဒ္ဓါ ရှင်မှာသီလ ပြည့်စုံကြ၍ နှစ်ဝညီညာ တွဲသောခါတွင် သူ့မှာလည်းကောင်း၊ ကိုယ့်လည်းကောင်း၏။

သူကောင်း ကိုယ့်မှာ အခွင့်သာသို့ ကိုယ့်မှာကောင်းကြွေး သူ့ခွင့်ရေးပင် ရှည်ဝေးခွန့်ကြာ သာသနာလည်း ပယာနေလ ရောင်စုံကျသည့် နှစ်ဖြာ့နှစ်ဖြာ ကမ္ဘာပေါ်။

http://www.dhammadownload.com


# ဗုဒ္ဓဂယာကြွေဆာဝါမြို့ ဉာဏ်ဝိုင်ရဖို့

## (ထေးထစ်)

မဟာမြို့ကျော်တောင်တန်း မှီခေါင်နန်းပလ္လင်၊
ဇောခိမြို့ထေရ်ရှင်မှာ မေတ္တာစင်ရှေ့ထား၊
ဝနဝါမဟာထေရ်သည် ရှုတင်တွေကျင့်ထား၊
ယာဉ်ရထားဝိမဟာ ခွင့်သာလို့ကြံဖြသ၊
ဒုက္ခဘုံလွတ်ကုန်စေဖို့ မဂ်စုံလို့လမ်းသာ၊
ခေါင်နန်းသာဟောတရား မမှားအောင်ကျင့်ကြလေရာ၊
မြတ်တမန်ကထာကို ဖန်ခါခါဉာဏ်ရှုလို့၊
ငြိမ်းအေးမှုဗုဒ္ဓအမွေ ကျင့်သင့်လှပေ၊
ဇောခိမြို့မြတ်ထေရ်မှာ ဗုဒ္ဓနာလေဉာဏ်သွားနဲ့လေး။

ဗုဒ္ဓေါ်ရသ

http://www.dhammadownload.com


# တောမြိုင် သဒ္ဒါလှိုင် ဉာဏ်ဝိုင်ရဖို့

## (တေးထပ်)

မြိုင်မဟာ မြိုင်ဗောဓိ ကျယ်ပြောဘိဝနာ၊
လယ်ချက်မနေရာတွင် ပျော်စရာစိမ့်စမ်း၊
ကျင့်စခန်း မဂ်လမ်းရှာသည့် တောမှီသည့် ဓုတ်ရဟန်း၊
သဒ္ဒါရှိသူတို့မှာ ဂုဏ်သာမိရှင်လန်း၊
သစ္စာသိ ကျင့်မနွမ်းစေဖို့ လက်လှမ်းလို့ချူပါ၊
သက်တစ်ခါကြုံလာလေငြား ရှုပွားကြ ဝိပဿနာ၊
မြတ်ဗုဒ္ဓကထာကို ခုကျင့်ခါဉာဏ်ရှုလို့၊
သန္တိသု ရသာတွေ စားသင့်လှပေ၊
ကျွတ်လွတ်ဖို့ မြိုင်မဟေမှာ
သဒ္ဒါတွေ ဉာဏ်ကွန့်ကွဲ့လေး...လေး။

ဗုဒ္ဓေါရုသ

http://www.dhammadownload.com


## ခေါင်နုန်းရှင်နှင့် ကျွတ်တမ်းဝင်

## (ထေးထပ်)

ကျွတ်ပါလျှင် လွတ်ပါရ ထွင့်သာစွရှေ့ကျောင်း၊
ဝေလှတဲ့ပင်ပေါင်းရုံ မြေနိုစောင်းခံလျှေကား၊
ခြေလွလွလှမ်းကြွလေသည့် ဆွမ်းကြွထေရ်ရှင်မြတ်တစ်ပါး၊
ကြွလှမ်းချ ရှုမြတ်တယ် ရင်ဝယ်မေတ္တာထား၊
ဖူးရသူ သဒ္ဓါပွားပါလို့ ညွှတ်တွားရှိုဦးတင်၊
ဆွမ်းလောင်းလျှင် ဂုဏ်တော်မှန်း၊
လှူဒါန်းတဲ့ မြတ်စေတနာ၊
ဝင့်ခန်းရဲ့ ဖြတ်ရာကို ပတ္တနာဆုပန်လို့၊
ခုမြန်မြန်ရောက်ရစေ တောင်းဆုဆွတ်ခွေ၊
ခေါင်နုန်းရဲ့ပလ္လင်ဗွေမှာ သင်ဟာလေ လွတ်မြောက်ဖို့လေး။
ဗုဒ္ဓေါရသ

http://www.dhammadownload.com



# ခေါင်နန်းမြေမှာ အောင်နန်းချေပါ

## (ထေးထစ်)

ပြောမယုံ ကြုံမှသိ စုံလှဘိ ပန်းမြိုင်၊
ကြုံရသည့်ဝနိုင်မှာ မမောနိုင်ရှင်လန်း၊
ထေရ်ဝနဝါသီမှာ ကိန်းလေပြီပလ္လင်ခေါင်နန်း၊
ကျောင်းကျုတ်လွတ်စခန်းမှာ တဏှာကုန်ကျင့်ခမ်း၊
သဒ္ဓါဟုန်ပွင့်လန်းစေဖို့ မဂ်နန်းကိုဖြင့်ရှာ၊
လှူကျင့်ရာ ဉာဏ်ရှုပွား ဟောကြားတဲ့များဒေသနာ၊
ငါဝတ္ထုမပါအောင် ဖြစ်ပျက်မှာဉာဏ်သွင်းလို့၊
ဒုက္ခကင်းတောင်းဆုချွေ ကောင်းမှုပြုလေ၊

- မဟာမြိုင်ခေါင်နန်းဖွေမှာ အောင်ပန်းတွေ ဆွတ်ချေဖို့လေး။
- မဟာမြိုင်ခေါင်နန်းဖွေမှာ ခေါင်နန်းမွေ ပွတ်ပြေဖို့လေး။
- မဟာမြိုင်ခေါင်နန်းဖွေမှာ သောင်ကမ်းခြေ ထွင့်မြေသို့လေး။
- မဟာမြိုင်ခေါင်နန်းဖွေမှာ အောင်နန်းဇေ ဝင့်ချေစို့လေး။

ဗုဒ္ဓေါရသ

http://www.dhammadownload.com



## ဝေးသော်ထည်းနီး ရွှေခရီး

## ရထုဝိုဒ်စုံ (၃၈–၀၁ ချီချည်)

ဦးဘုန်းမြင့်(ကိုးထပ်ကြီး) ပူဇော်ရေးသားသည်

ရှင်လန်းမြိုင်စွာ...ဝနိုင်သာခန်း၊ မြိုင်ဝနာလမ်းဖြင့်၊ မြန်းလို့လွင့်ချီ၊ မျှောလင့်ကြည်လင်၊ မြတ်ဘဝင်စွဲ၊ မပြတ်လျှင်မြဲကြ၊ ကြည်နူးခလျက် သံဃာဝုဏ်ရည်၊ ထေရ်မော်မည်သား၊ ဘွဲ့သီသရာ၊ ဝနဝါသီ ဥယျာဉ်မွှေသာမိ မြတ်ဆရာ၊ မဟာတ်ဝုဏ်ရှိ၊ မဟာဗောဓိမြိုင်၊မဏိရွှေစင်၊ မြတ်ထေရှင်ကို၊ ဖူးမြင်လို့ခြင်းဆန္ဒပြင်းကြောင့်၊ မိုးတွင်းသမယ၊ ဝါခေါင်လလည်း၊ မှိုင်းစွမထင်၊ ကောင်းရာမြင်ရင်း၊ ပွင့်လင်းရာသီ၊ ခါတော်မှီဟု စိတ်ညီတူကွဲ့ ရွှေမိုးဖွဲ့တို့၊ ဆန္ဒစေ့ဆော်၊ လွန်မွေ့လျော်စွာ၊ ထွက်ပျော်စုံလို့၊ ရန်ကုန်မြို့မှ၊ ဝေးစွခရီးတာ၊ မိုင်များရာကျော်၊ မုံရွာလွန်သေး၊ တူပြိုင်မနွေးပ၊ အရေးစပြီ၊ ဝေးစွမဟာမြိုင် တောဆီသို့ပါတကား။

မပင်ပန်းနိုင်ပါ...တိုင်းဇေယျာ၏၊ ခရိုင်ကလေး၊ မြို့ကလေးဝနယ်၊ တန့်ဆည်မဝေး၊ ဒေသကျေးလက်၊ တောရေးနက်ကျယ်၊ လမ်းကြမ်းကြွယ်ဘိ၊ ဖေါင်းပြင်လမ်းခွဲ၊ တောမြိုင်ထဲသို့၊ ခက်ခဲမောင်းနှင်၊ မော်တော်ယာဉ်လျှင်၊ ပီပြင်စူး တည့်၊ အာရုံပြည့်ဖြင့်၊ သတိကြီးစွာ၊ ထိန်း၍သာလျှင်၊ သဒ္ဒါရွှင်လင်း၊ ဘယာကင်းကြ၊ ကြီးခြင်းမေတ္တာ၊ မြတ်ထေရ်ရာကြောင့်၊ ဆူးညောင့်မဆုံ၊ ဖြတ်သန်းကြုံပေ၊ ရှုံ့ဖွေမှာ၊ ဘာသာဘာဝ၊ ကျေးရွာတို့နေသား၊ ဆွေမျိုးများနှယ်၊ တစ်နယ်မှာတွေ့၊ ပျော်ကြည်မွေ့စရာ၊ ဆက်၍တစ်ခါ တောကန္တာဝယ်၊ ဘယ်မှာအမြဲ၊ ချောမွေ့မဆဲ့သာ၊ တို့ဖွဲ့သာလျှင်၊ အရာထင်မည့် ပီပြင်ခွန်သေး၊ မှတ်ယူထွေးကြ၊ အတွေးကညီသည်၊ မနွေးပသဒ္ဒါပြိုင် ‘စောမထီး’ ဆီသို့ပါတကား။

ဉယျာဉ်ဗိမာန်

http://www.dhammadownload.com



မြင်ဆန်းဝနိုင်ဝနာ...မြိုင်မဟာ၏ လွန်စွာသာမော၊ နုက်သည့်တောဝယ် ရှုမောဖွယ်ရာ၊ ပန်းမာလာနှင့်၊ တဖြာသွယ်လျှမ်း၊ ရေလျှဉ်စမ်းလျှင်၊ ရွှင်လန်းတစ်ဖန်၊ အားသစ်မာန်ဝင့်၊ ပြင်းထန်ခရီးလမ်း၊ ဘယ်သို့ကြမ်းလည်း၊ မနွမ်းကြံ့ခိုင် စိတ်မလျှိုင်ဖြင့်၊ တစ်လံတစ်နေ့၊ ပုဂံမရွေ့ပြီ၊ ကြည်မွေ့စရာ သည်ကွေ့မှာလျှင် ဆရာရှင်ပြုံး၊ သီတင်းသုံးခဲ့၊ ခေါင်နုန်းဆလ္လင်၊ ဝိဟာမြင်ရ မူလနေရာ၊ ကျောင်းတော်သာမှ အခါယခု၊ ပြောင်းရွှေ့ပြုသည့်၊ အကျွတ်အလွတ်၊ ခေါင်တမွတ်တည့် တောင်ထွင့်ပေါ်မှာ၊ ကျောင်းတော်သာတွင်၊ လျှော်စွာသီတင်းသုံး၊ မြတ်ထေရ်ဘုန်းကို၊ နှလုံးကြည်စွာ၊ ဖူးမြင်ပါရ နူးဖြာပီတိ၊ လျှမ်းဘိအေးမြ၊ အသွေးလွှသည်-

ပဝေးအလှ ကြာအခိုင် မနောမငြိးပြီမို့ ပါတကား၊

မနွေးပ သဒ္ဒါပြိုင် 'ဓောမထီး' ဆီသို့ ပါတကား၊

ဝေးစွ မဟာမြိုင် တောကြီးဆီသို့ ပါတကား။

http://www.dhammadownload.com



## မဟာ မေတ္တာ ဗောဓိ ထိုမြိုင်
### အားသစ်လောင်း(လေးထစ်)

ရောက်ခွင့်ကြုံ ရဝုံဒေသ၊ ကြုံလေသမျှ ညြချမကုန်နိုင်၊
စုံပေစွ နှောစရှေ့ တစ်ဖြာလှိုင်၊
တောအလှ 'မဟာမြိုင်' ဝနိုင်သာခန်း။
လျှောက်လှမ်းပါရ ကြမ်းစွသည်မြိုင်
(မဖေါက်တမ်းသာပ့ါ မြန်းကြတူပြိုင်)
စခန်းလှမကျိုင် 'ထေလှိုင်ထွတ်' ဆီသို့မှန်း၊
(မဟာမြိုင် ထေရ်လှိုင်ထွတ် ဆီသို့မှန်း)

(မြတ်ထေရ်ဘုန်းမို့ မိုးချုန်းပမာ) တောလုံးမြိုင်စွာ ဖြန့်ကျက်လွှမ်း၊
လျှောက်လျက်လှမ်းကြွ၊ ကြည်သွတ်နှူး၊
အထူးပ ဖူးကြရပါ။
ဗောဓိမြိုင်မဟာ ဆရာထေရ်တမွတ်ရယ်က အကျွတ်အလွတ်သခ်ိန်းသို့
လှမ်းလို့မြန်းလို့ ကြွတော်မူရာ၊
(စုပေါင်းပြုကြ ထေဆရာထံမှာ) မွေ့ဓမ္မသံသာ မှန်စွာဆည်းပူး
(သံသရာ အပြီးကူး ရွယ်ရည်စူးလို့၊ အထူးနာယူကြစွာ)
(မဟာမြိုင်တောမှ သဘောကျပိုင်စွာ)
မနောမယခိုင်မာ 'မေတ္တာမြိုင်' မို့လေး၊

http://www.dhammadownload.com



(မဟာမြိုင်တောရိပ်၊ သဘောထိပ်ပန်းစွာ)
မနောစိတ်အကြံဖြာ ပြန့်တရာ တိုးသမို့လေး
(မဟာမြိုင်တောခရီး သဘောကြီးခိုင်ကြည်)
မနောအပြီးပိုင်ရည် နိုင်ပြီ မေတ္တာတန်ခိုးကြောင့်လေး။

ဦးဘုန်းမြင့်(ကိုးထပ်ကြီး)

## ဖြစ်ဖျတ်ဆုံး၍ စုန်းသည့်အရှင်
## (ထပ်တွန့် ရှစ်ဆယ်ပေါ်ထေးထပ်)

◆ စိမ့်စမ်းလျှိုမြောင် တောတောင်အရိပ်တွေနဲ့
မနောလျှောင်ဝိတ် မနေကြစေရာ
အမောခေါင်ထိပ် ပြေအလှဝေဆာ
ထေဆရာ့ဒေသနာ ကျင့်ကြံပွား
ဘယာချိုင်မောမရှိ သဒ္ဒါလိုင်ဝေပြည့်
မဟာမြိုင်ဗောဓိ ထေမြတ်အရှင်သည်
ပြည်ရပ်တစ်ခွင် သင်းပျံ့ကျော်ကြား ။

◆ ပဲ့ဝကာနုရင့် ခွါကာရှုချင့်
ဘာဝနာအမှုဖြင့် အစဉ်မွေ့ပါသည်
မြင်တွေ့အရာရာ သတိတင်ထား

http://www.dhammadownload.com


အစဉ်လေ့လာကာ ကဝိရှင်တစ်ပါးပါပဲ
သိမြင်အားတို့ အုံလောက်ပါဝေ
ဖြစ်ပျက်မြင်ကာ အဆုံးထိသွားကာဝ
မုန်းအသိပွားလို့ တရားဓမ္မသံဝေ ။

- တစ်ထပ်သာစားရှဲ ရုပ်ကာမနားအလေ့
မှတ်ဘာဝနာပွားရှဲ မပေါင်းသတိစေသည်
ကောင်းသည့်အမွေ လူ့ရှင်ရကြပါမှ
ဇမ္ဗူတစ်ခွင်အလှ ဖြိုးလျက်ဖြာဝေစည်
တိုးတက်ကမ္ဘာမြေမဟီ

- ဆိုးဘယာနုရက်အဆင့် ချိုးကာဖျက်လှင့်
ဖြိုးသဒ္ဓါလက်ဖြင့် ဝေါင်းစုတူစွာ
ကောင်းမှုဖြူစွာ စိုက်ပျိုးညွှန်ခဲ့လေး

- တစ်ခွင်ပြေ(ပြည့်)အလှ ပြည့် အစဉ်ချွေချသည့်
အရှင်ဉာဏ်တော်၏ အမွေလမ်းညွှန်သည်
ပြည်အဝှမ်းတံခွန် ထူစိုက်ပြီဘုရားလေး ။

- ကဝိမာန်ရှင်းမရှိ အသိဉာဏ်အလင်းဖြည့်
သတိစံကင်းသည့် ခုတင်ဆောင်မထေရ်သည်
လူတစ်ခွင်နှောင်အရှည် အနာကင်းစေဘုရားလေး ။

မြေလတ်မင်းလွင်

http://www.dhammadownload.com



## စောစိမ့်မြိုင်မထော မင်္ဂလာရတုဝိုင်းစုံ
## (၂၇-၀၃ စီ ၁၂ ချ ညီ ၀၃ညီ)

**စောစိမ့်မြိုင်မထော**...ထေရ်ဆရာကား၊ သဒ္ဓါသီလ၊ မြတ်သုတနှင့် စာဂစသည် ခုနစ်လီအား၊ စုံညီမြတ်နိုး၊ ဆောင်သယ်ပိုး၍၊ ကောင်းကျိုးထည်ဝါ၊ မြတ်သာသနာ၌၊ စာပေကျမ်းမြတ်၊ သင်ယူတတ်၍၊ ငယ်လတ်ကြီးပါ၊ အောင်ပွဲသာလျှက်၊ အထက်စာချတန်း၊ အောင်မြင်စွမ်း၍၊ မြတ်ကျမ်းသမုဒ္ဒရာ၊ ကူးခတ်ကာဖြင့်၊ မြတ်စွာဗုဒ္ဓ၊ ဟောဖေါ်ပြသည့်၊ ဂန္ထပေစာ၊ ကြည်ညိုစွာဖြင့်၊ လေ့လာလိုက်စား၊ နာမှတ်သား၍၊ မြတ်ဘုရားသာသနာ၊ ထမ်းဆောင်ပါသည်၊ သာသနာပြုဖို့ တွေးသည်ဘုရား ။

**ယောထီချိုင်ခွါ**...မြတ်သဒ္ဓါဖြင့်၊ တဏှာမာန်ယုတ်၊ ကိလေငုတ်တို့၊ ကျိုးပြုတ်ကြေကွာ၊ အားထုတ်ရာတွက်၊ မဟာစည်နန်း၊ ရိပ်သာကြီးသို့၊ ခိုမှီးကာသာ၊ တရားရှာရင်း၊ ထိုင်ရာသတိ၊ သွားသတိနှင့်၊ သတိခြံလွှာ၊ ဝတ်ရုံလာသော်၊ မဟာစည်ထေရ်ဘုန်း၊ ဥဒါန်းကုံးခဲ့၊ နှစ်သုံးဆယ်မှာ၊ ဤယောဂီသာတည့်၊ ရှာရန်ခက်ခဲ၊ တစ်ယောက်ထဲ(တည်း)ဟု၊ နှုတ်နဲ့လေသံ၊ ချီးကျူးပြန်လည်း၊ မြဲမြံသတိ၊ ဖောက်ပြန်ပြည့်သည့်၊ မမြဲသည့်ခန္ဓာ၊ ရှုမြင်ပါသည်၊ ဘာဝနာမှုတို့၊ မွေးပြီဘုရား ။

**ဓောဖြည့်ထွိုင်စွာ**...ဝေနေယျာတို့ ခိုရာရှိပြား၊ မခိုအားဘဲ၊ ဆပွားကိလေ၊ မီးလိုမွှေကြောင့်၊ ဖြေရာမရှိ၊ နေမချိမို့၊ ဗောဓိထေရ်ရှင်၊ ရိပ်ခိုဝင်သော်၊ ဖြူစင်စိတ်ထား၊ မေတ္တာအားကြောင့်၊ တရားသစ္စာ၊ ပွားချစ်လာ၍၊ ဖြစ်လာခွန်အား၊ ဘဝခြားသို့၊ ကျောက်သားရေအသွင်၊ အေးကြည်လင်၍၊ လူရှင်အနန္တ၊ ပူမောဝသမို့၊ တောရမှီရာ၊ ဗောဓိဆရာကား၊ ဓမ္မာသြဝါဒ ဘိသက္က ဟု သာသနာ့မြေမှာ စွမ်းဆောင်ပါသည်၊ စာကမျှာပြုလို့ ကြွေးပြီဘုရား ။

မြေလတ်မင်းလွင် (နိုင်ငံတော်စာပေ(၁၅)ဆုရှင်)

ဧည့်ချိုဓမ်စာပေ

http://www.dhammadownload.com


## ဝနဝါသီနှင့် ထစ်ဖတ်တာဝန်

◆ ဝနဝါသီ ထိုငါသည်ကား
လှည့်လည်ကျက်စား တောတောင်များ၌
တရားလည်းဝင် ဓုတင်လည်းဆောင်
နှစ်ဖက်မျှောင်ကို ချောင်ကာပိတ်ဆည်း
တစ်ဝါးတည်း ဖြည့်ဆည်းနေခဲ့ပင် ။

◆ ထိုသို့ထီးထီး ကိုယ့်တွက်ချည်းသာ
ဖြည့်ဆည်းပါကြောင့် ဒကာစားစား
နောက်လိုက်များအား တရားဟောခြင်း၊ပြသခြင်း
လွတ်ကင်းနေချေပြီ ။

◆ ထိုသည့်လွတ်ကွက် တာဝန်ပျက်ကို
ပေးဆက်ကာထ စာများစွာဖြင့်
သည်ဟာသည်လို သည်ဆိုသည့်သို့
သည်မြို့သည်နား လမ်းပြများကို ။

◆ ပုဏ္ဏားနှင့်မျောက်
ချောက်မှအတက် လမ်းပြချက်ကို
သွေးစက်ချကာ ပြသပါသို့

http://www.dhammadownload.com



ငါ့မှာလည်းဝဲ တာဝန်ခွဲ
ပြွဲလုပ်ရပြီ ။

◆ ထို ဤ ကထာ ရေးပြရာ၌
ဆွမ်းခံပြန်ချိန် ဝမ်းမငြိမ်
ရေးချိန်အဖြစ် တာဝန်ပေး။
ဆွမ်းစားပြီးချိန် ဝမ်းဝေ့လိမ်
ရေးချိန်အဖြစ် တာဝန်ပေး။
အထိုင်နားချိန် စိတ်အားချိန်
ချင့်ချိန်ရှုပင် တာဝန်ပေး ။

◆ သို့ဖြင့်ပင်လျှင်
အုပ်စဉ်ခြောက်မြားစာစကား
ပေါက်ဖွားခဲ့ချေသည်။

◆ ဆိုပြီးစကား သင်လေးစားလျှင်
ပေးထားအမွေ ဤစာပေကို
ရွှေလိုလည်းသို့ ငွေလိုလည်းထား
အစားလိုလည်းချစ် သုံးဆောင်ရစ်
လွှင့်ပစ်မထားနှင့် ။

http://www.dhammadownload.com


- အကယ်၍များ

မစားမသုံး လုံးလုံးဝစ်ဝယ်

သင့်လက်ဗယ်သော်

ရွှေနှယ်လည်းစု ငွေနှယ်စုဖြင့်

လုပ်ရအချိန် စိမ်ရစိတ်တွေး

ရေးပေးစာသား လုံးလထားကား

သဲကြားရေသွန် တပြေကျွန်

နှံ့ဝယ်ရွှေနှစ် ဖြစ်တော့မည် ။

- သင့်ဖို့ရေးသား စာစကား

အလကားသက်သက် မဖြစ်သင့် ။

- ငါ့ဖို့ရသား အချိန်များ

အလကားသက်သက် မဖြစ်သင့် ။

ဝန္ဒဝါသီ

http://www.dhammadownload.com



## ဝနုဝါသီနှင့် မှီတွယ်သူများ

◆ ဝနုဝါသီ ထိုငါသည်ကား
မှီတွယ်သူများ အစားစားသို့
ထရားဖြင့်ချို ဓားဖြင့်ချိုကာ
လောကီ လောကုတ်
နှစ်ဇာတ်ထုပ်လုံး ထုတ်နှုတ်သုံး
ရုပ်လုံးပေါ်စေသည် ။

◆ ထိုသို့ထုတ်ဟ ရုပ်လုံးပြတွင်
ဓမ္မလက်ထင် တရားရှင်နှင့်
များဖျင်ကဝိ ပညာရှိသို့
ပို့ဖြည့်ပဏ္ဏာ စာကထာကျ
မဟာဆန်ဆန် ရေးဟန်ခန့်ခန့်
လက်ရာသန့် ဖြန့်လေ့ရှိပါသည် ။

◆ လောကဓမ္မ သဘာဝစု ရေးရာမှုကို
သုတလိုက်စား လူအများကျ
စကားပမာ ခွန်းထွက်လှာပြီး
ရှာလိုပင်တွေး ရှာလိုရေး
ပေးလေ့ရှိပါသည် ။

◆ လောကဓမ္မ ထို့နှစ်ဝဝယ်
ဉာဏ်မကြွယ်သေး မှန်ကွယ်ဝေးသည့်

ဆေးယျမမိစာပေ

http://www.dhammadownload.com


ကလေးများကျ ကစားအိုးပုတ် နွားချိုးရုပ်သို့
သရုပ်လှေးလှေး စကားသေးဖြင့်
ကလေးလိုတွေး ကလေးရေး
ပေးလေ့ရှိပါသည် ။

အို စာရှုသူ ဝေဖန်သူကြီး...

- လူအများ၌
  တန်းစားသတ်မှတ် ထိုသုံးရပ်တွင်
  သင်ကား ဘယ်မှာထပ်သနည်း ။
- တန်းမှာသင်က...
  ဓမ္မလက်တင် ပညာရှိဆို
  ထိုထိုမဟာ ကျမ်းကထာကို
  လေ့လာလိုက်စား ဉာဏ်ချင့်ပွား
  အားထားနေရုံသာ...။
- သင့်အနေမှာ
  စာမှီပေမှီ သုတေသီဆို
  လောကီလောကုတ် မှန်သရုပ်ကို
  အလုပ်ဖြင့်ဟပ် စာပေဇာတ်
  ဇတ်မှတ်ကြည့်ရုံသာ...။
- အကယ်၍များ စကားလက်သင်
  အမြင်လက်ရွယ် ကလေးငယ်ဆို
  တွေးလွယ် သိလွယ် ကထာငယ်
  မှီတွယ်နေရုံသာ...။

http://www.dhammadownload.com


သင့်အဖို့မှာ

- ဝနဝါသီ ရှာန်အချိုကို
  အမည်ကားခံ ကလေးဆန်လှ သွေးပျုံထ၏။
  ရေးဟန်ရေးချက် အတွေးကွက်လည်း
  ကလက်လွန်းလှ လွန်လွန်းစွဟု
  ငါ့ဖက်ငြင်ငြို့ နှုတ်ရန့်လို
  မဆိုသင့်တော့ပြီ ။

ဝနဝါသီ

## နောက်ဆုံး၏ နောက်ဆုံး

- ဤသည့်ကဗျာ စာတိုထွာဖြင့်
  လိုရာဆန္ဒတန်း ရေးမှာခန်းကား
  လမ်းတွေသမျှ မြင်သမျှနှင့်
  ကြားရ ကြုံရ ပုံဝဝကို
  ကျွန်ုပ်စုံစေ့ ဉာဏ်လေဖွေကာ ဆိုချေရာမို့...
  –သည်မှာ သည်လို ရေးချက်ပိုလည်း
  –ဟိုလို ဟိုမှာ ရေးကွက်သာလိမ့်
  သန်ရာကိစ္စ ဤဌာနဟု
  မှူချဘောင်ခတ် မသတ်မှတ်ခဲ့။

ဍယျဓမ်ဓာပေ

http://www.dhammadownload.com


◆ မအောင်နိုင်းရာ နိုင်းရပါမှု
မြတ်စွာနှုတ်ထွက် ဓမ္မစကားး
အချက်ကိုကြည့် ဉာဏ်ဗုဒ္ဓိဖြင့်
တည့်တည့်ထိုးဖောက် ကယ်တင်ထောက်မို့
ရောက်တတ်ရာရာ ရှိတတ်စွာလည်း...။

◆ သုံးဖြာပုံတောင်း အကုန်ဆောင်းဖြင့် စုပေါင်းပြီးကာ–
–ဤဟာကား သုတ်
–ဟုတ်၏ ဘိဓမ္မာ
–မှန်ပါ ဝိနည်း
ခွဲဝေမျိုးသို့ ။

◆ ထိုနည်းလိုပဲ ဤမှာလည်း
ခွဲဝေပွဲလုပ်လေ ။

ဝနဝါသီ

http://www.dhammadownload.com



# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာမူများ

၁။ ဓမ္မောဝါဒကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၂။ ပဋိဘာနုဉာဏာဒဿနကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၃။ ဝိနယသင်္ခေပကထာ(ဝိနယဗေဒ) (သာစည်စာပေကော်မတီမှထုတ်ပြီး)

၄။ မင်္ဂလာဓါရဏာကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၅။ စရိယာဒါသကထာ(ကျင့်စဉ်ကြေးမုံကျမ်း)(သာစည်စာပေကော်မတီမှထုတ်ပြီး)

၆။ မဂ္ဂပဋိသံယုတ္တကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၇။ ဓာတုယာနဝိပဿနာကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၈။ ထေရုပ္ပတ္တိကထာ (ရန်ကုန်သာဟိကာထံတွင်သိမ်းထား)

၉။ အနုပုဗ္ဗိကကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၁၀။ ပဋိပက္ခုဒ္ဒေသကကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

(ခ) ဖလုဒ္ဒါရကထာ

(ဂ) ဓမ္မုဒ္ဒါရကထာ

၁၁။ နယသင်္ခေပကထာ (ပျဉ်းမနားသာဟိကာမှထုတ်ပြီး)

၁၂။ ကမ္မဋ္ဌာနပဋိသံယုတ္တကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၁၃။ မဂ္ဂင်္ဂံ ပစ္စွေါဒ္ဒေသိကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၁၄။ ပါရမီပရိစယကထာ (ပျဉ်းမနားသာဟိကာမှထုတ်ပြီး)

၁၅။ ပဋိစ္စသမုပ္ပါဒကထာ(ဝဋ္ဋဘေဒ) (ပျဉ်းမနားသာဟိကာမှထုတ်ပြီး)

၁၆။ ဘဝကန္တာရသင်္ကေတကထာ (သာစည်မှစာပေကော်မတီမှပုံနှိပ်ရန်စီစဉ်နေဆဲ)

၁၇။ ပကိဏ္ဏကလေခက္ခန္ဓကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၁၈။ ပကိဏ္ဏကလေခရာသိကထာ (သာစည်စာပေကော်မတီမှထုတ်ရန်ကျန်)

၁၉။ သမ္ဗဇ္ဈာကာရကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

http://www.dhammadownload.com



၂၀။ ပမာဒါပမာဒဒွေဘာဂီယကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၂၁။ မင်္ဂလဒွေသကကထာ (ရန်ကုန်၊ဗုဒ္ဓဘာသာကာကွယ်စောင့်ရှောက်ရေးအသင်းမှထုတ်ပြီး)

၂၂။ ဟတ္ထမုဋ္ဌိကကထာ (ရန်ကုန်၊ဗုဒ္ဓဘာသာကာကွယ်စောင့်ရှောက်ရေးအသင်းမှထုတ်ပြီး)

၂၃။ သမ္မာသမ္ဗုဒ်ဘဂ်ကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)

၂၄။ သ-လာဘိကနာနုဂ္ဂဟကထာ(သော့) (သာစည်စာပေကော်မတီမှထုတ်ပြီး)

၂၅။ ကဝိဗန္ဓနကထာ အတွဲ(၁၊၂၊၃၊၄) (ရန်ကုန်သာဟိကာမှထုတ်ပြီး)

၂၆။ သာရဏီယကထာ အတွဲ(၁၊၂၊၃၊၄) (ရန်ကုန်သာဟိကာမှထုတ်ပြီး)

၂၇။ ဉာဏဒဿနကထာ (ရန်ကုန်သာဟိကာမှထုတ်ပြီး)

၂၈။ ဓမ္မဝိလာသကထာ အတွဲ(၁၊၂၊၃၊၄) (သာစည်စာပေကော်မတီမှထုတ်ရန်ကျန်)

၂၉။ သမဇီဝိက ကထာ (သာစည်စာပေကော်မတီတွင်သိမ်းထားသည်)

၃၀။ မဟာသုပိနကထာ (ဆရာတော်ဘုရားကြီးထံတွင်သိမ်းထားသည်)

၃၁။ သစ္စာဗန္ဓကထာ (နယူပဒေသ) (သာစည်စာပေကော်မတီတွင်သိမ်းထားသည်)

၃၂။ လားဟူ-လီရှော ဩဝါဒကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၃၃။ သမ္ဘောဒနီယကထာ

၃၄။ ကိုယ်ချင်းစာမေတ္တာထား (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

(လားဟူ၊လီရှော တိုင်းရင်းသားများဗုဒ္ဓဘာသာခံယူပွဲ ဩဝါဒကထာ)

၃၅။ အပ္ပမာဒဇါသဘောထား (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၃၆။ ကဗျာ့ဘဏ်တိုက် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

(အမျိုးဘာသာနှင့်သာသနာတော်ကိုကာကွယ်စောင့်ရှောက်တတ်စေဖို့)

၃၇။ ဝိနယသင်္ဂဟကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

(ဘုရားရှင်နှင့်မခြား တစ်သားထဲကျလိုသော ရဟန်းတော်များအတွက်)

၃၈။ သုညသင်္ခါရကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

(သုညမှစလာခဲ့ရသော ဘဝသင်္ခါရတို့အကြောင်း)

ဧည့်ချစ်ပမ်စာပေ

http://www.dhammadownload.com



၃၉။ ခန္ဓပဗ္ဗနိဒ္ဒနကထာ (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)
(အစိတ်အပိုင်းများစွာဖြင့်ဖွဲ့စည်းထားသော ကားတစ်စီးအကြောင်း)

၄၀။ ဓမ္မနီတိကထာ(သာရဏီယကထာ) (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

၄၁။ လူ့ဘုံခန်းဝါဓမ္မတာ(လောကဓမ္မကထာ) (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

၄၂။ နီတိဖြင့်စကားပြောဆိုခြင်း (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

၄၃။ ဉာဏ်စဉ်တို့ကိုအုပ်စုဖွဲ့၍ဝေဖန်ခြင်း (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)
(ဉာဏဝိဘင်္ဂကထာ)

၄၄။ ဓမ္မကွန်ရက်ဖြန့်ကျက်ခြင်း(လောကဓမ္မကထာ)(နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

၄၅။ သတ္တဝါတို့သွားမြဲ ချမ်းသာဆင်းရဲတို့၏
ညွှန်းဆိုရာများ(လောကဓမ္မကထာ) (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

၄၆။ ချစ်သမီးဝိသာခါသို့(ကမ္ဘာ့ရှည်) (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

၄၇။ ဝီတိ၊ ဝါရ၀၊ မြတ်သီလနှင့်ဘဝသချာ် (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)
(လောကဓမ္မကထာ)

၄၈။ ကမ္ဘာ့နန်းတော် (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

၄၉။ အမေ့ရင်ခွင်ကြားက အမေ့သား၊ (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)
အမေ့သမီးများသို့ (ပမာဒဂမနိယကထာ)

၅၀။ သံဝေဂလမ်း (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)
(သံဝေဂ ပဋိသံယုတ္တကထာ)

၅၁။ သိက္ခာပျက်တဲ့ မိစ္ဆာစက် (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)
(ဝိပတ္တိကာလကထာ)

၅၂။ ပညတ်မှပရမတ်သို့ (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)
(ပညတ္တိ ပဋိကွေပကထာ)

၅၃။ နိဒါန်းသတိပဋ္ဌာန် (နှုတ်တလုသာသနာပြုအသင်းမှထုတ်ပြီး)

ဧယျဓမ်စာပေ

http://www.dhammadownload.com


၅၄။ ဝေါဟာရနှင့်ဓမ္မအမြင် (နှုတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၅၅။ အမှတ်တရလက်ဆောင်ပေးခြင်း (နှုတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
(သတိဒိန္နကထာ)

၅၆။ စဉ်းစားစရာလေးများ (နှုတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
(စိန္တိကထာ)

၅၇။ ဗုဒ္ဓဘာသာ့ကထာ (နှုတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၅၈။ ဒါနပတ္တိကထာ (နှုတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၅၉။ ညောင်ရွှေဓမ္မသုတ်တန် (နှုတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

http://www.dhammadownload.com


# နိဂုံး

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်သည် ရဟန်းဖြစ်စ တစ်ဝါရပြီးသည့်ကာလမှစ၍ နှစ်ပေါင်းသုံးဆယ်ကျော်ကာလတိုင် မြန်မာပြည် အရပ်ရပ်တို့၌ အရှည်ဝါသီတောရပ်မှီလျက် ကေစာရီ တစ်ပါးတည်းဖြင့် တစ်အာရုံ ဝိပဿနာစုံ ဖို့ရန် အကျင့်ဖွဲ့သန်သန် ဒုက္ခခံလျက်က ကြောင်းရင်းကျိုးဆက် ကျေးဇူးရှိတ်ဆက်ခဲ့ဖူးသော တပည့် ဒကာ၊ ဒကာမ သာဝကတို့အား သာသနာပြုခဲ့သည်မှာ ဆယ်စုနှစ်များစွာနှင့်ချီ၍ပင် ကြာမြင့်ခဲ့ချေပြီ။

- သီလဖြင့် အစ မ၊
- သမာဓိဖြင့် အလယ် မ၊
- ပညာဖြင့် အဆုံးထိ မ၊

ဆိုစကားအရ သဒ္ဓါစိတ်ခံရှိသူတို့အား ပညာဉာဏ် အဆုံးအထိ ရောက်အောင် ဆုံးမပေးခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သာသနာပြုခရီးရှည်ကြီးကို ကြွပြီး၊ ကြွဆဲ၊ ကြွလတံ့ ဖြစ်လေသောကြောင့် ခရီးတစ်လျှောက်တွေ့ ကြုံမှုအမြောက်အများ ရှိမှာကေန်ဖြစ်ပါသည်။ ထို သာသနာပြုမဟာခရီးသည်ကြီး၏ ဖြစ်ရပ်မှန် အတွေ့အကြုံတွေ အကုန်လုံးမပါနိုင်သေးတာလည်း အမှန်ပါပဲ။

ညောင်ရမ်းဇာတလေ

http://www.dhammadownload.com



သို့သော်လည်း–

ဆရာတော်ဘုရားကြီး သာသနာပြုခဲ့သည့် ခရီးစဉ်များထဲမှ တစိတ်တဒေသ တစေ့တစောင်း ဖြစ်စဉ်ဖြစ်ရပ်ပေါင်းနှင့် ဆရာတော်ကြီး ကိုယ်တော်တိုင် ရေးသား မှတ်တမ်းတင်ထားသော **"ဘဝကန္တာရ သင်္ကေတ ဂါထာ"** ဘဝခရီးကြမ်းက မှတ်တမ်းစကား စာအုပ်မှ ကောက်နှုတ်ယူကာ **"သာသနာပြုမဟာခရီးသည်"** ဟူသောအမည်ဖြင့် ရေးသားပူဇော်အပ်ရာ ကျမ်းရွေစာသည် ဤမှာပင်နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပေပြီ။

ဤ"သာသနာပြုမဟာခရီးသည်"စာအုပ်တွင်ပါဝင်သော အကျင့် စရဏ နှင့်စရိုက်များ၊ သာသနာပြုပုံများကို ရှုစားရင်း ကိုယ်တိုင်လည်းကျင့် ဉာဏ်လည်း ပွင့်၍ ဗုဒ္ဓသာသနာအဆုံးအမ ကိုယ်တိုင်တည်ကြလျက် အမတဓမ္မနိဗ္ဗာန်နန်း အရောက်လှမ်းနိုင်ကြပါစေကုန်သတည်း။ ။

ဗုဒ္ဓေါရသ

http://www.dhammadownload.com

http://www.dhammadownload.com

## ပေါ်မလိုအဓိဋ္ဌာန်

မပျက်ဓိဋ္ဌာန်၊ ရည်စိတ်သန်လျက်
သောက်ပြန်မရှိ၊ ဟူမိကနား
မသုတ်ရှားဘဲ၊ ငါးပါးသံသက်
မရောယှက်အောင် တောထွက်ပြီးကာ
ဥကြီးဥ၍၊ မဟာနိက္ခမန
သက်ပွဖြင့်၊ မာတင်ကြီး
ပေါ်ရောင်မြီးသို့ ကိုယ်ထီးအောင်ခို
ဗြဟ္မစိုကို၊ အလိုတော်ပြည့်
ပြီးအောင်ဖြည့်ပြီ့ ငါဓါနောက်တော်
တစ်ယောက်သော်မျှ မခေါ်အပို
ပေါ်မလိုသည်
ရွှေကိုယ်သက်သက် ရှင်းရှင်းတည်း

(မာယ၆၃၀ – ၄၊၅)

http://www.dhammadownload.com